www.burmeseclassic.com

ဘုရားမြတ်ရွှေတိဂုံ
ပုံတော်သမိုင်း

ဆရာဝန်တင်ရွှေ-ဒေါ်အေးသန့်

တတိယတွဲ

www.burmeseclassic.com

www.burmeseclassic.com

ဘုရားမြတ်ရွှေတိဂုံ
ပုံတော်သမိုင်း

ဆရာဝန်တင်ရွှေ + ဒေါ်အေးသန့်

တတိယတွဲ

ဤစာအုပ်ကို
၁။ ဘုရားဖူးလမ်းညွှန်
၂။ အသေးစိတ်လေ့လာလိုသူများအတွက်
၃။ ဘုရားသမိုင်းနှင့် ပတ်သက်သ၍
အတွဲသုံးတွဲခွဲပြီး ထုတ်ဝေပါသည်

www.burmeseclassic.com

www.burmeseclassic.com

တတိယတွဲ

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၆/ ၉၆ (၆)

စာမူခွင့်ပြုအမှတ် ၇၅/ ၉၅ (၉)

၁၉၉၇ မတ်လ

အုပ်ရေ ၅၀၀

တန်ဖိုး ၂၀၀ ကျပ်

ထုတ်ဝေသူ ဒေါ်အေးသန့်
တင်ရွှေစာပေ
မှတ်ပုံတင်အမှတ် (၀၂၄၈၉)
အမှတ် (၃၉)၊ ဦးကြွယ်ဟိုးလမ်း
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖုန်း- ၅၃၁၈၅၁၊ ၅၂၄၄၀၀

ပုံနှိပ်သူ ဒေါ်အေးသန့်
တင်ရွှေအောင်ဆက်ပုံနှိပ်တိုက်
မှတ်ပုံတင်အမှတ် (၀၄၅၉၃)
အမှတ် (၃၉)၊ ဦးကြွယ်ဟိုးလမ်း
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖုန်း- ၅၃၁၈၅၁၊ ၅၂၄၄၀၀

ရွှေတိဂုံ ရင်ပြင် မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံ ပထမတွဲ

မာတိကာ

စာမျက်နှာ

သက်ရှိပြတိုက်	၉
တောင်ဘက်မုခ်နှင့်စောင်းတန်းကြီး	၁၇
အနောက်ဘက်စောင်းတန်း	၂၈
အရှေ့ဘက်စောင်းတန်း	၃၄
မြောက်ဘက်စောင်းတန်း	၄၃
ရင်ပြင်တော်ပေါ်မှ ဘုရားဖူးပရိသတ်	၄၅
စေတီတော်အား လက်ယာရစ်ဖူးမြော်မည်ဆိုလျှင်	၅၀
ရွှေတိဂုံဘိုးဘိုးကြီးနတ်နန်း	၉၇
ညချမ်းချိန်ခါ	၁၀၁
အထူးသတိပြုလေ့လာသင့်သော နေရာတော်အချို့	၁၀၅
ကမ္ဘာ့အကြီးဆုံးဘဏ်နှင့် နှိုင်းယှဉ်အပ်သော ရွှေငွေရတနာစုဝေးရာ	၁၁၀
ရင်ပြင်ပေါ်မှ ဗောဓိပင်များ	၁၁၆
အထက်ပစ္စယံ	၁၂၁
ရာသီမပြတ်ပွဲတော်များ	၁၂၆
ယခုခေတ်တည်ဆောက်မှုများ	၁၃၉
ပြတိုက်ပိဋကတ်တိုက်၊ မော်ကွန်းတိုက်	
ဗုဒ္ဓဇယန္တိဗုဒ္ဓဝင်ပြခန်း	၁၄၇
ဥယျာဉ်တော်	၁၅၆
၁၉၉၆ နှစ်ဦးမြင်ကွင်းများ	၁၅၈

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယတွဲမာတိကာ

ရေးခေတ် ဘုရားဖူးလမ်းညွှန် ၁၅
စေတီကြီးအပေါ် စေတနာထက်သန်ခဲ့ကြသော ရေးမြန်မာများ ၁၉
အုံ့ဖွယ် ၉ ပါး ထူးခြားသောကိုးဌာန ၂၆
အောင်မြေကိုးဌာန ၄၂
သိကောင်းစရာများ ၅၀
သတိချပ်ဖွယ်ကိုးပါး ၆၁
အာရုံခံတန်ဆောင်းများ ၆၈
ပန်းချီလက်ရာကောင်းများ ၇၄
ဗိသုကာလက်ရာ ၇၈
ရွှေပန်းတိမ်လက်ရာထူး ၈၆
ပန်းပုလက်ရာကောင်းများ ၉၅
ထီးတော်ပေါ်မှ ဆည်းလည်းများ ၁၀၃
ခေါင်းလောင်းများ ၁၀၉
အရုံသာသနာအဆောက်အအုံများ ၁၂၁
ရင်ပြင်တော်သန့်ရှင်းရေး ၁၃၃
ဘုရားရှေ့မှ ခြင်္သေ့ရုပ်ထုမနုသီဟ ၁၄၆
ကြီးကိုးကြီး အမိဋ္ဌာန်ဝင်နည်း ၁၅၂
တောင်ဖက်စောင်းတန်းမှပြန်အဆင်း လှေ့လာစရာနေရာများ ၁၆၄
မဟာဝိနယစေတီတော် ၁၇၄
အနောက်ဖက်တောင်တန်းမှပြန်အဆင်း လှေ့လာစရာနေရာများ ၁၈၆
မဟာဗုဒ္ဓဝင်ပြခန်း –
ပြည်သူ့ရင်ပြင်ပြည်သူ့ဥယျာဉ်
အရှေ့ဖက်စောင်းတန်းမှ ပြန်အဆင်း
ကျောင်းတော်ရာရွှေကျင်တိုက်ကြီး ၂၀၈
မြောက်ဖက်စောင်းတန်းမှပြန်အဆင်း ၂၁၈
ဗောဓိကုန်းမှ ဗောဓိပင်ပွားစေတီ ၂၂၈

တတိယတွဲမာတိကာ

မြန်မာပြည်သားစာဆိုတို့၏ အမြင်	၁၇
ဒဂုံမြို့ထင်ရှားလာခြင်း	၂၂
ဘုရားအတိုင်းအထောက်အထားများ	၂၉
ဘုရားသမိုင်းပုံပြင်	၃၈
တပုဿနှင့် ဘလ္လိကတို့နှင့်ပတ်သက်၍	၅၆
သမိုင်းဝင်မှတ်တမ်းများ	၅၉
ရင်ပြင်ပေါ်မှ ကျောက်စာများ	၁၀၄
အနောက်တိုင်းသားတို့၏ မှတ်တမ်းများ	၁၁၂
ရှေးခေတ်ဘုရားပွဲတော်များ	၁၂၃
ပထမအင်္ဂလိပ်မြန်မာစစ်ပွဲကာလ	၁၂၇
ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲကာလ	၁၃၅
ဗြိတိသျှလက်အောက်ကျရောက်စ	၁၄၃
မင်းတုန်းမင်းတရား၏ ထီးတော်တင်လှူပွဲ	၁၄၉
အင်္ဂလိပ်လက်အောက်ကျရောက်ပြီးနောက်	၁၆၀
ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲနောက်ပိုင်းကာလက စေတီတော်အား စောင့်ရှောက်ခြင်း	၁၆၅
ကုန်းတော်ပေါ်မှ ဗြိတိသျှတို့ ခံတပ်ပြောင်းရွှေ့ပေးဖို့ကိစ္စ	၁၇၁
ငလျှင်ဒဏ်ခံရသမျှ	၁၇၇
စေတီပေါ် ကျားတက်ခြင်း	၁၈၅
အနောက်စောင်းတန်းဖွင့်ပွဲမီးလောင်ကျွမ်းမှု	၁၈၈
ဒုတိယကမ္ဘာစစ်ကြီးအတွင်း စစ်ပြီးစကာလ	၁၉၆
မြန်မာတို့၏ နယ်ချဲ့တော်လှန်ရေး ခြေကုတ်စခန်းကြီး	၂၀၉
၁၉၇၁ ရွှေစင်ရွှေသားသင်္ကန်းတော် ကပ်လှူပွဲ	၂၁၉
တောင်ဘက်မုခ် ခေတ်အလိုက်အပြောင်းအလဲများ	၂၃၂
သမိုင်းရက်စွဲများအချုပ်	၂၃၉
ကျမ်းကိုးစာရင်း	၂၄၅

www.burmeseclassic.com

တတိယတွဲစကားချီး

ရွှေတိဂုံစေတီတော်၏သက်တမ်းသည် နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပြီဖြစ်သည်။ထို့ကြောင့် ရွှေတိဂုံစေတီတော်ကြီး၏ သမိုင်းကြောင်းရေးလျှင် ရေးမကုန်နိုင်အောင်ရှိပါသည်။ ယင်းတို့အနက် အများပြည်သူ စိတ်ဝင်စားမည်ထင်ရသော သမိုင်းမှတ်တမ်းများကို ယခုတတိယတွဲ၌ စုပေါင်းဖော်ပြပါသည်။

ဝန်ခံချက်

ဤစာစုကို ပြုစုရာတွင် မောင်ဆုရှင်၏ "မြတ်ဘုရားရွှေတိဂုံ"စာအုပ်အပါအဝင် ရွှေတိဂုံသမိုင်းနှင့်ပတ်သက်သော အချက်အလက်များမှ အချို့ကို မူရင်းစာအုပ်ရေးဆရာများထံ ခွင့်ပန်ပြီး စာအုပ်ပါမူအတိုင်း (စာလုံးပေါင်းကိုကား ခေတ်နှင့်လျော်ညီစွာပြုပြင်၍) ကူးယူဖော်ပြပါသည်။ သမိုင်းကိုတိကျစေလိုသောဆန္ဒကြောင့် ဤသို့ကူးယူခြင်းဖြစ်ပါကြောင်း ဝန်ခံ၍တင်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မြတ်ဘုရားရွှေတိဂုံ
တတိယတွဲ
ရှေ့ဖုံး- ရွှေတိဂုံစေတီတော် သမိုင်းကျောက်စာတိုက်
နောက်ဖုံး- ဂေါပကရုံးရှေ့မှ နတ်သမီးရုပ်ထု။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်သူတရပ်လုံးက လက်ညီတက်ညီ ပြုစုပျိုးထောင်ပေးလျက်ရှိသော သက်ရှိပြတိုက်

နိဒါန်း

ဘုရားမြတ်ရွှေတိဂုံ ဆိုတာက– ဘယ်နှစ်ကြိမ်ရောက်ရောက် ဖူးမဝ်ေလို့မဝနိုင်သော စေတီတော်ဖြစ်၏။ သမိုင်းအစဉ်အလာအားဖြင့် နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပြီ။ မြန်မာမင်းများအဆက်ဆက်က ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာက ယခုခေတ်တွင် ပြည်သူလူထုက ဆက်လက်ပြုပြင်လျက်ရှိသဖြင့် ကမ္ဘာ့အံ့ချီးဖွယ်ရာ နေရာတော်တစ်ခု သက်ရှိပြတိုက်ကြီးအဖြစ် ထင်ရှားလျက်ရှိပါသည်။

ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်သို့ ဆယ်ကြိမ်၊ အကြိမ် ၂၀ ရောက်ရုံနှင့် လေ့လာစရာ ကုန်နိုင်ရိုးမရှိပါ။ ဘာသာရေးရှုထောင့်မှကြည့်ကြည့်၊ အနုပညာရှုထောင့်ဘက်ကကြည့်ကြည့် မည်သည့်ဘက်ကကြည့်ကြည့် လေ့လာ၍မကုန်နိုင်သော အသစ်အဆန်းတို့ဖြင့် ပြည့်လျှမ်းနေသော နေရာတော်လည်းဖြစ်၏။

ပြီးတော့ ရွှေတိဂုံစေတီတော်၏ အရိပ်အာဝါသသည် အေးမြ၏။ ပူလောင်နေသောစိတ်ကို ငြိမ်သက်စေ၏။ သို့ကြောင့် ရွှေတိဂုံရင်ပြင်ပေါ်မှာ နံနက်အရုဏ်တက်ချိန်မှ ညဉ့်နက်သည့်တိုင်အောင် ဘုရားဖူးများဖြင့် ပြည့်လျှမ်းနေပါသည်။

ရွှေတိဂုံစေတီတော်အကြောင်းကို ရှေးအစဉ်အဆက်မှစပြီး ယနေ့တိုင်အောင် ပညာရှင်အသီးသီးက စာဖွဲ့ခဲ့ကြပါသည်။ သမိုင်းစာအုပ်များကို ရေးသားထုတ်လုပ်ခဲ့ကြပါသည်။ စာရေးသူ စုဆောင်းရရှိသော စာရင်းအရ ရွှေတိဂုံဘုရားသမိုင်းစာအုပ် မြန်မာဘာသာဖြင့် အုပ်၊ အင်္ဂလိပ်ဘာသာဖြင့် (၅) အုပ် ရေးသားပြုစုထားသည်ကို လေ့လာတွေ့ရှိပါသည်။ ယင်းတို့အနက် အင်္ဂလိပ်လူမျိုး စာရေးဆရာ ဘစ် (T.H. Biggs) ရေးသားသော ရန်ကုန်မြို့မှ ရွှေတိဂုံဘုရားစာအုပ်မှာ ရှေးအကျဆုံးဖြစ်၏။ ၁၈၉၅ တွင် ရေးသားခဲ့သော စာအုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်တို့အနက် မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းပေးသော ပညာရှင်အဖွဲ့၏ အကူအညီဖြင့် ရေးသားပြုစုထားသော–

– မောင်ဆုရှင်၏ မြတ်ဘုရားရွှေတိဂုံ စာပေဗိမာန် ၁၉ နှစ် (၁၉၇၂)

– ဦးဝင်းဖေ၏ ရွှေတိဂုံ (အင်္ဂလိပ်ဘာသာဖြင့်) စာနှစ်အုပ်မှာ တိကျပြီး ပြီးပြည့်စုံသော စံပြထိုက်သည့် စာအုပ်များဖြစ်သည်ဟု ဆိုရပါမည်။

သို့သော် စာနှစ်အုပ်စလုံးမှာ ရှားပါးဖြစ်နေပါသည်။ ယင်းတို့ကို ပြန်လည်ပုံနှိပ်၍လည်း နှစ်ပေါင်း ၂၀ ကျော် နောက်ကျနေပြီဟု ဆိုရပါမည်။

သို့ကြောင့် စာရေးသူတို့က ယခုတဖန် ဘုရားမြတ်ရွှေတိဂုံအကြောင်းကို စာအုပ်တစ်အုပ်ဖြစ်အောင် ကြိုးစားပြုစုပါသည်။

မြတ်ဗုဒ္ဓသာသနာတော်ကို အထောက်အကူပြုမည့် စာတစ်အုပ်ဖြစ်ပါလိမ့်မည်ဟု မျှော်လင့်ပါသည်။

စာရေးသူများ

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းသောအရိပ်အာဝါသ

စေတီတော်ရင်ပြင်သို့ရောက်သောအခါ ထူးခြားသောအာရုံကို ခံစားရမိပေမည်။ ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပါယ်လျက်ရှိသော စေတီတော်ကြီးအား အဝေးကလှမ်း၍ ဖူးမြော်ရခြင်းနှင့်မတူ။ အနီးကကပ်၍ ခြေတော်ရင်းတွင် ဖူးမြင်ရသောအခါတွင် သဒ္ဓါကြည်ညိုရှင်းဖြစ်သော ဘုရားဖူးတို့၏စိတ်၌ ငြိမ်းချမ်းသောအရိပ်အာဝါသတစ်ခုတွင် ခိုလှုံရဘိသကဲ့သို့ ရှိလေသည်။

စေတီတော်ရင်ပြင်သို့ ရောက် ရခြင်းသည်ဗုဒ္ဓဘာသာဝင်တို့အားသာ ထူးခြားဆန်းကြယ်သော ပီတိစိတ်အဟုန်ကို ပေးသည်မဟုတ်၊ ဗုဒ္ဓဘာသာဝင်မဟုတ်သော တိုင်းတစ်ပါးသားဧည့်သည်များလည်း ရင်ပြင်ပေါ်သို့ရောက်သည်နှင့် ထူးခြားဆန်းပြားသော စိတ်အာရုံကို ခံစားရစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားမြတ်ရွှေတိဂုံ စိတ်အေးချမ်းစရာ ကြည်နူးစရာမြင်ကွင်းများ

www.burmeseclassic.com

www.burmeseclassic.com

နံနက်စောစောရွှေတိဂုံ

www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုဖွယ်ရာဖူးတွေ့ရသော ရွှေတိဂုံစေတီတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုဘွယ်ရာ ဖူးတွေ့ရသော ရွှေတိဂုံစေတီတော်ကြီးနှင့် ကုန်းတော်ဝန်းကျင် တစ်စိတ်တစ်ဒေသ

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်သားစာဆိုတို့အမြင်

သက္ကရာဇ် ၁၁၅၅ ခုနှစ်တွင် မောင်းထောင်ဆရာတော်သည် အမရပူရမှ နောက်ပါရဟန်းရှင်လူ တစ်ထောင်ကျော် ခြံရံလျက် ရွှေတိဂုံစေတီတော်သို့ အဖူးအမြော် တက်ရောက်ခဲ့ရာတွင် ဘုရားကြီးအား ကြည်ညိုသောစိတ်ဖြင့်

ယော ဒီပင်္ကရ မူလမှိ၊ ပဒံ ဟတ္ထဂတံ စဖိ။

သမ္ဗာသမ္ဗောဓိ မာကင်္ခ၊ ဝန္ဒေတာသ သရောရုဟံ။

အစရှိသော ပါဠိဘာသာ ထောမနာ ၁၂ ဂါထာကို ရေးဖွဲ့ခဲ့သည်။

အဓိပ္ပါယ်မှာ –

ဒီပင်္ကရာဘုရားရှင် ခြေတော်ရင်း၌ သဗ္ဗညုဘုရားဆုကို အလိုရှိတော်မူသည်ဖြစ်၍ လက်တော်သို့ ရောက်လုဆဲသော နိဗ္ဗာန်ချမ်းသာကို စွန့်တော်မူသော မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကို အကျွန်ုပ်ရှိခိုးပါ၏။

ဟူ၍ဖြစ်သည်။

ခရစ်နှစ် ၁၅၆၀ ခန့်တွင် ထင်ရှားခဲ့သော တောင်ငူခေတ် စာဆိုနဝဒေးကြီးကမူ ၎င်းရေးဖွဲ့သော ''ဒဂုံမွေ့ရှင်' ချီ ဘုရားတိုင်ရတု၌

ဒဂုံမွေ့ရှင်၊ သိင်္ဂုတ်တွင်၌၊ ရှင်ပင်သစ္စာ၊ ပွင့်သောခါဝယ်၊ ခြောက်ဌာနလွန်၊ တစ်ဖန်ရက်စေ့၊ ပြည့်သည်နေ့၌၊ ကြုံတွေ့လျှင်းအောင်၊ မြတ်ညီနောင်လျှင်၊ ရည်စောင်ကြည်ဖြူ၊ ပျားဆုပ်လှူ၍၊ မဥ္ဇူဆံမွေ၊ ကိုးကွယ်စေကာ၊ ထိပ်ဖွေဆောင်ရွက်၊ သည်တောင်ထက်ဝယ်၊ ကျိုက်ပွက်ကြေညာ၊ ကျော်ဝှန်ဝါသား၊ ဌာပနာတွေ၊ တည်ခဲ့ပေသည့်၊ ဆံမွေရုံးစု၊ သဗ္ဗညုကို .....

အစရှိသဖြင့် သိင်္ဂုတ္တရကုန်းတွင် တဖုဿ၊ဘလ္လိကညီနောင်တို့ ဘုရားထံမှ ယူဆောင်လာသော ဆံတော်များကို တည်ထားကိုးကွယ်ပုံကို ဖွဲ့ဆိုထားပြီးလျှင် ဒုတိယပိုဒ်၌

မစုံပေချင်၊ ချက်တွေ့မြင်က၊ ရွှေစင်စတော၊ မြေကဖြိုးမောက်၊ ပေါက်တို့သလော၊ တွေးတောမူးမော်၊ အောက်မေ့သော်မူ၊ ရှုမြော်မရဲ၊ တလဲလဲလျှင် မစဲမည်၊ ရွှေတိလျှံမှု ....

ဟူ၍ စေတီတော်ကြီးအား ရွှေတောင်ကြီး မြေကပေါက်လာဘိသကဲ့သို့ ရှုမြော်ဖူးမြင်၍ မဝနိုင်ပုံကို ရေးသားခဲ့သည်။ နဝဒေးကြီးသည် အခြားဘုရားတိုင် ရတုများတွင်လည်း ဒဂုံဆံတော်ရှင်အကြောင်းကို စာဖွဲ့၍ ကြည်ညိုခဲ့လေသည်။

ဝန်ကြီး ပဒေသရာဇာကမူ

သိင်္ဂုတ္တရ၊ ကုန်းလှမြတ်စွာ၊ အမည်မှာမူ၊ ဘတ္တာဘုမ္မိ၊ ဘူရိဒတ္တ၊ ပေါက္ခရဝတီ၊ သီဟရာဇာ၊ တမ္ဗာဂုတ္တ၊ တိဂုမ္ဘာဟု၊ သတ္တနာမံ၊ ကမ္ဘည်းခံ၏။ ကုန်းရံကိုးဆယ်၊ ကုန်းကိုးသွယ်ရှင့် ....

ဟူ၍ သိင်္ဂုတ္တရကုန်း၏ အမည်ခုနစ်ပါးဖြင့် အစချီလျက် **ရွှေတိဂုံသမိုင်းလင်္ကာ**ကို ခရစ်နှစ် ၁၇၅၁ ခုတွင် ရေးဖွဲ့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကင်းဝန်မင်းကြီးသည် ခရစ်နှစ် ၁၈၇၄ ခုနှစ်၊ မတ်လတွင် ပြင်သစ်ပြည်၊ ပါရစ်မြို့တော်သို့ သံတော်အဖြစ်အသွား၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီကို ဝင်ရောက်ဖူးမြော်ရင်း ဆွမ်းကပ်လှူသည်။ ထို့နောက် ရန်ကုန်ဆိပ်ကမ်းမှ မီးသင်္ဘောဖြင့် ပင်လယ်သို့အထွက်တွင် အဝေးမှလှမ်း၍ ဖူးမြော်ရသော ဒဂုန်ဆံတော်ရှင်အား

တက်တုံတဲ့ သက်တံ၊ ပွားအကန့်၊

ဖျားညွန့်သက်စုံခတယ်၊ လေးပါးဓာတ်ပုံ။

ဟူ၍ ကြည်ညိုသောစိတ်ဖြင့် စာဖွဲ့ကာ ဦးခိုက်ခဲ့လေသည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီးကမူ

ယမိုက်မှောင်ချွေ၊ တဝေဝေတည့်၊ မီးရေစုံသား၊ ဂုဏ်တော်အားဖြင့်၊ မြတ်ဖျားဓေယျ၊ တိဂုံဘဏ်၊ ကေသဆံတော်၊ ကိန်းဝပ်ပျော်သည်၊ အကျော်ထင်ရှား၊ နောင်တော်များဟု၊ ဘုရားဘုန်းလူ၊ မြတ်သုံးဆူတို့၊ နှုန်းယူဘက်ကင်း၊ ဓာတ်မွေမင်းတို့၊ သိတင်းသုံးရာ၊ မှန်လှစွာတည့်၊ ကမ္ဘာမကိုင်၊ ဘုံသုံးတိုက်မှ၊ ဦးခိုက်ခိုလှုံ၊ ရွှေတိဂုံဟု၊ သံ-ဂုံ-ပ-မ၊ လေးဘွဲ့ရသည်။ ထူပအကျော်၊ စေတီတော်ကို ....

စသည်ဖြင့် **မဟာဝဇီရ မကုဋမင်္ဂလာ စိန်ဖူးတင် သြဘာရတုပိုဒ်စုံကို** ခရစ်နှစ် ၁၉၃၁ခုတွင် ရေးဖွဲ့ခဲ့သည်။

တောင်းဆုပြည့်စုံ ရွှေတိဂုံ

ရွှေထီးတင်၍၊ ရွှေစင်ရောင်လျှံ၊
ရွှေပြားမံလျက်၊ ထက်ယံတိမ်ခွင်၊
ကောင်းကင်ဝင်းဝင်း၊ မိုးလုံးလင်းမျှ၊
နေမင်းစကြာ၊ သူရိယာလျှင်၊
ထွန်းဝါပြောင်ပြောင်၊ ခြည်တစ်ထောင်နှင့်၊
တိမ်မှောင်လင်းပျောက်၊ ပြန်လာရောက်သို့၊
ကျော်ချောက်နတ်ရွာ၊ ဗြဟ္မာကစ၊
ထိုမှအများ၊ သုံးဘုံသားတို့၊
ခုနစ်ပါးရတနာ၊ ကိုယ်စီပါလျက်၊
များစွာဖျော်ဖျော်၊ ပူဇော်ကြလာ၊
လိုရာယူလှိုင်း၊ ဆုကြီးခိုင်းက၊
တောင်းတိုင်းပြည့်စုံ၊ တန်ခိုးဖုံသည်၊
တိဂုံစေတီလှ၏တည်း။ ။

ရွှေတိဂုံပျို့ (ပေမူ)

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော်ဘွဲ့

(ရှစ်ဆယ်ပေါ်တေးထပ်)

ဂိဝါန်လာ ရိကာသန်း၊ ညီညာရက်လျှမ်း၊ ကွက်ဆန်းချယ်
ဋ္ဌိကာရက်သန်း ထွက်ကျမ်းသွယ်လျှင်၊ ပန်းဘွယ်မှန်းရွယ် ဆန်းကြွယ်တောင်း။
မြှိုင်ရပ်ဆိုင်ပတ်၊ နိုင်ချပ်ရုံတယ် လှိုင်ထပ်အင့် ကိုက်ဖူးတန်ကလောင်း။
ဂေါ်ပွင့်ခော်ရင့်–မျှော်တင့်ဝေတယ်၊ မောမြင့်နသော ရဝေဆောင်း၊ လှော်ပွင့်အရွှေသရေညောင်းလို့
သပြေတော်စောင်းမြလကျာ။ ကိုးဂုဏ်းဖြိုးစုံ စိုးဖြိုးလွှမ်း၊ မိုးဘုံကြွနှန်း စံမြန်းမွန့်ချက်သာညာ။
ထိန်လျှပ်ရိန်မြတ်းတိမ်ထပ်ချာမှာ၊ သိန်မြတ်ရတာနာ ကြူကြူသင်းလို့၊ ကူတူပါရင်း သားခင်ငြိမ့်စည်
ဖျာရင်းမိန့်တော်တည်။ ထောင်ကွန့်–ရောင်ဝှန့်၊
တောင်ညွန့်လယ်မှာ နောင်အစွန့်အရှည်–ရွှေတိဂုံပလေး–

ဆရာကြီး ဦးမှိန်
(ရှေးခေတ်)

သိဂုတ္တရတောင်တော်ဘွဲ့

ဖလ်မြေ၊ မှန်မြေ၊ ရုံဝေဘိ၊ စံရွှေအတိပြည့်ချက်ညှာ
ဟံဗွေမဟိ၊ စည့်မျက်နှာဝယ် ရက်ဖြာစက်ခါ စကြာမျိုး၊ မီးခာတ်မီးလျှပ်
ကြီးမတ်ပြောင်တယ်၊ ထီးခာတ်တန်ဆောင် မှန်ကင်းထူလို့မိုး၊ ထုံးဖြစ် ဘုန်းလှစ် ကျုံးရစ်သွယ်တယ်
ကုန်းမြစ်အကျယ် သိန်မညိုး၊ သုံးခေတ်အလယ်ရှိန်တန်ခိုးနှင့် ပုထိုးတော်မြတ် တိဂုံရှင်၊ မွေးကြူရေးယူ၊
ရှေးမူအတိတ်၊ လေးဆူတံဆိပ်ဗျာဒိတ်ညွှန့်သိုက်ဝင်။ အဆင့်အရင့်ပလ္လင်ပြင်ဝယ်၊ တစ်ခွင့်ခွင်၊
နာရီလင့်လို့ ရာသီအိမ်ဆင့်၊ ချိန့်ပွင့်တစေ၊ သိန်တင့်သိန်သရေ။
နတ်နန်းဘုံရွှေ၊ မြတ်ပန်းစုံဝေ၊ ပုံရွှေကြွေဝယ် ထုံငွေ့ဝေဝေ သိဂုံတ်တောင်ပလေး။

ဆရာကြီး ဦးဝေ

မဟာတိဂုမ္ဘ ဆံတော်ရှင်စေတီတော်ကြီးဘုရားရှိခိုး

အောင်ကြောင်းမင်္ဂလာ အောင်ဖေယျာတည့်
မဟာမုနိ အတုမရှိလျှင်၊ ဗောဓိရွှေညောင်၊ ပလ္လင်ဗွေမှ လှည့်ချွေမိုးစံ
သတ်–ဌာန်တွင် ခက်လျှံညွှန့်ဝေ၊လင်းလွန်းမြေဝယ် နေ့စဉ်အခါ၊
ဥက္ကလာမှ သမ္ဘာထူးလှ တဖုဿနှင့် ဘလ္လိကမောင် ညီနှင့်နောင်တို့၊
ဘုန်းခေါင်ထံပါး ရောက်လာကြွား၍၊ နှစ်ပါးမွေးထုံ၊ သရဏဂုံနှင့်
ရှစ်ဆူစုံဆံမြတ်၊ သရီဓာတ်ကို၊ ရလတ်သောခါ မင်းမြတ်ဗွာနှင့် ဒေဝါအများ မိုယ်းသကြားတို့
ကြိုစားမယုတ်၊ လွှန်အားထုတ်၍၊ သင်္ဂုတ်တောင်တွင် တိဂုံရှင်ကို၊ ဖူးမြင်စေငှာ၊ ဌာပနာ၏။
ရှေးခါရိပ်မြုံ၊ စံကြွဲတုံလည်း၊ သန်–ဂုံ–ပ–ရှင် ထွတ်သခင်တို့
နောင်လျှင်မြော်ဆ ကောင်းကျိုးရဖို့ ဓမ္မ–ကရိုဏ်၊ ရောင်ခြောက်ဆိုင်နှင့်၊ သင်းပိုင်ရေသနုပ်၊
ဆန်းစွာလုပ်သည်၊ လက်ဆုပ်တောင်ဓေ့း၊ ဂုဏ်ရောင်ပြေးလျက်၊ ကြိုင်မွှေးပျံ့သင့်၊
ဤတောင်မင်း၌၊ သီတင်းသုံးရာ မှန်ခဲ့ပါ၏။
လေးဖြာစုပုံ၊ လေးဓာတ်စုံသား၊ တိဂုံဆံရှင်၊ မြတ်သခင်ကို၊ အိပ်လျှင်ရှစ်ခိုး၊
နိုးလျှင်မိဋ္ဌာန်၊ ပြည်နိဗ္ဗာန်သို့၊ အမှန်ရောက်ရပါလိုသော မြတ်ရှင်စော .... သြကာသ ....သြကာသ ....။

မြင့်ထွန်း

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဒဂုံမြို့ထင်ရှားလာခြင်း

ရှေးခေတ်က ပဲခူးမြို့သည် ပင်လယ်ဆိပ်ကမ်းမြို့တော် ဖြစ်ခဲ့သည်။ သို့သော် ဘုရင့်နောင်၏ နောက်တွင် ဟံသာဝတီထီးနန်းကို သားတော်နန္ဒဘုရင် ဆက်လက်စိုးစံသောအခါလောက်တွင် ပဲခူးချောင်းများ တိမ်ကောစပြုလာသည်။ ခရစ်နှစ် ၁၅၅၀-ပြည့် ကျော်လွန်သောအခါ ပဲခူးချောင်းသည် ယခင်ကကဲ့သို့ မုတ္တမပင်လယ်ကွေ့ထဲသို့ မစီးဆင်းတော့ပေ။ အနောက်ဘက်သို့ပြန်စီး၍ သံလျင်မှတစ်ဆင့် ပင်လယ်တွင်းသို့စီးဆင်းလေသည်။ ထိုအခါ ကုန်စည်များကို ပင်လယ်ခရီးသွား၊ သင်္ဘောများဝင်နိုင်သော သံလျင်တွင်ဆိုက်ကပ်၍ ကုန်ချပြီးနောက် သံလျင်မှတစ်ဆင့် ပဲခူးသို့ပို့ရသည်။ ဤသို့ဖြင့် သံလျင်မှာ စည်ကားလာသည်။

ထို့အတူ သံလျင်နှင့်မဝေးသော ဒဂုံမြို့များလည်းထင်ရှားလာခဲ့သည်။ ခရစ်နှစ် ၁၆၅၀-သို့ ရောက်သောအခါ သံလျင်ဒဂုံစသော ဒေသများသည် နိုင်ငံခြားသားများ ရေးသားထုတ်ဝေသော မြေပုံကားချပ်တို့၌ အထင်အရှားပါရှိပါသည်။

ဒဂုံမြို့ထင်ရှားလာခြင်းကြောင့် ရွှေတိဂုံစေတီတော်ကြီး၏ဂုဏ်သတင်းမှာလည်း ပိုပြီးပွင့်လင်းလာပါသည်။



အလောင်းဘုရားရန်ကုန်မြို့တည်ပြီးနောက် အနှစ်တစ်ရာကြာသောအခါ ထရိုက်ဖ်ဆိုသူရိုက်ကူးထားသော ရွှေတိဂုံစေတီတော်ဓာတ်ပုံ၊ ယခုမြောက်ဘက်စောင်းတန်း အဝင်ဝနေရာလောက်မှ ရှုမြင်ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ပြင်အနောက်ဘက်တွင်မြင်ရသော အိမ်များမှာ တပ်ကလေးရပ်ဖြစ်သည်။ ယခုမောင်ခိုင်လမ်းနှင့် မဂိုလမ်းအကြား လောက်တွင် တည်ရှိသည်။ ရန်ကုန်သိမ်းပြီး အင်္ဂလိပ်အလံလွှင့်ထားခြင်းကို သင်္ဘောပေါ်မှ မြင်ရပုံရေးဆွဲထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ခရစ် ၁၈၄၆ ခုနှစ်က မြင်တွေ့ရသည့်အတိုင်း ဂရန့်ဆိုသူက သူ၏ ရန်ကုန်ခရီးကြမ်းတစ်ခေါက်အပြည့်ရှိ စာအုပ်တွင် ရေးဆွဲထည့်သွင်းခဲ့သည့် အလောင်းဘုရား၏ ရန်ကုန်မြို့ အရှေ့တောင်ဘက်စွန်း တံခါးပေါက်ကြီးပုံ။

ရန်ကုန်ကို အင်္ဂလိပ်တို့ အပိုင်သိမ်းပြီးနောက် အားကစားလောက အစပျိုးခဲ့ရာတွင် တစ်ဘာသာထွင်လိုက်သော ဆင်ပြေးခုန်ပြိုင်ပွဲ ရှုခင်းတစ်ရပ် လန်ဒန်ရုပ်စုံသတင်းဂျာနယ်ဖတ် ပရိသတ်အတွက် အင်္ဂလိပ်ပန်းချီဆရာတစ်ဦးသည် လွှန်ခဲ့သည့် နှစ်တစ်ရာကျော်က ရေးဆွဲထည့်သွင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်မြန်မာပထမစစ်ဖြစ်ပွားသောနှစ်က ရန်ကုန်အနီးရှိ ရေပတ်လည်ဝိုင်းလျှက်ကုန်းမြေပေါ်၌ တည်ထားသော စေတီတစ်ဆူ၏ပုံကို ဂါရီဆန်ဆိုသူက ရေးဆွဲခဲ့သည်မှာ ယနေ့ရန်ကုန်မြို့အလယ်၌ ဖူးတွေ့ကြရသော ဆူးလေစေတီ၏ ရှေးက အသွင်ပင်ဖြစ်သည်။

ရန်ကုန်မြို့ဝန်၏ အိမ်တော်သည် ညံ့ဖျင်းသော်လည်း အဆောင်ဆောင်အခန်းခန်းရှိသည်ဟု နိုင်ငံခြားသားတို့ကမှတ်တမ်းတင်ခဲ့ရာရန်ကုန်မြို့ပြင်တောင်ဘက်ကမ်းစပ်၌ ခရစ် ၁၈၄၆ ခုနှစ်က တွေ့ရသော မစ္စတာမန္တတ်၏ ဤအိမ်ကြီးမျိုးကဲ့သို့ပင် ဖြစ်ပေလိမ့်မည်ဟု ယူဆရသည်။ ရန်ကုန်မြို့ဝန်၏အိမ်ကား ယခုအခါ ဗိုလ်အောင်ကျော်လမ်း၊ ကာစီကုမ္ပဏီရှိရာ ပတ်ဝန်းကျင်နေရာလောက်တွင် တည်ရှိကြောင်းတစ်ဆင့်ကြားဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com

▲ ၁၈၇၀ပြည့်နှစ် ကမ်းနားလမ်း
(Strand road) မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



▲ ၁၈၉၀ပြည့်နှစ် မြန်မာ(ဗမာ)လူမျိုး
တို့အသုံးပြုလေ့ရှိသော ထီးရိုလှည်းယာဉ်



▲ ၁၈၈၂ ၂၄နှစ် ဓာတ်ရထားနှင့် မြန်မာ
ကျောင်းသူလေးများ

၁၈၈၂ ခုနှစ်ကာလ ရန်ကုန်မြို့ တာလ်ရထားများပြေးဆွဲနေချိန်၌ကျောင်း ပိတ်ရက် မြန်မာကျောင်းသူလေးတစ်စု
ဓာတ်လှေလှာပေးခရီးတစ်ခုကို မြင်တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ကွယ်ပျောက်သွားပြီဖြစ်သော နောက်ပေါက်ဘတ်စ်ကားများကို ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်ဟောပြောသော ရန်ကုန်လူထု၏ ဗန္ဓုလပန်းခြံအစည်းအဝေး (၁၉၄၅ ခုနှစ်) တွင် တစ်စိတ်တစ်ဒေသတွေ့မြင်ရပုံ။

www.burmeseclassic.com

enerated by Gen-P

www.burmeseclassic.com



နှစ်စဉ်မီးဘေးမှ ပြေးမလွတ်အောင်ပင် ရန်ကုန်မီးရာဇဝင်ကို ဖန်တီးစေသော ရှေးသရောအခါက ရန်ကုန်မြို့ရှိ လူနေအိမ်များ အနက်မှ မျက်နှာဖြူ ပန်းချီဆရာတစ်ဦး ရေးဆွဲခဲ့သောအိမ်ပုံဖြစ်သည်။

ရန်ကုန်မြို့၏ ပထမခရီးသည်တင် ရှေးလှူကြီးများက ပဲ– ရထားခေါ်သည့် ခေတ်မီယာဉ်STEAM TRAMပုံဖြစ်သည်။ ထို့နောက် ၎င်းအစား ဓာတ်ရထားများ၊ ဘတ်စ်ကားများ၊ ထရော်လီဘတ်စ်များပေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားသမိုင်း
အထောက်အထားများ

အကြမ်းအားဖြင့် အထောက်အထားသုံးမျိုး တွေ့ရသည်။ ပထမ
ရွှေတိဂုံစေတီတော်ကြီး၏ သမိုင်းနှင့် စပ်လျဉ်း၍ အဋ္ဌကထာများဖြစ်၏။ တတိယအထောက်အထားမှာ
အထောက်အထားမှာ ပါဠိတော်များဖြစ်၏။ ဒုတိယအထောက်အထားမှာ အဋ္ဌကထာများဖြစ်၏ ။ မှန် မြန်မာရာဇဝင် တပေါင်းများဖြစ်၏။
ဘာသာရေးစာပေကျမ်းများ၊ ကျောက်စာများ၊ ရှေးခေတ်သုတစာပေကျမ်းများ၊ မှန် မြန်မာရာဇဝင် တပေါင်းများဖြစ်၏။
ဘာသာရေးစာပေကျမ်းများ၊ ကျောက်စာများ၊ ရှေးခေတ်သုတစာပေကျမ်းများ၊ မဟာဝဂ္ဂပါဠိတော် ရာဇာယတနကထာ၌ ဥက္ကလာမှ
ပထမအထောက်အထားဖြစ်သော ပါဠိတော်များအနက်၊ ဂါတမမြတ်စွာဘုရားထံသို့ ရောက်ရှိလာပုံ ကြွက်ကျစ်မုန့်၊ များဆုပ်မုန့်
တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် ဂါတမမြတ်စွာဘုရားထံသို့ ရောက်ရှိလာပုံ ကြွက်ကျစ်မုန့်၊ များဆုပ်မုန့်
ဆက်ကပ်ပုံ၊ ဒွေဝါစိက သရဏဂုံတည်ကြပုံ ပါရှိသည်။ အင်္ဂုတ္တိုရ်ပါဠိတော် ဧတဒဂ္ဂဝဂ်၌ ယင်းကုန်သည်ညီနောင်တို့သည်
သရဏဂုံကို ဦးစွာဆောက်တည်ကြရသဖြင့် ဧတဒဂ်ဘွဲ့ရသူများဖြစ်ကြောင်း ပါရှိသည်။
ဒုတိယအထောက်အထားဖြစ်သော မဟာဝဂ္ဂအဋ္ဌကထာ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဇာတက အဋ္ဌကထာ၊ ဇာတတ္ထကိ
တို့၌ ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားထံရောက်ရှိ၍ ဆံတော်များရရှိသည်။ ထိုဆံတော်များကို ပင့်ဆောင်လျက်
မိမိ၏တို့မြို့၌ စေတီတည်ထားကိုးကွယ်ကြကြောင်း ပါရှိသည်။ ယင်းအဋ္ဌကထာများတွင် ကုန်သည်ညီနောင်တို့၏နေရပ်ကိုလည်း
ကောင်း၊ လှည်းလမ်းခရီးဖြင့် ကုန်စည်ကူးသန်းရင်း ရောက်ရှိလာပုံကိုလည်းကောင်း၊ ယင်းတို့အား မြတ်စွာဘုရား ပွင့်တော်
မူရာသို့ ညွှန်ပြသော နတ်၏အမျိုးအမည်ကိုလည်းကောင်း၊ ဆံတော်အဆူမည်မျှ ပေးသနားခြင်းကိုလည်းကောင်း၊ စေတီတည်ထား
ကိုးကွယ်ပုံကိုလည်းကောင်း ဆက်လက်ဖွင့်ဆိုဖော်ပြကြသည်။
တတိယအထောက်အထားဖြစ်သော သာသနာ့လင်္ကာရစာတမ်း၊ ဇိနတ္ထပကာသနီ၊ တထာဂတဉဒါနဒီပနီ၊ သုဓမ္မဝတီ
ဗုဒ္ဓဝင်၊ ထေရဘာသာပြန် စသည့်ကျမ်းများ၌ မြို့ရွာဒေသအပိုင်းအခြား ဝန်းကျင်ကိုလည်းကောင်း၊ကုန်သည်များ ဆံတော်
ပင့်ဆောင်လာပုံကိုလည်းကောင်း၊ ဆံတော်များကို ဌာပနာ၍ စေတီတည်ထားရန် နေရာရှာခြင်းကိုလည်းကောင်း ထပ်မံချဲ့ထွင်
ရှင်းလင်း၍ ဖော်ပြထားသည်။ ဆိုင်ရာကျမ်းကိုလိုက်၍ အကျဉ်းအကျယ်ကား မတူကြပေ။
အထူးသဖြင့် မွန်ရာဇဝင်များတွင် အသေးစိတ်ရေးသားဖော်ပြကြသည်။ ယင်းရာဇဝင် ပေမူများသည် ဓမ္မစေတီမင်း
၁၄၈၅ ခုနှစ်တွင် စိုက်ထိုးခဲ့သော ရွှေတိဂုံစေတီကျောက်စာထက် များစွာနောက်ကျသည်ဟု မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်
အတွဲ ၂၄၊ အမှတ်-၁၊ ၁၉၃၄ တွင်ပါသော ဦးဖေမောင်တင်၏ စာတမ်း၌ဆိုသည်။ ဘားနဒ် ပိဋကတိုက်မှ မွန်ရာဇဝင်
ပေမူကျမ်းပေါင်းရှစ်ကျမ်းကို ညွှန်းထားသည်။ ၎င်းတို့မှာ လိက်ဝင် ဓာတ်ကျာ်လ္ဂုင် (ရွှေတိဂုံဘုရားဓာတ်တော်သမိုင်း)၊ -
သုပတ် တဖုဿဘလ္လိက (တဖုဿနှင့် ဘလ္လိကပေစာ)၊ သုပတ်ဝင်ဓာတ်ကျာ်စေတီလ္ဂုင် (ရွှေတိဂုံစေတီဓာတ်တော်သမိုင်း)၊
သုပတ်ဝင်ဓာတ်ဗဂို (ပဲခူးဘုရားဓာတ်တော်သမိုင်း)၊ သုပတ်ရာဇဝင် ဒတူစွိရောင် (မျှော်ဖူးရန်သမိုင်းပေစာ)၊ ဗဂိုဓာတ်တုဝင်
(ပဲခူးမြို့ဓာတ်တော်သမိုင်း)၊ ပြကိုဟ်ရာဇထေဝုတ် (ရာဇသပုတ်ခေါ် မင်းဆက်ရာဇဝင်ကျမ်း)၊ သကော်ဓာတ်သော် (ဆံတော်သမိုင်း)
ဟူသော ကျမ်းများဖြစ်သည်။ ဤအထောက်အထားအုပ်စုတွင် မွန်ရာဇဝင်စေတီတော် သမိုင်းပေါင်းချုပ်နှင့် သန်လျင်ရာဇဝင်
တို့ကိုလည်း ထည့်သွင်းရမည်ဖြစ်သည်။
အထက်ပါ မွန်ရာဇဝင်ပေမူများ၌ ဆံတော်များကို ပင့်ဆောင်လာပုံ၊ ဆံတော်လေးဆူပျောက်ဆုံးပုံ၊ ကုန်းတော်မြေကို
သိကြားမင်းဆင်း၍ ရှာပေးပုံ၊ ဥက္ကလာပမင်းကြီးသည် သိကြားမင်းနှင့် မယ်လမုတို့၏သားဖြစ်ပုံ၊ ဒေသအမည်များဖော်ပြပုံ၊
သိင်္ဂုတ္တရကုန်းတော်၏ အမည်များ ကွဲပြားပုံ၊ ကုန်းတော်ကိုပြုပြင်ပုံ၊ ကုန်သည်ညီနောင်တို့ အိပ်မက်မက်ပုံ၊ နတ်ကြီးများအား
ရှေးဘုရားသုံးဆူ၏ ပရိဘောဂများတည်ရှိရာကို မေးမြန်းပုံ၊ ဌာပနာတည်ထားပုံတို့ကို အသေးစိတ် ဖော်ပြထားသည်။ ထိုအ
ချက်များသည် ရွှေတိဂုံစေတီတော်ကျောက်စာတွင် ဖော်ပြထားသောအချက်အလက်များထက် သိုင်းဝိုင်းကျယ်ဝန်းသည်။
အထက်ပါ အထောက်အထားသုံးမျိုးကို အချိန်ကာလအားဖြင့် ပိုင်းခြားကြည့်လျှင် ပထမအထောက်အထားဖြစ်သော
ပါဠိတော်များမှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် နှစ်ပေါင်း ၂၅၀၀ကျော်က မိန့်မြွက်ခဲ့သော အကြောင်းများဖြစ်သည်။
ဒုတိယ အထောက်အထားဖြစ်သော အဋ္ဌကထာများမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၉၀၀ခန့်ကြာသောအခါ၌
ရှင်မဟာဗုဒ္ဓဃောသမထေရ်က ရှေးအဋ္ဌကထာကြီးများကို အခြေခံ၍ စီစဉ်ရေးသားထားသော အချက်အလက်များဖြစ်သည်။
တတိယအထောက်အထားများမှာ ဓမ္မစေတီမင်း ကျောက်စာရေးထိုးသည့် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ခန့်၏ နောက်ပိုင်းတွင်
ရာမညဒေသ၌ အစဉ်အဆက်လက်ခံ မှတ်သားခဲ့ကြသော အကြောင်းများဖြစ်သည်။

www.burmeseclassic.com

သမိုင်းဦးကာလမှ အစဉ်အဆက်ပြောဆိုခဲ့သော မှတ်တမ်းများ

မှုရင်းအယောက်အထားများကို လေ့လာနိုင်ရန် ရွှေတိဂုံစေတီတော်သမိုင်း ရေးအကျဆုံး စာအုပ်တစ်အုပ်ဖြစ်သော ပါဠိဆရာ–ဆရာသွင်၏ ရွှေတိဂုံစေတီတော်ကြီးသမိုင်းချုပ် ၁၉၃၇–တတိယအကြိမ် ပြင်ဆင်ရိုက်နှိပ်ရသော စာအုပ်မှ ကူးယူဖော်ပြပါသည်။

တဖုဿ–ဘလ္လိကတို့သည် ဆံတော်ရှစ်ဆူကို သင်္ဘောနှင့်ပင့်ယူလာခန်း

မွန်ရာဇဝင်စေတီတော်သမိုင်းချုပ်နှင့် ရွှေမောဓောရာဇဝင်သမိုင်းတွင်၊ ဥက္ကလာပမင်းသည် သန္ဓေသူ (မယ်လမု) မှမွေးဖွားသောသားသည် သိကြားမင်း၏သားဟု ဆိုကြသည်။ ထိုအဆိုနှစ်ရပ်ကို ညှိနှိုင်း၍မှတ်သားရအောင် ဖော်ပြပေအံ့။ အထက်ဆိုခဲ့သော ကိုးဆယ့်ကိုးကုန်းတို့၏ အညွန့်အထိပ်ဖြစ်သော သိဂုံတ္တရကုန်းနှင့် ကုန်းအသီးသီးတို့တွင်၊ ဝိဇ္ဇာ, တပသီ, ဇော်ဂျီ, ရသေ့တို့သည် ပျော်မွေ့မှီခိုရာဖြစ်လေ၏။ ထိုကုန်းတို့၌ပျော်မွေ့သော ရသေ့တစ်ဦးသည် ဇနပုဒ်သားတို့ထံ ဆွမ်းခံသွားရာမှ ပြန်ရာခရီးတွင် မြစ်ကမ်းစ လမုပင်ကြီးတစ်ပင်၌ အံ့ဩလောက်ဖွယ်ရာ လမုပွင့်အငုံကြီးကိုမြင်၍ ချိုးယူခဲ့ပြီးလျှင် မိမိကျောင်းသင်္ခမ်း၌ထားရာ မကြာမီရက်အတွင်းတွင် ထိုလမုငုံမှပွင့်လျက် သန္ဓေဇဖြစ်သော သတို့သမီးငယ်တစ်ယောက် ပေါက်ဖွားလာသည်ကိုမြင်လျှင် အားရဝမ်းသာစွာ သမီးအမှတ်ဖြင့် မွေးမြူထားလေ၏။ ထိုသတို့သမီးအရွယ်ရောက်သောအခါ၊ မွန်ဘာသာ (မယ်ကမု) မြန်မာလို (မယ်လမု) အမည်ပေးထားသဖြင့်၊ သတို့သမီးလည်း သစ်သီးကြီးငယ်တို့ကို



ကုန်းသည်ညီနောင်တို့၏ လှည်းငါးရာအား နတ်က တားဆီး၍ ဘုရားထံညွှန်ပြနေပုံ ပန်းပုရုပ်လုံး

www.burmeseclassic.com

www.burmeseclassic.com

ရှာကြံဖွေယူ၍၊ အဘရသေ့ကြီးအားကပ်၏။ သောက်သုံးရေတို့ကိုပြုခြင်း၊ တံမြက်စေတ်ခြင်းအမှုတို့ကို ပြု၍သာနေလေ၏။ တစ်နေ့သောအခါ၊ သိကြားမင်းသည် လူယောင်ဆောင်၍ ရသေ့ကြီးထံလာရာ၊ သတို့သမီးမယ်လမုနှင့်တွေ့၍ မေတ္တာရည်သန်လျက်၊ ချစ်ခင်စုံမက်ဟန်ပြုလေ၏။ ရသေ့လည်း သိကြားမှန်းသိသောကြောင့်၊ တရားသဖြင့်ညီညွတ်ရန်သာ ပြောလေ၏။ သိကြားမင်းလည်း မယ်လမုအား၊ မကြာမီပြန်လာရန်ပြော၍ နတ်ပြည်သို့တက်သွားရာ၊ မယ်လမုသည်လည်း အလွန်ဝမ်းနည်းကြေကွဲလှစွာ ရက်လအတော်ကြာသည့်တိုင်အောင် မပြန်လာသောကြောင့်၊ အဘရသေ့ကြီးအား ငိုယိုတိုင်ကြားလျှင်၊ အဘရသေ့ကြီးသည် မစိုးရိမ်လင့်ဆို၍ သက်ငယ်မြက်ကို သစ္စာဓိဋ္ဌာန်၍ပြုလုပ်သော ကျေးသားလည်ပင်းတွင် စာရေးစွပ်၍ လွှတ်လိုက်၏။ တာဝတိံသာသို့ရောက်လျှင် သိကြားမင်းသည် အကြောင်းမျိုးစုံကိုသိရသဖြင့် မယ်လမုသုံးဆောင်ရန် နတ်ရေစင်ကို မြကျည်တောင့်သုံးလုံးတွင် ထည့်ပြီးလျှင်၊ ကျေးသားလည်တွင်စွပ်၍ ပြန်လွှတ်လိုက်လေ၏။

ထိုအကြောင်းကိုသိကြားမိဖုရား၊ သုဇာတာ၊ သုမာလာ၊ သုနန္ဒာ၊ သုစိတ္တာတို့သိကြသဖြင့် သိန်းစွန်ယောင်ဆောင်ကာ ကျေးသားကိုလိုက်ကြရာ၊ မြကျည်တောင့်နှစ်လုံးသည် ပြုတ်ထွက်လျက် တစ်လုံးသည် ဟိမဝန္တာတော်သို့ကျ၍၊ ဆင်မတစ်ကောင်သောက်ရသဖြင့်၊ ဆဒ္ဒန်ဆင်ပျံကိုဖွားၿ၏။ တစ်လုံးသည် သမုဒ္ဒရာအတွင်း သို့ကျ၍၊ မိကျောင်းမတစ်ကောင်သောက်ရသဖြင့်၊ ငမိုးရိပ်မိကျောင်းကိုဖွား၏။ တစ်လုံးသာ မယ်လမုထံရောက်၍ သောက်ရသဖြင့်၊ ဥက္ကလာပသတို့သားကိုဖွားလေ၏။ (ထိုနေရာတွင် မှန်နန်းဇာဝင်စေတီတော်သမိုင်းချုပ်က၊ သိကြား မင်းသည် သပျက်ရေနတ်ဆေးဖြင့် နတ်ကျေးလုလင်တစ်ဦးကို စေလွှတ်တိုက်ကျွေး၍ သန္ဓေတည်စေတော်မူ၏ ဆိုသည်။) ထိုသတို့သားသည် ငယ်စဉ်အခါက၊ ကုဋ္ဌရောဂါ သမင်ရက်ပါသဖြင့်၊ သိကြားမင်းသည် သူအိုယောင် ဆောင်၍၊ သားငယ်ကို မယ်လမုထံတောင်းယူကာ၊ နတ်ဆေးနတ်ဝါးလိမ်းကျံ၍ နတ်ရေကန်တွင်ချသဖြင့်၊ ကုဋ္ဌရောဂါပျောက်လျက်၊ ပွတ်သစ်သောဖမ္ဗူရစ် ရွှေအဆင်းကဲ့သို့ တစ်ဆယ့်ခြောက်နှစ်သားအရွယ်ရောက်လာ၏။ ထို့နောက် သိကြားမင်းသူအိုသည် မိမိအကြောင်းကို မယ်လမုနှင့်ရသေ့တို့အားပြောကြား၍၊ မိမိသားတော်ကို (ဥက္ကလာပဟူသောဘွဲ့အမည်နှင့် တရိဟကုမ္ဘဋ္ဌာန မွန်လူမျိုးတို့နေရာအရပ်တွင်၊ မြို့၊ ပြ၊ ထီး၊ နန်း၊ ကျုံးမြောင်း ရင်တား၊ တံခါးကြီးငယ်တို့နှင့်တကွ၊ ဖန်ဆင်းပြုပြင်၍၊ မဟာသက္ကရာဇ်-၈ရ-ခုနှစ်တွင်၊ ဘုရင်အဖြစ်သို့ တင်မြှောက်ပြီးသော်၊ တာဝတိံသာသို့ပြန်လေ၏။)

ရွှေတိဂုံထူပဝင်နှင့် သမိုင်းတော်အသစ်အလို ဓမ္မစေတီမင်းကျောက်စာအလိုမှာ၊ သိင်္ဂုတ္တရကုန်း၏ အရှေ့အရပ်က ရမ္မာဝတီမြို့နှင့် ဒိတိုးသရက်ချောင်းရှိ၏။ တောအရပ်က ပေါက္ခရဝတီ နောက်ဿေဝတီ (ယခု ခဘင်းကန်ပုံခေါ်သော) မြို့နှင့် ပုဇွန်ဒိချောင်းရှိ၏။ အနောက်အရပ်က (အသိတဥန) နောက်အသိပစ္စာမြို့ အသိတညနဂိုရ်နှင့် အသိစန္ဒချောင်းရှိ၏။ မြောက်အရပ်က တရိဟကုမ္ဘတြိကုမ္ဘ ဥက္ကလာပမြို့ရှိ၏။ မြို့အမည်များသည် တစ်မျိုးတစ်မျိုးပြောင်းသွားသည်ကို သတိပြုရန်ရှိ၏။ တြိကုမ္ဘမင်းတည်သောကြောင့်၊ တိကုမ္ဘစေတီတော်ဟု အချို့အယူရှိကြ၏။

တြိကုမ္ဘဥက္ကလာပမြို့ ဥက္ကလာပမင်းသည် အလွန်ဘုန်းတန်ခိုးအာဏာ ကြီးမားသောကြောင့်၊ မွန်တိုင်းအလုံးအုပ်ဖုံးစိုးစံတော်မူစဉ်၊ ထိုမင်းမြတ်၏အသုံးတော်ခံ ပေါက္ခရဝတီ၊ အသိတဥနမြို့နေ သုဝဏ္ဏသူဌေးကြီးသား တဖုဿ-ဘလ္လိကညီနောင်တို့သည် မဇ္ဈိမဒေသသို့ သင်္ဘောဖြင့် ကုရောင်းသွားကြရာ၊ မဇ္ဈိမဒေသသို့ရောက်လျှင် သင်္ဘောမှပါသောကုန်တို့ကို လှည်းပေါင်းငါးရာတွင်တင်ဆောင်ကာ၊ အပြည်ပြည်အရပ်ရပ်သို့ လှည့်လည်ရောင်းချကြလေ၏။

ထိုအခါ ဗောဓိပင်နှင့်အနီး ခရီးအဝေးသို့ရောက်လျှင်၊ လှည်းပေါင်းငါးရာမသွားနိုင်အောင် တန့်ရပ်နေသောကြောင့် ညီနောင်နှစ်ဦးတို့က ဗလိနတ်စာဖြင့် တင်သ၊ ကိုးမြော်ကြသောအခါ၊ ရုက္ခစိုးမင်းသည် ကိုယ်ထင်ပြ၍ အမောင်ကုန်သည်တို့၊ လွန်ခဲ့သောဘဝက သင်တို့သည်ငါ့သား၊ ငါ့အဆွေတော်ဖြစ်ဖူးခဲ့ကြသည်။ ငါသည်ဤနေရာ၌ ရုက္ခစိုးဖြစ်လျက်နေရသည်။ အမောင်တို့သည်၊ ယခုအခါ လောကီကုန်ကူးသန်းရသည်ထက်၊ လောကုတ္တရာအကျိုး ဖွံ့ဖြိုးကြီးပွားကြစေရန် အမြန်ကြိုးစားကြလော့။ အကြောင်းမူကား၊ ကပိလဝတ်ပြည်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏သားတော် သိဒ္ဓတ္ထကုမာရမင်းသည်၊ ထီးနန်းစည်းစိမ်ကိုစွန့်ပစ်၍ တောထွက်လာပြီးလျှင်၊ ဒုက္ကရစရိယာခြောက်နှစ်ကျင့်ပြီးသည်မှဗောဓိပင်နှင့်ရွှေပလ္လင်တွင် မာရ်ငါးပါးကိုအောင်တော်မူ၍၊ ဘုရားစင်စစ်ဖြစ်တော်မူသည်။ ထိုမြတ်စွာဘုရားသည် သတ္တဋ္ဌာနစံတော်မူရာအဆုံး၊ ရာဇာယတနလင်းလွန်းပင်တွင် ယခုသီးတင်းသုံးတော်မူလျက်ရှိသည်။ လှူဖွယ်များနှင့် ဘုရားထံသို့သွားကြလော့ဟုဆိုလျှင်၊ တဖုဿနှင့် ဘလ္လိကညီနောင်နှစ်ဦးတို့သည်၊ ဝမ်းမြောက်စွာ ပျားမုန့်ဆုပ်၊ ကြွက်ကျစ်စာမုန့်ဆုပ်တို့ဖြင့်ပြင်ဆင်ပြီးသော်၊ ဘုရားရှိတော်မူရာ၊ ရာဇာယတနလင်းလွန်းပင်သို့သွား၍၊ ရှိခိုးဝပ်တွားကာ ပါခဲ့သောမုန့်တို့ကို ကပ်လှူကြလေ၏။

www.burmeseclassic.com

(ဆရာလင်းရေးသော စိန်ဖူးငှက်မြတ်နားမော်ကွန်း အင်္ဂုတ္တိုရ် အဋ္ဌကထာအရ၊ ငါးဘဝက အမိတော်ခဲ့ဖူးသော နတ်သမီးဟုပါသည်။ ဓမ္မစေတီမင်းကျောက်စာမှာ ဘုံမစိုးနတ်သမီးဟု ပါသည်။)

မြတ်စွာဘုရားသည် ထိုသူတို့၏အလှူကို မည်သည့်အရာဖြင့် အလှူခံရအံ့နည်း။ ကြံတော်မူလျှင်၊ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည်၊ ပဲနောက်အဆင်းဖြင့်ပြီးသော သပိတ်လေးလုံးတို့ကိုလှူလာ၏။ ဘုရားရှင်သည်၊ ထိုသပိတ်လေးလုံးကို တစ်လုံးတည်းဖြစ်အောင်ထပ်၍၊ အနားလေးရစ်ရှိသောသပိတ်နှင့် တဖုဿ–ဘလ္လိကတို့လှူသော မှားမုန့်ကြွက်၊ ကျစ်စာမုန့်တို့ကို အလှူခံတော်မူ၍၊ ဘုဉ်းပေးတော်မူ၏၊ ၎င်းနောက် မြတ်စွာဘုရားသည်၊ ဥက္ကလာပနေပုဒ်သား တဖုဿ–ဘလ္လိကညီနောင်တို့အား ဒွေဝါစိကသရဏဂုံနှင့် ပဥ္စသီလကို တည်စေပြီးနောက် ဦးခေါင်းတော်ကို လက်တော်ဖြင့်သတ်လိုက်ရာ၊ ရှစ်ဆူသောဆံတော်မြတ်ပါလာသဖြင့် (ထိုဆံတော်မြတ်ရှစ်ဆူကို သင်တို့ပင့်ယူသွားကြလော့၊ ထိုဆံတော်မြတ်တို့ကို သင်တို့ဥက္ကလာပနယ်အတွင်းရှိ၊ ဥက္ကလာပမင်းအားအကြောင်းပြ၍၊ သိင်္ဂုတ္တရကုန်းတွင်၊ ရှေးလွန်လေပြီးသောအခါ၊ ငါ၏နောင် [illegible]ကြကုန်သော၊ ဘုရားရှင်တို့၏ တောင်ဝှေးတော်ဓမ္မကရိုဏ်း၊ ရေသနုပ်တော်တို့ တည်ရာဌာနတွင် ငါ၏ဆံတော်ကိုဌာပနာ၍ စေတီတည်ပြီးလျှင် ကိုးကွယ်ပူဇော်ကြလော့။ ထိုသို့ပူဇော်ကြသော သူတို့သည်၊ ဘုရားလေးဆူနှင့်တွေ့ရဘိသကဲ့သို့ တရားအမြိုက်ရ၍၊ ဒါန–သီလ–ဘာဝနာပြုသူတို့သည်၊ လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ခံစားကြရလတ္တံ့) ဟု ဗျာဒိတ်ထား၍ ပေးသနားတော်မူ၏။ မဟာသက္ကရာဇ် ၁၀၃–ခု၊ ဝါဆိုလဆန်း ၅ ရက်နေ့ဖြစ်သည်။ တဖုဿနှင့် ဘလ္လိကတို့လည်း အလွန်ဝမ်းမြောက်စွာ ဆံတော်ဓာတ်ရှစ်ဆူကို ဦးညွှတ်ကာယူ၍၊ ဦးခေါင်းထက်တွင် တင်ထားသောအခါ၊ သိကြားမင်းသည် ဝိသုကြုံနတ်သားကိုစေ၍၊ နဝရတ်ကိုးပါးပြာသာဒ်နှင့် ပတ္တမြားကြုတ်ကို ပြုလုပ်ဖန်ဆင်း၍ပေးလေ၏။ ညီနောင်တို့သည် ထိုပတ္တမြားကြုတ်တွင် ဆံတော်မြတ်ကိုထည့်၍ နဝရတ်ကိုးပါး ပြာသာဒ်တွင်တင်ပြီးလျှင်၊ လှည်းသားငါးရာတို့ ထမ်းဆောင်စေလျက်၊ သိကြားနတ်တို့ပြုပြင်သောလမ်းဖြင့် သင်္ဘောဆိပ်သို့ ရောက်လျှင် ညီနောင်နှစ်ဦးတို့သည် ပြာသာဒ်နှင့်တကွကြုတ်တော်ကို သင်္ဘောတွင်တင်၍ လျင်မြန်စွာသင်္ဘောကို လွှင့်ခဲ့ကြလေ၏။

ထိုဆံတော်ဓာတ်မြတ်ကိုပင့်ဆောင်၍ သင်္ဘောလွှင့်ခဲ့ကြရာ အဇ္ဈုတ္တနဂရမြို့သို့ ဆိုက်ကပ်မိသော်အဇ္ဈုတ္တနဂရမင်းကြီးနှင့် မိဖုရားပြည်သူပြည်သားတို့သည် ဆံတော်ဓာတ်မြတ်ကို ပူဇော်ကြရသဖြင့် မင်းကြီးသည် မရောင့်ရဲနိုင်သောသဘောနှင့် ဆံတော်နှစ်ဆူကို ပင့်ယူလိုက်လေ၏။ ညီနောင်နှစ်ပါးတို့မှာ ငိုယိုကာပင် သင်္ဘောလွှင့်ခဲ့ပြန်ရာ၊ နဂရာဇ်မော် (ယခု ပုသိမ်မော်တင်စွန်း) သို့ရောက်လျှင် ဆံတော်ဓာတ်မြတ် တန်ခိုးပြာဋိဟာပြသည်ကို ရေသတ္တဝါများနှင့် တောင်ခြေရင်းနဂါးတို့ ပူဇော်ကြရသဖြင့် နဂါးတစ်ဦးသည် လူယောင်ဆောင်ပြီးလျှင်၊ ဆံတော်နှစ်ဆူကို အမှတ်မဲ့ယူ၍ နဂါးပြည်သို့သွားလေ၏။ တဖုဿ–ဘလ္လိကညီနောင်နှစ်ဦးတို့မှာ ဆံတော်နှစ်ဆူပျောက်ကြောင်း သိသဖြင့် ဝမ်းနည်းပက်လက်ငိုယိုပြီးကာ၊ သင်္ဘောလွှင့်ပြန်ရာ (ပေါက္ခရဝတီမြို့) နောက်ဓညဝတီ (ယခု ခပင်းခေါ်သော) မြို့တံခါးအနီးသို့ ဆိုက်ကပ်မိသဖြင့် ဆံတော်ဓာတ်ပြာသာဒ်ကို ပင့်ချ၍ သုံးရက်တိုင်တိုင် ပွဲလမ်းသဘင်ခံ၍ မြို့သူမြို့သားတို့ပူဇော်ကြလေ၏။ တဖုဿနှင့်ဘလ္လိကညီနောင်နှစ်ဦးတို့သည် ဥက္ကလာပမင်းကြီးနှင့် အဘသူဌေးကြီးထံသို့ အကြောင်းကြားသောအခါ၊ မင်းကြီးသည် အလွန်ဝမ်းမြောက်စွာ သူဌေးကြီးနှင့်တိုင်ပင်ပြီးလျှင်၊ ခေါပဏီတပ်ခင်းကျင်း၍ စစ်ဗိုလ်ပေါင်း တစ်ထောင်ဖြင့်ထွက်၍ကြိုတော်မူ၏။ သူဌေးကြီးလည်း သူကြွယ်ပေါင်းများစွာဝန်းရံလျက် လိုက်လေ၏။ ညီနောင်တို့သည် ပေါက္ခရဝတီမြို့ဆိပ်မှ တစ်ဖန်ပင့်ဆောင်၍လာခဲ့ကြရာ ဗိုလ်တစ်ထောင်ဖြင့် ကြိုသောကမ်းဆိပ်သို့ရောက်လျှင် ဘုရင့်ထံသို့ဝင်၍ ဂေါတမဘုရားရှင်သည် ဆံတော်ဓာတ်မြတ်ရှစ်ဆူကို စေတီတော်တည်ရန် ဗျာဒိတ်တော်ကြား၍သနားတော်မူလိုက်ပါသည်။ အဇ္ဈုတ္တနဂရမင်းသည် နှစ်ဆူပင့်ယူလိုက်ပါသည်။ နဂါးရာဇ်မော်အရပ်တွင် နှစ်ဆူပျောက်ပြန်ပါသည်ဟု ငိုယိုလျှောက်ထားလျှင် ဘုရင်မင်းတရားကြီးလည်း မစိုးရိမ်လင့်ဟုမိန့်တော်မူ၍ (ငါသည် ဘုရားရှင်ဗျာဒိတ်တော်အရ ပူဇော်ထိုက်သူမှန်ကရှစ်ဆူသောဆံတော်မြတ်ကို ပူဇော်ရစေသတည်း) ဟု အဓိဋ္ဌာန်ပြု၍ ကြုတ်တော်ကိုဖွင့်လိုက်ရာ ဆံတော်ဓါတ်ရှစ်ဆူတို့သည် တည်လျက် ရောက်ခြည်တော်ခြောက်သွယ် လွှတ်နေသည်ကို ဖူးမြင်ရသဖြင့် အလွန်ကြည်ညိုလှသောကြောင့် မကိုဋ်တော်နှင့်တကွ ဦးခေါင်းကိုဖြတ်၍ လှူတော့မည်ဟု လက်မှသန်လျက်ကို ဆွယ်လိုက်သောအခါ အပါးမှ မိဖုရားကြီးသည် လက်တော်ကိုဆွဲ၍ (အရှင်မင်းကြီး ဘုရားရှင်ဗျာဒိတ်တော်အရ စေတီတော်တည်ရဦးမည်) ဟုဆိုမှ မင်းကြီးသည် သတိရ၍ ဆံတော်ရှစ်ဆူအား မကိုဋ်တော်ကိုချွတ်၍ လှူလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဥက္ကလာပမင်းကြီးနှင့် လူနတ်ဖြဟ္မာတို့ကူညီ၍ စေတီတော်တည်ခန်း

ထိုဆိပ်ကမ်းတွင် ကြီးကျယ်ခန်းနားစွာ မဏ္ဍပ်ဆောက်လုပ်၍ ဆံတော်ဓာတ်ပြာသာဒ်ကြုတ်တော်ကိုထားလျက်၊ အားရဝမ်းသာစွာ ပူဇော်ကြလေ၏။ ထို့နောက် ဥက္ကလာပမင်းကြီးသည် ကုန်သည်ညီနောင်တို့အား များစွာသောမင်းနှင့် ထိုက်ရာဆုလာဘ်ပေးသနားတော်မူလေသည်။ တစ်ဖန် ဥက္ကလာပမင်းက အမောင်ကုန်သည်ညီနောင်တို့ ဘယ်သို့ဗျာဒိတ် စကားကြားတော်မူလိုက်သနည်းဟုမေးလျှင်၊ အရှင်မင်းကြီး ဤကမ္ဘာတွင် ပွင့်တော်မူပြီးကြကုန်သော နောင်တော်ဘုရား သုံးဆူတို့၏ တောင်ဝှေးတော်၊ ဓမ္မကရိဏ်တော်၊ ရေသနုပ်တော်တို့တည်ရှိရာ သိင်္ဂုတ္တရကုန်းတော်တွင် ငါ၏ဆံတော်ဓာတ် ထား၍ စေတီတည်ကြလောဟု ဗျာဒိတ်တော်ကြားပါသည်ဟုလျှောက်လျှင်၊ မင်းကြီးလည်း ရှေးမှီသောသူအိုကြီးများနှင့် မင်းစေလုလင်တို့အား သိင်္ဂုတ္တရကုန်းကိုရှာဖွေစေ၏။ ကုန်းတော်ကိုမတွေ့ကြသဖြင့် မင်းနှင့်တကွ တဖုဿ–ဘလ္လိကညီ နောင်တို့မှာ ဝမ်းနည်းစွာ ငိုယိုကြကုန်၏။

ထိုအကြောင်းကို သိကြားမင်းသိလျှင် ဧရာဝဏ်ဆင်ကိုစီးလျက် နတ်စစ်သည်များစွာနှင့် ဆင်းသက်လာကြကုန် ၏။ ဗြဟ္မာမင်းတို့လည်း ဆင်းသက်လာကြကုန်၏။ ထိုလူနတ်ဗြဟ္မာတို့စုဝေးရာအရပ်သည် (နောင် စုဝေးစေတီတော်တည် ၏။ ယခု ဆူးလေစေတီတော်ခေါ်ကြ၏။) ထိုအခါ ဥက္ကလာပမင်းကြီးနှင့် တဖုဿ–ဘလ္လိကတို့က သိကြားမင်းအား သိင်္ဂုတ္တရကုန်းတော်နှင့် ဘုရားသုံးဆူတို့ ဓာတ်တော်မြုတ်တည်ရာကိုမေးလျှင်၊ သိကြားမင်းသည် ငါမသိ ငါ၏အသက်ငယ် လှသည် ငါ့ထက်ကြီးသောနတ်ကြီးများကို မေးအံ့ဟု နတ်ကြီးငါးပါးကိုခေါ်ရာ ဆူးလေနတ်၊ ဧရာဟဏီအမည်ရှိသော ဗိုလ်တထောင်နတ်၊ ဒက္ခိဏာအမည်ရှိသော သက်န်းကျွန်းနတ်၊ မော်ဘီနတ်၊ အမြဲဿယနတ်တို့ ရောက်လာကြကုန်၏။ ထိုအခါ သိကြားမင်းနှင့် တဖုဿ–ဘလ္လိကတို့က သိင်္ဂုတ္တရကုန်းတော်နှင့် ပွင့်တော်မူပြီးသော ဘုရားသုံးဆူတို့၏ ဓာတ် တော်ထားရာကိုမေးကြလေ၏။

ဤနေရာ၌ ရွှေတိဂုံထူပဝင်နှင့် ရွှေတိဂုံသမိုင်းတော်သစ်အလိုမှာ၊ ပထမဓမ္မရိဏ်း၊ ဒုတိယရေသနုပ်၊ တတိယ တောင်ဝှေးတော်၊ စတုတ္ထဆံတော်ဌာပနာသည်ဆိုသည်။

သက္ကရာဇ် ၁၁၁၃–ခုနှစ်က မင်းကြီးပဒေသရာဇာရေးသော ရွှေတိဂုံသမိုင်းလင်္ကာမှာ ကကုသမြုတ်စွာ၊ ကောဏာ ဂမန၊ ကဿပဟု၊ တေဇဝင်းပြောင်း၊ နောင်တော်သုံးပါး၊ မြုတ်ဘုရားတို့၊ တည်ထားသည်ရှေး၊ တောင်ဝှေးရေစစ်၊ သင်္ကန်း ဖြစ်ဟု၊ ဘံထစ်မော်ကွန်း၊ အစဉ်ထွန်းရှင့်ဟူ၍လည်းကောင်း၊ စဥ့်ပါဆရာတော်မေတ္တာစာတွင် (ကကုသန်ဘုန်းစုံ၊ ကောဏ ဂုံကဿပ၊ သကျဓမ္မရာ၊ ငါတို့လူဘ၊ ဂေါတမမည်ထင်၊ ရှင်ချစ်တကွ၊ လေးဒီပသို့၊ နာထသယမ္ဘူ၊ လေးဆူရှင်တော်၊ ဝေရော်စန၊ သူရိယပဘာ၊ နှိုင်းခက်ရာသား၊ ရွှေဝါရောက်ဖွေး၊ တောင်ဝှေးခမ္မကရိဏ်း၊ ရောင်ဆိုင်မြူတေ၊ ရေသနုပ်တော် မြုတ်၊ ဆံတော်ဓာတ်တို့၊ ထိမ်းမှတ်ဌာပနာ၊ ကိန်းဝပ်ရာတိ။) ဟူ၍လည်းကောင်း၊ ရွှေမောဓောရာဇဝင်သမိုင်းတွင် (နောင်တော် ကကုသန်ဘုရား၏ တောင်ဝှေးတော်၊ ကောဏဂုံဘုရား၏ ဓမ္မကရိဏ်း ရေစစ်တော်၊ ကဿပဘုရား၏ ရေသနုပ်တော်) ဟူ၍လည်းကောင်း၊ ရှေးကျမ်းဂန်တက်ပုဂ္ဂိုလ်ကျော်ကြီးတို့သည်၊ ပါဠိဖြင့်စီ၍ ဘုရားရှိခိုးကြသည်ကား၊ သိင်္ဂုတ္တရေမနောရ မွေပဌမံကကုသန္ဓဿ၊ သုဝဏ္ဏဒဏ္ဍံ၊ ဒုတိယံကောဏာဂမနဿ ပရိဿာဝနံ၊ တတိယံ ကဿပဿ သုဝဏ္ဏစီဝရံ၊ စတုတ္ထံ ဂေါတမဿကေသဓာတုယော၊ အဟံဝန္ဒာမိသဗ္ဗဒါဟူ၍ ရှိခိုးလေသည်။ ထို့ကြောင့် ထူပဝင်နှင့် သမိုင်းတော်သစ်ကို ပယ်ရှား၍၊ ကျမ်းကိုးများကို လိုက်သင့်သည်ဟူလို။

သိကြားမင်းနှင့် တဖုဿ–ဘလ္လိကတို့ မေးသောစကားကို ဆူးလေနတ်ကြီးက ငါသည် ဤဘဒ္ဒကမ္ဘာ၌ ရှေးဦး စွာပွင့်တော်မူသော ကကုသန်ဘုရားရှင်ကို ဘီလူးအဖြစ်နှင့်ဖူးမြော်ရ၍၊ အကျွတ်တရားရသောကြောင့် တောင်ဝှေးတော်ကို ပေးသနားတော်မူခဲ့သည်။ ဤမှမြင်ရသော အညွန့်သုံးခုရှိသော သိင်္ဂုတ္တရကုန်းအလယ် ရွှေကညင်ပင်တည်ရာဌာနတွင်၊ ဗျာဒိတ်တော်အရ လူနတ်ဗြဟ္မာတို့ပူဇော်ကြရန် မြှုပ်ထားသည်ဟုဆို၏။ ထို့နောက် ဧရာဟဏီအမည်ရှိသော ဗိုလ်တ ထောင်နတ်ကလည်း၊ အရှင်သိကြားမင်း ငါသည် ဒုတိယပွင့်တော်မူသော ကောဏဂုံဘုရားရှင်ကို၊ ဘီလူးအဖြစ်နှင့်ဖူး မြော်ရ၍ အကျွတ်တရားရသောကြောင့် ရေစစ်တော်ကိုပေးသနားတော်မူခဲ့သည်။ ဤသိင်္ဂုတ္တရကုန်းတော် ရွှေကညင်ပင် အောက်မှာပင် ဗျာဒိတ်တော်အရ လူနတ်ဗြဟ္မာတို့ပူဇော်ကြရန် မြှုပ်ထားသည်ဟုဆို၏။ ထို့နောက် ဒက္ခိဏာအမည်ရှိသော သင်္ကန်းကျွန်းနတ်ကလည်း ရှင်သိကြားမင်း ငါသည် တတိယပွင့်တော်မူသော ကဿပဘုရားရှင်ကို ဘီလူးအဖြစ်နှင့်ဖူး မြော်ရ၍ အကျွတ်တရားရသောကြောင့်၊ ရေသနုပ်တော်ကို ပေးသနားတော်မူခဲ့သည်။ ဤသိင်္ဂုတ္တရကုန်းတော် ရွှေကညင်ပင်

www.burmeseclassic.com

အောက်မှာပင် ဗျာဒိတ်တော်အရ လူနတ်ဗြဟ္မာများပူဇော်ကြရန် မြှုပ်ထားသည်ဟုဆို၏။ အမြိသာရအမည်ရှိသော မော်ဘိနတ်ကလည်း ရှင်သိကြားမင်း ကျွန်ပ်မှာ ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ်ကို စောင့်ရအံ့သာတည်း။ တဖုဿ–ဘလ္လိကတို့သည် မြတ်စွာဘုရားကို ရှေးဦးစွာဖူးရခြင်းသည် အလွန်အံ့ဩဖွယ်စွတကားဟုဆို၏။

ထိုနတ်ကြီးငါးပါးစကားကိုကြားလျှင်၊ သိကြားမင်းသည် ဝိသုကြိုနတ်သားကိုစေ၍၊ သိင်္ဂုတ္တရကုန်းတော်ကို အာလိန်ငါးဆင့်သဏ္ဌာန်ထား၍ ညီညွတ်အောင်ပြုစေ၏။ လူများလည်း ထိုကုန်းတော်သို့သွား၍ သစ်ပင်ခြုံပိတ်ပေါင်းတို့ကို ရှင်းလင်းခုတ်ထွင်ကြလေ၏။ လူရောနတ်ပါခုတ်ထွင်ကြသဖြင့် တစ်နေ့နှင့်တစ်ညဉ့်တွင်းပင် ကုန်းထိပ်၌ စည်မျက်နှာကဲ့သို့ ညီညွတ်၏။ သိကြားဗြဟ္မာ ဥက္ကလာပမင်းကြီးတို့၏ ပရိသတ်နှင့်တကွ တဖုဿ–ဘလ္လိကညီနောင်တို့သည် ထိုကင်းဆိပ်မဏ္ဍပ်မှ ဘုရားရှင်ဆံတော်ဓာတ်မြတ် ပတ္တမြားပြာသာဒ်ကို ထမ်းဆောင်လျက် တူရိယာအမျိုးမျိုးဖြင့် တီးမှုတ်ကာ ပင့်ယူလာလျှင်၊ ကုန်းတော်ရှိ နတ်လူများစွာတို့သည် ဆံတော်ဓာတ်ပြာသာဒ်ကို ဆီးကြိုထမ်းယူကြပြန်၏။ (နောင်သောအခါ ထိုနေရာကို ဆံတော်ကြိုစေတီတည်သည်) ထိုတစ်ဖန် ကုန်းတော်ခြေရင်းအနီးသို့ ရောက်ပြန်လျှင်၊ ဆံတော်ဓာတ်ပြာသာဒ် တန့်ရပ်ပြန်၏။ (ထိုနေရာကို တန့်တော်မူစေတီတည်သည်။ ထို့နောက် ထမ်းဆောင်ပင့်ပြန်ရာ ကုန်းတော်သို့ရောက်၍ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကြီးတွင် ဆံတော်မြတ်ပြာသာဒ်ထားလျက် သိကြားနတ်ဗြဟ္မာနှင့် မင်းသူဌေးသူကြွယ်ဆင်းရဲသားတို့သည် အားရနှစ်သက်စွာ ရတနာအမျိုးမျိုးတို့ဖြင့် ပူဇော်ကြလေ၏။ (ထိုမဏ္ဍပ်နေရာကို နောင်တော်ကြီးစေတီတည်သည်)

ထို့နောက် ကုန်းတော်အလယ်တည့်တည့် ရွှေကညင်ပင်တည်ရာတွင် သိကြားမင်းသည် ဥမင်တိုက်တူးရန်စီမံ၍၊ ဥမင်အစောက်ကား (၄၀၄) တောင်၊ အလျားအနံ (၄၄) တောင်စီတူးသောအခါ ရှေးဘုရားရှင်တို့၏ ဓမ္မကရိဏ်းတော်၊ ရေသနုပ်တော်၊ တောင်ဝှေးတော်ကိုရ၏။ ဥက္ကလာပမင်းကြီးနှင့်တကွ၊ သိကြား၊ ဗြဟ္မာ၊တို့သည် ဝမ်းမြောက်ဝမ်းသာ ပူဇော်ကြရလေ၏။ ၎င်းနောက်သိကြားမင်းကြီးသည် ဌာပနာတိုက် နံရံငါးမျက်နှာ၌ မြောက်က နီဂြောဓကျောက်ဖျာ၊ အရှေ့က လောဟိတကျောက်ဖျာ၊ တောင်က ဓမ္မာရုံကျောက်ဖျာ၊ အနောက်က မြကျောက်ဖျာ၊ အောက်က ငွေကျောက်ဖျာအားဖြင့် ၅–ခုသောကျောက်ဖျာတို့ကို ခင်းကာပြီးလျှင် အဝသုံးတောင် အလျားခုနစ်တောင်ရှိသာ ရွှေသင်္ဘောကိုလုပ်၏။ ထိုသင်္ဘောထက်တွင် မြပုခက်ကိုတင်၍ တဖုဿ–ဘလ္လိက ညီနောင်နှစ်ယောက်တို့၏ကိုယ်စား ရွှေရုပ်ကိုလုပ်ပြီးလျှင်၊ မြပုခက်ကို ဦးဝဲထမ်းစေ၏။ ထိုမြပုခက်၌ ပတ္တမြားကြုတ်တွင် ဆံတော်ကိုထည့်၍ ထိုပတ္တမြားကြုတ်ကို ဇမ္ဗူရာစ်ရွှေကြုတ်ဖြင့်သွင်းထား၏။ အထက်က ကကုသန်ဘုရားရှင်၏ တောင်ဝှေးတော်၊ ကောဏာဂုံဘုရားရှင်၏ ဓမ္မကရိဏ်းရေစစ်တော်၊ ကဿပဘုရားရှင်၏ ရေသနုပ်တော်တို့ကိုလည်း ပတ္တမြားဖြင့်ပြီးသော ကလာပ်၌တင်၍ ရွှေသ သင်္ဘောထက် ထားကြ၏။ ထိုသင်္ဘောကိုလည်း ဌာပနာတိုက်၌ ရေးသွင်း၍၊ တပေါင်းလဆန်း ၁၅–ရက် ခေါင်ဒီရေတက်သည့်အခါနှင့်ချိန်၍ ထားလေ၏။ ဌာပနာတိုက်နံရံပတ်လည်ကလည်း ဗြဟ္မာမင်း၊ သိကြားမင်းနှင့်မိဖုရားလေးပါး၊ ဥက္ကလာပမင်းမိဖုရား၊ သုဝဏ္ဏသူဌေးသမီးခင်ပွန်းတို့၏ ပုံသဏ္ဌာန်ရွှေရုပ်တို့ကို ပြုလုပ်၍ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ စိန်ပန်းခိုင်၊ ပတ္တမြားပန်းခိုင်တို့ကို ကိုင်လျက် ရှိခိုးပူဇော်ဟန်ထားကြလေ၏။ ထိုမှတပါး ဖယောင်းတိုင်ထိပ်ဝသုံးဆုပ် အရပ်ခုနစ်တောင်ရှိသော လေးတိုင်ကို လေးမျက်နှာ၌မီးထွန်းလျက် သာသနာတော်ငါးထောင်ပတ်လုံး မီးမငြိမ်းဘဲ တည်စေသော်ဟု ဗြဟ္မာ၊ သိကြား၊ ဥက္ကလာပမင်း၊ သုဝဏ္ဏသူဌေးကြီးတို့မိဋ္ဌာန်၍ ထွန်းထားကြ၏။ ထိုမီးသည် ယခုတိုင်ရှိပေ၏ဟု ဆိုကြ၏။

ထို့နောက် သိကြားမင်းသည် ဓာတ်တော်များကို ရေသုံးသပ်အံ့ဟု အမြတ်ဆုံးသောရေကိုရှာရာ၊ သိင်္ဂုတ္တရကုန်းမှ ရေသည်သာမြတ်သည်ဟူ၍ တွင်းတူးသောအခါ၊ တွင်းငယ်နှစ်ခုထပ်ကိုတွေ့၏။ ပတ္တမြားအိုးသစ် (၄၉) လုံးကိုလည်း ထိုတွင်းမှရ၍ နတ်သားလေးကျိပ်ကိုးယောက်တို့ ထမ်းဆောင်ယူလာစေ၏။ ဆံတော်နှင့်တကွ တောင်ဝှေးတော်၊ ဓမ္မကရိဏ်းတော်၊ ရေသနုပ်တော်ကို ရေသုံးသပ်ပြီးသောအခါ ဓာတ်တော်တို့သည် ထန်းခုနစ်ဆင့်ခန့်မျှပျံတက်လျက် ဘုရားလေးဆူသဏ္ဌာန်ပေါ်လာ၍ ရောင်ခြည်တော်ခြောက်သွယ်လွှတ်သည်မှာ အထက်ဘဝဂ်၊ အောက်အဝီစိ၊ စကြာဝဠာဘီလာထုတ်ခြင်းအကြွင်းမရှိရောက်၏။ လူ၊ နတ်၊ ဗြဟ္မာ၊ ပြိတ္တာ၊ ဘုံစဉ်နှင့်တကွ အချင်းချင်းမြင်ကြရ၏။ နားပင်းသူ၊ အသူ၊ ဆွံ့သူ၊ ရောဂါရှိသူတို့သည် ကင်းပျောက်ချမ်းသာကြ၏။ ရေနှင့်မြေလည်းတုန်လှုပ်၏။ မြင်းမိုရ်တောင်လည်း ညွတ်၍ပူဇော်၏။ သတ္တရဘန်တောင်စဉ်ခုနစ်ထပ်လည်း ချိုးချိုးချက်ချက်လှုပ်၏။ လျှပ်စစ်ရောင်တို့ ကောင်းကင်ပြင်မှာ ထွန်းလင်း၏။ တူရိယာအမျိုးမျိုးတို့သည် လူနတ်မတီးဘဲ သာယာစွာမြည်၏။ ကောင်းကင်မှ နတ်ဗြဟ္မာပူဇော်သောနတ်ပန်းနှင့် ရတနာ

www.burmeseclassic.com

www.burmeseclassic.com

မိုးကြီးရွာကုန်၏။ တောတောင်၌ရှိသော သီးပင်ပန်းပင်တို့သည် ရာသီမစောင့်ဘဲသီးပွင့်၍ ဦးညွတ်ပူဇော်ကြ၏။ လေးဆူသောဘုရားရှင်တို့သည် တာဝတိံသာမှာ တရားဟောသည်နှင့်တူ၏။ သိကြားမင်းမိဖုရားလေးယောက်တွင် သုဓမ္မာကား ပန်းပုဆိုး၊ သုစိတ္တာကား ပတ္တမြားနားတောင်း၊ သုနန္ဒာကား မကိုဋ်တန်ဆာ၊ သုဇာတာကား ပတ္တမြားဆံကျင်နှင့် သကျစ်တို့ကို အသီးသီးလှူကြ၏။ ဥက္ကလာပမင်းနှင့်ကုန်သည်ညီနောင်တို့သည်ဘုရားဆုကိုတောင်းကြ၏။ ဘုရားလေးဆူတို့သည် ခုနစ်ရက်တိုင်တိုင် တန်ခိုးပြဋ္ဌိဟာပြပြီးလျှင် ဆံတော်သည် မဏိစကြာလည်သကဲ့သို့ တဖုဿနှင့်ဘလ္လိကညီနောင်တို့ ဦးခေါင်းထက်သို့ကျ၏။ တောင်ဝှေးတော်သည်လည်း ထိုနည်းအတူ ဆူးလေနတ်ဦးခေါင်းထက်သို့ကျ၏။ ဓမ္မရိ[illegible]သည်လည်း ရောဟနီနတ် ဦးခေါင်းထက်သို့ကျ၏။ ရေသနုပ်သည်လည်း ဒက္ခိဏနတ်ဦးခေါင်းထက်သို့ကျ၏[illegible]တော်သည် မဇ္ဈိမ–ပုရိသတို့၏ လက်ခြောက်သစ်အလျားတော်ရှိ၏)။

ထိုအခါ တဖုဿ–ဘလ္လိကတို့သည်၊ ဆံတော်ဓာတ်မြတ်သည် ငါတို့နှင့် ကင်းချေတော့မည်တကားဟု ရင်ဘတ်ရင်ဆိုင်တီး၍ ပြင်းစွာငိုမြည်တမ်းကုန်၏။ ဆံတော်ဓာတ်မြတ်နှင့်တကွ ရေသနုပ်တော်၊ ဓမ္မကရိဏ်း[illegible]၊ တောင်ဝှေးတော်တို့ကို လူနတ်ဗြဟ္မာများစွာ ဝိုင်းအုံချီမ,လျက် မဟာသက္ကရာဇ် ၁၀၃–ခု၊ တပေါင်းလပြည့်နေ့တွင် [illegible]သို့သွင်းပြီးလျှင် အထွက်အဝင်ကျောက်ဖျာပိတ်၍၊ အထက်ကျောက်ဖျာထက်၌ ရွှေစေတီ၊ ၎င်းကိုငွေစေတီမျိုပြန်[illegible]တစ်ဖန် ကြေးဖြူစေတီ၊ တစ်ဖန် ကြေးနီစေတီ၊ တစ်ဖန် သံလွှဲစေတီ၊ တစ်ဖန် ကျောက်ဖြူစေတီ၊ တစ်ဖန် သံအု[illegible]ဖြင့် အထပ်ထပ်မျိုပြီးမှ ရွှေအုပ်, ငွေအုပ်, မိုးကြိုးအုပ်, ကြေးဖြူအုပ်, ကြေးနီအုပ်, သံလွှဲစင်အုပ်, ကျောက်ဆူးအုပ်, [illegible] ကျောက်ဖြူအုပ်တို့ဖြင့် လုပ်ပြီးလျှင် ဖိနပ်တော်မှ ငှက်ပျောဖူးထိပ်ရောက် ရတနာအမျိုးမျိုးတို့ဖြင့် မွမ်းမံလျက် [illegible]တော် (၄၄) တောင်အမြင့်တည်လေသည်။ တိဂုမ္ဘစေတီတော်သမုတ်သည်၊ ယခု "ရွှေတိဂုံစေတီတော်"။

ထိုအခါ လူနတ်ဗြဟ္မာ အရောရောအနှောနှောဖြစ်၍ လူတို့မှာမူးဝေ၍ သွေးယိုစီးသောရောဂါကြောင့် သိကြားမင်းသည် လေးဘက်မုခ်အဆင်းတွင် ကန်လေးခုဖန်ဆင်း၍ နတ်ဆေးခတ်၏။ ထိုကန်ကိုလူများဆင်း၍ သောက်ရူဆေးကြောကြရသဖြင့် ချမ်းသာရာရကြ၏။ "ယခုသွေးဆေးကန်"ဟု ခေါ်သည်။ တောင်ဘက်နှင့်မြောက်ဘက်မှာသာကန်တွေ့၏။ အရှေ့အနောက်မှာမတွေ့ရသေး၊ ရေတွင်းများသာတွေ့ကြ၏။

သိကြားမင်းသည် ဘုရားလေးဆူဓာတ်မြတ်ကို ကမ္ဘာကုန်သည့်တိုင်အောင် မီး, ရေ, လေ,တို့သည် မဖျက်ဆီးနိုင်စေသတည်း။ စေတီမုခ်လိုဏ်ဘုရားပရိဘောဂတို့ကို ပြုပြင်စောင့်ထိန်းသောသူတို့သည် ငါနှင့်အမျှရစေသတည်းဟု မိဋ္ဌာန်၍ မိမိမကိုဋ်ကိုချွတ်ပြီးလျှင် နတ်သားတစ်ယောက်ဖြစ်ရန်မိဋ္ဌာန်၏။ ထိုနတ်သားကို "ဥဏှိသ" အမည်ပေး၍ ဘုရားရှင်၏ဓာတ်တော်မြတ်ကို စောင့်စေ၏။ ဗြဟ္မာမင်းကြီးလည်း စည်တီး၍ပူဇော်လာသဖြင့် စည်တော်ကို နတ်သားတစ်ယောက်ဖြစ်ရန် မိဋ္ဌာန်၏။ ထိုနတ်သားကို "ဘေရိပုတ္တ" နတ်သားဟု အမည်ပေး၍ ဘုရားရှင်၏ဓာတ်တော်မြတ်ကို စောင့်စေ၏။ စည်တော်လက်ခတ်နှစ်ခုကိုလည်း နတ်သားနှစ်ယောက်ဖြစ်ရန် မိဋ္ဌာန်ပြန်၏။ ထိုနတ်သားနှစ်ယောက်ကို တစ်ယောက်ကိုကား "ဇမ္ဗု" တစ်ယောက်ကား "ဗန္ဓက" အမည်ပေး၍ ဘုရားရှင်၏ဓာတ်တော်မြတ်ကို စောင့်စေ၏။ ဤကား ထူပဝင်နှင့် သမိုင်းသစ်–သမိုင်းဟောင်းအလိုတည်း။

စေတီတည်ထားပြီးနောက်

ဆံတော်များကို ပင့်ဆောင်လာခဲ့ကြသည့် တဖုဿနှင့်ဘလ္လိကတို့သည် ဥက္ကလာပမင်းကြီးနှင့်အတူ ဆံတော်ရှင်စေတီကို ဆက်လက်ကိုးကွယ်ခဲ့ကြသည်။ နောင်အခါတွင် ထိုညီနောင်တို့သည် ဇေတဝန်ကျောင်းတော်၌ သွားရောက်နေထိုင်ကြ၏။ ဘုရားသခင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးသောအခါ ဘုရားသခင်ထံတော်သို့ သွားရောက်ဖူးမြော်ကြပြီး၊ မြတ်စွာဘုရား၏ တရားတော်ကို နာယူဆောက်တည်ကြရသဖြင့် တဖုဿသည် သောတပန်အဖြစ်၌တည်၏။ ညီတော်ဘလ္လိကသည် အဘိညာဉ်ရသည်မသောဘွဲ့ဖြင့် ရဟန္တာဖြစ်လေသည်ဟု ရွှေတိဂုံစေတီတော်မှန်၊ မြန်မာကျောက်စာနှင့် ထေရာဘာသာပြန်တို့တွင် ဖော်ပြထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သီရိ ၊မာသောကမင်းကြီး

ရွှေတိဂုံစေတီတော်မြတ်အား ထိုအချိန်မှစ၍ ဥက္ကလာပမင်းဆက် ၃၂ ဆက်တို့က ဆက်လက်၍ စောင့်ရှောက် ခဲ့သည်။ ထိုမင်းဆက်တို့လွန်သောအခါ စေတီတော်မှာ စောင့်ရှောက်ထိန်းသိမ်းမည့် ဒါယကာမရှိဖြစ်ခဲ့သည်။

ရွှေတိဂုံမှန်ကျောက်စာအလိုအရ ဗုဒ္ဓမြတ်စွာ၏ ဆံတော်များကို ထည့်သွင်းဌာပနာထားသည့်အကြောင်းကို သိသောသူတို့၏ အစဉ်အဆက်ပြတ်လေပြီးနောက် မွန်တို့၏ဒေသတွင် ဗုဒ္ဓသာသနာလည်း မထွန်းကားသေးသဖြင့် ဆံတော်များ ကိန်းဝပ်သည့် စေတီတည်ရှိရာကို သိသောသူတို့သည်လည်းကောင်း၊ ဆည်းကပ်ကိုးကွယ်စောင့်ရှောက်မည့် သူတို့သည်လည်းကောင်း မရှိကြတော့ပေ။ ထိုအခါ စေတီတော်မှာ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် လွှမ်းလျက်ရှိ၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး၍ နှစ်ပေါင်း ၂၃၆ နှစ်မျှကြာသောအခါ သောဏထေရ်နှင့် ဥတ္တရထေရ်တို့သည် သုဝဏ္ဏဘူမိတိုင်းသို့ သာသနာပြုရောက်ရှိလာရာတွင် ဗုဒ္ဓဘာသာနှင့် သက်ဝင်ယုံကြည်သူ ရဟန်းရှင်လူတို့ ပေါ်ပေါက်လာကြ၏။ ထိုအခါ သီရိ မာသောကမင်းကြီးက သာသနာပြု မဟာထေရ်မြတ်နှစ်ဦးအား တပည့်တော်တို့မှာ မြတ်စွာဘုရား၏ တရားဓမ္မနှင့် သံဃာတော်အရှင်မြတ်တို့ကို ကိုးကွယ်ရန်ရှိပါပြီ။ ဘုရားရှင်၏ ဓမ္မတော်စာတ်တော်ကိုကား ကိုးကွယ်ရန်မရှိသေးပါ၊ ကိုးကွယ်ပါရစေဟု လျှောက်ထားကြသဖြင့် မထေရ်မြတ်နှစ်ပါးက တပုဿနှင့်ဘလ္လိကတို့ ပင့်ဆောင်လာသောဆံတော်ရှင်မှာ တမ္ဗဂုတ္တ တောင်ထိပ်တွင် ဌာပနာတည်၍ ထားကြောင်း၊ သစ်ပင်ချုံနွယ်တို့ ပိတ်ဖုံးနေကြောင်းကို ညွှန်ပြသဖြင့် သီရိမာသောကမင်းက စေတီကိုပြင်ဆင်ပြီး စေတီယဃရဖြစ်သော စေတီအိမ်ပြာသာဒ်နှင့်တကွ ကိုးကွယ်ထားသည်။ ထိုအခါမှစ၍ မွန်တို့ဒေသတွင် ရွှေတိဂုံစေတီတော်ကို လာရောက်ကြည်ညို ဖူးမြော်သူတို့ အစဉ်မပြတ်ရောက်ရှိလာကြသည်။

ဒွတ္တပေါင်မင်းကြီး

သရေခေတ္တရာပြည်ကိုအုပ်စိုးသော ဒွတ္တပေါင်မင်းကြီးသည် ခရစ်နှစ် ၅–ရာစုတွင် ဆံတော်များကို ပင့်ဆောင်ယူငင်ရန်အတွက် စစ်သည်ဗိုလ်ပါများဖြင့် လာရောက်လေသည်။ ဆံတော်များကိုပင့်ဆောင်၍ မရသည်နှင့် စေတီတော်၏ အရှေ့တောင်ထောင့်တွင် ထီးတော်တစ်စင်းကို စိုက်ထူပူဇော်သည်။ ထိုထီးတော်၏အရိုးမှာ မြသားဖြင့်ပြီး၍ အရွက်များ၌ စိန်စီထားလေသည်။ ဒွတ္တပေါင်မင်းကြီးသည် ဆံတော်ကိုပင့်ဆောင်ရန် ကြိုးစားရာတွင် လေပြင်းမုန်တိုင်း အကြီးအကျယ်ကြလာသောကြောင့် ဆံတော်ကိုပင့်ဆောင်ရန် အကြံကို လက်လျှော့သွားရကြောင်းဖြင့် မွန်သလာပတ်ရာဇဝင်များတွင် ဖော်ပြလေသည်။

အနော်ရထာမင်းစော

ပုဂံပြည်ကိုအုပ်စိုးသော အနော်ရထာမင်းကြီးသည် ဒဂုန်သို့ဆံတော်များကို ပင့်ဆောင်ရန် ရောက်ရှိဖူးသည်ဟူသော အမှတ်အသားကိုလည်း မွန်သလာပတ်ရာဇဝင်များ၌ တွေ့ရသည်။ အနော်ရထာမင်းစောသည် ဆံတော်များကို တူးဖော်ပင့်ဆောင်ရန် ကြံရွယ်ချက်ဖြင့် ခရစ်နှစ် ၁၀၀၀ ကျော်အချိန်တွင် ပုဂံပြည်မှ စုန်ဆင်းလာခဲ့သည်။ လူသူ ၅၀ မျှတို့သည် တူးရွင်းများဖြင့် တူးဖော်နေကြစဉ် ကြောက်မက်ဖွယ်ကောင်းသော လေပြင်းမုန်တိုင်းကျရောက်လာသဖြင့် စစ်သည်ဗိုလ်ပါများနှင့်တကွ အစောင့်အနေတို့မှာ ကြောက်ရွံ့ထိတ်လန့်ကြရသည်။ ထို့နောက် အနော်ရထာမင်းသည် ရွှေထီး၊ ငွေထီးများ ဆက်ကပ်၍ စေတီတော်၏ အရှေ့မြောက်ဘက်တွင် ဝေပုလတောင်၌သာ တွေ့ရှိနိုင်သော ပတ္တမြားတစ်လုံးကို ထည့်သွင်းပူဇော်လျက် ပုဂံနေပြည်သို့ ပြန်လည်ထွက်ခွာသွားသည်ဟူ၍ ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မြတ်ဘုရားရွှေတိဂုံသမိုင်းပုံပြင်

အောက်ပါဖြစ်ရပ်တို့မှာ သမိုင်းမတင်မီကာလကစပြီး လူကြီးသူမများ အဆင့်ဆင့်ပြောဆိုခဲ့ကြသော ရွှေတိဂုံစေတီတော် မြတ်နှင့်ပတ်သက်သော သမိုင်းပုံပြင်ဖြစ်ပါသည်။

သမိုင်းပုံပြင်ဖြစ်သဖြင့် မှန်ကန်သောအချက်အလက်များ ပါရှိနိုင်သလို ပုံဖြင့်ပြောဟောသူက နား ထောင်လို့ကောင်း အောင် ချဲ့ထွင်ထားချက်များလည်း ပါရှိနိုင်ပါသည်။

ဥက္ကလာပမင်းကြီးအကြောင်း

သိကြားမင်းနှင့် သန္ဒေသူ

ရှေးလွန်လေပြီးသောအခါ ယခုရွှေတိဂုံစေတီတော်မြတ်ကြီးတည်ရှိရာ သိင်္ဂုတ္တရတောင်သည် တောကြီးအတိပြီး လျက်ရှိ၏။ ထိုတောဝ်တွင် အကျင့်သီလနှင့်ပြည့်စုံသော ရသေ့ကြီးတစ်ဦး သီတင်းသုံးနေထိုင်လေ၏။

တစ်နေ့သောအခါ ရသေ့ကြီးသည် ဆွမ်းခံရာမှအပြန် တစ်ခုသောမြစ်ကမ်းဘေး၌ လမုပင်တစ်ပင်ကို တွေ့ရှိပြီး ကြီးမားသောလမုအင့်တစ်ခုကို ဆွတ်ခူးခဲ့၏။ ကျောင်းသခ်မ်းသို့ရောက်လျှင် ကောင်းမွန် စွာထားလေသည်။ ရက်အတန်ကြာသော် လမုအင့်မှာ ရင့်မာပွင့်အာခြင်းသို့ရောက်၏။ ရသေ့ကြီးမှာ လမုပွင့်ကြီးအတွင်းမှ အဆင်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံသော သူငယ်မကလေးတစ်ဦးကို ထူးကဲစွာ တွေ့ရှိရလေသည်။

ရသေ့ကြီးသည် အလွန်ဝမ်းမြောက်သည်နှင့် ကလေးငယ်သည် မိမိနှင့်ထိုက်တန်၍ရသည်ဖြစ်က မိမိလက်ညှိုးမှ နို့ရည်ထွက်ပါစေသားဟု အဓိဋ္ဌာန်ပြုရာ လက်ညှိုးမှ နို့ရည်များ စီးဆင်းလေသည်။ ရသေ့ ကြီးသည် နို့ရည်ကိုတိုက်ကျွေးလျက် သမီးရင်းချာကဲ့သို့ ကျွေးမွေးသည်။ လမုပင်မှရသောကြောင့် မယ်လမုဟု အမည်မှည့်သည်။ မယ်လမုသည် အရွယ်ရောက်လျှင် အဖရသေ့ကြီး၏ ဝတ်ကြီးဝတ်ငယ်ဟူသမျှကို ဆောင်ရွက်ခြင်းဖြင့် ကျေးဇူးတုံ့ပြန်၏။

တစ်ရံခါသော် သိကြားမင်းသည် တာဝတိံသာနတ်ပြည်မှ သက်ဆင်း၍ ရသေ့ကြီးထံ တရားနာလာရောက်၏။ သိကြားမင်းသည် အသက် ၁၆ နှစ်ရွယ် လှယမင်း မယ်လမုအား တွေ့မြင်လျှင် စုံမက်မြတ်နိုးမိ၍ ပေးအပ်ပါမည့်အကြောင်း ရသေ့ကြီးထံ ခွင့်ပန်၏။ ရသေ့ကြီး၏ ခွင့်ပြုချက်အရ နတ် မိုလ်ခြေအပေါင်းနှင့် မယ်လမုအား လာရောက်ဆောင်နှင်းပါမည်ဟု ဝန်ခံကတိပြုပြီး နေရင်းရပ်ဌာန် တာဝတိံသာဘုံနန်းသို့ ပြန်ကြွလေသည်။ သိကြားမင်းနှင့် မယ်လမုတို့အကြောင်းကို သိကြားမင်း၏ မိဖုရားများဖြစ်ကြသည့် သုစိတ္တာ၊ သုနန္ဒာ၊ သုဇာတာ၊ သုမာလာတို့သိကြလျှင် မခံမရရပ်နိုင်ဖြစ်ကြပြီး သိကြားမင်းနှင့်မယ်လမုတို့၏ ချစ်ခြင်းမေတ္တာကိုဖြိုခွင်းရန် အမျိုးမျိုး ဉာဏ်နီဉာဏ်နက်ထုတ်ကြသည်။ အလွန်မွေ့လျော် ဘွယ်ကောင်းသော နတ်ဥယျာဉ်အတွင်းသို့ သိကြားမင်းအားခေါ်ပြီး နတ်သမီး အပေါင်း ဝိုင်းရံစေလျက် နတ်စောင်းနတ်ညှင်း တူရိယာတို့ဖြင့် ဖြေဖျော်၏။ ကာမဂုဏ်၌ ယစ်မူးစေ၏။ သို့ဖြစ်၍ သိကြားမင်းသည် မယ်လမုအား ဆောင်နှင်းမည်ဟု ကတိထားခဲ့သည့် ရက်သတ္တတစ်ပတ်ကျော် လွန်သွားခဲ့လေသည်။ သိကြားမင်း၏ချစ်ကတိကို ယုံမိရှာသောမယ်လမုမှာ လွမ်းရသောစိတ်ကို ဖြေမသိမ်းနိုင်၍ "အရှင်သိကြားမင်းပေါ်မလာ၍ မျှော်တလွမ်းရသောစိတ်နှင့် သေလုဆဲဖြစ်ကြောင်း သိင်္ဂုတ္တရတောင်စွန်းက နေ့တိုင်းမျှော်ရကြောင်း စာရေးသား၍ မွှေးစားထားသော ကျွေးလိမ္မာလည်ပင်းတွင်စွပ်ပြီး သိကြားမင်း ပျော်စံရာ တာဝတိံသာနတ်နန်းသို့ စေလွှတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပညာရှင်အချို့၏ ယူဆချက်မှာ – အိန္ဒိယပြည်တောင်ပိုင်း ဥက္ကလတိုင်းမှလူတို့သည် တရိကုမ္မ (နောင်ဥက္ကလာပမြို့တော်) သို့ လာရောက်နေထိုင်ကြသည်။ ဥက္ကလတိုင်းမှ လူတို့မလာရောက်မီက တရိ ကုမ္မမြို့တွင် မြန်မာပြည်၏ ရှေးဦးလူမျိုးဖြစ်သော မွန်ခမာလူမျိုးတို့ နေထိုင်ကြသည်။ တရိကုမ္မဆိုသည်မှာ မွန်ဘာသာဖြင့် မြစ်ချောင်းကိုခေါ်သည်။ ပါဠိ၊ မွန်ဘာသာနှစ်ခုရောစွဲ တြိကုမ္မ (ဝါ) တရိကုမ္မ မြစ် ၃ မှာ၊ ချောင်း ၃ ချောင်းဆုံသောအရပ်ဟုခေါ်၏။ ထိုအရပ်၌ စေတီတော်ကြီးတည်ရာ တိဂုမ္ဘစေတီတော်ဟု ခေါ်ဝေါ်လေ့ရှိရာ ကာလရွေ့လျောသော ကုမ္မအက္ခရာကိုပြောင်း၍ တိကုမ်ဟု ပြောင်းလဲခေါ်ဝေါ်၏။ ရွှေတိဂုံစေတီတော်ကြီးရှိရာတွင် နောင်အခါရွာတည်ထောင်၍ တိဂုံရွာ၊ ဒဂုံရွာ၊ ဒဂုံမြို့ဟု အဆင့်ဆင့်ဖြစ်လာသည်။

တဖုဿ ဘလ္လိကတို့ကို မြတ်စွာဘုရား ဆံတော်ရှစ်ဆူ ပေးသနားတော်မူခန်း

ဥက္ကလာပမင်းကြီးစိုးစံတော်မူသော ဥက္ကလာပမြို့၌ သုဝဏ္ဏဘောဂရာဇာဟူသော သူဌေးကြီးတစ်ဦးရှိ၏။ သူဌေးကြီး ဇနီးမောင်နှံသည် အကျင့်သီလပြည့်စုံပြီး အခြွေအရံတို့ဖြင့် တင့်တယ်၏။ ၎င်းသူဌေးကြီးဇနီးမောင်နှံ၌ လိမ္မာရေးခြားရှိ၍ အရွယ်အဆင်းနှင့်ပြည့်စုံသည့် တပု၊ တပေါ၊ ဟုခေါ်သော သားနှစ်ယောက်ရှိလေသည်။ သတို့သားညီနောင်တို့သည် ကုန်သည်တို့ဘာဝ ကုန်ကူးသန်းရောင်းဝယ်မှုဖြင့် အသက်မွေးကြ၏။ ထိုအချိန်အခါ မဇ္ဈိမတိုင်း (အိန္ဒိယပြည်တောင်ပိုင်း) * ဗန္ဓုဝအမည်ရှိသော မြို့ကြီးတွင် လူအပေါင်းသည် အစာရေစာတော်မှတ်ရှားပါးခြင်းဘေးဆိုက်၏။ ထိုအကြောင်းကို သိရသောကုန်သည် ညီနောင်တို့သည် အမိအဘတို့အား ကုန်ကူးသန်းရန်ခွင့်ပန်ပြီးလျှင် ကုန်စည်ပစ္စည်းတို့ကို သင်္ဘောဖြင့် တင်ဆောင်ပြီး ထွက်ခွာလေသည်။

ဗန္ဓုဝမြို့အနီး သင်္ဘောဆိပ်သို့ရောက်လျှင် လှည်းငါးရာငှား၍ ကုန်စည်များတင်ပြီး ခရီးဆက်ကြ၏။ လမ်းခရီး ဥရုဝေလတောစခန်း၌ ရှေးရှေးဘဝက ကုန်သည်တို့၏ အမိတော်ခဲ့ဖူးသောနတ်သမီးသည် ကိုယ်ထင်ပြ၍ ယခုအခါ သုံးလောကထွတ်ထား ဂေါတမမြတ်ဘုရားသည် ရာဇာယတန လင်းလွန်းပင်ရင်း တွင် နေတော်မူ၍ သွားရောက်ဖူးမြော်ထိုက်ကြောင်း ခရီးညွှန်ပြ တိုက်တွန်းနှိုးဆော်သည်။ ကုန်သည်ညီနောင်တို့သည် ရှင်ကြည်သောနှလုံးဖြင့် သွားကြလေသော် လင်းလွန်းပင်ရင်း၌ ဗောဓိပင်နှင့် ရွှေပလ္လင်အောင်မြင်တော်မူလျက် ၄၉ ရက်မြောက်ပြီးနောက်တစ်နေ့ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို ကြည်ညို ဖူးမြော်ကြရလေသည်။ ညီနောင်တို့သည် သဒ္ဓါပြီးမောက်လှသဖြင့် မိမိတို့တွင်ပါလာသော ပျားမုန့်ဆုပ်၊ ကြွက်ကျစ်စာမုန့်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။ မြတ်ဘုရားသည် အလှူကိုခံတော်မူပြီး ဘုဉ်းပေးတော်မူလေသည်၊

ထို့နောက် မြတ်ဘုရားသည် ကုန်သည်ညီနောင်တို့အား – ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ တည်းဟူသော ဒွေဝါစိက သရဏဂုံနှင့် ငါးပါးသီလကို တည်စေပြီးသော် ဦးခေါင်းတော်ကို လက်တော် ဖြင့်သပ်လိုက်ရာ ဆံတော်ရှစ်ဆူပါလာ၏။ မြတ်ဘုရားသည် ဆံတော်ရှစ်ဆူအား ကုန်သည်ညီနောင်တို့ကို အပ်လျက် 'သင်ဒါယကာညီနောင်တို့သည် ပွင့်တော်မူခဲ့ကြကုန်သော ငါ၏နောင်တော်များဖြစ်သည့် –*ကကုသန်၊ *ကောဏာဂုံ၊ *ကဿပ ဘုရားရှင်တို့၏ တောင်ဝှေးတော်၊ ရေစစ်၊ ရေသနုတ်တော်တို့ကိုဌာပနာ၍ ရှေးအခါက ကိုးကွယ်ခဲ့ဖူးသည့် သိင်္ဂုတ္တရတောင်ကုန်း၌ သာသနာအစွန့်ရှည်ရန် ဥက္ကလာပမင်းကြီးကိုအမှူးပြုပြီး စေတီတည်ထားကိုးကွယ်ကြမည်ဟု ဗျာဒိတ်ထားတော်မူလေသည်။

အကြီးဖြစ်သူအား တဖုဿဟု အမည်တွင်စေပြီး အငယ်ဖြစ်သူအား ဘလ္လိကဟုတွင်စေသည်။ တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားထံတွင် ရှေးဦးစွာ သရဏဂုံတည်သော *ဥပါသကာများဖြစ်ကြကုန်၏။

မှတ်ချက်– မြတ်စွာဘုရားနှင့် တဖုဿနှင့်ဘလ္လိကညီနောင်တို့ တွေ့ဆုံကြသောအခါ မြတ်ဘုရားသည် ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာတရားဦး မဟောရသေး၍ သံဃာတနာဟူ၍ မပေါ်ပေါက်သေးပေ။

* အချို့သမိုင်းများက သုဝဏ္ဏနဂရမြို့ဟု ရေးသည်။ အမျိုးမျိုးကွဲပြားလျက်ရှိရာ တဖုဿနှင့် ဘလ္လိကတို့ မဇ္ဈိမတိုင်းသို့ ကုန်ကူးသန်းသွားသည်ဟုသာ အလွယ်မှတ်သင့်ပါသည်။
* ဆွေမျိုးတော်စပ်ခဲ့ဖူးသော ရုက္ခစိုးဟုလည်းဆိုသည်။
* ရာဇာယတန = ရာဇ + အာယတန – မင်းတို့၏ ခေတ္တစခန်းချ တည်းခိုရာအရပ်။
* ဒွေဝါစိက သရဏဂုံ – ဘုရား၊ တရား၊ ရတနာနှစ်ပါးကို ဆည်းကပ်ခြင်း။
* ကကုသန်မြတ်ဘုရားသည် လူတို့အသက် ၄၀၀၀၀ တန်းတွင်ပွင့်၏။
* ကောဏာဂုံမြတ်ဘုရားသည် လူတို့အသက် ၃၀၀၀၀ တန်းတွင်ပွင့်၏။
* ကဿပမြတ်ဘုရားသည် လူတို့အသက် ၂၀၀၀၀ တန်းတွင်ပွင့်၏။

www.burmeseclassic.com

www.burmeseclassic.com

ဂေါတမ မြတ်စွာဘုရားသခင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူရာတွင် တဖုဿ-ဘလ္လိကညီနောင်တို့အား ထိုနှစ်ဝါဆိုလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် လင်းလွန်းပင်ရင်း၌ ဆံတော်မြတ်ရှစ်ဆူကို ပေးသနားတော်မူသည်။ ဆံတော်များကို ဌာပနာ၍ စေတီတည်ထားကိုးကွယ်သည့်နေ့မှာ မဟာသက္ကရာဇ် ၁၀၃ ခု၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့ ဒိရေတက်ချိန်တွင် ဖြစ်သည်ဟု စေတီတော်သမိုင်းများ၌ ဆိုလေသည်။



ဘုရားရှင်က တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်အား ဆံတော်များစွန့်နေဟန် ကျောက်ထွင်းရုပ်ထု (အိန္ဒိယနိုင်ငံတောင်ပိုင်းနာဂ္ဂါနုဂန္ဒ)

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံရင်ပြင်တော်ပေါ်မှ လင်းလွန်းပင်

(ဗောဓိညောင်ပင် + ကျောင်းသားသပိတ် အထိမ်းအမှတ် ကျောက်တိုင်အနီးတွင် တည်ရှိပါသည်။ (ယခု ပြုပြင်ထားပြီး)

www.burmeseclassic.com

www.burmeseclassic.com

တဖုဿ၊ ဘလ္လိကတို့ ဥက္ကလာပသို့ပြန်ခန်း

တဖုဿနှင့်ဘလ္လိကညီနောင်တို့သည် ဆံတော်ဓာတ်တော်မြတ်ရှစ်ဆူကိုယူ၍ ဦးခေါင်းထက်၌ ရွက်ဆောင်ထား၏။ သိကြားမင်းသည် နဝရတ်ပြာသာဒ်နှင့် ပတ္တမြားကြုတ်ကို ဖြုလုပ်ဖန်ဆင်း၍ပေးပြီး ပတ္တမြားကြုတ်တွင် ဆံတော်ရှစ်ဆူကိန်းဝပ်စေလျက် နဝရတ်ကိုးပါးပြာသာဒ်၌တင်၍ ပူဇော်စေ၏။ ကုန်သည်ညီနောင်တို့သည် လှည်းသားငါးရာအား ထမ်းဆောင်စေလျက် ဗန္ဓုဝဆိပ်ကမ်းသို့ ပြန်လာကြလေသည်။ လမ်းခရီး၌ ဆံတော်မြတ်၏ တန်ခိုးအာနုဘော်ကြောင့် နတ်ကောင်းနတ်မြတ်များနှင့် ရေမြေတောတောင်ရှိ သတ္တဝါအပေါင်းတို့သည် ကောင်းချီးပေးကြကုန်လျက် အထူးစောင့်ရှောက်ကြလေသည်။ ဆိပ်ကမ်းသို့ ရောက်လျှင် သင်္ဘောပေါ်သို့တစ်ဖန် ပင့်ပြီး ဥက္ကလာပသို့လွှင့်လေသည်။

ထိုသို့ပြန်ခဲ့ရာ အဇ္ဈတ္တနဂရသို့ရောက်၏။ အဇ္ဈတ္တနဂရမင်းကြီးသည် ဆံတော်ဓာတ်မြတ်များအား ဖူးတွေ့ရလျှင် သဒ္ဓါတရားလွန်ကဲပြီး မိမိ၏မကိုဋ်တော်ကို ချွတ်၍လှူလျက် ဆံတော်နှစ်ဆူကို ပင့်ထားလိုက်၏။ တဖုဿနှင့်ဘလ္လိကတို့လည်း နှမြောတမ်းတလျက် ခရီးဆက်ခဲ့ရာ နဂါးရစ်မော် (ယခု ပုသိမ်မော်တင်စွန်း) သို့ရောက်ရှိ၏။ သရဏာတောင်ခြေရင်းတွင် သင်္ဘောဆိုက်ကပ်ထားစဉ် ညအခါ ဆံတော်ဓာတ်မြတ်ခြောက်ဆူသည် ရောင်ခြည်တော်တလျှံလျှံဝင်းပကွန့်မြူး၏။ ဇယသေန နဂါးမင်းသည် အကြောင်းခြင်းရာကိုရှုကြည့်သော် ဆံတော်ဓာတ်မြတ်များကိုတွေ့ရှိရ၍ သဒ္ဓါကြည်ညိုမှုကဲလွန်လျက် ဆံတော်နှစ်ဆူကို ခိုးယူပြန်လေသည်။ နံနက်လင်းလျှင် ဆံတော်နှစ်ဆူပျောက်ကြောင်းသိရပြီး ပူဆွေးသောကဖြစ်လျက် ညီနောင်နှစ်ဦးတို့မှာ ခရီးစဉ်အတိုင်းလာခဲ့ရာ တောင်ဗွေခေါ်သော အရပ်သို့ရောက်၏။ ထိုတောင်ဗွေအရပ်မှ အလွန်ဆင်းရဲသော သူဆင်းရဲဒုက္ခိတ တစ်ယောက်သည် တောင်းရမ်းရန် သင်္ဘောဆိပ်သို့ဆင်းလာ၏။ ကုန်သည်ညီနောင်တို့က သူဆင်းရဲကုသိုလ် ရစေခြင်းငှာ မိမိတို့၌ပေးကမ်းရန် ပစ္စည်းတစ်စုံတစ်ရာမပါ၊ မြတ်ဘုရား၏ ဆံတော်ဓာတ်မြတ်များသာ ပူဇော်ရန်ပါသည်ဟုပြောလျှင် သူဆင်းရဲသည် သင်္ဘောပေါ်သို့တက်၍ ဆံတော်ဓာတ်မြတ်များအား ရှိခိုးပူဇော်ခြင်းပြု၏။ သူဆင်းရဲသည် သဒ္ဓါတရား ထက်သန်လွန်းသဖြင့် မိမိကိုယ်ပိုင် တစ်ထည်တည်းသော အပေါ်ရုံပုဆိုးကိုချွတ်ယူပြီး လှူဒါန်း၏။ သူဆင်းရဲ၏ သဒ္ဓါအဟုန်ကြောင့် ချက်ခြင်းပင် ရွှေတောင်ကြီးပေါက်၏။ သူကြွယ်အဖြစ်သို့ရောက်၏။ လူနတ်ဗြဟ္မာအပေါင်း သာဓုခေါ်ကြကုန်၏။ ကုန်သည်ညီနောင်တို့လည်း ဆက်လက်၍ ခရီးဆက်ကြသဖြင့် နောက်ဆုံး၌ နေပြည်တော် ဥက္ကလာပ (ယခု ရန်ကုန်မြို့) သို့ ဆိုက်ရောက်ကြလေသတည်း။ ဘုရားဖြစ်တော်မူသောနှစ် ဝါခေါင်လဆုတ် ၅ ရက်နေ့ဖြစ်လေသည်။

*အဇ္ဈတ္တနဂရနိုင်ငံကို ဇေဋ္ဌနိုင်ငံဟုလည်းခေါ်၏။ ယခုစစ်တွေနှင့် မြို့ပေါင်းကြားရှိ ပုဏ္ဏားကျွန်းအ ရပ်ဖြစ်သည်ဟု ဓညဝတီ ရခိုင်ရာဇဝင်ကဆိုသည်။ အဇ္ဈတ္တမြို့သို့ ရောက်ခြင်းဖြစ်သည်ဟု ၁၂၆၆ ခုနှစ်ကူး ရွှေတိဂုံသမိုင်း ပေမူတစ်စောင်က ဆိုသည်။ အဇ္ဈတ္တမြို့နှင့် အဇ္ဈတ္တနဂရမှာ ၇ လ ခရီးမျှ ကွာဝေကြောင်းဆိုထား၏။

ဆံတော်မြတ် ဥက္ကလာပနေပြည်တော်သို့ ဆိုက်ရောက်ခန်း

ကုန်သည်ညီနောင်တို့သည် ဥက္ကလာပနေပြည်တော်သို့ရောက်လျှင် ဥက္ကလာပမင်းကြီးထံ အခစားဝင်ကြ၏။ မိမိတို့သည် အနောက်မဇ္ဈိမတိုင်းသို့ရောက်ခဲ့ကြောင်း၊ မြတ်စွာဘုရားက သတ္တဝါများကိုးကွယ်ရန် ဆံတော်ရှစ်ဆူ ပေးသနားတော်မူလိုက်ကြောင်း၊ လမ်းတွင်ဆံတော်နှစ်ဆူကို အဇ္ဈတ္တနဂရမင်းကြီ ပင့် ယူ၍ ဆံတော်နှစ်ဆူကို နဂါမင်းခိုးယူလိုက်ကြောင်းတို့ကို လျှောက်တင်လေ၏။ ဥက္ကလာပမင်းကြီးသည် မင်းခမ်းမင်းနားအစုံအလင် ဗိုလ်ခြေတစ်ထောင်နှင့်တကွ ဆံတော်ဓာတ်မြတ်များကို ကြွရောက်ဖူးမြော်၏။ သဒ္ဓါကြည်ညိုစွာဖြင့် ရှိခိုးပူဇော်ပြီးသော် မင်းကြီးသည် "အကျွန်ုပ်သည် ဆံတော်ဒါယကာစေန်မှန်ပါလျှင် အဇ္ဈတ္တနဂရမင်းကြီး ပင့်ယူလိုက်သည့် ဆံတော်နှစ်ဆူနှင့် နဂါးမင်းခိုးယူလိုက်သော ဆံတော်နှစ်ဆူသည် ချက် ခြင်း ရောက်ပါစေသား' ဟု သစ္စာဓိဋ္ဌာန်ပြု၏။ ဆံတော်ဓာတ်မြတ်လေးဆူသည် လျှင်စွာကြွလတ်၍ ပတ္တမြားကြုတ်တွင် ကိန်းဝပ်စံပွါယ်တော်မူသည်။ ကုန်သည်ညီနောင်တို့သည်လည်း အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်၍ ဥက္ကလာပမင်းကြီးအား အရှင်မင်းမြတ် အရှင်မင်းမြတ်၏ ဘုန်းတော်ကံတော်ကြောင့် ဆံတော်ဓာတ်မြတ်လေးဆူသည် ကြွရောက်တော်မူလာခြင်းဖြစ်ပါသည်။ မြတ်ဘုရားမိန့်တော်မူသည့်အတိုင်း ရှေးဘုရားသုံးဆူတို့၏ ဓာတ်တော်မြတ်များ

www.burmeseclassic.com

ကိန်းဝပ်စံပယ္စာယ်တော်မူရာ သိင်္ဂုတ္တရတောင်မြတ်ကိုသာရှာပြီး စေတီတည်ထားကိုးကွယ်ရန်သာ ရှိပါတော့သည်' ဟု လျှောက်ထားကြ၏။ ဥက္ကလာပမင်းကြီးသည် ရှေးမီသော သူအိုကြီးများနှင့် မှူးမတ်သေနာပတိ မင်းစေလုလင်တို့အား သိင်္ဂုတ္တရတောင်ကို ရှာဖွေစေ၏။ ကုန်းတော်ကို မတွေ့ကြသဖြင့် တဖုဿ၊ ဘလ္လိကညီနောင်တို့နှင့် မင်းကြီးသည် ဝမ်းပန်းတနည်း ငိုကြွေးကြကုန်၏။ ထိုအကြောင်းကြောင့် ပထဝီမြေကြီး တုန်လှုပ်၏။ ရေမြေတောတောင် ချောက်ချား၏။ သိကြားမင်းသည် ထိုအကြောင်းကိုသိလျှင် နတ်စစ်သည်အပေါင်းခြံရံကာ တာဝတိံသာမှ လူ့ပြည်သို့သက်ဆင်း၏။ ဗြဟ္မာမင်းတို့လည်း သက်ဆင်း၍လာကြကုန်၏။ လူနတ်ဗြဟ္မာတို့သည် အညီအညာ စုဝေးကြ၏။ သိကြားမင်းသည် အန္တရကပ် သုံးခွဲစီ အသက်ရှည်ကြသော ဆူးဠေနတ်၊ ရောဟဏီနတ်၊ ဒက္ခိဏနတ်၊ အမြိဿရနတ်၊ မော်ဘီနတ်တို့ကို သိင်္ဂုတ္တကုန်းတော်နှင့် ဘုရားသုံးဆူတို့၏ ဓာတ်တော်များထားရာကိုမေး၏။

ဆူးလေနတ်ကြီးက '"ငါသည် ကကုသန်မြတ်စွာဘုရားလက်ထက် အသားစားကြူးသော ဘီလူးဖြစ်ခဲ့သည်။ ကကုသန် မြတ်ဘုရားနှင့်တွေ့လျှင် အဆုံးအမခံ၍တည်လျက် သီလဆောက်တည်သဖြင့် အကျွတ်တရားရသည်။ ကိုးကွယ်ရာ ရေစစ်ကို ပေးသနားတော်မူခဲ့သဖြင့် သိင်္ဂုတ္တရကုန်းအလယ် ရွှေကညင်ပင်ရင်းတွင် ဗျာဒိတ်တော်အရ မြှုပ်နှံထားသည်ဟုပြော၏။ ရောဟဏီမည်သော မိုလ်တစ်ထောင်နတ်က 'ငါသည် ကောဏဂုံဘုရားရှင်ကို ဘီလူးအဖြစ်နှင့် ဖူးမြော်ရသည်။ အကျွတ်တရားရ သီလဆောက်တည်သဖြင့် ရေသနုတ်တော်ကို ပေးသနားခဲ့သည်ဟု ပြော၏။ ဒက္ခိဏဖြစ်သော သယ်န်းကျွန်းနတ်က ငါသည် ကဿပဘုရားလက်ထက် ဘီလူးဖြစ်သည်။ ပဉ္စသီလဆောက်တည်ပြီး အကျွတ်တရားရသဖြင့် မြတ်စွာဘုရား၏ တောင်ဝှေးတော်ကို ပေးသနားခြင်းခံရသည်။ ရေစစ်၊ ရေသနုတ်တို့နှင့်အတူ ကညင်ပင်ရင်း၌ ဌာပနာသည်ဟု ပြောလေ၏။

* ဥက္ကလာပမင်းကြီးဆံတော်ကို မိုလ်ခြေတစ်ထောင်နှင့် ဆင်း၍ကြိုသည်ကိုအစွဲပြု၍ ထိုအရပ်ကို မိုလ်တစ်ထောင်ရပ်စေတီ တည်ထားပြီးလျှင် မိုလ်တစ်ထောင်စေတီဟုတွင်သည်။ မွန်ဘာသာဖြင့် ကျိုက်ဒေးအုတ်စေတီဟု ခေါ်တွင်သည်။

* လူနတ်ဗြဟ္မာတို့ စုဝေးရာအရပ်ကို နောင်အခါစေတီတည်၏။ စုဝေးစေတီဟုခေါ်သည်။ ယခု ဆူးလေစေတီဖြစ်သည်။

* အန္တရကပ် ဆုတ်ကပ်၊ တက်ကပ် ၂ ခုပေါင်း၊ လူတို့အသက် ကုဋေတစ်သိန်းကကို ဆယ်နှစ်တမ်းရောက်သည့်တိုင်အောင် အန္တရကပ်တစ်ကပ်ဖြစ်၏။

တိဂုမ္ဘစေတီတည်ခန်း

ဥက္ကလာပမင်းကြီးသည် တဖုဿနှင့်ဘလ္လိကညီနောင်တို့အား ဆံတော်မြတ်ကို ပင့်ဆောင်စေ၏။ ညီနောင်နှစ်ဦးတို့သည် ကမ်းဆိပ်မဏ္ဍပ်မှ ဆံတော်မြတ်ပြသာဒ်ကို ပခုံးထက်ထမ်းဆောင်လျက် ပင့်ယူကြ၏။ လူနတ်ပရိတ်သတ်တို့သည် တူရိယာ အမျိုးမျိုးကို တီးမှုတ်ကာ သောသောအုတ်အုတ် ပို့ဆောင်ကြ၏။ သိင်္ဂုတ္တရကုန်းတော်သည် အာလိန်ငါးဆင့်သဏ္ဍာန် တင့်တယ်လျက်ရှိ၏။ နတ်လူဗြဟ္မအပေါင်းတို့သည် ဆံတော်ပြသာဒ်အား ရိုသေစွာ ဆီးကြိုကြလေသည်။ ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကြီး၌ ဆံတော်ပြသာဒ်ကိုထားလေသည်။ ရေစစ်၊ ရေသနုတ်၊ တောင်ဝှေးတော်တို့ကိုလည်း ဆံတော်မြတ်များနှင့်အတူထား၍ ပူဇော်၏။

သိကြားမင်းသည် ကုန်းတော်အလယ်တည့်တည့်တွင် ကညင်ပင်တည်ရာ၌ ဥမင်တူးရန်စီမံလေ၏။ ဥမင်အစောက် ၄၀၄ တောင်တူး၏။ ၎င်းနောက် သိကြားမင်းသည် ဌာပနာတိုက်ပြုလုပ်ပြီး အောက်ဆုံးတွင် ရွှေကျောက်ဖျာတစ်ချပ် ခင်းထား၏။ လေးဘက်လေးမျက်နှာတို့တွင် ရွှေကျောက်ဖျာလေးချပ်ကာရံပြီး ဖုံးအုပ်ရန်အသင့်ထား၏။ တိုက်ခန်း၌ ဆန်းကြယ်သော ရတနာတို့ကို သွတ်သွင်းခင်းထားဖြန့်ဖြူးသည်ကား ဒူးခုနစ်ဆစ်နစ်အောင်ရှိ၏။ ထိုရတနာတို့အထက်မှ ရွှေပုခက်ငါးခု ပြုလုပ်ပြီး လေးထောင့်တွင် တစ်ခုစီထား၏။ အလယ်တွင် ရွှေပုခက်တစ်ခုထား၏။ ၎င်းပေါ်၌ ပတ္တမြားပခက် တစ်ခုတင်၏။ ၎င်းပတ္တမြားပုခက်ပေါ်တွင် ရွှေသင်္ဘောတင်ပြီး ဆံတော်ကိန်းဝပ်သည့် ပတ္တမြားကြုတ်ကိုထား၏။ သိကြားမင်းအရုပ်၊ နတ်မိဖုရားလေးယောက်အရုပ်၊ ဥက္ကလာပမင်းကြီးနှင့် မိဖုရားအရုပ်၊ တဖုဿနှင့်ဘလ္လိက ညီနောင်တို့၏ အရုပ်နှင့်နတ်ရုပ်များကို ပြုလုပ်ထားရှိ၏။ ရွှေပန်းခိုင်၊ ငွေပန်းခိုင်တို့ဖြင့် ပူဇော်နေဟန်ဖြစ်သည်။ ရေစစ်၊ ရေသနုတ်၊ တောင်ဝှေးတော်တို့ကိုလည်း ပတ္တမြားကလပ်နှင့် တင်၍ ရွှေသင်္ဘောပေါ်တွင်ထား၏။ ရွှေသင်္ဘောကို ဌာပနာတိုက်၌ရေသွင်း၍ တပေါင်းလဆန်း ၁၅ ရက် ခေါင်ဒီရေတက်သည့်အခါနှင့် ချိန်ကိုက်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

တို့နောက် သိကြားမင်းသည် ပတ္တမြားကြုတ်နှင့် ဆံတော်၊ ရေစစ်၊ ရေသနုတ်၊ တောင်ဝှေးတော်တို့ကို ရေဆေးမည် ပြု၏။ တဖုဿနှင့်ဘလ္လိကတို့က "အရှင်သိကြားမင်း တောင်ငါးလုံးရုံပတ်သော အနောတတ်ရေလည်း မမြတ်၊ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာရှိသော ရေလည်းမမြတ်၊ သိဂုတ္တရတောင်ကုန်းမှ ရေသာမြတ်၏" ဟု ရှင်တော်ဘုရား မိန့်တော်မူလိုက်ကြောင်း လျှောက်ထား၏။ သိကြားမင်းသည် ရေတွင်းကိုတူးစေရာ ပတ္တမြားအိုးသစ် ၄၉ လုံးရ၏။ နတ်သား ၄၉ ယောက်တို့အား ရေခပ်စေ၏။ သိကြားမင်းသည် ဆံတော်ကိုဆေးမည်ဟု ပတ္တမြားကြုတ်ကိုဖွင့်လေသော် ဆံတော်ဓာတ်မြတ်သည် ကောင်းကင်သို့တက်၍ ခြောက်ပါးသော ရောင်ခြည်တော်တို့ကိုလွှတ်၏။

ရောင်ခြည်တော်လွှတ်စဉ် လူ၊ နတ်၊ ဗြဟ္မာ၊ ပြိတ္တာတို့သည် အချင်းချင်း ထင်လင်းစွာမြင်ကြကုန်၏။ ဆွံ့အသူတို့ အကောင်းဖြစ်၏။ မျက်စိမမြင်သောလူအပေါင်း အလင်းရကြ၏။ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည် သွက်သွက်ခါတုန်လှုပ်၏။ မြင်းမိုရ်တောင်သည် အလိုလိုညွတ်၏။ လျှပ်ပန်း၊ လျှပ်နွယ်၊ လျှပ်စစ်တို့သည် ကောင်းကင်တစ်နေရာ၌ ပြက်ကြကုန်၏။ သစ်ပင်ပန်းပင်တို့သည် အခါရာသီမဟုတ်ဘဲ သီးပွင့်ကြကုန်၏။ လူ၊ နတ်၊ ဗြဟ္မာတို့သည် တညီတညွတ်တည်း ရောထွေးယှက်တင် ဆံတော်ဓာတ်မြတ်အား ပူဇော်ခြင်းပြုကြလေ၏။ သိကြားမင်း၏ မိဖုရား သုမေ္ဘာသည် ဝတ်ပန်းပုဆိုးကျူ၏။ သုစိတ္တာသည် ပတ္တမြားနားတောင်းလှူ၏။ သုနန္ဒာသည် မကိုဋ်တန်ဆာလှူ၏။ သုဇာတာသည် ပတ္တမြားဆံကျစ်လှူ၏။ ဥက္ကလာမင်းကြီးနှင့် တဖုဿ,ဘလ္လိကတို့သည် သဗ္ဗညုဘုရားအဖြစ်ကို ဆုတောင်းကြ၏။ ဆံတော်ဓာတ်မြတ်တို့သည် ကောင်းကင်မှ သက်ဆင်း၍ တဖုဿဘလ္လိကတို့၏ ဦးခေါင်းထက်တွင် စံပွါယ်တော်မူ၏။ သိကြားမင်းသည် ဆံတော်မြတ်အားသိဂုတ္တရ တောင်မှရေစင်ဖြင့် ဆေးကြောသုတ်သင်ပြီးသော် ပတ္တမြားကြုတ်တွင်ထည့်၍ဌာပနာ၏။ ရေစစ်၊ ရေသနုတ်၊ တောင်ဝှေးတော်တို့ကိုလည်း ရွှေကလပ်ပေါ်တွင်တင်၍ အတူဌာပနာ၏။ ဌာပနာပြီးသော် ဓာတ်တော်မြတ်တို့ အန္တရာယ်ကင်းဝေးစေရန် အထူးထူးသော တားစက်၊ လှံစက်၊ ယန္တရားစက်တို့ကို စီမံလေ၏။ အပြင်ဘက်မှာ သံကွန်ယက်ခုနစ်ထပ် အုပ်ဆိုင်း၏။ ပြီးလျှင် ဌာပနာတိုက်ကို ကျောက်ဖျာဖြင့် အသေပိတ်လိုက်လေသည်။

(**မှတ်ချက်** – ခရစ်သက္ကရာဇ် ၁၉၆၈ ခုနှစ်အတွင်းက ရွှေတိဂုံစေတီတော်ကြီး၏ ဌာပနာတိုက်အတွင်းသို့ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က ရောက်ခဲ့ဖူးသည်ဆိုသောသူ တစ်ဦးပေါ်ခဲ့သည်။ ၎င်းမှာ အာဗမနီးယား လူမျိုး ဒီအိပ်ချ်အပရေမေ,ဆိုသူတစ်ဦးဖြစ်၏။ အပရေမေက ၎င်း၏အတွေ့အကြုံများကို ဂေါပကအဖွဲ့သို့တင်ပြရာ၌ ၎င်းသည် လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က စေတီတော်ကြီး၏အောက် ပေ ၆၀ ခန့်တွင်ရှိသော ဆံတော်တွင်းဌာပနာတိုက်ကြီးသို့ ရောက်ခဲ့သည်။ ဗုဒ္ဓမြတ်ဘုရား၏ ဆံတော်မြတ်များသည် ကရဝိတ်ရွှေလှေတော်ပေါ်တွင် ကိန်းဝပ်လျက်ရှိသည်ကို ပူဇော်ခဲ့ရသည် စသည်ဖြင့်ပြောကြားခဲ့၏။)

ထိုပိတ်သော ကျောက်ဖျာထက်မှ ငွေစေတီတည်၏။ ထိုငွေစေတီကို ကြေးပြုစေတီမျို၏။ ကြေးပြုစေတီကို ကြေးနီစေတီမျို၏။ ကြေးနီစေတီကို သလွဲစေတီမျို၏။ သလွဲစေတီကို ကျောက်စေတီမျို၏။ ကျောက်စေတီကို သံစေတီမျို၏။ ထိုသို့ အထပ်ထပ်မျိုပြီးမှ ရွှေအုတ်၊ ငွေအုတ်၊ မိုးကြိုးအုတ်၊ ကြေးပြု–ကြေးနီအုတ်၊ ကျောက်အုတ်၊ သလွဲအုတ်၊ စဉ့်အုတ်၊ ခဲအုတ်တို့ဖြင့်ပြုလုပ်ပြီးလျှင် ဗိနပ်တော်မှ ငှက်ပျောဖူးထိပ်အရောက် ရတနာအမျိုးမျိုးဖြင့် မွမ်းမံ၏။ ဉာဏ်တော် ၄၄တောင် အမြင့်တည်ပြီး တိဂုမ္ဘစေတီဟုသမုတ်ရာ ယခုရွှေတိဂုံစေတီဟု အမည်တွင်လေသည်။

(**စကားချပ်** – ရွှေတိဂုံစေတီတော်ကြီးအား ရွှေတိဂုံဆံတော်ရှင်ဟုလည်း ရှင်ထည့်၍ခေါ်ဆိုရေးသားကြသည်။ အကြောင်းမှာ မြတ်ဘုရားသက်တော်ထင်ရှားရှိစဉ် ကိုးကွယ်ရာပေးလိုက်သဖြင့် ဆံတော်ကိုလည်း အသက်ရှင်သောဆံတော်ဟု ရည်ရွယ်ကာ ရွှေတိဂုံဆံတော်ရှင်ဟု ရှင်ထည့်၍ခေါ်ခြင်းဖြစ်ကြောင်း အဆိုရှိသည်။)

စေတီဌာပနာသောနေ့သည်ကား မဟာသက္ကရာဇ် (၁၀၃) ခု ဘီစီ (၅၅၈) ခန့် တပေါင်းလပြည့် ကြာသပတေးနေ့ဖြစ်၏။

တဖုဿနှင့်ဘလ္လိကညီနောင်တို့သည် စေတီတည်ပြီးသောအခါ မဇ္ဈိမတိုင်း မြတ်ဘုရားထံသို့ ပြန်လည်သွားရောက်၏။ ရှင်တော်ဘုရားသည် သင့်တင့်လျောက်ပတ်သောတရားကို ဟောပြော၏။ တဖုဿမှာ 'သောတာပတ္တိဖိုလ်' ၌ တည်၏။ ဘလ္လိကမှာ 'ပဋိသမ္ဘိဒါ' လေးပါးနှင့်တကွ ရဟန္တာဖြစ်၏။ ရှင်တော်ဘုရားသည် ညီနောင်နှစ်ဦးတို့အား လောကသုံးပါးတွင် ရှေးဦးစွာ သရဏဂုံတည်သောအရာ၌ ဧတဒဂ်ထားလေသည်။

• တဖုဿနှင့်ဘလ္လိကတို့ ဆံတော်ပြာသာဒ်ကို ပင့်ဆောင်ခဲ့ကြရာ ယခု ဘုရားလမ်းအရောက် လူ၊ နတ်တို့ ဆီးကြိုပင့်ဆောင်သည်ကိုအစွဲပြု၍ ဆံတော်ကြိုစေတီတည်၏။

ဆံတော်ပြာသာဒ်ကို အစဉ်အတိုင်းပင့်ဆောင်ခဲ့ကြရာ ယခုကုန်းတော်ခြေရင်းအရောက် ခေတ္တရပ်တန့်စဉ်၊ တန့်တော်မူစေတီတည်၏။

www.burmeseclassic.com

*ကုန်းတော်ပေါ် မဏ္ဍပ်ထားရာတွင် နောင်တော်ကြီးစေတီတည်၏။

*ဆံတော်ဆေးရန် သိကြားမင်းတူးသောရေတွင်းသည် ဆံတော်တွင်းဟု ယင်ရှား၏။

*ခြောက်ပါးသောရောင်ခြည်တော် – ညိုသောရောင်ခြည်တော်၊ ရွှေသောရောင်ခြည်တော်၊ နီသော ရောင်ခြည်တော်၊ တခဲနက် ဖြူးဖြက်သောရောင်ခြည်တော်၊ ဖြူသောရောင်ခြည်တော်၊ မောင်းသောရောင်ခြည်တော်။

*စေတီကြီးကို လူတစ်ရစ်၊ နတ်တစ်ရစ်တည်သည်ဟု အဆိုရှိ၏။ နေ့အခါ လူတို့က ဘုရားတစ်ရစ် အပြီးတည်လုပ်၏။ မိုးသောက်သော် နှစ်ရစ်ပြီးနေ၏။ ထိုသို့ လူနတ်တို့ ရောနှောဘုရားတည်ကြရာ နတ်တို့၏တန်ခိုးကျဒ္ဒိပါတ်ကြောင့် လူတို့ မူးဝေသွေးယိုစီးခြင်းရောဂါ ဖြစ်ကြ၏။ သိကြားမင်းသည် လေးဘက်မုခ်အဆင်း၌ ကန်လေးခုတည်ထားပြီး နတ်ဆေးခတ်ကာ လူတို့အား ဆေးကြောစေ၏။ ယခု သွေးဆေးကန်တွင်သည်။

* ' သောတာပတ္တိဖိုလ် – သောတာပန်တည်ခြင်း။

* 'ပဋိသမ္ဘိဒါ – ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောဉာဏ်။

စေတီတော်ကြီးအား ရှေးဘုရင်တို့ပူဇော်ကြခြင်း

သာသနာသက္ကရာဇ် (၁၀၁) ခု နန်းစံ သရေခေတ္တရာပြည့်ရှင် ဒုတ္တပေါင်မင်းကြီးသည် မိုလ်ခြေခြွေရံသင်းပင်းတို့နှင့် တိဂုံဆံတော်ရှင်သို့ ကြွရောက်ပြီး ရွှေတံခွန်၊ ငွေတံခွန်၊ ဆီမီးပန်းမန် ရတနာအမျိုးမျိုးဖြင့် ပူဇော်ကာ နေပြည်တော်သို့ပြန်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း ၂၃၆ နှစ် ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးသည် တတိယသင်္ဂါယနာတင်ပြီး ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကိုပင့်ခေါ်၍ စစ်အင်္ဂါလေးပါးစီရင်ကာ မိဖုရား မောင်းမ မိဿံတို့နှင့်တကွ ရွှေတိဂုံစေတီတော်မြတ်အား အဖူးမြော်ရောက်၏။ ရောင်တော်မြတ်များနှင့် ဆံတော်တို့သည် ဌာပနာတိုက်မှထွက်၍ အထက်ကောင်းကင်သို့တက်ပြီး ရောင်ခြည်တော်ခြောက်သွယ်လွှမ်း၏။ ဓမ္မာသောကမင်းကြီးသည် ကြည်ညို လွန်းလှသဖြင့် ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ပုလဲဆိုင်း၊ မြဆိုင်း၊ ရတနာအပေါင်းတို့ဖြင့် ပူဇော်၏။ မှူးမတ်ဗိုလ်ပါသင်းပင်းတို့လည်း ရတနာအဝတ်ပုဆိုးတို့ကို အသီးသီးလှူဒါန်းကြ၏။ ဓမ္မာသောကမင်းကြီးသည် ရွှေစင်အတိပြီးသော ပြာသာဒ်တော်ကြီးကိုဆောက်လုပ်ပြီး လူနတ်ဗြဟ္မာတို့လှူသော ရတနာပစ္စည်းတို့ကို ထားစေ၏။ ထိုနောက်မှ နေပြည်တော်သို့ ပြန်လေ၏။

မြန်မာသက္ကရာဇ် ၄၀၆ ခု၌ ပုဂံပြည့်ရှင်အနော်ရထာမင်းစောသည် ဒဂုန်သို့ချီတက်လာပြီး စေတီတော်ကြီးကို ရွှေထီး၊ ငွေထီး၊ ရွှေတံခွန်၊ ငွေတံခွန်တို့ဖြင့်ပူဇော်၍ နေပြည်တော်သို့ပြန်၏။ အင်းဝဘုရင်မင်းကြီးစွာစော်ကဲသည် ဗိုလ်ခြေ အပေါင်းနှင့် ရေအား၊ ကြည်းအား ချီတက်လာပြီး တိဂုံစေတီတော်ကြီးအား အမျိုးမျိုးသောလှူဖွယ်တို့ဖြင့်ပူဇော်၍ နေပြည်တော်သို့ပြန်လေ၏။

ဒုတ္တပေါင်မင်း၊ အနော်ရထာမင်း၊ မင်းကြီးစွာစော်ကဲတို့သည် ရွှေတိဂုံစေတီတော်ဌာပနာတိုက်မှ ဆံတော်စစ်ကို ပင့်ယူရန် စစ်သည်အပေါင်းနှင့်လာကြခြင်းဖြစ်၏။ ဓာတ်တော်မြတ်၏အာနုဘော်ကြောင့် ဗိုလ်ခြေတို့ပျက်စီးပြီး ပူဇော်၍သာ ပြန်ကြရခြင်းဖြစ်သည်။

ရွှေမင်းဝန်ဦးဘုန်းမြင့် ရေးသားပြုစုသော "မြတ်ရွှေတိဂုံသမိုင်းနှင့် မှတ်သားဖွယ်ရာများ' စာအုပ်မှ

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံနှင့်ပတ်သက်သည့်ရှေးဟောင်းသမိုင်းပုံပြင်

ရှေးလူကြီးများ၏အစဉ်အလာ ပြောဆိုချက်များအရ ရွှေတိဂုံစေတီတော်သို့ အောက်ပါသာသနာပြုမင်းကောင်းမင်းမြတ်များက လာရောက်ဖူးမြော်ကန်တော့ခဲ့သည်ဟု မှတ်သားရပါသည်။

ရွှေတိဂုံစေတီတော်တွင် မင်းသားသုံးကျိပ်နှစ်ယောက်တို့ ရဟန်းပြုကြခြင်း

သဗ္ဗညုမြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော်မူပြီးသည့်နောက် နှစ်လများစွာရှည်ကြာလတ်သော် ဒဂုန်မြို့၌ မင်းသားသုံးကျိပ်နှစ်ယောက်တို့သည် ရဲမက်ဗိုလ်ပါအများနှင့်တကွ ရွှေတိဂုံဆံတော်စေတီတော်ကို ရှိခိုးပူဇော်ဖူးမြော်အံ့သည်ဟု လာကြလတ်သော်၊ ဆံတော်မွေရှင်ဓါတ်မြတ်သည် ညိုသော၊ အောက်မည်းညို မျက်စဉ်းမှုန့်အဆင်းအရောင်ဖြင့် ပြောင်ပြောင်တောက်လျှက်၊ နှစ်သက်ကြည်ညိုဘွယ်ရှိသော ညိုသောရောင်ခြည်တော်ကို လွှတ်တော်မူ၏။ မင်းသားသုံးကျိပ်နှစ်ယောက်တို့သည် ကိုယ်လုံးပီတိ၊ ဂွမ်းဆီထိသို့၊ ပကတိအဟုန်၊ တရားဂုဏ်ကြောင့်၊ လူ့ဘုံ၌မပျော်မွေ့၍၊ သံဝေဂတရားရ၍ သုံးကျိပ်နှစ်ယောက်လုံးရသေ့ချည်း ဖြစ်ကြကုန်လေ၏။ လောကီရှာန်သမာပတ်၊ ဣဒ္ဓိဝိဓတန်ခိုးတို့နှင့် ပြည့်စုံကြလေကုန်၏။ အထူးအထူးသောနာနာရုပ်တို့ကို ဖန်ဆင်းနိုင်ကြကုန်၏။ ရဲမက်ဗိုလ်ပါအပေါင်းတို့သည် ငါတို့သခင် အရှင်မင်းသားတို့သည် ရသေ့ရဟန်းပြုကြကုန်ပြီဟု မြို့သို့ပြန်ကြကုန်၏။ ရသေ့ညီနောင်သုံးကျိပ်နှစ်ယောက်တို့လည်း တောတောင်တက်ဝန်းကျင်၌ သီတင်းသုံးနေထိုင်ကြကုန်၏။ ထိုအခါ ရွှေတိဂုံဆံတော်ရှင် ဘုရားပြိုပျက်၍ ထုံး၊ အင်္ဂတေ၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ဖြင့်စုရုံး၍ ကောင်းမွန်စွာပြုလုပ်တည်ထားလေသည်။

သီရိဓမ္မာသောကမင်းကြီး တိဂုံစေတီတော်သို့ ဖူးမြော်လာရောက်ခြင်း

မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသောနောက် အနှစ် ၂၃၆ ခုသို့ရောက်သောအခါ သီရိဓမ္မာသောကအမည်ရှိသော ဇလစကြဝတေးမင်းသည် တတိယသံဂါယနာတင်ပြီးသောအခါ ရာမညတိုင်း တတိုင်းသုံးရပ်တို့တွင် မွန်ညန့် ဟုဆိုအပ်သော တလိုင်းလူမျိုးတို့နေရာ ပဲခူး၊ ဟံသာဝတီ၊ ဒဂုန်၊ ဥက္ကလာပအရပ်၌ ရှစ်ဆူသောဆံတော်ဓာတ်မြတ်ကို ကိန်းဝပ်တော်မူသော ရွှေတိဂုံစေတီတော်၏ အဘိပသာန္နဖြစ်စေတတ်သော ကျက်သရေမင်္ဂလာ ဘုန်းတော်ဂုဏ်တော်တို့သည် ပျံ့နှံ့ထင်ရှားကျော်စောတော်မူ၍ ရှိခိုးပူဇော်ဖူးမြော်ကန်တော့အံ့သောငှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာအရှင်မြတ်ကို လျှောက်ထားပင့်ခေါ်တော်မူ၍ မှူးမတ်၊ သေနာပတိ၊ စစ်သည်ဗိုလ်ခြေ၊ သေနင်္ဂဗျူဟာ၊ စစ်အင်္ဂါလေးပါးတို့ကိုကျင်းပလျက်၊ တူရိယာငါးပါးတို့ကို တီးမှုတ်ပြီးလျှင်၊ သိန်းသန်းကုဋေ ၊ ဗိုလ်ခြေပရိသတ်တို့နှင့်တကွ သီရိဓမ္မာသောကမင်းကြီးသည် မိဖုရားနှင့် ဆင်ထက်သို့စီးပြီးလျှင် ဗိုလ်ခြေပရိသတ်တို့အလယ် အလွန်တင့်တယ်လျက် ရွှေတိဂုံဆံတော်ရှင်ဘုရားသို့ ထွက်စံမွေ့ယ်တော်မူ၍ ဖူးမြော်တော်မူသည်။ ထို အခါ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်တော်ဖြင့် နေလတို့သည် ငြိမ်းလေကုန်၏။ တိမ်တိုက်တို့သည် ဖုံးအုပ်ကုန်၏။ ခရီးမြေပြင်တို့သည်လည်း ညီညွတ်ကုန်၏။ တောသစ်ပင်တို့သည်လည်း ရှေးထက်လွန်ကဲ၍ သီးပွင့်ကုန်၏။ ရေနေ၊ ကြည်းနေသတ္တဝါတို့သည်လည်း ငြိမ်းပေးကုန်၏။ ထိုတိတ်နိမိတ်တို့ကို မင်းကြီး မြင်သော် အရှင်မောဂ္ဂလိပုတ္တိတိဿမထေရ်မြတ်ကို လျှောက်ထားလေရာ မင်းကြီးထွက်လာ၍ ဘုရားကို ရှိခိုးပူဇော်မည်ရောက်လာသောကြောင့်ဖြစ်သည်ဟု မိန့်တော်မူ၏။ ထိုစကားကိုကြားလျှင် ပီတိသောမနဿ ကိုယ်လုံးတုံမျှစိမ့်၍ ဝမ်းမြောက်ဝမ်းသာဖြစ်လေ၏။ မြေကြောရှု့၍သွားလေသော် တိဂုံဆံတော်ခြေတော်ရင်းသို့ ခဏခြင်းရောက်လေ၏။ ထိုအခါ ဓမ္မသောကမင်းကြီးသည် မိဖုရားနှင့်တကွ ဆင်ပေါ်မှဆင်း၍ စစ်သည်ဗိုလ်ပါတို့နှင့် စခန်းချတော်မူသောခဏ၌ ဆံတော်ဓာတ်မြတ်သည်ဌာပနာတိုက်မှထွက်တော်မူ၍ ထန်းခုနစ်ဆင့်မျှလောက်သောကောင်းကင်ပြင်၌ ညိုသောရောင်ခြည်တော်ကို အံ့ဖွယ်သရဲ လွန်ကဲစွာလွှတ်တော်မူလေ၏။ ထိုအခါ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းတို့သည် စကြဝဠာပြည့်မျှလာကုန်ကြ၍ ပူဇော်သက္ကာရ

www.burmeseclassic.com

www.burmeseclassic.com

ပြုကြကုန်သည်။ သီရိဓမ္မာသောကမင်းကြီးသည် ရောင်ခြည်တော်ကို ကြည်ညိုနှစ်သက်တော်မူ၍ ပဉ္စပတိဋ္ဌိတ ငါးပါးသောရှိခိုးခြင်းဖြင့်ရှိခိုး၏။ ရှိခိုး၍ပြီးသော် ရွှေထီး၊ ငွေထီး၊ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေပန်း၊ ငွေပန်း၊ ရွှေဆီမီးတိုင်၊ ငွေဆီမီးတိုင်၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြက်လျှာ သန္တာဆိုင်း၊ ပုလဲဆိုင်း၊ မြဆိုင်း စသောရတနာအပေါင်းတို့နှင့် မင်း၊ မိဖုရား၊ မှူးမတ်၊ သေနာပတိတို့သည် ရွှေတိဂုံစေတီတော်ကို လက်ယာရစ်လှည့်ပတ်၍ ပူဇော်ကန်တော့ကြကုန်၏။ ရဲမက် ဗိုလ်ပါများတို့လည်း မိမိစိတ်ရှိတိုင်း ဦးရစ်၊ ဖောင်း၊ နားတောင်း၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ဖြင့် ဘုရားရှင်ကို ပူဇော် ကန်တော့ကြကုန်၏။ ထိုအခါ ရွှေတိဂုံဘုရားစေတီ၌ ရတနာအပေါင်းတို့သည် ပြင်ကသာပုံလျက်ရှိသည်ကို မင်းကြီးသည် ရွှေပြာသာဒ်ကြီးစွာဆောက်၍ ရတနာအပေါင်းတို့ကို နေမိုးမပူရမစွတ်ရအောင် ရုံးစုထားတော်မူ၏။ သီရိဓမ္မာသောက မင်း ကြီးသည် ပူဇော်သက္ကာရများစွာပြုပြီးသော် ဘုရားရှင်ကိုပန်ကြား၍ ပြည်တော်သို့ပြန်လေ၏။

ဒွတ္တပေါင်မင်းကြီးပူဇော်လာခြင်း

ထို့နောင်မှ သရေခေတ္တရာပြည်ကြီးသခင်၊ ဘုရင်ဒွတ္တပေါင်မင်းကြီးသည် ရွှေတိဂုံဆံတော်ရှင်ဓာတ်မြတ်၏ အကြောင်းကို ရှေးလူတို့ပြောဆိုကြသော ဥဒါန်းစကားဖြင့်ကြားသိရပြီးသော် စစ်သည်ဗိုလ်ပါဆင်မြင်းအစရှိသော မင်း၏တန်ဆာ ကိရိယာနှင့်တကွ ကောင်းကင်ကိုပျံသွားတတ်သောသူရဲကောင်း၊ မြေကြီးကိုလျှိုး၍သွားတတ်သောသူရဲကောင်း အမြောက် သေနတ်၊ ဓား၊ လှံ၊ ဒိုင်း၊ လွှား၊ ပေါက်တူး၊ တူးရွင်း၊ ဆောက်၊ တံစဉ်း၊ ဓားမောက်ဓားမ စသည့်အလုံးစုံပြည့်စုံစွာလျက် ဗိုလ်ခြေတစ်သိန်းနှင့်တကွ ဆံတော်ဓာတ်မြတ်ကိုယူအံ့ဟူ၍ ရေကြောင်း၊ ကြည်းကြောင်းချီသည့်နေ့ကစ၍ပင် လေကြီးမိုးကြီး ပြင်းထန်စွာလာလတ်၍ လျှပ်စစ်လျှပ်နွယ်တို့သည် ပြိုးပြိုးပြက်ပြက်ရှိကုန်၏။ မြေကြီးလျှင် ပဲ့တင်ထပ်မျှလှုပ်၏။ ထိုအခါ တောတောင်ထက်ဝန်းကျင်တို့၌ သစ်ပင်ကြီးတို့လည်းကျိုးပဲ့ပျက်စီးကုန်၏။ တောင်ကြီးကမ်းကြီးတို့သည်လည်း ပြိုကုန်၏။ ရေနေကြည်းနေသတ္တဝါအပေါင်းတို့သည်လည်း ကိုက်ခဲဆိတ်ဆွသကဲ့သို့ရှိကုန်၏။ ဒွတ္တပေါင်မင်းကြီးသည် ဗိုလ်ပါနှင့်တကွ ထိုတိတ်နိမိတ်ကိုမြင်၍ ကြောက်လန့်ခြင်းပြင်းစွာရှိကြကုန်၏။ ထိုအခါ မင်းကြီး၏ဗိုလ်ပါရဲမက်တို့သည် လွင့်ပျောက်မျောပါလေသည်။ ဗိုလ်ခြေတစ်ထောင်စုလျှင် တစ်စုမျှမထင်ပျောက် လွင့်မျောပါလေ၏။ မင်းကြီးနှင့်ကြွင်းသသူသာ ကြွင်းချေသည်။ မင်းကြီးလည်း ကြွင်းကျန်သူလူပရိတ်သတ်တို့နှင့် စုရုံးတိုင်ပင်၍ ဘုရားရှင်ဆံတော်ဓာတ်ကို ရွှေထီး၊ ငွေထီး၊ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေပန်း၊ ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေဆီမီးတိုင်၊ ငွေဆီမီးတိုင်၊ စိန်ဆိုင်း၊ မြဆိုင်း၊ ပုလဲဆိုင်းတို့ဖြင့် ရွှေတိဂုံဆံတော်စေတီတော်ကို လက်ယာရစ်သုံးပတ်လှည့်၍ ပူဇော်ကန်တော့ပြီးလျှင် သရေခေတ္တရာပြည်သို့ ပြန်လေ၏။

အနော်ရထာမင်းစောပူဇော်လာခြင်း

အရိမဒ္ဒနာပုဂံပြည်ကြီးသခင် ဘုရင်နော်ရထာမင်းစောသည် ရွှေတိဂုံဆံတော်ရှင်အကြောင်းကိုကြားသိတော်မူ၍ ပင့်ယူမည်ဟု စစ်အင်္ဂါလေးပါးကို စီရင်ကျင်းပပြီးလျှင် အထူးထူးသောလက်နက်ကိရိယာ ဓားမ၊ ပုဆိန်၊ ပေါက်တူး၊ တူးရွင်း ပဲခွပ်၊ သံတူ၊ တံစဉ်း၊ လက်ရိက်နှင့်ပြည့်စုံစေလျက် ဗိုလ်ခြေတစ်သိန်းနှင့်တကွ ရေကြောင်းကြည်းကြောင်းသို့ချီလာ၍ ဆံတော်စေတီသည် သည်အရပ်တွင်မှန်ပြီ။ မင်းကြူ၌ချသောစခန်းသည် အက္ခရာရှေ့၍ လိပ်ဆူတိုင်ဟုခေါ်တွင်၏။ မင်းကြူတိုင်အရပ်တွင် တဲတပ်စခန်းချသောခဏ၌ မိုးကြိုး၊ လောင်မီး၊ ကျောက်စရစ်ခဲ၊ အိုးခြမ်းကွဲတို့သည် ကောင်းကင်မှ ရိုးရိုးချက်ချက်ကျ၏။ နတ်တို့သည် နတ်တို့၏လက်နက်ဖြင့်လွှတ်ကုန်၏။ နတ်ရဲ၊ ဘီလူးရဲ၊ သားရဲသတ္တဝါအပေါင်းတို့သည် လည်း ကိုက်ခဲဆိတ်ဆွသကဲ့သို့ အံသွားတကြိတ်ကြိတ်ပြကုန်၏။ ညဥ့်နေ့မသိ မှောင်ကြီးအတိဖြစ်လတ်သော် ထိုသို့သော တိတ်နိမိတ်ကိုမြင်၍ ကြောက်ထိတ်လန့်ခြင်းပြင်းစွာရှိကြကုန်လျက် လွင့်ပါးပျောက်ပျက်သောသူတို့သည် ဗိုလ်ခြေတစ်သိန်း ကို အစုတစ်ထောင်စုသော် တစ်စုမျှမထင်လွင့်ပါးလေကုန်၏။ မင်းကြီးနှင့်တကွ ကြွင်းသသူသာကြွင်းသည်။ ကြွင်းသရွေ့ သောသူတို့သည် နော်ရထာမင်းစောနှင့်တိုင်ပင်၍ ရွှေတိဂုံဆံတော်စေတီကို ရွှေထီး၊ ငွေထီး၊ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေပန်း၊ ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေဆီမီးတိုင်၊ ငွေဆီမီးတိုင်၊ စိန်ဆိုင်း၊ မြဆိုင်း၊ ပတ္တမြားဆိုင်းဟူသော ရတနာအပေါင်းတို့ဖြင့် ဆံတော်ရှင်စေတီတော်ကို လက်ယာရစ်သုံးပတ်လှည့်၍ အရှေ့မြောက်ထောင့်ကနေပြီးလျှင် မင်းကြီးနှင့် ကြွင်းသရွေ့ဗိုလ်ခြေတို့သည် ပူဇော်ကန်တော့ကြကုန်ပြီးလျှင် နေပြည်တော်သို့ပြန်တော်မူ၏။

www.burmeseclassic.com

အင်းဝဘုရင်မင်းကြီးစွာစော်ကဲပူဇော်လာခြင်း

ရတနာပူရအဝပြည်ကြီးသခင် ဘုရင်မင်းကြီးစွာစော်ကဲသည် ရွှေတိဂုံဆံတော်ရှင်ဘုရား၏ ကြည်ညိုဖွယ်သော အကြောင်းအထွေထွေပတ္တိကို ကြားသိတော်မူ၍ ဆံတော်ဓာတ်ကိုယူမည်ဟူ၍ စစ်သည်ဗိုလ်ပါများစွာသောသူရဲကောင်းတို့နှင့်တကွ လက်နက်ကိရိယာပြည့်စုံစွာလျက် ရေကြောင်းကြည်းချီလာ၍ ဘုရားရှင်ကို သည်အရပ်ကကြည့်လျှင် အတိုင်းသားမြင်၏။ သည်အရပ်၌ မင်းကွန်းတဲနန်းတပ်စခန်းချလေဟူသောစကားကို အကြောင်းပြု၍ ထိုအရပ်ကိုစကားရှေ့၍ (ကြည့်မြင်တိုင်း) ကို (ကြည့်မြင်တိုင်) ဟု ယခုထက်တိုင်တွင်သတည်း။ တဲတပ်စခန်းချလျှင်ပင် မုန်တိုင်း၊ လေဖွေ၊ မိုးကြိုး၊ လောင်မီး၊ ကျောက်စရစ်၊ အိုးခြမ်းတို့သည် ကောင်းကင်အထက်က အလိုလိုကျကုန်၏။ ကောင်းကင်ထက်က အသံလည်းသဲ၊ မြေကြီးကွဲမှု ဖြစ်ကုန်၏။ နတ်ရဲ၊ ဘီလူးရဲ၊ သားရဲ၊ ငါးရဲ၊ ရေနေ၊ ကြည်းနေ၊ သတ္တဝါအပေါင်းတို့သည် ကိုက်ခဲဆိတ်ဆွဲအံသွားပြလျက် ရှိကုန်၏။ နေ့ညဥ့်မသိ၊ မှောင်အတိဖုံးအုပ်၍ မုန်တိုင်း၊ လေကြီးလာသောကြောင့် မင်းကြီးဆောင်းသောထီးဖြူသည်လွင့်၍ ချောင်းဆုံမှာကျလေ၏။ ထီးလွင့်ကျသောအရပ်ကိုလည်း ထီးကျချောင်းဟူ၍တွင်၏။ ထီးကျချောင်းကသည် စကားရွေ့၍ ပန်းတရော်ဟုတွင်လေသည်။ ပန်းတရော်က ရွေ့၍ ပန်းလှိုင်ဟုတွင်လေသည်။ ထီးကျရာအရပ်က ထီးလက်ပျက်စီး၍မျောလေသော် ထီးလက်တို့သည် တစ်တိုင်လောက်မက ရောက်လေသတည်း။ ထိုမင်း၏ ဗိုလ်ခြေစစ်သည်တွေ လွင့်ပါးလေသည်ကား ဗိုလ်ခြေတစ်သိန်းကို အစုတစ်ထောင်စုသော် တစ်စုမထင်လွင့်ပါးလေကုန်၏။ မင်းကြီးစွာစော်ကဲလည်း ရကွင်းသရွေ့ ဗိုလ်ခြေတို့နှင့်စုရုံးတိုင်ပင်၍ ဆံတော်စစ်စေတီကို ရွှေထီး၊ ငွေထီး၊ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေပန်း၊ ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေဆီမီးတိုင်၊ ငွေဆီမီးတိုင်၊ သန္တာဆိုင်း၊ ပုလဲဆိုး၊ ပတ္တမြားဆိုင်း ရတနာပေါင်းတို့ဖြင့် စေတီတော်ကို လက်ယာရစ်လှည့်၍ အနောက်မျက်နှာက ပူဇော်ပြီးလျှင် ရတနာပူရအင်းဝနေပြည်တော်သို့ ပြန်ရောက်တော်မူသည်။

ရွှေတိဂုံသမိုင်းဓေတ်သစ်စာအုပ်မှကောက်နုတ်ချက်

ရှေးဘုရားသုံးဆူတို့၏ ပရိဘောဂများ

ရွှေတိဂုံစေတီတော်ကြီးတွင် ဂေါတမမြတ်စွာဘုရား၏ဆံတော်များနှင့်တကွ ရှေးဘုရားသုံးဆူတို့၏ဓာတ်တော်များကို ဌာပနာထားသည်ဆိုရာတွင် သမိုင်းကျမ်းတစ်ခုနှင့်တစ်ခု အဆိုမညီကြပေ။ ရွှေတိဂုံသမိုင်းဟောင်းတွင် ကကုသန်ဘုရားရှင်၏တောင်ဝှေး၊ ကောဏာဂုံဘုရားရှင်၏ ရေစစ်၊ ကဿပဘုရားရှင်၏ ရေသနုပ်ဟူ၍ဆိုသည်။ မှန်နန်းရာဇဝင်စေတီတော်သမိုင်းပေါင်းချုပ်တွင် ရေသနုပ်၊ တောင်ဝှေး၊ ရေစစ်ဟူ၍လည်းကောင်း၊ ရေသနုပ်၊ ရေစစ်၊ တောင်ဝှေးဟူ၍လည်းကောင်း၊ တောင်ဝှေး၊ ရေစစ်၊ ရေသနုပ်ဟူ၍လည်းကောင်း တစ်နေရာတွင်တစ်မျိုး အစီအစဉ်ကွဲပြားလျက်ဖော်ပြသည်။ ဘုရားရှင်တို့၏ အမည်နာမတော်များနှင့်ယှဉ်၍ကား ဖော်ပြခြင်းမရှိ။

ဟံသာဝတီထုတ် ရွှေတိဂုံသမိုင်းမှတ်တမ်းတွင် စဉ့်ပါဆရာတော်၏ မေတ္တာစာကိုညွှန်း၍ ကကုသန်ဘုရားသခင်၏ တောင်ဝှေး၊ ကောဏာဂုံဘုရားသခင်၏ ဓမကရိုဏ်ရေစစ်၊ ကဿပဘုရားသခင်၏ ရေသနုပ်သင်္ကန်းတော်ဟူ၍ဆိုသည်။ ဝန်ကြီး ပဒေသရာဇာ၏ ရွှေတိဂုံသမိုင်းဧကပိုဒ်တွင် "တောင်ဝှေး ရေစစ်၊ သင်္ကန်းဖြစ်ဟု၊ တံတစ်မော်ကွန်း၊ အစဉ်ထွန်းရှင့်" ဟုဆိုသည်။ ကုန်းဘောင်ဆက်မြန်မာရာဇဝင်ကြီးတွင် အထက်ဘုရားသုံးဆူတို့၏အမည်အစဉ်အားဖြင့် ရေစစ်၊ ရေသနုပ်၊ တောင်ဝှေးတော်ဟူ၍ပြသည်။ ရွှေတိဂုံမို့ (ပေမူ) တွင် ကကုသန်၊ ကောဏာဂုံ၊ ကဿပဟူသော မြတ်စွာဘုရားသုံးဆူတို့၏ အမည်နှင့်ယှဉ်လျက် ဓမကရိုဏ်ရေစစ်၊ တောင်ဝှေး ရေသနုပ်ဟူ၍ဆိုသည်။ စွယ်စုံတော်ထင်ကျမ်းတွင် ဘုရားသုံးဆူတို့ ၏ တောင်ဝှေးတော်၊ ဓမကရိုဏ်တော်၊ ရေသနုပ်တော်ဟူ၍ အစဉ်အတိုင်းပြသည်။ ရွှေလှံတောင်ဆရာတော်၏ ရွှေတိဂုံသမိုင်းသစ်တွင်—

> သိဂုတ္တရေ မနောရမ္မေ၊ ပဌမံကကုသန္ဓဿ သုဝဏ္ဏဒဏ္ဍံ၊
> ဒုတိယံ ကောဏာ ဂမနဿ ပရိဿာဝနံ၊ တတိယံ ကဿပဿ သုဝဏ္ဏ စီဝရံ၊
> စတုတ္ထံ ဂေါတမနဿ ကေသ ဓာတုယော။

www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ပါရှိသည်။ မည်သည့်ပုဂ္ဂိုလ်ရေးသားသည်ဟု မပါ။ "ရှေးပေါရာဏဆရာတော်များ ရှိနိုးကြသော"ဟုသာ ဆိုသည်။ စာတော်ပြန်ဆရာသိမ်းကမူ ဤဂါထာကိုပင် မောင်းထောင်ဆရာတော်၏ တိဂုမ္ဘထောပနာဂါထာဟုဆိုသည်။ အနက်မှာ—

မနောရမ္မေ၊ နှလုံးမွေ့လျော်၊ ပျော်ဖွယ်ရာရှိသော။ သိင်္ဂုတ္တရေ၊ သိင်္ဂုတ္တရ နာမတွင်ခေါ်၊ တောင်ကုန်း၌။ ပဌမံ၊ ရှေးဦးစွာ။ ကက္ကုသန္ဓဿ၊ ကက္ကုသန်မြတ်စွာဘုရား၏။ သုဝဏ္ဏဒဏ္ဍံ၊ ရွှေဖြင့်ပြီးသောတောင်ဝှေးတော်ကိုလည်းကောင်း။ ဒုတိယံ၊ နှစ်ကြိမ်မြောက်သော။ ကောဏာဂမနဿ၊ ကောဏာဂုံမြတ်စွာဘုရား၏။ ပရိဿာဝနံ၊ ရေစစ်ဓမကရိုဏ်တော်ကိုလည်းကောင်း။ တတိယံ၊ သုံးကြိမ်မြောက်ဖြစ်သော။ ကဿပဿ၊ ကဿပမြတစွာဘုရား၏။ သုဝဏ္ဏစီဝရံ၊ ရွှေဖြင့်ပြီးသော ရေသနုပ်တော်ကိုလည်းကောင်း။ စတုတ္ထံ၊ လေးကြိမ်မြောက်သော။ ဂေါတမဿ၊ဂေါတမမြတ်စွာဘုရား၏။ ကေသဓာတုယော၊ ဆံတော်ဓာတ်တို့ကိုလည်းကောင်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဆယ်ချောင်းလက်စုံရှိကြာမုံဖြင့် ကြည်ရုံစေတနာ ရှိခိုးပါ၏။

ရွှေလုံတောင်ဆရာတော်ကလည်း အဆိုမညီကြစေကာမူ မြတ်စွာဘုရား၏ ပရိဘောဂအသုံးအဆောင်ချည်းဖြစ်၍ ရှိခိုးပူဇော်အပ်တော့သည်ဟု မှာဆိုသည်။

သိကြားမင်းနှင့် မယ်လမု

ဘုရားဖူးသည် ထိုမှနေ၍ လက်ျာဖက်ရှိ စေတီတော်ပန်းတင်ခုံအနီးသို့ ချဉ်းကပ်ခဲ့ပါက ပထမပစ္စယာ ထောင့်ဒုရင်တွင် ချိတ်ဆွဲထားသောအရုပ်နှစ်ရုပ်ကို တွေ့ရမည်။ ယင်းမှာ သိကြားမင်းနှင့် မယ်လမုတို့၏ ရုပ်တုများဖြစ်သည်။ ရွှေတိဂုံစေတီကိုတည်သော ဥက္ကလာပမင်းကြီးသည် သိကြားမင်းနှင့် မယ်လမုတို့ သင့်မြတ်၍ မွေးဖွားသောသားဖြစ်သည်ဟူသော ဘုရားသမိုင်းပါအချက်ကို သရုပ်ဖော်ထားခြင်းဖြစ်သည်။

ဘုရားကြီး၏အနောက်၊အနောက်တောင်ထောင့်မှ သိကြားမင်း (အထက်) နှင့် မယ်လမု (အောက်) တို့၏ ရုပ်ထုများပုံ

www.burmeseclassic.com

www.burmeseclassic.com

ဥက္ကလာပမင်းကြီးရုပ်တု

အနောက်ဖက်မုခ် မုခ်ဦးအာရုံခံတန်ဆောင်းမှ မြောက်ဖက်ဘောလေကားထစ်များကို ဆင်းသက်လိုက်သည်နှင့် စေတီတော်ခြေရင်းနှင့် ကြာသပတေးဂြိုဟ်တိုင်ကို တွေ့ရပေမည်။ ဂြိုဟ်၏အမှတ်အသားကား ကြွက်ဖြစ်၏။ ယင်းဂြိုဟ်တိုင်မှ မြောက်ဖက်သို့ဆက်၍လျှောက်လျှင် စေတီတော် ပထမ ပစ္စယာထောင့်ဒုရင်တစ်နေရာ၌ ဥက္ကလာပမင်းကြီး၏ရုပ်တုကို လက်ျာဖက်၌ တွေ့ရမည်။ ဥက္ကလာပမင်းကြီးသည် စေတီတော်၏ မူလဒါယကာဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

သာသနာစောင့်နတ်မင်းကြီးများနှင့် ဘုရားမြတ်ရွှေတိဂုံ

ဥက္ကလာပမင်းကြီးသည် ဆံတော်မြတ်ကို စေတီတည်ရန်အတွက် မှူးမတ်သေနာပတိအစုံအညီဖြင့် စည်းဝေးတော်မူ၏။ တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦးတို့အားလည်း မြတ်ဘုရား၏မိန့်ကြားတော်မူအပ်သည့် ဗျာဒိတ်စကားကို မေးမြန်းတော်မူ၏။ ထိုအခါ ညီနောင်နှစ်ယောက်တို့က ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားသုံးဆူ၏ ပရိဘောဂအသုံးအဆောင်များတည်ရှိရာ 'သိင်္ဂုတ္တရ' ကုန်းတော်တွင် စေတီတည်ထားရမည်ဖြစ်ကြောင်း လျှောက်ထားကြကုန်၏။

ဒဏ္ဍာရီသမိုင်းကြောင်းအရ ဥက္ကလာပမင်းကြီးသည် သိင်္ဂုတ္တရကုန်းမြေနေရာကို ရှာ၍မတွေ့သဖြင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များက ကူညီရှာဖွေပေးကြရန် ပူဇော်၍တောင်းခံသည်။ ထိုအခါ သိကြားမင်းလာရောက်၍ သိင်္ဂုတ္တရကုန်းမြေနေရာကိုညွှန်ပြသည်။ သို့သော် ရှေးဘုရားရှင်တို့၏ ပရိဘောဂဓာတ်တော်များတည်ရှိသောနေရာကို မသိသဖြင့် သူ့ထက် အသက်ကြီးသော ရေသဖန်းပင်စောင့်နတ်ကိုပေးမည်ဆို၍ မေးလေသည်။ ရေသဖန်းပင်စောင့်နတ်ကလည်း သူ့အသက်မှာ အန္တရကပ်ထက်ဝက်သာရှိသေးသည်။ သူမသိနိုင်ကြောင်း သူ့ထက်အသက်ကြီးသော နတ်ကြီးများကိုမေးသင့်ကြောင့် သိကြားမင်းအား အကြောင်းကြားလေသည်။ သိကြားမင်းလည်း အန္တရကပ်သုံးကပ်ခွဲမျှအသက်ရှည်သော ဆူးလေနတ်ဘိုးဘိုးကြီး ရောဟဏီဗိုလ်တစ်ထောင်နတ်ကြီး၊ ဒက္ခိဏာသက်န်းကျွန်းနတ်ဘိုးဘိုးကြီး၊ အမြိဿခေါ် မော်ဘီဘိုးဘိုးကြီးတို့ထံ စုံစမ်းလေသည်။ နတ်ကြီးများတွင် ဆူးလေနတ်ကြီးသည် အသက်အကြီးဆုံးဖြစ်၏။

ဆူးလေနတ်ကြီးသည် ကကုသန်ဘုရားရှင်လက်ထက်၌ ဘီလူးဖြစ်ဖူး၏။ နေ့စဉ် ဆင်တစ်ကောင်ကျစား၏။ တစ်နေ့သ၌ စားသောက်ရန်အစာကို မွတ်သိပ်စာလောင်စွာရှာဖွေနေစဉ် ကကုသန်မြတ်စွာဘုရားနှင့်တွေ့၏။ ဘုရားကိုပင်စားမည်ကြံ၏။ ကကုသန်မြတ်စွာဘုရားက သူ့အားတားမြစ်ဆုံးမတော်မူ၏။ ဘီလူးသည် သံဝေဂရ၏။ ထိုအခါ မြတ်စွာဘုရားက ခုနစ်နှစ်မျှငါးပါးသီလမြဲရန် ဝန်ခံကတိကိုတောင်း၏။ ဘီလူးလည်း ခုနစ်နှစ်ကားများလွန်း၏ဟု တုံ့ပြန်လျှောက်ထား၏။ သို့ဖြစ်လျှင် ငါးပါးသီလကို (၇) ရက်မျှဆောင်တည်ရန် ဘုရားကဆုံးမတော်မူပြန်၏။ ဘီလူးလည်း ငါးပါးသီလကိုဆောက်တည်ရန် ဝန်ခံ၏။ ထိုအခါ ဘီလူးအကျွတ်တရားရသည်။ ကကုသန်မြတ်စွာဘုရား၏ တပည့်သားအဖြစ်တည်သည်။ မြတ်စွာဘုရားရှင်သည် ဘီလူးအား မိမိ၏တောင်ဝှေးကို ပေးသနားတော်မူခဲ့လေသည်။ ထိုဘီလူးသည် ဆူးလေနတ်ကြီးဖြစ်လာလေသည်။ ထိုတောင်ဝှေးကို သိင်္ဂုတ္တရကုန်း ရွှေကညင်ပင်ကြီးအောက်မှာ မြှုပ်ထားကြောင်းဆိုထားသည်။

ထို့နောက် ရောဟဏီနတ်ကြီးက ကောဏာဂုံမြတ်စွာဘုရားလက်ထက်က ဘီလူးအဖြစ်နဲ့ ဖူးမြင်ခွင့်ရရှိပြီး မြတ်စွာဘုရားပေးသနားသဖြင့် ရေစစ်ဓမ္မရိတ်ကိုရရှိခဲ့ကြောင်း ရွှေကညင်ပင်အောက်မှာပင် ဘုရားဗျာဒိတ်တော်အရမြှုပ်ထားကြောင်းဆိုသည်။

ဒက္ခိဏနတ်ကြီးကလည်း ကဿပဘုရားပွင့်တော်မူစဉ် ဘီလူးအဖြစ်ဖြင့် အကျွတ်တရားရသဖြင့် မြတ်စွာဘုရားက ရေသနုပ်တော်ကိုချီးမြှင့်၍ ရရှိခဲ့ကြောင်း၊ ဗျာဒိတ်အရ ရွှေကညင်ပင်ကြီးအောက်မှာပင်မြှုပ်ထားကြောင်း ဆိုထားပါသည်။

ထို့နောက် အမြိဿအမည်ရသောမော်ဘီနတ်ကြီးက ငါသည်မြတ်စွာဘုရား၏ဆံတော်ကို စောင့်ရှောက်ရမည့်သူဖြစ်သည်ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆူးလေဘိုးဘိုးကြီး

www.burmeseclassic.com

www.burmeseclassic.com

သယ်နိုးကျွန်း
(ကျိုက္ကဆံ) ဘိုးဘိုးကြီး

www.burmeseclassic.com

www.burmeseclassic.com

မိုလ်တစ်ထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီနှင့် ရွှေတိဂုံစေတီတော်

ဥက္ကလာမင်းကြီးသည် တဖုဿနှင့် ဘလ္လိကညီနောင်တို့ ဆံတော်ပင့်တော်မူရာ မိုလ်တစ်ထောင်နှင့် ဆင်း၍ကြိုသည်ကို အစွဲပြု၍ မိုလ်တစ်ထောင်ရပ်ဟု မည်တွင်လေသည်။ ဘုရားတည်ပြီးသောအခါ အရပ်ကို အစွဲပြုပြီး မိုလ်တစ်ထောင်ဘုရား ဆံတော်ကိုဦးစွာတည်ထားကိုးကွယ်သောကြောင့် ဆံတော်ဦးစေတီ မွန်ဘာသာဖြင့် ကျိုက်ဒေးအပ်ဘုရား ကျိုက်သည်ဘုရား၊ ဒေး–လဒေး၊ အဘိုးကြီးအပ်တောင်းဆိုသည်။ အဘိုးကြီးများ ဆံတော်တောင်းသည့်ဘုရားဟု အဓိပ္ပါယ်ရသည်။ ဥက္ကလာမင်းကြီးသည် ၎င်းနေရာကို နောင်အမှတ်တရဖြစ်စေခြင်းငှါ ဘုရားတည်ထားကိုးကွယ်လေသည်။ အင်္ဂလိပ်,ဂျပန်စစ်အတွင်းက ဗုံးကျ၍ပြိုပျက်လေသည်။ စေတီတော်ပြန်လည်တည်ဆောက်ရေးအဖွဲ့က ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က ပန္နက်ချပြီး ထပ်မံတည်ပြန်သည်။ နှစ်စဉ်ပွဲတော်ကျင်းပသည်။ (သာသနာ ၂၃၅ ခုနှစ်တွင် ရှင်ယသအမှူးရှိသော ရဟန်းရှစ်ပါးတို့ ပင့်ဆောင်လာသောဆံတော်နှင့် ဓာတ်တော်များအနက် ဆံတော်တစ်ဆူနှင့် ဓာတ်တော်နှစ်ဆူကို ရွှေတိဂုံစေတီမှ တာတစ်ထောင်ကွာ မြစ်ကမ်းပါး၌ တည်ထောင်ခြင်းဖြစ်သည် ဟုလည်းဆိုသည်။



ဆံတော်ကြိုစေတီ

ဥက္ကလာပမင်းကြီး တဖုဿ၊ ဘလ္လိကညီနောင်တို့နှင့် ပရိသတ်တို့သည် ဆံတော်မြတ်ပြာသာဒ်ကို ကုန်းထက်ရှိရာ ထမ်းဆောင်လာရာ ယခုဘုရားလမ်း၌ စောင့်နေကြသော ပရိသတ်တို့က ဆီးကြိုထမ်းယူကြသည်။ ၎င်းနေရာကို ဥက္ကလာပမင်းကြီး ဆံတော်ကြိုစေတီ တည်လေသည်။

တန့်တော်မူစေတီ

ထိုမှတစ်ဖန် ပင့်ဆောင်ကြရာ ကုန်းတော်ခြေရင်း အနီးရောက်ကာလ ဆံတော်မြတ်ပြာသာဒ်တန့်ရပ်ပြန်သည်။ ထိုနေရာကို ဥက္ကလာပမင်းကြီးသည် တန့်တော်မူစေတီတည်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော်မှစိတ်ဝင်စားစရာမှတ်တမ်းများ
တဖုဿနှင့်ဘလ္လိကနှင့်ပတ်သက်၍

တဖုဿနှင့် ဘလ္လိကတို့သည် မြတ်စွာဘုရားတို့၏ တပည့်သာဝကတို့တွင် ရှေးဦးသရဏဂုံ တည်သူများဖြစ်ကြသည်။

တေဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပဌမံ သရဏံ ဂစ္ဆန္တာနံ ယဒိဒံ တဖုဿ၊ဘလ္လိက ဝါဏိဇာ။ (အင်္ဂုတ္တရနိကာယ တေဒဂ္ဂဝဂ်)

ဘိက္ခဝေ၊ ရဟန်းတို့သည် ပဌမံ၊ ရှေးဦးစွာ၊ သရဏံ၊ သရဏဂုံသို့။ ဂစ္ဆန္တာနံ၊ ကပ်ရောက်ကုန်သော။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ ဥပါသကာနံ၊ ဥပသကာတို့တွင်။ ယဒိဒံ–ယေဣမေ တဖုဿ၊ဘလ္လိက ဝါဏိဇာ၊ အကြင် တဖုဿဘလ္လိက ကုန်သည်တို့သည်။ အတ္တိရှိကုန်၏။ တေ၊ ဧတေ။ ထို တဖုဿ ဘလ္လိကတို့သည်။ အဂ္ဂ– အဂ္ဂါ၊ အဦးအမြတ်ဆုံးပေတည်း။

ကုန်သည်ညီနောင်နှစ်ယောက်တို့တွင် တဖုဿ၏အမည်မှာ တပဿ၊ တပဿု၊ တပသ၊ တပုဿ၊ တဖုဿ ဟူ၍ အမည်ကွဲများရှိကြောင်း တောင်ပေါက်ဆရာတော်၏ ဗုဒ္ဓသာသနိက ပထဝိဝင်ကျမ်း (စာမျက်နှာ ၁၇၅)၌ ပါရှိသည်။

တဖုဿနှင့် ဘလ္လိကတို့သည် ရာမညတိုင်း၊ ဥက္ကလာပ ဇနပုဒ်၊ ပေါက္ခရဝတီမြို့ (ဝါ) အသိဉ္စန –နဂိုရ်မြို့မှ ဖြစ်သည်ဟု ရွှေတိဂုံဘုရားသမိုင်းများတွင်ဆိုသည်။

တဖုဿနှင့် ဘလိကတို့၏ဒေသကို **ဝိနည်းမဟာဝါ ပါဠိတော်** (ဆဋ္ဌမြန်မာပြန်) **ဝိနည်းမဟာဝါအဋ္ဌကထာ** (နိဿယ) **ဇာတတ္တကီ** တို့တွင် ဥက္ကလာ ဇနပုဒ်ဟုဆိုသည်။ **ကောဂုတ္တိုအဋ္ဌကထာတွင်** "အသိတဥ္ဇန" **ကေနိပါတ်ဇာတ်အဋ္ဌကထာတွင်** "ဥက္ကလာဇနပုဒ်" ဟူ၍ဆိုသည်။

သာသနာလင်္ကာရစာတမ်းတွင် "ဥက္ကလာဇနပုဒ် အသိတဥ္စနမည်သော ပေါက္ခရဝတီမြို့" ဟူ၍ဆိုသည်။ ထေရာဘာသာပြန်တွင် "ပေါက္ခရဝတီမြို့"၊ သုဓမ္မဝတီဗုဒ္ဓဝင်တွင် "ဥက္ကလာဇနပုဒ်၊ ပေါက္ခရဝတီမြို့" ဟူ၍လည်းကောင်း၊ ရွှေလုံတောင်ဆရာတော်၏ **ရွှေတိဂုံသမိုင်းသစ်တွင်** "ရာမညတိုင်း ဥက္ကလာဇနပုဒ်၊ ပေါက္ခရဝတီမြို့" ဟူ၍လည်းကောင်း၊ **ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တွင်** "ပေါက္ခရဝတီအမည်ရှိ အသိတဥ္စနမြို့" ဟူ၍လည်းကောင်းဆိုသည်။

မွန်ရာဇဝင်စေတီတော်သမိုင်းပေါင်းချုပ်တွင် ဥက္ကလာပပြည်၏တောင်ဘက် ပေါက္ခရဝတီမြို့သား" ဟုဆိုသည်။ ဆရာကူး၏ **ရွှေမော်ဓောရာဇဝင်သမိုင်းတွင်** ဥက္ကလာပမြို့ ကောက္ကွန်းရွာသားများဖြစ်သည်။ မိဘများမှာ ထိုရွာမှ မောင်သကာလဲ၊ မယ်သကာပ်တို့ဖြစ်သည်။ မောင်သကာလဲသည် ချမ်းသာကြွယ်ဝသဖြင့် ဥက္ကလာပမင်းကြီးက သုဝဏ္ဏသူဌေးဘွဲ့ပေးသည်။ ထိုသူဌေးလင်မယားမှ သားနှစ်ယောက်မွေး၍ တစ်ယောက်မှာ တပု၊ ကျန်တစ်ယောက်မှာ တပေါဟု မွန်ဘာသာဖြင့်တွင်သည်။ ဗန္ဓုဝမြို့တွင် ဆန်ရှား၍ သင်္ဘောဖြင့် ကုန်ရောင်းသွားရာမှ ဘုရားရှင်ကို ဖူးတွေ့ရပြီး ဘုရားရှင်က ဆံတော်လေးဆူစီ ပေးသနားရင်း အစ်ကို တပုအား တဖုဿဟူ၍လည်းကောင်း၊ ညီတပေါအား ဘလ္လိကဟူ၍လည်းကောင်း အမည်ပေးတော်မူသည်ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံကျောက်စာ (မြန်မာဘာသာ) မြောက်ဘက်မျက်နှာ စာကြောင်းရေ ၂၅-၂၆ တွင် "ရာမည အရပ်၌ ပေါက္ခရဝတီဟူသော အသိဋ္ဌတနနဂိုမ်မည်သောပြည်၌ နေထိုင်သော တဖုဿ၊ ဘလ္လိကမည် သောညီအစ်ကိုဖြစ်ထသော ကုန်သည်နှစ်ယောက်"ဟူ၍ ရေးသားထားသည်။ ထိုညီနောင်တို့သည် ရှေးဦးစွာ သရဏဂုံတည်သူများတွင် ဧတဒဂ်ရကြောင်း ဘုရားသခင် ရာဇဂြိုဟ်ပြည်၌နေတော်မူလတ်သော်ရာဇဂြိုဟ် ပြည်သို့ပြန်၍ ဘုရားသခင်၏ တရားကိုနာရသဖြင့် အစ်ကိုတဖုဿသည် သောတာပန်ဖြစ်၍ ညီဘလ္လိကသည် ရဟန္တာဖြစ်ကြောင်းတို့ကို တောင်ဘက်မျက်နှာကြောင်းရေ ၃၆-၃၉ တွင် ရေးသားထား၏။ အဆုံးပိုင်းမှာ ကျိုးပဲ့နေသဖြင့် ဖတ်၍မရပေ။ **ရွှေတိဂုံကျောက်စာ** (မွန်ဘာသာမှ မြန်မာပြန်)တွင် စာသားများပျက်နေ၍ "အသိဋ္ဌန နဂရ"ဟုသာ တွေ့ရသည်။ ကျောဘက်မျက်နှာတွင်ကား မြတ်စွာဘုရား ရာဇဂြိုလ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် မြတ်စွာဘုရားထံချဉ်းကပ်၍ တရားနာရသဖြင့် တဖုဿသည် သောတပတ္တိဖိုလ်၌ တည်ကြောင်း၊ ဘလ္လိကသည် ရဟန်းပြု၍ ဘလ္လိကမထေရ်ဟူသောအမည်ကို ရကြောင်း၊ တဖုဿသည် အသိဋ္ဌန နဂိုရ်ပြည်သို့ပြန်၍ တမ္ဗကုတ္တတောင်ထိပ်၌ ကျင့်ဝတ်နှင့်ပြည့်စုံသောကြောင့် အသက်အတိုင်းနေ၍ စုတေသော် နတ်ပြည်၌ဖြစ်လေ၏"ဟူ၍ဖော်ပြထားသည်။

(မောင်ဆုရှင်၏ မြတ်ဘုရားရွှေတိဂုံစာအုပ်မှ)

ကုန်သည် ညီနောင်တို့ မြတ်စွာဘုရားအား
မုန့်ဆွမ်းဆက်ကပ်နေပုံ
ပန်းပုရုပ်လုံး

www.burmeseclassic.com

www.burmeseclassic.com

တဖုဿ ဘလ္လိက ကုန်သည်ညီနောင်တို့၏ စာတိ

ရွှေတိဂုံစေတီအကြောင်း ရေးသားတိုင်း ဥက္ကလာပတိုင်းသား တဖုဿ၊ ဘလ္လိကကုန်သည် ညီနောင်တို့ပါစမြဲ ဖြစ်လေသည်။ ဝိနည်းမဟာဝါပါဠိတော် ရာဇယတနကထာတွင် တေန ခေါ ပန သမယေန တဖုဿ၊ ဘလ္လိက ဝါဏိဇာ ဥက္ကလာ တံဒေသံ အဒ္ဓါန မဂ္ဂပဋိပန္နာ ဟောန္တိ စသည်ဖြင့်ပါရှိ၍ ဥက္ကလာဇနပုဒ်မှ တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့ မြတ်စွာဘုရားနှင့်တွေ့ကြောင်း ဒွေဝါစိက သရဏဂုံ တည်ကြောင်း အငြင်းပွားစရာမရှိပေ။

သို့သော် အိန္ဒိယနိုင်ငံတောင်ပိုင်း (Raguhumudry) မြို့မှ သုံးလတစ်ကြိမ်ထုတ် (The Journal

ဆရာကြီးဦးဘကြည်၏လက်ရာ

တပုဿ နှင့် ဘလ္လိက ညီနောင်တို့အား ပူဇော်ရန်

ဆံတော်ချီးမြှင့်ခနပုံ။

www.burmeseclassic.com

www.burmeseclassic.com

of The Andra Historical Research Society) အန္ဒရာသမိုင်း သုတေသနအသင်းဂျာနယ်တွင် ဥက္ကလာပတိုင်းမှ တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင် ဆောင်းပါးကို ဖတ်လိုက်ရသောအခါ ယင်းကိစ္စကို ပို၍စဉ်းစားမိပြန်ပါသည်။ ယင်းဆောင်းပါး၌ အိန္ဒိယတောင်ပိုင်းရှိ ဥက္ကလာဇနပုဒ်မှ တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့ ဂေါတမဗုဒ္ဓနှင့် တွေ့ဆုံကြောင်း ဖော်ပြထားသည်။ ဤတွင် တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့မှာ မြန်မာနိုင်ငံမှ မွန်အမျိုးသားတွေလား၊ အိန္ဒိယတောင်ပိုင်းသားတွေလား ဟူသော စဉ်းစားစရာအချက် ဖြစ်ပေါ်လာသည်။

ဤကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့၊ သာသနာ့ရောင်ခြည် အငြိမ်းစားအယ်ဒီတာ ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်၊ စာပြင်မှူးချုပ် စာရေးဆရာမာဃ၏ ပြောကြားချက်မှာ မှတ်သားဖွယ် ကောင်းလှပါသည်။ ဆရာမာဃမှာ ပါဠိ သက္ကဋနှင့် အင်္ဂလိပ်ဘာသာများကိုပါ တတ်မြောက်သူဖြစ်သည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်း မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံတွင် သီတင်းသုံးခဲ့သော ရခိုင်ဆရာတော် ဦးစန္ဒမုနိအား တဖုဿ၊ဘလ္လိကနှင့် ပတ်သက်၍ ဤသို့ လျှောက်ထားဖူးကြောင်း ဆရာမာဃက ပြောပြဘူးပါသည်။

ဆရာမာဃ။ ။ ဆရာတော်ဘုရား ရွှေတိဂုံသမိုင်းရေးသူများက တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်ဟာ မြန်မာနိုင်ငံမှ မွန်အမျိုးသားများလို့ ရေးကြပါတယ်။ သက္ကဋစာပေမှာလည်း အိန္ဒိယတောင်ပိုင်း ဥက္ကလာဇနပုဒ်မှ တဖုဿ၊ဘလ္လိက ကုန်သည်ညီနောင်တို့ဟာ ဂေါတမမြတ်စွာဘုရားနှင့်တွေ့ပြီး ဒွေဝါစိက သရဏဂုံတည်ကြောင်း အဆိုရှိပါတယ်၊ ဝိနည်းမဟာဝါ ပါဠိတော်မှာလည်း ဥက္ကလာဇနပုဒ်မှ တဖုဿ၊ဘလ္လိက ကုန်သည်ညီနောင် မြတ်စွာဘုရားနှင့် တွေ့ပြီး ဒွေဝါစိက သရဏဂုံတည်ကြောင်း အခိုင်အမာရှိပါတယ်။ ဒီတော့ ဒီကုန်သည်ညီနောင် ဘုရားနှင့် တွေ့ဆုံတာတော့ ငြင်းစရာမရှိပါ၊ ဒါပေမဲ့ သူတို့နှစ်ဦးဟာ အိန္ဒိယတောင်ပိုင်းကလား မြန်မာနိုင်ငံက မွန်အမျိုးသားတွေလား ဆိုတဲ့အချက်ကို စဉ်းစားစရာ ရှိနေပါတယ်။ အဲဒီကိစ္စနှင့်ပတ်သက်လို့ ဆရာတော်၏ ဆန္ဒကို သိပါရစေဘုရား။

ဦးစန္ဒမုနိ။ အေး .... ရွှေတိဂုံစေတီသို့ ဆံတော်ရှစ်ဆူကို တဖုဿနဲ့ဘလ္လိက ယူဆောင်လာတယ်ဆိုတဲ့ အချက်လည်း မပစ်ပယ်နဲ့။ ဒဂုံဥက္ကလာပဟာ အိန္ဒိယက ဆင့်ပွား ဥက္ကလာပဖြစ်နိုင်တာပဲ၊ သာသနာပြန့်ပွားလာသလို လူနာမည်နှင့်မြို့ရွာ နာမည်တွေလည်း ပြန့်ပွားလာနိုင်တာပဲ .... ဟု ဆရာတော်က မတင်မကျ ဖြေလိုက်ကြောင်း သိရပါသည်။ ယခုအခါ ဥက္ကလာပနှင့် သာကေတမြို့သစ်များ ပေါ်ပေါက်နေ၍ ဆရာတော်၏ မိန့်ကြားချက်ကို ပို၍ စဉ်းစားစရာ ဖြစ်နေပါသည်။

သင့်ဘဝဦးရဲလွင်
၏ အမှာစာ (၁၉၇၂ ခုနှစ်)
"မြတ်ရွှေတိဂုံသမိုင်းနှင့် မှတ်သားဖွယ်ရာများ"
ရွှေမင်းဝန် ဦးဘုန်းမြင့်စာအုပ်မှ

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းဝင်မှတ်တမ်းများ

ရွှေတိဂုံစေတီတော်မြတ်အား တိကျသော သမိုင်းဝင်အထောက်အထားများအရ အောက်ပါမင်းတို့က အစဉ်အဆက်အရ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်ဟု သိရပါသည်။

၁။ သက္ကရာဇ် ၇၃၁ ခု၊ မုတ္တမဆင်ဖြူရှင် ဗညားဦးသည် ဟံသာဝတီမြို့ နန်းတည်တော်မူ၍ ရွှေတိဂုံဘုရားကို တဖုဿ ဘလ္လိက၊ သိကြားမင်း၊ ဥက္ကလာပမင်းတို့ တည်ထားသောစေတီတော်၌ မကောင်းယွင်းယို ပျက်ပြိုရှိသည်ကို အသစ်ထပ်မံ ထုံးအင်္ဂတေတို့ဖြင့် ပြင်ဆင်ပြီးလျှင် ရွှေထီးဆပ်သွားဖူး တင်လှူတော်မူသည်။

၂။ သက္ကရာဇ် ၇၈၇ ခုနှစ်။ ဗညားရန်ခိုက်မင်းသည် ရွှေတိဂုံ ပဌမစေတီတော် ငယ်သောကြောင့်၄င်း။ ရတနာစုပုံ၍ ပြင်ကထားသောကြောင့်၄င်း၊ ပဌမစေတီပြင်ကိုလည်း၍ အချင်းအတောင်တစ်ရာ့နှစ်ဆယ်တည်တော်မူ၍ ပစ္စယာနှစ်ဆင့်သာပြီးသည်။

၃။ သက္ကရာဇ် ၈၀၉ ခုတွင် ဗညားဗသျှုမင်းသည် ရွှေတိဂုံပစ္စယာနှစ်ဆင့်ကစ၍ အထက်ကို လုပ်ဆောင်တော်မူ၍ ပစ္စယာငါးဆင့်ပြီးသည်။

၄။ သက္ကရာဇ် ၈၁၃ ခုတွင် ဗညာကျန်းတောမင်းကြီးသည် ရွှေတိဂုံစေတီတော် ပစ္စယာငါးဆင့်က ခေါင်းလောင်းသပိတ်။ ဖေါင်းမ။ ဖေါင်းလုံး။ ကြာနှ၊ ကြာပျံ၊ ခရားသီး၊ ငှက်ပျောဖူးတိုင်အောင်၊ လုပ်ဆောင်တော်မူ၍ ရွှေထီးတင်လှူတော်မူသည်။

၅။ သက္ကရာဇ် ၈၁၇ ခုတွင် ဗညားရန်ခိုက်မင်းနမတော် ရှင်စောပုသည် ရွှေတိဂုံစေတီတော်ကို ဖိနပ်တော်က ထီးသို့ကျအောင် ရွှေချတော်မူသည်။ ခြေတော်ရင်းပတ်လည်ကို ကျောက်ဖျာခင်း၍ ကျောက်ဆီမီးတိုင် ပတ်လည်၊ ကျောက်ထီးပတ်လည်၊ ရပ်လေးမျက်နှာ၊ တံတိုင်းခုနစ်ထပ်၊ စောင်းတန်းလှေကားနှင့်တကွ၊ တံတိုင်းပြင်အထွက်၊ သရက်၊ ပိန္နဲ၊ အုန်း၊ ထန်း၊ မာလကာ၊ စိုက်ပျိုးတော်မူသည်။ တိဂုံမြို့က အလုပ်အကျွေး၊ လူပေါင်း ၅၀၀ ခေါင်း လောင်းအချိန်တရာ့ငါးဆယ်၊ ထီးဖြူကြီး၊ ရွှေသပိတ်လေးလုံး၊ ရွှေဗန်းခုံးရှစ်ချပ်၊ ရွှေထမ်းစင်လေးခု၊ ရွှေလက်ဆေးခံ လေးခု၊ သင်ပုတ်တင်လူလေးယောက်၊ ဆီမီးထွန်းလူ ငါးဆယ့်ခုနစ်ယောက်၊ တိုက်စောင့် လူနှစ်ဆယ်၊ ပန်းဘဲဖိုပတ်လည် ဆိုင်းလေးဆိုင်း၊ စမြောင်လေးယောက်၊ စဉ့်အိုးလေးလုံး၊ တကောင်းကိုင် လူရှစ်ယောက်၊ တံမြက်လှည်းလူလေးယောက်။ ဤအလုံးစုံတို့ကို ကမ္ပည်းကျောက်စာနှင့်တကွ ရေးထိုး၍လှူတော်မူ၏။

၆။ သက္ကရာဇ် ၈၃၄ ခုနှစ်တွင် သမက်တော် ဓမ္မစေတီမင်းပြု၏။ ရွှေတိဂုံစေတီတော်ကို ရွှေချ၍ အချိန်တစ်သိန်းရှစ်သောင်း အစောက် တစ်ဆယ့်ခုနစ်တောင်၊ အဝငါးတောင်ရှိသော ခေါင်းလောင်းကြီးတစ်လုံး၊ အချိန်ငါးရာရှိသော ခေါင်းလောင်းငယ်တစ်လုံး လှူတော်မူ၏။

၇။ သက္ကရာဇ် ၈၅၅ ခုတွင် သားတော် ဗညားရန်စည် မင်းပြု၏။ ထီးတော်ကျ၍ ထီးတင်တော်မူသည်။ စေတီတော်ကို ရွှေချသည်။ စေတီရံ လေးဆယ့်လေးဆူ တည်တော်မူသည်။ ဝေါတွင် ရွှေသပိတ်ကိုတင်၍ လူရှစ်ယောက် လှူတော်မူသည်။

၈။ သက္ကရာဇ် ၈၉၆ ခုနှစ်တွင် သားတော် သုရှင်တကာရွတ်ပိ မင်းပြု၏။ ရွှေတိဂုံစေတီတော်ကို ဆင်ပေါက်တစ်စီး၊ ပတ္တမြားနီလာတစ်လုံး၊ နဝရတ်ကိုးပါး လှူတော်မူ၏။

၉။ သက္ကရာဇ် ၉၀၄ ခုနှစ်တွင် မင်းတရားရွှေထီး မင်းပြု၏။ ရွှေတိဂုံစေတီတော်ကို ထီးတင်၍ ရွှေချတော်မူသည်။

၁၀။ သက္ကရာဇ် ၉၁၄ ခုနှစ်တွင် သုရှင်တကာရွတ်ပိဘုရင် သားတော်မင်းခေါင် မင်းပြု၏။ ရွှေတိဂုံစေတီတော်ကို ပတ္တမြားစီ၏။ မိဖုရားကိုလည်း လှူတော်မူ၏။ ရွှေချတော်မူ၏။

၁၁။ သက္ကရာဇ် ၉၆၄ ခုတွင် ဒလညား မင်းပြု၏။ ရွှေတိဂုံစေတီ ပြိုပျက်၍ ပြင်ဆင်တော်မူ၏။ ထီးတင်တော်မူ၏။ ရွှေချတော်မူ၏။

၁၂။ သက္ကရာဇ် ၁၀၀၀ ကျော်တွင် သံလျင်မြို့က ကပ္ပိလဝန် ဆရာတော်ဘုန်းကြီးနှင့်တကွ ကျောက်ကောင်းလုံးရေ သုံးဆယ့်ငါးလုံးစီ၏။

၁၃။ သက္ကရာဇ် ၉၆၇ ခုတွင် အနောက်ဘက်လွန်မင်းတရားသည် ရွှေတိဂုံစေတီတော်ကို လူအိမ်ခြေ လေးဆယ် ခေါင်းလောင်းတစ်လုံး လှူတော်မူသည်။ ရွှေတိဂုံဘုရား ပြိုပျက်သည်ကိုပြုပြင်၍ ထီးတော်တင်သည်။

၁၄။ အဝဘုရင် ဆင်ဖြူရှင်စေတီတော်ကို ထီးတင်တော်မူသည်။

၁၅။ မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် မင်းတရားကြီး ရွှေတိဂုံစေတီတော်တွင် ရွှေထီးအတွက် တင်လှူတော်မူသည်။

www.burmeseclassic.com

စေတီတော်၏ တိကျသော ခေတ်သစ်သမိုင်း

ရွှေတိဂုံစေတီတော်တည်ရာ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် ကျောက်စာတိုင်ကြီးသုံးချပ်ကို စိုက်ထူထားသည်။ ယင်းကျောက်စာတိုင်ကြီးများမှာ အရှေ့ဘက်စောင်းတန်း၏ဘေးတွင် တည်ရှိခဲ့သည်။ ကျောက်စာတိုင်ကို ဓမ္မစေတီမင်းလက်ထက် ခရစ်နှစ် ၁၄၈၅ ခုတွင် ရေးထိုးခဲ့သည်။ ပါဠိ၊ မွန်၊ မြန်မာဘာသာတို့ဖြင့် ရေးထိုးခဲ့သော ထိုကျောက်စာတိုင်များ၌ ရွှေတိဂုံစေတီ တည်ထားပုံသမိုင်းနှင့် ဗညားဦးမှစသော မင်းများ၏ ကောင်းမှုကိုရေးသားထားလေသည်။

ဗညားဦးလက်ထက်

ဗညားဦးဘုရင်သည် ဟံသာဝတီ(ပဲခူး)တွင် ခရစ်နှစ် ၁၃၅၃ ခုမှ ၁၃၈၅ ခုအထိ ထီးနန်းစံသည်။ ထိုမင်းသည် ၁၃၅၂ ခုတွင် ဒဂုန်သို့ကြွရောက်၍ ပျက်စီးနေသော ရွှေတိဂုံစေတီတော်ကို ပြုပြင်မွမ်းမံခဲ့ရာ စေတီတော်၏ ဉာဏ်တော်မှာ ပေ ၆၀ (အတောင် ၄၀) ဖြစ်သည်ဟု သိရသည်။

ဗညားနွဲ့နှင့် ဒဂုန်

နောင်အခါ ရာဇာဓိရာဇ်ဟုထင်ရှားသည့် ဗညားနွဲ့သည် အသက် ၁၆ နှစ်အရွယ်တွင် နမဝမ်းကွဲတော်စပ်သူ တလမည်ဒေါနှင့် ရည်ငံ၍ ဟန်သာဝတီမှ ဒဂုန်သို့ ခိုးယူထွက်ပြေးလာခဲ့ဘူးသည်။ ခမည်းတော်ဗညားဦးက လိုက်လံဖမ်းဆီး၍ ဟံသာဝတီသို့ ပြန်လည် ခေါ်ဆောင်သွားလေသည်။

ဗညားနွဲ့သည် ဒဂုန်သို့ နောက်တစ်ကြိမ် ထွက်ပြေးလာခဲ့ရပြန်သည်။ ဤတစ်ကြိမ်တွင် ဗညားနွဲ့၌ နောက်တော်ပါ လူယုံ ၃၀ ခန့် ပါလာသည်။



ခရစ်နှစ် ၁၈၅၀ ပြည့် တစ်ဝိုက်က စေတီတော်ကြီးပုံ
ဘုရင်မကြီးရှင်စောပု ပြုပြင်ခဲ့သော ကုန်းတော်မြေ ပစ္စယံအဆင့်များကို တွေ့မြင်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဗညားနွဲ့ မင်းသား ဘုရားဖူးတက်ခြင်း

ဒဂုန်တွင်ရှိသော အရှိုးတော်ဒဂုန်မြို့စား မဟာဓာဇီ၏ လူယုံများကိုဖယ်ရှားပြီး ဒဂုန်မြို့သူမြို့သားများကို မိမိဖက်သို့ပါဝင်အောင် စည်းရုံးနိုင်ခဲ့သည်။

ဗညားနွဲ့သည် ဒဂုန်သစ်တပ်မြို့တွင် ပြ၊ ကျုံးတို့ကိုပြင်၍ အခိုင်အခံပြုသည်။ ဗညားနွဲ့သည် ရွှေတိဂုံစေတီသို့တက်၍လည်း၊ မင်းဖြစ်ထိုက် မဖြစ်ထိုက် သစ္စာကျမ်းကြည့်တော်မူသည်။

ရာဇာဓိရာဇ်နှင့် မင်းကြီးစွာစော်ကဲ

ရာဇာဓိရာဇ်၏ နန်းတက်သောနှစ်မှာ ခမည်းတော် ဗညားဦးနတ်ရွာစံသည့် ၁၃၈၅ ခုနှစ်ဖြစ်သည်။ ဤမင်းလက်ထက်တွင် ရွှေတိဂုံစေတီတော်နှင့် ရွှေမော်ဓောစေတီတော်တို့ကို ပြုပြင်တည်ဆောက်သည်။ သို့ရာတွင် နန်းသက်တစ်လျှောက်လုံးလိုလို စစ်မက်တိုက်ခိုက်နေရလေသည်။ စစ်ဖြစ်ရသည်မှာ ရာဇာဓိရာဇ်မင်းသားဘဝကပင် မသင့်မမြတ်ဖြစ်ခဲ့သော ဦးရီးတော် မြောင်းမြစားလောက်ဖျားက ဟံသာဝတီကိုမကျိုးနွံပဲ အင်းဝရှိ မင်းကြီးစွာစော်ကဲနှင့် သားတော်မင်းခေါင်တို့နှင့်ပေါင်း၍ ပဲခူးကို တိုက်ခိုက်ခဲ့သောကြောင့်ဖြစ်သည်။ တိုင်းပြည်တွင်း၌ အချင်းချင်းမညီညွတ်ပဲ စည်းလုံးမှုပျက်ပြားလျက် နိုင်ငံအေးချမ်းတည်ငြိမ်မှုမရှိသောခေတ် ဖြစ်ပေသည်။

ထိုစစ်မက်အရေးများသည် အနှစ် ၄၀ ခန့်အထိ ကြာခဲ့လေသည်။ တစ်ဦးနှင့်တစ်ဦး အရှုံးအနိုင်မသဲကွဲပဲ ရေစီးတစ်ခါ ရေသာတလှည့် ဖြစ်နေခဲ့သည်။

> ရွှေတိဂုံသမိုင်းသစ်၏ အဆိုအရ မင်းကြီးစွာစော်ကဲသည် ဆံတော်များကိုပင့်ဆောင်ရန် ဒဂုန်သို့ရောက်ရှိလာကြောင်း၊ သို့သော် မအောင်မြင်ပဲ လက်လျှော့၍ပြန်ရကြောင်း၊ မင်းကြီးနှင့် စစ်သည်ဗိုလ်ပါတို့သည် ယခုကြည့်မြင်တိုင်အရပ်ရှိရာဒေသသို့ အရောက်တွင် "ဤနေရာမှ ရွှေတိဂုံစေတီတော်ကို ပြည့်ဝစွာဖူးမြင်နိုင်ပေပြီ။ ဤ နေရာမှာပင် ရပ်တန့်နားနေကြမည်" ဟုဆိုလျှက် ရွှေတိဂုံစေတီတော်မြတ်အား ပူဇော်ကြောင်း၊ ထိုသို့ ချရပ် ကြည့်မြင်သောနေရာကို အစွဲပြု၍ ကြည့်မြင်တိုင်ဟုခေါ်ကြောင်း၊ မင်းကြီးစွာစော်ကဲသည် ထို့နောက် အင်းဝ သို့ ပြန်လည်ကြွချီကြောင်း ရေးသားထားလေသည်။

ထိုစစ်ပွဲများအပြီး၌ လောက်ဖျားလည်း အရေးနိမ့်၍ ရာဇာဓိရာဇ်လက်သို့ပါသည်။ ရာဇာဓိရာဇ်သည် ဦးရီးတော်သူ လောက်ဖျားကို အသက်ချမ်းသာပေး၍ ရွှေတိဂုံဘုရားမှာပင် သိတင်းသီလ ဆောက်တည်နေစေရာ မျှားမကြာပင် ကွယ်လွန်သွားလေသည်။ ရာဇာဓိရာဇာမင်းသားဘဝကပင် အကြံပေးပုဂ္ဂိုလ်ဖြစ်ခဲ့သော ရာဇမနုဘွဲ့ခံ၊ မင်းကံစီ အမည်ရှိ အမတ်ကြီးသည် ပုသိမ်တိုက်ပွဲတွင် ကျဆုံးလေသည်။ ထိုအမတ်ကြီး၏အလောင်းကို ကောင်းစွာသဂြိုဟ်၍ အရိုးကိုရွှေအိုးတွင်ထည့်လျက် ဒဂုန်သို့ယူဆောင်လာပြီး ရွှေတိဂုံရင်ပြင်ပေါ်တွင် မြှုပ်နှံထားစေသည်။

ဘုရင်ရာဇာဓိရာဇ် နတ်ရွာစံပြီးနောက်ပိုင်းတွင် ရွှေတိဂုံစေတီတော်တွင် အများအပြားကုသိုလ်ကောင်းမှုပြုလုပ်သူမှာ ရာဇာဓိရာဇ်၏သမီးတော် ဘုရင်မကြီး ရှင်စောပုဖြစ်သည်။ သို့သော် ရှင်စောပုမတိုင်မီ ရာဇာဓိရာဇ်ကို ဆက်ခံသော မင်းများ၏ကောင်းမှုကုသိုလ်များလည်း ရှိသေး၏။ ထိုမင်းများ၏ ကောင်းမှုကြောင့်ပင် စေတီတော်ကြီးမှာ ယခုပုံပန်းအတိုင်း ဖြစ်လာရသည်။ ရာဇာဓိရာဇ်၏ကောင်းမှုကို ရွှေတိဂုံမှန်ကျောက်စာ၌ –

"သုရှင်သုတသောမ ရာဇာဓိရာဇ်မင်းပြုသော နောက်ကာလ၌လည်း ကြီးစွာငုံ၍ တည်ထားပြန်၏။ ကြီးစွာငုံ၍ တည်ထားပြီးလျှင် အထွတ်ထီးတင်တော်မူ၏။ စေတီ၏အတွင်း၌ ကြေးပြားခံ၍ အပြင်ဘက်က ရွှေချတော်မူသည်မှာ အထွတ်တိုင်အောင် ပြည့်စေ၏။" ဟုဖော်ပြပါရှိသည်။

ရာဇာဓိရာဇ်မင်း နတ်ရွာစံသောအခါ သားတော်ဗညားဓမ္မရာဇာ ဆက်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မစေတီကျောက်စာတိုင်

ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ (ဗဟန်းဘက်) အရှေ့ဘက်သို့ဆင်းသော တန်ဆောင်း၏ မြောက်ဘက်တွင် ကပ်လျက် တောင်မှ မြောက်သို့စီလျက်ရှိတည်ရှိသော ကျောက်စာတိုင် ၃ ခုရှိသည်။ သက္ကရာဇ် ၁၂၄၃ ခုနှစ်တွင် မြက်ခြုံတို့ကို ရှင်းလင်းရာ၊ ဤကျောက်စာတိုင် ၃ ခုသည် မြေမြှုပ်၍ အနည်းငယ်ပေါ်နေသည်ကို တွေ့ရှိရာ အစိုးရကျောက်စာဝန် တူးဖေါ်ရရှိလေသည်။ ၎င်းကျောက်စာများသည် မွန်ကျောက်စာများဖြစ်၍ ၎င်းတို့ထုံးစံလေ့အတိုင်း မြောက်ဘက်သို့လှည့်၍ စိုက်ထားလေသည်။ ကျောက်စာတစ်ကြောင်းတွင် အက္ခရာ (၈၀) ခန့်ရှိ၍ တစ်ဖက်တွင် စာကြောင်းရေ (၄၀) ခန့် ပါရှိလေ၏။ မြောက်ဘက်ဆုံးတွင် ပါဠိဘာသာ အလယ်တွင် မွန်ဘာသာ တောင်ဘက်ဆုံးတွင် မြန်မာဘာသာဖြင့် အသီးသီး ကမ္ပည်းထိုးထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗညားရန်၊ ဗညားဗရူး၊ ဗညားကင်းဒေါတို့၏ ကောင်းမှု

စေတီတော်ကို နောက်ထပ် မွမ်းမံပြင်ဆင်သူဒါယကာမှာ ဗညားဓမ္မရာဇာကိုဆက်ခံသော ညီတော် ဗညားရန်မင်း (ခရစ်နှစ် ၁၄၂၆ – ၁၄၄၆) ဖြစ်သည်။ ဗညားရန်ခိုက်မင်းဟုလည်း ခေါ်ကြသည်။

ထိုမင်းသည် ကုသိုလ်ကောင်းမှုပြုလုပ်ရန် စိတ်ထက်သန်လှသည်။ ဆံတော်ရှစ်ဆူ တည်ထားကိုးကွယ်သော စေတီတော်ကို မင်းကြီးမြင်သောအခါ ကုန်းတော်ရင်ပြင် ကျယ်လှသည့်ဟု အကြံရလျက် စေတီတော်ကို ပြင်ဆင်မွမ်းမံရန်စီစဉ်သည်။ ကုန်းတော်ကိုဖြို၍ မြေညှိသည်။ ကုန်းတော်ရင်ပြင်ကို အဆင့်ငါးဆင့် ပြုပြင်ပြီးနောက် စေတီတော်ကိုလည်း ဉာဏ်တော်ခြောက်တောင်တိုးမြှင့်၍ တည်ထားလေသည်။ စေတီတော်ကိုပြင်ဆင်သောအချိန်မှာ (ခရစ်နှစ် ၁၄၄၃ ဖြစ်၍ အပြီးမသတ်နိုင်ခဲ့ပေ။

ဗညားရန်ပြင်ဆင်ရခြင်းမှာ ၁၄၃၆ ခုတွင် ငလျှင်ကြီးလှုပ်သောကြောင့် ခေါင်းလောင်းအထိ စေတီတော်ပြိုသောကြောင့်ဖြစ်၏။

ဗညားရန်၏ကောင်းမှုကို ဗညားဗရူးက (ခရစ်နှစ် ၁၄၄၆ – ၁၄၅၀) က အရိုက်အရာဆက်ခံရင်း ဆက်လက်တည်ပြန်သည်။ သို့ရာတွင် ကုသိုလ်တော်မပြီးစီးမီပင် ကွယ်လွန်ပြန်သဖြင့် ဗညားကင်းဒေါ (ဗညားကျန်း) (ခရစ်နှစ် ၁၄၅၀ – ၁၄၅၃) ၏ လက်ထက်တွင်မှ ပြီးစီးလေသည်။ ဗညားရန်၊ ဗညားဗရူး၊ ဗညားကင်းဒေါဟူသော မင်းသုံးပါးတို့လက်ထက် အဆက်ဆက်ပြင်ဆင်ခဲ့ပြီးနောက်တွင် စေတီတော်၏ ဉာဏ်တော်မှာ ၃၀၂ ပေ ဖြစ်လာလေသည်။

စေတီတော်ဒါယကာမ ရှင်စောပု

ဗညားဗရူးနှင့် ဗညားကင်းဒေါတို့၏ကောင်းမှု ပြုလုပ်ပြင်ဆင်သောအချိန်၌ ရှင်စောပု၏ ကြပ်မတ်ဆောင်ရွက်မှုပါဝင်သည်။

ရွှေတိဂုံ မွန်ကျောက်စာအရဆိုသော် ဗညားကင်းဒေါ(ဗညားကျန်း) မင်းသည် ဘုရင့်မယ်တော်ကြီး ဝိဟာရဒေဝီ ပြုပြင်ပြီးစီးသောကောင်းမှုကို အင်္ဂတေလိမ်းကျံခြင်းနှင့် ထီးတော်တင်ခြင်းတိုကိုသာ ပြုလုပ်သည်ဟု နားလည်ရပေသည်။ မယ်တော် ဝိဟာရဒေဝီမိဖုရားကြီးဆိုသည်မှာ ရာဇာဓိရာဇ်၏သမီး၊ ဗညားရန်၏နှစ်မ၊ ဗညားဗရူး၏ မိခင်ဖြစ်သော ခရစ်နှစ် ၁၄၅၃ ခုနှစ်တွင် ထီးနန်းတက်သည့် ရှင်စောပုပင်ဖြစ်ပေသည်။

ရွှေတိဂုံစေတီတော်သည် ဆင်ဖြူရှင်ဗညားဦး၏နောက် ဟံသာဝတီတွင် ဆက်လက်အုပ်ချုပ်သော ဤမင်းများ၏လက်ထက် ဘာသာ သာသနာရေး၌ ကိုင်းရှိုင်းလှသော ရှင်စောပု၏ ပါဝင်ကူညီသော ကောင်းမှုကြောင့်ပင် ဉာဏ်တော်မြင့်မားလာရုံမျှမက အရေးပါအရာရောက်မှုလည်း တိုးတက်ခဲ့လေသည်။

ဗညားကင်းဒေါ၏ နောက်ပိုင်းတွင် ဟံသာဝတီ၌ မင်းဆက်ပြတ်သကဲ့သို့ ရှိသည်။ ဗညားကင်းဒေါ၏ ညီအစ်ကိုဝမ်းကွဲတော်သူ မော်ဓော(လိတ်မွတ်ထော်) သည် ခုနစ်လမျှ စိုးစံသည်။ မော်ဓောဘုရင်လွန်ပြန်သော ရာဇာဓိရာဇ်မင်းဆက်မှ ထီးနန်းဆက်ခံနိုင်သူမှာ သမီးတော် ရှင်စောပုသာရှိလေသည်။ ထို့နောက်နန်းတက်သော ဗညားဗရူးမှာ ရှင်စောပု၏သားတော် ဖြစ်လေသည်။ ဗညားကျန်းမှာ ရှင်စောပု၏ မောင်ဝမ်းကွဲဖြစ်သည်။

ဘုရင်မကြီးရှင်စောပုသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော အချိန်တစ်လျှောက်လုံးတွင် တိုင်းသူပြည်သားများအား တရားသဖြင့် ကြင်နာစွာအုပ်ချုပ်သည်ဟု ထင်ရှားသည်။ ရွှေတိဂုံစေတီတော်ကို မွမ်းမံပြင်ဆင်ခဲ့သည့် ကောင်းမှုအစုစုတို့အတွက်လည်း နာမည်ထင်ရှားလေသည်။

ရှင်စောပုသည် ရာဇာဓိရာဇ်၏ သမီးတော်ဖြစ်သည်။ အသက် ၂၀ အရွယ် (၁၄၁၅ ခုနှစ်) က ခမည်းတော် ရာဇာဓိရာဇ်၏ တူတော် သမိန်စည်သူ (ဗညားဗြဲ) နှင့်စုံဘက်သည်။ သမိန်စည်သူနှင့် ငါးနှစ်မျှပေါင်းသင်း၍ သား ဗညားဗရူး၊ သမီး နဲ့တကာတော်၊ နဲ့တကာသင်တို့ကို မွေးဖွားပြီးနောက် မြောက်သားတော်ကကုန်၍ မောင်တော် ဗညားရန်နှင့် အတူနေထိုင်ရာမှ အင်းဝ ဆင်ဖြူရှင် သီဟသူသို့ ဆက်သဖြင့် အင်းဝသို့ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ရှင်စောပုသည် မိုးညှင်းမင်းတရားလက်ထက် ခရစ်နှစ် ၁၄၃၀ ပြည့်နှစ်တွင် အင်းဝမှ မွန်ရဟန်း ရှင်ဓမ္မညာဏ၊ ဓမ္မရေတို့၏ အကူအညီဖြင့် သောက်ပြည်ဟံသာဝတီသို့ ခိုးနှံခဲ့လေသည်။ မောင်တော်ဗညားရန်က ရှင်စောပုအား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလက်ခံသည်။

ရှင်စောပုသည် ဗညားထော (မင်းဒို) ဘွဲ့အမည်ကို ခံယူသော်လည်း ဘုရင်မရှင်စောပု၊ ကောရီရှင်စောပုဟူ၍ လူသိများလေသည်။ မြန်မာ့သမိုင်းတွင် တစ်ဦးတည်းသော ဘုရင်မကြီးလည်း ဖြစ်ပေသည်။

ဘုရင်မကြီးသည် ဟံသာဝတီတွင် ခုနစ်နှစ်မျှသာ စိုးစံလေသည်။ သက်တော် ၆၆ နှစ်အရွယ် ခရစ်နှစ် ၁၄၆၀ ပြည့်တွင် သားမက်တော် အိမ်ရှေ့မင်း ဓမ္မစေတီအားမြို့နန်းကို လွှဲအပ်လေသည်။ ဓမ္မစေတီမှာ အင်းဝမှ ဘုရင်မကြီးနှင့်အတူ ခိုးနှံဆင်းခဲ့သော ရဟန်းနှစ်ပါးအနက် ရှင်ဓမ္မရေလူထွက်ဖြစ်လေသည်။ ဘုရင်မကြီးသည် ဓမ္မစေတီအား မြို့နန်းကိုလွှဲအပ်ပြီးလျှင် ဒဂုန်မြို့၌ သွားရောက်နေထိုင်လေသည်။

ဘုရင်မကြီး ရှင်စောပု၏ ကောင်းမှုများအနက် ဘုရားကြီးဝေယျာဝစ္စအတွက် ကျွန် ၅၀၀ ကို လှူကြောင်း၊ ရွှေကိုကိုယ်အလေးချိန်ပြည့် ၂၅ ပိဿာ (၉၁ ပေါင်) ဆက်၍ လှူဒါန်းကြောင်းတို့ကို တွေ့ရသည်။ ရှင်စောပုသည် ရွှေတိဂုံကုန်းတော်နှင့် ပစ္စယာများကိုလည်း ပြုပြင်မွမ်းမံသည်။ အုတ်တံတိုင်းခတ်သည်။ ဘုရားကြီးအတွက် ကျယ်ဝန်းသော ဝတ္တကမြေများကိုလည်း လှူဒါန်းခဲ့လေသည်။

ဘုရင်မကြီးသည် ဘုရားကြီးသို့ သွားနေထိုင်ရာ ဘုရားအနောက်ဘက် သစ်မြို့နန်းမှနေ၍ အနောက်ဘက် စောင်းတန်းမှတက်လျက် ဝတ်ပြုလေ့ရှိသည်။ ဘုရင်မကြီးသည် ရွှေတိဂုံစေတီတော်ကို ကြည်ညိုလွန်းသဖြင့် သက်တော် ၇၈ နှစ်အရွယ် သေအံ့မူးမူး၌ပင် သလွန်တော်ကို စံအိမ်တော်ပြတင်းအနီးသို့ ရွှေ့စေပြီး ဘုရားကိုအာရုံပြုရင်း အနိစ္စရောက်လေသည်။

ဒဂုန်တွင် ဘုရင်မကြီးရှင်စောပု စံနေတော်မူသောနေရာမှာ ရွှေတိဂုံစေတီတော်၏ အနောက်ဘက် ယခု ဦးဝိစာရကြေးရုပ်နှင့် တော်လှန်ရေးပန်းခြံ ပတ်ဝန်းကျင်နေရာဖြစ်သည်ဟု ယူဆကြသည်။ ရန်ကုန်မြို့ တော်လှန်ရေးပန်းခြံနေရာတွင် ရှင်စောပုကုန်းဟူ၍ ရှိခဲ့သည်။ ဘုရင်မကြီး၏ သရီုင်းတော် အရိုးအိုးစေတီငယ်တစ်ဆူမှာ အစိုးရဂေဟာအနီး ဝင်ဆာလမ်းတဖက်ရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ရှိသည်ဟုဆိုကြသည်။ ထိုစေတီ၏ အမှတ်အသားကို ယခုအခါ မတွေ့ရတော့ချေ။

ဓမ္မစေတီမင်းကောင်းမှု

ရှင်စောပု၏ သားသမက်တော် ဓမ္မစေတီမင်းသည်လည်း ရွှေတိဂုံစေတီတော်ကို ဘုရင်မကြီး၏ အလိုဆန္ဒအရ ဆက်လက်စောင့်ရှောက်ပြုပြင်ပါသည်။ ပါဠိ၊ မွန်၊ မြန်မာ သုံးဘာသာပါသော ဓမ္မစေတီကျောက်စာတိုင် သုံးချပ်ကို အရှေ့ဖက်စောင်းတန်းအနီးတွင်စိုက်ထူ၍ ရှေးမင်းအဆက်ဆက်တို့၏အလှူကို ကမ္ပည်းရေးထိုး မှတ်တမ်းတင်သည်။ မိဖုရားကြီး၏ ကိုယ်အလေးချိန် လေးဆမျှသော ရွှေတို့ကိုဆက်၍ စေတီတော်ရွှေသင်္ကန်းအတွက် လှူဒါန်းသည်။

ဓမ္မစေတီမင်းသည် ဘုရင်မကြီးရှင်စောပုလှူဒါန်းခဲ့သော ဝတ္တကမြေနယ်နိမိတ်ကို ကျယ်လွန်းလှသည့်အတွက် ပြန်၍ချုံ့ခဲ့လေသည်။ ထိုသို့ပြုလုပ်ရသည့်အတွက် ဘုရားကြီးအား ရွှေအစားလှူဒါန်းလေသည်။

ဓမ္မစေတီမင်းကြီးသည် ထိုသို့ဝတ္တကမြေနယ်ဝန်းကို ချုံ့လိုက်ရသဖြင့် မိမိနှင့်တကွ မိဖုရားကြီး၏ကိုယ်တို့ကို ချိန်တွယ်၍ထိုနှစ်ရပ်ပေါင်းအလေးချိန်နှင့်ညီမျှသော ရွှေကို ရွှေပုဖွန်ခွဲခတ်၍ လှူဒါန်းခဲ့သည်။ ထို့ပြင်လည်း အလေးချိန်ပိဿာ ၁၈၀,၀၀၀ မျှရှိသော ကြေးခေါင်းလောင်းကြီးကို သွန်းလုပ်၍ စေတီတော်သို့ လှူတော်မူသည်။ ခေါင်းလောင်းကြီးသည် အဝရှစ်တောင်၊ စောက် ၁၂ တောင်ရှိလေသည်။ ထိုခေါင်းလောင်းကြီးမှာ ခရစ်နှစ် ၁၆၁၂ တွင် သံလျင်၌ ကြီးစိုးသော ဖေင်ကာက သံလျင်သို့သယ်ယူကာ ဒေါပုံမြစ်တွင်းသို့ ကျလေသည်။ ထိုအခါမှစ၍ ဆယ်ယူမရတော့ချေ။

ထို့ပြင် ဓမ္မစေတီမင်းကြီးသည် အလေးချိန်ပိဿာ ၅၀၀ မျှစီးသော ခေါင်းလောင်းငယ်တစ်လုံးကိုလည်း သွန်းလုပ်စေ၍ ဘုရားကြီးအား အလှူဒါနပြုသောအခါ ရိုက်ထိုးလှူဒါန်းပြီး စေတီတော်အထက်ပစ္စယံတွင် ထားရှိသည်။ ဤကောင်းမှုတွင် ဒဂုန်မြို့သူမြို့သားများက ရွှေငါးပိဿာနှင့် ကြေးချိန်ပိဿာ ငါးထောင် အလှူပါဝင်လေသည်။

www.burmeseclassic.com

စေတီရံတည်သူနှင့် နဝရတ် ရွှေသပိတ်တို့ လှူသူဒါယကာများ

ဓမ္မစေတီမင်းသည် ဒဂုန်မြို့ရှိ ဘုရင်ခံအား ဝါကျွတ်သည့်အချိန်သို့ရောက်တိုင်း ပဒေသာပင် ၂၅ ပင်ဖြင့် နှစ်စဉ်ပူဇော်ရန် အမိန့်ချမှတ်ထားလေသည်။ ထိုအစဉ်လာကို နောက်မင်းများကလည်း ဆက်လက်ကျင့်သုံးခဲ့ကြလေသည်။

ဗညားရန်စည်မင်း

ဓမ္မစေတီမင်းလွန်သည့်နောက် ဒုတိယဗညားရန်ခေါ် ဗညားရန်စည်မင်း (ခရစ်နှစ် ၁၄၉၂ – ၁၅၂၆) လက်ထက်တွင် လေပြင်းမိုးပြင်းကျသဖြင့် ထီးတော်သည် အနောက်မြောက်ဖက် တစ်တိုင်ခန့်အကွာသို့ ပြုတ်ကျမြေခရာ ခရစ်နှစ် ၁၄၉၄ ခုတွင် နန်းသစ်တည်ပြီး ထီးတော်မြေခရာသို့သွား၍ ထီးတော်ကိုကောက်ယူသည်။ မှူးမတ်ဗိုလ်ပါများနှင့်တကွ ထီးတော်သစ်ပြင်ဆင်ပြီး ပွဲလမ်းသဘင်ပြုလေသည်။ ဗညားရန်စည်မင်းသည် စေတီတော်၏အောက်ခြေကို ချဲ့လုပ်သည်။ အထက်ပစ္စယံပလ္လင်၌ မိမိ၏ သက်တော် ၄၈ နှစ်ကိုအစွဲပြု၍ စေတီရံ ၄၈ ဆူကို တည်တော်မူသည်။

သုရှင်တကာရွတ်ပိ

ဗညားရန်မင်း၏သားတော် သုရှင်တကာရွတ်ပိလက်ထက်တွင်လည်း ရွှေတိဂုံဆံတော်ရှင် စေတီတော်မြတ်ကို ပတ္တမြားတစ်လုံး၊ စိန်တစ်လုံး၊ နီလာတစ်လုံးနှင့် နဝရတ်ကိုးပါးတို့ အများအပြားလှူတော်မူသည်။ သုရှင်တကာရွတ်ပိမင်းသည် ၁၅၂၆ ခုနှစ်တွင် နန်းတက်၍ နန်းစံ ၁၂ နှစ်ကြာ ခရစ်နှစ် ၁၅၃၉ ခုနှစ်တွင် မင်းတရားရွှေထီး ပဲခူးကို သိမ်းရာ၌ ပြည်သို့တိမ်းရှောင်၍ ကွယ်လွန်လေသည်။ သုရှင်တကာရွတ်ပိလက်ထက်တွင် ဟံသာဝတီ မွန်မင်းဆက်ပြတ်၍ တောင်ငူမှမင်းများ ဟံသာဝတီသို့ဆင်း၍ နန်းစံသည်။

တောင်ငူမင်းဆက် တပင်ရွှေထီးနှင့် ဘုရင့်နောင်

မင်းတရားရွှေထီးသည် ဟံသာဝတီထီးနန်းကို ခရစ်နှစ် ၁၅၃၉ ခုတွင် သိမ်းယူအုပ်ချုပ်သည်။ ခရစ်နှစ် ၁၅၄၂ ခုတွင် မင်းတရားရွှေထီးသည် ဒဂုန်သို့ကြွရောက်၍ ဆံတော်ရှင်စေတီမြတ်အား မကိုဋ်တင်လှူတော်မူလေသည်။ ကိုယ်အလေးချိန်အတိုင်း ရွှေကို မျက်ပါးခတ်၍ ရွှေလုံးပြည့် ကပ်လှူလေသည်။ ဤမင်းသည် မိဖုရားကြီးအား စေတီတော်သို့ လှူဒါန်းပြီးနောက် ရွှေချိန်ပိဿာ ၁၀ ဖြင့် ကပ်လှူ၍ မိဖုရားကြီး၏ ကိုယ်ကို ပြန်လည်ရွေးနုတ်ယူလေသည်။

ခရစ်နှစ် ၁၅၅၀ ပြည့်သို့ရောက်သောအခါ သမိန်ထောဆိုသူကို မင်းလောင်းမြှောက်၍ ဒဂုန်တွင် ဆူပူလှုပ်ရှားကြသည်။ သမိန်ထောကို ဘုရင့်နောင်ကနှိမ်နင်းသည်။ တစ်ချိန်တည်းလိုမှာပင် သမိန်စောထွတ်ဆိုသူ မင်းလောင်းပေါ်လာပြန်သည်။ သမိန်စောထွတ်သည် ဒဂုန်ဆံတော်ရှင်စေတီကို ထီးတော်တင်ပြီး ကျောက်မျက်ရတနာအမျိုးမျိုးတို့ဖြင့် ပူဇော်သည်ဟုဆိုလေသည်။

ခရစ်နှစ် ၁၅၆၄ ခုနှစ်တွင် လျှောင်လှုပ်သောကြောင့် စေတီတော်ပြိုလေသည်။ ထိုသို့ပြိုပျက်သောစေတီကို ဆင်ဖြူရှင်ဘုရင့်နောင်က ပြင်ဆင်စေသည်။ ခရစ်နှစ် ၁၅၅၂ ခုတွင် မင်းတရားကြီးသည် စေတီတော်မြတ်အား ရွှေကိုယ်လုံးပြည့်ကပ်လှူခြင်း၊ မကိုဋ်တော်ကိုချွတ်၍လှူခြင်း၊ ထီးတင်ခြင်းစသော ကောင်းမှုများကိုပြုသည်။

www.burmeseclassic.com

www.burmeseclassic.com

နန္ဒဘုရင်နှင့် ဥရောပတိုက်သားများ

ဘုရင့်နောင်၏နောက်တွင် ဟံသာဝတီထီးနန်းကို သားတော်နန္ဒဘုရင်က ဆက်လက်စိုးစံသည်။ ထိုမင်း၏ ၁၆ နှစ်မျှ နန်းသက်အတွင်း စေတီတော်ကြီးအား ထီးတော်သစ်တင်လှူခဲ့သေးသည်။ နန္ဒဘုရင်သည် ဗညားဒလ အမတ်ကြီးအားစေလွှတ်၍ ရွှေအလေးချိန် ငါးပိဿာကိုကပ်လှူပြီး ငှက်ပျောဖူးမှအထက်ကို ရွှေချသည်။ ခွက် ၄၀ အလေးချိန်ရှိသော ကြေးခေါင်းလောင်းတလုံးကိုလည်း သွန်းလုပ်လှူဒါန်းစေခဲ့သည်။

နန္ဒဘုရင်ဟံသာဝတီတွင် အုပ်စိုးနေသောအချိန်၌ မြန်မာနိုင်ငံသို့ နိုင်ငံခြားသားများ ရောက်ရှိလာကြသည့် အထဲတွင် ဂတ်စပရိုဗာလဗီနှင့် ရုပ်ဖစ်ချ်ဆိုသူတို့လည်းပါဝင်သည်။ သူတို့သည် ရွှေတိဂုံစေတီတော်၏ ကြည်ညိုသပ္ပါယ် ဘွယ်ရာအကြောင်းကို မှတ်တမ်းတင်ခဲ့ကြသည်။

ပြည်သူတင်သည့်ထီးတော်

ခရစ်နှစ် ၁၆၀၈ ခု၌ စေတီတော်ကြီးမှာ လျှင်ဒဏ်ကို တစ်ကြိမ်ခံရပြန်သည်။ မြေလျှင်ကြောင့် တိဂုံဆံ တော်ရှင်စေတီ၏ ချရားသီး၊ ဖောင်လုံး၊ ဖောင်းမ အကုန်မြေသို့ကျ၍ ခေါင်းလောင်းပုံသာ ကျန်လေသည်။ ထိုသို့အပျက် အစီးရှိသည်များကို ၁၆၁၀ ပြည့်နှစ်တွင် အဂ္ဂဗုတ်ဆရာတော်နှင့် လစေးဆရာတော်တို့ကြီးမှူးလျက် ရန်ကုန်မှ သူဌေး၊ သူကြွယ်၊ ပြည်သူပြည်သားအပေါင်းသည် သိင်္ဂုတ္တရကုန်းတော်သို့လာ၍ မူလပကတိအတိုင်း တည်ရှိစေရန်ပြုပြင်ပြီးလျှင် ပွဲလမ်းသဘင်ခံ၍ ရွှေထီးတင်ကြလေသည်။ ဤအကြိမ်သည် ပထမအကြိမ် လူထုအားဖြင့် ထီးတော်တင်ခြင်းဖြစ် သည်။ ထီးတော်တွင် ကျောက်သံပတ္တမြားလုံးရေ ၃၅၀ ပါရှိလေသည်။

ဓမ္မစေတီလှူသည့်ခေါင်းလောင်းကြီးကိုဖြုတ်ယူခြင်း

ဟံသာဝတီတွင် အနောက်ဘက်လွန်မင်းတရား (ခရစ်နှစ် ၁၆၀၅–၂၈) အုပ်ချုပ်လျက်ရှိစဉ် သံလျင်စား ဇေင်ကာခေါ် ဖီးလစ်ဒီဘရစ်တိုသည် သံလျင်ကိုဗဟိုပြု၍ ဟံသာဝတီ ၃၂ မြို့ကို အနိုင်အထက်စိုးမိုးချယ်လှယ်လျက်ရှိ သည်။ ထိုသူသည် သင်္ဘောသားငယ်အဖြစ်နှင့် လိုက်ပါခဲ့ရာမှ နောက်ပိုင်းတွင် သံလျင်တွင်တမင်းတချင်းဖြစ်လာသော အခါ အိန္ဒိယပြည် ပေါ်တူဂီပိုင် ဂိုအာနယ်မှ ဘုရင်ခံချုပ်က အသိအမှတ်ပြုခြင်းကိုခံရသည်။ ဘုရင်ခံချုပ်၏ တူမ နှင့်လည်း လက်ဆက်ရသည်။ ဒီဘရစ်တိုသည် သံလျင်ဒဂုန်တစ်ဝိုက်တွင် နိုင်ငံခြားမှ လာသမျှသင်္ဘောများမှ အကောက်ခွန်များကို ကောက်ခံသည်။ ဘုရားပုထိုးတို့ကိုဖျက်ဆီး၍ အဖိုးတန်ဌာပနာပစ္စည်းများကို ထုတ်ယူသည်။ သူသည် ဘုရားများမှရွှေကိုခွာ၍ အရည်ကျိုပြီး၊ ရွှေပြားခတ်လျက် ရောင်းစားသည်။ ဘုရားပုထိုးမှ ကြေးခေါင်း လောင်းများကို အမြောက်သွန်းလုပ်ရန် ဆောင်ယူလေသည်။ ရွှေတိဂုံစေတီတော်မှ ဓမ္မစေတီလှူသည့် ခေါင်းလောင်း ကြီးကို ဤအချိန်တစ်ဝိုက်တွင် ဖြုတ်ယူလေသည်။ သို့သော် သယ်ယူသောလှေ ကွဲသဖြင့် ဒေါပုံမြစ်တွင်ကျ၍ နစ်မြုပ် သွားသည်။ ထိုခေါင်းလောင်းကြီးကို မြစ်ထဲ၌ရေကျချိန်တွင် ပုစွန်ထုပ်ကွေးပေါင်းကိုင်းကြီး ပေါ်နေသည်ကို ယခင်ကမြင် ကြရ သည်ဟုဆိုလေသည်။ (ဤခေါင်းလောင်းတော်ကို ပြန်လည်ဆယ်ယူနိုင်လျှင် ကောင်းလေစွ)

www.burmeseclassic.com

www.burmeseclassic.com

အနောက်ဘက်လွန်မင်း

အနောက်ဘက်လွန်မင်းတရားသည် ခရစ်နှစ် ၁၆၁၃ ခုတွင် သံလျင်စား ဇင်ကာကို အောင်မြင်တော်မူပြီးနောက် ဒဂုန်မြို့သို့လာ၍ ခေါင်းလောင်းဆွဲလှူသည်။ ဆံတော်ရှင် စေတီတော်ကိုစောင့်ရှောက်ရန် လူသူ ၄၂၀ ကိုလည်းလှူသည်။ ထီးတော်သစ်ကို တင်လှူသည်။ ထီးတော်တွင် စိန်နှစ်ပိဿာ၊ ပတ္တမြားလုံးရေ ၂၀၀၀ နှင့် ရွှေ နှစ်ပိဿာနှင့် ၅၅ ကျပ်သားရှိ၏။ အနောက်ဘက်လွန်၏ မှန်အမတ်ကြီးများဖြစ်သော ပုညကာမက အချိန် ငါးပိဿာ ငါးကျပ်ခွဲသားရှိသော ငွေခေါင်းလောင်း ၁၂ လုံးကိုလှူသည်။ ဗညားဇုတ်လာလီက အချိန် ၂ ကျပ်သား ရှိသော ရွှေညောင်ရွက်နှစ်ရွက်နှင့် အချိန် ၁၀ ပိဿာနှင့် ၇၅ ကျပ်သားရှိသော ငွေခေါင်းလောင်း နှစ်လုံးကိုလှူ၏။

အနောက်ဘက်လွန်မင်းတရားလက်ထက် ၁၆၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ငလျင်တစ်ကြိမ်လှုပ်ရာ စေတီတော်တွင် အပျက်အစီးရှိပြန်သည်။ ထိုအပျက်အစီးများကို ၁၆၂၂ ခုနှစ် မေလတွင် ပြန်လည်ပြင်ဆင်၍ ထီးတော်သစ် တင်လှူကြပြန်လေသည်။

၁၆၂၈ ခုနှစ်တွင် အနောက်ဘက်လွန်မင်း၏ သားတော် မင်းရဲဒိဗ္ဗနန်းတက်သည်။ ထိုမင်းသည် ကြာရှည်မအုပ်စိုးရသော်လည်း ရွှေတိဂုံစေတီတော်ကြီးအတွက် ကျောက်မီးတိုင်၊ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်နှင့် ထီးဖြူများကပ်လှူပူဇော်သည်။ စေတီတော်ကို ထုံးအင်္ဂတေကိုင်လေသည်။

သာလွန်မင်း

မင်းရဲဒိဗ္ဗ၏နောက် ခရစ်နှစ် ၁၆၂၉ ခုတွင် ဦးရီးတော် သာလွန်မင်းနန်းတက်သည်။

ခရစ်နှစ် ၁၆၄၄ ခု၊ ဒီဇင်ဘာလ ၂၆ ရက် နေ့ဝင်ချိန်တွင် ငလျင်ပြင်းစွာလှုပ်၍ ထီးတော်မြေခရာ သာလွန်မင်းတရားကြီး ထီးဟောင်းကို မြှုပ်ပြင်လှူဒါန်းသည်။ ထီးတော်အတွက် ရွှေသုံးပိဿာ ငါးကျပ်ခွဲသားအပြင် ကျောက်လုံးရေ ၆၅၈ လုံးကို စိုက်ထုတ်လှူဒါန်းပြီး စေတီတော်ကို ရွှေအတိမွမ်းသည်။

ငလျင်အကြိမ်ကြိမ်

သာလွန်မင်းတရားလက်ထက်တွင် နေပြည်တော်ကို ဟံသာဝတီမှ အင်းဝသို့ ပြောင်းရွှေ့လေသည်။ ထိုမင်းမတိုင်မီနှင့် ထိုမင်း၏နောက်တွင် စိုးစံကြသော မင်းတို့၏လက်ထက်၌ အောက်ပြည်အောက်ရွာရှိ ရွှေတိဂုံစေတီတော်ကြီးအား ကုသိုလ်ကောင်းမှုအစုစုပြုကြသည်ကို တွေ့ရလေသည်။ အထူးသဖြင့် ခရစ်နှစ် ၁၅၆၄ မှစ၍ နှစ်ပေါင်း ၁၀၀ ခန့်အတွင်း အကြိမ်ကြိမ်လှုပ်ခဲ့သော ငလျင်များ၏ဒဏ်ကြောင့် ပျက်စီးခြင်းများကို ပြင်ဆင်ရင်း ကုသိုလ်ဒါန ပြုကြခြင်းက များလေသည်။ ငလျင်လှုပ်ခဲ့သောအကြိမ်များမှာ ခရစ်နှစ် ၁၅၆၄၊ ၁၆၂၀၊ ၁၆၂၈၊ ၁၆၄၄၊ ၁၆၄၉၊ ၁၆၅၂၊ ၁၆၆၁၊ ၁၆၆၄၊ ၁၆၇၉ စသည်ဖြင့် အကြိမ်ကြိမ်ရှိခဲ့လေသည်။

ပင်းတလဲမင်းနှင့် ပြည်မင်း

ပင်းတလဲမင်း (၁၆၄၈-၁၆၆၁) လက်ထက် ၁၆၄၉ ခုနှစ်တွင် ထီးတော်တိမ်းစောင်းသွားသဖြင့် ပင်းတလဲမင်းက ပြင်ဆင်သည်။ ၁၆၅၂ ခုနှစ်၊ မေလတွင် ငလျင်ကြောင့် ထီးတော်မြေခသဖြင့် ပဲခူးသို့ပို့၍ ပြင်ဆင်ရသည်။ ၁၆၆၁ ခုနှစ်တွင် ငလျင်လှုပ်ပြီး လေပြင်းမုန်တိုင်းကျသဖြင့် ထီးတော်သုံးဆင့်မှာ လွင့်စဉ်၍မြေခသည်။ ထီးတော်အပျက်အစီးကို အင်းဝသို့ယူ၍ နှစ်နှစ်ကြာသောအခါ ပြည်မင်း (၁၆၆၁-၁၆၇၂) က ပြင်ဆင်လှူဒါန်းသည်။

ပြည်မင်းလက်ထက် ၁၆၆၄ ခုနှစ်၊ ဒီဇင်ဘာလတွင် တဖန်ငလျင်လှုပ်ရာ ထီးတော်မြေခသည့်ပြင် စေတီကြီးပါပြိုလေသည်။ စေတီအထက်ပိုင်းသည် ဘုရားကြီး၏ အရှေ့တောင်ဘက်ရင်ပြင်ပေါ်သို့ ကျသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့စေတီတော်ပြုကျပြီး တစ်နှစ်အကြာတွင် ကိုယ်လုံးပြည့် အင်္ဂတေကိုင်၍ ပြင်ဆင်ပြီးစီးသည်။ နောက်တစ်နှစ် ၁၆၆၈ ခု၊ ဖေဖော်ဝါရီလတွင် ထီးတော်သစ်ကို အခမ်းအနားဖြင့် တင်လှူလေသည်။ ထီးတော်၏အလေးချိန်မှာ ရွှေ ၁၂ ပိဿာရှိ၍ ကျောက်မျက်ရတနာလုံးရေ ၁၈၀၀ ကို စီခြယ်၍ မြှုပ်ထားသည်။

၁၆၇၉ ခုနှစ်၊ နိုဝင်ဘာလတွင် လျှောင်တစ်ကြိမ်လှုပ်လေသည်။ ထိုအချိန်မှာ အင်းဝတွင် မင်းရဲကျော်ထင် အုပ်ချုပ်လျက်ရှိသည်။ လျှောင်ကြောင့် ပျက်စီးသည်များကို ဗုဒ္ဓဘာသာမြန်မာတို့ ဝိုင်းဝန်း၍ပြုပြင်ကြလေသည်။

နယ်ချဲ့ခေတ်ရွှေတိဂုံ

ခရစ်နှစ် ၁၅၀၀ ပြည့်လွန်သောအခါတွင် မြန်မာနိုင်ငံသို့ နယ်ချဲ့အရင်းရှင်များ စတင်လာရောက် ခြေကုပ်ယူလေသည်။ စေတီတော်ကုန်းမြေတည်ရာအရပ်သည် စစ်ကြောင်းကျ၍ အခိုင်အမာပြုလုပ်ရန်ကောင်းသဖြင့် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲနှင့် ဒုတိယစစ်ပွဲများအတွင်း ရွှေတိဂုံပတ်ဝန်းကျင်သည် စစ်တလင်းဖြစ်ခဲ့ရသည်။

ခရစ်နှစ် ၁၈၂၄ ခု၊ မေလတွင်စတင်ဖြစ်ပွားသော အင်္ဂလိပ်-မြန်မာပထမစစ်ပွဲတွင် အင်္ဂလိပ်စစ်တပ်များက ရွှေတိဂုံစေတီတော်ကို တက်ရောက်သိမ်းပိုက်၍ အခိုင်အမာနေလိုက်ကြသည်။ ထိုအချိန်မှ ခြောက်လအတွင်း ရွှေတိဂုံစေတီတစ်ဝိုက်နှင့် ကြည့်မြင်တိုင်ဘက်၊ သံလျင်၊ ဒလဘက်တို့တွင် မြန်မာတို့နှင့်တိုက်ပွဲများဖြစ်ပွားခဲ့သည်။ မြန်မာဗိုလ်မှူးဖြစ်သော မင်းကြီးမဟာဗန္ဓုလသည် စေတီတော်မြောက်ဘက်ရှိ တောအုပ်မှနေ၍ စခန်းချပြီး အင်္ဂလိပ်တို့ကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့သည်။

ရန္တပိုစာချုပ်ဖြင့် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲပြီးသောအခါ စစ်ပြေငြိမ်းစာချုပ်အရ ရွှေတိဂုံစေတီတော်ကို အင်္ဂလိပ်တို့လက်မှ ပြန်၍ရသည်။ ဘုရားကြီးမှာ စစ်ဘေးဒဏ်ကြောင့် အပျက်အစီးများလှသဖြင့် မြန်မာတို့က အကြီးအကျယ် ထပ်မံ၍ပြင်ဆင်ရလေသည်။

ခရစ်နှစ် ၁၈၅၂ ခု ဧပြီလတွင် အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွားသောအခါ မြန်မာတပ်များသည် ရွှေတိဂုံစေတီတော်ကို အခိုင်အလုံပြုထားကြသည်။ အင်္ဂလိပ်တပ်များသည် စေတီတော်ကြီးအနီးသို့ ကိုက် ၈၀၀ အကွာမှ ချည်းကပ်ပြီးလျှင် အရှေ့မုခ်မှတက်၍သိမ်းရန် အားထုတ်ကြသည်။ မြန်မာတို့ကလည်း အင်္ဂလိပ်တပ်များကို ကုန်းတော်ပေါ်မှ အမြောက်ဖြင့် ပစ်ခတ်ကြသည်။ ထို့နောက် အနီးကပ်တိုက်ပွဲဖြစ်ပွားရာ မြန်မာတို့မှာ အားခြင်းမမျှသဖြင့် လက်လျှော့လိုက်ရသည်။ ရန်ကုန်ကိုသိမ်းသော အင်္ဂလိပ်တပ်များသည် ရွှေတိဂုံကုန်းတော်၏ အရှေ့မုခ်မှ အနောက်မုခ်အထိ မုခ်သုံးဘက်၌ တပ်စွဲလိုက်ကြသည်။ မြန်မာဘုရားဖူးများအား တောင်ဘက်မုခ်ကိုသာ အသုံးပြုခွင့်ပေးခဲ့သည်။

အနောက်မုခ်ကို ပိတ်ထားသည့်ကိစ္စအတွက် ဘီလပ်ရှိ အင်္ဂလိပ်အစိုးရတိုင်အောင် တက်၍အရေးဆိုခဲ့ရသည်။ ခရစ်နှစ် ၁၉၁၉ ခုခန့်ကစပြီး အရေးဆိုခဲ့ရာ ခရစ်နှစ် ၁၉၂၈ ခုတွင်မှ စစ်တပ်ကို မင်္ဂလာဒုံသို့ရွှေ့ပေးသည်။ အနောက်ဘက်စောင်းတန်းမှာ မြန်မာပြည်လွတ်လပ်ရေးမရမီ ၁၈ နှစ်အလိုဖြစ်သော ၁၉၃၀ ပြည့်နှစ်တွင်မှ အခမ်းအနားဖြင့် ပြန်လည်ဖွင့်လှစ်ခဲ့ရလေသည်။

စေတီတော်ကြီး၏ အတိတ်သမိုင်းကို ပြန်လည်လေ့လာသည့်အခါ ရွှေတိဂုံစေတီတော်ကျောက်စာနှင့် မှန်ရာဇဝင်၊ ဘုရင်သမိုင်းစာအုပ်များ၌ ရွှေတိဂုံစေတီတော်ကို မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က တည်ထားခဲ့သည်ဟုဆိုကြသည်။ စေတီတော်ကြီး၏ သမိုင်းနှင့်စပ်လျဉ်း၍ ဤမျှရှည်လျားသော နောက်ကြောင်းရှိခဲ့ရာတွင် နိုင်ငံသမိုင်း၌ စာနှင့်ပေနှင့် အခိုင်အလုံတွေ့ရှိရသော အဖြစ်အပျက်များမှာ ခရစ်နှစ် ၁၃၅၅ ခု၊ ဘုရင်ဗညားဦးလက်ထက်မှ စတင်သည်။ ထိုအချိန်တစ်ဝိုက်မှစ၍ ပြုပြင်မွမ်းမံမှုများကြောင့် စေတီတော်ကြီးသည် ယခုကဲ့သို့ မဟာစေတီတော်ကြီးဖြစ်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သက္ကရာဇ် ၇၈၅ ခုနှစ်တွင် သားတော်ဗညားဓမ္မရာဇာသည် သီဟရာဇာအမည်ခံ၍ ရွှေနန်းတက်တော်မူသည်။ ထိုအခါ ညီတော်ဗညားရံနိုက်သည်။ ဒဂုန်မြို့က ခြားနားသည်။ ညီတော်ဗညားကျန်းသည် မုတ္တမမြို့မှာနေသည်။ ထိုမင်းလက်ထက် ညီတော်များနှင့်မသင့်မတင့်၍ တိဂုံစေတီတော်ကို ပူဇော်ရုံမျှသာဖြစ်သည်။ နန်းစည်းစိမ် ၅ နှစ် သက္ကရာဇ် ၇၉၀ ပြည့်နှစ်တွင် နတ်ရွာစံသည်။

သက္ကရာဇ် ၇၉၀ ပြည့်တွင် ညီတော်ဗညားရံနိုက်သည်။ ဟံသာဝတီပဲခူးရွှေနန်းတွင် စိုးစံတော်မူသည်။ ထိုမင်းသည် မင်းကျင့်တရားနှင့်ညီညွတ်သဖြင့် မုတ္တမ၊ ဒလ၊ ဒဂုန်၊ ပုသိမ်မင်းတို့နှင့် အရပ်လေးမျက်နှာကို အစိုးရတော်မူသည်။ ရွှေတိဂုံဆံတော်ရှင်စေတီတော်ကို ပထမတည်ရင်း အလွန်ငယ်သောကြောင့် ရတနာမြတ်တို့သည် အပြင်ကသာနေသည်ဟု ကုန်းတော်ထိပ်ပြင် ခုနစ်တောင်တာ–တာပေါင်းတစ်ရာရှိသည်။ ပထမစေတီတော် ပန်းခုံတော်နှစ်ဆယ့်နှစ်တောင်တွင် တစ်ဘက်တစ်ဘက်၌ ငါးဆယ့်လေးတောင်စီထပ်ဖွင့်သဖြင့် တစ်ရာ့ရှစ်တောင် မူလနှစ်ဆယ့်နှစ်တောင်နှင့် အတောင်တစ်ရာ့သုံးဆယ်ပန္နက်ချ၏။ ရွှေ၊ ငွေ ၊ ကြေး၊ သံလွဲ ၊ မြေ၊ အုတ်ဟူသော အုတ်များတို့ဖြင့်ပြုလုပ်ရာ အောက်,ကလပ်ခြေကသည် ပစ္စယာနှစ်ဆင့်သာပြီးသည်။။ ထိုမင်းနန်းစံ တစ်ဆယ့်ရှစ်နှစ် သက္ကရာဇ် ၈၀၈ တွင် နတ်ရွာစံသည်။

သက္ကရာဇ် ၈၀၈ ခုနှစ်တွင် ၎င်းဗညားရံနိုက်မင်း တူတော် ရှင်စောပု၏သား ဗညားဗသျှုမင်းသည် သုနက္ခရာဇာဟူသောအမည်တော်ခံ၍ ရွှေနန်းစံတော်မူသည်။ ထိုမင်းသည် မင်းကျင့်တရားညီညွတ်သည့်အပြင် အလွန်ယုံကြည်သောအမတ်ကြီး ၏ကျွန်တစ်ဦးသည် သူဌေးတစ်ဦး၏လက်စွပ်ကို ခိုးမိသည်ကို အမတ်ကြီးသိ၍ နင့်အသက်လွတ်ရန်ရွှေနှစ်ပိဿာယူခဲ့ဟုဆို၍ ၎င်းရွှေဖြင့်မင်းမြတ်သို့ ဤခိုးမှုသည် အသက်ချမ်းသာရန် ရွှေနှစ်ပိဿာလက်ဆောင်တင်ပါသည်ဟုလျှောက်လျှင် မင်းကြီးသည် ခိုးသူနှင့်အမတ်ကြီးကိုသတ်စေ၍ လမ်းဆုံမှာထားစေ၏။ ကြောင်သည်ကြွက်ကို ခုတ်သတ်သည်ကိုမြင်တော်မူလျှင် ကြောင်ကိုသတ်စေ၍ ကြွက်သေနှင့်တကွ ခိုးသူနှင့်အမတ်ကြီးအလောင်းထက်မှာထားစေ၏။ ပြည်သူပြည်သားများလည်း အလွန်ကြောက်လန့်၍ ခိုးသား၊ ဓားပြကင်းငြိမ်း၍ မပိတ်သောတံခါးဖြင့်သာနေကြရသောကြောင့် တိုင်းပြည်အလွန်သာယာ၏။ ထိုမင်းသည် ရွှေတိဂုံစေတီတော်ပစ္စယာနှစ်ဆင့်ကသည် ထပ်မံလုပ်ဆောင်တော်မူစေရာ ပစ္စယာငါးဆင့်မြောက်၊ နန်းစံသုံးဆင့် သက္ကရာဇ် ၈၁၁ ခုနှစ်တွင်နတ်ရွာစံ၏။

သက္ကရာဇ် ၈၁၁ ခုနှစ်တွင် မင်းပြုမည့်သူမရှိ။ ဗညားဓမ္မရာဇာသား ဗညားရန်နိုက်မင်း၏ညီတော် ဗညားကျန်းမင်းသားသည် အဝဘုရင် ထူပါရုံဒါယကာ နရပတိမင်းကြီးသို့ဝင်၍နေရာ အမတ်တို့လာ၍ပင့်သောကြောင့် လိုက်လာတော်မူပြီးလျှင် သက္ကရာဇ် ၈၁၃ ခုနှစ်တွင် ဟံသာဝတီရွှေနန်းကို စိုးစံတော်မူသည်။ ရတနာသုံးပါးကို အထူးယုံကြည်အားထား၍ အလှူအတန်းများစွာပြုတော်မူ၏။ တစ်နေ့သောအခါ မင်းကြီးသည် ငါ၏ဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့သည် တိဂုံဆံတော်ရှင်စေတီတော်ကို ထပ်ဖို့ပြုလုပ်ကြရာ မပြီးခင်နတ်ရွာစံတော်မူကြသည်။ ငါသည် ပါရမီတော်အလျှောက် ပြီးမြောက်အောင်တည်တော်မူအံ့ဟုမိန့်တော်မူလျှင် လူနတ်ဗြဟ္မာတို့ ဝမ်းမြောက်ဝမ်းသာကြွေးကြော်၍ သာဓုခေါ်ကြ၏။မင်းကြီးလည်း ဒဂုန်မြို့တွင် သစ်တပ်နှင့်စံတော်မူပြီးလျှင် မှူးမတ်ပညာရှိအပေါင်းတို့နှင့်တိုင်ပင်၍ ရွှေအုတ်၊ ငွေအုတ်၊ မိုးကြိုးအုတ်၊ ကြေးဖြူအုတ်၊ ကြေးနီအုပ်၊ သံလွှဲစင်အုတ်၊ ကျောက်အုတ်၊ မြေအုတ်တို့ကို သရွတ်၊ ဟင်္သာ၊ ပြဒါးတို့ဖြင့်လည်းကောင်း အောက်၌ဖော်ပြအပ်သော အင်္ဂတေ၊ သရွတ်တို့ဖြင့်လည်းကောင်း တည်တော်မူသည်။ နေ့ကိုလူများလုပ်သည်။ ညဥ့်ကို နတ်များ ပြုလုပ်ထားသည်ကြောင့် လူတစ်ရစ်နတ်တစ်ရစ်တည်သည်ဟုဆိုသည်။ ပစ္စယာငါးဆင့်မှတက်၍ ရင်ဖွဲ့စည်း သပိတ်မှောက်ခေါင်းလောင်း၊ ဖောင်းလုံးဖောင်းမ၊ ကြာမှောက်ကြာပြန် ငှက်ပျောဖူးသီးရောက် အလုံးစုံပြီးမြောက်လေသည်။

ထိုအခါ စေတီတော်အတောင်အချင့်ကား စတုရန်းလေးမျက်နှာ တစ်ရာ့နှစ်ဆယ်စီ၊ အရပ်တော်ကား အောက်ပန်းတင်ကလပ်ခြေကသည် ဆပ်သွားဖူးဘုရားရောင်လျှံတိုင်အောင် နှစ်ရာ့တစ်တောင်တစ်မိုက်နှင့်လက်လေးသစ်၊ တန်ခိုးတော်အားဖြင့် မဆုံးနိုင်ပြီရာဟု ရွှေတိဂုံထူပဝန်ကဆိုသည်။ ရွှေတိဂုံသမိုင်းတော်သစ် သမ္မန္တစက္ခုဒီပနီအလိုမှာ အချင်းအားဖြင့် နှစ်ရာနှစ်ဆယ့်ငါးတောင်၊ အဝန်းခြောက်ရာ့ခုနစ်ဆယ့်တစ်တောင်၊ စေတီတော်အရပ်တစ်ရာ့ရှစ်ဆယ့်ခြောက်တောင်၊ နှစ်မိုက်ငါးသစ်၊ ထီးတော်အရပ် အတောင်သုံးဆယ်၊ အလုံးစုံမြေကစ၍ အရပ်တော်ပေါင်း တစ်ဆယ့်ခြောက်တောင်နှစ်မိုက်ငါးသစ်၊ ထီးဝ ကိုးတောင်တစ်မိုက်၊ ထီးဝန်းနှစ်ဆယ့်ရှစ်တောင်ရှိ၏ဟုဆိုသည်။ အရပ်တော်အနိမ့်အမြင့် မတူကြပါတကားဟုဆိုဗြာအံ့။ ထီးတော်သည် အချို့ အတောင်သုံးဆယ်ရှိသည်ဖြစ်၍ ကွဲလွဲဟန်ရှိ၏။ ထိုသို့ စေတီတော်မြတ်ပြီးသောအခါ ဗညားကျန်းမင်းကြီးသည် ရွှေထီးဆပ်သွားဖူးရောင်လျှံအတွက် နဝရတ်ကိုးပါးတို့ကို ထည့်သွင်းပူဇော်ထားသည်ကား မရေတွက်နိုင်ရာများစွာရှိလ၏။ ထီးတော်ကို ရွှေအတိပြီးသော ကြိုးရှစ်သွယ်ဆိုင်းလျက် ရွှေဆည်းလည်း၊ ငွေဆည်းလည်းတို့ကို ရွှေညောင်ရွက်ဆွဲ၍

www.burmeseclassic.com

ထီးတော်တင်လှူတော်မူ၏။ ထိုအခါ ရောင်လျှံတော်မှ ရောင်ခြည်တော်လွှတ်သဖြင့် ပြဟ္မာသိကြားနတ်အပေါင်းတို့သည် ကောင်းကင်မှ ရတနာအမျိုးမျိုးတို့ဖြင့် ပူဇော်ကြမြှောက်ကြခြင်း၊ဗညားကျန်းမင်းကြီးနှင့် ဒဂုန်မင်း၊ သန်လျင်မင်း၊ ပုသိမ်မင်းတို့သည် မိမိတို့ပရိတ်သတ်နှင့်တကွ ရတနာအမျိုးမျိုးတို့နှင့်ပူဇော်ကာ တူရိယာအမျိုးမျိုးတီးမှုတ်ကြလေ၏။ ရတနာအပေါင်းတို့သည် ထိုင်၍ပူဇော်သူမှာ ပခုံးစွန်း၊ တ၍ပူဇော်သူတို့မှာ ချက်အမျှရှိ၏။ ထိုရတနာတို့ကို စေတီတော်ရင်း၌မြှုပ်ရ၏။ ထို ဗညားကျန်းမင်း ဘုရားတည်သောပွဲ ဗညာဦးမင်းဘုရားတည်သောပွဲ တဖုဿဘလ္လိကတို့နှင့်ဥက္ကလာပမင်း ဘုရားတည်သောပွဲ ဤသုံးပွဲသည် အညီအမျှစည်ကား ပြည့်စုံလှ၏။ ဗညားကျန်းမင်းကြီးသည် မရောင့်ရဲနိုင်မှုပူဇော်ခြင်းကြီးဖြင့် စေတီတော်မြတ်ကို လက်ယာရစ်လှည့်ကာ နေပြည်တော်သို့ပြန်တော်မူ၏။ ထိုမင်းသည် ဟံသာဝတီရွှေနန်းတွင် နန်းစံသုံးနှစ် သက္ကရာဇ် ၈၁၄ ခုနှစ်တွင် နတ်ရွာစံတော်မူသည်။

ဗညာကျန်းမရှိသည့်နောက် ရှင်စောပုတူ လိတ်မွတ်ထော်မင်းသည် မုဋ္ဌောဟူသောအမည်ဖြင့် မင်းပြုတော်မူ၏။ ထိုမင်းသည် မင်းကျင့်တရားစသည်ကို မကျင့်မူ၍ သူတစ်ပါး၏မယားနှင့် သမီးပျိုများကိုဖျက်ဆီးခြင်းဖြင့် မကောင်းမှုကိုသာ ပြုသောကြောင့် ခုနစ်လမျှသာနန်းစံရ၍ သက္ကရာဇ် ၈၁၄ ခုနှစ်တွင် နတ်ရွာစံသည်။

မြန်မာနိုင်ငံ၏တစ်ဦးတည်းသော ဘုရင်မကြီးရှင်စောပု

သက္ကရာဇ် ၈၁၄ ခုနှစ်တွင် ရာဇာဓိရာဇ်မင်း၏သမီးတော် ရှင်စောပုသည် ဗညာကျန်းတောအမည်ဖြင့် မင်းပြုသည်။ ရှင်စောပုသည် ရာဇာဓိရာဇ်မင်းကြီး၏မိဖုရား သုဒ္ဓမာယာတွင် သက္ကရာဇ် ၇၅၅ ခုနှစ် တပေါင်းလဆန်း (၁၂) ရက် ဗုဒ္ဓဟူးနေ့ ဖွားတော်မူသည်။ အသက်နှစ်ဆယ်ပြည့် သက္ကရာဇ် ၇၇၅ ခုနှစ်တွင် ခမည်းတော်ရာဇာဓိရာဇ်မင်းကြီး၏တူတော် သမိန်စည်သူနှင့်စုံဖက်ရာတွင် သမီးနဲတကာတော် (၁)၊ ညီမနဲတကာသင် (၁)၊ မောင်သမိန်ပသျှူ (၁) ပေါင်း ၃ ပါးဖွားမြင်ပြီးနောက် ခင်ပွန်းတော်သမိန်စည်ကံကုန်၍ တစ်ခုလပ်အဖြစ်နှင့်နေရာ အသက် (၂၉) နှစ် သက္ကရာဇ် ၇၈၄ ခုနှစ်တွင် ရတနာပူရအင်းဝဘုရင် သီဟသူမင်းက သိရိတရိဘဝနာဒိတာပဝရ အတုလအဂ္ဂမဟာဓမ္မရာဇာဓိရာဇာ မဟာဒေဝီ ဟူသောဘွဲ့နာမ်ဖြင့် ဘိသိက်ခံ,မိဖုရားပြုသည်။ သီဟသူမရှိနောက် ပုခန်းမြို့စား တရဖျားနှင့်လက်ဆက်ရသည်။ တရဖျားမရှိနောက် အင်းဝဘုရင် မိုးညှင်းမင်းတရားကြီး သိမ်းပိုက်တော်မူပြန်သည်။ ၎င်းမင်းလက်ထက် သက်တော်သုံးဆယ့်ခြောက်နှစ် သက္ကရာဇ် ၇၉၁ ခု မောင်တော်ဗညားရန်နိုက်မင်း နန်းစံတစ်နှစ်အကြာတွင် ဓမ္မဓရ ဓမ္မဉာဏခေါ်မောင်ရှင်နှစ်ပါးတို့ယူဆောင်ခဲ့၍ ဟံသာဝတီသို့ရောက်လာသည်။ အသက်ငါးဆယ့်ကိုးနှစ် သက္ကရာဇ် ၈၁၄ ခုနှစ်တွင် ဗညားကျန်းတောအမည်နှင့် မင်းပြုတော်မူသည်။ ထိုဘုရင်မကြီးသည် နန်းစံခုနစ်နှစ်ရှိသောအခါ သမက်တော် ဓမ္မစေတီမင်းအား ဟံသာဝတီရွှေနန်းတော်ကို နန်းဆောင်အဖြစ်လွှဲအပ်ထား၍ ဒဂုန်မြို့သို့ မှူးမတ်သူဌေးသူကြွယ်အပေါင်းတို့နှင့် ထွက်တော်မူလာပြီးလျှင် ဆံတော်ရှင်စေတီတော်ကြီး၏ အနောက်တောင်တွင် မြို့နန်းဆောက်၍စံတော်မူသည်။ တိဂုံဆံတော်ရှင်မြတ်ကို အလွန်ကြည်ညိုတော်မူသဖြင့် ရွှေကိုယ်အလေးချိန်၍ မျက်ပါးခတ်ပြီးလျှင် စေတီတော်လုံးပြည့် ရွှေသက်န်းကပ်လှူတော်မူ၏။ နယ်မြေလေးရပ်နှင့် ကျွန်သီးတော်ငါးရာ လှူ တော်မူသည်။ နယ်မြေမှာ စေတီတော်အရှေ့ ကိုကျက်ကနက်ဘုရားအထိ မြောက်ကို,ကျက်မိုးရပ်ဘုရားအထိ၊ တောင်ကို ကျတ်နတ်ဘုရားအထိ အနောက်ကိုကျတ်မြောင်းဘုရားအထိ လေးရပ်သတ်မှတ်၍ ဘုရားဝတ္တကံမြေအဖြစ် လှူတော်မူသည်။ မဟာရာမ်တံတိုင်းခုနစ်ထပ်လုပ်၍ ၎င်းအတွင်း၌ ထန်း၊ အုန်း၊ ပေ၊ ကံ့ကော်၊ သရက်၊ ပိန္နဲ ပန်းအမျိုးမျိုးအပြည့်အနှက် စိုက်စေတော်မူ၏။ ကျွန်သီးတော်ငါးရာမှာ အရှေ့မျက်နှာက ဇေယပတ္တအမတ်ကြီး၊ တောင်မျက်နှာက ဝိသုကမ္မအမတ်ကြီး၊ အနောက်မျက်နှာက မာတလိအမတ်ကြီး၊ မြောက်မျက်နှာက ဗညားအိမ်အံမတ်ကြီးတို့ကို လူနှစ်ရာငါးဆယ်စီနှင့် နေ့စဉ်စေတီတော်မြတ်ကိုစောင့်ပြုစုရသည်။ ကြေးအချိန်ပိဿာ တစ်ထောင့်ခုနစ်ရာကိုလည်း ခေါင်းလောင်းတော်သွန်းလုပ်လှူတော်မူသည်။ ရင်ပြင်တော်ပတ်လည်မှာ ကျောက်ပြားအပြည့်ခင်းခြင်း၊ မီးထွန်းကျောက်တိုင်စိုက်ခြင်း၊ ထီးဖြူလေးစင်း၊ ရွှေသပိတ်လေးလုံး၊ ရွှေပန်းကန်လေးလုံး၊ ငွေပန်းကန်ကြီးရှစ်လုံး၊ ရွှေဇွန်းလေးစင်း၊ ငွေဇွန်းရှစ်စင်းစသည်ဖြင့် လှူတော်မူသည်။ ၎င်းလှူသော ပန်းကန်တစ်လုံး၊ တစ်လုံးမှာဆန်တစ်တင်းချက်ဆွမ်းဝင်သည်။ ဇွန်းမှာ ဆန်တစ်စလယ်ချက်ဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဟံသာဝတီပြည့်ရှင် ဘုရင်မရှင်စောပုသည် ဒဂုန်ဆံတော်ရှင်
အား-ကြည်ညိုနေပုံ။



ဆရာကြီးဦးဘကြည်၏လက်ရာ

စေတီတော်ကြီးအား ဘုရင်မ ရှင်စောပု၏ နန်းတော်ဆီမှ ဖူးမြင်ရသောရှုခင်းသည် ယနေ့တော်လှန်ရေးပန်းခြံအနီးမှ ဖူးမြင်ရသည့် ရှုခင်းနှင့်ခြားနားလှမည်မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ပစ်တိုးရိုးယားနှင့် အဲလ်ဗတ်ပြတိုက်တွင် ပြသထားသည့် ဘုရင်မကြီးရှင်စောပု (၁၄၅၃-၁၄၇၂)၏ ဦးဆောင်
အခြားပစ္စည်းများကိုတွေ့ရစဉ်



ဘုရင်မကြီး ရှင်စောပု၏နန်းတော်မှ စေတီတော်ကြီးအား ဖူးမြင်ရသောရှုခင်းသည် ယနေ့တော်လှန်ရေးပန်းခြံ အနီးမှ ဖူးမြင်ရသော ရှုခင်းနှင့်ခြားနားလှမည်မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

သပိတ်မှာလည်း ဆန်ငါးစိတ်ချက်ဝင်သည်။ ရွှေသပိတ်မှာ ဖေကိုအကြီး၊ ရွှေပန်းကန်မှာ အွေ့တဲကိုအကြီး။ ရွှေဇွန်းမှာ ဖေိတ်ကိုအကြီး၊ ငွေဇွန်းမှာ ဝေကိုအကြီး၊ ထွေးအင်လေးလုံးမှာ စံသိုင်းကိုအကြီး၊ သင်ပုတ်တော်တင်မှာ အွေ့တော်ကိုအကြီး၊ ဆီမီးညှိမှာ ထော်ကိုအကြီး၊ တိုက်စောင့်မှာ ပေုလဲကိုအကြီး၊ ပန်းပဲ ၄ ဖိုမှာ စေုလုံကိုအကြီး၊ ပတ်ဝိုင်းဆိုင်းတီးလေးဆိုင်းမှာ ကော်ကရုကိုအကြီး၊ ကုလားစည်ကြီးလေးလုံးမှာ တေင်ကိုအကြီး၊ သိုင်းတော်ကိုင်လေးယောက်မှာ အောကိုအကြီး၊ တန်ဆာ ဆောင်းရှစ်ယောက်မှာ ထိုင်သတ်ကိုအကြီး၊ တံမြက်လှဲလေးယောက်မှာ ငွတွဲကိုအကြီး၊ ဆီမီးစာကိုင်လေးယောက်မှာ သေုဓကိုအကြီး စသည်ဖြင့်အသီးသီး ဖွဲ့စည်းခန့်အပ်ထားတော်မူသည်။

စောင်းတန်းမုစ်လေးဘက်နှင့် ကျောက်လှေခါးပြုတော်မူလျက် တစ်လလေးသီတင်း သံဃာတော် ငါးထောင်ခြောက်ထောင်စသည်ဖြင့် ဆွမ်းလုပ်ကျွေးတော်မူ၏။ နေ့စဉ်နေ့တိုင်းလည်း ဥပုသ်သီလကိုဆောက်တည်တော်မူလျက် ရတာသုံးပါး အာရုံနှင့်သာ အနောက်စောင်းတန်းတော်မှ ကုန်းတော်သို့တက်၍ ဝတ်ပြုတော်မူ၏၏။ စေတီတော်မြတ်၏ အောက်ပန်းတင် ကလပ်မြေကိုလည်း ထပ်မိုပြုပြင်တော်မူ၏။

ထိုဘုရင်မကြီးသည် ဟံသာဝတီပဲခူးမြို့သို့ ခေတ္တမျှသာပြန်တော်မူ၍ တိုင်းပြည်ချမ်းသာရေးကို ဆောင် ရွက်တော်မူသည်။ သက္ကရာဇ် တိဂုံစေတီတော်ကြီး၏ အနောက်တောင်ဘက်ရှိ သစ်မြို့နန်းတွင်သာ အရှည်အကြာစံတော်မူ၍ နန်းစံ ၁၉ နှစ်၊ ၈၃၃ ခုနှစ်၌ သက်တော် ၇၈ နှစ် အသက်တော်ကုန်ခါနီးတွင် အာရုံခံလျောင်းတော်ဦးသို့ သလွန်တော်ကိုရွှေ့ပေးစေပြီးလျှင် တိဂုံဆံတော်ရှင် စေတီတော်မြတ်ကြီးကို ကြည်ညိုလျက် လက်အုပ်မိုး၍ ရှိခိုးကာပင် နတ်ရွာစံတော်မူလေ၏။

စေတီတော်ကြီးအနောက် ယခုစစ်တပ်သားနေရာသည် ရှင်စောပုဘုရင်မကြီးမြို့နေရာနှင့် စမ်းချောင်းနှင့်မြေနီကုန်းဂါတ် အကြား ဘုန်းကြီးကျောင်းနေရာသည် ရှင်စောပုဘုရင်မကြီး သချိုင်းတော်နေရာဖြစ်သည်။

မြောက်ဖက်ဆောင်းတန်းထိပ်မှ ရင်ပြင်တံတိုင်းဆောင်းတွင်တွေ့ရသော ဘုရင်မကြီး ရှင်စောပု၏ ကောင်းမှု ကျောက်ဘီလူးကြီး

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မစေတီမင်းတရားကြီး

သက္ကရာဇ် ၈၃၃ ခုနှစ်တွင် သမက်တော်ဓမ္မစေတီမင်းသည် (သိရိပဝရ မဟာဓမ္မရာဇာဓိရာဇာ) ဟူသော ဘွဲ့နာမတော်ဖြင့် မင်းပြုတော်မူသည်။ (သို့ရာတွင် ရှင်စောပုဘုရင်မကြီးနန်းစံခုနစ်နှစ် သက္ကရာဇ် ၈၂၀–၈၂၁ ခုနှစ်ကပင် မင်းအဖြစ်သို့ အလွှဲအပြောင်းခံရသဖြင့် ကလျာဏီသိမ်ကျောက်စာတွင် ၈၂၀ ဟုပါလေသည်။) ထိုမင်းသည် ရာမညတိုင်းအလုံးအုပ်စိုးတော်မူ၍ နိုင်ငံရှင်မင်းအပေါင်းတို့နှင့် မဟာမိတ်ပြုတော်မူသည်။ ရဟန်းရှင်လူပြည်သူအပေါင်းတို့ကိုလည်း ရင်ဝယ်သားကဲ့သို့သနားကြင်နာသဖြင့် ပြည်မှုပြည်ရေးကို ငြိမ်းအေးချမ်းသာစေလေသည်။ ပိဋကတ်၊ ဗေဒင်၊ ဂဏန်းကျမ်း၊ ဆေးကျမ်းများစွာ တတ်သိတော်မူသည်။ သဒ္ဓါသီလအစရှိသော ဂုဏ်တို့နှင့်ပြည့်စုံသည်။ ကုမုဒြာကြာဖြူအဆင်း၊ သင်းခွေပန်း၏အဆင်း၊တန်ဆောင်မုန်းလရောင်အဆင်းနှင့်တူသော ဆင်ဖြူတော်ရတနာအရှင်လည်းဖြစ်တော်မူသောကြောင့် (ကုမုဒကုဏ္ဍသ ရဒစန္ဒိမာသမာနသိတဂဇပတိဘူတော)ဟု ကလျာဏီကျောက်စာ၌ရေးသည်။

ထိုမင်းသည် ဟံသာဝတီတွင် ကုသိုလ်ပေါင်းများစွာပြုပြီးလျှင် မိဖုရားမောင်းမမိဿံ ကိုယ်ရံသင်းပင်း ရဲမက် လက်နက်ကိုင်သားအများနှင့် ဒဂုန်သို့ချီထွက်တော်မူလာ၍ မယ်တော်ဘုရင်မကြီးစံတော်မူရာ သစ်တပ်နန်းတွင်စံတော်မူလျက် တိဂုံဆံတော်ရှင်စေတီတော်မြတ်ကို အမျိုးမျိုးပူဇော်လှူစါန်းတော်မူသည်။ မိဖုရားကိုယ်လေး ရွှေချိန်ပြီးလျှင် ရွှေမျက်ပါးခတ်စေ၍ ရွှေသင်္ကန်းကပ်လှူတော်မူသည်။ ကြေးအချိန် ပိဿာတစ်သောင်းကိုလည်း ခေါင်းလောင်းတော် သွန်းလုပ်လှူဒါန်းတော်မူသည်။ ထိုခေါင်းလောင်းကား အဝရှစ်တောင် ဇောက်တစ်ဆယ့်နှစ်တောင်ရှိ၏။ ၎င်းနောက် ကြေးအချိန်ပိဿာငါးရာတစ်လုံးကိုလည်း ထပ်မံသွန်းလုပ်တော်မူပြန်၏။ (ဤကား ရွှေမော်ဓောရာဇဝင်သမိုင်းထွက်တည်း)

ရွှေတိဂုံသမိုင်းတော်သစ်နှင့် ရွှေတိဂုံထူပဝင်အလိုမှာ ကြေးစင်အချိန် တစ်သိန်းရှစ်သောင်း အဇောက်တစ်ဆယ့်ခုနစ် အဝ ငါးတောင်ရှိခေါင်းလောင်းကြီးတစ်လုံးနှင့် ပိသာချိန်ငါးရာရှိ ခေါင်းလောင်းငယ်တစ်လုံး သွန်းလုပ်သည်ဆိုသည်။

(ထိုခေါင်းလောင်းတော်ကြီးကို သက္ကရာဇ် ၉၆၅ ခုနှစ်မှ ၉၇၄ ခုနှစ်အတွင်း သန်လျင်မြို့စား ကုလားဇေင်ကာယူသွား၍ ဒေါပုံမြစ်ထဲတွင် ကျနေသည်။ ရေကျသောအခါ ပေါင်းကိုင်းပုစွန်တုပ်ကွေးကြီးပေါ်နေသေးသည်ဟု ရှေးလူကြီးများ ပြောစမတ်ပြုကြ၏။

ထိုဓမ္မစေတီမင်းကြီးသည် တိဂုံစေတီတော်ခြေရင်းတွင် ကြီးကျယ်စွာ အလှူကြီးပေး၍ မယ်တော်ဘုရင်မကြီးလှူဒါန်းသည့်အတွက်ပါ ရေစက်သွန်းချအမျှဝေတော်မူ၏။ အကြောင်းအရာပြည့်စုံစွာမွန်ဘာသာ၊ မြန်မာဘာသာ ထွင်းလုပ်ရေးသားသော ကျောက်စာတိုင်ကြီးသုံးချပ်ကိုလည်း စေတီတော်မြတ်ကြီးအရှေ့စောင်းတန်း အလယ်ထပ် မြောက်ဘက်ဘေးတွင်စိုက်ထားခဲ့လေသည်။ (အောက်မှာကြည့်ပါ) မင်းကြီးသည် စေတီတော်မြတ်ကြီးကို မရောင့်ရဲနိုင်မှု ပူဇော်ခြင်းကြီးပူဇော်လျက် နေပြည်တော် ဟံသာဝတီသို့ပြန်တော်မူပြီးလျှင် ရေတွင်းရေကန်၊ ကျောင်းတန်ဆောင်း၊ ဘုရား၊ သိမ်၊ ဇရပ် အဆောက်အဦများစွာ ပြုလျက် နန်းစံ ၂၁ နှစ် သက္ကရာဇ် ၈၅၄ ခုနှစ်တွင် နတ်ရွာစံတော်မူလေသည်။

ဓမ္မစေတီမင်းတရားကြီး၏ အလှူတော်များ

ဓမ္မစေတီမင်း (၁၄၆၂–၉၂) ကို မြန်မာနိုင်ငံ မွန်ဒေသမှ အသောကမင်းကြီး (၂၃၈–ဘီစီကွယ်လွန်) ဟု အနောက်တိုင်းသား ပညာရှင်တစ်ဦးက ကင်ပွန်းတပ်သည်ကို ဖတ်ရှုခဲ့ရပါသည်။

ဓမ္မစေတီမင်းကြီးသည် ရန်ကုန်မြို့မှ ရွှေတိဂုံစေတီတော်ကြီးကို စေတီတော်ပြည့်ရွှေချခဲ့၏။ ပြီးတော့ မွန်တို့၏မြို့တော်ပဲခူးကို ကြီးကျယ်ခမ်းနားရအောင် တည်ဆောက်ခဲ့သည်။

ဓမ္မစေတီမင်းသည် သာသနာတော်သန့်ရှင်းရေးအတွက် အထူးဆောင်ရွက်ခဲ့သော မင်းတစ်ပါးဖြစ်သည်။ ဤမင်းကြီး၏ သာသနာတော်သန့်ရှင်းရေး ဆောင်ရွက်ချက်များကို ကျောက်စာ ၁၀–ချပ်ဖြင့် မှတ်တမ်းတင်ခဲ့သည်။ ဤမှတ်တမ်းကျောက်စာများကို ကလျာဏီသိမ်အနီးရှိ ကျောက်စာရုံ၌ မြင်တွေ့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မစေတီမင်းကြီးသည် သူ၏ပထမဆုံး အလှူတော်အဖြစ် မဟာရာမဝိဟာရ ကျောင်းတော်ကြီးကို တည်ဆောက်ခဲ့သည်။ ရဟန်းသံဃာတော် ၁ရာ၃၄–ပါးထိအောင် သီတင်းသုံးနေထိုင်နိုင်သော ကျောင်းတိုက်ကြီးဖြစ်၏။ နှမ်းတက်စ သက္ကရာဇ် ၁၄၆၂–၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုတော့ ဤကျောင်းတိုက်ကြီး မရှိတော့ပါ။ ကျောက်စာအမှတ်အသားကိုသာ ပဲခူးမြို့အပြင်တောင်ဖက် သုံးမိုင်အကွာ ဝါးရုံတောထဲ၌ မြင်တွေ့နိုင်ပါသည်။

ဓမ္မစေတီမင်းကြီး၏ ကုသိုလ်တော်နောက်တစ်ခုက ပဲခူးမြို့မှ ကျိုက်ပွန်စေတီတော်ဖြစ်သည်။ ပွင့်တော်မူပြီးသော ကဿပ၊ ကကုသန်၊ ကောဏာဂုံ၊ ဂေါတမမြတ်စွာဘုရားတို့ကို ရည်စူး၍ တည်ထားခဲ့ခြင်းဖြစ်သည်။ ဘုရားတို့၏အရုပ်အမောင်း စသည်တို့ကို မူရင်းပါဠိတော်လာအတိုင်း တည်ဆောက်ခဲ့သည်။ (ယခုမြင်တွေ့ရသော ရုပ်ပွားတော်မှာက ယခုခေတ်သစ် ပြန်လည်ပြုပြင်ထားသော လက်ရာများဖြစ်ကြပါသည်။ ဤစေတီရုပ်ပွားတော်များကို ဓမ္မစေတီမင်းက သီရိလင်္ကာတွင်းသို့ သာသနာပြုအဖွဲ့ကို စေလွှတ်သော ၁၄၇၆–တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယနေ့ ပဲခူးရောက်ဧည့်သည်တိုင်း သွားရောက်ဖူးမြော်နေသော ရွှေသာလျောင်းစေတီတော်ကိုလည်း ဓမ္မစေတီမင်းတရားကြီး၏ အလှူတော်ဟု ပြောဆိုနေကြ၏။ ယခုအခါ ဤရုပ်ပွားတော်ကြီးမှာ များစွာပြုပြင်ထားပြီး ဖြစ်သဖြင့် ဓမ္မစေတီမင်း၏ အလှူတော်ဖြစ်သည်ဆိုတာကို အထောက်အထားတိတိကျကျ မရသေးပါ။

ရွှေမော်ဓောစေတီဘုရားရှင်၏ ဆံတော် ၆–ဆူကို ဌာပနာထားသည်ဟုအဆိုရှိသည်။ ဤစေတီတော်ကိုတော့ ပဲခူး၌ ငလျင်လှုပ်ပြီး ပြိုမကျသေးမီကာလ အရွယ်ထိအောင် ဓမ္မစေတီမင်းက တည်ထားပြုပြင်ခဲ့သည်။

ဓမ္မစေတီမင်းတရားကြီး၏ ထူးခြားသောအလှူတော်က ကျိုက်ပွန်စေတီမှ မဝေးလှသောနေရာ၌ တည်ရှိသည့် ဗုဒ္ဓဂါယာမိတ္တူဖြစ်သည်။ ဘုရားရှင်သည် ဘုရားအဆင့်ကိုရပြီ၊ သတ္တသတ္တမာဉာဏ်ဝင်စားရာ နေရာများကို ဗုဒ္ဓဂါယာသို့သွားရောက်ဖူးမြော်ရသလို နေရာတော် ၇–နေရာကို တည်ဆောက်ထားခြင်းဖြစ်သည်။ ဘုရားရှင်သည် သတ္တသတ္တမာနေရာ ၇–နေရာတို့၌ ဈာန်သမာပတ်ဝင်စားပြီး ပထမဆုံး ဘုရားဖူးလာကြသော ကုန်သည်ညီနောင် တပုဿနှင့် ဘလ္လိကတို့အား ဆံတော်များကို ပေးသနားတော်မူ၏။

ဤဆံတော်များဖြင့် ယခုရန်ကုန်မြို့လယ်ရှိ ရွှေတိဂုံစေတီတော်ကြီးကို တည်ထားခဲ့သည်ဟု မှတ်သားရ၏။

ယခုတော့ ပဲခူးမြို့မှ ဗုဒ္ဓဂါယာနေရာ မိတ္တူနေရာမှာ တောဖုံးလျက်ရှိ၏။ ဘုရားပွင့်ရာနေရာ ဗဟိုအမှတ်အသားကိုတော့ ရွှေဂူကြီးစေတီအဖြစ် ဖူးတွေ့နိုင်ပါသေးသည်။

အဆိုပါဗုဒ္ဓဂါယာမိတ္တူကို သက္ကရာဇ် ၁၄၇၉–ခုနှစ်က တစ်ရက်ထဲမှာ အပြီးအုတ်မြစ်ချခဲ့ကြသည်ဟု သိရသည်။ ဗဟိုရှိစေတီတော်ကိုတော့ ဓမ္မစေတီမင်းကတည်ဆောက်၍ ဗုဒ္ဓလမ်းလျှောက်တော်မူရာ နေရာတွင် သားတော်စေတီတစ်ဆူကိုတော့ ပဲခူးမြို့၏မြို့တော်ဝန် စသည်ဖြင့် တစ်ပြိုင်တည်း အပြိုင်တည်ဆောက်ခဲ့ကြသည်။ ယခုအခါ မုဇလိန္ဒာအိုင်ကိုတော့ မြင်တွေ့နိုင်ပါသေးသည်။

ဘုရားရှင်၏ သတ္တသတ္တမာနေရာတော်များ၏ အကွာအဝေးအမှန်ကို ဘယ်ကရသလဲ၊ ဒါက စဉ်းစားစရာရှိ၏။ ဓမ္မစေတီမင်းကြီး စိုးစံနေချိန်၌ အိန္ဒိယမှဗုဒ္ဓဂါယာဒေသမှာ မူဆလင်မင်းများအုပ်စိုးနေစဉ် ကာလဖြစ်သောကြောင့်ဖြစ်သည်။

သီဟိုဠ်နိုင်ငံမှ ကူးယူတည်ဆောက်ခြင်းဖြစ်နိုင်သည်။ အလားတူပုံသဏ္ဌာန်ကို ထိုင်းနိုင်ငံ ဇင်းမယ်မြို့၌ ထိုခေတ်ထိုအချိန်လောက်က ထိုင်းဘုရင်ကလည်း တည်ဆောက်ခဲ့သေးသည်။

တကယ်တမ်းစစ်မှန်သော ဗုဒ္ဓဂါယာမှ သတ္တသတ္တမာနေရာတော်တို့ကို ၇–ရာစုခေတ်က ဘုရားဖူးရောက်ခဲ့သော တရုတ်ရဟန်းတော် XUANZANG ၏မှတ်တမ်းထဲတွင်သာ တိတိကျကျပါရှိပါသည်။

ပဲခူးမြို့နှင့်မဝေးလှသော ဘုရားကြီးစေတီကိုလည်း ဓမ္မစေတီမင်းက ပြုပြင်ခဲ့သေးသည်။ ဓမ္မစေတီမင်း၏ အလှူတော်အချို့ကို ယနေ့ သထုံနှင့် ပုသိမ်မြို့များတွင် ဖူးတွေ့နိုင်သေးသည်။

(ပဲခူးမြို့၏ အကြီးဆုံးမဟာစေတီကိုတော့ ဘုရင့်နောင်မင်းတရားကြီးက ၁၅၆၀–ခုနှစ်၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com

ညောင်ရမ်းမင်းဆယ်ဆက်နှင့် ရွှေဘိုမင်းဆက်တို့ပူဇော်ခဲ့ကြသည်

ဟံသာဝတီတွင် ငါးဆူဒါယကာ ဟံသာဝတီမင်းစိုးစံနေသည့်အခါ ဟံသာဝတီဆင်ဖြူများရှင်၏သားတော် ညောင်ရမ်းမင်းသားသည် ဘားမဲ့-ဘာ့တမော့ဆရာတော်များ၏နည်းစနစ်အရ သက္ကရာဇ် ၉၅၉ ခုနှစ်တွင် အင်းဝမြို့ကိုတည်လျက် မင်းပြုတော်မူသည်။ ထိုမင်းသည် ဟံသာဝတီမင်း၊ တောင်ငူမင်း၊ သန်လျင်မင်း၊ ကုလားဇေင်ကာတို့အကြောင်းကို ကြားသိတော်မူသော်လည်း ရာမညတိုင်းသို့ဆင်းသက်တော်မမူဘဲ အင်းဝတွင် နန်းစံရစ်နစ် သက္ကရာဇ် ၉၆၇ ခုနှစ်တွင် နတ်ရွာစံတော်မူသည်။ သက္က ရာဇ် ၉၆၇ ခုနှစ်တွင် ညောင်ရမ်းမင်းကြီး၏သားတော် အိမ်ရှေ့မင်းကြီးသည် (မဟာဓမ္မရာဇာ) ဟူသောဘွဲ့တော်ခံယူ၍ အင်းဝရွှေနန်းတွင် မင်းပြုတော်မူသည်။ ၉၇၂ ခုနှစ်တွင် တောင်ငူမြို့ကို အလိုတော်ပြည့်တော်လည်းတောင်ငူမင်းကိုပင်ပြန်၍ မြို့နန်းလွှဲအပ်တော်မူခဲ့သည်။

သက္ကရာဇ် ၉၇၄ ခု၊ ဝါခေါင်လတွင် သန်လျင်စား ကုလားဇေင်ကာသည် တောင်ငူမြို့ကိုတိုက်ဖျက်၍ ရွှေနန်းရွှေမြို့ကိုမီးရှို့ပြီးလျှင် တောင်ငူဘုရင်ကိုလည်း ကိုယ်လုပ်တော်နှစ်ယောက် အတွင်းစေ အလုပ်အကျွေးတစ်ဆယ်ကျော်နှင့် လှေတွင်တင်၍ သန်လျင်မြို့သို့ယူသွားလေသည်။ ထိုအကြောင်းကို အင်းဝမင်းကြီး မဟာဓမ္မရာဇာကြားလျှင် ရေကြောင်း၊ ကြည်းကြောင်း ဗိုလ်ပါအပေါင်းနှင့် ရာမညတိုင်းကိုဆင်းသက်လာ၍ သန်လျင်မြို့ကို တိုက်ဖျက်သည်။ သက္ကရာဇ် ၉၇၄ ခုနှစ်တွင် သန်လျင်ပျက်၍ ကုလားဇေင်ကာကိုမိသော် ငါးရက်ကြာလျှင် ဇေင်ကာကို ရှုံးသို့ခေါ်၍ "နင်ငါ့နိုင်ငံတော် ကေတုမတီတိုင်အောင်တက်၍ ဖျက်ဆီးပြီးလျှင် တောင်ငူဘုရင်ကို ယူဆောင်သွားသည်။ နင်ပသို့ဆိုမည်နည်း" မေးစေသော် (ကျွန်တော်မျိုးအလိုအတိုင်း မဟုတ်ပါ။ တောင်ငူဘုရင်က ယူပါလှည့်ဆို၍ ယူရပါသည်) လျှောက်ပြန်လျှင် တောင်ငူဘုရင်ကိုမေးစေပြန်၏။ တောင်ငူဘုရင်လည်း မဟုတ်ကြောင်းဆို၍ တမန်လုပ်သူ ကြက်ရိုးပင်းစားကို စစ်ကြောပြီးမှ အမှန်ကိုသိရ၍ ငါသည်တောင်ငူကို အလိုတော်ပြည့်သော်လည်း သိမ်းယူတော်မမူပြန်၍ နင်းအပ်ပြီးလျှင် ချမ်းသာစွာနေစေသည်။ ငါ့ကျေးဇူးတော်ကိုမသိ ကုလားကျွန်ခံချင်သည်။ သစ္စာမစောင့်သော တောင်ငူဘုရင်ကို မြို့လယ်တွင်ကွပ်လေ အမိန့်ပေး၍ တောင်ငူဘုရင်နတ်သျှင်နောင်ကို ကွပ်ရ၏။ ဇေင်ကာယ်လည်း နိယတမိစ္ဆာဒိဋ္ဌိဖြစ်၍ သင်းကိုအိမ်ရှေ့မြို့လယ်မှာ တံကျင်တင်လေဟု အမိန့်တော်အတိုင်း တန်ကျင်တင်ရ၏။ အထက်ဇေင်ကာကြီးစိုးသည့်အခါ ရှောင်တိမ်းနေကြသော ကျွန်သီးတော် ၄၅ ယောက်၊ ထို့ပြင် သူပုန်လူ ၂၄၂ ယောက်ဖမ်းမိသည်နှင့် တိဂုံဘုရားကျွန်သီးတော် ခေါင်သူရဓမ္မသို့ အပ်တော်မူ၍ တိဂုံစေတီတော်သို့လှူတော်မူသည်။ သန်လျင်မြို့ကို ညီတော်အယေ်မင်းရဲကျော်စွာကို မြို့စားခန့်တော်မူ၍ ဒဂုန်မြို့သို့ကူးတော်မူပြီးလျှင် စေတီတော်မြောက်မျက်နှာကအနံ့လေးတောင် အလျားကိုးတောင်ခန့်ပျက်သည်များကို ပြင်ဆင်လုပ်ဆောင်တော်မူစေ၍ ရွှေကိုယ်တော်လုံးပြည့်ကပ်လှူသည်။ ကျောက်ဆီမီးခွက် ၄၄ တိုင်၊ ပဒေသာငါးပင်။ ထီးဖြူတော် ၂စင်း၊ ရွှေဆိုင်းတစ်သောင်းကျ နှစ်စဉ်လှူတော်မူသည်။ ကြီးကျယ်ခမ်းနား ဆန်းပြားလှစွာ ရတနာရွှေထီးတင်လှူတော်မူသည်။ မြကောင်းတစ်လုံး၊ ပတ္တမြားလုံးရေနှစ်ထောင်၊အချိန်နှစ်ဆယ်သားရှိကို စိန်ဖူးရောင်လျှံတင်လှူတော်မူသည်။ သက္ကရာဇ် ၉၈၁ ခုနှစ်တွင် ရောင်ခြည်တော်လွှတ်၍ ဘုရင်မင်းတရားကြီးသည် ရတနာရွှေထီး၊ရွှေတံခွန်၊ ငွေထီးငွေတံခွန်တို့ဖြင့် ရောင့်ရဲတင်းတိမ်ခြင်းမရှိနိုင်မှု ပူဇော်လေသည်။ ထိုမင်း ကြီးသည် ဟံသာဝတီရွှေနန်းမှာစံတော်မူစဉ် သားတော်မင်းရဲဒိဗ္ဗသည် မင်းကြီးကိုယ်လုပ်တော် ကျိုင်းတုံစော်ဘွားသမီး နှင်းခမ်းပေါ်နှင့် အရည်အပါးရှိကြ၍ ဝမ်းတွင် ပဋိသန္ဓေရှိလျှင် မိန်းမစိုးလ သံတော်ဦးတင်၍သိရသဖြင့် သားတော်မင်းရဲဒိဗ္ဗနှင့် နှင်းခမ်းပေါ်တို့ကိုမေးလျှင် ဟုတ်ကြောင်းကို သံတော်ဦးတင်ကြသဖြင့် မင်းကြီးသည် အမျက်တော်မရှိဘဲ သားတော်ကို

www.burmeseclassic.com

www.burmeseclassic.com

"နင်ရာဇဝတ်မှုကျင့်သည် သံအိုးကင်းနှင့်ကြော်မည်"ဟု ခြိမ်းခြောက်သည်ကို သားတော်သည် တစ်ကယ်ထင်မှတ်၍ လူဆိုးများနှင့်တိုင်ပင်ပြီးလျှင် ခမည်းတော်အမှတ်မဲ့စံရာတွင်လုပ်ကြံလေသည်။ သက်တော်နှစ်ဆယ့်ရှစ်နှစ်တွင် အင်းဝရွှေနန်းစံသည်။ စည်းစိမ် ၂၃ နှစ်နှင့် လေးလအဝင် သက်တော် ၅၁ နှစ်၊ သက္ကရာဇ် ၉၉၀ ပြည့်၊ ဝါဆိုလဆန်း ၈ ရက်၊ ကြာသပတေးနေ့တွင် နတ်ပြည်စံတော်မူသည်။ ထိုမင်းကို မြစ်အနောက်ဖက်မှာလွန်သောကြောင့် အနောက်ဖက်လွန်မင်းတရားကြီးဟုခေါ်ကြသည်။

ထိုသက္ကရာဇ်တွင် သားတော်မင်းရဲဒိဗ္ဗကို မှူးမတ်များကနန်းတင်၍ မင်းဖြစ်သော် ရွှေတိဂုံစေတီတော်မြတ်ကို ရွှေငြပြဿာဒ်လေးဆူ၊ ရွှေထီး၊ ငွေထီး၊ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေဆီမီးတိုင်၊ ငွေဆီမီးတိုင် ရတနာအမျိုးမျိုးတို့ကို လှူတော်မူသည်။

သက္ကရာဇ် ၉၉၁ခုနှစ်တွင် ညီတော်သတိုးဓမ္မရာဇာမင်းတရားကြီးသည် အင်းဝမြို့ကိုသိမ်းယူ၍မင်းပြုတော်မူပြီးလျှင် ဗိုလ်ပါအပေါင်းနှင့် ဟံသာဝတီသို့ဆင်းတော်မူလာပြီးလျှင် တူတော်မင်းရဲဒိဗ္ဗနှင့် ကြံရာပါတို့ကိုဖျောက်၍ (သီရိသုဓမ္မရာဇာမဟာဓိပတိ) ဟူသော ဘွဲ့တော်ဖြင့်မင်းပြုတော်မူသည်။ ထိုမင်းသည် ဟံသာဝတီရွှေနန်း၌ စံတော်မူလျက် ရွှေတိဂုံစေတီတော်မြတ်ကို ရွှေထီးရောင်လျှံတင်လှူတော်မူသည်။ သက္ကရာဇ် ၁၀၀၀ ပြည့်သောနှစ်ဟူ၍ သာမဏေခုနှစ်ပါးနှင့် ရဟန်းတစ်ထောင်သိမ်ဝင်စေ၍ ရဟန်းဒါယကာခံတော်မူသည်။ များစွာသောအလှူကို ပေးတော်မူသည်။ ဟံသာဝတီရွှေနန်းမှ အင်းဝသို့ပြန်လည်တော်မူ၍ ကုသိုလ်ကောင်းမှု များစွာပြုတော်မူသည်။ ထိုမင်းကြီးသည် ရာဇမဏိစူဠာစေတီတော်တည်ပြီး၍ ထီးတော်တင်ရန်အခါတော်ကို တောင်ငူမှကြွလာသော လောကဗျူဟာဘုန်းကြီးအားလျှောက်လျှင် ဤထီးတော်ကို မင်းကြီးလက်ထက်တွင် အခါမပေးသာ သားတော်လက်ထက်မှ အခါပေးမည်ဆိုလျှင် ဘုန်းကြီးကို ပုဂံသို့ပို့၏။ မင်းကြီးလည်း အဇာဂရုပုဏ္ဏားကို ခေါ်၍မေးပြန်လျှင် ကိုယ်တော်မြတ်ထီးတော်တင် အခါတော်မမှီချေပြီ၊ နက်ဖြန်တစ်ချက်တီးတွင် နတ်ရွာစံအံ့ဟုလျှောက်သော် မင်းကြီးလည်းမှန်လျှင်မှန်စေ၊ မမှန်လျှင် သားမယားနှင့်တကွ မီးလောင်တိုက်သွင်းအံ့ဟုဆို၍ နာရီတော်ခွက်ထားပြီးလျှင် နေ့သုံးချက်တီးအချိန်တွင် ငါမည်သို့မျှမရှိပါတကားဟု မိန့်တော်မူသည်ကို အခါတော်မရောက်သေးပါ၊ နီးပါပြီဟုလျှောက်ပြန်၏။ ညဉ့်လေးချက်တီးကျော်တွင် အဖျားရောဂါဖြင့် နတ်ရွာစံတော်မူ၏။

နှောင်အခါဘုန်းတော်ကြီးသည် နတ်စက်ရောင်ဆရာတော်ဘွဲ့ရသည်။ ထိုဆရာတော်နှင့် အဇာဂရုပုဏ္ဏားတို့ သံတော်ဦးတင်ချက်ဖြင့် ထီးတော်ကိုအမြန်တင်စေရာ စက်ကြိုးနှင့် ထီးတော်တင်လှူသည်ကို တစိမ့်စိမ့်ကြည့်လျက် နန်းစံတစ်ဆယ့်ရှစ်နှစ် သက္ကရာဇ် ၁၀၁၀ ပြည့်နှစ်တွင် နတ်ရွာစံတော်မူသည်။ ထိုမင်းကို ရာဇမဏိစူဠာ ဘုရားဒါယကာဟူ၍လည်းကောင်း၊ သာလွန်မင်းတရားဟူ၍လည်းကောင်း ရေးမှတ်ကြ၏။

ထိုနတ်စက်ရောင်ဆရာတော်နှင့် အဇာဂရုပုဏ္ဏားတို့ဟောပြောသော သိုက်စာကျမ်းသည် အကွန်မှန်လှသဖြင့် မင်းစဉ် မင်းဆက်ပြည်သူပြည်သားတို့ အယူရှိလှသည်။ သက္ကရာဇ် ၁၀၁၀ ပြည့်နှစ်တွင် ထိုမင်းသားတော် မင်းရဲနန္ဒမိတ်သည် (သီရိနန္ဒသုဓမ္မရာဇာဓိပတိ) ဟူသော ဘွဲ့တော်ခံယူ၍ အင်းဝရွှေနန်းတွင် မင်းပြုတော်မူသည်။ ထိုမင်းလက်ထက် တရုတ်စစ်သည်အများနှင့်စစ်ဖက်နေရ၍ မြို့နယ်ငတ်မွတ်ခေါင်းပါး၏။ မင်းကျည်တော်မှ ဆန်စပါးကိုအဖိုးရအောင်နန်းသူနန်းသားတို့ကို အရောင်းခိုင်း၍ ငွေကြေးသိမ်းသောကြောင့် ပြည်သူနိုင်ငံသားတို့ မနှစ်သက်ကြသဖြင့် ညီတော်ပြည်မင်းကို မင်းပြုစေလိုသည်ဟု လျှောက်ကြပြီးလျှင် ဗိုလ်ပါကိုယ်ရံသားများနှင့် မြေးနန်းတော်ဦးသို့ဝင်၍ တိုက်ခိုက်ကြရာ ဘုရင်မှာပုန်းကွယ်နေသည်။ မိဘုရားကြီးမှာ သလွန်တော်တွင် သားတော်မင်းရဲသိခ်သူ သက်တော်ရှစ်နှစ်ရွယ်ကို လယ်ယာကထားလျက်။ မြေးတော်နေရာဒိဗ သက်တော်လေးနှစ်ရွယ်ကို လက်ဝဲကထား၍ နေတော်မူသည်။ ထိုးခုတ်ကြရာနန်းတွင်းနေလူပေါင်း ၂၀ သေသည်။ ပြည်မင်းနန်းတွင်းရောက်မှ မင်းတရားပုန်းကွယ်ရာမှထွက်၍ မိဘုရားနှင့်အတူသလွန်တော်ပေါ်မှာ ယှဉ်ပြိုင်ထိုင်တော်မူသည်။ ညီတော်ပြည်မင်းက အမှုထမ်းများအကြိမ်ကြိမ် လျှောက်သောကြောင့် ပြုရပါသည်လျှောက်လျှင် မင်းနှင့်မိဘုရားကြီးက အဆောင်ထီးနန်းယူပါ။ ငါတို့မှာသီတင်းသီလ နှင့် ဆောက်တည်နေရပါစေဆို၍ အိမ်နိမ့်တွင် စံတော်မူသည်။ ပြည်မင်းလည်း တဦးတားများကို နှောင်တော်ထံပို့လျှက်နေရာ ဗိုလ်ရံသားများကလည်း နေနှစ်စင်းမထွက်သင့်ပါ။ ခါခါလျှောက်ပြန်ကြသဖြင့် မင်းလေးပါးလုံးချင်းတွင်းမြစ်မှာ ဖျောက်စေ၏။ မရီးတော်မိဘုရားခေါင်ကြီးလည်း ငါဝါးဖတ်နှင့်ကြီးပြင်းသူ ငါ့ကိုပြစ်မှားရလေသည်ဟု–မြစ်သို့ရောက်အောင် မြည်တမ်းရေရွတ်လေသောဟူ၏။ ထိုသီရိနန္ဒသုဓမ္မရာဇာဓိပတိ အိမ်နိမ့် ၄၁ သက်တော်၅၄၊ သက္ကရာဇ်၁၀၂၀ ခုနှစ်တွင် ချင်းတွင်းမြစ်မှာနတ်ရွာစံရခြင်းကြောင့် ရေချမင်းဟုငင်း စစ်ကိုင်းဝေဠုဝန်ဘုရားကြီးကို ငါးထပ်ကျောင်း ဆောက်လုပ်လှူသောကြောင့် ငါးထပ်ဒါယကာဟူ၍ငင်းရေးမှတ်ကြ၏။

www.burmeseclassic.com

သက္ကရာဇ်၁၀၂၃-ခုနှစ်မှာ ညီတော်ပြည်မင်းသည် (မဟာပဝရဓမ္မရာဇာလောကာဓိပတိ)ဟူသော ဘွဲ့တော်ခံယူ၍ အဝရွှေနန်းတွင်မင်းပြုတော်မူသည် အမှုးအမတ်ကိုယ်ရံတော်များကိုလည်း အလိုက်အထိုက်ဘွဲ့ပေးသည်။ ဘထွေးတော် ပုဂံမင်းကိုလည်း။ မင်းရဲနော်ရထာအမည်နှင့် ပုဂံကိုမင်းပြုစေသည်။ ထိုမင်းသည်အိမ်နိမ့် ၄၂ နှစ် နန်းစံ ၁၁ နှစ်၊ သက်တော် ၅၃ နှစ် သက္ကရာဇ်၁၀၃၄ ခု တန်ခူးလပြည့်ကျော်၂ ရက်နေ့တွင် နတ်ရွာစံတော်မူသည်။

ထိုမင်း သားတော်နရာဝရမင်းသည် ယာယီနန်းတော်ကသည် သက္ကရာဇ် ၁၀၃၄ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့တွင် (မဟာသီဟသူရဓမ္မရာဇာ) ဟူသော ဘွဲ့တော်ခံ၍ ခမည်းတော်ရွှေနန်းကိုတက်တော်မူသည်။ ထိုနှစ်တပေါင်းလဆန်း ၁၂ ရက်နေ့တွင် နတ်ရွာစံတော်မူသည်။ နန်းစံ ခုနှစ်လ။

ထိုနှစ်တပေါင်းလဆန်း ၁၂ ရက်နေ့တွင် ၎င်းမင်းညီတော်ရမည်းသင်းမင်း မင်းရဲကျော်ထင်သည် နောင်တော်၏ အရိုက်အရာကို ခံယူတော်မူသည်။ သက္ကရာဇ်၁၁၀၃၅ ခု ကဆုန်လပြည့်ကျော် ၁ ရက်နံနက်တစ်ချက်တီးကျော်တွင် (သီရိပဝရမဟာဓမ္မရာဇာ)ဟူသော ဘွဲ့တော်ခံယူတော်မူ၍ ဥကင်တွင်သည်။ သက္ကရာဇ် ၁၀၄၀ ပြည့်နှစ်တွင် တိဂုံဆံတော်ရှင် ရောင်လျှံပြိုကျသည်ကို အမှုးအမတ်ပညာရှိတို့နှင့်တိုင်ပင်၍ အစစ်ပြုလုပ်စေသည်။ ၁၀၄၃ ခုနှစ်တွင် ပြီးမြောက်သဖြင့် ပွဲလမ်းသဘင်ခင်းကျင်း၍ ဒဂုံမြို့သို့ပို့သည်။ သန်လျင်ကပ္ပိလာဝန်နှင့် ဆရာဘုန်းကြီးတို့ကလည်း မြို့ရွာနှင့်ညီနိုင်း၍ရသော။ ပတ္တမြားကျောက်ကောင်းအလုံး ၃၅ လုံးကိုထည့်သွင်းသည်။ မှုးမတ်များကလည်း ကြီးကျယ်စွာလှူဒါန်း၍ ရောင်လျှံတော်တင် လှူသည်။ သက္ကရာဇ်၁၀၆၀ ပြည့်၊ အိမ်နိမ့် ၂၂ နှစ်၊ နန်းစံ ၂၆ နှစ်၊ သက်တော် ၄၈ နှစ်တွင် နတ်ရွာစံတော်မူသည်။

သက္ကရာဇ် ၁၀၆၀ ပြည့်နှစ်တွင် သားတော်အိမ်ရှေ့မင်းသည် (သီရိမဟာသီဟသူရဓမ္မရာဇာ) ဘွဲ့တော်ခံယူ၍ အင်းဝရွှေနန်းတွင်မင်းပြုတော်မူသည် မင်းကျင့်တရားညီညွတ်စွာ ဒါန၊ သီလ၊ ဘာဝနာတရားဖြင့် မာရ်အောင်ရတနာဘုရားတည်တော်မူသည်။ အိမ်နိမ့် ၂၆ နှစ်၊ နန်းစံ ၁၆ နှစ်၊ သက်တော် ၄၂ နှစ်၊ သက္ကရာဇ် ၁၀၇၆ ခုနှစ်တွင် နတ်ရွာစံတော်မူသည်။

သက္ကရာဇ် ၁၀၇၆ ခုနှစ်တွင် သားတော်အိမ်ရှေ့မင်းသည် (သီရိပဝရမဟာဓမ္မရာဇာဓိပတိ)ဘွဲ့တော်ခံယူ၍ အင်းဝရွှေနန်းစံတော်မူသည်။ မင်းကျင့်တရားတို့ကို ညီညွတ်စွာကျင့်တော်မူ၍ လေးကျွန်းမာရ်အောင်ဘုရားတည်တော်မူသည်။ အိမ်နိမ့် ၂၆နှစ်၊ နန်းစံ ၁၉ နှစ်၊ သက်တော် ၄၅ နှစ်၊ သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် နတ်ရွာစံတော်မူသည်။

သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် သားတော်အိမ်ရှေ့မင်းသည် (မဟာဓမ္မရာဇာဓိပတိ)ဘွဲ့တော်ခံယူ၍ ခမည်းတော်ရွှေနန်းကိုတက်တော်မူသည်။ ထိုမင်းလက်ထက်မှာ ကသည်းစစ်သည်များနှင့် တိုက်ခိုက်ရသည်။ ဟံသာဝတီတလိုင်းများထကြွ၍ ၎င်းမြို့စား သောအောင်ကိုသတ်ခြင်း၊ ၎င်းနောက် သန်လျင်ဝန်မင်းရဲအောင် နိုင်ကို ထားပြန်ပါသော်လည်း တလိုင်းများကသတ်၍ ကွေ့မင်းသာလှကို ဆင်ကျားရှင်အမည်နှင့် မင်းမြှောက်ခြင်း၊ ကွေ့မင်းသာလှဆင်ကျားရှင် ယိုးဒယားသို့ဝင်သွားသောအခါ ဗညားဒလကို ရာဇာဓိရာဇ်အမည်ဖြင့် မင်းမြှောက်ပြန်၍ အနိုင်အမာနေကြ၏။

ထိုအခါ နတ်စက်ရောင်ဆရာနှင့် ဇာဂရသိုက်တို့က ဒါဝနသေသကာလေ ၅၄၈ ခုကြွင်းသောကာလဌ် စညကွ ယုတ္တကုလာ စည-အကွရာနှင့်ယှဉ်သော မွန်လူမျိုးတို့သည် သေနင်္ကမ္ပ၊ စစ်ထိုးခြင်းအမှုကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။

(ပွင့်တုံးကားကား၊အကြံမှား -မွန်သားစစ်မက်ဆင်လတ္တံ့။)

ဝမုဏသေသကာလေ ၅၄၄ ခု ကြွင်းသောကာလဌ် ဟံသာနဂရရာမညရာဇာ၊ ဟံသာတီပြည်ကို အစိုးရသောမွန်မင်းသည်။ပမက္ခရရာဇာည်၊ မြန်မာမင်းကို။ ဝိနဿတိ၊ပျက်ဆီးလတ္တံ့။ (သော်တာကန်ကြီးဟသ်ာစီး။ အင်းကြီးသည်တွင် ပျက်လတ္တံ့။)

အထက်ပါသိုက်စာနှင့်လျှော်ညီစွာ ဟံသာဝတီပြည်စံ ဗညားဒလရာဇာဓိရာဇ်မင်း၏ အိမ်ရှေ့ဥပရာဇာသည် မွန်စစ်သည် ဗိုလ်ပါအများနှင့် အင်းဝသို့တိုက်၍ မင်းနှင့်တကွမှူးမတ် အခြွေအရံတို့ပါ သိမ်းယူပြီးနောက် ၁၁၁၆ ခုနှစ်တွင် ထိုအင်းဝမြို့ နောက်ဆုံးစံ (မဟာဓမ္မရာဇာဓိပတိမင်းကို မွန်မင်းက ရေမှာမျှောက်သည်။ ထိုကြောင့်ထိုမင်းကို ဟံသာဝတီရောက်ဟု ခေါ် ကြသည်။

ထိုအင်းဝ (မဟာဓမ္မရာဇာဓိပတိ)မင်းလက်ထက်တွင် ပညာရှိ ပဒေသရာဇာဘွဲ့ရ အမတ်ကြီးသည် ဟံသာဝတီသို့မင်းနှင့်တကွ ပါလာစဉ် ၁၁၁၃ ခုနှစ် တွင် ရွှေတိဂုံသမိုင်းလင်္ကာ ရေးသားထားခဲ့သည်မှာ အောက်ပါအတိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သိင်္ဂုတ္တရ၊ ကုန်းလှမြတ်စွာ၊ အမည်မှာမူ၊ သတ္တာဘုမ္မိ၊ ဘူရိဒတ္တ၊ ပါက္ကရဝတီ၊ သီဟရာဇာ၊ တမ္ပာဂုတ္တ၊ တိဂုမ္ဘဟု သတ္တာနာမံ၊ကမ္ဗည်းခံ၏၊ ကုန်းရံကိုးဆယ်၊ ကိုးခုသွယ်ရှင့်၊ ရှေ့ဝယ်မျက်နှာ၊ ဓမ္မာပူရ၊ တောင်ရပ်ကမူ၊ ညေပူရာ၊ နောက်မျက်နှာဝယ်၊ ဝိဇယာပူရာ၊ ဥတ္တရာဒိသာ၊ မြောက်ရပ်မှာကား၊ ဥက္ကာလာပ၊ မြို့လေးဝတည့်၊ပြို့ဗ္ဗဝတီ၊ ရေသီတာရစ်၊ အရှေ့မြစ်နှင့်၊ တလှစ်တောင်မှာ၊ ပဏ္ဏာနဒီ၊ သညီတွင်ဘိ၊ အသိတဥ္စန၊ မဇ္ဈိမတည်၊ သုဝဏ္ဏနဒီ၊ မြောက်ရပ်မှီ၏၊ လေးလီမျက်နှာ၊ ခြံရံကာနှင့်၊ ကမ္ဗာဘဒ္ဒ၊ ပထမဝယ်၊ စ၍ပွင့်မှန်၊ ကကုသန်မြတ်စွာ၊ ကောဏာဂမန၊ ကဿပဟု၊ တေဇဝင်းပြောင်၊ နောင်တော်သုံးပါး၊ မြတ်ဘုရားတို့၊ တည်ထားသည်ရှေး၊ တောင်ဒေးရေစစ်၊ သက်နီးဖြစ်ဟု၊ တံထစ်မော်ကွန်း။ အစင်ထွန်းရှင့်၊ ရည်ညွှန်းနိမိတ်၊ ရှေးအတိတ်ဖြင့်၊ ဗျာဒိတ်ထပ်ဆင့်၊ ဆံတော်နှင့်သော်၊ လေးမည်ပေါ်သား၊ ကုန်းတော်မြတ်ခေါင်၊ တောင်ငါးဆယ်သာ၊ အချင်းမှာမူ၊ ပြဋ္ဌာပဋ္ဌိမာ၊ ရှေနောက်မှာကား၊ လေးရာသုံးဆယ်၊ တစ်ထောင်ကယ်မှ၊ ဥတ္တရဒက္ခိဏာ တောင်မြောက်မှာကား၊ လေးရာခြောက်ဆယ်၊ တောင်ဝယ်ကော၊ ငါးသစ်မျှတည့်၊ ထီးမှနှစ်ဆယ်၊ စွန်းဝယ်ခြောက်တောင် တစ်မိုက်ဆောင်လစ်၊ လက်သစ်သတ္တ၊ အမြင့်ပြရှင့်၊ ထီးဝကိုးတောင်၊ နှစ်မိုက်ဆောင်၏၊ မြောက်တောင်နောက်ရှေ၊ စေမြေ့သေသတ်၊ ဖိနပ်မှာမှ၊ နှစ်ရာ့နှစ်ဆယ်၊ စွန်းဝယ်ခြောက်တောင်၊ အဝန်းဆောင်မူ၊ ကိုးရာဟူရှင့်၊ ထက်မှုပတ်ခြံ၊ စေတီရံဝယ်၊ ရှစ်ဆယ်လေးဆူ၊ အောက်မူတစ်ရာ၊ ခြောက်ဆယ်သာတည့်၊ သီဟရူပ၊ ဒွေဝိသနှင့်၊ စစ်တွက်ရေ၊ ယင်း အနေတွင်၊ အောက်ခြေရံကာ၊ ပြာသာဒ်မှာမူ၊ ဆပညာသ၊ နောက်မှဆင့်ကာ၊ သမိုက်မှာလည်း၊ မပါမရှိ၊ မြဲမှတ်သိလော၊ သိရိလျှံဝေ၊ ကျက်သရေနှင့်၊ ညာကြေအောက်ထက်၊ ဘဝဂ်တိုင်အောင်၊ ပျံ့နှံ့ဆောင်သား၊ ဘုန်းခေါင်ဓမ္မရာဇ်၊ ရှင်ချစ်မြတ်စွာ၊ စောသကျာ၏၊ ရင်းချာပိုင်းခြား၊ မှတ်စိမ့်ထားသည်၊ ဘုရားဆံရှင်သမိုင်းတည်း။

ထိုသမိုင်းလင်္ကာရေးသောမင်းကြီးသည်၊ အင်းဝမာရ်အောင်ရတနာဒါယကာမင်းလက်ထက်တွင် စုရေးစုကိုင်အဖြင့်နှင့် ကဗျာလင်္ကာစ၍ရေးသည်။ ၎င်းနောက် မှန်နန်းရှင်မင်းလက်ထက်နှင့်၊ ဟံသာဝတီရောက်မင်းလက်ထက်တွင် ပညာအရည်အချင်းနှင့်ပြည့်စုံ၍ (မင်းရဲမင်းလှကျော်ထင်)ဘွဲ့၊ ၎င်းနောက်သန်လျင်ရောက် တောင်ငူဘုရင်နတ်ရှင်နောင်ဘွဲ့အတိုင်း (နတ်ရှင်နောင်)ဘွဲ့၊ (ပဒေသရာဇာ)ဘွဲ့တို့ကို အသနားတော်မြတ်ခံရသည်။ ထိုမင်းကြီးပဒေသရာဇာသည် ၁၁၁၆ ခုနှစ်တွင် ဟံသာဝတီမှ ရောင်ရှားသွားရာ ဆားမလောက်ရွာတွင် အနိစ္စရောက်လေသည်။

အင်းဝသိုက်အဆိုမှာ။ ။ကြာညိုပွင့်ကင်း၊ သာသည့်အင်း၊ ဆင်း၍ဟင်္သာချိုးလတ္တံ့။ ဟင်္သာငှက်ဆိုး တောင်ပံကျိုး၊ မုဆိုးလေးနှင့်ခွင်းလတ္တံ့ ။ အံ့ဖွယ်တစ်မျိုး၊ ထိုမုဆိုး၊ ထီးရိုးပြန်၍ရိုက်လတ္တံ့။ ၎င်းထီးရိုး၊ တိမ်ညွှန့်ထိုး၊ မိုးကြိုးပစ်၍၊ လှဲလတ္တံ့ဟူ၍ရင်း၊ သစ္စာအကျင့်မှန် ကူးသည့်လှသင်းဖန်၊ တမာန်အစောင့်ထား၊ မုဆိုးတစ်ကျိပ်ငါး၊ မုဆိုးစားကြွင်း၊ အဖျင်းသုံးစလယ်ဟူ၍ရင်း၊ နတ်စက်ရောင်ဆရာနှင့်၊ ဇာဂရသိုက်တို့ကလည်း၊နဝမသေသာကာလေ၊ ၅၄ဝကြွင်းသောကာလဠ္ဌ ပမက္ခရာဇဿော၊ မြန်မာမင်းသည်၊ ဝိနဿနေ၊ ပျက်လတ်သည်ရှိသော်၊ ဥတ္တရဠ္ဌာနတော၊ မြောက်အရပ်မှ၊ ဘူမိပါလော၊ ရေမြေကိုအစိုးရသော၊ ပမရက္ခရာဇာ၊ မြန်မာမင်းသည်၊ ဘဝိဿတိ၊ ဖြစ်လာလတ္တံ့။ သတ်နောခါကြုံ၊ မုဆိုးချုံ၊ ရွှေဘုံရွှေနန်းစိုက်လတ္တံ့။

သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် မုဆိုးဘိုရွာမှ မောင်အောင်ဇေယျအမည်ရှိသော အာဇာနည်မင်းပျိုတစ်ဦးထ၍ မွန်တို့ကိုတိုက်ခိုက်ပြီးနောက် ၁၁၄ ခုနှစ်တွင် မုဆိုးဘိုရွာကို ရတနာသိင်္ဃမြို့သမုတ်ပြီးလျှင် (မဟာလောကခိပတိ) ဟူသောဘွဲ့တော်ခံယူ၍၊ ရွှေနန်းတက်တော်မူသည်။ (အနှံ့စော်ကား၊ မွန်တလွှား၊ ပူးသားမုဆိုးဖျက်လတ္တံ့။) ဟူသော သိုက်ဓာတ်အရ ထိုမင်းကြီးသည် မြန်မာ၊ ရှမ်း တိုင်းအလုံးနှင့် ရာမညတိုင်းကို နှိပ်နင်းဆင်းလာရာ သက္ကရာဇ်၁၁၁၇ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့ ဒဂုန်မြို့သို့ရောက်၍ ၎င်းလဆန်း ၇ရက်နေ့တွင် ဒဂုန်မြို့ဟောင်းအနောက်မြောက် တာနှစ်ရာခန့်အကွာတွင် တန်ဆောင်း၊ ပြအိုး ၊ကျူးမြောင်းနှင့်တကွ တဲနန်းဆောက်လုပ်၍ဒဂုန်မြို့တွင် ရန်ကုန်ကြောင့် (ရန်ကုန်မြို့)ဟု သမုတ်တော်မူသည်။ ထိုအခါ မင်းမိဖုရား၊ အခြွေအရံတို့နှင့်တကွ သိင်္ဂုတ္တရကုန်းတော်သို့ တက်ရောက်တော်မူပြီးလျှင် လေးဆူဓာတ်ပုံ ရွှေတိဂုံဆံတော်ရှင်စေတီတော်ကို ရတနာမျိုးမျိုးဖြင့်ပူဇော်၍ ဘုရားဆုကိုတောင်းတော်မူသည်။ ဇရပ်တော်ကြီးဆောက်လုပ်ရေစက်သွန်းချတော်မူသည်။ ထိုမင်းကြီးသည် ရတနာသိင်္ဃမြို့တော်သို့ ပြန်လည်တော်မူခါနီးတွင် ထိုင်း(ယိုးဒယား) တို့က နိုင်ငံတော်အစွန်းကို ထိပါးလာကြသည်ကြားတော်မူ၍ မင်းမိဖုရားများသာ နေပြည်တော်သို့ပြန်စေပြီးလျှင် ထိုင်းနိုင်ငံ (ယိုးဒယား) သို့တက်၍တိုက်စဉ် အိမ်နိမ့် ၃၈ နှစ်၊ နန်းစံ ၈ နှစ် သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင်နတ်ရွာစံသည်။ သောကြာသားမင်း။

www.burmeseclassic.com

www.burmeseclassic.com

သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် သားတော်အိမ်ရှေမင်းကြီးသည် (သီရိပရဝမဟာဓမ္မရာဇာ) ဟူသော ဘွဲ့တော်ခံယူ၍ ရတနာသိင်္ဃရွှေနန်းကိုတက်တော်မူသည်။ ထိုမင်းကြီးသည် မြတ်စွာဘုရားခြေတော်ရာ ရွှေစက်တော်ဘုရားကို ဒိုလ်ပါအမြွှာအရံနှင့် အဖူးအမြော်ထွက်တော်မူ၍ စောင်းတန်းကြီးဆောက်လုပ်တော်မူသည်။ နန်းစံ ၃ နှစ် သက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် နတ်ရွာစံတော်မူသည်။ ထိုမင်းအင်္ဂါသား။

ထိုမင်းမရှိသည့်နောက်၊ မြေဒူးမြို့၊ စလင်းမြို့၊ နှစ်မြို့စားရသော ညီတော်သတိုးဓမ္မရာဇာသည် (သီရိသုဓမ္မရာဇာ) ဟူသောဘွဲ့တော်ခံယူ၍ ရတနာသိင်္ဃရွှေနန်းကို တက်တော်မူသည်။ ထိုမင်းသည် မကွေးမြို့က ဆင်ဖြူတော်တစ်စီး ဆက်လာ၍ ဆင်ဖြူရှင်ဘွဲ့ခံပြန်သည်။ ဆင်ဖြူရှင်မင်းသည် ရတနာသိင်္ဃမြို့၊ ဇေယျာပူရမြို့၊ ရတနာပူရမြို့၊ ထိုမြို့သုံးမြို့ကို အစဉ်လိုက်စံတော်မူ၏။

ထိုမင်းလက်ထက် သက္ကရာဇ် ၁၁၃၀ ပြည့်နှစ်၊ ပြာသိုလဆုတ် ၅ ရက်၊ အင်္ဂါနေ့တွင် လျှောင်လျှပ်၍ ရွှေတိဂုံစေတီတော်ကြီး၏ထီးတော် အနောက်သို့တိမ်းသည်။ ချယားသီးက ရှဲအရောက်အက်ကွဲသည်။ ၁၁၃၇ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက် တနင်္လာနေ့ ရန်ကုန်မြို့ဝန်အရာရှိတို့က ငြမ်းဆောက်၍ ထီးတော်ကိုချပြီးလျှင် နေပြည်တော် အင်းဝသို့ပို့ရသည်။ ၎င်းသက္ကရာဇ် တပေါင်းလဆန်း ၂ ရက်နေ့ကစ၍ စေတီတော်အက်ကွဲသွားသည်ကို အသစ်လုပ်ဆောင်ကြရသည်။ ထိုအခါ စေတီတော်အရပ်ကား တစ်ရာ့ရှစ်ဆယ့်ခြောက်တောင် နှစ်မိုက်လေးသစ်၊ အဝန်းကား အတောင်ကိုးရာ၊ အချင်းကားနှစ်ရာနှစ်ဆယ့်ငါးတောင်၊ ထီးတော်အသစ်မှာ ထီးဝကိုးတောင်၊ အဝန်းနှစ်ဆယ့်ခုနှစ်တောင်၊ ထီးရပ်အတောင်သုံးဆယ်၊ ထီးသံအချိန်နှစ်ထောင့်ငါးဆယ်နှစ်ပိသာကွပ်သည်။ ကြေးနီအချိန် လေးထောင်ကိုးရာခြောက်ဆယ် ငါးကျပ်သား၊ ထို့ပြင်ကွပ်သည့်ငွေအချိန် နှစ်ထောင်ကိုးဆယ်သား၊ ထို့ပြင် ရွှေအချိန်တစ်ထောင်နှစ်ရာတစ်ဆယ့်လေးကျပ် တစ်ပဲခြောက်ရွေးသားကွပ်သည်။ ရွှေနန်းခြည် နှစ်ဆယ့်သုံးပိသာကိုလည်း စည်းနှောင်သည်။ ပတ္တမြားကျောက်လုံးရေ ၄၄၉၊ မြကျောက်လုံးရေ ၅၆၉၊ နီလာကျောက်လုံးရေ ၁၅၇၊ ကျောက်ဖြူလုံးရေ ၃၈၉၊ ၎င်းကျောက်တို့ကို ဆပ်သွားဖူးတွင်စီသည်။ ဖွန်းရိုးတွင်ကျောက်လုံးရေ ၆၇၇၊ ငှက်မြတ်နားတွင်လည်း ကျောက်လုံးရေ ၅၂၄၃၊ ထို့ပြင်ဖွန်းရိုးအထက် ရွှေကြုတ်တစ်လုံး၊ အရပ်နှစ်မိုက်၊ အဝခုနှစ်သစ်၊ ရွှေချိန်နှစ်ဆယ်သား၊ ၎င်းကြုတ်တွင် ငွေဆင်းတုသုံးဆူ၊ အချိန်သုံးဆယ်သား၊ ရွှေဆင်းတုသုံးဆူ အချိန်တစ်ဆယသားရှိ ပူဇော်သည်။ ပုလဲကျောက်လုံးရေတစ်ဆယ်၊ မဟူရာကျောက်ဖြူ တစ်ရာ့ရှစ်ဆယ်၊ ထီးဖြူလေးစင်း၊ ရွှေဆည်းလည်းငွေဆည်းလည်း လုံးရေတစ်ရာ့ငါးဆယ်၊ မယ်တော်မိဖုရားကြီးက ရွှေဗောင်းတော်တစ်ခု လှူတော်မူသည်။ ထိုကဲ့သို့ အလှူတော်များအတွက် ဆင်ဖြူရှင်မင်းတစ်ရားကြီးသည် ရန်ကုန်မြို့သို့ ရေအား၊ ကြည်းအားဖြင့် စုန်ဆင်းလာပြီးလျှင် သိင်္ဂုတ္တရကုန်းတော်အနောက်တွင် စံနန်းတော်နှင့်စံတော်မူလျက် သံဃာတော်တစ်ထောင် ဆွမ်းဘောဇဉ် ခဲဘွယ်အပြည့်အစုံကျွေးမွေး၍ ပရိက္ခယာအစုံနှင့် ပဒေသာပင်တစ်ထောင်ကို သက္ကရာဇ် ၁၁၃၆ ခု၊ တပေါင်းလဆန်း ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ ရွှေသက်န်းကပ်ပြီးလျှင် ရွှေထီးတင်၍ ရေစက်သွန်းချ လှူဒါန်းတော်မူသည်။ ပလိပ်စားချောင်း၌ ရွှေစက်တော်ဖြန့်ချီ၊ နတ်ပေါင်းညီ၍၊ ရွှေနဖလံပုစွန်ခွံဖြင့်၊ မွမ်းမံပြင်ဆင်၊ ရွှေထီးတင်သည်၊ လျှပ်သွင်တည့်ရောင်ပြေး၊ ဓွေးရရွေး။ ထိုမင်းရန်ကုန်မြို့မှ အင်းဝမြို့သို့ ပြန်လည်တော်မူသောအခါ (ဖက်ကျွန်းစံရာ၊ မော်ကွန်းမှာအုံ့) ဟူသော အဖွဲ့လင်္ကာသုံးပိုဒ်တွေ့ဖူးသည်။ ထိုမင်းအိမ်နိမ့် ၂၇ နှစ်၊ နန်းစံ ၁၂ နှစ်၊ သက်တော် ၃၉ နှစ်၊ သက္ကရာဇ် ၁၁၃၇ ခုနှစ်တွင် အင်းဝရွှေနန်း၌ နတ်ရွာစံတော်မူသည်။ ထိုမင်းတနင်္ဂနွေသားဖြစ်သည်။ “တစ်ဦးစိတ်ကုန်၊ ငှက်ဂဠုန်၊ ရန်ကုန်ပြည်ထဲပြုလတ္တံ့” ဟူသောသိုက်ဓာတ်စာအရ တနင်္ဂနွေသား ဆင်ဖြူရှင်မင်းတရားကြီးသည် သစ်တပ်စံနန်းဖြင့် စံတော်မူခဲ့ပြီးနောက် “ဈေးဦးစစ်ခါ၊ ရှာတတ်စွာ၊ ရာဇာယာယီပြုလတ္တံ့”ဟူသော သိုက်ဓာတ်စာအရ ထိုမင်းနတ်ရွာစံလတ်သော် ထိုမင်းသားတော် စဉ့်ကူးမြို့စား တနင်္လာသားမင်းသည် ခမည်းတော်၏အရိုက်အရာ ရတနာပူရအင်းဝရွှေနန်းကို စိုးစံတော်မူလေသည်။ ထိုမင်းသည် ရန်ကုန်မြို့မှရှိသော ခမည်းတော် ဆင်ဖြူရှင် စံနန်းတော်ကို သက္ကရာဇ် ၁၁၃၈ ခုနှစ်တွင် အသစ်ပြင်ဆင်တော်မူစေ၍ မင်းမိဖုရား ခြွေရံဗိုလ်ပါများနှင့် သက္ကရာဇ် ၁၁၃၉ ခုနှစ်တွင် ဟံသာဝတီရန်ကုန်မြို့တွင် စံတော်မူလျက် သိင်္ဂုတ္တရကုန်းတော် တိဂုံဆံတော်ရှင်စေတီတော်မြတ်ကို ရတနာအမျိုးမျိုးတို့ဖြင့် ပူဇော်တော်မူသည်။ ရွှေမျက်ပါးသင်္ကန်းကိုယ်လုံးပြည့် ကပ်လှူတော်မူသည်။ ရင်ပြင်တော်လေးမျက်နှာတွင် တန်ဆောင်းပလ္လင်တော်နှင့်တကွ ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ ဂေါတမဘုရားဟူ၍ လေးဆူသောဘုရားသဏ္ဌာန် ဥဒါန်းကျူးဟန်ကို ပဉ္စလောဟာဓာတ်ဖြင့် သွန်းလုပ်တည်ထားတော်မူသည်။ (ခေါင်းလောင်းတော်ကြီး၏စာအရ) သာသနာတော်နှစ် ၂၃၂၂ ခု၊ သက္ကရာဇ် ၁၁၄၀ ပြည့်၊ တပို့တွဲလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့ ၃ ချက်တီးကျော် ဟဿဒနက္ခတ်မွန်းတည့်တူရာသီ ၆ ကြာတြင်း၊ ခနုရာသီ၊ ကြာသပတေးနဝင်းကြိုက်သောအချိန်တွင် ကြေးအချိန်ပိသာပေါင်း တစ်သောင်းငါးထောင်ငါးရာငါးဆယ့်ငါး (၁၅၅၅၅) သွန်းလုပ်ပြီးသည်။ အချင်းငါးတောင်၊ အရပ်ခုနစ်တောင်နှစ်မိုက် လုံးပတ်

www.burmeseclassic.com

တစ်ဆယ်ငါးတောင်၊ အထုနှစ်မိုက်ရှိ (မဟာယဏ္ဍာ) ဘွဲ့တင်သော ခေါင်းလောင်းတော်ကြီးကို စေတီတော်အနောက်မြောက် ရာဟုထောင့်တွင် သဒ္ဒါဒါနအဖြစ်ဖြင့် တန်ဆောင်းနှင့်တကွ တင်ထားလှူဒါန်းတော်မူသည်။ ထိုစဉ့်ကူးမင်းသည် ဘုရားရှင်လေးဆူနှင့် တွေ့ရဘိသကဲ့သို့ နှစ်သိမ့်ဝမ်းမြောက်လှစွာ မရောင့်ရဲနိုင်သောပူဇော်ခြင်းကြီးဖြင့် စေတီတော်မြတ်ကြီးကို လက်ယာရစ်လှည့်ကာပူဇော်၍ နေပြည်တော်သို့ ပြည်လည်တော်မူလေ၏။

ညောင်ရမ်းမင်းငါးဆက်မှစ၍ သံဃာတော်တို့သည် ဦးထုပ်ဒေါက်ခြာ တရပတ်ဆောင်းခြင်းနှင့် သင်္ကန်းကိုလက်ကန်တော့တင်၍ မြို့ရွာသို့ဝင်ခြင်း၊ သင်္ကန်းကိုရုံ၍ မြို့ရွာသို့ဝင်ခြင်းဖြင့် တင်ဂိုဏ်း၊ ရုံဂိုဏ်း ၂ ဂိုဏ်းကွဲပြားနေရာ တင်ဂိုဏ်းမှာ ပိဋကတ်ကျမ်းကိုမပြနိုင်၍ ရုံဂိုဏ်းသာရှိစေရမည်ဟု အထက်အောက်မြန်မာပြည်အလုံးသိစေရန် သာသနာတော်မိန့်ကို ၁၁၄၂ ခု နယုန်လဆန်း ၁၅ ရက်နေ့ အမိန့်ထုတ်ပြန်တော်မူသည်။

ထိုမင်းသည် ရတနာသုံးပါးတရားမြတ်ကို ယုံကြည်အားထား၍ ကောင်းမှုများစွာပြုတော်မူပြီးလျှင် အိမ်နိမ့် ၁၉ နှစ်၊ နန်းစံ ၆ နှစ်၊ သက်တော် ၂၅ နှစ်၊ သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် နတ်ရွာစံတော်မူသည်။ နံတော်တနင်္လာသား။

ထိုနှစ်တွင် ထိုမင်းဘကြီးတော်သား ဖောင်းကားစားမောင်မောင်သည် မင်းပြုသည်။ အိမ်နိမ့် ၁၈ နှစ်၊ နန်းစံ ၇ ရက်၊ ထိုနှစ်တွင်နတ်ရွာစံသည်။ နံတော် ကြာသပတေးသား။

သက္ကရာဇ် ၁၁၄၃ ခု၊ တပို့တွဲလဆန်း ၁၅ ရက်နေ့၊ အလောင်းမင်းတရားကြီး၏ စတုတ္ထမြောက်သားတော် ဗဒုံမြို့စားဦးဝိုင်းသည် အင်းဝရွှေနန်းကိုတက်၍ မင်းပြုတော်မူသည်။ "သည်ကစမှရွှေအင်းဝ ဌာနမြို့သက်ကုန်လတ္တံ့၊ တစ်ကြိမ်စံကြ ထီးပေါင်းခ ဌာနမြို့သစ်တည်လတ္တံ့" ဟူသော သိုက်စာတ်စာအရ မန္တလေးတောင်၏ လက်ယာထီးပေါင်းခခေါ်သော ဘုမိနက်သန် ဝိဇယအောင်မြေတွင် သက္ကရာဇ် ၁၁၄၄ ခု၊ တပို့တွဲလဆန်း ၁၂ ရက်၊ အင်္ဂါနေ့ကောင်းမြတ်သောအချိန် အမရပူရမြို့တော်သမုတ်၍ မြို့နန်းသစ်တည်ခါ စံတော်မူသည်။ ထိုမင်းသည် ဧရာဝတီမြစ် အနောက်ဘက်တောင်ခြေတွင် ကြီးလေးလုံးအရဖြစ်သော ရောမမင်းကွန်းစေတီတော်ကြီး၊ ရောမခေါင်းလောင်းတော်ကြီး၊ ရောမခြသေ့်ကြီး၊ ရောမ ရှင်ဘုရင်ကြီးဟူ၍ဆိုကြသော ကောင်းမှုတော်များ ပြုတော်မူခဲ့သည်။ ပဲခူးရွှေမော်ဓောဘုရားကို ထီးတင်လှူသည်။ တိဂုံဆံတော်ရှင်စေတီတော်ကို အလှူတော်ပို၍ ဘုရားဆု တောင်းတော်မူသည်။ မင်းကွန်းခေါင်းလောင်းတော်မှာ အဝ အောင်ကျော်၊ အစောက် အောင်လှ၊ အချိန်မှာ မမင်းဖြူမှန်မှန်ပြော ဟူ၍ အဆိုရှိကြသည်။

ထိုမင်းသည် ကောင်းမှုများစွာပြုတော်မူ၍ အိမ်နိမ့် ၃၇ နှစ်၊ နန်းစံ ၃၇ နှစ်ကျော်၊ သက်တော် ၇၅ နှစ်၊ သက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် နတ်ရွာစံတော်မူသည်။ ထိုမင်းကို ဆဒ္ဒန်ဆင်မင်းသခင် ဘိုးတော်မင်းတရားကြီးဟု ရေးမှတ်ကြသည်။ နံတော် တနင်္လာသားတည်း။

သက္ကရာဇ် ၁၁၈၁ ခု၊ နယုန်လဆန်း ၁၅ ရက်နေ့ မြေးတော်စစ်ကိုင်းမင်းသည် ဘိုးတော်၏အရိုက်အရာဖြစ်သော အမရပူရရွှေနန်းကိုတက်၍ မင်းပြုတော်မူသည်။ သက္ကရာဇ် ၁၁၈၃ ခုနှစ်တွင် အင်းဝရွှေနန်းသို့ ပြောင်းရွှေ့စံတော်မူသည်။ ထိုအခါရန်ကုန်မြို့တွင် မဟာမင်းလှမင်းကျော်ကို မင်းကြီးအဖြစ်ခန့်ထားသည်။ အင်္ဂလိပ်သက္ကရာဇ် ၁၈၅၂ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၁၈၆ ခုနှစ်တွင် အင်္ဂလိပ်ပထမစစ်ရောက်လာ၍ မင်းကြီးမဟာမင်းလှကျော်ခုခံတိုက်ခံရာ မရ။ နောက်ဆုတ်ခွါရသောကြောင့် အင်္ဂလိပ်စစ်တပ်က သိင်္ဂုတ္တရကုန်းတော်ကို အုပ်စီးမိသဖြင့် ခံတပ်အနေပြု၍ တိုက်ခိုက်သည် ထိုမှ အင်္ဂလိပ်စစ်သည်ပေါင်း တစ်သောင်းကျော် အသေခံ၍ အထက်သို့တိုးတက်တိုက်ခိုက်ရာ ရန်တပိုရွာသို့တိုင်အောင် ရောက်လေသည်။ (ထိုအခါ ရွာသားစိတ်ကျုံ၊ မကောင်းတုံ၊ လူပုံလူစုကွဲလတ္တံ့၊ ဓားသွားစကြာ၊ ကိန်းရောက်ခါ၊ ငြိမ်းစွာစကားပြောလတ္တံ့ဟူသော သိုက်စာတ်စာအရ မြန်မာမင်းက စစ်ပြေငြိမ်းရန် စစ်စရိတ်ပေး၍ ရန်တပိုစာချုပ် ချုပ်ဆိုကြလေသည်။ မြန်မာသက္ကရာဇ် ၁၁၈၇ ခု၊ အင်္ဂလိပ်သက္ကရာဇ် ၁၈၂၆ ခု၊ ရန်တပိုစာချုပ်တွင် မြန်မာမင်းသည် အာသံပြည်ကို မပိုင်ပြီဝန်ခံ၍ ရေး၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရခိုင်ဟူသော တနင်္သာရီနယ်တို့ကို အင်္ဂလိပ်အား အပိုင်ပေးအပ်ရလေသည်။ ဧရာဝတီမြစ်စဉ်တစ်လျှောက်နှင့် ရန်ကုန်မြို့ပင်လယ်ဝအထိသာ မြန်မာမင်းက ပိုင်ရလေတော့သည်။ (အိန္ဒိယရာဇဝင်အကျဉ်းချုပ်)

ထိုအခါ ရန်ကုန်မြို့၊ သိင်္ဂုတ္တရကုန်းတော်ကို အင်္ဂလိပ်များရမိလျှင် စဉ့်ကူးမင်းလှူဒါန်းထားသော မဟာယဏ္ဍာခေါင်းလောင်းတော်ကြီးကို ယူဆောင်သွားရာ လှိုင်မြစ်ဝတွင် (မင်းတို့နိုင်ငံ ငါမလိုက်ဘူးကွဲ့ဆိုဘိသကဲ့သို့ ရေတွင်ဆင်း၍ ဒုက္ခရစရိယာကျင့်တော်မူသည့်အလား ရေထဲသို့ကျသွားလေသည်) တစ်နှစ်ခန့်အကြာ စစ်ပြေငြိမ်းသောအခါမှ အောက်ပါ အယ်လစ်ဇင်ဒါစာအရ မူလနေရာကုန်းတော် ရာဟုထောင့်သို့ပြန်ရောက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မှတ်တမ်းစာမှာ။ ။ ရန်ကုန်မြို့သို့ ကျွန်ုပ်ပြန်ရောက်သောအခါ စစ်ဗိုလ်ချုပ်ကြီး (စမ်) ကို ရှေးဦးစွာ စစ်ပြေငြိမ်းကြောင်း အစီရင်ခံသောသူသည် ကျွန်ုပ်ဖြစ်လေသည်။ ရန်ကုန်မြို့ရှိ ဥရောပတိုက်သားတို့သည် အလွန်ဝမ်းမြောက်ကြလေသည်။ ရန်ကုန်မြို့သူမြို့သားများမှာကား စစ်ပြေငြိမ်းသည်တစ်ကြောင်း လွန်ခဲ့သော လပေါင်းများစွာက စစ်ပွဲတွင် အောင်ဆုအဖြစ်နှင့် ဘင်္ဂလားသို့ဆောင်ယူရန် ရွှေတိဂုံကုန်းတော်ကယူလာသော ခေါင်းလောင်းတော်ကြီးသည် မြစ်ထဲတွင်ကျကျန်ရစ်သည်။ မြစ်ထဲမှ ဆွဲဖော်ရယူခြင်းအတွက် အတိုင်းမသိဝမ်းမြောက်ရွှင်မြူးကြလေသည်။ မြစ်တွင်ရေကျသောအခါ ထိုခေါင်းလောင်းတော်ကြီးကို ကျောက်သံကြိုးနှစ်ပင်နှင့် မြဲစွာချည်နှောင်ပြီးကာလ ထိုခေါင်းလောင်းပေါ်ရပ်တန့်လျက်ရှိသော သင်္ဘောတွင် ကျောက်သံကြိုးကိုချည်ထားလေသည်။ ရေပြည့်လာသောအခါ သင်္ဘောနှင့်အတူခေါင်းလောင်းကြီးပေါ်လာ၍ မြစ်ကမ်းနံဘေးသို့ပို့ချသည်။ ထိုကမှတစ်တန် ခေါင်းလောင်းကြီးတွင် ပန်းများစိုက်ထူလျက် နတ်များကို ပူဇော်ကခုန်ပြီးလျှင် ရွှေတိဂုံကုန်းတော်မူလရှိရင်းနေရာသို့ ပို့ဆောင်နေဆဲတွင် ကျွန်ုပ်မှာ ၁၈၂၆ ခု၊ ဇန်နဝါရီလ ၉ ရက်၊ ချံပီယံစစ်သင်္ဘောနှင့် ဘင်္ဂလားမြို့သို့ ပြန်လာခဲ့ပါသည်။ (အယ်ဒီတာမောင်မောင်)

www.burmeseclassic.com

www.burmeseclassic.com

အလောင်းဘုရားနှင့် နောက်ပိုင်းကာလ

အလောင်းဘုရား ဒဂုန်ကို သိမ်းမိသောအချိန်မှာ ခရစ်နှစ် ၁၇၅၅ ခု မေလအတွင်း ဖြစ်သည်။ ရန်အပေါင်းကုန်သောနိမိတ်ဖြင့် ရန်ကုန်ဟု မြို့သစ်သမုတ်ပြီးနောက် ၁၇၅၅ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် ဆွေတော်မျိုးတော်မှူးမတ်ဗိုလ်ပါအပေါင်း ခြံရံလျက် ရွှေတိဂုံစေတီတော်ကို အဖူးအမြော်တက်ရောက်သည်။ ကုန်းတော်ပေါ်တွင် ဂုဏ်တော်ကိုးပါးကို တစ်ထောင်ပြည့်အောင် ရွတ်ဆိုလျက် ဆီမီးစသည်တို့ဖြင့်ပူဇော်သည်။ စေတီတော်တွင် ဇရပ်ကြီးလေးဆောင်ကိုလည်း လှူဒါန်းသည်။

အလောင်းဘုရားတည်သော ရန်ကုန်မြို့သည် သစ်မြို့ဖြစ်သည်။ ထိုသစ်မြို့ကို ကျုံး၊ မြောင်း၊ တံခါး၊ ပြအိုး စသောမြို့အင်္ဂါများပြည့်စုံစွာ ခုနစ်ရက်နှင့်အပြီး တည်လုပ်စေသည်ဟု သိရသည်။ ထိုမြို့ကွက်တွင် ရွှေတိဂုံစေတီတော် မပါဝင်ပေ။ ရန်ကုန်သစ်တပ်မြို့ကို ရေပတ်လည်ဝိုင်းလျက်ရှိသည်။ ဆူးလေစေတီတော်မှာ ယခုအခါ မြို့လယ်ကုန်းခေါင်ခေါင်အရပ်တွင် ဖူးတွေ့နေရသော်လည်း ရှေးအခါကမူ ရေပတ်လည်ဝိုင်းလုမတတ်ရှိသော ကုန်းမြေတွင်တည်သည်။

အလောင်းမင်းတရားသည် ရန်ကုန်ကို အခိုင်အမာပြုလျက် ဒလကိုသိမ်းသွင်းပြီး ဇွန်လအတွင်း၌ အထက်သို့ ပြန်လည်ကြွချီလေသည်။

နောက်တစ်နှစ်တွင် (၁၇၅၆) ဇူလိုင်လတွင် တစ်ဖန် စုန်ဆင်းခဲ့၍ ဒဂုန်မှနေပြီး သန်လျင်ကို သွားရောက်သိမ်းပိုက်သည်။ နောက်တစ်နှစ် (၁၇၅၇)မေလတွင် ပဲခူးကို သိမ်းသွင်းနိုင်လေသည်။ ထိုနှစ်ဇူလိုင်လတွင် အလောင်းမင်းတရားကြီးသည် ရွှေတိဂုံစေတီကို အဖူးမြော်တက်ရောက်ပြန်လေသည်။

ဤအကြိမ်တွင် ရွှေတိဂုံစေတီတော်၌ ရွှေအပြည့်မွမ်းမံခြင်း၊ လက်သမား ၁၀၀၊ လွှသမား စိတ္တသိရိနှင့် လူ ၃၀၀ ခန့်ထား၍ ဇရပ်ကြီးများဆောက်လုပ်ခြင်း စသောကောင်းမှုများကို ပြုလုပ်လေသည်။ ထို့နောက်ရဲဘက်တော် ခြောက်ကျိပ်လေးယောက်တွင် အပါအဝင်ဖြစ်သော ငယ်မည်ဦးရွှေရည်ခေါ် မင်းကျော်စည်သူဘွဲ့ရပုဂ္ဂိုလ်အား နေမျိုးနော်ရထာဟူသော ဘွဲ့သစ်ပေး၍ ရန်ကုန်မြို့ဝန်ခန့်ထားသည်။ ရန်ကုန်တွင် လက်နက်ကိုင်လူ ၃၀၀၀၊ သေနတ် ၅၀၀၊ အမြောက်ကြီး ၇၀နှင့် ထားတော်မူခဲ့ပြီး နေပြည်တော်သို့ပြန်လေသည်။

ထိုအချိန်မှစ၍ တိဂုံဆံတော်ရှင်တည်ရှိရာ ရန်ကုန်မြို့သည် ရှေးကထက် ပို၍ထင်ရှားလာချေသည်။ ထင်ရှားလာရသော အကြောင်းများတွင် သန်လျင်သည် ဆိပ်ကမ်းမြို့အဖြစ်သင့်တော်မှုများ ဆိုက်ကပ်ရပ်နားရန် ဆိပ်ကမ်းကောင်းမဟုတ်တော့ဘဲ မြို့အနီးတွင် သဲသောင်ထွန်းလာသောကြောင့် ဖြစ်သည်ဟုဆိုသည်။

စေတီတော်သို့တက်ရာလမ်းများ

ရန်ကုန်သစ်တပ်မြို့၏ မြောက်ဘက်၌ ရွှေတိဂုံစေတီတော်သို့ သွားသောလမ်းနှစ်လမ်းရှိသည်။ ထိုလမ်းနှစ်လမ်းအနက် အနောက်ယွန်းယွန်းကျသောလမ်းသည် ယခုဘားလမ်းတစ်လျှောက်နေရာတွင် ဖြစ်သည်။ ထိုလမ်းသို့ရောက်ရန် သစ်တပ်မြို့တွင်းမှ မသာတံခါးကိုဖြတ်သည်။ ထိုတံခါးသည် ယခုတရားရုံးချုပ် (ယခင်ဟိုက်ကုတ်အဆောက်အအုံ)နေရာ ဗန္ဓုလပန်းခြံအနီးတွင်ရှိသည်။ ထိုလမ်းသည် အနောက်ဘက်သို့ထွက်လာပြီး တရုတ်တန်းဆိပ်ကမ်းမှ မြောက်ဘက်ရှိဘုရား ကြီးသို့ တက်သည်။ ပထမတွင် ကုန်စျေးတန်းလမ်းအတိုင်းတက်ပြီးနောက် ယခုရွှေတိဂုံဘုရားလမ်းတစ်လျှောက်အတိုင်း ဘုရားကြီးအရောက်သွားနိုင်လေသည်။ ထိုလမ်း၏ လက်ဝဲဘက်တွင် မြို့တွင်းမှအထွက်၌ ဆူးလေစေတီသို့သွားသော သစ်သားတံတားတစ်ခု ရှိသေးသည်ဟု သိရသည်။ ထိုတံတားသည် ရွှံ့ဗွက်များကိုကျော်၍ဆောက်ထားသော တံတားဖြစ်လေသည်။

ဘုရားကြီးသို့တက်သော အခြားလမ်းတစ်ခုမှာ ယခင်လွှစ္စလမ်းအတိုင်း မြောက်ဘက်သို့တက်သွားသော လမ်းဖြစ်သည်။ ထိုလမ်းသို့ရောက်ရန် မြို့တွင်းရှိ ဝန်ကြီးတံခါးမှထွက်ရသည်။ ထိုလမ်းကို ဝန်ကြီးလမ်းဟုလည်းခေါ်သည်။ ဤအမည်တွင်ခြင်းမှာ မြို့ဝန်အိမ်ရှေ့မှ ဖြတ်လာသောလမ်းဖြစ်သောကြောင့်ဟုဆိုလေသည်။ ထိုလမ်းသည် ဘုရားကြီးအရောက် မြောက်ဘက်သို့တက်သွားရာတွင် အနောက်သို့ အတန်ငယ်ယိမ်း၍သွားပြီး ယနေ့ အလံပြဘုရားအတိုင်း ဘုရားကြီးသို့ ရောက်လေသည်။

အထက်ပါမြောက်ဘက်တံခါးများမှ ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးတက်ရာလမ်းများကို အုတ်စီ၍ ခင်းထားသည်။ အုတ်စီသူဒါယကာမှာ ဗုဒ္ဓဘာသာဝင်ဖြစ်လာသော မွတ်စလင်ကုန်သည်တစ်ဦးဖြစ်သည်ဟု ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားသို့တက်ရောက်ရန် ထိုလမ်းများတစ်လျှောက်တွင် စေတီများ၊ ဇရပ်များ အစီအရီတန်းလျက်ရှိလေသည်။ ထိုသို့အစီအရီရှိခဲ့သည်မှာ ၁၅၀၀ ပြည့်လွန်အချိန်များမှပင်စတင်ခဲ့သည်။ ပထမအင်္ဂလိပ်မြန်မာ စစ်ပွဲအတွင်းက ရောက်ရှိခဲ့သူတစ်ဦး၏မှတ်တမ်းတွင် ဘုရားဖူးတက်ရာ လမ်းတစ်လျှောက်၌ ဘုန်းကြီးကျောင်းများ စေတီပုထိုးများကိုတွေ့ရသည်။ ထိုကျောင်း၊ ပုထိုးစသော အဆောက်အအုံများတွင် အနုစိတ်သစ်သားပန်းပုလက်ရာ အမျိုးမျိုးကို တွေ့ရသည်။ တစ်နေရာနှင့်တစ်နေရာ မတူအောင် သစ်ဆန်းသောရုပ်တု အပြောက်အမွမ်းများကို တွေ့နိုင်သည်။ ထိုလက်ရာများထဲတွင် နတ်ရုပ်၊ ယောကျ်ားရုပ်၊ မိန်းမရုပ်၊ မျောက်ရုပ်၊ မြင်းရုပ်၊ ဆင်ရုပ်၊ ငှက်ရုပ်နှင့် အမျိုးအမည်မဖော်ပြနိုင်သည့် အခြားသောအရုပ်အမျိုးမျိုးတို့ကို စုဝေးလျက်ရှိသည်ကို တွေ့ရသည်။ ဘုရားကြီးဘက်သို့နီးလာလေလေ ပို၍အလုံးအထည်ကြီးမားပြီး စိတ်ကူးယဉ်အဆန်းတကြယ်ဖြစ်သော အရုပ်များကို မြင်ရလေဖြစ်သည်ဟု ဖော်ပြထားသည်။

ထိုအချိန်က ဘုရားကြီး၏ အနောက်ဘက်တစ်ခွင်မှာ တောဖုံးလျက်ရှိသည်။ ခရစ်နှစ် ၁၈၀၀ ပြည့်ကျော်မှ ရောက်ရှိလာသော နိုင်ငံခြားသားတို့၏မှတ်တမ်းများတွင် ထိုတောထဲ၌ ကျားများ၊ ဆင်များပင်ရှိသည်ဟု ဆိုလေသည်။

ဆင်ဖြူရှင်မင်းကောင်းမှု

အလောင်းဘုရား၏နောက် ရွှေတိဂုံစေတီတော်ကို ကောင်းမှုကုသိုလ်ပြုသူမှာ ခရစ်နှစ် ၁၇၆၃ ခုတွင် နန်းတက်သော ဆင်ဖြူရှင်မင်းတရားကြီးဖြစ်သည်။

ခရစ်နှစ် ၁၇၆၈ ခု၊ ဇွန်လ ၉ ရက် (၁၁၃၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်)တွင် လျှောင်ပြင်းစွာလှုပ်ရာ ဒဂုန်ဆံတော်ရှင်စေတီတွင် ဆတ်သွားဖူးမှစ၍ ပထမဖောင်းအထိပြိုလေသည်။ ထီးတော်လည်းလျောကျသည်။ ထိုသို့အပျက်အစီးရှိကြောင်း ရန်ကုန်မြို့တော်ဝန်က ဆင်ဖြူရှင်မင်းထံလျှောက်ထားသည်ကို ပြင်ဆင်လုပ်ဆောင်စေရန် အမိန့်တော်ရှိသည်။ ပြုပြင်မှုအစုစုမှာ ခြောက်နှစ်ကြာမြင့်သည်။

စေတီတော်ပြိုပျက်ရာတွင်ကမ္ပည်းပါသော ကြေးအုတ်ချပ်ရေ ၁၄၆ ချပ် အလေးချိန် ၆၅၉ ပိဿာနှင့် ၅၀ကျပ် ကမ္ပည်းမပါသော ကြေးအုတ်ရေ ၆၅၈ ချပ် အချိန် ၄၂၇ ပိဿာနှင့် ၁၀ ကျပ် စုစုပေါင်း ကြေးအုတ်ချပ်ရေ ၈၀၄ ချပ်ကို ရရှိသည်။ ယင်းတို့ကို ကုသိုလ်တော်ရွှေအုတ်ချပ်ရေ ၃,၅၃၈ ချပ် ငွေအုတ်ချပ်ရေ ၅,၀၀၀ အခြားသော အုတ်ချပ်ပေါင်းများစွာနှင့် ပူးပေါင်း၍ ပြင်ဆင်ခြင်းဖြစ်လေသည်။ အုတ်များကို အင်္ဂတေ၊ သရွတ်တို့ဖြင့် စေ့စပ်သေချာစွာ ကြေးတစ်သိန်း၊ သံတစ်သိန်းတို့နှင့်ကွပ်၍ ကြေးမှို၊ သံမှိုစွဲပြီးလျှင် စေတီရံ ၃၀၀၊ ခြင်္သေ့ ၂၈ စီးနှင့်တကွ သေချာခိုင်ခန့်အောင် လုပ်ဆောင်လေသည်။

ဆင်ဖြူတော်မင်းတရားသည် လျှောင်ကြောင့်ပျက်စီးသော အပျက်အစီးများကို ပြုပြင်စေပြီးသောအခါ မိမိကိုယ်အလေးချိန်ဖြစ်သော ရွှေချိန် ၄၇ ပိဿာနှင့် ၃၅ ကျပ်သား (ပေါင်ချိန် ၁၇၀)ကို မျက်ပါးခတ်စေပြီး စေတီတော်ကြီးအား ဆတ်သွားဖူးမှ ဘိနပ်တော်အထိ ရွှေအပြည့်မွမ်းမံစေသည်။

အသစ်တင်လှူရန် ထီးတော်ကိုလည်း သံတစ်ထပ် ကြေးတစ်ထပ်ကို ကြေးမှို၊သံမှိုစွဲ၍ နေပြည်တော်၌ သေချာခိုင်ခံ့အောင် လုပ်ဆောင်သည်။ ထိုထီးတော်တွင် ဘုံခုနစ်ဆင့်ပါရှိ၍ ပထမဘုံ၏အချင်းမှာ ကိုးတောင်နှစ်မိုက်ရှိလေသည်။

ဆင်ဖြူမင်းတရားကြီးသည် ထီးတော်သစ်ကို စီမံပြင်ဆင်ပြီးသောအခါ ဘုံ ၁၁ ဆင့်ရှိသော ရတနာကရဝိတ်ရွှေဖောင်ဖြင့် တင်၍ ဆွေတော်မျိုးတော် မှူးမတ်အပေါင်းခြံရံလျက် ၁၇၇၅ ခုနှစ် ဇန်နဝါရီလတွင် အင်းဝနေပြည်တော်မှ ရန်ကုန်မြို့သို့ စုန်ဆင်းလေသည်။ လမ်းခရီးတွင် ပုဂံရွှေစည်းခုံနှင့် ပြည်ဆံတော်ရှင်ဘုရားတို့၌ ရပ်နားကုသိုလ်ပြုပြီးလျှင် ရန်ကုန်သို့ရောက်လေသည်။

ရန်ကုန်မြို့၌ သိင်္ဂုတ္တရကုန်းတော်၏အနောက်ဘက်တွင် စံနန်းတော်နှင့်စံနေလေသည်။ ထီးတော်ကိုလည်း စံနန်းတော်အရှေ့တွင် ဘုံငါးဆင့်ရှိသော တန်ဆောင်းပြာသာဒ်နှင့်ထားတော်မူ၍ ပွဲလမ်းသဘင်ကြီးစွာ ခံတော်မူသည်။ ထိုစံနန်းတော်တွင် စံနေတော်မူစဉ် မင်းတရားကြီးသည် သံဃာတော် ၁၀၀၀ အား ဆွမ်း၊ ခဲဖွယ်ဘောဇဉ် အပြည့်အစုံလုပ်ကျွေးသည်။ ပရိက္ခရာ အစုံနှင့်တကွ ပဒေသာပင် ၁၀၀၀ ကိုလည်းလှူဒါန်းလေသည်။

ထီးတော်ကိုမူ ၁၇၇၅ခုနှစ်မတ် ၁၅ ရက်တွင် စေတီတော်၏မြောက်အရပ်မှ ယန္တရားစက်ဖြင့် တင်လှူ၍ ရေစက်သွန်းချလှူဒါန်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

စဥ့်ကူးမင်း

ဆင်ဖြူရှင်၏သားတော် စဥ့်ကူးမင်းသည် ခရစ်နှစ် ၁၇၇၆ ခုတွင် အင်းဝ၌ဆက်လက်စိုးစံသည်။ ထိုမင်းသည် ရန်ကုန်မြို့ရှိ တိဂုံဆံတော်ရှင်စေတီတော်မြတ်ကို ရွှေမျက်ပါးသက်န်းဖြင့် ကိုယ်လုံးပြည့်ကပ်လှူတော်မူသည်။ ရတနာ အမျိုးမျိုးတို့ဖြင့်လည်း ပူဇော်သည်။ စေတီရင်ပြင် လေးမျက်နှာမုခ်ဦး၌ တန်ဆောင်းပလ္လင်နှင့်တစ်ကွ ဘုရားလေးဆူကိုရည်မှတ်၍ ပဥ္စလောဟာ ဆင်းတုလေးဆူကို သွန်းလုပ်လှူဒါန်းတော်မူလေသည်။

ဘိုးတော်ဘုရား

အလောင်းမင်းတရား၏ စတုတ္ထသားတော်ဖြစ်၍ ခရစ်နှစ် ၁၇၈၂ ခုမှ ၁၈၁၉ ခုနှစ်တွင် အမရပူရ၌ စိုးစံသော ဘိုးတော်ဘုရား (ပဒုံမြို့စား)သည် ယိုးဒယားသို့ စစ်ချီရာမှအပြန် ခရစ်နှစ် ၁၇၈၆ ခုနှစ်တွင် တိဂုံဆံတော်ရှင်အား ဝင်ရောက်ဖူးမြော်ပြီး ခေါင်းလောင်းလှူဒါန်းသည်။ စေတီတော်ရှေ့၌ ကြေးနီအုတ်ကြွပ်မိုး ရွှေဇရပ်ကိုလည်း ဆောက်လုပ်လှူဒါန်းသည်။

သာယာဝတီမင်းနှင့် မိဖုရားမမြကလေး

အမရပူရ၌ ၁၈၃၇ ခုနှစ်တွင် နန်းတက်သောရွှေဘိုမင်းခေါ် သာယာဝတီမင်းသည် ခရစ်နှစ်၁၈၄၁ ခု တွင် ရန်ကုန်မြို့သို့ ဆံတော်ရှင်စေတီတော်ကို ဖူးမြင်လှူဒါန်းရန် စုန်ဆင်းလာခဲ့သည်။ ရန်ကုန်မြို့သစ်ကို တည်ရန်အတွက်လည်းဖြစ်သည်။

သာယာဝတီမင်းသည် ရွှေကျပ်ချိန် ၃၂၀၀ ကို အမရပူရမြို့တွင် မျက်ပါးခတ်လုပ်စေခဲ့ပြီး ဆံတော်ရှင်စေတီတော်အား ဖိနပ်တော်မှ ငှက်ပျောဖူးအထိ ရွှေသက်န်းကပ်လှူသည်။ ရွှေသက်န်းကပ်လှူပွဲသို့ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်ကြသည်၊ လက်ဖွဲ့၊ လက်ပမ်း၊ ဓာတ်ရုပ်စုံပွဲများကို ခံလေသည်။

သာယာဝတီမင်း၏ မိဖုရားဖြစ်သော အနောက်နန်းမတော် မိဖုရားမမြကလေးကလည်း ဘုရားကြီး၏ အနောက်ဘက်စောင်းတန်း ဆောက်လုပ်ရန် သစ်၊ပျဥ်နှင့်လက်ခများ လှူဒါန်းသဖြင့် ထိုအလှူကို မင်းနှင့်မိဖုရားတို့ ရေစက်သွန်းချလှူဒါန်းကြသည်။

သာယာဝတီမင်းသည် ၁၈၄၂ ခုနှစ် ဇန်နဝါရီလ ၂၀ရက် အဖူးမြော် တက်ရောက်သောအခါတွင် ဘိုးတော်မင်းတရားကြီး လက်ထက်တွင် ထိုးလုပ်သည့်သံသေကို ရွှေနီ၊ရွှေဖြူ၊ငွေဖြူတို့နှင့် ရောစပ်ပြုလုပ်ပြီး အချိန်တစ်ပိဿာ ခုနစ်ဆယ်ရှိဆည်းလည်းတစ်လုံးနှင့် အချိန်တစ်ပိဿာငါးဆယ့်ငါးကျပ်ရှိ ဆည်းလည်းတစ်လုံးတို့ကို လှူဒါန်းသည်။ မိဖုရား မှူးမတ်တို့လှူဒါန်းသော ရွှေဆည်းလည်းများကိုလည်း လှူဒါန်းခဲ့လေသည်။

မင်းကြီး၏ အခြားကုသိုလ်တော်တစ်ရပ်မှာ "မဟာတိသဒ္ဒဃဏ္ဍာ"ဘွဲ့ရ ခေါင်းလောင်းကြီးကို သွန်းလုပ်စေ၍လှူဒါန်းခြင်းဖြစ်သည်။

ထိုခေါင်းလောင်းတော်ကြီး၏ အရပ်မှာ ၉ တောင် ၁မိုက် ၃ သစ်၊ အနားလုံးပတ် ၁၅ တောင်၊ ခါးစည်းလုံးပတ် ၁၃ တောင် ၁မိုက် ၄သစ်၊ အဝအချင်း ၅တောင်၊ ထု ၂မိုက် ၄သစ်ဖြစ်သည်။ ခေါင်းလောင်းတော်ကြီး၏ အလေးချိန်မှာ ကြေးစင်ပိဿာ ၂၅၉၄၀နှင့် ၄၉ကျပ်သား (တန်ချိန်၄၀ ခန့်)ရှိသည်။ ပေါင်းကိုင်းတွင် နရသီဟခြသေ့ လေးစီးပါရှိသည်။

ခေါင်းလောင်းတော်ကြီးကို ဘုရင့်အမိန့်ရ သွန်းလုပ်ကြသော ပုဂ္ဂိုလ်များမှာ ကြေးသွန်းအတတ်၌ ကျွမ်းကျင်သော ဝန်ထောက်မင်းကြီးမဟာစည်သူ၊ ပန်းတဉ်းဝန်၊ လက်နက်တိုက်ဝန်မင်းကြီး မဟာမင်းကျော်သင်္ခယာတို့ဖြစ်သည်။ ခေါင်းလောင်းသွန်းလုပ်ရာ၌ ကြေးသွန်းအမှုထမ်း ၅၀ ကျော်ပါဝင်လုပ်ကိုင်ရသည်။ ထိုခေါင်းလောင်းကြီးကို သာယာဝတီမင်းပြန်လည်ကြွချီလာပြီးနောက် ခရစ်နှစ် ၁၈၄၃ ခု ဖေဖော်ဝါရီလ ၁၉ရက်နေ့တွင် စေတီတော်ရင်ပြင်အရှေ့မြောက်ဘက် (တနင်္ဂနွေထောင့်)၌ တန်ဆောင်းပြာသာဒ်နှင့်တကွ ဆွဲထားလှူဒါန်းလေသည်။

သာယာဝတီမင်း ရန်ကုန်သို့စုန်ဆင်း၍ ကောင်းမှုပြုစဉ်က စေတီတော်ကြီး၏ ဉာဏ်တော်မှာ သံတောင်၁၈၆တောင် ၁မိုက်နှင့် ၄သစ်ဖြစ်၍ ဖိနပ်တော်အဝန်းမှာ သံတောင်၉၀၀ဖြစ်သည်ဟု သိရလေသည်။

ထိုအချိန်က သာယာဝတီမင်း၏ ဖောင်တော်မှ ဘုရားအနောက်ဘက်ရှိ ဥက္ကလာပနန်းတော်သို့ တက်သည့်လမ်းကို "လမ်းမတော်"ဟု ယခုတိုင်ခေါ်ဆိုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

စဥ့်ကူးမင်းခေါင်းလောင်း

ဇော်မုံညင်း

မြန်မာတို့၏ သာသနာရေးကိစ္စများတွင် ဘုရားပုထိုးစေတီများသာမက ကြေးစည်၊ ခေါင်းလောင်းလှူဒါန်းခြင်းသည်လည်း ယှဥ်တွဲလျက်ပါလာသည်ကို တွေ့နိုင်ပါသည်။ အခြားဘာသာများ၌လည်း ခေါင်းလောင်းသည်အရေးပါကတ်သည့်အပြင် ဗုဒ္ဓဘာသာဝင်များကဲ့သို့ စိပ်ပုတီးစိပ်လေ့ရှိသော ဘာသာဝင်များကိုလည်းတွေ့ရပါသည်။ မက္ကာမှ ပြန်လာသော အချို့ပုဂ္ဂိုလ်များ၏ လှလှပပ စိပ်ပုတီးများကိုလည်း မြင်ဖူးပါသည်။ ကက်သလစ် ဘာသာဝင်များလည်း ပုတီးစိပ်ကြပါသည်။

ရုရှားပြည်မှ ခေါင်းလောင်းကြီးသည် ကမ္ဘာတွင်အကြီးဆုံးဟု ပြောကြပါသည်။ မြန်မာပြည်က မင်းကွန်းခေါင်းလောင်းကြီးက ဒုတိယဟု အသိအမှတ်ပြုကြသော်လည်း ရုရှားခေါင်းလောင်းက ချိတ်ဆွဲထားသည်မဟုတ်ပါ၊ ကြီးရုံသာကြီးသည်။ ခေါင်းလောင်းအပေါ်တွင်အောက်ချထား၍ မင်းကွန်းခေါင်းလောင်းကမူ ချိတ်ဆွဲထားသည့်အတွက် ထူးခြားသည်ဟုဆိုရပါသည်။ ခေါင်းလောင်းအပေါ်တွင် ကမ္ပည်းစာများထိုးထား၍ ခေါင်းလောင်း၏သမိုင်းကို လေ့လာမှတ်သားခွင့်ရကြပါသည်။ ခေါင်းလောင်းစာများသည် တိကျသည့်အတွက် သမိုင်းအမှန်ကို အထောက်အထားဖြစ်စေပါသည်။ မြန်မာတို့၏ ကြေးထည်လုပ်ငန်း မည်မျှခမ်းနားထည်ဝါသည်ကိုလည်း အကဲခတ်နိုင်ကြပါသည်။ ပန်းဆယ်မျိုးအနက် ပန်းတဉ်းဟူသောအတတ်ပညာကို ကြေးဆင်းတုတော်နှင့် ကြေးခေါင်းလောင်းကြီးများအရ သိနိုင်ပါသည်။

တိုင်းတစ်ပါးသား လက်အောက်ရောက်သည်နှင့် တစ်ပြိုင်နက် သူတို့၏ ခြယ်လှယ်ခြင်းခံရသည်ဖြစ်ရာ ကြေးနှင့်ပတ်သက်သော သာသနာရေးပစ္စည်းများမှာ ဆုံးရှုံးခဲ့ကြရပါသည်။ ကြေးပစ္စည်းသည် သင်းတို့၏အမြောက်ကျည်ဆန်ဖြစ်ရလေတော့သည်။ ကျုံးချက်၍ မရနိုင်သော လွန်ပြည်တော်ပြန် ရန်အောင်မြင်ရုပ်ပွားတော်ကြီးကို အမှတ်ရကြဖို့ဖြစ်ပါသည်။

ကုလားပြည် ဂိုဒေါင်ထဲ၌ ကျုံးချက်၍မရသဖြင့် ခွန့်ပစ်ထားရာမှ တန်ခိုးတော်ပြ၍ ဘုရင်မကြီးခေါင်းခဲဝေဒနာ ခံစားရသည်ကို သိလာသည့်အတွက် ချက်ချင်းပြန်ပို့သည်။ ထို့အတွက် သင်းတို့သယ်ယူလာပြီး ဟသ်ာတနှင့် လွန်အကြားတွင် ထားပစ်ခဲ့ရာ ဒေသသားများက ဝမ်းသာအားရပင့်ဆောင်ကြသည်။ ရေတက်ချိန်၊ ရေကျချိန်နှင့် အဆင်သင့်သဖြင့် လွန်မြို့သို့ပါတော်မူသွားကြောင်း ဘုရားသမိုင်းအရ အများပြောလေ့ရှိကြပါသည်။ ထို့ကြောင့် ကြေးခေါင်းလောင်းများကို အင်္ဂလိပ်တို့ မည်မျှလိုချင်စိတ်ရှိကြောင်း သိနိုင်ပါသည်။ ရွှေတိဂုံစေတီတော်သို့ အဖူးအမြော်ရောက်သူတိုင်း တနင်္ဂနွေထောင့်နှင့် ရာဟုထောင့်တွင် ခေါင်းလောင်းကြီးနှစ်ခုကို တွေ့ဖူးကြပါလိမ့်မည်။ သို့သော် ရာဇဝင်အဖြစ်မှန်ရှိခဲ့သည်ကို မြန်မာတိုင်း သိချင်မှ သိကြပေမည်။ စဥ့်ကူးမင်းခေါင်းလောင်းသည် ရာဟုထောင့်တွင်ရှိ၍ တနင်္ဂနွေအရှေ့မြောက်ထောင့်မှ ခေါင်းလောင်းကြီးကား သာယာဝတီမင်း၏ ခေါင်းလောင်းကြီးဖြစ်ပါသည်။ နောင်တော်ကြီးစေတီအနီးမှာရှိပါသည်။ ဒဂုန်သို့ ရေကြောင်းချီပြီး လှူခဲ့ခြင်းဖြစ်ပါသည်။

စဥ့်ကူးမင်းခေါင်းလောင်းအကြောင်းကို ၁၉၆၃ ခု ဇန်နဝါရီလ၌ ရေစ်ယာန်လူငယ်အသင်း၏ အတွင်းရေးမှူးဖြစ်သူ မစ္စတာ ဟယ်ရယ်၊ ဗွီး၊ လူးကပ်(စ်) သည် စာပေဗိမာန် ပုံနှိပ်တိုက်မှ စာအုပ်ငယ်လေးတစ်အုပ် ထုတ်ဝေခဲ့သည်။ ကဗျာလင်္ကာအသွင်နှင့်ရေးထားခြင်းဖြစ်ပြီး ဦးဟယ်ရီအောင်၏ ပန်းချီလက်ရာလေးများဖြင့် မွမ်းမံထားပါသည်။ လမ်းဘေးစာအုပ်ဆိုင်မှတွေ့၍ ရှေ့သို့ကျွနယ်တွင် ကျွန်မ ဖော်ပြခဲ့ဖူးပါသည်။ ယခု သာယာဝတီမင်းအကြောင်း အပြောများချိန်တွင် ခေါင်းလောင်းနှစ်ခုအကြောင်း ခွဲခြားသိကြစေရန် ထပ်မံပေါ်ပြလိုပါသည်။

၁၈၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် ချန်ပီယံစစ်သင်္ဘောနှင့် ပြန်သွားသည့် အလက်ဇန္ဒားဆိုသူ၏ မှတ်တမ်းတွင်လည်း စဥ့်ကူးမင်းခေါင်းလောင်းအကြောင်း ပါခဲ့ဖူးပါသည်။

ကမ္ဘာအရပ်ရပ်မှ ဘုရားဖူးများ၊ ကြည်ညိုသူများ၊ စူးစမ်းလိုသူများ တအံ့တဩ လေ့လာလိုသူများအတွက် ရေးသားပါသည်ဟုဆိုထားသည်။ ဖတ်ပြီးသည်၏အဆုံး၌ မြန်မာတို့၏ ဘာသာတရားကိုင်းရှိုင်းမှု အတိမ်အနက်ကိုလည်းကောင်း၊ မျိုးချစ်စိတ်ဓာတ်နှင့် ဉာဏ်ပညာကြီးပုံကိုလည်းကောင်း၊ နိုင်ငံအပေါ် မြတ်နိုးတွယ်တာကြပုံကိုလည်းကောင်း အထင်းသား မြင်လာရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးပူဇော်တဲ့အနေနှင့်မို့ ခွင့်ပြုလိုက်တယ်။ မကြာခင်ဘဲ မြန်မာလူထုကြီးဟာ ရောင်စုံပန်းကုံးတွေ ယူလာကြပြီး သူတို့မြတ်နိုးတဲ့ခေါင်းလောင်းကြီးကို အလှအပခြယ်မှုန်း ဖုံးလွှမ်းလိုက်ကြတာဟာ ပန်းပေါင်းဘုရား ဖြစ်လို့သွားပါတော့တယ်။ မကြာခင်ဘဲ သင်္ဘောပေါ်တင်ဖို့ စိုင်းပြင်းနေကြချိန်မှာ ရေနတ်ကိုတိုင်တည်။ ဦးရှင်ကြီးကိုပန်ကြားသူ ပန်ကြားပြီး သောက ဗျာပါများကြရှာတော့တယ်။ နေ့လယ်လောက်မှာ ဖောင်တော်ရောက်ရှာပါပြီ။ စစ်ဗာရီတွေက ဘားကကပ်လျှက်သား။ အလေးချိန်နှင့်မမျှလို့ ဖောင်ဟာစောင်းပြီး ခေါင်းလောင်းကြီးနွံထဲထိုးစိုက်သွားတယ်ဆိုလျှင်ပဲ ရေထဲကျသူကျ၊ ခုန်ဆင်းသူဆင်း၊ ရှုခင်းမလှဖြစ်ကြတာကို မြန်မာလူထုမှာ ဝမ်းသာအားရ "လွတ်ပြီ၊ ကျွတ်ပြီ ခေါင်းလောင်းကြီး မပါစေရဘူး" လို့ကခုန် အော်ဟစ်မြူးတူးကြပါတော့တယ်။

အသည်းမာမာ ခွဲပါပါနှင့် ဗြိတိသျှစစ်သားများကတော့ ခုနစ်ရက်ပတ်လုံး ကျွမ်းကျင်တဲ့ အင်ဂျင်နီယာတွေနဲ့ဆွဲတင်ဖို့ ကြိုးစားကြပေမယ့် နွံနစ်သွားတဲ့ ဖောင်နှင့်ခေါင်းလောင်းကို မဆယ်ယူနိုင်တော့ဘဲ ခံပြင်းစိတ်နှင့် လက်လျှော့ထားလိုက်ကြတော့တယ်။

အဲဒီအတွင်း ပြည်ဘက်မှာ မြန်မာ့သူရဲကောင်း မဟာဗန္ဓုလရဲ့ တွန်းလှန်မှုကို အင်္ဂလိပ်တွေ အပြင်းအထန် ခံနေကြရတယ်။ ၁၈၂၅ ခု ဧပြီလ ၂ ရက်မှာ စစ်သူကြီး မဟာဗန္ဓုလကျဆုံးသွားတော့မှ အင်္ဂလိပ်တို့ သက်သာရာရပြီး ငြိမ်းချမ်းရေးစာချုပ် ချုပ်ကာ ခေါင်းလောင်းကြီးဆီ ရောက်လာပြန်တယ်။ လူထုကြီးကမူ နေ့မှမိုးရွာမရှောင် ခေါင်းလောင်းကြီးအနားက မခွာကြသေး။ ဆရာတော်ကြီးတစ်ပါးက ဗြိတိသျှဗိုလ်ချုပ်ကို သွားတွေ့ပြီး ကိုယ်နည်းနှင့်ကိုယ် ခေါင်းလောင်းကြီးကို သယ်ယူပြီး ဘုရားပေါ်ပြန်တင်ခွင့်အရေးဆိုလိုက်တယ်။

စစ်ဗိုလ်ချုပ်က ရယ်သွမ်းသွေးပြီး "သယ်နိုင်ရင်သယ်ပါ၊ ခင်ဗျားတို့ခေါင်းလောင်း ခင်ဗျားတို့သာ ထာဝစဉ်ပိုင်ပါစေမယ်"လို့ ဂတိပြုလိုက်တဲ့အတိုင်း တစ်မျိုးသားလုံးညှိနှိုင်းကြတယ်။ ရေကျချိန်မှာ အုန်းဆံကြိုး၊ ကျောက်ကြိုးနှင့် ခေါင်းလောင်းကို ချည်ကာ ဖောင်အသစ်တစ်ခုမှာ ချိတ်ဆွဲထားပြီး ဝါးတွေ ထောင်ပေါင်းများစွာနှင့်တွန်းပြီး ရေတက်ချိန်မှာ မြင့်ပေးလိုက်တဲ့အခါ ခေါင်းလောင်းကြီး မတ်လာခဲ့ပါတယ်။ လှုငါးထောင်ရဲ့အင်အားကြောင့် ခေါင်းလောင်းကြီးဟာ ပရိသတ်အနားကို တဖြည်းဖြည်းရောက်လာခဲ့ပါတယ်။ ကမ်းညွှတ်အောင်စည်ကားနေတဲ့ ပရိသတ်နှင့် မြန်မာတို့ရဲ့ ဖြတ်ထိုးဉာဏ်ကောင်းမှု၊ စည်းရုံးမှု ပူးပေါင်းလိုက်ကြပုံကို ဗြိတိသျှတွေ မှတ်တမ်းမတင်ဘဲ မနေနိုင်ဖြစ်ရတယ်။

ရွှံ့အလူးလူးနှင့် ပေကျံနေတဲ့ခေါင်းလောင်းကြီးကို အမွှေးနံ့သာရည်တို့နှင့် တယုတယ ဆေးကြောပြီး သန့်စင်ပေးကြတယ်။ ရပ်နီးရပ်ဝေးက သစ်ခွ၊ သဇင်၊ ဂမုန်းအင်တွေနှင့်လည်း ဖုံးလွှမ်းပြီး အိုးစည်၊ ဗုံမောင်း အတီးအမှုတ်တွေနှင့်ကခုန် ပျော်မြူးလိုက်ကြတာ နှစ်ရက်တိတိကြာခဲ့တယ်။ ကျားမ ပျိုအိုမရွေး ခေါင်းလောင်းကြီးကို အားစိုက်ဆွဲငင်ခဲ့ကြလို့ ခြေတော်ရင်းမှ တဆင့် သစ်သားယက်မကြီးများနှင့်တွန်းတင်လိုက်ကြလို့ ကုန်းတော်ပေါ်ရောက်ခဲ့ရတယ်။ သံဃာ ၁၀၀၀ ဝန်းရံပြီး ဆုတောင်းပွဲကြီး ကျင်းပကြတဲ့အသံဟာ ဘဝင်ညံစေခဲ့တယ်။

"အိုဒကာတို့ ဝမ်းမြောက်ကြကုန်လော့၊ ငါတို့ခေါင်းလောင်းကြီးကား လွတ်မြောက်ခြင်း၏ နိမိတ်ပေတည်း" ဟု မိန့်ဆိုကာ ပထမဦးစွာ ခေါင်းလောင်းထိုးသံကို မြန်မာများပြန်လည်ကြားခဲ့ကြရပါပြီ။ တစ်နေ့တွင် လွတ်မြောက်ခြင်းကို ပြန်လည်ရလိမ့်မည်ဟု ဆရာတော်၏ ဆိုလိုခြင်းကို မြန်မာတိုင်းကလည်း နားလည်လိုက်ကြပါသည်။ စာအုပ်ရေးသူ မစ္စတာ ဟယ်ရယ်ဗွီလူးကပ်(စ်)အား ကျေးဇူးတင်မဆုံးပါ။ ဘုရားဖူးအပေါင်းတို့ ကိုယ်တိုင်သွား၍ ဤစဉ့်ကူးမင်းခေါင်းလောင်းကို ထိုးကြည့်ကြပါကုန်လော့။ လွတ်လပ်ရေးနှင့်လည်းဆက်စပ်နေ၍ သမိုင်းကြောင်းကို သိထားဖို့လိုသည်။ မျိုးချစ်စိတ်ထက်သန်စေမလား၊ တန်ခိုးတော်ဟု ယုံကြည်ရမလား၊ တစ်ခုခုတော့ခံစားရပေလိမ့်မည်။ သာယာဝတီမင်း၏ တနင်္ဂနွေထောင့်မှ ခေါင်းလောင်းကြီးနှင့်အတူ အရေးကြီးသော ရာဟုထောင့်မှ စဉ့်ကူးမင်းခေါင်းလောင်းကြီးကိုလည်း သတိပြုသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

သာယာဝတီမင်း ဥက္ကလာ ဒဂုန်ခရီးစဉ်
AD ၁၈၄၁



သာယာဝတီမင်း၏ ဖောင်တော်

၁၈၂၆ ဒီဇင်ဘာလ ၉	–ရွှေတိဂုံကုန်းတော်ကို အင်္ဂလိပ်လက်ထဲမှ ပြန်၍ရသည်။ ဟံသာဝတီဝန်ကြီး မဟာမင်းလှရာဇာက လက်ခံယူသည်။ အပျက်အစီးများကို အကြီးအကျယ် ပြုပြင်မွမ်းမံရသည်။
၁၈၄၁ အောက်တိုဘာလ ၃	–သာယာဝတီ (ရွှေဘိုမင်း) စေတီတော်ကို ဖူးမြော်ရန်တက်သည်။ ရန်ကုန်တွင် နန်းသစ်ဆောက်၍ ငါးလမျှ စံနေသည်။
၁၈၄၁ ဒီဇင်ဘာလ ၂၀	–စေတီတော်ကြီးကို သာယာဝတီမင်း ရွှေပုဇွန်စွဲကပ်လှူသည်။
၁၈၄၁ ဒီဇင်ဘာလ ၂၆	–ရေစက်ချသည်။ မိဖုရားမမြလေးက စောင်းတန်းဖိုးလှူသည်။
၁၈၄၂ ဇန်နဝါရီလ ၂၀	–ရွှေဘိုမင်း ရွှေတိဂုံကို ဖူးမြော်ဖို့တက်ပြီး သံသေခေါင်းလောင်း နှစ်လုံးနှင့် ဆည်းလည်းများ လှူသည်။ သွန်းလုပ်ဆဲခေါင်းလောင်းကြီး မပြီးသေးသော်လည်း မစောင့်နိုင်သောကြောင့် ဆက်လက်သွန်းစေပြီး ပြန်ရန်ပြင်သည်။
၁၈၄၂ ဇန်နဝါရီလ ၂၂	–ရန်ကုန်မှ သာယာဝတီမင်းနှင့် အခြွေအရံများ အမရပူရသို့ ပြန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သာယာဝတီမင်း၏ ခရီးလမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ဆဋ္ဌမကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
လှေသဘင်ပွဲတော်ဖွင့်ပွဲ၌ သာယာဝတီမင်း
ဒဂုန်သို့ စုံဆင်းခဲ့ပုံကို ပြန်လည်သရုပ် ဖော်ပြသခဲ့ပါသည်။



ဆဋ္ဌအကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု လှေသဘင်ပွဲတော် ဖွင့်ချိန် သာယာဝတီမင်း ဒဂုန်သို့ စုန်းဆင်းခဲ့ပုံကို ပြန်လည် သရုပ်ဖေါ် ပြသခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေပွဲသဘင်အခမ်းအနားနှင့် ပဏ္ဏာတင်နေသော မြတ်ဘုရားရှေ့တိုက်



သာယာဝတီမင်း ဒဂုန်သို့ စုန်ဆင်းစဉ်မြင်ကွင်းကို လှေပွဲသဘင်၌ ပြန်လည်သရုပ်ဖော်ထားစဉ်

www.burmeseclassic.com

www.burmeseclassic.com

သာယာဝတီမင်းခေါင်းလောင်းမှ အဆင်တန်ဆာ အင်းကွက်များ

www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်းတရားကြီးတင်သည့် ထီးတော်

သက္ကရာဇ် (၁၂၁၄)ခုနှစ် မင်းအဖြစ်သို့ ရောက်တော်မူသော ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘုရင် မင်းတုန်းမင်းကြီးလက်ထက် ရွှေတိဂုံစေတီတော်၌ ဆင်ဖြူရှင်မင်းတရား တင်လှူခဲ့သောထီးတော် ပျက်စီးချို့ယွင်းရာ ရန်ကုန်မြို့ ကုန်ဈေးတန်းမှ ဦးထွန်းအောင်အမှူးပြုသော လူကြီး၃ဦးတို့သည် (၁၂၃၁) ခုနှစ်၊ နတ်တော်လဆုတ် ၄ရက် ရတနာပုံနေပြည်တော် မန္တလေးသို့သွားရောက်ပြီး မင်းတရားကြီးထံ ထီးတော်ပုံစံနှင့်တကွ၊ ထီးတော်သစ်တင်လှူပါမည်အကြောင်း စာလွှာဆက်သ လျှောက်ထားကြသည်။ မင်းတုန်းမင်းသည် စေတီတော်မြတ်ကြီးပုံတော်ကို ဖူးမြင်ရလျှင် အလွန်အားရဝမ်းသာ သဒ္ဓါတရား ထက်သန်တော်မူလာသည်ဖြစ်၍ ဖိနပ်တော်မှခရားသီးတိုင် ရွှေမျက်ပါးကပ်လှူသည်။ ထီးတော်ကိုလည်း အဆန်းတကြယ် တင်လှူတော်မူမည်ဟု ဝန်ကြီး မှူးကြီးတို့အား အမိန့်တော်မြတ်မှတ်၏။ အရပ်လူကြီး ဦးထွန်းအောင်ကို ဆုတော်ငွေ ၅၀ဝ နှင့် ကျန်လူကြီးတို့အားလည်း အထိုက်အလျောက် ဆုတော်ငွေများချီးမြှင့်သည်။ ဦးထွန်းအောင်တို့သည် မင်းတုန်းမင်း၏ အမိန့်တော်မြတ်စာချွန်နှင့်တကွ ရန်ကုန်သို့ပြန်ခဲ့ကြ၏။ ၁၂၃၃ခုနှစ်၊ ထီးတော် ရတနာပုံနေပြည်တော်မှ ဆိုက်ရောက်ခါနီး လတ်သော် လမ်းပြင်ခြင်း ထီးတော်ထားရန် ရုံးဆောက်ခြင်း၊ ကမ်းနားမှကုန်းတော် ရောက် ရာဇမတ်ကာခြင်း၊ ငှက်ပျောပင်စိုက်ခြင်း၊ သဲဖြူခင်းခြင်းကိစ္စတို့ကို ရန်ကုန်မြို့ရှိလူထုက ပြီးစီးအောင်ဆောင်ရွက်နှင့်လေသည်။

သာသနာ့ဒါယကာ မင်းတုန်းမင်းကြီးသည် လက်သမားဗိသုကာတို့ကို ဆိုင်ရာဝန်တို့ ကြီးကြပ်စေလျက် ထီးတော်ကို တည်လုပ်လေသည်။ ထီး၀ ကိုးတောင်နှစ်မိုက်လေးသစ်၊ ထီးရပ်နှစ်ဆယ့်တစ်တောင် နှစ်မိုက်ငါးသစ်၊ ထီးတော်ဘုံခုနစ်ဆင့် ရွှေငွေ၊နဝရတ်၊ စိန်၊ကျောက်မျက် စုစုတန်ဖိုး သုံးသိန်းနှစ်သောင်း ခုနစ်ထောင်ခြောက်ရာရှစ်ဆယ့်လေးမူး အဖိုးထိုက်တန်သော ထီးတော်ကို ပြုလုပ်ပြီးစီး၏။ (အင်္ဂလိပ်ငွေတန်ဖိုးစာရင်းအရ တင်ပြခြင်းဖြစ်သည်) နေ့ရက်အချိန် စေ့ရောက်သောအခါ မင်းတုန်းမင်းကြီးသည် မန္တလေးမြို့တော်မှ ပုပ္ပါးဝန်ထောက်၊ သံချက်ဝန်၊ငါးရာဗိုလ်၊ လွှတ်တော်စာရေးကြီးနှင့် သူဌေးသိရိဿာဂ ရာဇာ၊ ရွှေတိုက်စိုးတို့ကို နောက်ပါလူ(၈၀)နှင့် လွှတ်တော်မူသည်။ ထီးတော်ကို ရေနန်းစကြာသင်္ဘောဖြင့် တင်ဆောင်၏။ သက္ကရာဇ် (၁၂၃၃ ခု တန်ဆောင်မုန်းလဆန်း ၁၀ရက် တနင်္ဂနွေနေ့ နံနက် ၁၀နာရီအချိန် ရန်ကုန်မြို့သို့ရောက်၏။ ထီးတော်ရောက်လျှင် အသင့်ကြိုဆိုနေကြသော ရဟန်းရှင်လူ ပရိတ်သတ်တို့ ကြိတ်ကြိတ်တိုး ပူဇော်ကြလေသည်။

အကောက်ဝန်မင်း၊ ပဲခူးဝန်ထောက် ဦးအုန်းနှင့်အဖွဲ့သည် ပုပ္ပါးဝန်ထောက်တို့နှင့် အဖွဲ့ဝင်တို့အား ကြိုဆိုကြသည်။ တန်ဆောင်မုန်းလဆန်း (၁၀)ရက်နေ့ ထီးတော်ကို ကမ်းနားထီးတော်ရုံမှ သိင်္ဂုတ္တရကုန်းပေါ် ပင့်ဆောင်သည်။ ရှင်လူအများ ဝမ်းပမ်းတသာ သောသောအုတ်အုတ် ပူဇော်ပို့ဆောင်ကြလေသည်။ ကုန်းပေါ်သို့ထီးတော်ရောက်သောအခါ မဖွားအမည်ရှိ အမျိုးသမီး ဆောက်လုပ်လှူဒါန်းသော တန်ဆောင်း၌ထားလျက် ရက်ပေါင်းများစွာ ရဟန်းရှင်လူတို့ [illegible]ဇော်ကြ၏။ မင်းတုန်းမင်း မိဖုရား ဆွေတော်မျိုးတော်အပေါင်းနှင့် ရန်ကုန်မြို့မှလူထုက ထီးတော်ကြီးအား ကုသိုလ်ပါဝင်သည့် ရွှေဆည်းလည်းအစရှိသော စိန်ကျောက်ရတနာ စုစုပေါင်း၏ အင်္ဂလိပ်ခေတ်ငွေတန်ဖိုးမှာ တစ်သိန်း ခုနစ်သောင်း သုံးထောင့်ငါးရာ သုံးကျပ်တစ်ဆယ်ငါးပဲ ဖိုင် ဖြစ်သည်။ ကြည့်မြင်တိုင်နေ သူဌေးကြီး ဦးကြွယ်အိုး ရွှေတိဂုံဘုရားတန်ဆောင်းကြီးနှင့် ခြံဥယျာဉ်မြေ ဒါယကာပွဲစားကြီး ဦးရောင်၊ ဦးထွန်းအောင်တို့သည် ဘဏ္ဍာတော်ထိန်းလူကြီးများနှင့်အတူ ထီးတော်တင် ပွဲလမ်းသဘင်ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပကြပြီး (၁၂၃၃)ခု နတ်တော်လဆန်း (၁)ရက် တနင်္ဂနွေနေ့မှစ၍ထီးတင်သည်။ နတ်တော်လဆန်း ၁၂ ရက်နေ့၌ သတ္တမဘုံနှင့်တကွ ဆပ်သွားဖူးအထိအောင်မြင်သည်ငှက်မြက်နားမှာ လပြည့်နေ့မှ ပြီးစီးအောင်မြင်လေသည်။ ထီးတော်ကြီး၏ ငှက်မြတ်နားမှာ ဆင်ဖြူရှင်တင်ထားသကဲ့သို့မဟုက် ပန်းတောင်းနှင့် ဖေါင်းခွေစွပ်ဖြစ်လေသည်။ ထိုအချိန် အင်္ဂလိပ်အစိုးရက ကုန်းတော်ကို အလုံခံတပ် ပြုလုပ်ထားသည်။ ထီးတော်တင်ပွဲအတွက် ခေတ္တဖွင့်ပေးခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၈၅၅ ခုနှစ်တွင် ဖူးမြင်ရသော ရွှေတိဂုံစေတီတော်

SHWEDAGON PAGODA AS SEEN IN 1855.

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော်ကြီးကို ရောဝတီမြစ်လယ်မှ ဖူးမြော်ကန်တော့ရသော နောက်ဆုံးမြန်မာဘုရင် သီပေါမင်းတရားကြီး။

အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲ၌ မြန်မာတို့စစ်ရေးရှုံးနိမ့်လေရာ သက္ကရာဇ် ၁၂၄၇ ခု တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက် တနင်္ဂနွေနေ့ အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီး ဂျေနရယ်ဖရန်ဒါဂတ်နှင့် ကာနယ်စလေဒင်တို့ မန္တလေးမြို့တော် နန်းတော်သို့ဝင်ရောက်ပြီး ဥယျာဉ်တော်တွင်စံနေသော သီပေါမင်းအား စစ်ဗိုလ်ချုပ်နှစ်ဦး ကစ်ဘက်တစ်ချက်ညှပ်၍ လှေခါးမှဆင်းပြီး တံခါးနီးမှ ဂေါဝိန်ဆိပ်ကမ်းသို့ ထီးဖြူလေးစင်းဆိုက်သောလှည်းကို သေနတ်၊ လှံစွပ်စွဲကိုင်သောစစ်သည်တို့သည် ဝိုင်းရံလျှက် ဥရောပတိုက်သား စစ်သည်များ ဘင်ခရာများတီးမှုတ်ပြီးလျှင် ဂေါဝိန်ဆိပ်၌ အသင့်စောင့်နေသော သူရိယခေါ်သင်္ဘောနှင့် သီပေါမင်းအားခေါ်ဆောင်၍ ရောဝတီမြစ်ရိုးတစ်လျှောက် စုံဆင်းပြီးလျှင် ရန်ကုန်မြို့သို့ နတ်တော်လဆန်း ၂ရက်နေ့ရောက်၍ မြစ်လယ်၌ ၄ ရက်မျှရပ်နားပြီး သီပေါမင်းသည် သင်္ဘောမှနေ၍ ရွှေတိဂုံစေတီတော် မြတ်ကြီးအားဖူးမြော် ကန်တော့ရလေ၏။ ရန်ကုန်ဆိပ်ကမ်းရှိစစ်ဘော်က အထက်မြန်မာပြည်ကို အင်္ဂလိပ်တို့သိမ်းပိုက်ကြောင်း အမြောက် ၃၁ချက်ပစ်၍ကြေငြာလေ၏။ ရန်ကုန်မြို့သူမြို့သားများသည် မြစ်လယ်တွင် ကျောက်ချထားသော သူရိယသင်္ဘောနားသို့သွား ရောက်၍ မိမိတို့အမျိုးသားဘုရင် သီပေါမင်းအရှင်အား ဖူးမျှော်ကြပြီး လွမ်းမင်းစွာကြည်ကွဲဝမ်းနည်းကြလေ၏။ လဆန်း ၆ရက်နေ့၌ သူရိယခေါ်သင်္ဘောမှ ကနင်းခေါ် သင်္ဘောသို့ကူးပြောင်း၍ မြန်မာပြည်ဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံသို့ ယူဆောင်သွားပြီးလျှင် မဒရပ်မြို့မှာထားလေသည်။ ထိုမဒရပ်မြို့မှ တဖန်ပေါ်တူဂီလူမျိုးများ ပိုင်ဆိုင်ဖူးသော ဘုံဘိုင်မြို့ အနောက်ဘက်တွင် ရှိသော ရတနာဂီရိမြို့သို့ ပို့ထားလေ၏။ သီပေါမင်းတရားကြီးသည် ၁၂၇၈ ခု နတ်တော်လပြည့်ကျော် ၆ ရက်နေ့ည အချိန် သက်တော် ၅၉ နှစ်တွင် ရတနာဂီရိမြို့၌ နတ်ရွာစံတော်မူသည်။ ၎င်းမြို့၌ပင်သင်္ဂြိုလ်လေသည်။

ဆင်ဖြူမရှင်မိဖုရား။

သီပေါမင်းကြီးယောက္ခတော် သီရိတိလောက မဟာရတနာဒေဝီအရှင် အလယ်နန်းမိဖုရားကြီး၏ ဆင်ဖြူမရှင်သည် ရန်ကုန်မြို့ဝင်ဆာလမ်း နံပါတ် ၁၉ တွင် နတ်ရွာစံအလောင်းတော်ကို ညောင်ရွှေမဟာရာဇာ ပဒေသရာဇ်ဇော်ဘွားကြီး,ကြီးကြပ်၍ မန္တလေးမြို့တော်သို့ ယူဆောင်နန်းတော်တွင်း၌ ဂူသွင်းသင်္ဂြိုလ်လေသည်။

အရှင်မိဖုရားခေါင်ကြီးစုဖုရားလတ်။

အရှင်မိဖုရားခေါင်ကြီးကို မြန်မာပြည်သို့ပြန်ခွင့်ပြုရာ ၁၂၈၁ခု ရတနာဂီရိမြို့မှ ရန်ကုန်မြို့သို့ရောက်ပြီး ဗဟန်းချာချီလမ်း တိုက်နန်းတော်တွင် စံတော်မူသည်။

အရှင်မိဖုရားခေါင်ကြီး တိုက်နန်းတော်၌ မကျန်းမာတော်မူရာ ဆရာကောင်းသမားကောင်းကုသော်လည်း ၁၂၈၇ ခု နတ်တော်လဆန်း၁၀ရက် အင်္ဂါနေ့ နံနက်၅နာရီအချိန် သက်တော် ၆၆ နှစ် နတ်ရွာစံသည်။ အလောင်းတော်ကို မန္တလေးမြို့တော်သို့ယူဆောင် သင်္ဂြိုဟ်ရန်စီစဉ်ကြသော်လည်း အထမမြောက် ၁၂၈၇ ခု ပြာသိုလဆန်း ၄ ရက်ကြာသပတေးနေ့တွင် ဝက်မစွတ် ဝန်ထောက်မင်း ပဒေသရာဇ်မဟာရာဇာ ညောင်ရွှေစော်ဘွားကြီး။ သံတော်ဆင့်ဦးအော်ယော။ ဘုရားလူကြီးမင်းများ ဝတ်လုံ တော်ရမင်းများ အစရှိသောဝံသာနု အသင်းသူအသင်းသားများ ဆွေတော်မျိုးတော်များ မှူးဟောင်းမတ်ဟောင်းတို့ ဆောင်ရွက်၍ ရွှေတိဂုံစေတီတော် တောင်ဘက်ခြေတော်ရင်းပန်းခြံတွင် ဂူသွင်းသင်္ဂြိုဟ်လေသည်။ ၎င်းနေ့ကို အင်္ဂလိပ်အစိုးရတို့က အရိုအသေ အထိမ်းအမှတ်အားဖြင့် ရုံးပိတ်လေသည်။ စုဖုရားလတ်၏ သုသာန်ကိုယခု ဘုရားဖူးရင်း ဝင်ရောက်လေ့လာ နိုင်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

သီပေါဘုရင်လက်ထက်တွင် တတိယအင်္ဂလိပ်မြန်မာစစ်ပွဲ ဖြစ်ပွားသည်။ ဤစစ်ပွဲတွင် ရွှေတိဂုံစေတီတော်ဟာ စစ်ပွဲနှင့် မသက်ဆိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

ရှိပြီးသမိုင်းမှတ်တမ်းတို့၌ မဖော်ပြသေးသော အချက်များပါသည့် ရွှေတိဂုံသမိုင်းသစ်

ကျောကရိတ်ဆရာတော် ဦးပညာဝံသ အရှင်မြတ်သည် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌကြီး သတိုးသိရီသုဓမ္မ အဂ္ဂမဟာသရေစည်သူ ဒေါက်တာဦးသိမ်းမောင်ထံ ရွှေတိဂုံသမိုင်းသစ် ပေမူတစောင်ကို ပေးအပ်တော်မူခဲ့လေသည်။

ထိုရွှေတိဂုံသမိုင်းသစ်မှာ မော်လမြိုင်မြို့ မရန်းကုန်းကျိုက်သုတ်ဘုရားကြီးကျောင်းတိုက် (လူအမည်ဦးလှရွှေ) ဘွဲ့တော် ဦးအဂ္ဂဝံသအရှင်မြတ်ရေးသားတော်မူသော သမိုင်းသစ်ဖြစ်လေသည်။

ထိုသမိုင်းတွင် အင်္ဂလိပ်မြန်မာပထမစစ်ပွဲ ဖြစ်ချိန်ကစ၍ ရွှေတိဂုံစေတီတော်ကြီးနှင့်ဆိုင်သည့် အကြောင်းအရာများကိုဖော်ပြထားလေရာ လက်ရှိသမိုင်းစာအုပ်များတွင်မပါဝင်သည့် အကြောင်းအရာအချို့ ပါဝင်သဖြင့် အလွန်ပင် မှတ်သားဖွယ်ကောင်းလှလေသည်။

သို့ရာတွင် ထိုသမိုင်းကို ကဗျာသွားဖြင့် ရေးသားထားသည်ကလည်းတစ်ကြောင်း သမိုင်းဆိုင်ရာ လိုရင်း အချက်များကိုသာမက မလိုလှသည့်အချက်များကိုပါ များစွာသိုင်းဝိုင်းချဲ့တွင်၍ ရေးသားထားသည်ကလည်း တစ်ကြောင်းတို့ကြောင့် ခေတ်စကားဖြင့် လိုရာအချက်များပါဝင်အောင် အကျဉ်းချုပ်ရေးသားရန် ဥက္ကဋ္ဌကြီး၏ အမိန့်ရှိချက်အရ ရေးသားလိုက်ပါသည်။

ထို့သို့ ရေးသားရာ၀ယ် အချို့အမည်များ အကြောင်းအရာများအတွက် ရှိပြီးရာဇဝင်မှတ်တမ်းတို့နှင့် ညှိနှိုင်း မှာထားချက်ကိုပါ ပြုလုပ်လိုက်ပါသည်။

"မာဃ"

အင်္ဂလိပ်မြန်မာပထမစစ်ပွဲ

ရတနာပူရ စတုတ္ထမြို့တည်နန်းတည် မဟာဝိဇယရံသီစေတီတော်ဒါယကာ ဘကြီးတော်ဘုရားခေါ် မင်းတရား (၁၁၈၁-၁၁၉၉) လက်ထက် ၁၁၈၆- ခုနှစ်တွင် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲကြီးဖြစ်ပွားခဲ့လေရာ ရာမညတိုင်းအလုံးများစွာ ပျက်စီးခဲ့လေသည်။

အင်္ဂလိပ်စစ်တပ်များ အောက်မြန်မာနိုင်ငံမှ အထက်မြန်မာနိုင်ငံသို့ တိုက်ခိုက်ထိုးဖောက်ချီတက်ခဲ့ကြရာ ရတနာပူရ အဝမြို့တော်၏တောင်ဘက် တလုပ်မြို့ကျေး ရန္တပိုရွာသို့အရောက်တွင် မြန်မာဘုရင်မင်းမြတ်က စစ်ပြေငြိမ်းရန် စေလွှတ်ပြောဆိုခဲ့ လေသည်။

၁၁၈၇ခု၊ တပေါင်းလပြည့်ကျော်လေးရက်နေ့တွင် စစ်ပြေငြိမ်းစာချုပ်ချုပ်ဆိုရန် အိန္ဒိယနိုင်ငံ ကုမ္ပဏီအစိုးရတို့က ခန့်ထားသော အရေးတော်ပိုင်မင်းကြီး အာစီ ဘောဂတမ်တက် အရေးပိုင်မင်း ရောပက်စ် ဇရာဝတီမြစ်ကြောင်းမှ ချီတက်သူ ဗိုလ်ချုပ် ဇနက္ကာတင်တို့ရှိရာ ရန္တပိုရွာသို့ မြန်မာမှူးမတ်ကြီးများကို စေလွှတ်တော်မူလိုက်လေသည်။

စစ်ပြေငြိမ်းစာချုပ်-ချုပ်ဆိုရန် ရန္တပိုရွာသို့ လွှဲအပ်စေလွှတ်တော်မူရာတွင် လယ်ကိုင်းမြို့စား ဝန့်ရှင်တော်မင်းကြီး မဟာမင်းလှကျော်ထင် ရွှေခွန်ဝန်မင်းကြီး မဟာမင်းလှစည်သူတို့ ပါဝင်ကြလေသည်။

ထိုသို့ စစ်ပြေငြိမ်းစာချုပ်ချုပ်ဆိုကြပုံမှာ စကားအစဉ်ထင်ရှားရှိပြီးဖြစ်၍ အပြည့်အစုံမရေးလိုက်ပြီ။

ထိုစစ်ပွဲအပြီးတွင် မြန်မာတို့က အင်္ဂလိပ်တို့အား အာသံရခိုင်ပြည်များနှင့်တကွ တနင်္သာရီတိုင်းကို ပေးအပ်ရလေသည်။ ငွေလည်းတစ်ကုဋေပေးအပ်ရသည်။

၁၁၈၈- ခုနှစ်တွင် ဇနက္ကာတင်က အောက်မြန်မာနိုင်ငံကို မြန်မာဘုရင်မင်းမြတ်သို့ ပြန်လည်အပ်နှင်းလေသည်။

အထူးမှတ်ချက်။ ,, ငွေတစ်ကုဋေကို လေးကြိမ်ခွဲ၍ပေးသွင်းရလေရာ ဒုတိယအရစ်ပေးသွင်းသောအခါ အင်္ဂလိပ် တပ်များ ရန်ကုန်မှဆုတ်ခွာသွားကြသည်။

၁၁၈၈- ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀- ရက်နေ့တွင် ဟံသာဝတီဝန်ကြီး မင်းကြီးမဟာမင်းလှရာဇာသည် အခမ်းအနားကြီးစွာနှင့် ရန်ကုန်မြို့သို့ဝင်ရောက်ကာ အုပ်ချုပ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးထော်လေးနှင့်မော်လမြိုင်

၁၁၈၈– ခုနှစ်တန်ဆောင်မုန်းလတွင် ဒလမြို့စား မင်းကျော်သီဟဘွဲ့ရ စစ်ကဲတော်မင်း ဦးထော်လေးသည် အင်္ဂလိပ်မင်းတို့၏စေခိုင်းချက်အရ ရန်ကုန်မြို့မှ လှေအစင်းပေါင်း ငါးရာနှင့်လာရောက်ကာ မော်လမြိုင်မြို့ကို တည်ထောင်လေသည်။

အထူးမှတ်ချက်။ ။ အင်္ဂလိပ်တို့သည် တနင်္သာရီနယ်ကို အုပ်ချုပ်ရာတွင် ပထမ ကျိုက္ခမီ (=Amherst) ကို ရုံးစိုက်ရာမြို့တော်ပြုလုပ်လေသည်။ ၎င်းနောက် မော်လမြိုင်မြို့သို့ပြောင်းရွှေ့ကာ ရုံးစိုက်ပြန်လေသည်။

အင်္ဂလိပ်မြန်မာဒုတိယစစ်ပွဲ

သာယာဝတီမင်း၏သားတော် ပုဂံမင်း (၁၂၀၈–၁၂၁၄)၏ လက်ထက် ၁၂၁၃–ခုနှစ်တွင် အင်္ဂလိပ်မြန်မာ ဒုတိယအကြိမ်စစ်ဖြစ်ကြပြန်လေသည်။

မှတ်ချက်။ ။ ရန်ကုန်ဝန်ဦးအုပ်နှင့် ၁၂၁၃–ခုနှစ်တွင် စတင်အချင်းများကြပြီးလျှင် ၁၂၁၄– ခုနှစ်တွင်မှ စစ်ကြေညာတိုက်ခိုက်သည်။ ထိုနှစ်ပင် စစ်ပြီးဆုံးကာ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ကြပြီးလျှင် ထိုနှစ်ပင် မင်းတုန်းမင်း နန်းတက်ကြောင်းနှင့် ကုန်းဘောင်ဆက် စသော ရာဇဝင်များတွင် ပြဆိုကြသည်။

ထိုအခါ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးတွင် ပထမပလ္လင်အထက် အရှေ့ဘက်မျက်နှာမှ အလျားခြောက်ဆယ်ခြောက်တောင်နှစ်မိုက် အစောက်လေးတောင် အနံ သုံးတောင်မျှ တူးဖော်ဖျက်ဆီးထားကြောင်းကို သတင်းစကားကျော်ကြားပျံ့နှံ့လျက်ရှိလေ၏။

ထိုအခါ မော်လမြိုင်မြို့သစ်တွင် စက်ကဲတော်ကြီးအရာ ခန့်ထားခြင်းခံရသော ဘုရားဒါယကာကြီး ဦးထော်လေးခေါ် မင်းကျော်သီဟသူသည် ထိုပျက်စီးမှုများကိုပြင်ဆင်ရန် ဗုယ်–သခင်ဝန်ရှင်တော်မင်းကြီးထံ အကြောင်းပန်ကြားလေ၏။

ထိုအခါ ဗုယ်သခင်–ဝန်ရှင်တော်မင်းကြီးက ထိုအကြောင်းကို အင်္ဂလိပ်ဘုရင်မထံ လျှောက်ထားလွှာရေးတင်ရန်စေခိုင်းသဖြင့် ရေးတင်ခဲ့လေရာ အင်္ဂလိပ်ဘုရင်မထံမှ ဗုယ်သခင်အမတ်က စစ်ကဲတော်ကြီး အလိုရှိသည့်အတိုင်း ခွင့်ပြုစေရန် အမိန့်တော်ချမှတ်ခဲ့လေသည်။ ဗုယ်အမတ်ကိုလည်း တနင်္သာရီတိုင်းကိုပါအုပ်ချုပ်ရန် အမိန့်တော်ချမှတ်လိုက်သဖြင့် လတ်သခင်အရှင်မင်းကြီးဟု ကျော်စောထင်ရှား၍လာလေသည်။

မှတ်ချက်။ ။ အဆိုပါဘုရင်မထံလျှောက်ထားသည့် လျှောက်လွှာထဲတွင် "မဟာစေတီတော်ကြီးကို အသီးသီးအခြားခြား များပြားသောလက်နက်ကိုင် စစ်ပိုင်ဂေါ်ရာအပေါင်းတို့တွင် နံပါတ်စဉ်အလိုက် မည်သည့်ဗိုလ် မည်သည့်သူဟူ၍ မသိရပါ။ ရတနာပလ္လင်တော်ထက် အရှေ့ဘက် မဈွိုမမုခ်ဝက အလျားဆောင်လျှင်၊ ပေထောင်ခြောက်ဆယ့်ခြောက် နှစ်မိုက်ခန့်ပြင်ပြင် တည်ထားရင်း ကျောက်စေတီအရောက်၊ တူးပေါက်ပျက်ပြားရှိသည်များကို၊ မြတ်စွာဘုရား အာနုဘော်၊ အရှင်မင်းမြတ်အမိန့်တော်နှင့် ဘုရားကျွန်တော် မော်လမြိုင်မြို့စစ်ကဲကြီး ပြီးစီးအောင်ရွက်ဆောင် ပြင်ဆင်ရပါမည့် အကြောင်းများကို ရွှေနားတော်ကြားအမှန် သံတော်ဦးတင်ဝံ့ပါသည်ဘုရား"ဟု ပါလေသည်။

ဗုယ်လတ်သခင် ဝန်ရှင်တော်မင်းကြီးကလည်း စစ်ကဲကြီးအလိုရှိရာလုပ်ဆောင်ပါဟု ခွင့်ပြုလိုက်သည့်အပြင် ပျာတာလည်း လေးယောက်မျှပေးလေသည်။ တံတိုင်းခုနစ်တန်အတွင်းရှိ အသီးအပင်များအပြင် စေခိုင်းရန် အိမ်ခြေ ၃၀–နှင့် တကွ ဘုရားကိစ္စကို ကြပ်မတ်ဆောင်ရွက်စေဟု အမိန့်စာပေးအပ်ခဲ့လေသည်။

ထိုအခါ စစ်ကဲတော်ကြီးသည် ရတနာသုံးပါးအတွက် လှေကျက်အားထုတ်တတ်သူ ကျောင်းဒကာဦးလူးကို ထိုကိစ္စအတွက် အထူးတလည်အားထုတ်ရန် အပ်နှံပြန်လေ၏။ ဦးလူးကလည်း စေတီတော်ကြီးကို ပြင်ဆင်ရာတွင် မည်သူမဆို ကုသိုလ်ပါဝင်ကြရန်နှိုးဆော်လေရာ နှိုးဆော်သည့်အတိုင်းလည်း စေတနာထက်သန်စွာ ကုသိုလ်ပါဝင်ကြလေသည်။ စစ်ကဲတော်ကြီးကိုလည်း ခံတွင်းမဆန့်တအံ့တသြ ပြောဆိုချီးမွမ်းကြလေသည်။

ဦးထော်လေးသည် စေတီတော်ကြီးတွင် တွယ်ကပ်ပေါက်ပွားနေသော ညောင်မြစ်ကိုလည်း ပယ်ဖျက်ကာ ပင်ကိုယ်အတိုင်းရှိအောင် ဒုတ်အင်္ဂတေသရိုးသဇွေးတို့ဖြင့် ပြန်လည်လုပ်ဆောင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

လိုပြင် ထီးတော်တွင် ရစ်ဆင်ကွပ်ထားသည့် ရွှေပြားငွေနန်းတို့ ကာလကြာသဖြင့် ပေါက်ပြဲပျက်စီးလေသည်များကို အရှည်ခံအောင် ပြုပြင်ကာပြုလုပ်လေ၏။

ထိုသို့ပြင်ဆင်ရာဝယ် ပါဝင်သည့်စာရင်းအချုပ်မှာ အောက်ပါအတိုင်းဖြစ်လေသည်။ ဆည်းလည်းဟောင်းများတွင် ရွှေဆည်းလည်း ၁၄၊ ငွေဆည်းလည်း ၄၉၇၊ မိုးကြိုးဆည်လည်း ၂၊ ကြေးဆည်းလည်း ၁၅၂ မျှပါလေရာ အစုစု ၆၆၇-လုံး၊ အချိန်နှုတ်ပိဿာ ၄၇၄ နှင့် ကျပ် ၄၀ မျှရှိလေသည်။ စစ်ကဲကြီး ဦးထော်လေးလက်ထက်၌ ထပ်မံလှူ ဒါန်းသည့် ဆည်းလည်းပေါင်းမှာ ရွှေဆည်းလည်း ၃၊ ငွေဆည်းလည်း ၂၀၈၊ မိုးကြိုးဆည်းလည်း ၂၊ ကြေးဆည်းလည်း ၅၀၊ အစုစု ၂၆၅၊ အချိန် ၂၆၈- ပိဿာမျှရှိလေသည်။ အဟောင်းအသစ်ဆည်းလည်းအားလုံး ၉၃၂၊ ချိန်ဝန်ပိဿာ ၇၄၀ နှင့် ဆယ့် ငါးကျပ် ခြောက်မူးတစ်ပဲမျှရှိလေသည်။

ငွေညောင်ရွက်ပေါင်း ၅၂၉ (ပိဿာ ၈၆)၊ ရွှေညောင်ရွက် ၂၊ (၄၇ -ကျပ်သား) ပျက်ပြားသည့် ထီးတော်တွင် နောက်ထပ်ထည့်သည့် ရွှေချိန်တစ်ပိဿာ ငါးဆယ်နှစ်ကျပ်လေးမူးနှစ်ရွေးမျှ ရှိလေသည်။

ဤသို့လျှင် ပန်းထိမ်ကျော် ၂၀-ကျော်တို့အား နေ့ညမအားရအောင် လုပ်ဆောင်စေပြီးလျှင် ၁၂၁၆-ခု၊ တပေါင်းလဆန်း ၁၇-ရက်တွင် ဆည်းလည်းတင်ပွဲကို သိုက်မြိုက်စွာကျင်းပလေသည်။ ထိုအခါ ရှေ့မှီနောက်မှီ မှန်စီထရာဦးရိုးက ရွှေထီးတော် ကြီးအထိ နတ်ရထားဖြင့် မာတလိနတ်သားဆောင်ယူဟန်၊ သိကြားမင်းက ဆီးကြိုယူငင်ကာ တော်သင့်အောင် ထည့်သွင်း တပ်ဆင်ဟန်ပြုကြလေသည်။ တူရိယာများကိုလည်း ငြိမ့်ညောင်းသာယာ အဖြာဖြာတီးမှုတ်ကြလေသည်။

ရွှေတိဂုံအတိုင်းအတာ

စစ်ကဲတော်ကြီး ဦးထော်လေးက ရန်ကုန်မြို့နေ သမက်တော်ရင်းအခွန်ဝန် မောင်အုန်းရွှေအား ရွှေတိဂုံစေတီတော် ကို အသေအချာတိုင်းတာရန် စေခိုင်းချက်အရ တိုင်းတာ၍ရသည်မှာကား ဤသို့ပေတည်း။

မြေပြင်မှ ပထမ ပလ္လင်အဆုံးအထိ တစ်ဆယ့်သုံးတောင် ခြောက်လက်မရှိ၏။ ပထမပစ္စယံ ၃၆-တောင်နှင့် ၁၃-လက်မရှိ၏။ ဒုတိယပစ္စယံ ၂၇- တောင်နှင့် ၁၄-လက်မရှိ၏။ ၎င်းကမှ ကြေးဝိုင်းငါးဆင့်ဆုံးအောင် ၁၄-တောင်နှင့် ၄ လက်မရှိ၏။ ထို့နောက် သပိတ်မှောက်အဆုံးထိ ၃၇-တောင်နှင့် ၁၃-လက်မရှိ၏။ ဖောင်းသုံးရစ်အဆက် ကြာနထက် ခွဲလုံးခံထက် ကြာလံအထိ ၅၂-တောင်နှင့် ခြောက်လက်မရှိ၏။ ၎င်းတ ငှက်ပျောဖူးအထိ ၃၅-တောင်နှင့် ၁၆-လက်မ ရှိ၏။ အစခုံပလ္လင်မှ ငှက်ပျောဖူးအထိ ၂၀၈-တောင်ရှိ၏။ ကြေးစလောင်း ၂-တောင်နှင့် ၉-လက်မရှိ၏။

ထီးတော်အဝ ၁၀-တောင်ရှိ၏။ အစောက် ၂၆-တောင်နှင့် ၁၄-လက်မရှိ၏။ ပတ်လည်အဝိုင်း အတောင် ၃၀ ရှိ၏။ ပလ္လင်အောက်ခုံက ထီးတော်ထိ ၂၄၇-တောင်နှင့် ၅-လက်မရှိ၏။

ငှက်မြတ်နားအလျား ၄-တောင် အနံ ၂-တောင်ရှိ၏။

ထီးတော်မုခ်ဝအကျယ် ၂-တောင်နှင့် ၂-မိုက်ရှိ၏။

စေတီတော်၏ ဘိနပ်တော် အဝန်းအတောင် ၉-ရာရှိ၏။ ပထမပစ္စယံ ၇၀၇-တောင်။ ဒုတိယပစ္စယံ ၃၉၁- တောင်နှင့် ၇-လက်မ။ ကြေးဝိုင်းလုံးပတ် ၂၉၆-တောင်။ သပိတ်မှောက်အောက်အဝန်း ၂၂၃-တောင်နှင့် ၁၀လက်မ။ အထက်အဝန်း ၁၄၈-တောင်နှင့် ၆လက်သစ်။ ငှက်ပျောဖူးအောက်အဝန်း ၄၃-တောင်နှင့် ၆လက်မ။ အလယ်တန်းဖူးအဝန်း ၄၇-တောင်နှင့် ၁-လက်မ။ ထိပ်စွန်း၏ အဆုံးအဝန်း ၅-တောင်နှင့် ၉-လက်မရှိ၏။

သပိတ်မှောက်တွင်ပန်းစွဲစု ၁၆-ရှိ၏။ အောက်ကြာနှ ၁၅၀-ရှိ၏။ အထက်ဆုံးကြာနှ ၆၈-ခုရှိ၏။

ပလ္လင်ခုံအစမှ တောင်ဘက်တံတိုင်းအထိ ၁၀၆-တောင်နှင့် ၁၆-လက်မရှိ၏။ မြောက်ရပ်က ၂၈၇-တောင်၊ အရှေ့က ၁၀၂-တောင်၊ အနောက်က ၈၉-တောင်မျှရှိ၏။ တောင်မြောက်တာထိုးလျှင် ၆၅၉-တောင်နှင့် ၁၃ လက်မ၊ အရှေ့နှင့် အနောက်မှာ ၄၂၀ရှိ၏။

မနုဿီဟ ၄၊ ထောင့်လေးခုတွင်နေလေ့ရှိသော ခြင်္သေ့ပေါင်း ၂၄၊ ဘဝေါ ၂၈-ရှိ၏။

မြောက်ဘက်တန်ဆောင်းမုခ်ဝတွင် အချိန် ၂-ကျပ်သားစီရှိ ခဲဘုရားပေါင်း ၁၅-တင်းခန့်ရှိ၏။ (၅၁၂၀၀၀-ခန့် မည်ထင်၏)။

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မစေတီကျောက်စာတိုင်များ

ကျောက်စာတိုင်သုံးချပ်မှာ ပါဠိ၊ မွန်၊ မြန်မာ သုံးဘာသာဖြင့် ခရစ်နှစ် ၁၄၈၅ ခုနှစ်က ရိုက်ကူးထားခြင်းဖြစ်သည်။ မူလက စေတီတော် အရှေ့ဖက် စောင်းတန်းသို့အဆင်း အလယ်ပစ္စယာတွင်ရှိသည်။ မီးခရာတွင်ပါဝင်သွားသော ကျောက်စာရုံတန်ဆောင်းနေရာတွင် ဦးဘာထွန်းက အသစ်ဆောက်လုပ် လှူဒါန်းထားသည်။ ကျောက်စာတိုင်တို့မှာ မူလက မြေတွင်မြှုပ်နေရာက ခရစ်နှစ် ၁၈၈၀ ခုတွင် ကျောက်စာဝန် ဒေါက်တာ ဖော်ကင်မားက ထိပ်ပိုင်းအစအနကိုတွေ့ရှိ၍ ပြန်လည်တူးဖေါ်ခဲ့သည်ဟုဆိုသည်။

ယခုအခါ ဤကျောက်စာတိုင်များကို ရင်ပြင်တော်ပေါ်သို့ ပြောင်းရွှေ့နေရာချထားပါသည်။

ဓမ္မစေတီမင်းကြီး၏ ကျောက်စာ မူလတည်နေရာ၌ မြင်တွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မစေတီမင်းလက်ထက် စိုက်ထူသည့် ရွှေတိဂုံစေတီတော်ကြီး၏သမိုင်းကို ရေးထိုးထားသော အရှေ့ဘက် စောင်းတန်း အနီးမှ ကျောက်စာတိုင်များ



www.burmeseclassic.com

www.burmeseclassic.com

နောင်တော်ကြီးစေတီ

ရွှေတိဂုံရင်ပြင်တော်ပေါ်ရှိ နောင်တောင်ကြီးစေတီတော်ကို လူတိုင်းသိကြပါသည်။ သို့သော် ဤစေတီတော်၏ သမိုင်း၊အတိအကျကို အထောက်အထားများဖြင့် ပြောနိုင်ခြင်းမရှိပေ။ မည်သည့်အချိန် မည်သည့်ကာလ မည်သည့်မင်းလက်ထက် စတင်တည်ထားကိုးကွယ်ခဲ့သည်ကိုမျှပင် အတိအကျတင်ပြနိုင်ခြင်းမရှိခဲ့ပေ။ အဆိုအမိန့်အမျိုးမျိုး ကွဲပြားလျက် အလောင်းမင်းတရားကြီး၏ သားတော် ဒီပဲယင်းမင်း၊ သီရိပဝရမဟာဓမ္မရာဇာဘွဲ့ခံ ကန်တွင်းစည်းခုံဒါယကာ နောင်တော်ကြီးမင်း (၁၇၆၀-၆၃) ကောင်းမှုဟု မယုတ်မလွန်ဆိုသူက ဆိုပါသည်။ အချို့သော ပညာရှင်တို့ကလည်း စောင်းကလောဒါယကာ ရွှေဘိုမင်းခေါ် သာယာဝတီမင်း၏ နောင်တော်ဖြစ်သော ရတနာပူရ စတုတ္ထမြို့တည်နန်းတည် စစ်ကိုင်းမင်း (၁၈၁၉-၃၇) ဘကြီးတော်ဘုရားလက်ထက်ကောင်းမှုဖြစ်သည်ဟု တင်ပြသူက တင်ပြပါသည်။ အချို့ကမူ ရွှေတိဂုံစေတီတော် မတည်ဆောက်မီ ပုံစံယူသည့်စေတီတော်ဖြစ်ခြင်းကြောင့် ရွှေတိဂုံထက်ဝါတော်ရင့်သည်၊ သက်တော်ကြီးသည်၊ ထို့ကြောင့် နောင်တော်ကြီးတွင်သည် စသည်ဖြင့် အမျိုးမျိုးသော အဆိုအမိန့်များကိုတွေ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

နောင်တော်ကြီးစေတီတော်နှင့်ပတ်သက်၍

ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်ရှိ ကျောက်စာအချို့တွင် နောင်တော်ကြီးဘုရားနှင့် ရွှေတိဂုံစေတီတော်ကြီးတို့၏ သမိုင်းအတွက် အထောက်အကူပြုသော အချက်အလက်အချို့ကိုလည်း တွေ့ရသည်။ အမှတ် (၄) (၅) (၆) နှင့် (၇) ကျောက်စာများက နောင်တော်ကြီးဘုရားသည် ရွှေတိဂုံစေတီတော်ကြီးထက် နောက်ကျ၍ တည်ထားသောဘုရားဖြစ်ကြောင်းဆိုကြသည်။ ယင်းကျောက်စာများ၌

"သုံးလုထွဋ်ထား။ ဘုရားဖြစ်တော်မူသည်မှ။ သတ္တသတ္တာဟာအလွန်။ ခုနစ်ဌာနနော ရာဇဂြိုဟ်ပြည်သို့ရောက်၍။ ဣရိယာပထ။ မျှတော်မူခါ။ ဒုတိယမြော်။ တို့ခေါ်ပြန်နစ် ဆန်တော်စစ်ကို။ သစ်သစ်ကြည်ဆွ။ တဖန်ရသော။ တဖုဿနောင်တော်အကြီးသည် လက်မွန်တည်ပြီးသော ဒဂုံစေတီ၏ သေန်အရပ်။ မြောက်သို့စင်းယယ်ယွန်သော သိဂုံတ္တရကုံးတော်အဝန်း။ ဦးစွန်းထိပ်ပြင်၌။ ယွှင်နည်းတူ။ ဗိုလ်လူတကာ။ သဒ္ဓါမြတ်နိုးကိုးကွယ်စိမ့်မည်။ ရည်ရွယ်တည်ထားခဲ့သော သဒ္ဒဝေါဟာရ၊ ပဝတ္တနိမိတ်။ အတိတ်စကားတို့ငှေ့။ နောင်တော်ကြီးဘုရားဟု။ ကျော်ကြားထင်ပေါ်သော ဆန်တော်စေတီမြတ်"ဟု ရေးထိုးဖေါ်ပြထားကြသည်ကို တွေ့ရသည်။

နောင်တော်ကြီးစေတီတော်ခြေရင်းမှ ကျောက်စာတိုင်များ



အမှတ် ၄။ ၅။ ၆။ ၇ (ဝဲမှယာ)။ နောင်တော်ကြီးဘုရား၏ အနောက်တောင်ထောင့် မှခ် ၄ ခုအတွင်းရှိ ၁ မျက်နှာကျောက်စာများ

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်ရှိ ကျောက်စာများမှ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးသမိုင်းဆိုင်ရာ အချက်အလက်များ၊ စီးပွားရေးနှင့် လူမှုရေးသမိုင်းဆိုင်ရာ အချက်အလက်များနှင့် ယဉ်ကျေးမှုသမိုင်းဆိုင်ရာ အချက်အလက်များကို ထုတ်နုတ်ရရှိသည်။

နိုင်ငံရေးနှင့် အုပ်ချုပ်ရေးသမိုင်းဆိုင်ရာ အချက်အလက်များတွင် ရန်ကုန်မြို့ သမိုင်းနှင့် နယ်မြို့ရွာဒေသအချို့တို့၏သမိုင်းများကိုရေးသားပြုစုရာတွင် အထောက်အကူရနိုင်မည့် အချက်အလက်များပါရှိကြသည်။ ၁၂၄၃ ခုနှစ် အချိန်အခါက ဗြိတိသျှလက်အောက်ခံ အောက်မြန်မာနိုင်ငံတွင်နေခဲ့ကြရသော မြန်မာတို့သည် ရွှေတိဂုံစေတီတော်တွင် ဘာသာရေးဆိုင်ရာ အဆောက်အအုံနှင့် အလှူအတန်းများပြုလုပ်ရာ၌ လွယ်ကူစွာတည်ဆောက်လှူဒါန်းနိုင်ခွင့် မရှိခဲ့ကြကြောင်း သိရသည်။

ဤသို့လက်အောက်ခံဘဝတွင် ပြားပြားဝပ်နေခဲ့ကြရာမှ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့တွင်မူ ရန်ကုန်ကောလိပ်မှ ကျောင်းသားကြီး ၁၁ ဦးတို့သည် ရွှေတိဂုံစေတီတော် အနောက်တောင်ထောင့်ရှိ ညောင်ပင်ကြီး၏အောက်တွင်တွေ့ဆုံကြကာ နယ်ချဲ့အစိုးရက ပြဌာန်းချမှတ်သည့် ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြကြောင်းသိရသည်။



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ မြန်မာနိုင်ငံနေရာအောက်ပိုင်းတွင် နေထိုင်ခဲ့ကြသူများသည် လွန်ခဲ့သည့် အနှစ်ရာပေါင်းများစွာကပင် အိန္ဒိယနိုင်ငံသို့ အခေါက်ခေါက်အခါခါသွားလာကူးသန်းလျက် နေထိုင်ခဲ့ကြပြီဖြစ်ကြောင်းနှင့် အိန္ဒိယနိုင်ငံသားများလည်း မြန်မာနိုင်ငံတောင်ပိုင်းသို့ သွားလာရောက်ရှိခဲ့ခြင်းများရှိကြောင်း ယူဆရသည်။ မြန်မာနိုင်ငံနှင့် သီဟိုဠ်နိုင်ငံတို့သည် လည်း ရှေးခေတ်အခါမှသည် ယနေ့ခေတ်တိုင် ကူးလူးဆက်ဆံမှုများရှိနေကြောင်းသိရသည်။

၁၂၃၇ ခုနှစ်တွင် မြန်မာအချို့နှင့် ဖင်းမယ်ဘုရင်သည် ချစ်ကြည်ရင်းနှီးမှုပေါ်တွင် အခြေခံလျက်ဆက်ဆံမှုရှိခဲ့ ကြကြောင်းသိရသည်။ ၁၂၆၁ ခုနှစ်တွင် တရုတ်အမျိုးသားများသည် မြန်မာနိုင်ငံသို့ အများအပြားလာရောက်နေထိုင်ခဲ့ ကြပြီဖြစ်ကြောင်း သိရသည်။ ၁၂၄၃ ခုနှစ်နှင့် ၁၂၈၂ ခုနှစ် အချိန်အခါက မြန်မာနှင့်အင်္ဂလိပ်တို့၏ ဆက်ဆံရေးသည် ကား မိတ်ဆွေဆက်ဆံရေးမဟုတ်ခဲ့ပဲ အဖိနှိပ်ခံနှင့် ဖိနှိပ်သူတို့၏ဆက်ဆံရေးဖြစ်ခဲ့သည်ဟုဆိုသော် ဆိုနိုင်အံ့ထင်သည်။

၁၂၄၃ ခုနှစ်တွင် မြန်မာနိုင်ငံအောက်ပိုင်း ပဲခူး၊ တနင်္သာရီနှင့် ရခိုင်ဒေသများကို အရေးတော်ပိုင် မဟာဝန်ရှင် တော်မင်းကြီးက ဦးစီးအုပ်ချုပ်ခဲ့ကြောင်း သိရသည်။ ၁၃၀၂ ခုနှစ် အချိန်အခါက နယ်ပယ်အုပ်ချုပ်ရေးတွင် စီရင်စု၊ မြို့ နယ်၊ ကျေးရွာဟူ၍ခွဲခြားကာ အုပ်ချုပ်ခဲ့ကြောင်းသိရသည်။ အုပ်ချုပ်ရေးဆိုင်ရာ ရာထူးအမည်နှင့်ပတ်သက်၍ မဆိုစ လောက်သာသိရသည်။ အခွန်အကောက်များနှင့်ပတ်သက်၍လည်း အမြွက်မျှသာသိရသည်။ ၁၂၃၇ ခုနှစ်တွင် မြန်မာ နိုင်ငံအောက်ပိုင်း၌ အင်္ဂလိပ်တို့၏အုပ်ချုပ်ရေးသည် အသားကျ ခိုင်မာလျက်ရှိပြီဖြစ်ကြောင်းသိရသည်။

ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်ရှိ ကျောက်စာများ၌ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာသမိုင်းများကို ရေးသားပြုစု ရာတွင်လည်း အထိုက်အလျောက်အထောက်အကူရနိုင်မည့် အချက်အလက်များပါရှိကြသည်။ ယင်းတို့သည် သစ်တော လုပ်ငန်း၊ လက်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ရွှေဈေးနှုန်း၊ ငွေ ကြေးသုံးစွဲမှု၊ ငွေကြေးတန်ဖိုး၊ တိုင်းရင်းသားများ၊ နိုင်ငံခြားသားများ၊ လူတန်းစားများ၊ လူနေမှုဘဝနှင့် ပညာရေးဆိုင် ရာသမိုင်းအချက်အလက်များဖြစ်ကြသည်။

သစ်တောလုပ်ငန်းနှင့်ပတ်သက်၍ အင်္ဂလိပ်အစိုးရတွင် အလွန်အမင်းအကျိုးရှိခဲ့မည်ဖြစ်ကြောင်း မှန်းဆရသည်။ လက်မှုပညာလုပ်ငန်းများအနေနှင့် ပန်းတဉ်း၊ ပန်းရန်၊ ပန်းထိမ်၊ ပန်းတမော့၊ ပန်းပု၊ ဗိသုကာနှင့် ယက်ကန်းလုပ်ငန်း များရှိခဲ့ကြကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၇၈ နှစ်ကြာအချိန်ကပင် ဆန်စက်၊ လွှစက်နှင့် သင်္ဘောဆိုင်ရာစက်မှုလုပ်ငန်းများ ထွန်းကားလျက်ရှိပြီဖြစ်ကြောင်းသိရသည်။ မော်လမြိုင်မြို့ ကတိုးရွာဒေသတွင် ၁၂၃၇ ခုနှစ် အချိန်အခါက လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ကြသူများ အများအပြားရှိခဲ့ကြ သည်ဟုယူဆမိသည်။

ကုန်သွယ်ရေးသမိုင်းနှင့်ပတ်သက်၍ လွန်ခဲ့သောအနှစ်ရာပေါင်းများစွာကပင်စတင်၍ ယနေ့မြန်မာနိုင်ငံတောင် ပိုင်းနေရာနှင့် အိန္ဒိယနိုင်ငံနေရာအချို့တို့သည် ကုန်သွယ်ကူးသန်းမှုများရှိခဲ့ကြောင်း တွက်ဆရသည်။ ရန်ကုန်မြို့၌ ၁၂၄၆ ခုနှစ်အခါက လက်ဖက်အရောင်းအဝယ်လုပ်ငန်းသည် ကြီးကျယ်သောလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။ ၁၂၆၅ ခုနှစ် အချိန်အခါက အရောင်းအဝယ် ကုန်သည်ပွဲစားလုပ်ငန်းသည် လွန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်းနှင့် ယင်းလုပ် ငန်းကို လုပ်ကိုင်ကြသူများသည်လည်း ဥစ္စာနေကြွယ်ဝသူများဖြစ်ကြောင်းသိရသည်။

၁၂၃၇ ခုနှစ် အချိန်အခါက အသပြာငွေအဖြစ်နှင့် ငွေသားစစ်ဒင်္ဂါးများကို သုံးစွဲမှုရှိခဲ့ကြောင်းသိရသည်။ ထို အချိန်က ရွှေတစ်ကျပ်သား၏တန်ဖိုးသည် ငွေသားဒင်္ဂါး ၂၅ ပြားဖြစ်ကြောင်းနှင့် ယင်းဒင်္ဂါးတစ်ပြားသည် ယနေ့ခေတ် သုံး ကျပ်ငွေ ၆၀ နှင့်ညီမျှကြောင်း ရွှေဈေးကို စံထားကာ တွက်ချက်၍သိရသည်။

၁၂၃၇ ခုနှစ် အချိန်အခါက ပုဂ္ဂလိကသစ်တောလုပ်ငန်းရှင်တို့၏ စီးပွားရေးအခြေအနေနှင့် ၁၂၆၁ ခုနှစ် အချိန် အခါက ပွဲစားကုန်သည်တို့၏ စီးပွားရေးအခြေအနေတို့သည် လွန်စွာကောင်းမွန်ကြကြောင်း သိရသည်။ ၁၃၀၂ ခုနှစ် အချိန်အခါက မြေပိုင်ရှင်တို့၏ စီးပွားရေးအခြေအနေသည်လည်း အတော်အသင့်ပင် ကောင်းမွန်လျက်ရှိကြကြောင်း သုံးသပ်၍သိရသည်။

မော်လမြိုင်မြို့ ကတိုးရွာဒေသသည် မြန်မာနိုင်ငံ တိုင်းရင်းသားများဖြစ်ကြသော မွန်အမျိုးသားတို့ မိရိုးဖလာ အစဉ်အဆက် နေထိုင်လာခဲ့ကြသည့်ဒေသဖြစ်ကြောင်း သိရသည်။ ၁၂၄၃ ခုနှစ် အချိန်အခါက မြန်မာနိုင်ငံအောက်ပိုင်း တွင် နိုင်ငံခြားသားများဖြစ်ကြသည့် အင်္ဂလိပ်၊ ကုလားနှင့် တရုတ်အမျိုးသားအမြောက်အမြားတို့ ရောက်ရှိနေထိုင်လျက် ရှိကြကြောင်း သိရသည်။ ထိုအခါက အင်္ဂလိပ်အမျိုးသားတို့သည် နယ်ချဲ့အုပ်စိုးသူများအဖြစ်နှင့် ရောက်ရှိနေထိုင်ခဲ့ကြ ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

လူတန်းစားများအနေနှင့် ၁၂၃၇ ခုနှစ်မှ ၁၃၀၂ ခုနှစ်များအတွင်းက မြန်မာနိုင်ငံ၌ရှိနေကြသည့် လူတန်းစား
များတွင် အစိုးရဝန်ထမ်း၊ ကုန်သည်ပွဲစား၊ လယ်သမား၊ မြေပိုင်ရှင်၊ သစ်တောလုပ်ငန်းရှင် ဗေဒပညာတတ်နှင့် လက်မှု
ပညာသည် လူတန်းစားများပါရှိခဲ့ကြကြောင်းသိရ၍ သစ်တောလုပ်ငန်းရှင်၊ အစိုးရဝန်ထမ်းနှင့် ကုန်သည်ပွဲစားတို့၏
လူနေမှုအဆင့်အတန်းသည် မြင့်မားခဲ့ကြကြောင်း သိရသည်။ ၁၂၈၂ ခုနှစ် အချိန်အခါအထိ မြန်မာနိုင်ငံ၏ အဓိကပညာရေးသည်
ဘုန်းကြီးကျောင်းပညာရေးသာဖြစ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် မြန်မာတို့၏ လူမှုရေးအသိတရားသည် လွန်စွာမြင့်မား
လျက်ရှိကြောင်းကိုလည်း သိရသည်။

ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်ရှိ ကျောက်စာများတွင် ယဉ်ကျေးမှုသမိုင်းဆိုင်ရာ အချက်အလက်များ အများအ
ပြားပါရှိသည်ကို တွေ့ရသည်။ ယင်းတို့သည် ကိုးကွယ်ယုံကြည်မှု၊ ဗိသုကာလက်ရာ၊ အနုပညာလက်ရာ၊ စာပေနှင့်
နိုင်ငံခြားယဉ်ကျေးမှုရိုက်ခတ်ခြင်း၊ သမိုင်းဆိုင်ရာအချက်အလက်များဖြစ်ကြသည်။

ဗုဒ္ဓဘာသာဝင်မြန်မာတို့သည် ရတနာသုံးပါးပြီးလျှင် မိဘနှင့် ဆရာသမားတို့အား အဓိကအလေးထား ရိုသေ
ခဲ့ကြကြောင်း သိရသည်။ လောကီယုံကြည်မှု အထိုက်အလျောက်ရှိခဲ့ကြောင်းသိရသည်။ ဗုဒ္ဓသာသနာသည် အနှစ်
၅၀၀၀ ကြာ တည်တံ့ရှည်ကြာလိမ့်မည်ဟု ယုံကြည်ခဲ့ကြကြောင်းသိရသည်။

ကျောက်စာအချို့မှ အလှူရှင်အချို့တို့သည် လေးနက်သော ဘာသာရေးအသိတရားကိုအခြေခံလျက် အလှူ
အတန်းများကို ရက်ရောကြီးကျယ်စွာ လှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ကျောက်စာများတွင်ဖော်ပြထားသော
လှူဒါန်းခဲ့ကြသည့် အလှူအတန်းပစ္စည်းများသည် အတော်ပင်အမျိုးစုံလှကြောင်း သိရသည်။

ဆုတောင်းမှုအနေနှင့် ကျောက်စာများမှ အလှူရှင်ပုဂ္ဂိုလ်အများစုကြီးသည် မဂ်ဖိုလ်နိဗ္ဗာန်ကိုရလိုကြောင်း ရိုး
ရိုးစင်းစင်း တောင်းခံခဲ့ကြ၍ ၁၂၃၇ ခုနှစ်က အလှူရှင်တစ်ဦးမှာမူ ထူးကဲစွာဘုရားဆုကိုပင် ပန်ခဲ့ကြောင်း သိရသည်။

ကျောက်စာရေးထိုးခဲ့ခြင်း၏ ရည်ရွယ်ချက်များသည် ပြုလုပ်လှူဒါန်းခဲ့သောအကြောင်းများ သာသနာ ၅၀၀၀
အထိ တည်ကျန်ရစ်စေရန်နှင့် အများသူငါတို့ ဖတ်ကြားကြည့်ရှုကြပြီးနောက် အတိုင်းထက်အလွန် ကြည်ညိုခြင်းဖြစ်
ကြလျက် သာဓုအနုမောဒနာများ ခေါ်နိုင်ကြစေရန်ဖြစ်ကြောင်း သိရသည်။

ဗိသုကာလက်ရာ၊ အနုပညာလက်ရာတို့နှင့်ပတ်သက်၍ ကျောက်စာများ၌ဖော်ပြထားသည့် အဆောက်အအုံနှင့်
ပစ္စည်းပစ္စယတို့ကို မတွေ့မသိရသဖြင့် အကဲဖြတ်နိုင်ခွင့်မရရှိချေ။ မြန်မာတို့သည် ၁၂၃၇ ခုနှစ် အချိန်အခါက ရွှေအချိန်
အတွယ်နှင့်ပတ်သက်၍ ဝိဟာရဟူသော ကောက်စပါးလေးလုံးလျှင် တစ်ရွေး၊ ခြောက်ရွေးလျှင် တစ်ပဲ၊ နှစ်ပဲလျှင် တစ်
မူး၊ ဆယ်မူးလျှင် တစ်ကျပ်၊ ကျပ်တစ်ဆယ်လျှင် တစ်ဗိုလ်၊ ဆယ်ဗိုလ်လျှင် တစ်ပိဿာဟု ပညတ်ခေါ်ဝေါ်သုံးစွဲခဲ့ကြ
ကြောင်းသိရသည်။ ထို့ပြင် ဘုရားထီးတော်ဆိုင်ရာ ဗဟုသုတ၊ ဆင်နှင့်ပတ်သက်သော ဗဟုသုတအချို့ကိုလည်း သိရ
သည်။

စာပေနှင့်ပတ်သက်၍ ကျောက်စာများသည် တစ်နည်းအားဖြင့် ဘာသာရေးဖတ်စာများသဖွယ်လည်း ဖြစ်
ကြောင်းသိရသည်။ ရင်ပြင်ပေါ်ရှိကျောက်စာအတော်များများတွင် ဗုဒ္ဓ၏ဟောပြောချက် အနှစ်သာရများကိုလည်းကောင်း၊
ဗုဒ္ဓဝင်အကြောင်းအရာများကိုလည်းကောင်း၊ ဗုဒ္ဓ၏ဂုဏ်တော်များကိုလည်းကောင်း၊ ကျမ်းဂန်အရပ်ရပ်တို့မှ အနည်းအ
ကျဉ်းစီထုတ်နုတ်ကြကာ အထူးသဖြင့် ကျောက်စာ၏ရှေ့ပိုင်းတွင် ရေးထိုးဖော်ပြထားလေ့ရှိခဲ့ကြကြောင်း တွေ့ရသည်။
လောကဓါတ်စာပေလည်း ထွန်းကားလျက်ရှိပြီဖြစ်ကြောင်း သိရသည်။ တစ်ဆက်တည်းပင် မြန်မာနိုင်ငံစာပေလောက
တွင် နိုင်ငံခြားစာပေအချို့၏ ဂယက်လည်း ရောက်ရှိရိုက်ခတ်လျက်ရှိကြောင်းသိရသည်။

၁၂၃၇ ခုနှစ်အချိန်အခါက စာရေးကိရိယာပစ္စည်းတစ်မျိုးအဖြစ် ပေရွက်ကို အများအပြားအသုံးပြုခဲ့ကြကြောင်း
သိရသည်။ ရင်ပြင်ပေါ်ရှိ မြန်မာဘာသာရေးကျောက်စာအားလုံးတွင် ခရာဝန်း အက္ခရာအဝိုင်းများဖြင့်သာ ရေးထိုးထား
သည်ကိုတွေ့ရသည်။ အရေးအသားတွင် စကားပြေ၊ လင်္ကာ စကားပြေ နှစ်ထွေရောနှင့် ပါဠိမြန်မာ နိဿယတို့ဖြင့်
ရေးသားခဲ့ကြကြောင်းတွေ့ရသည်။ သတ်ပုံအရေးအသားနှင့်ပတ်သက်၍ ယနေ့ခေတ်နှင့်မတူ ကွဲပြားလှသောရေးသား
မှုများ အနည်းအပါးမျှသာတွေ့ရကာ အများစုမှာမူ ယနေ့ခေတ်နှင့်မခြား ကိုက်ညီကြသည်ကို တွေ့ရသည်။

ရင်ပြင်ပေါ်ရှိကျောက်စာအချို့တွင် ရွှေတိဂုံစေတီတော်နှင့် နောင်တော်ကြီးဘုရားတို့၏သမိုင်းအတွက် အ
ထောက်အကူပြုသော အချက်အလက်အချို့ကိုလည်း တွေ့ရသည်။ ယင်းအချက်အလက်များအရ နောင်တော်ကြီးဘုရား
သည် တဖုဿနှင့် ဘလ္လိကညီနောင်နှစ်ဦးအနက် နောင်တော်ကြီး တဖုဿ၏ကောင်းမှုဖြစ်သောကြောင့် ""နောင်တော်
ကြီးဘုရား"ဟုတွင်ကြောင်းနှင့် ရွှေတိဂုံစေတီတော်ကြီးထက် နောက်ကျ၍ တည်ထားသောဘုရားဖြစ်ကြောင်းသိရသည်။

သိင်္ဂုတ္တရကုန်းတော်တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓါတ်ရှစ်ဆူကို ဌာပနာခြင်းမပြုရမီကပင် ဤဘဒ္ဒ
ကမ္ဘာတွင် ရှေ့ကပွင့်ခဲ့ပြီးဖြစ်ကြသော ကကုသန္ဓဘုရား၏ ဓမ္မကရိုဏ်တော်၊ ကောဏာဂုံဘုရား၏ ရေသနုပ်တော်နှင့်
ကဿပဘုရား၏ တောင်ဝှေးတော်တို့ကိုလည်း ဌာပနာထားနှင့်ပြီးရှိခဲ့ကြကြောင်း ကျောက်စာအများကအဆိုရှိကြသည်။
ထို့ကြောင့်လည်း လေးဆူဓါတ်ပုံရွှေတိဂုံဟု တွင်နေခြင်းဖြစ်ပေမည်။ တဖန် ကျောက်စာပါသမိုင်း အထောက်အထား
အချက်အလက်များအရ ရွှေတိဂုံစေတီတော်ကြီးသည် မြန်မာနိုင်ငံတော်၏ အမျိုးသားရေးသမိုင်းနှင့် ဒွန်တွဲဆက်စပ်မှုများ
ရှိသော အမျိုးသားရေးမှတ်တိုင်ကြီးတစ်ခုလည်း ဖြစ်ကြောင်းသိရသည်။

www.burmeseclassic.com

ရှေးအကျဆုံး အနောက်တိုင်းသားတို့ မှတ်တမ်းများ

အေဒီ ၁၅၈၃ ခု၊ နိုဝင်ဘာ ၃ ရက်တွင် ဒဂုန်သို့ရောက်ရှိခဲ့သော ဂတ်(စ)ပရိဘယ်(လ)ဘီ၏မှတ်တမ်းနှင့် အေဒီ ၁၅၈၆ တွင် ဒဂုန်သို့ရောက်ရှိခဲ့သော အင်္ဂလိပ်လူမျိုး ရပ်(ဖ)ဖစ်(ချ)၏ မှတ်တမ်းများဖြစ်သည်။ ၎င်းတို့အရ အခြားအရံ သာသနာ့အဆောက်အအုံတို့အကြောင်း အနည်းငယ်သိခွင့်ရခဲ့ခြင်းဖြစ်သည်။

ဂတ်(စ)ပရိဘယ်(လ)ဘီသည် ဒဂုန်သို့ရောက်ရှိစဉ် ရွှေတိဂုံစေတီတော်နှင့်စပ်လျဉ်းသည့် အရံသာသနာ့အဆောက်အအုံများရှိသောအကြောင်းကို ဤသို့မှတ်တမ်းတင်ခဲ့သည်။

သဘော်ဆိပ်မှ စေတီတော်ကြီးအား ဦးတိုက်သောလမ်းမကျယ်ကြီးရှိ၏။ ခြေလှမ်း ၅၀ ကျယ်၏။ လမ်းတွင်သူတို့ ထုံးစံအတိုင်း ဥယျာဉ်များဖြင့်မွမ်းမံထားသော ရဟန်းတို့၏နေရာ ရွှေချထားသောကျောင်းများကို မြင်ရသည်။ လက်ဝဲဘက်တွင် မုခ်ဝ၊ဆိုင်ကနားများဖြင့် ဗင်းနစ်မြို့ ပရိကျူရေတိယာသစ်*နှင့် လွန်စွာတူသည်။ ဤလမ်းဖြောင့် အတိုင်း ဘုရားသို့သွားရာ၌ တစ်မိုင်ခန့်ခရီးကို ကနားဖျဉ်းများအောက်မှလည်းကောင်း၊ အမိုးမဲ့ လမ်းအတိုင်းလည်း ကောင်း၊ လွတ်လပ်စွာသွားလာနိုင်သည်။ ဘုရားသို့ရောက်သောအခါ ဗင်းနစ်မြို့ရှိ ရှယာလ်တို့မှ မြောင်းတစ် ခု[၂]မျှရှည်မည်ဟု ခန့်မှန်းရသည့် လှေကားထစ် ၉၀ နှင့် စောင်းတန်းကိုတွေ့ရသည်။ ပထမအဆင့် အမိုးလက်ဝဲလက် ယာတစ်ဘက် တစ်ချက်စီ၌ ကမ်းခြေတွင်တွေ့ခဲ့ရသည့် ကျားပုံအတိုင်း ကျောက်ဖြင့်ထုလုပ်ထားသော ကျားရုပ်တစ် စီးစီရှိ၏။[၃] လှေကား ကိုသုံးဆင့်ပိုင်းထားသည်။ ပထမအဆင့်တွင် လှေကားထစ် ၄၀၊ ဒုတိယတွင် ၃၀၊ တတိ ယတွင် ၂၀ အသီးသီးရှိ၏။ လှေကား၏ထိပ်အဆင့်တိုင်းတွင် ကျယ်ပြန့်သောမြေအပြင်ရှိ၏။ ထိပ်ဆုံးအဆင့် လှေကားထစ်မှာ တစ်ဆင့်ထက် တစ်ဆင့် သေးသွားပြီး သုံးဆင့်မကိုင်ဆောင်း ကျောက်နတ်သားရုပ် ၂ ရုပ်ရှိ၏။ လက်ယာလက်များဆန့်တန်းလျက် ကောင်း ချီးပေးဟန်၊ လက်ဝဲလက်များကိုမူ နတ်သားတစ်ပါးက ကလေးဦးခေါင်းတွင်လည်းကောင်း၊ တစ်ပါးက မျောက်ဦးခေါင်းပေါ်တွင်လည်းကောင်း တင်ထားကြသည်။ ယင်းအရုပ်အားလုံးသည် ကျောက်ဖြင့်ထုလုပ်ထား၏။ လက်ဝဲဘက်တွင် အတွင်းအပြင်ပန်းပုများဖြင့် ရွှေချထားသော တန်ဆောင်းတစ်ဆောင်ရှိ၏။ ဤနေရာတွင်ဘုန်းတော်ကြီးများ တရားဟောကြားသဖြင့် လူတို့တရားနာသွားကြသည်။ ရင်ပြင်မှာ စိန့်မတ်ထက်ပင် ကျယ်ဝန်းသည်။ ဤနေရာမှာ အထူးကြည်နူးဖွယ်ဖြစ်ရကား နှစ်စဉ် ရေလမ်း၊ ကုန်းလမ်းမှ လူစုလူဝေးနှင့် ဘုရားဖူးလာကြ၏။ ပွဲတော်ရက်များတွင် ဘုရင်မင်းမြတ်ကိုယ်တိုင် မိဖုရား၊ အိမ်ရှေ့မင်း၊ သားတော်သမီးတော် မှူးမတ်အပေါင်းခြံရံလျက် ကြွရောက်တော်မူသည်။ အပြစ်မှလွတ်လိုသူတို့လည်း လာကြ၏။ ဤအရာများကိုကြည့်ပြီး အောက်သို့ပြန်ဆင်းရာ၌ ပထမအဆင့် အမိုးနှင့်အညီ လက်ဝဲဘက်သို့လှည့်ကြည့်ရာတွင် လှပသောတန်ဆောင်းအတွင်း အလွန်ကြီးသော ခေါင်းလောင်းကြီး တစ်လုံးကိုမြင်ရ၏။ အတူပါလာသော ပေါ်တူဂီတို့နှင့် ထိုခေါင်းလောင်းကို တိုင်းတာကြည့်ရာ ခုနစ်လှမ်းနှင့် ၃ ဖဝါးခန့်ရှိကြောင်းတွေ့ရ၏။ အထက်မှသည် အောက်အထိ စာအပြည့်ရှိသည်။ အရေးအသားလှပသေသပ်၍စိပ် လွန်းလှသဖြင့် စာတစ်လုံးနှင့်တစ်လုံး ထိနေကြသည်။ သို့ရာတွင် ထိုစာကိုနားလည်သူ တစ်ယောက်မျှမရှိပေ။ ပဲခူးသားတို့လည်း နားမလည်ကြသည့်အပြင် မည်သူက မည်ကဲ့သို့ လာရောက်လှူဒါန်းထားသည်ကိုလည်း ၎င်းတို့မမှတ်မိကြတော့ပေ။

ဟု သဘော်ဆိပ်မှ စေတီတော်ရင်ပြင်အရောက် တွေ့မြင်ရသမျှ မှတ်တမ်းတင်ထားခဲ့သည်။ ယင်းတို့အထဲတွင် စောင်းတန်း၊ လှေကားထစ်အရေအတွက် အတိအကျကိုလည်းကောင်း၊ ပန်းပုရုပ်လုံးများဖြင့် ရွှေချထားသောတန်ဆောင်းကြီးကိုလည်းကောင်း ကြီးမားသောခေါင်းလောင်းကြီးထားရှိရာ တန်ဆောင်းကြီးကိုလည်းကောင်း ဂတ်(စ)ပရိဘယ်(လ)ဘီ မှတ်သားထားခဲ့သည်။ အလားတူပင် အေဒီ ၁၅၈၆ တွင် ဒဂုန်သို့ရောက်ရှိခဲ့သော အင်္ဂလိပ်လူမျိုးရပ်(ဖ)ဖစ်(ချ) ကလည်း -

ပဲခူးနှင့် ၂ ရက်ခန့်အကွာတွင် ပဲခူးသားတို့ အပူဇော်အဖူးမြော်သွားရာ စေတီတစ်ဆူရှိသည်။ ထိုစေတီမှ အံ့ဩဖွယ်ကြီးမား၍ ဖိနပ်တော်မှ အထွဋ်တိုင်အောင် ရွှေချထား၏။ ဒဂုံအမည်ရှိ၏။ ယင်းစေတီအနီးတွင် ဘုန်းတော်ကြီးများ တရားဓမ္မဟောရာ တန်ဆောင်းကြီးတစ်ဆောင်ရှိ၏။ ဤတန်ဆောင်း၏အလျားမှာ ခြေလှမ်း ၅၅ လှမ်းရှိ၏။ ဓကြိုသုံးခုရှိပြီး ဓကြိုများအတွင်း ရွှေချထားသောတိုင်လုံးကြီး ၄၀ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

လေးဘက်လေးတန်အမှုင့်ဖြစ်၍ ရွှေချထားသောတိုင်ငယ်များလည်းရှိသေးသည်။ တန်ဆောင်းအတွင်းအပြင်ကိုလည်း ရွှေချထား၏။ ပတ်ဝန်းကျင်တွင် ဘုရားဖူးများနားနေလဲလျောင်းရန် ထည်ဝါသောဇရပ်များနှင့် ဘုန်းကြီးများတရား ဓမ္မဟောကြားရန် ခမ်းနားသော ဓမ္မသာဆောင်များလည်းရှိ၏။ ထိုဓမ္မသာဆောင်များတွင် ရွှေချထားသော ယောကျ်ား၊ မိန်းမ၊ ပန်းပုရုပ်များနှင့်ပြည့်နှက်နေ၏။ စေတီတော်သည် ကမ္ဘာပေါ်တွင်တင့်တယ်လှပ၍ အသပ္ပာယ်ဆုံးဟု ကျွန်ုပ်ထင် ၏။ စေတီမှာအလွန်မြင့်၏။ စောင်းတန်းလေးသွယ်လည်းရှိ၏။ စောင်းတန်းများ၏ တစ်ဘက်တစ်ချက်တွင် သစ်ပင်သီး ပင်များရှိ၏။ စေတီသို့သွားသူတစ်ဦးသည် နှစ်မိုင်ခန့်အတွင်း အရိပ်အာဝါသအောက်မှ သွားနိုင်သည်။ ပွဲတော်ရက်သို့ ရောက်သည့်အခါ ပဲခူးနိုင်ငံနေရာအနှံ့မှ ရေလမ်းကုန်းလမ်းဖြင့် တိုးမပေါက်အောင်ရောက်လာကြသည်။

ဟု မှတ်တမ်းတင်ခဲ့သည်။

ခရစ်နှစ် ၁၇၉၅ ရောက်ရှိလာသော အင်္ဂလိပ်သံ မိုက်ကယ်ဆိုင်းက –

ရန်ကုန်မြို့မြောက်ဘက် နှစ်မိုင်ခွဲခန့်တွင် ခံ့ညားတင့်တယ်သော အဆောက်အအုံကြီးဖြစ်သည့် ရွှေတိဂုံစေတီတည်ရှိ၏။ စေတီတော်အား ရှုချင်စဖွယ်ဖြစ်အောင် လှပတင့်တယ်စွာ အမျိုးမျိုးမွမ်းမံထားသည်။ ရင်ပြင်တော်တွင် ကျောက်ပြားအပြည့်ခင်းထားသည်။ တောင်ကုန်းသည်ထိုနေရာတွင် အမြင့်ဆုံးဖြစ်သည်။ ကုန်းကိုတက်ရန် ကျောက်လှေကားထစ် ၁၀၀ ကို ပြုလုပ်ထားသည်။ ထီးတော်ကို ရွှေအပြည့်ချထားသဖြင့် နေရောင်တွင် တဝင်းဝင်းနှင့်ရှုမောဖွယ်ဖြစ်သည်။ ကုန်းတော်ပေါ်မှမြင်ရသော ပတ်လည်ဝန်းကျင်ရှုခင်းကားကား လှပ၏။ ဆိပ်ကမ်းမှ စေတီတော်သို့သွားသော လမ်းမကျယ်ကြီးကို မိုးရေမဝပ်စေရန် သေချာစွာဖောက်လုပ်ထား၏။ လမ်းဘေးနှစ်ဖက်တွင် မရေမတွက်နိုင်သော စေတ်ငယ်များအပြင် ဘုန်းကြီးကျောင်းများရှိ၏။

စသည်ဖြင့် မှတ်တမ်းတင်ခဲ့လေသည်။

မိုက်ကယ်ဆိုင်း၏နောက် ခရစ်နှစ် ၁၇၉၆ ခု၊ နိုဝင်ဘာလတွင် ရောက်ရှိခဲ့သော အင်္ဂလိပ်သံ ဟီရမ်ကောက်ကလည်း ရွှေတိဂုံစေတီတော်၏အကြောင်းကို မှတ်တမ်းရေးခဲ့ဖူးသည်။

ဟီရမ်ကောက်သည် ရွှေတိဂုံဘုရားပွဲနေ့နှင့် ကြုံကြိုက်သဖြင့် –

ယောကျ်ား၊ မိန်းမ၊ ပရိသတ်များ အလွန်တရာများပြားလှသည်ကို နေထွက်သည်မှ ၁၀ နာရီထိုးသည့်တိုင်အောင်တွေ့ရသည်။ လူတိုင်းတွင် စေတနာသဒ္ဓါတတ်အားရှိသမျှ လှူဖွယ်ဝတ္ထုများကို ကိုင်ဆောင်သွားကြသည်။ အချို့မှာ အဝတ်အထည်၊ ကွမ်းသီးနှင့် ဘုန်းတော်ကြီးများအတွက်လိုအပ်သော အသုံးအဆောင်များကို ပဒေသာပင်သီး၍ယူဆောင်သွားကြသည်။ အချို့မှာကား ဆင်ရုပ်၊ မိချောင်းရုပ်၊ ဘီလူးရုပ်များကို စက္ကူဖြင့်ပုံချိုး၍ သယ်ဆောင်သွားကြသည်။ ထိုထိပ်ချွန်းပုံအရုပ်များကို ရောင်စုံစက္ကူဖြင့်ပြုလုပ်ထားပြီး မီးအိုး၊ မီးပန်းများ၊ အဝတ်များ၊သစ်သီးများကို သပ်ရပ်စွာ ချိတ်ဆွဲထားကြသည်။ အစိုးရအရာရှိများနှင့် ငွေကြေးတတ်နိုင်သောသူတို့မှာ တီးဝိုင်းအဖွဲ့များကို ရှေ့ကထား၍တက်ကြသည်။ အားလုံးမှာ ဝတ်ကောင်းစားလှနှင့်ဖြစ်သည်။ ပြည်တွင်းဖြစ်ပိုးထည်များကို ဝတ်ဆင်ထားကြသည်။ ထိုအထည်များသည် မည်သည့်ဂုဏ်သရေရှိ အသိုင်းအဝိုင်းတွင်မဆို ဝင်ဆံ့ပေလိမ့်မည်။ ထိုသူအားလုံးကို ကြည့်ရသည်မှာ တိုင်းကြီးပြည်ကြီးသားပီသလှသည်။ တိုးဝှေ့ခြင်းနှောက်ပြောင်ခြင်းမရှိ၊ အားလုံးသည်ကြည်သာရွှင်ပြ၍ ဣန္ဒြေသိက္ခာရှိသည်။

ဟု သူမြင်သမျှကို ရေးသားမှတ်တမ်းတင်ခဲ့သည်။ ဟီရမ်ကောက်သည် ညနေချမ်းတွင် တစ်ကြိမ်သွားရောက်ကြည့်ရှုသောအခါ ဖယောင်းတိုင်ထုပ်ကိုယ်စီကိုင်၍ ဘုရားကိုတက်ကြသော မနက်ပိုင်းကထက်များပြားသည့် ဘုရားဖူးများကို တွေ့ခဲ့ပေသည်။

မြန်မာနိုင်ငံသို့ ခရစ်နှစ် ၁၈၅၂ ခု၊ ဇူလိုင်လက ရောက်ရှိသော အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီ၏ မှတ်ချက်တစ်ခုတွင် "ကျွန်ုပ်ရောက်ရှိဖူးသမျှ အိန္ဒိယပြည်အနှံ့တွင်ရှိသော အဆောက်အအုံများတွင် တာဂျ်မဟာမှလွဲ၍ သွားရောက်ကြည့်ရှုရန် အကောင်းဆုံးသောနေရာဖြစ်ပေသည်" ဟု ရွှေတိဂုံစေတီတော်ကို ရည်ညွှန်းပြောဆိုထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံအားလုံးကို အင်္ဂလိပ်တို့သိမ်းပြီးစ ခရစ်နှစ် ၁၈၈၆ ခု၊ ဖေဖော်ဝါရီလတွင် ရှေးဟောင်းပညာရှင် မိနေယန့်ဆိုသူ သည် မြန်မာနိုင်ငံသို့ရောက်ရှိ၍ ရွှေတိဂုံစေတီတော်ကို အဖူးအမြော်တက်သည်။ မိနေယန့်၏ရေးသားချက်တစ်ရပ်တွင် -

ရထားစီးသွားလျှင် ကုန်းတော်ခြေရင်းသို့ရောက်၏။ လှပဆန်းကြယ်စွာတုလုပ်ထားသော မောင်းတန်းတစ်လျှောက်တွင် လူမျိုးစုံတွေ့ရ၏။ ကျစ်ဆံမြီးနှင့်တရုတ်များ၊ ပန်ချာပီစစ်သားများ၊ အင်္ဂလိပ်စစ်သင်္ဘောသားများ၊ သီလရှင်များ စသည်တို့ကို တွေ့ရ၏။ ရင်ပြင်တော်တွင် ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာကို ကောင်းစွာတတ်သော သံဃိုဟ်ဘုန်းကြီး သုံးပါးနှင့် စကားလက်ဆုံကျ၏။ အရုပ်ဆိုးသည်ကား ကုန်းတော်အနောက်မြစ်းကို စံတပ်ပြုလုပ်ထားခြင်းဖြစ်သည်။-

ဟုရေးသားခဲ့လေသည်။

နောက်ပိုင်းကာလတွင်လည်း မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ကြသော နိုင်ငံခြားသားအများအပြားက ရွှေတိဂုံစေတီတော်အ
ကြောင်းကို ချီးမွမ်းထောမနာပြု၍ ရေးသားခဲ့ကြသည်။ ယင်းတို့အနက် အချို့ကို ကောက်နုတ်ဖော်ပြပါမည်။

ရန်ကုန်မြို့ရွှေတိဂုံစေတီတော်မြတ်၏ ကြီးကျယ်ခန်းနားခြင်းမှာ တအံ့တသြပြောစမှတ်ဖြစ်လောက်ပါသည်။ ကိုစေတီ တော်ကြီးအကြောင်းနှင့်ပတ်သက်၍ အနုစိတ်လေ့လာရန် အချက်အလက်များ၊ မနှိုင်းယှဉ်လောက်အောင် သပ္ပာယ်တော်မူလှများမှာ များပြောင်လှသဖြင့် တစ်ခေါက်တည်းရောက်ရှိဖူးတွေ့ဖူးရုံနှင့် အံ့သြဖွယ်ကောင်းပုံကို ပြည့်ပြည့်စုံစုံ ခံစားတွေးခေါ်နိုင်မည်မဟုတ် ပါ။ ရွှေတိဂုံစေတီတော်၏တင့်တယ်သပ္ပါယ်မှုကို အကြင်သူတစ်ဦးသည် ဖရဏာပီတိ ဖွမ်းဆိုထိအောင် အာရုံပြုလိုလျှင်တိုစေတီ ကို အခေါက်ပေါင်းများစွာ သွားရောက်ဖူးမြော်မှုဖြစ်ပါလိမ့်မည်။

Captain
C.M. Enriquez
(A Burmese Enchantment)
1916

"ကမ္ဘာပေါ်တွင် မည်သည့်တိုင်းပြည်မှ မြန်မာပြည်ကဲ့သို့ ရွှေရောင်မလွှမ်းမြိုးနိုင်ပေ၊ ရွှေကိုယ်လုံးပြည့်ချထားသော ရွှေတိဂုံစေတီတော်ကြီးဆီမှ ဖြိုးဖြိုးဖြက်ဖြက် တဖိတ်ဖိတ်တလက်လက်နှင့် ရွှေရောင်များမှာ ရောက်ဖူးသူတိုင်းအား ပထမဆုံး မျက်စိမှုံးဝေသွားအောင် ကြည်ညိုသဒ္ဓါပွားစေလေသည်။ ဤခံစားချက်ကား တစ်သက်မေ့ပျောက်နိုင်စွမ်းရှိတော့မည် မဟုတ်ချေ"

DINO J CATERINI
HORIZONS 1970

မြန်မာပြည်ရန်ကုန်မြို့၌ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားမှုသရဖူဆောင်းသော ဗုဒ္ဓအဆောက်အအုံကြီးတစ်ခုရှိရာ ရွှေတိဂုံဘုရားသို့မဟုတ် ရွှေစေတီပင်ဖြစ်သည်။ ဖိနပ်တော်မှ ငှက်ပျောဖူးထိပ်အထိ ရွှေပိန်းအပြည့်မွမ်းမံထားသဖြင့် ရွှေသားရောင် တလက်လက်တပြောင်ပြောင်ဖြင့် သပ္ပာယ်တော်မူလှသည့် စေတီတော်မြတ်ကြီးသည် အဆောက်အအုံအားလုံး၏အပေါ်မှ ကောင်းကင်သို့စွင့်စွင့်မြင့်လျက် အသရေတင့်ရှန်းပါပေသည်။ ရန်ကုန်မြို့၌နေထိုင်ကြသော မြို့သူမြို့သားတို့သည် ရွှေတိဂုံစေတီ တော်မြတ်ကြီးယင်ပြင်ထက်မှ ရန်ကုန်မြို့အတွင်းရှိ လမ်းမကြီးငယ်အသွယ်သွယ်တို့ကို အပျင်းပြေကြည့်မြော်လေ့ရှိသည်။ မြို့သူမြို့သားတို့သည် မြို့လယ်ရှိ ပန်းခြံများအတွင်းဝယ် အပန်းဖြေလမ်းလျှောက်ကြစဉ် သစ်ပင်အုပ်များအကြားမှ ထီးထီးမားမား ပေါ်လွင်လျက်ရှိသော ရွှေတိဂုံဆံတော်ရှင်ကို ကြည်ညိုသဒ္ဓါပွားကြသည်။ ဗုဒ္ဓဘာသာအပေါင်းတို့သည် နံနက်ခင်း၊ ညချမ်းအချိန် မရွေးစေတီတော်ကြီးကို ရှိခိုးကြည်ညိုကြလေသည်။ နံနက်ခင်းနှင့် ညနေချမ်းအချိန်တို့၌ နေမင်းသည် မိမိ၏နီရဲတောက်ပသော ရောင်နီလုံးကြီးမှ နေရောင်ခြည်ကို ကောင်းကင်တစ်ခွင်လုံး ဖြန့်လွှမ်းလိုက်လေရာ ရွှေတိဂုံစေတီတော်ကြီးမှ ရွှေသားရွှေရောင် တဖျပ်ဖျပ်တလျှပ်လျှပ်နှင့် ကြည်ညိုဖွယ်ကောင်းလှပေသည်။ ဘုရားဖူးပရိသတ်တို့သည် စေတီတော်ကြီးသို့ အချိန်အခါမလပ် အဖူးအမြော်ရောက်ကြ၏။ ညချမ်းအခါတွင် ဆီမီးပန်းမာလ်အမွှေးတိုင်တို့ဖြင့် ဘုရားကြီးရင်ပြင်တော်ပတ်လည်အနှံ့ ထွန်းညှိပူ ဇော်ကြသည်။ ထိုအချိန်များတွင် ယင်ပြင်တော်တစ်ခုလုံး လရောင်ဖြင့် ကျက်သရေဖြာတောက်၏။ လေပြေလေညှင်းတိုက်ခိုက် ခြင်းကြောင့် သာတောင်သာယာအသံပြည်နေသော ဆည်းလည်းသံကလေးများမှာ ကြားရသူတိုင်းဘဝင်ကို ချမ်းမြေ့ကြည်နူးစေ ပါသည်။ မြတ်ဗုဒ္ဓ၏ထာဝရငြိမ်းအေးချမ်းသာခြင်း တရားအစစ်အမှန်သည် ငြိမ်းချမ်းခြင်းတကာထက် သာလွန်ထူးကဲခြင်းကို ရွှေတိဂုံစေတီတော်မြတ်ကြီးက ဖော်ထုတ်လျက်ရှိပါသည်။

Their Search for
God Ways of
Worship in the Orient စာအုပ်မှ

www.burmeseclassic.com

www.burmeseclassic.com

၁၉ ရာစုမြင်ကွင်းသည် ၂၀ ရာစု မြင်ကွင်းသို့ ယိမ်းယိုင်နေပြီဖြစ်သည်။ ၁၉၀၀ ပြည့်နှစ်ရိုက်ကူးသည့်ပုံ (V.C Scott O' Conner, The Silken East, Vol 1, London, 1904 p 137)

www.burmeseclassic.com

www.burmeseclassic.com



အထက်ပစ္စယာပန်းတင်ခုံပေါ်ရှိ စေတီရံများနှင့် ဖိနပ်တော်ပတ်လည်ရှိ စေ့ဘိအထွတ်တင် အုတ်ဂူပြာသာဒ်များ၊ ၁၈၂၄-၂၆ (Captain J. Kershaw, Description of a Series of View in the Burmese Empire drawn on the Spot, Lindon)

www.burmeseclassic.com

www.burmeseclassic.com



၁၉ ရာစုမြင်ကွင်းသည် ၂၀ ရာစု မြင်ကွင်းသို့ ယိမ်းယိုင်နေပြီဖြစ်သည်၊ (V.C Scott O' Conner, The Silken East, Vol 1, London, 1904 p 119)

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံအရှေ့မြောက်ထောင့်မှ ပစ္စယာနှင့်ယင်ပြင်တော်မြင်ကွင်း ၁၈၂၅ အောက်တိုဘာ ၁ ရက်၊ ပန်းချီဆရာတီဟန့် ရေးဆွဲသည်။ (Richard M. Cooler, Romantic View of the First Anglo-Burmese War, 1824 - 26, IIllinois 1977)

ဗုဒ္ဓဘာသာဝင်တို့အတွက်အမြတ်ထားရာ စေတီတော်ရင်ပြင်ကို အင်္ဂလိပ်မြန်မာစစ်ပွဲအချိန်က ဤသို့ တွေ့ခဲ့ရသည်။ ပုံ၏ လက်ယာဘက်မှ စိုက်ထူထားသော ရွှေထီးများ၏အောက်တွင် ဆရာတော် သံဃာတော်များ၏ အရိုးအိုးများကို မြှုပ်ထားသည်။



အိန္ဒိယနိုင်ငံအမျိုးသားခေါင်းဆောင်ကြီး ဆရာတော်ချန်ဒရာဘို့ရှ်

လန်ဒန်မြို့ ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ခရစ်စမတ်ဟန်ဖရေး

မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)

မော်ဘက်တန်မင်းသားကြီး (မြန်မာနိုင်ငံ) တို့ကလည်း ဘုရားကြီးအပေါ် ပူးတွဲပါတသားများအတိုင်းရှိးကျူးဂုဏ်ပြုခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

REMARKS OF VISITORS

I am grateful to the Trustees for showing me their magnificent Pagoda.

May Truth, Peace and Harmony ultimately prevail in this distracted world of ours!

SARAT CHANDRA BOSE.

25th July 1946.

* * *

"Sabbe Sankara Anicca." Forms need constant renewal. Only the Dhamma is eternal.

CHRISTMAS HUMPHREYS,
President of the Buddhist Society, London.

* * *

Its beauty and serenity delights the eye. May I hope that its peaceful atmosphere is maintained to the fullness of time. The memory of this day will be forever in my mind. I have been privileged to walk on the upper platform and I greatly appreciate the kindness of the Trustees that made this possible. This is my last message to Burma: May peace and friendship forever be maintained between Burma and Great Britain. In the years to come if I can be of any help I hope that my friends in this country will not fail to call on me.

HUBERT ELVIN RANCE,
Governor of Burma,

2nd January 1948.

With my love to all Burmese Women.

NOEL RANCE.

* * *

A most inspiring visit.

MOUNTBATTEN OF BURMA.
EDWINA MOUNTBATTEN OF BURMA.
PAMELA MOUNTBATTEN.
PATRICIA BRABOURNE.

13th March 1948.

* * *

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ဖိနပ်တော်ရင်းမှ မနုဿသီဟနှင့် ခြသေ့်ရုပ်တို့ကို နှစ်ပေါင်း ၁၂၀ ခန့်က မြင်ရသောဓာတ်ပုံ

ဒုတိယကမ္ဘာစစ်ကြီးပြီးစ ဗြိတိသျှစစ်အစိုးရကိုယ်စားလှယ်များ ဘုရားဖူး ပန်းဆီမီးပူဇော်နေပုံ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင်တို့၏ ကမ္ဘာ့အချက်အခြာကျသော မြတ်ဘုရားရွှေတိဂုံ၊ ဗြိတိန်နိုင်ငံမှ ထုတ်လုပ်သောစာအုပ်မျက်နှာဖုံးမှ

www.burmeseclassic.com

www.burmeseclassic.com

ရှေးနှစ်ပေါင်း ၃၀၀ လောက်က ဘုရားပွဲတော်များ

ရွှေတိဂုံစေတီတော်ကြီးကိုအကြောင်းပြု၍ ဒဂုံမြို့သည် ထင်ရှားခဲ့သည်။ သံလျင်မှာမူ ဆိပ်ကမ်းမြို့ဖြစ်၍ ကူးသန်းရောင်းဝယ်ရာ အချက်အချာနေရာဖြစ်ခဲ့သည်။

ခရစ်နှစ် ၁၇၀၀ လောက်တွင် ဟယ်မီလတန်အမည်ရှိ အင်္ဂလိပ်ခရီးသည်တစ်ဦး သံလျင်သို့ရောက်လာသည်။ ၁၇၄၄ တွင်ထုတ်ဝေသော သူ၏မှတ်တမ်းတွင် သံလျင်မြို့အနီးတွင် ဘုရားနှစ်ဆူရှိကြောင်း တစ်ဆူမှာ ကျိုက်ခေါက်အမည်ရှိ၍ တောင်ဖက် ခြောက်မိုင်ကွာခန့်တွင်ရှိကြောင်း အခြားတစ်ဆူမှာ သံလျင်၏ မြောက်ဖက် မြေနိမ့်လွင်ပြင်တွင်ရှိပြီး ဒဂုန်ဟုအမည်တွင်ကြောင်း နှစ်စဉ်ကျင်းပသောဘုရားပွဲတော်များရှိကြောင်း ဘုရားပွဲများ၌ စေတနာသဒ္ဓါတရားရှိသလို လှူဒါန်းကြသည်ဟု ရေးသားထားသည်။

ပွဲတော်များ၏ အစီအရင် အခင်းအကျင်း

ရှေးမြန်မာမင်းများလက်ထက်က ရွှေတိဂုံဘုရား၏ ဝါကျွတ်၊ တပေါင်း၊ ကဆုန် စသည့် ပွဲတော်အခမ်းအနားများကို သံလျင်ရာဇဝင်၌ အသေးစိတ်ဖော်ပြထားသည်။ ထိုပွဲတော်များတွင် မြို့ဝန်မင်းကိုယ်တိုင် ရွှေနန်းတော်ကြီးမှပေးပို့သော လှူဘွယ်ဝတ္ထုများကိုသယ်ဆောင်၍ နောက်လိုက် နောက်ပါတို့နှင့် ဘုရားဖူးတက်လေသည်။ ယင်းအခမ်းအနားတို့မှာ -

(၁) ဝါကျွတ်ပွဲတော်

အလှူတော် ရွှေပန်းခိုင် ငွေပန်းခိုင်ကို အများစု၊ စာရေးစုလူတို့ကိုင်ရသည်။ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်ကို အကြီးစု၊ ဆားချက်စုတို့ကိုင်ရသည်။ ထီး တံခွန် ကုက္ကားမှာ ကုန်းဘောင်စစ်ကွပ် နံနတ်လူစုတို့ ကိုင်ရသည်။ အလှူတော်ပွဲသဘင်၊ လက်ဇေ့၊ လက်ပမ်း၊ လက်ရိုက် သုံးရက်စေ့အောင် ပွဲတော်ခံရသည်။ ဆုချရန်ဖျင်လဘက်ကို ပွဲစား၊ ပွဲကောက်၊ ပွဲစာရေး၊ လှေတိုင် လှေစာရေးတို့ကပေးရသည်။ ရှေ့နေတို့ ဆုတော်ကို ကိုင်၍ချရသည်။ အလှူတော်ဘုရားကိုတင်သည်။

(၂) သီတင်းကျွတ်ပွဲတော်

မြို့ဝန်ဘုရားတက်သည့်ကာလ၊ တပ်ခင်းကျင်း၍ တက်ရသည်မှာ အမြောက်ကို အရှေ့၊ ၎င်းနောက် သူရဲ၊ ၎င်းနောက် သေနတ်၊ ၎င်းနောက် စစ်ကွပ်ကုန်းဘော်၊ ၎င်းနောက် လှေစီး၊ ၎င်းနောက် ယွန်းစစ်ကဲ၊ ၎င်းနောက် လှေခေါင်းတို့ စစ်ဝတ်တန်ဆာအစုံနှင့် စွဲကိုင်မြဲလက်နက်တို့ကို ကိုင်၍လိုက်ရသည်။ ၎င်းနောက် ယပ်ကိုင်၊ တံစဉ်၊ ၎င်းဓါး၊ တက္ကလတ်အိတ်စွပ်၊ နောက် မြို့ဝန်မင်း၊ သည်နောက် ကွမ်းခွက်၊ ခမောက်တင်၊ နေရောင်စွဲပ်၊ လဘက်အိုး၊ တင်းပုပ်၊ အုန်းပန်း၊ သင်ဖြူး၊ အမွမ်းအဆောင် တဘက်လိုက်ရသည်။ အဆောင်နီမှာ အဲမောင်းလုံ့ရှည်၊ သေနတ်၊ တုတ်၊ ဓါး၊ နီပါးထည်စွပ်၍ တဘက်ကလိုက်ရသည်။

(၃) တပေါင်းပွဲတော်

တပေါင်းလ အလှူတော်ရောက် မြို့ဝန်မင်းဘုရားတက်။ ၎င်းနည်း၊ ဘုရားရင် စောင်းတန်းလေးမျက်နှာ ပွဲတော်သုံးရက်ကိုလည်း စစ်ကဲယွန်း၊ စစ်ကွပ်ယွန်းသား၊ လှေစီးစစ်ကွပ် သေနတ်သားတို့ လက်နက်အစုံနှင့် လိုက်စေရသည်။ ပန်းအလှဲချောင်း ရှင်မွေးနွန်းကျွန်းတွင်၊ ရဲလှေနှင့် ရေစစ်ကဲလှေခေါင်း၊ လှေစီး၊ ယွန်း၊ စစ်ကဲ၊ စစ်ကွပ်၊ ကုန်းဘော်၊ နံနတ်၊ သရိုင်မိုင်းဇော၊ ယွန်းသူရဲ၊ သေနတ်အမြောက် လက်နက်တန်ဆာအစုံနှင့် ပွဲတော်သုံးရက်စေ့အောင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com

(၄) ကဆုန်ညောင်ရေပွဲတော်

ညောင်ရေသွန်းအလှူတော်ကို ခံရသည်မှာ ကဆုန်လ
ကဆုန်လ မင်းကေရာဇ်ကိုယ်စားတော် သံဃာတိုင်း ညောင်ရေသွန်းအလှူတော်ကို ခံရသည်မှာ ကဆုန်လ မင်းဧကရာဇ်ကိုယ်စားတော် ... အမည်စာရင်းရုံးတော်တွင် စာရေးကြီး
ဆန်းလျှင် ကျောင်းစာရေးတို့က မည်သည့်ဂိုဏ်းအုပ်၊ မည်သည့်သံဃာဝါတော်၊ ဝါတော်အမည်စာတို့ တခု
တို့ကိုစာရင်းချပေးရသည်။ စာရေးကြီးတို့က မည်သည့်ကျောင်းနေ၊ မည်သည့်သံဃာတော်၊ သင်္ဘော့ဖျာ၊ တကောင်း၊
စီရေး၍ မင်းဧကရာဇ်ကိုယ်စားတော်၊ သံဃာတစ်ပါးလျှင် သင်္ကန်းတစ်စုံ၊ ဆွမ်းတသပိတ်၊ သဘော့ဖျာ၊ တကောင်း၊
ထွေးအင်၊ ကိုယ်စားတော်လှူရသည်မှာ မြို့ဝန်မင်း၊ ဝါကြီးသင်္ကန်း ၄ သည်အောက်ရေဝန်မင်း ၄၊ သည်အောက်စစ်ကဲ
တော် ၃ ပါးစီ၊ နားခံစာရေးကြီးတို့ ၂ ပါးစီ။ ကျန်သည် သံဃာတော်တို့ကို အမှုထမ်းကြီးငယ်၊ မြို့ရွာအရပ် ကြီး
ငယ်တို့ကိုထောက်၍ သံဃာတော်တို့ အမည်တင်သွင်းသည့်စာတို့ကို ကုန်စင်အောင်ပေးဝေပြီးမှ ၄င်းလပြည့်ကျော် ၄
ရက်။ လက်ဖော့ လက်ပမ်း လက်ရိုက် ဆုချပွဲစုံမှစ၍ ၄င်းတပေါင်းလနည်းတူ ပွဲတော်ခံရသည်။
ရက်။ လက်ဖော့ လက်ပမ်း လက်ရိုက် ဆုချပွဲစုံမှစ၍ ၄င်းတပေါင်းလနည်းတူ ပွဲတော်ခံရသည်။ ညောင်ရေအိုးတစ်လုံး၊ ရေသင်းအမွှေး

မြို့ဝန်မင်း ညောင်ရေတော်ကိုလိုက်ရသည်မှာ အရပ်တွင် တစ်အိမ်ကို ညောင်ရေအိုးတစ်လုံး၊ ရေသင်းအမွှေး အကြိုင် ပန်းမှန်နှင့်၊ မြို့ဝန်မင်းရှေ့ ပွဲစုံနှင့် ခင်းကျင်းစီရင်သွားသည်။ နောက်မြို့ဝန်မင်း ၄င်းသီတင်းကျွတ်ပွဲတော်နည်း လက်နက်ကိရိယာအစုံနှင့် တပ်ခင်းကျင်း၍လိုက်ရသည်။

အထက်ပါသမိုင်းမှတ်တမ်းအရ မြို့ဝန်က ဘုရားဖူးတက်သည်မှာ ဘုရင်မင်းမြတ်၏ကိုယ်စားအဖြစ် တက်ရောက်၍ ကပ်လှူပူဇော်ရခြင်းဖြစ်သည်။



ရန်ကုန်မြစ်လယ်မှ ဖူးမြင်ရသော ရွှေတိဂုံစေတီတော်ကြီးပုံ
ခရစ်နှစ် ၁၈၂၄ ခုနှစ်တွင် ရန်ကုန်မြစ်တွင်းရှိ
အင်္ဂလိပ် သင်္ဘောတစင်းပေါ်မှ ကြည့်ရှုရေးဆွဲထားသော
ပန်းချီလက်ရာဖြစ်သည်။

www.burmeseclassic.com

ရှေးကခေတ်စားသောပွဲများသည် ရွှေတိဂုံနှင့်ဆက်စပ်နေစမြဲ

သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလများ၌ ဆီမီးထောင်ပြည့်လှူပွဲတော်မှာ ရှေးအကျဆုံးပွဲတော်ဖြစ်သည်။ ဝကာ္ဘာပွဲတော်များလည်း လုပ်လေ့လုပ်ထရှိပါသည်။

ငါးလွှတ်ပွဲ

တန်ခူးလမှာ ငါးလွှတ်ပွဲသည် အရပ်တိုင်းမှာ ကျင်းပသည်။ လှည်းယဉ်ကလေးများနှင့် ဇာတ်ခင်း၍ လှူဂုဏ်တန်များ ပါဝင်ဆင်နွှဲကြသည်။ ပတိန်တန်းနှင့် လမ်းမတော် လှည်းတန်း ငါးလွှတ်ပွဲ၌ တစ်အိမ်တစ်ယောက်ကြ ပါဝင်ရသည်၊ လှည်းတန်း၌ ယိမ်းဆရာ ဦးအောင်မင်းသည် နာမည်ကြီးသူတစ်ဦးဖြစ်သည်။

နွားလွှတ်ပွဲ

နှစ်သစ်ကူး သင်္ကြန်ပွဲတော်ခါ၌ အလှူများကောက်ခံ၍ ဇီဝိတဒါနနွားများကို ဝယ်ယူ၍ လွှတ်ကြသည်။

ရာသီပွဲတော်များ တန်ခူးလ

အတီးအကအခုန်များနှင့် ရပ်ကွက်များတွင် ပိုက်ဆံများကောက်ခံပြီး အလှူအတန်းလုပ်ကြသည်။ ဥပုသ်သီလဆောက်တည်ကြသည်။ ကလေးများသာ ရေပက်ကစားကြသည်။ ရွှေတိဂုံတရားသို့ သင်္ကြန်မကျမီရေသပ္ပါယ်ရန် အစုလိုက် အအုပ်လိုက် အတီးအမှုတ်၊ အကအခုန်များနှင့် တက်ကြသည်။ မြန်မာပိုင်း၌ အလွန်ပျော်တတ်သောသူများသည် နှစ်ဆန်း ၁ ရက်နေ့ ဥပုသ်ထွက်မှ သိက္ခမ်းသောသူများကို ရေပက်ကြသည်။ အပက်ခံရသောသူက သင်္ကြန်မတက်တန်းဟု ကြည်စားပြောဆိုလေသည်။ ခရစ်သက္ကရာဇ် ၁၉၃၅ ခုနှစ်ကစ၍ သတင်းစာများက မော်လမြိုင်ရေကစားသည်ကို ချီးကျူးရေးကြသဖြင့် ရန်ကုန်ကလည်း အတုယူပြီး မော်တော်ကားများ ဘတ်(စ်)ကားများနှင့် လှည့်လည်ရေကစားကြသည်။ မဏ္ဍပ်များနှင့် ဧည့်ခံကျွေးမွေးကြသည်။ တစ်နှစ်ထက်တစ်နှစ် တိုးလာပြီး ရေကစားကြမ်းလာသည်။

ကဆုန်လပွဲတော်

ရွှေတိဂုံဘုရားသို့ အသင်းအပင်းများ ညောင်ရေသွန်းကြသည်။ ၁၉၁၇ ခုနှစ်မှစ၍ အစိုးရရုံးပိတ်ရက် ပြုလုပ်သည်။

ဝါဆိုလပွဲတော်

ဘုရားများ၊ ကျောင်းများသို့သွား၍ ဥပုသ်သီလဆောက်တည်ခြင်း သင်္ဃာတော်အရှင်မြတ်များအား ဆွမ်းကပ်လှူခြင်း။ အစုအဝေးနှင့်ထွက်၍ ဝါဆိုပန်းများခူးပြီး ဘုရားကပ်လှူကြသည်။

သီတင်းကျွတ်ပွဲတော်။

ရှေးအခါက သီတင်းကျွတ်ပွဲတော်အခါတွင် မြန်မာများရပ်ကွက်၌ မီးထွန်းပွဲများတွင် ယခုခေတ်ကဲ့သို့ မီးလုံးမီးချောင်းများမပါ မိမိတို့လက်ဖြစ် မီးပုံးများကို သီတင်းမကျွတ်မီ တစ်လခန့်က ကြိုတင်၍ မီးပုံးပုံ အမျိုးမျိုးလုပ်ခါပန်းအမျိုးမျိုး အရုပ်အမျိုးမျိုးရေးဆွဲကြသည်။ အချို့မီးပုံးများ ဇာတ်ကွက် ဇာတ်လမ်းများ ရေးဆွဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com

တန်ဆောင်တိုင်ပွဲတော်။

ရွှေတိဂုံဘုရားမှာ အသင်းအပင်းများ မဏ္ဍပ်များဖြင့် ဆွမ်းတော်ကြီးတင်ကြသည်။ ကြွလာသောသူများအား ညှိခံကျွေးမွေးကြသည်။ စောင်းတန်းများ၌ အတက်နှင့်အဆင်း ခွဲ၍ထားသည်။ ဟိုခေတ်က ထင်ပေါ်သောအသင်းမှာ ပုညကုသလအသင်း၊ တရုတ်အမျိုးသားအသင်းနှင့် စေတီယင်္ဂနအသင်းဖြစ်သည်။ ပန်းထိမ်တန်း၌ တန်းလုံးကျွတ်မီးများသည် အလွန်လှပ၍ ကြည့်ရှုကြသည်။ ကျုံးကြီးလမ်းဘက် ပန်းထိမ်တန်းထိပ် တရုတ်ကျောင်း၌ အရုပ်ဇာတ် နှစ်ခုံကပြသည်။ ကော်မရှင်နာလမ်းရှိ အစိုးရဟိုက်စကူးကျောင်း၌ ညှိခံကျွေးမွေးသည်။ ယခုခေတ်တွင် လမ်းမတော်ပိုင်း၌ အကအခုံဇာတ်မျိုးစုံခင်းကျင်း၍ အလွန်စည်ကားစွာဆင်နွှဲကြသည်။ ရွှေတိဂုံဘုရားကုန်းတော်၌ မသိုးသင်္ကန်းယက်ပွဲကြီးကျင်းပသည်။

တပေါင်းလပွဲတော်

ရွှေတိဂုံဘုရား၌ ဆွမ်းတော်ကြီးတင်သည်။ ဘုရားလမ်းရှိ စတုဒိသာအသင်းမှ လာလာသမျှတို့ကို ကျွေးမွေးသည်။ ယခုခေတ်၌ကား ရွှေတိဂုံတပေါင်းပွဲတော်ကြီးတွင် ပြိုင်ပွဲပြပွဲများပါ ခင်းကျင်း၍ အလွန်စည်ကားစွာ ဇာတ်၊ ရုပ်သေး၊ အငြိမ့်၊ ရုပ်ရှင်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ပွဲတော်ကြီးကိုဆင်နွှဲကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်တို့က လက်ဦးအောင်တပ်စွဲထားသော ရွှေတိဂုံကုန်းတော်ရင်ပြင်သည် အုန်းထန်းတို့ဖြင့် အရပ်အာဝါသကောင်းသောနေရာဖြစ်သည်။ အရပ်လေးမျက်နှာသို့မျှော်ကြည့်လျှင် ရန်ကုန်မြို့နှင့်တကွ နီးနားပတ်ဝန်းကျင်ကို သဲကွဲစွာစီး၍မြင်နိုင်၏။

ထို့ကြောင့် အင်္ဂလိပ်တပ်တွင်ပါလာခဲ့သော ဗိုလ်ကြီးလော်ရီက –

ရန်ကုန်မြို့ကို ပင်တိုင်ထား၍ကြည့်လျှင် ရွှေတိဂုံဘုရားကြီးသည် စစ်စခန်းတစ်ခုအနေဖြင့် အလွန့်အလွန်အရေးပါသောနေရာဖြစ်သည်။ အုတ်စီထားသောပစ္စယာသည် ခံတပ်ကောင်းတစ်ခုအဖြစ် ပို၍တိရောက်စေသည်။ ထို့ပြင် အပေါ်စီးကြည့်နိုင်သောနေရာဖြစ်ခြင်းကြောင့်လည်း ကျွန်ုပ်တို့၏တပ်စခန်းချမှုတွင် သော့ချက်နေရာဖြစ်စေသည်။ ထို့ကြောင့် ဘုရားကြီးထဲတွင် တပ်ခွဲနှစ်ခု၊ ကုန်းတော်ခြေရင်းတွင် ရဲဂျီးမင့်နှစ်ခုကို စခန်းချထားသည်

ဟု ရေးသားခဲ့လေသည်။

ပထမတွင် မြန်မာတပ်များသည် ရွှေတိဂုံကုန်းတော်ကို ခြေကုပ်ယူထားသော အင်္ဂလိပ်တပ်များအား ချဉ်းကပ်တိုက်ခိုက်ကြသည်။ အင်္ဂလိပ်တို့က ကုန်းတော်တစ်ဝိုက်မှလည်းကောင်း၊ မြစ်ထဲရှိစစ်သင်္ဘောများမှလည်းကောင်း နှစ်ဖက်ညှပ်၍တိုက်သဖြင့် မြန်မာတို့နောက်ဆုတ်ရပြီး ကြည့်မြင်တိုင်ခံတပ်ကို အနိုင်အလုပ်ပြုရသည်။

ကုန်းတော်ကိုသိမ်းရန် မြန်မာတို့အကြံအစီပျက်သောပွဲ

ရွှေတိဂုံစေတီတော်ကုန်းမြေတွင် တပ်စွဲထားသော အင်္ဂလိပ်ဗိုလ်ချုပ်ကင်းဘဲလ်သည် ကြည့်မြင်တိုင်သို့ ရေကြောင်း၊ ကုန်းကြောင်းသွားရောက်ကာ နှစ်ဖက်ညှပ်၍ တိုက်သည်။ ဇွန်လ ၁၁ ရက်နေ့တွင် ကြည့်မြင်တိုင်ခံတပ်ကို သိမ်းမိသည်။ ထိုအခါ မြန်မာတို့သည် ကမာရွတ်ခံတပ်သို့ ဆုတ်၍ခံကြသည်။

အင်္ဂလိပ်တပ်များမှာ မိုးရာသီဖြစ်သောကြောင့် စွတ်စိုသော ရာသီဥတု၏ဒဏ်ကို မခံနိုင်ဘဲ အဖျားအနာအလွန်များသည်။ မြန်မာတို့က လူသူကအစ၊ ကျွဲနွားများကို ဝေးရာသို့ပို့ထားသဖြင့်လည်း လတ်ဆတ်စွာမစားသုံးရသောကြောင့် ဝမ်းကိုက်ရောဂါများ ဖြစ်ပွားနေလေသည်။ ထို့ကြောင့် အင်္ဂလိပ်တို့မှာ ရိက္ခာအတွက်လည်းကောင်း၊ နယ်မြေကိုမကျွမ်းကျင်သဖြင့် လမ်းပန်းဆက်သွယ်မှုအတွက်လည်းကောင်း များစွာအခက်အခဲတွေ့ရလေသည်။

မြန်မာတို့သည် ကမာရွတ်ခံတပ်မှနေ၍ အင်္ဂလိပ်တို့အနိုင်အမာတပ်စွဲရာ ရွှေတိဂုံကုန်းတော်ကို ဆက်လက်တိုက်ခိုက်ကြရန် ကြိုးပမ်းနေလေသည်။ ဇူလိုင်လ ၁ ရက်နေ့တွင် မြန်မာတပ်များသည် စစ်ကြောင်းသုံးကြောင်းခွဲ၍ အင်္ဂလိပ်များဆီသို့ ချီတက်လာကြသည်။ မြန်မာတို့၏ဗဟိုစစ်ကြောင်းမှာ ကြည့်မြင်တိုင်ခံတပ်မှ ရွှေတိဂုံဘုရားအထိ တပ်ဖြန့်လျက် ချီတက်ကြလာသည်။ တောအုပ်ကိုအကာအကွယ်ပြု၍ ချီတက်လာပြီးနောက် မြန်မာလက်ဝဲစစ်ကြောင်းသည် အင်္ဂလိပ်တို့၏ကင်းစခန်းအနီးရှိ တောင်ကုန်းငယ်တစ်ခုကို သိမ်းပိုက်ထားလိုက်ကြသည်။

- မြန်မာတို့ဖက်မှ အသေခံတပ်တစ်တပ်သည် ဩဂုတ်လ ၃၀ ရက်နေ့ ညသန်းခေါင်ယံအချိန်၌ ရွှေတိဂုံစေတီတော်ကြီးရှိ အင်္ဂလိပ်စစ်ဌာနချုပ်သို့ ရုတ်တရက် ဝင်၍စီးကြသည်။

မဟာဗန္ဓုလရောက်လာခြင်း

ခရစ်နှစ် ၁၈၂၄ ခုအတွင်း ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မမဟာဗန္ဓုလသည် နေပြည်တော်မှ စုန်ဆင်းလာခဲ့ရာ နိုဝင်
ဘာလ နောက်ဆုံးအပတ်ထဲတွင် လှိုင်မြစ်ပေါက် မှော်ဘီကျွဲကူးဆိပ်မှတက်၍ ဝူကြီးကျိုက်ကလို့မှတဆင့် တံတားကြီးအရပ်အထိ
ချီတက်တပ်စွဲလေသည်။

မဟာဗန္ဓုလသည် အင်္ဂလိပ်တို့အားစစ်ဆင်ရန် စစ်ကြောင်းကြီး ငါးကြောင်းခွဲသည်။ ထိုစစ်ကြောင်းငါးကြောင်းအနက်
အတွင်းဝန်ကြီး မဟာမင်းလှရာဇာ၏စစ်ကြောင်းမှာ စစ်သည် ၃၀၀၀ နှင့် သိင်္ဂုတ္တရကုန်းရှိ အင်္ဂလိပ်တပ်များအား တိုက်ခိုက်
ရန်ဖြစ်သည်။ အခြားစစ်ကြောင်းများမှာ ပုဇွန်တောင်၊ ဆံတော်ကြိုလမ်း၊ ကြည့်မြင်တိုင်လမ်း၊ ဒလမှတိုက်ခိုက်ရန်ဖြစ်သည်။
ထိုစစ်ကြောင်းအသီးသီးတွင်ပါဝင်သော မြန်မာတပ်များသည် နိုဝင်ဘာလ ၃၀ ရက်နေ့ညတွင် အင်္ဂလိပ်များတပ်စွဲရာ
စစ်မျက်နှာရှေ့ရှိ ကျယ်ဝန်းလှသော သစ်တောအုပ်အတွင်း၌ နေရာယူထားလိုက်ကြသည်။ မြန်မာတပ်များသည် ကဏန်းလက်
မသဏ္ဌာန် သို့မဟုတ် ပစောက်ပုံသဏ္ဌာန်ဖြင့် အင်္ဂလိပ်တို့တပ်စွဲထားရာ ရွှေတိဂုံကုန်းတော်ကို ဗဟိုပြု၍ အနောက်ဘက်တွင်
ဒီဇင်ဘာလ ၁ ရက်နေ့ နံနက် အရုဏ်တက်တွင် မြန်မာတပ်များက ကြည့်မြင်တိုင်ခံတပ်ကိုစ၍ တိုက်ကြသည်။ ကြည့်မြင်

www.burmeseclassic.com

www.burmeseclassic.com

တိုင်ခံတပ်ကို မြန်မာတို့ညာသံပေး၍ ဟစ်အော်ကြွေးကြော်၍ တိုက်ခိုက်နေကြသည်များကို နှစ်မိုင်မျှဝေးသော ကြည့်မြင်တိုင် အထက်ဆီမှလည်းကောင်း၊ အရှေ့ဘက်တွင် မြန်မာမြို့ဝန်၏အိမ်ဖြူရှိရာ ပုဇွန်တောင်အထိလည်းကောင်း ကျယ်ပြန့်စွာဝန်းရံကာ လိုက်သည်။ မြစ်တစ်ဘက်တွင် ဒလမှ မြန်မာစစ်ကြောင်းတစ်ခုရှိနေသည်။ ရွှေတိဂုံကုန်းတော်ပေါ်ရှိ အင်္ဂလိပ်ပင်မစခန်းမှာမူ ကပင် ကြားနေရလေသည်။

ထိုနေ့နံနက်လင်းသောအခါ အင်အားကြီးမားသော မြန်မာတပ်များသည် တောအုပ်အစွန်းမှထွက်လာပြီး ကြည့်မြင်တိုင် မိစစ်ကြောင်း၏ ဝဲ–ယာဆီသို့ တပ်ဖြင့်ချီတက်သွားကြသည်။ မွန်းတည့်အချိန်လောက်တွင် ကျော်ဝန်ကြီး ဦးစီးသောတပ်များ ကလည်း ဒလဖက်မှနေ၍ အမြောက်ကြီးများဖြင့် မြစ်အတွင်းရှိ အင်္ဂလိပ်သင်္ဘောများကို လှမ်း၍ပစ်ခတ်လေသည်။

ထိုနေ့ခင်းပိုင်းတွင် မြန်မာစစ်တပ်ကြီးတစ်တပ်သည် ရွှေတိဂုံအရှေ့ဘက် တစ်မိုင်ကွာရှိ သစ်တောကြီးအတွင်းမှ ချီတက်လာနေသည်။ တပ်ဦးတွင် အလံမျိုးစုံ၊ စစ်တံခွန်မျိုးစုံကို လွှင့်ထူလာကြ၏။ ထိုတပ်ဖွဲ့များ တစ်တပ်ပြီးတစ်တပ် နေရာယူလိုက်ကြရာ ရွှေတိဂုံစေတီတော်၏ အရှေ့တောအုပ်စွန်းမှသည် မြို့နှင့် အမြောက်တစ်ကမ်းအကွာ ပုဇွန်တောင်မြစ်ကမ်း အထိ တပ်ချင်းဆက်သွားလေသည်။ တစ်ဘက်တွင်လည်း ရွှေတိဂုံစေတီတော်အနောက်ဘက်မှ ကြည့်မြင်တိုင်မြစ်ကမ်းအထိ ဆက်နေသော လက်ယာစစ်ကြောင်းကြီးရှိသည်။ ဗဟိုစစ်ကြောင်းမှာ ရွှေတိဂုံစေတီတော်မြောက်ဖက်ရှိ တောအုပ်အတွင်း၌ ရှိနေသည်။

မြန်မာတို့က ဝိုင်းရံထားသောနေရာမှာ အင်္ဂလိပ်စစ်ကြောင်းနှင့် အလှမ်းဝေးနေသဖြင့် ကတုတ်ကျင်းများတူး၍ ချဉ်းကပ်ကြသည်။ တပ်ချလျှင်ချချင်း စစ်ကြောင်းတစ်လျှောက် ကတုတ်ကျင်းများတူးကြသည်မှာ နှစ်နာရီအတွင်းမှာပင် မြန်မာစစ်ကြောင်းကြီးတစ်ခုလုံး ပျောက်ကွယ်သွား၍ စစ်ကြောင်းတစ်လျှောက် လှည့်လည်စစ်ဆေးနေသော ရွှေထီးဆောင်းတပ်မှူး ကြီးများကိုသာ အင်္ဂလိပ်တို့က လှမ်း၍မြင်ရတော့သည်။

ကင်းဘဲလ်ကဆင်းတိုက်ခြင်း

ဤသို့မြန်မာတပ်များသည် ကွင်းပြင်ကိုဖြတ်သန်း၍ တက်လာမည့်အရိပ်အခြည်ကို ရိပ်မိသွားသော ဗိုလ်ချုပ်ကင်းဘဲလ် သည် အမြောက် အလက် ၂၀ ဖြင့် ဘုရားကြီးကုန်းတော်ပေါ်မှ အသင့်ပြင်ထား၏။ စောင့်ဆိုင်းနေလျှင် အင်္ဂလိပ်တပ် တောင် ခြေသို့ရောက်လာလိမ့်မည်ကို တွေးမိသဖြင့် ဆင်း၍တိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

သို့ဖြင့် ထိုနေ့မွန်းတည့်အချိန်ခန့်တွင် အင်္ဂလိပ်တပ်များက ဆင်း၍တိုက်ရာ ဤသို့ စတင်တိုက်ခိုက်လာလိမ့်မည်ဟု မထင်သော မြန်မာတပ်သားများသည် ခပ်လှမ်းလှမ်းသို့ရောက်မှ သိရှိပြီး မြေကတုတ်ကျင်းများတူးနေရာမှ ဆီး၍ပြန်လည်တိုက် ခိုက်ကြသည်။ ထိုနေရာတွင် အနည်းငယ် ရှုပ်ရှုပ်ထွေးထွေး တိုက်လိုက်ရပြီးနောက် သွေးတိုးလာစမ်းသော အင်္ဂလိပ်တပ်များသည် စခန်းသို့ပြန်ဆုတ်သွား၏။ မြန်မာတို့လည်း ညနေပိုင်းတွင် ထိုကတုတ်ကျင်းများတွင်ပင် ပြန်လည်နေရာယူရင်း ပြင်ဆင် နေကြ၏။

ထိုဒီဇင်ဘာလ ၁ ရက်နေ့ နေဝင်ချိန်တွင် မြန်မာတိုက်ကင်းတပ်ဖွဲ့တစ်ခု ရွှေတိဂုံကုန်းတော် အရှေ့မြောက်ထောင့်သို့ လာရောက်တိုက်ခိုက်ရာ အင်္ဂလိပ်တို့က ပြန်လည်တိုက်ခိုက်သည်။ မြန်မာတို့ တောတွင်းသို့ ပြန်ဆုတ်သွားကြ၏။

ဒီဇင်ဘာလ ၁ ရက်နေ့ ညတစ်ညလုံး မြန်မာစစ်ကြောင်း၏အလယ်ဗဟိုမှ တပ်များသည် တိတ်တဆိတ်ချီတက်လာ၍ ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ဝရှိ တောင်ကုန်းငယ်တစ်ခုတွင် တပ်စွဲထားလိုက်သည်။ ထိုသို့ နီးကပ်စွာ လာရောက်တပ်စွဲနေ သည်ကို အင်္ဂလိပ်တို့သည် ဒီဇင်ဘာလ ၂ ရက်နေ့ နံနက်တွင်မှ သိရှိရလေသည်။ သွေးဆေးကန်တစ်ဘက်ရှိ ယင်းတောင်ကုန်း တွင် မြန်မာတို့တပ်စွဲနေသည်ကိုသိသော အင်္ဂလိပ်တို့က ဆင်း၍တိုက်ကြ၏။ မြန်မာတို့ကလည်း အမြောက်ကြီးများဖြင့်လှမ်း၍ ပစ်ခတ်၏။ ထို့ကြောင့် ထိုနေရာတစ်ဝိုက်တွင် တိုက်ပွဲများ အကြိမ်ကြိမ်ဖြစ်ပွားနေသည်။ သို့သော် မြန်မာတို့အား ရောက်ရှိပြီး သောနေရာမှ ဆုတ်ခွာသွားရန် အင်္ဂလိပ်တို့မတတ်နိုင်ကြချေ။

စီးကုန်ယမ်းကုန်တိုက်ပွဲ

မြန်မာတပ်များမှာ အင်္ဂလိပ်တပ်များနှင့် အလွန်နီးနေသဖြင့် မြန်မာတို့ပစ်ခတ်လိုက်သော ကျည်ဆံများသည် အင်္ဂလိပ်စစ် သားတို့အိပ်သော အိပ်ရာထဲသို့ပင် သွားရောက်ထိမှန်သည်။

ဒီဇင်ဘာလ ၃ ရက်နှင့် ၄ ရက်နေ့များတွင် ရွှေတိဂုံကုန်းတော်သို့ အဖက်ဖက်မှဝိုင်းရံ၍ သဲသဲမဲမဲအားသွန်တိုက် ခိုက်ကြသည်။ ဘုရားကုန်းတော်ပေါ်တွင် တလူလူလွှင့်နေသော ဗြိတိသျှအလံကို မျက်မုန်းကျိုးကျိုးနှင့် တိုး၍ပစ်ခတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သွေးဆေးကန်တစ်ဘက်မှ မြန်မာတပ်များသည် အင်္ဂလိပ်စစ်တပ်တန်းလျားများဆီသို့ ပစ်ခတ်ကြသည်။

ထိုအချိန်တွင် ဒလဘက်မှ မြန်မာတပ်များကလည်း အင်္ဂလိပ်သင်္ဘောများကို ပစ်ခတ်တိုက်ခိုက်သည်။ ကြည့်မြင်တိုင်ရှိ အင်္ဂလိပ်တပ်စခန်းကိုလည်း သဲသဲမဲမဲတိုက်ကြသည်။ မြစ်ညာမှနေ၍ မီးဖောင်များကိုလည်း အချိန်ကိုက်၍ မျှောချလေရာ အင်္ဂလိပ်သင်္ဘောများမှာ စိုးရိမ်ဖွယ်ရာအခြေအနေနှင့် ရင်ဆိုင်ရ၍ အစွမ်းကုန်ကာကွယ်ရသည်။ တစ်ကြိမ်တွင် တိမ်မောက်ခေါ် အင်္ဂလိပ်သင်္ဘောကို မီးစွဲလောင်သဖြင့် ခက်ခက်ခဲခဲငြိမ်းသတ်ရလေသည်။

မြန်မာတို့က မီးကုန်ယမ်းကုန် တိုက်ခိုက်နေသည်ကို သိဂ္ဂုတ္တရကုန်းတော်ပေါ်ရှိ အင်္ဂလိပ်တပ်များကလည်း စစ်အင်အားကြီးမားစွာဖြင့်ခုခံနေသောကြောင့်သာ သိဂ္ဂုတ္တရကုန်းကို မတက်နိုင်သေးဘဲရှိသည်။ မြန်မာတို့သည် မြို့ကွက်နှင့် နီးသည်ထက်နီး ကပ်လာပြီဖြစ်သောကြောင့် တဲအိမ်များအတွင်း ဖြစ်သလိုထားရသော အင်္ဂလိပ်တို့၏ လက်နက်ခဲယမ်းမီးကျောက်များမှာ စိုးရိမ်ရသဖြင့် ပြန်လည်ထိုးစစ်ဆင်ရန် ဗိုလ်ချုပ်ကင်းဘဲလ်က ဆုံးဖြတ်လိုက်ရသည်။

အပြင်းအထန်အကျိတ်အနယ်တိုက်သော တိုက်ပွဲ

ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဗိုလ်မှူးစလေနှင့် ဗိုလ်မှူးဝေါကာတို့က ဦးစီး၍ မြန်မာစစ်ကြောင်း၏ လက်ဝဲတောင်ပံကို ဝင်ရောက်တိုက်ခိုက်သည်။ ဗိုလ်မှူးဝေါကာသည် ရှေ့ဆုံးရှိ မြန်မာကတုတ်ကျင်းများကို တိုက်ခိုက်ရာတွင်ကျဆုံးသည်။ အင်္ဂလိပ်တပ်သားအများအပြားလည်း ကျဆုံးသည်။ အင်္ဂလိပ်တို့သည် လှံစွပ်တိုက်ပွဲဆင်၍တိုက်ကြသည်။ မြန်မာတို့၏ လက်ဝဲတောင်ပံမှာကျိုးသဖြင့် ဆုတ်သွားရသည်။

ထိုနေ့တိုက်ပွဲပြီးဆုံးပြီးနောက် ဒီဇင်ဘာလ ၆ ရက်နေ့တွင် စစ်သူကြီးမဟာဗန္ဓုလသည် မြန်မာစစ်ကြောင်း၏ ဝဲတောင်ပံကို ပြန်လည်စုရုံးဖွဲ့စည်း၍ အင်အားဖြည့်လျက်နေသည်။

ဒီဇင်ဘာလ ၇ ရက်နေ့တွင် ရွှေတိဂုံဘုရားကုန်းတော် မြောက်ဖက်ခြေရင်းနားအထိ ကတုတ်ကျင်းများတူး၍ ချဉ်းကပ်မိနေကြသည်။ မြန်မာ့ရှေ့တန်းသည် အင်္ဂလိပ်တပ်နှင့် အလွန်နီးကပ်နေပေရာ မြန်မာတို့၏ စစ်ကြေးကြော်သံများ၊ အော်ဟစ်ကြိမ်းမောင်းသံများကို အင်္ဂလိပ်စစ်စခန်းမှ အတိုင်းသားကြားနေရ၏။

ထိုနေ့တွင် အင်္ဂလိပ်တို့ဖက်ကလည်း စစ်ဆင်မှုတိတိကျကျ အပြေသိသာစေရန် တိုက်စစ်ကြောင်း ၄ ကြောင်းခွဲ၍ တိုက်စေသည်။ ဗိုလ်မှူးကြီးမောလက် ဦးစီးသောစစ်ကြောင်းသည် မြန်မာလက်ယာတောင်ပံကို တိုက်သည်။ ဗိုလ်မှူးကြီး ဘရိုဒီဦးစီးသော စစ်ကြောင်းသည် မြန်မာလက်ဝဲတောင်ပံကိုတိုက်သည်။ ဗိုလ်မှူးကြီးပါလာဘီနှင့် ဗိုလ်ကြီးဝီလဆင်တို့၏ ကျန်စစ်ကြောင်းနှစ်ခုက စေတီတော်မြောက်ဖက်စောင်းတန်းမှဆင်း၍ ရေကန်၏တစ်ဖက်တစ်ချက်မှ မြန်မာတို့၏ ဗဟိုစစ်ကြောင်း သို့ ချီတက်သွားကြပြီးလျှင် ကတုတ်တွင်းရှိ မြန်မာရှေ့တန်းတပ်များနှင့် တိုက်ပွဲဖြစ်ပွားလေသည်။

မြန်မာတို့ဆုတ်ခွာရခြင်း

ဤတိုက်ပွဲတွင် အင်္ဂလိပ်တို့က စစ်သင်္ဘောမှသယ်ယူလာသော အမြောက်ကြီးများဖြင့် ထုထဲစွာပစ်ခတ်ပေးသည်။ စစ်ကြောင်းကြီးတစ်လျှောက်လုံးတွင် ဗိုလ်ချုပ်မင်းကြီး မဟာမင်းလှရာဇာကွပ်ကဲသော တပ်များသည် အပြင်းအထန်ခုခံတိုက်ခိုက်ကြသော်လည်း ရန်သူတို့၏ မိုး၊ အမြောက် အပစ်အခတ်ထူထပ်သဖြင့် အုပ်စည်းမပျက် ဆုတ်ခွာပြီးလျှင် ကန်ဘဲ့နှင့်တာမွေဝါးပိုးတပ်မှ ရပ်ခံ၍နေကြသည်။

အင်္ဂလိပ်တို့သည် မြန်မာတို့စွန့်ခွာသွားသော ကတုတ်ကျင်းများအတွင်း၌ ကုန်းတော်ကိုတက်ရန် လှေကားများကိုတွေ့ရသည်။ ဘုရားကြီးကို တက်ရောက်သိမ်းပိုက်ရန် အခြားအစီအစဉ်များကိုလည်း တွေ့ရသည်။ ထို့ညတွင် မြစ်တစ်ဖက်ကမ်းမှ မြန်မာခံတပ်ကို အင်္ဂလိပ်တို့က ဒီရေအတက်တွင် ချက်ကောင်းယူ၍ တက်ရောက်တိုက်ခိုက် သိမ်းပိုက်လေသည်။

မြန်မာတို့သည် ရွှေတိဂုံတွင် ကျူးကျော်တပ်စွဲလျက်ရှိသော အင်္ဂလိပ်စစ်စခန်းကိုသိမ်းပိုက်နိုင်ရန် စေတီတော်မြောက်ဘက် စစ်မျက်နှာတိုက်ပွဲတွင် စစ်သည်အများအပြားအသေခံ၍ တိုက်ခဲ့ကြသည်။ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ တိုက်ပွဲပြီးသည့်နောက် ကန်ဘဲ့၊ တာမွေဝါးပိုးတပ်တွင် မြန်မာတပ်သားအင်အား ၂၀,၀၀၀ ခန့် စုရုံးမိကြသည်။ မဟာဗန္ဓုလသည် အခြေအနေအရ ထိုးစစ်မှ ခံစစ်သို့ ကူးပြောင်းစစ်ဆင်ရန် စတင်ဆောင်ရွက်လေသည်။

ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကန်ဘဲ့ရှိမြန်မာတပ်သို့ အင်္ဂလိပ်စစ်ကြောင်းနှစ်ကြောင်းက ရှေ့နောက်ညှပ်၍ လာရောက်တိုက်ခိုက်သည်။ ဦးစီးလာသူများမှာ ဗိုလ်ချုပ်ကင်းဘဲလ်နှင့် ဗိုလ်မှူးချုပ် ကော့တွန်တို့ဖြစ်သည်။ မြန်မာတို့က ရွပ်ရွပ်ချွံချွံ

www.burmeseclassic.com

ပြန်လည်ခုခံကြသော်လည်း အင်အားခြင်းမမျှ၍ ထိုခံတပ်ကို လက်လွှတ်လိုက်ရသည်။ စစ်သူကြီးမဟာဗန္ဓုလသည် အချို့တပ်များကို ဆက်လက်တပ်စွဲရပ်ခံနေစေပြီးနောက် ဓနုဖြူခံတပ်ကို အခိုင်အလုံပြုလုပ်တိုက်ခိုက်ရန် စီစဉ်လေသည်။

ထိုအချိန်မှ ငါးလခန့်အကြာ ခရစ်နှစ် ၁၈၂၅ ခု၊ ဧပြီလ ၁ ရက်နေ့တွင် စစ်သူကြီးမဟာဗန္ဓုလသည် ရန်သူ့ဗုံးမှန်ကျည်သင့်၍ကျဆုံးသည်။ အင်္ဂလိပ်နှင့် မြန်မာတို့သည် ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် စစ်ပြေငြိမ်းစာချုပ်ကို ချုပ်ဆိုကြသည်။

ကုန်းတော်ပြန်ရခြင်း

ရွှေတိဂုံစေတီတော်ကိုမူကား မြန်မာတို့က အင်္ဂလိပ်တို့အား စစ်လျော်ကြေး ဒုတိယအရစ်ပေးပြီးမှ ခရစ်နှစ် ၁၈၂၆ခု၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် လွှဲပြောင်းပေးသည်။ ထိုနေ့တွင် ဟံသာဝတီဝန်ကြီး မင်းကြီးမဟာမင်းလှရာဇာက အခမ်းအနားဖြင့်လက်ခံယူသည်။ အမြောက်သုံးချက်ပစ်ဖောက်သည်။ အလျား ၁၃ ပေခွဲ၊ အနံ ၉ ပေရှိ ပိတ်ဖြူတွင် အလယ်အနီသွတ်၊ ဥဒေါင်းရုပ်ပန်းခက်ကိုက် မြန်မာဒေါင်းလံကြီးကို လွှင့်ထူသည်။ အတီးအမှုတ်အကအခုန်များလည်း ပါလေသည်။

အင်္ဂလိပ်တို့ ထွက်ခွာသွားပြီးနောက် ရွှေတိဂုံစေတီတော်ခံတပ်ကို စားတော်ဝန် မင်းလှမင်းခေါင်၏တပ်က ဝင်ရောက်တပ်စွဲလေသည်။

ရဲတင်းသောမြန်မာစစ်သည်များ

မြန်မာတို့သည် ကျူးကျော်လာသော အင်္ဂလိပ်တို့အား လက်နက်အင်အားနှင့် ဖွဲ့စည်းလေ့ကျင့်မှုကွာခြားသောကြောင့် အရှုံးပေးလိုက်ရသော်လည်း မြန်မာစစ်သည်များ၏ လျင်မြန်မှု၊ သွက်လက်မှု၊ သတ္တိရှိမှုတို့ကို ရန်သူအင်္ဂလိပ်များကပင် ကိုယ်တွေ့မှတ်တမ်းတင်ခဲ့ရလေသည်။

ပထမစစ်ပွဲအတွင်း အင်္ဂလိပ်တို့ ကုန်းတော်ပေါ်တွင် တပ်စွဲနေစဉ် မေလ၌ မြန်မာစစ်သည်များသည် အင်္ဂလိပ်တပ်များကို ညစဉ်ညဆက်ဆိုသလို ရဲရဲတင်းတင်း လာရောက်အနှောင့်အယှက်ပေးသည်။ မြန်မာတို့သည် အင်္ဂလိပ်တို့၏မျက်ကွယ်ဖြစ်စေရန် တောအုပ်ကို ခို၍လာခဲ့ပြီးလျှင် ဘုရားကြီးအနီးသို့ ကတုတ်ကျင်းများတူး၍ ချဉ်းကပ်ကြသည်။ အင်္ဂလိပ်ကင်းစခန်းများကို လာ၍ပစ်ခတ်သည်။ အင်္ဂလိပ်တပ်စခန်းအနီးသို့ ချဉ်းကပ်လာပြီးလျှင် အစောင့်စစ်သားကိုလုပ်ကြ၍ ညအမှောင်အောက်တွင် ပျောက်သွားတတ်သည်။ တစ်ခါတစ်ရံတွင် မြန်မာစစ်သားတို့၏လက်သို့ သေနတ်နှင့် စစ်လွယ်အိတ်များပင် ပါသွားလေ့ရှိသည်။

အင်္ဂလိပ်စစ်ဗိုလ်လော်ရီက ခရစ်နှစ် ၁၈၂၄ ခု၊ ဇူလိုင်လ ၂ ရက်နေ့ ညတစ်ညအကြောင်းကို မှတ်တမ်းတင်ထားရာတွင် ဘုရားကြီးကုန်းတော်ပေါ်၌ မြန်မာတို့လျင်မြန်ဖျတ်လတ်ပုံကို ထင်ရှားစေသော အဖြစ်အပျက်တစ်ရပ်အဖြစ် ဖော်ပြခဲ့သည်မှာ—

> စစ်သားများသည် ယခင်ညပေါင်းအတော်များများကပင် လက်နက်အချို့ ပျောက်ဆုံးခဲ့သည်။ မိမိတို့သေနတ်များကို ဘေးတွင်ချ၍အိပ်လေ့ရှိပြီး တံခါးဝတွင် ကင်းစောင့်ရှိနေပါလျက် ပျောက်ဆုံးရခြင်းဖြစ်သည်။ ယခုညတွင် တပ်သားတိုင်းကို သတိပေးနှိုးဆော်ထားသည်။ ကင်းစောင့်အပိုချထားသည်။ ထို့ပြင် လုယက်နှောင့်ယှက်မည့်သူများရန်မှ ကာကွယ်နိုင်မည့် အစီအစဉ်ဟူသမျှကိုလည်း ပြုလုပ်ထားသည်။ ထိုညတွင် ရုတ်တရက် အချက်ပေးခေါင်းလောင်းသံကြားလိုက်ရသောအခါ တာဝန်ကျအရာရှိသည် ဇရပ်တစ်ခုအတွင်းနား၍နေရာမှ တံခါးပေါက်သို့ပြေးသွားလျက် အခြေအနေကို စုံစမ်းသည်။ မြက်ခင်းထဲတွင် စစ်ကျောပိုးအိတ်တစ်လုံးကိုသာတွေ့ရကြောင်း သတင်းရပြီး လူသူအငွေ့အသက်မျှပင် မတွေ့ရကြောင်းသိရသည်။ ထိုသူသည် ပြန်၍လဲလျောင်းမည်ဟု လှည့်လာသောအခါ သူ့အိပ်ရာမှာ ထူးဆန်းစွာ ပျောက်ချင်းမလှပျောက်နေပေတော့သည်။ ဇရပ်ထဲတွင် မီးတိုင်ရှိသည်။ အစေခံတစ်ဦးမှာ အနီးတွင်အိပ်နေသည်။ သို့တိုင်အောင် မှောင်ခို၍လာသူများက ခြင်းထောင်တစ်လုံးကို ပစ္စည်းအပြည့်နှင့် သယ်သွားသေးသည်။ ထိုသို့ လာရောက်ယူငင်သူများမှာ ကမာရွတ်တပ်မှ မြန်မာစစ်သားများဖြစ်သည်ဟု သိရသည်။ သူတို့သည် ကျွန်ုပ်တို့ကချီးကျူးထိုက်အောင် သူတို့လုပ်ရပ်များဖြင့် ကျွန်ုပ်တို့ကိုသရော်နိုင်ခဲ့ပေသည်

ဟု ရေးသားထားလေသည်။

ဘကြီးတော်မင်းလက်ထက်တွင် ပထမအင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပွားစဉ် ရွှေတိဂုံစေတီတော်သည် စစ်မြေပြင်ဖြစ်ခဲ့သည်။ ။

www.burmeseclassic.com

www.burmeseclassic.com

ဘကြီးတော်မင်းနှင့် နန်းမတော်မယ်နု

www.burmeseclassic.com

www.burmeseclassic.com



၁၈၂၄ ခု ဇွန်လ ၁၀ ရက်နေ့၌ ကြည့်မြင်တိုင်ဘက်တွင် အင်္ဂလိပ်မြန်မာစစ်ပွဲ ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့စဉ်က။

ပထမနှင့် ဒုတိယအင်္ဂလိပ်မြန်မာ စစ်ပွဲအတွင်းကရွှေတိဂုံဘုရား

T .Hesketh Biggsဆိုသူ ၁၈၉၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်စွဲဖြင့် ရေးသားပြုစုထုတ်ဝေခဲ့သော THE SHWE DAGON PAGODA စာအုပ်မှာ လွန်ခဲ့သည့်အနှစ် ၁၀၀ ကျော်က ရေးသားထားခြင်း၊ ဥရောပသားတစ်ဦး၏ အတွေးအမြင်ကို ရှားရှားပါးပါး သိခွင့်ရခြင်းတို့ကြောင့် အလွန်ရှားပါးသော စာမူဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ယင်းစာအုပ်ကို မော်လမြိုင်တက္ကသိုလ် တွဲဖက်ပါမောက္ခ(ဌာနမှူး) ဦးသိန်းလှိုင် ဘာသာပြန်ထားသည့် "ရွှေတိဂုံဘုရားကြီး" စာမူကို မြဝတီဂျာနယ်၌ ၁-၅-၉၆ နေ့မှစပြီး အခန်းဆက်အဖြစ် ဖော်ပြထားသည်ကို ဖတ်ရှုနိုင်ပါသည်။ အဆိုပါစာအုပ်တွင် မြန်မာမြေကို လက်နက်ဖြင့် အနိုင်ကျင့်သိမ်းပိုက်ပြီး ဘုရားရင်ပြင်တော်ပေါ်၌ စစ်ဖိနပ် တဂွပ်ဂွပ်ဖြင့် တပ်ချ မင်းမူနေခဲ့ပုံကို မြင်ယောင်နိုင်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမစစ်ပွဲတွင် အင်္ဂလိပ်တပ်များက ရန်ကုန်မြို့ သို့ ရေကြောင်းမှချီတက်၍လာပြီးနောက် ရန်ကုန်ဆိပ်ကမ်းရှိ မြန်မာတပ်များကို တိုက်ခိုက်သည်။ ထို့နောက် ရွှေတိဂုံစေတီတော်ကြီးနှင့် စေတီသို့ တက်ရာလမ်းတစ်လျှောက်တွင် ဝင်ရောက်တပ်စွဲသည်။

၈– ၇– ၁၈၂၄ ကမာရွတ်သစ်တပ်တိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယ အင်္ဂလိပ်မြန်မာ စစ်ပွဲအတွင်း

ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲအတွင်း

ဒုတိယအကြိမ် မြန်မာပြည်ကို တိုက်ခိုက်သိမ်းယူရန်လာသော အင်္ဂလိပ်တပ်များ၏ ဟပ်ပေါင်းစုမှူးမှာ ဗိုလ်ချုပ်ဂေါ့ဒွင် ဖြစ်သည်။

ခရစ်နှစ် ၁၈၅၂ ခုတွင် စစ်ပွဲဖြစ်တော့အံ့ဆဲဆဲအခြေအနေကို မြန်မာတို့ဖက်ကလည်း ရိပ်မိ၍ အသင့်ပြင်ထားကြသည်။ ရန်ကုန်မြို့နှင့် ရွှေတိဂုံစေတီတော်ကြီးကို အခိုင်အခံ့ပြုလုပ်ထားကြသည်။ ဤတစ်ကြိမ်တွင် စေတီကုန်းတော်မှာ မြန်မာတို့လက်ထဲတွင်ရှိနေသည်။ ကုန်းတော်မြေပစ္စယာသုံးဆင့်တွင် ရင်ပြင်နှင့်တညီတည်း အပေါ်ဆုံးအဆင့်၌ အလေးပစ်အမြောက်ကြီးများကို တင်ထားပြီး အလယ်နှင့်အောက်ပစ္စယာအဆင့်များတွင် အမြောက်ငယ်များကို တပ်ဆင်ထားလေသည်။

ရန်ကုန်စစ်မျက်နှာ (ဟံသာဝတီစစ်ကြောင်း) ကိုဦးစီးသော မြန်မာတပ်မှူးဗိုလ်ချုပ်မှာ ရန်ကုန်မြို့ဝန် သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော် (ဦးမှုန်) ဖြစ်သည်။

မြန်မာတို့သည် ကာကွယ်ရေးအတွက် ခံတပ်များကို အပြတပြင်းဆောက်လုပ်ကြသည်။ ရွှေတိဂုံကုန်းတော်၏အနောက်တောင်ဘက်တွင် စစ်တန်းလျားများကို ဆောက်လုပ်ထား၏။ မြို့သစ်နေရာတွင် အမြင့် ၁၅ ပေ၊ ထိပ်အကျယ် ၁၂ပေ ရှိသော မြေကတုတ်ခံတပ်များကို ပတ်ပတ်လည်ဆောက်လုပ်၏။ ခံကတုတ်ခြေရင်း ပေ ၂၀ ခန့်အကွာတွင် အကျယ်ပေ ၂၀။ အနက် ၁၂ ပေခန့်အထိရှိသော ကျုံးခြောက်များရှိသည်။

ရွှေတိဂုံကုန်းတော်ပေါ်ရှိ သစ်တပ်ခံတပ်၏ တောင်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်မျက်နှာများတွင် အမြောက်ကြီးရှစ်လက်စီ နေရာယူထားသည်။ မြောက်ဘက်မျက်နှာတွင် အမြောက်ကြီးတစ်လက်သာထားရှိသည်။ အထူးသဖြင့် တောင်ဘက်မျက်နှာတွင် အမြောက်အရေအတွက် အများဆုံးဖြစ်သည်။

ရန်သူတို့ ရန်ကုန်မြစ်တွင်းဝင်လာပြီး စတင်တိုက်ခိုက်ခြင်း

အင်္ဂလိပ်စစ်တပ်များသည် ခရစ်နှစ် ၁၈၅၂ ခု၊ ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်မြစ်ဝသို့ ရောက်ရှိလာကြသည်။ စစ်သင်္ဘော ၁၅ စင်း၊ လူစီးမီးသင်္ဘော ၁၅ စင်းပါရှိပြီး အမြောက် ၃၅ လက်ပါရှိသည်။ ထိုရေကြောင်းတပ်စုကို ရေတပ်ဗိုလ်ချုပ်ချားစ်အော်စတင်က ကြီးကြပ်အုပ်ချုပ်၍လာသည်။

ဧပြီလ ၁၀ ရက်နေ့သို့ရောက်သောအခါ အင်္ဂလိပ်စစ်သင်္ဘောများ ရန်ကုန်မြစ်အတွင်းသို့ဝင်လာပြီး မြို့ကိုလှမ်း၍ အမြောက်များဖြင့် ပစ်ခတ်သည်။ ထိုသို့ပစ်ခတ်သောကြောင့် ရန်ကုန်မြစ်ကမ်းရှိ မြန်မာတို့၏ခံတပ်များမှ ၁၈ ပေါင်ဒါ အမြောက်ကြီးကိုးလက်ပျက်စီးသွားပြီး ရွှေတိဂုံစေတီတော် အနောက်တောင်ဘက်ရှိ မြန်မာစစ်တန်းလျားအချို့လည်း အမြောက်ကျည်မှန်၍ မီးလောင်လေသည်။ အင်္ဂလိပ်တို့သည် ဒလဖက်မှ ခံတပ်ကြီးကိုလည်း ပစ်ခတ်ဖျက်ဆီးကြသည်။ အချို့ရေတပ်သင်္ဘောများက ကြည့်မြင်တိုင်ဖက်သို့ ဆန်တက်၍ တိုက်ခိုက်သည်။

ဧပြီလ ၁၂ ရက်နေ့နံနက် ၄ နာရီတွင် အင်္ဂလိပ်သင်္ဘောများက ရန်ကုန်မြို့တွင်းသို့ အမြောက်များဖြင့် ထုထပ်စွာပစ်ခတ်ပေးသည်။ ထိုစဉ် အင်္ဂလိပ်တပ်များသည် ကမ်းသို့ စ၍တက်ကြလေသည်။

ဒုတိယစစ်ပွဲအတွင်းတွင် မြန်မာတပ်များက သိမ်ဖြူခံတပ်၌ အခိုင်အလုံပြုထားသည်။ အင်္ဂလိပ်တပ်များမှာ အလွယ်နှင့်မထိုးဖောက်နိုင်သဖြင့် သင်္ဘောမှအမြောက်ကြီးများကို သယ်ယူ၍ တိုက်ခိုက်သောအခါမှ သိမ်ဖြူခံတပ်ကိုသိမ်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com

သိမ်ဖြူခံတပ်နှင့် ရွှေတိဂုံကုန်းတော်တိုက်ပွဲ

အင်္ဂလိပ်တို့သည် ကမ်းနားမှ ရွှေတိဂုံစေတီတော်ကြီးသို့ တိုက်ရိုက်ရောက်နိုင်သောလမ်းမှ တက်လိမ့်မည်ဟု မြော်လင့်ထားသည်။ သို့သော်လည်း ထိုလမ်းကမတက်ဘဲ မြို့၏အရှေ့လမ်းမှ သိမ်ဖြူကို ဝင်တိုက်သည်။ သိမ်ဖြူခံတပ်တွင် မြန်မာတို့က ပြင်းထန်စွာခုခံနေသည့်ပြင် ရွှေတိဂုံဘုရားမှလည်း အမြောက်ကြီးများဖြင့်လှမ်း၍ အင်္ဂလိပ်တပ်များကို ပစ်ခတ်လျက်ရှိသည်။ ထို့ကြောင့် အင်္ဂလိပ်တို့က ၂၄ ပေါင်ဒါ ယော်ဝစ်ဇာအမြောက်ကြီးများကိုသယ်ယူ၍ ပစ်ခတ်သောအခါမှ သိမ်ဖြူခံတပ်ကိုသိမ်းမိတော့သည်။ ထိုခံတပ်ကို ညတွင်းချင်းပင် အင်္ဂလိပ်တို့က မီးရှို့ဖျက်ဆီးပစ်ကြသည်။

နောက်တစ်နေ့ ၁၃ ရက်နေ့တွင် အင်္ဂလိပ်တို့မှာ လက်နက်ပြင်ဆင်၊ ရိက္ခာပြင်ဆင်ရင်း အလုပ်များနေကြသည်။ ဧပြီ လ ၁၄ ရက်နေ့ နံနက် ၅ နာရီအချိန်မှစ၍ အင်္ဂလိပ်များ ရွှေတိဂုံခံတပ်ကိုတိုက်ရန် သိမ်ဖြူဘက်မှ တပ်ချီလာပြီးနောက် ဘုရားကြီးရှေ့ရှိ မြန်မာတပ်ကိုတိုက်လေသည်။ စေတီတော်ကုန်းမြေမှ မြန်မာတပ်များကလည်း အမြောက်များဖြင့် ပြန်လည်ပစ်ခတ်သည်။

အရှေ့မုခ်မှတက်၍တိုက်ခြင်း

သိမ်ဖြူဘက်မှတက်လာသော အင်္ဂလိပ်တပ်များသည် စေတီတော်နှင့်ကိုက် ၈၀၀ အကွာ နေရာသို့ရောက်လာကြရာ ထိုနေရာမှနေ၍ ဟော်ဝစ်ဇာအမြောက်များဖြင့် စတင်ပစ်ခတ်သည်။ တိုက်ပွဲစချိန်မှာ နံနက် ၁၀ နာရီခန့်တွင်ဖြစ်သည်။ တစ်နာရီခွဲမျှတိုက်ခိုက်ပြီးသောအခါ ကုန်းတော်ပေါ်မှခံတပ်ကို အင်္ဂလိပ်တို့က မဖြိုနိုင်ဖြစ်နေလေသည်။ မြန်မာတို့က အထက်စီးမှ စိန်ပြောင်းဖြင့်လည်းကောင်း၊ အမြောက်များဖြင့်လည်းကောင်း ပြန်လည်ပစ်ခတ်ကြသည်ကို ငုံ့၍ခံနေကြရသည်။

ဤသို့အခက်အခဲဖြစ်နေစဉ် နံနက် ၁၁ နာရီခန့်၌ အစောင့်အနေထူထပ်သော တောင်ဘက်မှ တိုက်၍မနေဘဲ အစောင့်အနေပါးသော အရှေ့မုခ်ဘက်မှဝင်၍တိုက်ရန် ကရစ်ဆိုသူက အကြံပေးသည်။ ထိုသူကတစ်ဆင့် ဗိုလ်ကြီးလတ္တာဆိုသူကို ပြော၍ ဗိုလ်ချုပ်ဂေါ့ဒွင်ထံသို့ အမိန့်တောင်းပြီးနောက် အရှေ့မုခ်မှ အသေခံ၍တက်ရန် တပ်ခွဲလေးခုကို ရွေးချယ်စုစည်းသည်။ ထိုတပ်ခွဲလေးခုကို ဗိုလ်မှူးကြီးကွတ်က အုပ်ချုပ်ရသည်။ ကရစ်နှင့် ဗိုလ်ကြီးလတ္တာတို့လည်း ပါဝင်သည်။

အင်္ဂလိပ်သူလျှို ကရစ်

အရှေ့မုခ်မှတက်၍ တိုက်ရန်အကြံပေးသော ကရစ်ဆိုသူမှာ အင်္ဂလိပ်ကုန်သည်တစ်ဦးဖြစ်သည်။ အမည်အပြည့်အစုံမှာ စီ၊ အမ်၊ ကရစ်ဖြစ်သည်။ စစ်ပွဲဖြစ်မီကပင် ရန်ကုန်မြို့နှင့် ရွှေတိဂုံစေတီတော်ကြီးတွင် မြန်မာတို့ဖက်မှ ခံတပ်အမြောက် စသည်တို့ကို မည်သည့်နေရာတွင် မည်မျှထားရှိကြောင်း လျှို့ဝှက်သတင်းပေးနေခဲ့သူဖြစ်သည်။ စစ်သူလျှိုတစ်ပိုင်း ကုန်သည်တစ်ပိုင်း လုပ်နေသော ကရစ်သည် စေတီတော်ကြီးကို ချဉ်းကပ်တိုက်ခိုက်သောတိုက်ပွဲတွင် လိုက်ပါလာခြင်းဖြစ်သည်။ သူ့ဖခင်မှာ မေဖလားဝါးကရစ်အမည်ရှိ ကုန်သည်တစ်ဦးဖြစ်၍ မော်လမြိုင်နှင့် ရန်ကုန်တို့တွင် ကုန်တိုက်များဖွင့်ထားသည်။ မေဖလားဝါး ကရစ် သည်လည်း မြန်မာနှင့် အင်္ဂလိပ်တို့ ဒုတိယအကြိမ် စစ်ဖြစ်ကြတော့မည်ကို ရိပ်မိသောအခါ လက်နက်ခဲယမ်းများကို သင်္ဘောတစ်စီးတိုက် တင်သွင်းလာပြီး ရန်ကုန်မြို့ဝန်ကို ရောင်းချသည်။ မြန်မာတို့ထံမှ လက်နက်ဖိုးငွေမရသောအခါ အင်္ဂလိပ်ရေကြောင်းဗိုလ် ကိုမိုဒိုလင်းဘတ်ထံသို့သွား၍ မိမိကို မြန်မာတို့က မတရားပြုလုပ်ထားကြောင်း မျက်နှာ ပြောင်ပြောင်နှင့်တိုင်တန်းလေသည်။

အင်္ဂလိပ်တို့ ဒလကြမ်းတက်ရန်ကြံရွယ်သည့် အရှေ့မုခ်ဘက်တွင် မြန်မာအမြောက်ရှစ်လက်သာရှိလေသည်။ အင်္ဂလိပ်တပ်သည် အရှေ့မုခ်တံခါးကြီးတစ်ခုကို တွန်းထိုး၍ဖွင့်သည်။ တံခါးကြီးပွင့်သည်နှင့် လှေကားထစ်များအတိုင်း လှံစွပ်တပ်ထားသောသေနတ်များကိုကိုင်၍ ဒလကြမ်းတက်သည်။

မြန်မာတို့ကလည်း မိုးသီးမိုးပေါက်ရွာချသည့်ပမာ ဒလကြမ်းပြန်လည်ပစ်ခတ်တိုက်ခိုက်သည်။ လက်ဟစ်လှမ်းမီသောအခါ ဓားနှင့်ခုတ်ပိုင်းချသည်။ အရှေ့မုခ်မှအတက်၌ ဗိုလ်ဒိုရန်နှင့် တပ်သားနှစ်ဦး ကျဆုံးသွားသည်။ ဦးစီးသည့် ဗိုလ်မှူးကြီးကွတ် ဒဏ်ရာရသွား၏။

မွန်းတည့် ၁၂ နာရီကျော်ခန့်တွင် အင်္ဂလိပ်တို့ ကုန်းတော်ရင်ပြင်ကို စီးမိသောအခါ မြန်မာတပ်များသည် တောင်ဘက်နှင့် အနောက်ဘက်စောင်းတန်းတို့မှ ဆုတ်ခွာသွားကြသည်။ ကြည့်မြင်တိုင်ဖက်သို့ ဆုတ်သွားကြခြင်းဖြစ်လေသည်။ အင်္ဂလိပ်တပ်များက လိုက်လံတိုက်ခိုက်သော်လည်း တပ်စခန်းချရာနေရာများကိုသာ တွေ့ရသည်။ မြန်မာတို့၏ဆုတ်စစ်ကြောင်းကို မမှီလိုက်တော့ချေ။

အင်္ဂလိပ်တို့သည် ထိုနေ့မှစ၍ ရွှေတိဂုံကုန်းတော်ပေါ်တွင် တပ်စွဲထားလိုက်ကြသည်။ ရွှေတိဂုံစေတီတော်ကို သိမ်းပိုက်မိခြင်းသည် နယ်ချဲ့တို့ မြန်မာနိုင်ငံအောက်ပိုင်းကို အုပ်စီးမိခြင်းပင်ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

စစ်ပွဲနှစ်ပွဲတွင်း စေတီတော်တွင် လုယက်ဖောက်ထွင်းမှုများ

စစ်ကာလတွင် ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်ပေါ်၌ စစ်ဖိနပ်များ ခြေရာချင်းထပ်ခဲ့၏။ ရင်ပြင်တော်မှာ တိုက်ပွဲများမှ ဒုံး၊ အမြောက်၊ စိန်ပြောင်းတို့၏ဒဏ်ထက် ကျူးကျော်ရေးစစ်သားများ၏ လုယက်ဖျက်စီးမှုကို ပို၍ခံခဲ့ရလေသည်။

ပထမစစ်ပွဲအတွင်းတွင် ဗြိတိသျှစစ်သားတစ်ဦးသည် စေတီတစ်ဆူအတွင်း ဌာပနာထားသော ရွှေဆင်းတုအချို့ကိုတွေ့ရှိရာမှ အခြားစေတီများတွင်လည်း အလားတူ အဖိုးတန်ပစ္စည်းများရှိလိမ့်မည်အထင်နှင့် စစ်သားများက စေတီများစွာကိုလိုက်လံဖျက်စီး၍ ရတနာသိုက်ရှာကြလေတော့သည်။ ဤသို့ တူးဆွဖျက်ဆီးလိုက်သည်မှာ ရွှေတိဂုံစေတီတော်ကြီးမှလွဲ၍ ကြီးကြီးကျယ်ကျယ် တူးပေါက်ဖျက်ဆီးခြင်းမခံရသော စေတီအဆောက်အဦဟူ၍ မရှိသလောက်ဖြစ်ပေတော့သည်။

ကုန်းတော်ပေါ်တွင်တပ်စွဲနေသော တပ်ခွဲတစ်ခုမှ တပ်သားများသည် တစ်ညအတွင်း တူးဖျက်ရာဖွေရုံနှင့် အိန္ဒိယသုံးကျပ်ပြား ၃၀၀ ဖိုးမျှသော ရွှေဆင်းတု၊ ငွေဆင်းတုများကိုရသည်။ ထိုငွေမှာ ယင်းတို့၏ အထက်အရာရှိတစ်ဦးသို့ ရောင်းချ၍ရခြင်းဖြစ်သည်။ ထိုအရာရှိကဝယ်ယူပြီး အိန္ဒိယပြည် ကာလကတ္တားမြို့သို့ တစ်ဆင့်ပြန်ရောင်းရာ အကြီးအကျယ်အမြတ်ရလေသည်။

ဤသို့ မြင်မြင်ရာစေတီပုထိုးဟူသမျှအား တူးဖောက်နေသည်ကို ကုန်းတော်ပေါ်၌ မျက်မြင်တွေ့ရှိရသော နိုင်ငံခြားသားတစ်ဦးက မှတ်တမ်းတင်ထားသည်မှာ "ရန်ကုန်မြို့တစ်ဝိုက်တွင် စေတီပုထိုးကလေးပေါင်းများစွာရှိသည်။ ယင်းတို့အားလုံးကို ဥရောပတိုက်သားများက ငွေဖြင့်ပြုလုပ်ထားသော ဂေါတမဘုရားဆင်းတုကလေးများရရှိရန် ရွေးချယ်ဖောက်ထွင်းကြသည်။ ရွှေတိဂုံစေတီကြီးပတ်လည်ရှိ ဘုရားစေတီငယ်များကို ပရမ်းပတာဖျက်ဆီးထားသော မြင်ကွင်းကို မြင်ရသည်မှာ စိတ်မကောင်းစရာပင်ဖြစ်ပေသည်။ ထောင်ပေါင်းများစွာသောစေတီများ ဖျက်ဆီးခံရသည့်အနက် ရွှေတိဂုံစေတီတော်ကြီးတစ်ခုတည်းသာ ကင်းလွတ်ပေသည်" ဟုရေးသားထားသည်။

အင်္ဂလိပ်စစ်သား၊ စစ်ဗိုလ်များ ရတနာသိုက်ရှာကြပုံ

ကုန်းမြေပေါ်တွင် ထိုသို့ တူးဖောက်လုယူနေကြသော စစ်သားများ၏လုပ်ရပ်ကို ဗြိတိသျှစစ်အာဏာပိုင်တို့ကတားလည်းမတားဆီး၊ ရပ်တန့်ကရပ်ရန်လည်း မညွှန်ကြားခဲ့ကြပေ။ ထိုသို့ မညွှန်ကြားကြသည်သာမက ကိုယ်တိုင်ပါဝင်တူးဖောက်ယူငင်ကြခြင်းဖြင့် အားပေးအားမြှောက် ပြုခဲ့ကြလေသည်။

အင်္ဂလိပ်စစ်ဗိုလ်ချုပ် ကင်းဘဲလ်သည် "ရွှေတိဂုံစေတီတော်ကြီး၏ ဝမ်းဗိုက်အတွင်းသို့ အဖိုးတန်ရတနာများ ရရှိလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် တွင်းဖောက်ခဲ့ရာ မျှော်လင့်ချက်မရှိသလောက်တွေ့ရမှ လက်လျှော့သွားခဲ့လေသည်" ဟူ၍ - ဂျေဘတ္တလာဆိုသူက ၎င်းစာအုပ်ထဲတွင် ဖွင့်ထုတ်ရေးသားခဲ့လေသည်။

ထိုပထမစစ်ပွဲအတွင်း ၁၈၂၄ ခု ဧပြီလအတွင်းကပင် အင်္ဂလိပ်တို့သည် စဉ့်ကူးမင်းခေါင်းလောင်းကြီးကို စူဠာမဏိသင်္ဘောဖြင့် ယူဆောင်သွားရန် ကြိုးပမ်းခဲ့ကြလေသည်။

ဒုတိယစစ်ပွဲတွင် အင်္ဂလိပ်တပ်များက ကုန်းတော်မြေကို သိမ်းပိုက်မိသောအခါ၌လည်း ပထမစစ်ပွဲမှာကဲ့သို့ပင် စေတီပုထိုးများ၏ဌာပနာကို ဖောက်ဖျက်၍ ရတနာသိုက် ရှာခဲ့ကြပြန်သည်။

ကုန်းတော်ကို သိမ်းပိုက်မိပြီး၍ နှစ်ရက်သုံးရက်အတွင်း ဘုရားကြီးရင်ပြင်ပေါ်ရှိ အဖိုးထိုက်အဖိုးတန်ဟူသမျှ ရှာဖွေဖြုတ်ယူပြီး သယ်ဆောင်လာကြသည်။ ရွှေ၊ ငွေ ချထားသော သစ်သားဆင်းတု၊ ကျောက်ဆင်းတု၊ ကြေးဆင်းတု စသည်များ၊ ရွှေချထားသော သေတ္တာများ၊ ဗီရိုများမှာ ကုန်းတော်ပေါ်တွင် ပြန့်ကြဲနေသည်။ အချို့မှာ ထူးခြားသော အဖိုးတန်လက်ရာများဖြစ်သည်ဟု ဧပြီလ ၁၈ ရက်နေ့တွင် အင်္ဂလိပ်စစ်ဗိုလ် လော်ရီက မှတ်တမ်းတင်သည်။

– ဗိုလ်လော်ရီကပင် ဆက်လက်၍ –

ကုန်းတော်အထက်ပစ္စယာတွင် ရုပ်တုများပြန့်ကြဲနေပုံကိုကြည့်ရသည်မှာ ထူးဆန်းနေသည်။ စစ်သားတစ်ယောက်သည် ရဲခင်းတစ်လက်ဖြင့် ရွှေဆင်းတုကြီးတစ်ဆူကို ဖောက်ဖျက်နေပုံမှာ ခံကတုတ်ကျင်းတစ်ခုကို စိတ်အားလက်အား တူးဖော်နေသကဲ့သို့ရှိသည်။ ထိုသူသည် ရွှေ၊ ငွေ ဆင်းတုကလေးများကိုသော်လည်းကောင်း၊ ကျောက်သံပတ္တမြားကိုသော်လည်းကောင်း၊ ရှာဖွေနေခြင်းဖြစ်ပြီး ရသမျှကို ဈေးကောင်းကောင်းဖြင့်ရောင်းစားရန်ဖြစ်သည်။

ဟူ၍ရေးသားထားလေသည်။

ဤတစ်ကြိမ်တွင်လည်း ဘုရားကြီးကို တူးဖောက်ကြသူများမှာ လက်အောက်ခံအကြပ်တပ်သားတို့မျှသာ မဟုတ်ပေ။ စစ်အရာရှိကြီးများလည်းပါကြသည်။ ဘုရင့်အင်ဂျင်နီယာတပ်မှ ဗိုလ်မှူးဖရေဇာသည် ဘုရားကြီး၏ဝမ်းဗိုက်တော်အတွင်းသို့ ပေ ၁၀၀ မျှနက်အောင် ထိုးဖောက်တွင်းကြည့်ခဲ့သည်။ အဘယ်ကြောင့် ဤသို့လုပ်ရသည်ကို သူ့အားမေးမြန်းသောအခါတွင်

www.burmeseclassic.com

www.burmeseclassic.com

လက်နက်ခဲယမ်းတိုက်နေရာအဖြစ် ပြုလုပ်၍သင့်မသင့် စမ်းသပ်ကြည့်ခြင်းဖြစ်သည်ဟုဆိုလေသည်။ အမှန်အားဖြင့်ကား ယင်းဗိုလ်မှူးသည် ဘုရားကြီး၏ဘဏ္ဍာတော်များကို တွေ့လိုတွေ့ငြား ရည်ရွယ်ချက်ဖြင့်တူးခြင်းဖြစ်လေသည်။

ဤသတင်းများကိုကြားရသော ဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီက အမိန့်တစ်ရပ်ထုတ်ပြန်လိုက်သည်။ အမိန့်တွင် ပဲခူး (ဟံသာဝတီ) နယ်အတွင်း လူအများကိုးကွယ်ဆီးကပ်ရာ စေတီပုထိုးတို့အား ဖျက်ဆီးနှစ်နာစေသည်ကို စိတ်မချမ်းသာစွာနှင့် မကျေနပ်စွာသိရှိရကြောင်း။ စစ်ပွဲကာလတွင် ထိုလုပ်ရပ်မျိုးမှာ တားဆီးကာကွယ်၍ လုံးဝမရကောင်းသော်လည်း ယခုကဲ့သို့ ဆက်လက်ကျင့်ကြံနေခြင်းသည် ကျွန်ုပ်တို့လူမျိုး၏ကိုယ်ကျင့်သိက္ခာကို ညှိုးနွမ်းလိမ့်မည်ကို လေးနက်စွာထင်မြင်ကြောင်း။ ထို့ကြောင့် ဘုရင်ခံချုပ်က အစိုးရအမှုထမ်းအားလုံးသို့သိစေအပ်သည်မှာ ဤအပြုအမူမျိုးကို ယခုမှစ၍ ဆက်လက်၍ မပြုလုပ်ရ။ ပြုလုပ်သူအား ပြင်းထန်စွာ ချက်ချင်းအရေးယူမည်ဖြစ်ကြောင်း။ (ဟံသာဝတီ) ပဲခူးနယ်အတွင်း အမှုထမ်းလျက်ရှိသော နယ်ဘက်၊ စစ်ဘက်အရာရှိအားလုံးသည် ယခုထုတ်ပြန်လိုက်သောအမိန့်ကို တည်မြဲအောင် အထူးကြပ်မတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ဖော်ပြပါရှိလေသည်။

မြန်မာတို့သည် ဤကဲ့သို့ မိမိတို့တိုင်းပြည်ကို ကျူးကျော်လာရောက်သိမ်းပိုက်ပြီး ရွှေတိဂုံစေတီတော်ကြီး၌ ဌာပနာဖောက်နေကြသူတို့အား အလွန်ခံပြင်းကြသည်။ သူ့လက်အောက်ရောက်နေရသော်လည်း မဟုတ်မခံသော စိတ်ဓာတ်ဖြင့် ဆန့်ကျင်ခဲ့ကြလေသည်။

လက်နက်တိုက်ပေါက်ကွဲခြင်း

ခရစ်နှစ် ၁၈၅၂ ခု နိုဝင်ဘာလ ၁ ရက်နေ့တွင် ကုန်းတော်ပေါ်၌ ပေါက်ကွဲမှုကြီးတစ်ခုဖြစ်ပေါ်သည်။ အမြောက်သံ၊ မိုးချုန်းသံမကမြည်ဟည်းသော တုန်လှုပ်ခြောက်ခြားဖွယ် အသံကြီးတစ်ခုဖြစ်သည်ဟု ဗိုလ်လော်ရီက မှတ်တမ်းတင်သည်။ ထိုအသံကြီးမှာ ကုန်းတော်တောင်ဘက်စောင်းရှိ အင်္ဂလိပ်တပ်မှ လက်နက်ခဲယမ်းတိုက်တစ်ခုပေါက်ကွဲရာမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် ကြီးမားသော မီးတောက်မီးလျှံကြီးများပေါ်လာပြီး အနီးရှိကျောင်းတစ်ဆောင်ကို မီးကူးစက်သည်။ စစ်သားများသည် အနောက်ဘက်ရှိယမ်းတိုက်ကြီးကို တစ်ဆင့်မီးကူးစက်မည်စိုးသဖြင့် ရေပုံးကိုယ်စီဖြင့် ဝိုင်းရံငြိမ်းသတ်ရသည်။ ပေါက်ကွဲမှုကြောင့် လူ ၅ ဦးမှျဒဏ်ရာရသည်။ ကျည်ဆံလုံးများ၊ အမြောက်ကာပတ်များ၊ သစ်သားစများ မိုးပေါ်သို့ အရှိန်ပြင်းစွာ လွင့်တက်သွားသည်။ အထက်ပစ္စယာရှိလက်နက်တိုက်တွင် အစောင့်ကျနေသော မျက်နှာဖြူစစ်သားတစ်ဦးမှာ မြေပြင်မှ အထက်သို့ အတန်မြင့်အောင် မြောက်တက်သွားသည်။

ထိုအချိန်မှ ၁၂ လမျှကြာသောအခါ မြန်မာတို့သည် ရွှေတိဂုံစေတီတော်ကြီးကို လုယူမည်ဟု သတင်းဖြစ်လိုက်သည်။ အစီအစဉ်မှာ ကုန်းတော်ပေါ်သို့ တက်ရောက်သိမ်းပိုက်ပြီး ကုန်းတော်ပေါ်မှ အမြောက်သံပေးလိုက်လျှင် တစ်မြို့လုံးရှိ မွန်၊ မြန်မာ၊ ကရင်တို့က ထကြွဖို့ဖြစ်လေသည်။ ထိုအကြံအစည်မှာ ပေါက်ကြားသွားသဖြင့် ၁၈၅၃ ခု နိုဝင်ဘာလ ၂၂ ရက် နှင့် ၂၃ ရက်နေ့ညများတွင် အစိုးရက အရေးကြီးသောနေရာများ၌ စစ်တပ်အစောင့်အရှောက်များကို ချထားလေသည်။ ကုန်းတော်ကို စီးမည် ကြံစည်ထားသူများမှာလည်း ထိုအစီအစဉ်ကို လက်လျှော့လိုက်ရလေသည်။

ထိုအခါ ကုန်းတော်ပေါ်တွင် အမြောက်လမ်း၊ သေနတ်ပေါက်၊ တန်တိုင်း၊ ကျုံး၊ မြောင်း၊ တံခါး၊ တံတားများ ပြုလုပ်ထားရှိလေသည်။ အနောက်ဘက်ကုန်းတော်တစ်ခြမ်းတွင် ယမ်းတိုက်နှင့် စစ်တပ်အဆောက်အအုံများ ပြုလုပ်ထားလေသည်။ စစ်ပွဲများပြီးသောအခါ အနောက်ဘက်စောင်းတန်းဆားနှစ်ဖက်တွင် အကာထားလျက် ဘုရားဖူးများဝင်ထွက်သွားလာသောအခါတွင် ဆေးလိပ်မသောက်ရဟု အစောင့်အကြပ်များက တားမြစ်ကြသည်။ ထို့ကြောင့် အသွားအလာနည်းပါးကြသည်။ ထိုအချိန်တွင်ပင် စနေထောင့်တွင် သံတံခါးကြီးတစ်ခု၊ အနောက်စောင်းတန်းတွင် သံတံခါးငယ်တစ်ခု၊ ရာဟုထောင့်တွင် သံတံခါးကြီးတစ်ခုနှင့် ကုန်းတော်အလယ်ထပ်၌ တောင်ဘက်စောင်းတန်းနှင့် မြောက်ဖက်စောင်းတန်းတို့တွင် သံတံခါးကြီးတစ်ခု စီထား၍ ပိတ်လိုက်ကြလေသည်။

ရင်ပြင်ပေါ်မှ အင်္ဂလိပ်သချိုင်း

အင်္ဂလိပ်တို့သည် ထိုအချိန်က မြန်မာတို့လက်ချက်ဖြင့်ကျဆုံးသော စစ်ဗိုလ်စစ်သားတို့၏အလောင်းများကို ရင်ပြင်တော်အရှေ့မြောက်ထောင့်တွင်မြှုပ်နှံ၍ သချိုင်းပြုလုပ်ထားခဲ့ကြသည်။ စာရင်းတွေ့ရှိရသော ကျဆုံးသူတို့၏အမည်မှာ လက်ဖတင်နင်အာရ်၊ ဒုရှန် အမှတ် ၁၈၊ ဘုရင့်အိုင်းရစ်တပ်။ ဂျေ၊ အမ်၊ တေလာအမှတ်၉၊ မဒရပ်ခြေမြန်တပ်။ "ဝင်ချက်စတာ" သင်္ဘောမှကပ္ပတိန် စီ၊ဂျီ၊လော့တို့ဖြစ်ကြသည်။ ထိုစစ်သချိုင်းများကိုလည်း ခရစ်နှစ် ၁၉၂၉ ခု၊ ဇန္နဝါရီလ ၂၂ ရက်နေ့တွင်မှ ကန်တော်မင်စစ်သချိုင်းသို့ ရွှေ့သွားလေသည်။ ထိုစစ်သချိုင်းများကိုလည်း ခရစ်နှစ် ၁၉၂၉ ခု၊ ဇန္နဝါရီလ ၂၂ ရက်နေ့တွင်မှ ကန်တော်မင်စစ်သချိုင်းသို့ ရွှေ့သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ အချိန်က ရွှေတိဂုံစေတီတော်အား မြောက်ဘက်မုခ်ရှိ သစ်တပ်များအနီးမှ ဓာတ်ပုံရိုက်ကူးထားပုံ။



ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲကာလအတွင်း သန်လျင်တိုက်ပွဲ၌ မြန်မာခံတပ်အား အင်္ဂလိပ်တို့ထိုးစစ်ဆင်တိုက်ခိုက်နေပုံ



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ စစ်ပွဲအတွင်းတွင် မြန်မာတပ်များက သိမ်ဖြူခံတပ်၌ အခိုင်အလုံ ပြုထားသည်။ အင်္ဂလိပ်တပ်များမှာ အလုံယန်နှင့် မထိုးဖောက်နိုင်သဖြင့် သင်္ဘောမှ အမြောက်ကြီးများကို သယ်ယူ၍ တိုက်ခိုက်သော အခါမှ သိမ်ဖြူခံတပ်ကို သိမ်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှရေတပ် မန္တလေးမြို့သို့ချီတက်လာစဉ်

အင်္ဂလိပ်မြန်မာတတိယစစ်ပွဲ ရွှေကုံစေတီတော်နှင့်မင်းတပ်တော်ပါ။

ယခင်အင်္ဂလိပ်ခံတပ်ဟောင်းနေရာ
ယနေ့မြင်ကွင်းများ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှလက်အောက်ကျရောက်စရွှေတိဂုံ

ရှေးခေတ်ကုန်းတော်

ကုန်းတော်ပေါ်၌ ဇေဒင်ဆရာများ၊ နတ်ကတော်များရှိကြသည်။ ရှေးမြန်မာ တယော၊ ပတ္တလား နှင့် အလှူခံများလည်းရှိသည်။ ထိုခေတ်သည် ကရာမဖုံး(Gramophone) ဓာတ်စက်ခေါ် စက်သီချင်းပေါ်ခါစဖြစ်၍ ရုံကလေးများတွင် စားပွဲကုလားထိုင်နှင့် ဓာတ်ပြားတစ်ချပ်နှစ်ပဲကျဖြင့် နားတွင် ပိုက်လုံးကလေးတပ်၍ နားထောင်ရသည်။ ဘုရားပုလိပ်များမှာ အိန္ဒိယတိုင်းရင်းသားများဖြစ်သည်။ ယခုအခါမြန်မာများဖြစ်သည်။ အနောက်မြောက်ထောင့် ယခု ကျိုက်ထီးရိုးပုံတော်ဘက်၌ ဘုရားဈေးရှိသည်။ ၎င်းဈေးကို တောင်ဘက်စောင်းတန်း ယခုနေရာရွှေ့သည်။



ခရစ်သက္ကရာဇ် ၁၈၂၄ ခုနှစ်က အဝေးမှ ဖူးမြင်ရသော ရွှေတိဂုံစေတီတော်။

www.burmeseclassic.com

enerated by CamScanner

www.burmeseclassic.com



စေတီတော်ကြီး၏ အရှေ့မုခ်အာရုံခံတန်ဆောင်းရှေ့မှ လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ခန့်က ပန်းချီရေးဆွဲထားသော အင်္ဂလိပ်ပန်းချီဆရာတစ်ဦး၏အမြင်။

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှလက်အောက်ကျရောက်ခါစ ရွှေတိဂုံမှန်းဆမြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၁၈၂၄-ခုနှစ် ရွှေတိဂုံစေတီတော် အထက်ပစ္စယံမှနေ၍
အရှေ့တောင်ဘက်သို့ မြင်ရပုံ

www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှတို့သိမ်းယူပြီးစ ရန်ကုန်မြို့ရှုခင်း-လူနေအိမ်ခြေ အဆောက်အဦ များများမရှိ။
နေရာတကာမှာ စေတီပုထိုးများကို ဖူးတွေ့ရမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်းတရား၏ ထီးတော်တင်လှူပွဲ

ဦးထော်လေးကွယ်လွန်သည့် ၁၈၇၆ခုနှစ်တွင် ရန်ကုန်မြို့နေ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့သည် စေတီတော်ကြီးအား ထီးတော်သစ် တင်လှူရန် တိုင်ပင်ဆွေးနွေးကြလေသည်။ ထိုအချိန်ကဘုရားကြီး၏ ဝေယျာဝစ္စများကို အလယ်တောရ ဘုန်းတော်ကြီးဦးပြားက ဆက်လက်စောင့်ရှောက်ခဲ့ရာ၊ ရဟန်းများနှင့် မလျောက်ပတ်သော အနာမာသ အသုံးအဆောင်များ အတွက် အရပ်သူအရပ်သားများထဲမှ ဂေါပိတရက္ခိတအဖြစ် ရွေးချယ်ခန့်အပ်ရန် စီစဉ်လေသည်။ ထို့နောက် ရန်ကုန်မြို့သူမြို့သားများ နှင့် တိုင်ပင်၍ ဂေါပကလူကြီး ခြောက်ဦးတို့ကို တင်မြှောက်ထားကြသည်။

ထိုအချိန်တွင် ဆင်ဖြူရှင်မင်းတရား ၁၇၇၅ခုနှစ်က တင်လှူခဲ့သောထီးတော်မှာ သက်တမ်းအားဖြင့် ၉၅နှစ်မျှ ရှိပေပြီ။ ၁၈၆၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဘုန်းတော်ကြီးဦးပြားနှင့် ရန်ကုန်မြို့နေ ဂုဏ်သရေရှိ လူကြီးလူကောင်းများတို့သည် စေတီတော်ကြီးအား ထီးတော်သစ်တင်ရန်ကိစ္စကို ညှိနှိုင်းတိုင်ပင်ကြသည်။ ထီးတော်သစ်တင်ရန်အတွက် ငွေ ၃၂,၀၀၀ (သုံးသောင်းနှစ်ထောင်)ကျော်ကို ကောက်ခံထားသော်လည်း မိမိတို့အင်အားမျှဖြင့် ပြီးပြေအောင်စွမ်းဆောင်နိုင်မည် မဟုတ်ကြောင်း၊ မန္တလေးမြို့နေမင်းတုန်းမင်းတရားကြီးက အရင်းမူလပြု၍ ကုသိုလ်လှူဒါန်းလျှင် အပြီးသို့ရောက်နိုင်ရန်ရှိသဖြင့် ထီးတော်ဒါယကာ ခံယူပါရန် ယင်းသို့ တင်ဆက်လျှောက်ကြားရလျှင် လျော်ကန်မည်ထင်ကြောင်း ရန်ကုန်မြို့၊ ကုန်ဈေးတန်းရပ်မှ လူကြီးများက အကြံပေးကြသည်။ ထိုအကြံဉာဏ်ကို အစည်းအဝေးသို့ တက်ရောက်လာကြသော ရဟန်းရှင်လူပရိသတ်တို့ကလည်း သဘောတူ နှစ်သက်ကြသည်။ မန္တလေးမြို့တော်သို့ သွားရောက်လျှောက်ထားရန်ကိစ္စကို ပုဆိုးတန်းရပ်နေ ကျောင်းဒါယကာ ဦးထွန်းအောင် ဆိုသူအား လူထုကိုယ်စားလှယ်အဖြစ် တာဝန်လွှဲအပ်ကြသည်။ ဦးထွန်းအောင်သည် ရန်ကုန်မြို့နေ လူကြီးများ၏ ထီးတော်ပြင်ရန်ကိစ္စ သံတော်ဦးတင်စာကို မင်းတုန်းမင်းကြီး ရွှေတော်မှောက်သို့တင်သွင်းရန် ယူဆောင်သွားလေသည်။

မင်းတုန်းမင်းတရားကြီးထံ ပထမအကြိမ်ပို့ဆက်သော သံတော်ဦးတင်လွှာတွင်၊ ခမည်းတော်သာယာဝတီမင်း၏ တိဂုံဆံတော်ရှင်စေတီမြတ်အား ပြုလုပ်လှူဒါန်းခဲ့သည့် ရွှေချခြင်း၊ ခေါင်းလောင်းတော်သွန်းလုပ်ခြင်းတို့ကို ဖော်ပြ၍ ယခုအခါ ထီးဘုရားအဆက် သံတော်ဦးတင်စာထဲတွင် ရဟန်းရှင်လူသဒ္ဓါသူတို့ထံမှ ပန်ကြားနှိုးဆော်၍ အလှူခံရရှိသော အသပြာငွေ ကျပ်သုံးဒင်္ဂါး ၂၀,၀၀၀(နှစ်သောင်း)ကျော်နှင့် ဘုရားဝတ္တကနယ်မြေအတွင်း ကောက်ခံရငွေ ၁၂,၀၀၀(တစ်သောင်းနှစ်ထောင်)ကို အခြားလုပ်ခင်းဆောင်ဖွယ် နုတ်ယူသုံးစွဲခြင်းမရှိစေရဘဲ ဘဏ်တိုက်တွင်အပ်နှံထားကြောင်း၊ ၎င်းသပြာငွေဒင်္ဂါးများကို ဘုရားရွှေ ဘုန်းတော်မြတ်ကို နိလုံ့ဆက်သပြီးလျှင် ၎င်းငွေများကို မျက်ပါးရပ်၌ ရွှေဆိုင်းခတ်လုပ်ပြီး ဘုရင်မင်းမြတ်ကုသိုလ်ထဲသို့ ထည့်သွင်း၍ ဒဂုံစေတီတော်မြတ်ဘုရားကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးမှ ရတနာအပေါင်းတို့ဖြင့် ခြယ်လှယ်စီမံ၍ ထီးတော်မြတ်တင်တော်မူပါမည့်အကြောင်း ဖော်ပြပါရှိလေသည်။

ထိုသံတော်ဦးတင်လွှာကို ဆက်သပြီးသောအခါ မင်းတုန်းမင်းတရားကြီးကလည်း ကုတိုလ်တော်ပြုလုပ်ရန် ဝမ်းမြောက် ဝမ်းသာလက်ခံလေသည်။ ထို့နောက် ကျောင်းဒါယကာ ဦးထွန်းအောင်အား သံတော်ဆင့် နေမျိုးရာဇစည်သူထံမှတစ်ဆင့် အောက်ပါအမိန့်တော်စာကို ပေးအပ်လိုက်လေသည်။

> ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် ပဉ္စမသင်္ဂါယနာတင် အရှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ပြန်လိုက်သည်။ ရန်ကုန်မြို့နေ ဆင်းရဲသားကျွန် တော်မျိုးအပေါင်းတို့။ ရွှေသားထီးထွတ်ငှက်မြတ်နားကို သိင်္ဂီမင်းစံ အလျှံရွှန်းအိ ပကတိရွှေမြတ် နဝရတ်ကိုးသွယ် စီခြယ်မွမ်းမံတော်မူ၍ အသစ်လုပ်ဆောင်တော်မူမည်။ စေတီတော်အလုံး ရွှေမွမ်းမံရန်ရှိသည်ကိုလည်း ကျွန်တော်မျိုးတို့ ကုသိုလ်တော်ပွားများ လှူဒါန်းစုပေါင်းကြသည့်ငွေနှင့် မပြည့်မစုံမလောက်မင ရှိသည်များကို ငွေတော်ထုတ်ပေး၍ ရွှေမွမ်းမံတော်မူမည်ဖြစ်သည်။ ကုန်ဝင်ရန်စာရင်းကို ဆက်သွင်းတင်လျှောက်ကြစေ။ ဘုရားအမိန့်တော်မြတ်ရှိသည့်ကို သက္ကရာဇ် ၁၂၃၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်နေ့ သံတော်ဆင့် နေမျိုးရာဇစည်သူမှတ်။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်အစိုးရ စိုးရိမ်ကြောင့်ကြပုံ

ခရစ်နှစ် ၁၈၇၆ ခု၊ ဒီဇင်ဘာလတွင် ရတနာပုံနေပြည်တော်မှ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားသည် ရွှေတိဂုံ
စေတီတော်၏ထီးတော်ကို ပြင်ဆင်၍ အသစ်တင်ရန် သဘောတူခြင်းကို အနောက်နိုင်ငံ သမိုင်းဆရာတို့က "ဤလုပ်ရပ်တွင်
ဗုဒ္ဓဘာသာ ရိုးရိုးဘာသာတရားကိုင်းရှိုင်းမှုထက် အမျိုးသားရေးအနေဖြင့် ဆောင်ရွက်လိုသောသဘောက ပိုဟန်ရှိသည်။ ၎င်းမှာ
မည်သို့ပင်ဖြစ်စေ မြန်မာလူမျိုးတို့အား မိမိတို့၏ရှင်ဘုရင်လက်အောက်တွင် တညီတညွတ်စည်းလုံးစေလိုသည့် ဆန္ဒပင်ဖြစ်သည်။
ထိုအခမ်း တိကျသည့်နားလည်မှုယူ၍ ကာမူ ဗြိတိသျှအာဏာပိုင်တို့က ရှင်ဘုရင်ကိုယ်တိုင် ကြွရောက်လာခြင်းမရှိစေရဟူသော
အနားကို ခွင့်ပြုလိုက်ပေသည်"ဟူ၍ ရေးသားထားသည်ကို တွေ့ရသည်။

ဘာသာရေးကို အကြောင်းပြု၍ တိုင်းပြည်ဆူပူ ထိုအချိန်က မြန်မာနိုင်ငံအောက်ပိုင်းကို အုပ်စိုးနေသော ဗြိတိသျှတို့သည်
အထူးစိုးရိမ်ခဲ့ မှုပေါင်းမိမည်ကိုလည်းကောင်း၊ အထက်အောက်မြန်မာနိုင်ငံသားများ တစည်းတလုံး
လှုပ်ရှားမည်ကိုလည်းကောင်း၊
ကြပေသည်။

မန္တလေးနှင့် ဆက်သွယ်ခြင်းတို့ကို ပြုလုပ်နေချိန်၌ ဗြိတိသျှ ထီးတော်သစ်တင်လှူရန်အတွက် ထီးတော်စစ်ဆေးခြင်း၊
မြန်မာဘုရင်၏ ထီးတော်ကိုတင်လှူခြင်းသည် လက်ထက် အောက်မြန်မာနိုင်ငံရှိလူထုမှာ အုတ်အုတ်ကျက်ကျက်ရှိနေကြသည်။
ထီးတော်သစ်တင်ခွင့်ပြုပြီးမှ သဘောပေါက်မိကြသည်။ သြဇာအာဏာစက် ဖြန့်ကြက်ရာရောက်ကြောင်းကို အင်္ဂလိပ်တို့သည်
အောက်ပါအ အိန္ဒိယအစိုးရအတွင်းဝန်ကြီးထံ ပေးပို့သောအစီရင်ခံစာတွင် ထို့ကြောင့် ရန်ကုန်မြို့ရှိ မဟာဝန်ရှင်တော်မင်းကြီးက
တိုင်းဖော်ပြထားသည်။

အလွန်မှောင် ဗြိတိသျှပိုင်နယ်မြေအတွင်း မည်သည့်ဘုရားစေတီ၌မဆို (မြန်မာ)ဘုရင်အား ထီးတင်ခွင့်ပေးမိခြင်းသည်
တရဖွယ်ရာသောကိစ္စ ဖြစ်ပါသည်။ ခွင့်ပြုခြင်းမှာ အမှုမဲ့အမှတ်မဲ့ပြုလုပ်မိခြင်းဖြစ်ကြောင်း သံသယဖြစ်ဖွယ်မရှိပါ။
ထို့ပြင် ဘာသာရေးနှင့်စပ်လျဉ်းသော အကြောင်းသက်သက်မျှသာဖြစ်သည်ဟု ဘုရင်၏ဆန္ဒကို ဖီလာဆန့်ကျင်မပြုလို
သောကြောင့်လည်း ဖြစ်ပါသည်။ ဤအမှားကို လျင်မြန်စွာသဘောပေါက်ခဲ့သော်လည်း ထိုလုပ်ငန်းပြီးစီးအောင်လုပ်ကိုင်
ခြင်းကို ကျွန်ုပ်တို့အစိုးရက တားမြစ်ရန်မှာ အချိန်အလွန်နှောင်းသွားခဲ့ပါသည်။

ဟုတွေ့ရှိရသည်။

ထို့ကြောင့်ပင် မဟာဝန်ရှင်တော်မင်းကြီးသည် ရွှေတိဂုံစေတီတော်ကြီး၏ထီးကို မြန်မာဘုရင်၏ကိုယ်စားလှယ်များက
မတင်စေရဘဲ ဗြိတိသျှလက်အောက်ရှိ မြန်မာလူမျိုးများက တင်လှူစေရန် အစီအမံများကိုပြုလုပ်သည်။ ထီးတော်ရောက်သည်နှင့်
လွှဲပြောင်းလက်ခံယူပြီး ထီးတော်တင်ပွဲကိစ္စပြီးသည်အထိ စီမံဆောင်ရွက်ရန် ကော်မတီလူကြီး ငါးဦးကို ဖွဲ့ပေးသည်။ ထိုအဖွဲ့နှင့်
ဆက်သွယ်ရန် အခွန်ဝန်မောင်အုန်းနှင့် သန်လျင်မြို့အုပ် မောင်ဝိုက်တို့ကို ထည့်သွင်းလေသည်။

လူများများ တစ်ဖက်ကလည်း မန္တလေးမြို့ရှိ ဗြိတိသျှသံကိုယ်စားလှယ်အား ထီးတော်သယ်ဆောင်လာမည့်အဖွဲ့တွင်
ကြားသိစေသည်။ ရန်ကုန်တွင် အစစစီမံထားပြီးဖြစ်ကြောင်း၊ မြန်မာဝန်ကြီး၊ မှူးကြီးတို့အား စေလွှတ်ပေးဖို့ မလိုကြောင်း၊
ထိုအချက်ကို မင်းတုန်းမင်းတရားကြီးက သဘောတူလက်ခံသည်။

ထီးတော်ပင့်ဆောင်လာသောအဖွဲ့

ရန်ကုန်မြို့ရှိဂေါပကအဖွဲ့က မင်းတုန်းမင်းတရားကြီးအား ထီးတော်ကိစ္စလျှောက်တင်ရန် ဆုံးဖြတ်ကြသည်မှာ
ခရစ်နှစ် ၁၈၆၉ ခု နိုဝင်ဘာလ ၁၁ ရက်နေ့ဖြစ်သည်။ ထိုလျှောက်တင်ချက်ကို ဦးထွန်းအောင်အား ကိုယ်စားလှယ်စေလွှတ်၍
တင်ဆက်ရာတွင် မင်းတုန်းမင်းတရားကြီးက ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုတော်မူသည်မှာ ဒီဇင်ဘာလ ၂၆ ရက်နေ့ဖြစ်လေသည်။

ထို့နောက် နန်းတော်တွင်း၌ သံချက်ဝန်ပညာသိဒ္ဓိကျော်သူ (ဦးမှို)ကို ကြီးမှူးစေ၍ ရွှေပန်းထိမ်များစွာဖြင့် ထီးတော်
ကြီးကို ပြုလုပ်စီမံစေရာ ခရစ်နှစ် ၁၈၇၁ ခု၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ထီးတော်ကြီးပြီးစီးလေသည်။ ထိုအခါ
မင်းတရားကြီးကိုယ်တိုင် မင်းမိဖုရားအစုံအညီဖြင့် မန္တလေးမြို့၌ ရေစက်သွန်းချလှူဒါန်းလေသည်။

ထီးတော်ကြီးကို ရန်ကုန်မြို့သို့ သယ်ဆောင်ရန်အတွက် ပုပ္ပားဝန်ထောက်ကြီး မင်းကြီးမဟာမင်းကျော်မင်းထင်
ကြီးမှူးသောအဖွဲ့အား လိုက်ပါစေ၍ ရေနန်းစကြာသင်္ဘောဖြင့် စေလွှတ်လေသည်။ ထိုအဖွဲ့တွင် အရာရှိကိုးယောက်ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထီးတော်ဆိုက်ရောက်ခြင်း

ထီးတော်ကို ဆောင်ယူလာကြသောအဖွဲ့သည် ခရစ်နှစ် ၁၈၇၁ ခု၊ အောက်တိုဘာလ ၃ရက် (၁၂၃၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်)နေ့တွင် မန္တလေးမြို့တော် သံလျက်မော်ဆိပ်ကမ်းမှ ရေကြောင်းအတိုင်း ထွက်ခွာခဲ့ကြသည်။ လမ်းခရီးမြစ်စဉ်တစ်လျှောက်တွင် မြို့၊ ကျေးရွာများက ပွဲလမ်းသဘင်များပြုလုပ်၍ ပူဇော်ကြသည်။ ထီးတော်သည် ရန်ကုန်ဆိပ်ကမ်းသို့ အောက်တိုဘာလ ၂၂ ရက်နေ့ နံနက်တွင် ရောက်ရှိ၍ ၁၀ နာရီ ၅ မိနစ်အချိန်တွင် ရန်ပုံခွင်း (ယခုလမ်းမတော်) တံတားသို့ ဆိုက်ကပ်၍ ကျောက်ချသည်။

ထီးတော် ဆိုက်ရောက်သည့် သတင်းကို အောက်တိုဘာလ ၂၇ ရက် (၁၂၃၃ ခု တန်ဆောင်မုန်းလဆန်း ၁၅ရက်) သောကြာနေ့ထုတ်။ မြန်မာဂေဇက်သတင်းစာတွင် ဖော်ပြထားသည်မှာ–

ထီးတော်တင်ယူခဲ့သောသင်္ဘော နံနက် ၈ နာရီအချိန်၊ ရန်ကုန်မြို့မြစ်ဆိပ်သို့ ဝင်ရောက်သည်ကိုမြင်ကြလျှင်–တစ်မြို့လုံး အုန်းအုန်းကြွက်ကြွက် မြစ်နားသို့ဆင်း၍ လူချင်းအထပ်ထပ်တိုးဝှေ့မအား များစွာလာရောက်ကြိုဆိုဖူးမြော်ကြလေသည်။

ထို့နောက် ၂ နာရီခွဲလောက်ကြာ၍ ၁၀ နာရီခွဲအချိန်ခန့်တွင် အထက်အကောက်ဝန်မင်း ဒွေက်သခင်နှင့် ဝန်ထောက်တော်မောင်အုန်းတို့ လာရောက်ကြိုဆိုကြသည်။ သင်္ဘောသို့တက်၍ ကောင်းမွန်ယဉ်ကျေးစွာ မြန်မာဘုရင်တော်မတ်တော်များနှင့် စုံစုံမက်မက် နှုတ်ဆက်လက်ဆွဲ ပြုကြလေသည်။

မွန်မြန်မာတို့သည် ထီးတော်ဖူးရအောင် သင်္ဘောသို့ကူးကြရာ အင်စပိတ်တော်နှင့် ပြာတာများ သင်္ဘောကနေ၍ မတက်ရဟု တားဆီးကြသည်။ မတားဆီးလျှင်လည်း သင်္ဘောနစ်အောင် တစ်မြို့လုံး ဝိုင်း၍တက်ကြလိမ့်မည်။

ဟုရေးသားထားသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မင်းတုန်းမင်း၏ ထီးတော်ကြီး ပင့်ဆောင်လှူဒါန်းသောကိစ္စတွင် နိုင်ငံရေးအရ အရှုပ်အထွေးကိစ္စများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်မကင်းရှိသဖြင့် မြန်မာမင်းကိုယ်တိုင် သော်လည်းကောင်း မြန်မာမင်း၏ ကိုယ်စားလှယ်က သော်လည်းကောင်း၊ တိုက်ရိုက်ထီးတော်တင်ခွင့်မပေးဘဲ အင်္ဂလိပ်အစိုးရ၏ အရာရှိတစ်ဦးဖြစ်သူ ဝန်ထောက်ဦးအုန်းကို ရာထူးတက်၍ပေးပြီး ထီးတော်တင်ပွဲကိစ္စ၌ ကြီးကြပ်လုပ်ကိုင်စေလေသည်။ အောက်မြန်မာပြည်ကို အုပ်ချုပ်သော မဟာဝန်ရှင်တော်မင်းကြီးသည် ပဲခူးဝန်ထောက်၊ ရာဇဝတ်ဝန်၊ အကောက်ဝန်တို့ကိုခေါ်ယူ၍ ထီးတော်ရောက်ရှိလျှင် ဧည့်ခံကြိုဆိုရန်၊ နေရာချထားရန် တာဝန်ပေးခဲ့သည်။ ထီးတော်အရာရှိများနှင့် အဖွဲ့သားများနေတိုင်ရန် သစ်လုံးတိုင်၊ ပျဉ်ကြမ်းခင်း၊ ဓနိကြောလေးဖက်ချ အိမ် ၁၁ လုံးကိုလည်း အလုံရပ်တွင် ဆောက်လုပ်ထားရှိသည်။

ပွဲတော်အတွက်ပြင်ဆင်ကြပုံ

ထီးတော်တင်ပွဲကြီးမှာ တစ်သက်မှတစ်ခါဆိုသလို ကြုံကြိုက်ရသောပွဲဖြစ်သဖြင့် ရန်ကုန်မြို့သူမြို့သားများသည် ဤပွဲတော်အတွက် အထူးတလည် ပြင်ဆင်ထားကြလေသည်။

အောက်မြန်မာပြည်ကိုအုပ်ချုပ်သော မဟာဝန်ရှင်တော်မင်းကြီးက ပွဲမိန့်ပေးသဖြင့် ထီးတင်ပွဲ၌ ကပြဖြေဖျော်ကြရန် ကာလသားများက အရပ်ဇာတ်များတိုက်ကြသည်။ ထီးတော်ကို သင်္ဘောပေါ်မှတင်၍ ရန်ကုန်မြစ်ဆိပ်တွင် ခေတ္တထားရှိရန် ထီးတော်ရုံအတွက် အလှူငွေစုပေါင်းထည့်ဝင်ကြသည်။ ထီးတော်ဘုံ ခုနစ်ဘုံကို မြစ်ဆိပ်မှ သိင်္ဂုတ္တရကုန်းတော်သို့ ပို့ဆောင်လိုသူ အများအပြား အလုအယက်ဖြစ်နေသဖြင့် အဖွဲ့ခုနစ်ဖွဲ့က သယ်ဆောင်ရန် စာရေးတံမဲချ၍ စီစဉ်ခွဲဝေထားကြရသည်။

ထီးတော်သစ်တင်မည်ဆိုရာတွင် ဆင်ဖြူရှင်မင်းတရား၏ ထီးတော်ဟောင်းကိုချ၍ မင်းတုန်းမင်းတရား၏ ထီးတော်သစ်ကို တစ်ခွေစီတင်ရမည်ဖြစ်ရာ စေတီတော်ကို ငြမ်းဆင်ဖို့လိုအပ်လာလေသည်။ ငြမ်းဆင်ရန်လုပ်ငန်းအဝဝအတွက် သန်လျင်မြို့အုပ် မောင်ဝိုက်နှင့် ဗိသုကာ ဦးရွှေလုပ်တို့က အဖိုးအခမယူဘဲ ဆောင်ရွက်ပေးမည်ဟု ခွင့်ပန်ကြသည်။

ငြမ်းဆင်သည့်အခါတွင် ငြမ်းချည်သောလုပ်ငန်းအတွက် လုပ်အားပေးသူများလည်း အများအပြားပါဝင်ကြသည်။ ငြမ်းချည်လုပ်သားများအား ရန်ကုန်မြို့နေတိုင်းရင်းသားအလှူရှင်များက ထမင်းဟင်းလျာချက်ပြုတ်၍ ကျွေးမွေးလှူဒါန်းကြသည်။

စေတီတော်သို့ ထီးတော်ရောက်သောအခါ စေတီအထွတ်သို့မတင်မီ ယာယီထားရှိရန်အတွက် ယီးတော်တန်ဆောင်ဆောက်လုပ်လှူဒါန်းရန်ကို ရန်ကုန်မြို့နေ ရေနံလုပ်ငန်းပိုင်ရှင်၊ အသက် ၂၀ ကျော်ရှိ မဖွားကတာဝန်ယူသည်။ ယင်းတန်ဆောင်းမှာ ယခု စေတီယင်္ဂဏအသင်း နေရာ၌ ရှိလေသည်။

www.burmeseclassic.com

ရန်ကုန်မြို့သူမြို့သားတို့သည် ထီးတော်မရောက်မီ နှစ်ပတ်ခန့်တွင် ထီးတော်ကြီးစုန်ဆင်းယူဆောင်လာရာ ရန်ကုန်မြို့တွင်းသို့ လမ်းမတော်ဆိပ်ကမ်းမှနေ၍ မီးတိုင်များကိုပေါင်ဖွဲ့၍ မျှော်ချူပူဇော်ကြသည်။ အလှူရှင်ပေါင်းစုံတို့၏ ဆီမီးတိုင် ၄၀,၀၀၀ ပါဝင်လေရာ မီးပေါင်အလျားမှာ အင်္ဂလိပ်တိုင် လေးတိုင်ကျော်ရှိလေသည်။

ထီးတော်ကိုဆောင်ယူလာသောအဖွဲ့တွင် ပန်းထိမ်၊ ပန်းပဲ၊ ပန်းချီ၊ ဗိသုကာ စသည်တို့ပြင် လက်မှုပညာသည်နှင့် သဘော်အမှုထမ်းပေါင်း ဦးရေ ၁၀၀ခန့် ပါလာလေသည်။ ကြီးကြပ်အုပ်ချုပ်သော အရာရှိကိုးဦးတွင် မင်းလှမင်းထင်ရာဇာ ဘွဲ့ခံ ရွှေတိုက်စိုးမင်းမှာ သိုးဆောင်းလူမျိုး "ပြီတယ်ကာမာရတ္တာ"ဖြစ်သဖြင့် အင်္ဂလိပ်ဘာသာစကားနှင့် ထုံးဓလေ့၌ ကျွမ်းကျင်သည်။ ထို့ကြောင့်အစိုးရဘက်မှ ပုဂ္ဂိုလ်များနှင့် ပြောဆိုဆက်သွယ်ရာတွင် လွယ်ကူလေသည်။

ထီးတော်ရောက်ရှိပြီးနောက် နောက်တစ်နေ့ အောက်တိုဘာလ ၂၃ ရက် (တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့တွင် မဟာဝန်ရှင်တော်မင်းကြီး အာရှလီအီဒင်သည် မြစ်ဆိပ်သို့ဆင်း၍ ပုပ္ပားမြို့စား ဝန်ထောက်တော်ကြီးအားကြိုဆိုပြီး ရထားတစ်ဆူစီစီး၍ တက်ကြသည်။ ဝန်ရှင်တော်မင်းကြီးအိမ်တွင် မြန်မာအဖွဲ့အား ညှိခံပြုစုသည်။

ထီးတော်ပင့်ဆောင်ပူဇော်ခြင်း

နောက်တစ်နေ့ အောက်တိုဘာလ ၂၄ရက် (လဆန်း ၁၂ရက်)တွင် ထီးတော်ဖောင်ကို တံတားမှာကပ်ပြီး ထီးတော်တစ်ဘုံစီကို ဝန်ချီစက်နှင့် တင်လေသည်။ ထီးတော်ဘုံအဆင့်ဆင့်ကို တင်ယူနေစဉ် တံတားဦး၌ မြန်မာဆိုင်း လက်ဝဲ၊လက်ယာ တီးမှုတ်လျက်ရှိသည်။ မြန်မာအရာရှိများနှင့်တကွ ထီးတော်ကိုဖူးမြော်ရန် လာကြသူများမှာ ကမ်းလုံးညွတ်မျှ ဖြစ်လေသည်။

ထီးတော်ကို ကမ်းနားတန်ဆောင်းသို့ရောက်အောင် ကရင်၊ မွန်၊ မြန်မာများ အလုအယက် ထမ်းယူကြသဖြင့် တိမ်းယိမ်းမည်စိုးသောကြောင့် ဝန်ထောက်တော်မင်းက အထူးကြပ်မတ်ရမည်။ ထီးတော်တန်ဆောင်းအတွင်းသို့ ရောက်ပြီးသည့်အချိန်တွင် နေဝင်လေပြီ။ နေဝင်သော် လသာသည့်အခိုက် ပွဲလမ်းများ ခင်းကျင်းကြလေသည်။

ထီးတော်ကို ထမ်းယူသောအခါ၌ မြန်မာမှူးတော်များသည် အင်္ကျီဖြူ ဒူးဆစ်ကျအောင် ရှည်ရှည်ဝတ်၍ အင်္ကျီပေါ်က စလွယ်ရွှေကြိုးများကို ဆင်ယင်ပြီး မြန်မာထုံးစံအတိုင်း အစဉ်အလိုက် သိုက်မြိုက်ယဉ်ကျေးစွာ ဖြည်းဖြည်းသာသာ သွားကြလေသည်။ ထီးတော်တန်ဆောင်းအတွင်းသို့ ရောက်ရှိသွားသောအခါ၌လည်း ဗုဒ္ဓဘာသာဝင်လူမျိုးအားလုံးသည် ရှိသေလေးမှုဖြင့် ဖိနပ်မစီး၊ ထီးမဆောင်းဘဲ ထွက်ဝင်သွားလာကြသည်။

ထိုနေ့ညတွင် ထီးတော်ကို ကမ်းနားတန်ဆောင်းအတွင်း၌ထား၍ အပူဇော်ခံသည်။ ထီးတော်၏ ငှက်မြတ်နားမှာ အဖိုးများစွာ ထိုက်တန်သော ရတနာကျောက်မြတ်များ ပါဝင်သဖြင့် ဘဏ်ေါဘဏ်ဏ်တိုက်တွင် အပ်နှံ၍ သိမ်းဆည်းရမည်ဟု အင်္ဂလိပ်ရာဇဝတ်ဝန် မေဂျာဒန်းကင်းက အမိန့်ပေးသည်။ မြန်မာရွှေတိုက်စိုးမင်းက ထီးတော်၊ ငှက်မြတ်နားတော်နှင့်တကွ သုံးစွဲရန် ငွေတော် ငါးသောင်းကျော်ကို မိမိတစ်ဦးတည်း ထိန်းသိမ်းစောင့်ရှောက်၍ လာပါသည်။ ယခုလည်း ပျောက်ပျက်မည်စိုးလျှင် ကျွန်ုပ်ပင်ထိန်းပါမည်။ ရွှေနန်းရှင်ဘုရားအလိုအတိုင်း လူအများဖူးမြော်၍ ကုသိုလ်ယူကြစေချင်ပါသည်ဟု ပြန်လည်ပြောကြားသည်။ ထိုအခါ အကောက်ဝန် ဒွေက်၏စီစဉ်ချက်အရ ငှက်မြတ်နားကို တန်ဆောင်းအတွင်း၌ထား၍ မြို့လုလင်ကြီး ငါးရောက်နှင့်တကွ မျက်နှာဖြူ ရာဇဝတ်အုပ်တစ်ဦးကို ရဲသားအများနှင့် အစောင့်ချထားပေးလေသည်။

ထီးတော်ထားရှိသော တန်ဆောင်းတွင် အတွင်းအပြင် ဗိတ်ဖြူများကို မြေသို့ကျအောင် ပတ်ရစ်လွှမ်းခြုံကြသည်။ ဖန်မီးအိမ်လုံးရေ ၁၀၀ ခန့်ကိုလည်း ထွန်းညှိ၍ ပူဇော်ထားသည်။ ဖူးမြော်ရန်လာရောက်ကြသူတို့မှာ ည ၂ ချက်တီးကျော်သောအခါမှ အတန်ငယ် ပါးသွားလေသည်။ ထိုညတွင် တန်ဆောင်း၏ရှေ့ဖက်၌ ဘီလစ်မောင်ပုတ်နီနှင့် အခွန်စာရေး မောင်ဘအိုတို့ ကြပ်မတ်၍ ရုပ်သေးပွဲကျင်းပပေးသည်။ မိုးလင်းခါနီးတိုင်အောင် ကပြကြလေသည်။

အောက်တိုဘာလ ၂၆ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့)တွင် အင်္ဂလိပ်အစိုးရနှင့် မြန်မာအစိုးရတို့ဘက်မှ အတွင်းဝန်များရုံးတွင် စုံညီတွေ့ဆုံ၍ ထီးတော်ကြီးကို စာရင်းဇယားနှင့်တကွ လက်မှတ်ရေးထိုးအပ်နှင်းလေသည်။ အင်္ဂလိပ်မဟာမင်းကြီးက တစ်ဖန် အခွန်အဝန် မောင်အုန်းသို့ အပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အလှူဒါနမျိုးစုံ

ထီးတော်တင်ပွဲကြီးတွင် ကျွေးမွေးရန်အတွက် အများဒါနဖြစ်စေရန် ငွေကြေး စုဆောင်းကြရာ အချို့မှာ ဆန်၊ အမဲဟင်းလျာများကို ထည့်ကြသည်။ ထိုခေတ်သတင်းစာများအရ "ပုဆိုးတန်းရပ်နေ ကျောင်းတကာ ကိုဘိုးကလေးက ငွေ ၅၀၀ ကျပ် ထည့်လှူသည်၊ မလောက်သမျှကိုခံဝန်သည်။" စတုဒိသာကျွေးမွေးရာတွင် "ဓာဆိုတန်းရပ်နေ ပွဲစားကြီး ကျောင်းတကာ ဦးဆောင်းက ချက်ပြုတ်သုံးဆောင်ရန် ရေ၊ လာသမျှပရိသတ်တို့သောက်ရန်ရေများကို လောက်ငပြည့်စုံအောင် လှူဒါန်းပါမည်"ဟုကတိပြုသည်။

ဆန်ပွဲစားကိုရွှေပြည့်ကား ထီးတော်ကို ယူကြသောအခါ မြစ်နားတန်ဆောင်းက ဘုရားပေါ်ထိ ပိတ်ဖြူခင်းပါမည်ဟု ခံဝန်လေသည်။ ဤအချိန်အတောအတွင်း၌ ထီးတော်တွင်ကပ်လှူရန် ရွှေပြားများ၊ ချည်တုပ်ရန် ရွှေနန်းကြိုးများခတ်၍ လှူဒါန်းသူတို့ကလည်း တဖွဲဖွဲဖြစ်ကြသည်။ တန်ဆောင်မုန်းလဆန်း ၁၄ရက်နေ့မှ လပြည့်ကျော် ၁၃ရက်နေ့အထိ၊ ၁၅ ရက်အတွင်း ရွှေချိန်သပြာပေါင်း ၇၀၀ ကျော်ရသည်ဟု မြန်မာဂေဇက်သတင်းစာက ဆိုလေသည်။ တစ်ဖန် တန်ဆောင်မုန်း လပြည့်ကျော် ၄ ရက်နေ့ကစ၍ နတ်တော်လဆန်း ၅ ရက်နေ့အထိ ၁၇ ရက်အတွင်း လှူဒါန်းသော ရွှေထည်များမှာ ၈၄၂ကျပ်၊ ခုနစ်မူး၊ တစ်ပဲဖြစ်သည်ဟု ယင်းသတင်းစာ နတ်တော်လဆန်း ၆ ရက် (၁၇-၁၁-၁၈၇၁)နေ့ထုတ်တွင် စာရင်းတစ်ခု ထပ်မံဖတ်ရှုရသည်။

ထီးတော်ကြီးတွင် တပ်ဆင်တင်လှူရန် ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ မြ တို့ဖြင့်ပြီးသော လက်စွပ်၊ လက်ကောက်၊ပုတီး၊ နားတောင်း အစရှိသည်တို့မှာကား ရတ်ခြည်း ချိန်တွယ်အဖိုးမဖြတ်နိုင်သေး၍ စာရင်းစု၍သာထားရလေသည်။ အချို့ကလည်း မိမိတို့၏ အဖိုးတန်လက်ဝတ်ရတနာများထဲမှ အကောင်းဆုံးကိုရွေးပြီး လှူဒါန်းကြသည်။ "ပန်းဆိုးတန်းရပ်နေ ကျောင်းအမ မယ်ဘား၊ မယ်စာတို့ညီအမနှစ်ယောက်က အရင်းတည်၍ ဆွေမျိုးတို့နှင့်တကွ စုရုံးကြပြီးလျှင် ထီးတော်တွင် သင့်လျော်ရာ၌ ရွှေနန်းကြိုးခတ်၍ထည့်ရန် အိန္ဒိယတိုင်းကြီးက လုပ်ဆောင်သော စိန်၄လုံး၊ မြ ၅လုံးစီတပ်၍ပါသော ရွှေပတိုင်းပွင့်" လှူဒါန်းပူဇော်ကြောင်းသတင်းကိုရင်း။ "ကျောက်တံတားရပ်နေ ကျောင်းတကာကြီး ဦးရွှေသွယ်က သမီးများဝတ်ဆင်သည့် ပတ္တမြားကျောက်စီခြယ်သော နားတောင်းရံစုံကို ထီးတော်ကြီးမှာ ထည့်လှူလေသည်" ဟူသောသတင်းကိုရင်း၊ မြန်မာဂေဇက်သတင်းစာတွင် ဖတ်ရလေသည်။

အချို့စေတနာသဒ္ဓါတရားရှင်များမှာ လုပ်အားသက်သက်လှူကြသည်။ အချို့မှာ လုပ်အားဖြင့်ရသောငွေကို ဝတ္တုပစ္စည်းပြုလုပ်၍ လှူကြသည်။ ပန်းပဲတန်းရပ်နေ ကျောင်းဒါယကာ ဦးစနှင့်ဦးညိုတို့က တပည့်အရပ်သား ၁၀ ယောက်နှင့်အတူ ထီးတော်အောက်ခံ၊ သံကိုင်း၊သံလက်များကို လုပ်ဆောင်၍ပေးသည်။ ပန်းထိမ်တန်းသားတို့က ကောက်ခံရငွေကို ရွှေဆည်းလည်းသွန်း၍ လှူရန်ပြင်ဆင်ကြသည်။

ထီးတော်ဟောင်းအချ

အောက်တိုဘာလ ၂၈ ရက်၊ စနေနေ့တွင် ထီးတော်ကို ကုန်းတော်သို့ယူမည်ဖြစ်၍ လမ်းမတော်ကို ယာဉ်ရထား၊ ဆင်၊ မြင်းမရှိစေရန် ဖယ်ရှားထားသည်။ ထို့နောက် ပိတ်ဖြူခင်းထားသော လမ်းအတိုင်း အဖွဲ့ခုနစ်ဖွဲ့က နံနက် ၈နာရီတွင် စတင်သယ်ဆောင်၏။ စည်တော်နှင့် အကအခုန်အတီးအမှုတ်များပါရှိသည်။ နံနက် ၁၁ နာရီတွင် ကုန်းတော်ပေါ်ရှိ မဖွား တန်ဆောင်းသို့ရောက်သည်။ ထိုနေ့တွင် ဘုရားဖူးပရိသတ် ငါးသောင်းကျော်လာရောက်၏။ ရွှေငွေစိန်ထည်များကို လှူဒါန်းကြ၏။ အချို့မှာ စေတနာထက်သန်လွန်းသဖြင့် ဆံပင်ကို ဖြတ်၍လှူကြသည်။

ထီးတော်တွင် ကြပ်မတ်၍လုပ်ဆောင်သူမှာ ဗိသုကာကြီးဦးလုပ်ဆိုသူဖြစ်သည်။ ထီးတော်ဟောင်းတွင် ကြေးဝါကတော့ ဖွပ်၍ အရှင်ဆက်ထားသောသံတိုင်ကို တွေ့ရှိရသဖြင့် ထီးတော်အတင်အချ လွယ်ကူလိမ့်မည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကြလေသည်။

ထီးတော်ဟောင်းချ၍ ထီးတော်သစ်တင်ရန်အတွက် ရက်ကန်းစင် (ရထားပျံ)ကို စက်ကြိုးနှင့်တပ်၍ စမ်းကြည့်သည်။ ရက်ကန်းစင်ကို ဘုရားကြီး၏ မြောက်ဘက်တန်ဆောင်းမုခ်ဝမှ စက်တိုင်ထား၍တင်သည်။ စေတီတော်၏ ဖောင်းရစ်အထက် ကြာအိုး၊ ရွဲလုံးကိုထိမှ ရက်ကန်းစက်ရပ်သည်။ ယင်းရွဲလုံးနားမှတစ်ဆင့် ချယားသီးနှင့် ဆတ်သွားဖူး၏ထိပ်ဖျားရှိ ထီးတော်ဘုံဆင့်များကို ဝန်ချီမောင်းနှင့်ယူ၍ ရက်ကန်းစက်ပေါ်သို့ချရသည်။ နေရာမကျသေးသောကြောင့် အထက်ဘုံငယ် နှစ်ဆူကို ရှမ်းအမျိုးသားများလက်ဆင့်ကမ်း၍ ချကြသည်။ အကျိုးအပဲ့များကို တောင်းနှင့်ယူ၍ချရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထီးတော်ကိုတင်ရန်ချရန်အတွက် ယန္တရားနှင့်ကရိဝိတ် ငှက်ရုပ်ကြီးတစ်ခုကို စာဆိုတန်းရပ်နေ ပွဲစားဦးလူကြီးက
ထီးတော်ကိုတင်ရန်ချရန်အတွက် ... လူအများချီးမွမ်းအံ့ဩကြရသည်။
လှူဒါန်းသည်။ အလွန်ဆန်းကြယ်သောငှက်ရုပ်ကြီးဖြစ်၍ လူအများချီးမွမ်းအံ့ဩကြရသည်။ ပထမချ၍ပြီးသော တတိယဘုံ၏အောက်မှ
ထီးတော်ဟောင်းကိုချရန်အတွက် ရက်ကန်းစင် ချောမောစွာတက်သောအခါ ... အင်္ဂလိပ်မဟာဝန်ရှင်တော်မင်းကြီး လာရောက်ကြည့်ရှု
နေ၍ ဒုတိယဘုံကိုချ၍ ယူကြသည်။ ရက်ကန်းစင်ဖြင့် ထီးတော်ချပုံကို အင်္ဂလိပ်မဟာဝန်ရှင်တော်မင်းကြီး ... ပြီးစီးလေသည်။ ထီးတော်ကြီးတစ်ခုလုံး
လေသည်။ ထီးတော်ဟောင်းကို နိုဝင်ဘာလ ၁၄ ရက်နေ့မှစ၍ချရာ ၁၈ ရက်နေ့တွင် ပြီးစီးလေသည်။ ထီးတော်ကြီးတစ်ခုလုံး
ရင်ပြင်ပေါ်သို့ရောက်သောအခါ ထမ်းယူခါနီးတွင် ဘုရားပေါ်ရှိပရိသတ်ကြီးက

အောင်ဘာလေ သပြေပန်းနှင့် ရေချမ်းလောင်း၊

ဘုန်းတော်ကြီးသက်တော်ရှည်၊ တို့တတွေမှာ ရေချမ်းအိုး

ဟူသောသီချင်းကို ဝိုင်းဝန်းသီဆိုကြရာ အနီးအနားဝန်းကျင်တစ်ခုလုံး ပွဲတင်ထပ်သွားလေသည်။ ထို့နောက် အကအခုန်များဖြင့် တောင်ဘက်မုခ်သို့ သယ်ဆောင်သွားပြီးနေရာချထား ပျော်ရွှင်စွာကခုန်ကြသည်။ ထီးတော်ဟောင်းကြီးကို ဘုရားရေကပတ်၍ တောင်ဘက်မုခ်သို့ သယ်ဆောင်သွားပြီးနေရာချထားသည်။

ထီးတော်သစ်အတင်

ထီးတော်ဟောင်းကို စနေနေ့တွင် အောင်မြင်စွာချပြီးသွားသောအခါ တနင်္ဂနွေနေ့ (ခရစ်နှစ် ၁၈၇၁ ခု၊ နိုဝင်ဘာလ ၁၉ ရက်)တွင် ထီးတော်သစ်ကို ရက်ကန်းစက်နှင့်ပင် တင်၍လှူဒါန်းလေသည်။ ထီးတော်သစ်တင်၍ လှူဒါန်းရာတွင် ရုတ်တရက်မအောင်မြင်ဘဲ အခက်အခဲတွေ့ရလေသည်။

ညနေ ၄ နာရီခန့်တွင် ထီးတော်သစ်၏ပထမဘုံကို ရက်ကန်းစက်ဖြင့် တင်လိုက်ရာ အထက်သို့ရောက်ခါနီး အတောင် ၂၀ ခန့်အကွာတွင် အရှေ့ဖက်လက်ဝဲအစွယ်မှ အထက်ဆုံးစက်ကြိုး ပြတ်၍သွားလေသည်။ ထို့ကြောင့် ရက်ကန်းစက်သည် အရှေ့ဘက်သို့စောင်း၍ ထိုနေရာကမတက်ဘဲရပ်နေသည်။ အောက်မှ ကြိုးနှစ်ကြီးက နိုင်ခံ့သောကြောင့်သာ ပြုတ်မကျဘဲရှိသည်။ ထိုနေရာတွင် အောက်သို့လည်းမချနိုင်၊ အထက်သို့လည်း မတင်နိုင်ဘဲရှိရာ ငြမ်းကကြိုးနှင့်ဆွဲ၍ ဤအတိုင်းထားရသည်။ နိုဝင်ဘာ ၂၀ ရက်၊ တနင်္လာနေ့တွင် တစ်ဖန်ပြင်ဆင်ပြီး စမ်းသပ်ပြန်ရာ စက်ဘီးသွားကြပ်၍ ကြိုးပြတ်သဖြင့် ငြမ်းအဆင့် ပေါ်တွင်ရပ်နေကြသော ရှမ်းအမျိုးသားသုံးဦးမှာ ကြိုးနှင့်ရိုက်မိပြီး ပစ္စယာပေါ်သို့ကျ၍ ဆုံးရှာသည်။

ထို့နောက် အင်္ဂါနေ့(နိုဝင်ဘာ ၂၁ ရက်)ညနေ ၃ နာရီခန့်တွင် ရက်ကန်းစက်ပေါ်ရှိထီးတော်ကို ကြိုးနှင့်ချည်၍ အထက်ကမောင်းနှစ်ဆင့်ဖြင့် ဆွဲ၍ယူကြရာ ငြမ်းပေါက်ဝသို့ ထီးတော်ရောက်ရှိသည်။ နာရီဝက်ခန့်အကြာတွင် ငြမ်းအတွင်းသို့ ဝင်၍ ထီးတော်ကို ကြေးစလောင်းသံတိုင်မှာ တပ်ထားလိုက်နိုင်လေသည်။ ထီးတော်တွင် ပထမဘုံ(အောက်ဆုံးဘုံ)မှာ အကြီးဆုံး ဖြစ်သဖြင့် ထိုဘုံကိုနေရာတကျ တပ်ဆင်ပြီးသောအခါ အခက်အခဲမရှိ ပြီးစီးနိုင်တော့မည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ "အောင်ဘာလေ"ဟုလည်း သီချင်းသံပြိုင် ကြွေးကြော်ကြလေသည်။

ထီးတော်တင်သည့်ပွဲသို့ လာရောက်ကြည့်ရှုကြသူ ပရိသတ်မှာ အလွန့်အလွန်ပင် စည်ကားများပြားလှပေသည်။ ထီးတော်တင်ပွဲ၏ ခမ်းနားစည်ကားပုံမှာ ကြုံတောင့်ကြုံခဲလည်းဖြစ်သည်။ ထို့ကြောင့် ထီးတင်ပွဲသို့ လာရောက်သောသူများက-

ငါတို့မှတ်မိသည့် အနှစ် ၇၀ အတွင်း အမရပူရမြို့တည် ဆားတော်ဘုရားလက်ထက် ဆဒ္ဒန်ဆင်ကို ကျုံးသွင်းသောပွဲနှင့် ဘကြီးတော်ဘုရားလက်ထက် အမရပူရမြို့ မြောက်ပြင်စေတီတော်ပွဲများမှာ လူတဖြစ်တွင် မမြင်ဘူးအောင် စည်ကား သည်။ ဤပွဲများကို မတွေ့နိုင်ပြီဟု အောက်မေ့သည်။ ယခုထီးတင်ပွဲတော်မှာ ထိုပွဲများထက်သာ၍ လူများသည်

ဟုပြောကြလေသည်။

စေတီတော်ကုန်းတော်ပြင်တွင် မတိုးဝေ့ပဲသွားရသောနေရာဟု မရှိတော့ပေ။ ထိုလူအုပ်ကြီးထဲတွင် တီးမှုတ်ကခုန် နေသူတို့မှာလည်း အလွန်များပြားလှသည်။ ဘုရားဖူးလာသမျှလူများအနက် ခြောက်ပုံပုံလျှင် တစ်ပုံမျှသောသူတို့ကသာ မကမခုန်ဘဲနေသည်။ ကျန်လူတို့မှာ ကခုန်ကြသည်ဟု ဆိုလေသည်။

ထီးတော်ကြီး၏ ပထမဘုံကို တင်၍နေစဉ် ဗိုလ်တထောင်အရပ်တွင် မီးကြီးလောင်သည်။ အိမ်ခြေပေါင်း ၂၀၀ကျော် ပါသွားသည့်အထဲတွင် ဘုရားပေါ်သို့လာရောက်ခဲ့ကြသော ပရိသတ်ထဲမှ ဘုရားဖူးတို့၏ အိုးအိမ်ပစ္စည်းများလည်း ပါဝင်ဆုံးပါသွားခဲ့သည်။ မီးဆားသင့်သောရပ်ကွက်မှ ဘုရာဖူးတို့သည် မီးသင့်သည်ကို ပဓာနမထားဘဲ "ထိုမီးလောင်ရာပါသမျှ ပစ္စည်းကား ထီးတော်ကိုလှူလိုက်ပါ၏" ဟူ၍ပင် ပြောဆိုလျက် မပင်မပန်းရွှင်လန်းရယ်မောလျက်သာ နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အချို့ ကြည်ညိုသဒ္ဓါရှိသူများမှာလည်း မိမိတို့ကိုယ်ကို နာကျင်ပင်ပန်းမည်ကို ပဓာနမထားဘဲ ထီးတော်တင်ရာတွင် သက်စွန့်ကြိုးပမ်းလုပ်ကိုင်ကြသည်။ ရက်ကန်းစင်ပေါ်မှထီးတော်ကို အထက်သို့တင်ရန် ကြိုးဖြင့်ဆွဲ၍ယူသောအခါ ထီးတော်ကို ငြမ်းနှင့် ထိခိုက်မည်စိုးသောကြောင့် ရှမ်းအမျိုးသားများသည် ပခုံးဖြင့်ထမ်း၍ ကျောနှင့်ခံပြီး တက်ကြလေသည်။
ဤသို့ဖြင့် ရွှေတိဂုံစေတီတော်သို့ မင်းတုန်းမင်းတရားကြီးလှူဒါန်းသောထီးတော်နှင့် အောက်မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာတို့ လှူဒါန်းသော ရွှေငွေရတနာ အစုစုတို့သည် အများဝိုင်းဝန်း ကြိုးပမ်းလုပ်ဆောင်ကြသည့် အကျိုးကြောင့် စေတီတော်၏ အထွတ်တွင် စံပယ်နိုင်ခဲ့လေသည်။

ထီးတော်ကြီး၏ တန်ဖိုး

ရတနာပုံရွှေမြို့တော်တွင်ပြုလုပ်သော ထီးတော်ကြီးတွင် ရွှေသားချိန် ၂၀,၂၂၉ ကျပ်နှင့် ၄ မူးသား ပါဝင်သည်။ ကျောက်ကောင်း ကျောက်မြတ်နှင့် နဝရတ်ကိုးပါး ပါဝင်သော ကျောက်မျက်အလုံးပေါင်း ၃၆,၄၁၁ လုံးပါဝင်လေသည်။

ထီးတော်ကြီး၏ ထိုခေတ်ကာလတန်ဖိုးမှာ စုစုပေါင်းကျပ် ၁၄,၀၀,၄၇၀ နှင့် ၉ မူး (၁၄သိန်းကျော်) ဖြစ်သည်။ ထိုအလှူ တန်ဖိုးအစုစုတွင် မင်းတုန်းမင်းတရားကြီး၏ အလှူတော်မှာ ၉,၄၁,၄၅၂ ကျပ်၊ ၆ မူး။ ထီးတော်ဟောင်းမှရရှိသော ရတနာတို့၏တန်ဖိုးမှာ ၁,၂၆,၃၂၈ကျပ်၊ ၅မူး၊ ၁ပဲနှင့် အောက်မြန်မာနိုင်ငံ လှူထုကောင်းမှု တန်ဖိုးမှာ ၃,၃၂,၆၈၉ ကျပ်၊ ၇ မူးနှင့် ၁ပဲ ဖြစ်သည်ဟု အမှတ်အသားရှိလေသည်။

ထို့နောက်ခရစ်နှစ် ၁၈၇၁ ခု၊ နိုဝင်ဘာလ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းတည့်ခန့်မှစ၍ ထီးတော်၏ ဒုတိယဘုံ၊ တတိယဘုံ၊ စတုတ္ထဘုံ လေးဘုံတို့ကို ချောမောစွာတင်ခဲ့ရာ ညနေ ၆ နာရီခန့်တွင် ပြီးစီးသည်။ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် တစ်ဖန် ရက်ကန်းစက်ကြီးကိုချွတ်၍ ရက်ကန်းစင်ငယ်ဖြင့် စက်တပ်ပြီးလျှင် ထီးဘုံငယ်များကိုတင်ရာ ထိုနေ့တွင် အလုံးစုံ စေတီတော်ပေါ်သို့ ရောက်လေသည်။ ထီးတော်ကြီးတစ်ခုလုံး စိန်ဖူး ၄က်မြတ်နားအပါအဝင် နိုဝင်ဘာလ ၂၆ရက်နေ့တွင် အောင်မြင်စွာ တင်လှူ၍ပြီးသဖြင့် ပြည်သူပြည်သား စေတနာရှင်အများမှာ ရေးကနည်းတူပင် ကခုန်ကြလေသည်။

ရွှေတိဂုံစေတီတော်ကြီး၏ထီးတော်ကို တင်လှူသောဒါယကာမှာ မင်းတုန်းမင်းတရားကြီးပင်ဖြစ်သည်။ သို့ရာတွင် ထီးတော်ကြီး ရန်ကုန်မြို့သို့ရောက်ရှိသောအခါ ရန်ကုန်မြို့သူမြို့သားတို့က ထိုထီးတော်ကြီးနှင့်အတူ စေတီတော်အထွတ်သို့ တင်လှူရန် ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် ရွှေ၊ ငွေ ကျောက်သံပတ္တမြားတို့ကို အများအပြားပင် လှူဒါန်းပြန်သည်။

ထိုအလှူရှင်တို့၏ သဒ္ဓါဗလဝ ကြည်ညိုစွာ လှူဒါန်းကြသည်ကို တားမြစ်၍မသင့်လျော်သဖြင့် ထီးတော်ကြီးကို မန္တလေးမြို့မှ တာဝန်ယူပင့်ဆောင်လာခဲ့ရသော ပုပ္ပါးဝန်ထောက်မင်းသည် ရန်ကုန်မြို့သူမြို့သားတို့လှူဒါန်းကြသော ရွှေ၊ ငွေ ပစ္စည်းများကို ၄က်မြတ်နားတော်တွင် ထိုးဖောက်ချိတ်ဆွဲ၍ လှူဒါန်းခွင့်ကို အကြည်အသာ ခွင့်ပြုခဲ့ရလေသည်။

ထိုနှစ် ခရစ်နှစ် ၁၈၇၂၊ ဖေဖော်ဝါရီလ(၁၂၃၃ ခု၊ တပေါင်းလပြည့်နေ့)တွင် ကျင်းပပြုလုပ်သော ရွှေတိဂုံဘုရားပွဲမှာ ထီးတော်တင်သောနှစ်နှင့် ကြုံကြိုက်သဖြင့် ခါတိုင်းနှစ်များထက်ပင် စည်ကားလေသည်။ ဘုရားဖူးပရိသတ်များ၊ စေတနာဒီသာ ကျွေးမွေးလှူဒါန်းကြသော အလှူဒါနများမှာလည်း များပြားလှသည်။

မင်းတုန်းမင်းတရားကြီး၏ နောက်ထပ်ကောင်းမှုများ

မင်းတုန်းမင်းတရားကြီးသည် ခရစ်နှစ် ၁၈၇၂ ခု၊ မတ်လတွင် စေတီတော်ကို ဖိနပ်တော်အထိ ရွှေချရန်အတွက် ရွှေဆိုင်းပေါင်း ၁၈,၀၀၀နှင့် သစ်စေးအချိန် တစ်သောင်း ထပ်မံပေးပို့ လှူဒါန်းလေသည်။

၁၈၇၃ ခုနှစ်တွင် ဘုရားကြီးအရှေ့ဘက် စောင်းတန်းအဆင်း ဗဟန်းရပ်ကွက်တွင် ကျောင်းတော်ရာမြေကိုလည်း ရယူလှူဒါန်းသည်။ ၁၈၇၅ ခုနှစ်တွင် မန္တလေးသို့သွားရောက်သော ဂေါပကလူကြီး ဦးဖိုးညွှင်းမှတစ်ဆင့် မုခ်ဦးစေတီလေးဆူနှင့် စေတီရံ ၆၄ဆူ အတွက် ပုံတော်မီရွှေဆိုင်း ၅၀၀၀ နှင့် သစ်စေး ၁,၈၀၀ကိုလည်း လှူဒါန်းလိုက်လေသည်။

မြန်မာအဖွဲ့ နေပြည်တော်သို့ပြန်ပြီးနောက်

ထီးတင်ပွဲပြီးသည့်နောက် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပုပ္ပါးဝန်ထောက်နှင့် အဖွဲ့ကို မန္တလေးနေပြည်သို့ပြန်ရန် ရန်ကုန်ဆိပ်ကမ်းသို့ လိုက်ပါပို့ဆောင်ခဲ့ကြသည်။ ထိုအခါတွင်မှ အင်္ဂလိပ်အစိုးရ၏ ရင်ထဲတွင် တစ်ဆို့နေသော အလုံးကြီး ကျသွားလေသည်။ ထီးတော်တင်ပွဲအကြောင်းကို အိန္ဒိယအစိုးရထံသို့ တင်ပြအစီရင်ခံသော မဟာဝန်ရှင်တော် မင်းကြီး၏

www.burmeseclassic.com

www.burmeseclassic.com

A white-washed model a replica of the hti (umbrella) atop the Great Pagoda placed by King Mindon in 1781

မင်းတုန်းမင်းတရား၏ထီးတော်ပုံ နမူနာအုတ်စေတီ

www.burmeseclassic.com

www.burmeseclassic.com

တွင် –

ထီးတော်ကိစ္စအတွက် အုတ်အော်သောင်းသဲဖြစ်ရသည့်ကိစ္စမှာ လုံးဝမပေါ်ပေါက်ခဲ့လျှင် ပိုမိုကောင်းမွန်လိမ့်မည်ဟု မဟာဝန်ရှင်တော်မင်းကြီးက ထင်မြင်ပါသည်။

ဟု ဖော်ပြပြီးနောက် အဆိုးထဲမှ အကောင်းထွက်ပေါ်လာပုံကို ထပ်မံဝန်ခံထားသည်။

ဤကိစ္စကြောင့် တိုင်းသူပြည်သားများတွင် အထူးကျေနပ်ဖွယ် အခြေအနေများ ပေါ်ပေါက်ခဲ့ပါသည်။ ယင်းတို့၏ ယုံကြည် အားထားမှုကိုလည်း ပြည့်ဝစွာ ပြန်လည်ဖန်တီးနိုင်ခဲ့ပါသည်။ တိုင်းပြင်အနယ်နယ်အရပ်ရပ်မှ လူများသည် ရန်ကုန်မြို့သို့ တစ်စုတဝေးရောက်ရှိလာခဲ့ကြပြီး စိစဉ်တကျငြိမ်းချမ်းစွာ အုပ်ချုပ်ထားခြင်းကို တွေ့မြင်သိရှိသွားခဲ့ သည့်အားလျော်စွာ ကျွန်ုပ်တို့၏အင်းအားနှင့်တကွ ကျွန်ုပ်တို့က(မြန်မာ) ဘုရင်အပေါ်တွင် အကြည်အသာ ဆက်ဆံ သည် ဆိုသောအချက်ပေါ်တွင် ယခင်ကထက် အထင်အမြင်ကောင်း၍သွားကြောင်း သံသယဖြစ်ဖွယ်မရှိပါ၊

ဟူ၍လည်းကောင်း၊

လူအများ စုဝေးလာရောက်ကြသည့် အချိန်အတွင်း (ရန်ကုန်) မြို့သည် မှုခင်းကိစ္စ၌ မည်သည့်အခါကနှင့်မျှမတူအောင် ချမ်းငြိမ်သက်လှပါသည်။ သို့သော် ကျွန်ုပ်တို့မြော်လင့်ထားခဲ့သည်ကား ခြားနားသောအခြေအနေများဖြစ်ပါသည်။

ဟူ၍ ဆက်လက်ရေးသားထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းတရားကြီး၏ ထီးတော်ပုံစေတီတော်

www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယဘုရင်ခံချုပ် လောဒ်မင်တို ရန်ကုန်သို့ တိုင်းခန်းလှည့်လည်ရောက်လာခြင်း။

အိန္ဒိယဘုရင်ခံချုပ် လောဒ်မင်တိုသည် ရွှေတိဂုံစေတီတော် ထီးတော်တင်ပွဲတွင် တိုက်တိုက်ဆိုင်ဆိုင် ရန်ကုန်မြို့သို့ တိုင်းခန်းလှည့်လည်ရောက်လာရာ၊ အင်္ဂလိပ်ကျေးတော်မျိုး ကျွန်တော်မျိုး အရာထမ်း အမှုထမ်းတို့က လောဒ်မင်တိုနေထိုင်ရန် ရွှေနန်းတော်ပုံထီးဖြူရုံပြာသာဒ်တော်ကြီးဆောက်လုပ်၍ လေ့ကားအတက်အဆင်းမှာ ထီးဖြူတော်နှစ်စင်းဖြင့် မိုးပေးလေ၏။ ထိုအခါ အချုပ်တန်းဆရာဖေသည် ရန်ကုန်ရောက်ရှိနေ၍ အောက်သူအောက်သားများ မအပ်မရာပြုသည်ကို အလွန်မနှစ်မြို့ မခံချင်သော်လည်း အင်္ဂလိပ်ပိုင်တိုက်၌ဖြစ်နေ၍ မည်သို့မျှမပြောဝံ့။ မြိုသိပ်၍သာခံနေရလေ၏။ ထို့နောက် များမကြာမီ ဘုရင်ခံချုပ် လောဒ်မင်တိုသည် ရန်ကုန်မှပြန်သွားလေရာ ပို့ဘလဲယားခေါ် ကပ္ပလီကျွန်းသို့ရောက်သောအခါ အိန္ဒိယတိုင်းသား အကျဉ်းသမားတစ်ယောက်က ရုတ်တရက် ဓားနှင့် ၂ ချက်ထိုးသတ်သဖြင့် အနိစ္စရောက်လေ၏။ အချုပ်တန်း ဆရာဖေသည် ဤသတင်းကို မန္တလေးရတနာပုံနေပြည်တော်ရောက်ရှိသောအခါ ကြားသိရ၍ မလျှောက်ပတ် မထိုက်တန်သောထီးဖြူတော်ကို ဆောင်းမိလေသောကြောင့် ရာဇဂိုဏ်းသင့်၍သေကြောင်း တေးထပ်တစ်ပုဒ်ရေးသားလေ၏။

တေးထပ်

ထီးဖြူရုံပြာသာဒ်နှင့်၊ မအပ်တဲ့မရာ၊ လစ်ဆိုတဲ့မိစ္ဆာ၊ ဖိတ်ရာပြီဇိဝိ၊ ဘုန်းမတန့်၊ ဘုန်းတန်ကြွသည်၊ ဆုံးရပ်နာမ်လား ရဝိစိ၊ မင်းတုတု ခွေးသေသေ၊ သွေးထွေထွေယိုဘိ၊ လဒ်ရန်ဓာတ် ဒဏ်ထိ၊ နတ်ဖန်သည့်ဘုန်းတော်၊ ကျွန်းစကၠာပူတလျှား၊ ရွှေဒါးပွားသတ်ရပြန်သနော်၊ လှေခါးတက်အပေါ် ထီးဖြူတော်နှစ်လက်ကြောင့်၊ သင့်အသက် ထွက်လွယ်စေ၊ ဒါးနှစ်ချက်မွေ၊ လေးလက်နှင့်၊ လေးချက်မွေမယ်၊ ဘေးသက်သေ၊ လက်ငင်းဗျားလေး။

၎င်းတေးထပ်ကို ရေးခြင်းအားဖြင့် မန္တလေး၊ ရန်ကုန် သိမ့်သိမ့်တုန်အောင် ဆူပူသွားလေ၏။ မန္တလေးနေ အင်္ဂလိပ်လူမျိုးများ မခံမရပ်နိုင်၍ ရွှေနားတော်ကြားကာ လျှောက်လေရာ မင်းတရားကြီးသည် ဆရာဖေအား အကျဉ်းထောင်ကျခံစေသည်။ ထိုအခါ ဆရာဖေသည် ထောင်ထဲမှ တေးထပ်တစ်ပုဒ်ရေးလေသည်။

ဓေးထပ်

သမုတိအတွက်၊ ဝေက်ကဒဏ်ခံ၊ အထက်ကကြံဟန်ကို၊ ရွှေနန်းစံမသိ၊ ရုစ်ခုနှစ်၊ တောင်မျက်နှာတွင်၊ မက္ကရာမင်းနှင့်ပါဘိ၊ ပလိပ်ကြောင့် အောင်ပန်းချွေ၊ မောင်ထမ်းချေစော်ဘိ၊ ညောင်ရမ်းဆွေရပ်နှင့်၊ အသိပသက်သေ၊ ရန်သူတော် ရွှေဘိုဘွား ဖေကိုယ်သွား ဖမ်းခဲ့ရသလေ၊ သုံးခုနှစ် ဒဂုန်ပြည်မှာ၊ အစုန်လှေဓာတ်ကြီးနှင့် တနည်းပထမ်းရပြန်၊ ဘုန်းတော်ကျွန်မှန် ယခုဖြင့် ကောင်းမွေလန်တယ်၊ ဆိုးမွေခံထိတ်တုံးနှင့်လေး။

အချုပ်တန်းဆရာဖေသည် မိမိ၏ အရှင်ရင်းဖြစ်သော မန္တလေး ရတနာပုံမြို့တည် နန်းတည် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးအား ရှေ့ကသက်စွန့်ကြိုးပမ်း၊ ရင်မြေကတုတ်လုပ်၍ အမှုတော်များ ထမ်းဆောင်ခဲ့ပါသည်ကိုမျှ မထောက်ဆား မငဲ့ညှာဘဲ အရှင်အတွက် မခံရပ်နိုင်၍ ရေးမိသောကြောင့် ထိပ်တုံးဒဏ်ခံရကြောင်းဖြစ်သည်၊ မင်းတုန်းမင်းတရားကြီးသည် ၎င်းတေးထပ်ကို ကြားသိတော်မူလျှင် အပြစ်ဒဏ်မှလွတ်ကင်းစေ၍ ယခင်ထက်တိုးပြီး ချီးမြှင့်မြှောက်စားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်သို့ရောက်ပြီးနောက်

ခရစ်နှစ် ၁၈၈၆ ခု ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို အပြီးအပိုင်သိမ်းယူကြောင်း ဗြိတိသျှအစိုးရက ကြေညာသည်။ ရွှေတိဂုံစေတီကြီးတည်ရာ ရန်ကုန်မြို့ကား ၁၈၅၂ ခုနှစ်ကပင် အင်္ဂလိပ်အစိုးရ၏ လက်အောက်သို့ ရောက်ရှိနေခဲ့ပေသည်။ ၁၈၈၅ ခု၊ နိုဝင်ဘာလ ၂၉ ရက် (၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်) နေ့တွင် မန္တလေးမှအင်္ဂလိပ်တပ်များ ခေါ်ဆောင်ရာသို့ ပါတော်မူခဲ့ရသော မြန်မာတို့၏နောက်ဆုံးဘုရင် သီပေါမင်းသည် ဒီဇင်ဘာလထဲတွင် ရန်ကုန်မြို့သို့ရောက်ရှိသောအခါ ရွှေတိဂုံစေတီတော်ကြီးအား မြစ်လယ်ရှိသင်္ဘောပေါ်မှသာ ဖူးမြော်ခဲ့ရလေသည်။

တိုင်းတပါးလက်အောက်မှ ဗုဒ္ဓဘာသာဝင်မြန်မာတို့သည် အမျိုးဘာသာ သာသနာကို ဆက်လက်စောင့်ရှောက်ခဲ့ကြရာ ရွှေတိဂုံစေတီတော်ကြီးမှာလည်း ပြုစုစောင့်ရှောက်ကိုးကွယ်သူ ဒါယကာဒါယိကာမများ၏ အလှူဒါနနှင့် ပြုပြင်ထိန်းသိမ်းမှုများကြောင့် တင့်တယ်သပ္ပါယ်စွာ ဆက်လက်တည်ရှိခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် ကုန်းတော်ပေါ်၌ အင်္ဂလိပ်စစ်တပ်များလည်းရှိသေး၏။ ဘုရားပေါ်သို့ ဘောင်းဘီဝတ် လူမျိုးခြားများသည် ဖြန်မာတို့ အလေးအမြတ်ပြုသော ထုံးနည်းအတိုင်း မဟုတ်ဘဲ ဖိနပ်များစီး၍ တက်ရောက်သွားလာလျက် ရှိကြသေးသည်။ တစ်ခါတရံတွင် ဘုရားဆင်းတုများ၊ ပစ္စည်းများကို ဖာက်လက်ခိုးယူ လုတက်ခြင်းကိုပင် ပြုလေသေးသည်။

ဘုရားပေါ်မှ ဆင်းတုစသည့် အဖိုးတန်ပစ္စည်းများကို ခိုးယူခံရခြင်းနှင့် စပ်လျဉ်း၍ ထိုအချိန်က ရန်ကုန်မြို့တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ရန်ကုန်ဂေဇက်သတင်းစာတွင် သာဓကတစ်ခုတွေ့ရသည်။ ၁၈၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ထုတ် ထိုသတင်းစာ၌ ဘုရင့်ကော့ ဝက်ဝံရေးကုပ်ဆောင်း တပ်ရင်း ၂၁ မှ တပ်သားနှစ်ဦး ဆင်းတုတော်တစ်ဆူကို ခိုးယူစဉ် ဘုရားစောင့်က တွေ့ရှိလိုက်လံဖမ်းဆီးသဖြင့် စစ်သားနှစ်ဦးက လက်တုံ့ပြန်သောကြောင့် ဘုရားစောင့် သေဆုံးရသည့်ကိစ္စ ဖြစ်သည်။

ထိုသတင်းအကျယ်မှာ အတက်ပါတပ်ရင်းမှ ပေါ့တ်နှင့် လော့ဂလင် အမည်ရှိတပ်သားနှစ်ဦးတို့သည် ၁၈၈၆ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ည သန်းခေါင်အချိန်ခန့်တွင် ဘုရားပေါ်မှ ဆင်းတုတော်တစ်ဆူကို တိတ်တဆိတ်ယူငင်၍ထွက်ပြေးကြသည်။ ဘုရားစောင့်က သံတုတ်ကိုင်၍ နောက်မှထပ်ကြပ်လိုက်ရာ စစ်သားနှစ်ဦးသည် လက်ထဲတွင်ပါသွားသော ဆင်းတုတော်များကို ချထားခဲ့ကြသည်။ ဤတွင် ပေါ့တ် ဆိုသူကထွက်ပြေးသွား၍ လော့ဂလင်မှာ ဘုရားစောင့်၏လက်ထဲမှ သံတုတ်ကို လုယူပြီး ပြန်၍ရိုက်နှက်ရာ ဝမ်းဗိုက်ကိုထိလေသည်။ အစောင့်ကို ညတွင်းချင်း ဆေးရုံသို့ပို့ရာ တစ်ပတ်ခန့်ကြာသောအခါ ဝမ်းဗိုက်တွင် အတွင်းကြေကြေသောရောဂါဖြင့် သေဆုံးသွားလေသည်။

ထိုအင်္ဂလိပ်စစ်သားနှစ်ဦး၏အမှုကို ရန်ကုန်မြို့စက်ရှင်ရုံးသို့ တင်၍စစ်သည်။ စွဲချက်မှာ လူသေမှု၊ ထိခိုက်နာကျင်ဖွယ် လက်နက်နှင့် လက်ရောက်ကျူးလွန်မှု တို့ဖြစ်သည်။ တရားရုံးမှ မည်သို့ဆုံးဖြတ်သည် ဟူသော အမှတ်အသား မတွေ့ရပေ။

စိန်ဖူး၊ ငှက်မြတ်နားတော်သစ်တင်ပွဲများ

စေတီတော်ကြီးမှာ ၁၈၈၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် လျှပ်ခတ်ကို တစ်ကြိမ်ခံရပြန်သည်။ ထိုနေ့ တစ်နာရီခန့်အချိန်တွင် လျှပ်ပြင်းစွာလှုပ်ရာ ရွှေတိဂုံစေတီမှ ထီးတော်၊ ဆတ်သွားဖူးအထက် ပိန္နဲတိုင်ကျိုး၍ ငှက်မြတ်နားနှင့် စိန်ဖူးတော်ပါ အောက်သို့ကျသည်။ ဘုရားကြီး၏ ကြာသပတေးနံထောင့်ရှိ ရွှဲ၏အထက် ကြာလန်ကြာလက် နေရာမှ အင်္ဂတေများ ကွာကျသည်။ အလျား ၁၅ တောင်၊ အနံ ၅ တောင်ခန့်အကွက်ဖြစ်လေသည်။ ထိုလျှပ်ကြောင့် ကုန်းတော်ပေါ်ရှိ နောင်တော်ကြီးစေတီလည်း ထီးတော်ပိန္နဲတိုင်ယိုင်၍ ချယားသီးအောက်မှ ကြာမောက်ကြာလန်အကုန်ကျသည်။

လျှပ်ဒဏ်ကြောင့် ပြုတ်၍ကျသော ငှက်မြတ်နားကို ဂေါပကထိန်းလူကြီးများက တိုင်းပြည်သို့ကြေညာ၍ ပြင်ဆင်ပြီးနောက် ၁၈၈၉ ခုနှစ်၊ မတ်လ၁၇ ရက်နေ့တွင် ပြန်၍တင်လှူလိုက်လေသည်။

နောက်ထပ်လျှပ်ကြီးတစ်ခုမှာ ခရစ်နှစ် ၁၉၁၉ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့၊ နံနက်၁၀နာရီ မိနစ်၂၀တွင် လှုပ်သော လျှပ်ဖြစ်သည်။ ထိုလျှပ်ဒဏ်ကြောင့် စေတီတော်၏ ပိန္နဲတိုင်မှာ အနောက်မြောက်ဘက်သို့ ယိုင်သွားသည်။ ထိုအခါ ငှက်မြတ်နားဟောင်းကို ၁၉၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အောက်သို့ချပြီး ပွဲလမ်းသဘင်ဖြင့် အသစ်ပြင်ဆင်သည်။ အသစ်ပြင်ဆင်ပြီးသော စိန်ဖူးငှက်မြတ်နားတော်ကြီးကို ထိုနှစ်မတ်လ၁၆ ရက်နေ့တွင် စေတီတော်အထက်သို့ပြန်၍ တင်လှူသည်။ စိန်ဖူးနှင့်ငှက်မြတ်နားတော်ကို စေတီတော်အထက်သို့ ပြန်၍မတင်လှူမီ ဘုရားလူကြီးတို့က ကုန်းတော်ပေါ်တွင် မော်တော်သဆော်ဟုံပြုလုပ်၍ တဖုသနှင့် သလ္လိကတို့ ဆံတော်ပင့်ဆောင်လာသည့်ဟန်ဖြင့် ကုန်းတော်ကို လှည့်ပတ်၍ အပူဇော်ခံလေသည်။ ထို့နောက်တွင် နံနက် ၉နာရီ အချိန်၌ စက်ကြိုးရထားပုံဖြင့် တင်လှူလိုက်လေသည်။

ထိုသို့တင်လှူသော ငှက်မြတ်နားနှင့် စိန်ဖူးတော်တွင် ပါဝင်သောရတနာတို့၏ စာရင်းကို ၁၉၂၁ ခုနှစ်၊ မတ်လထုတ် ဒဂုန်မဂ္ဂဇင်းတွင် ဖော်ပြထားရာ၌ –

> ၁၂၈၂ ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ရွှေတိဂုံဘုရားကြီး၏ ဂေါပကလူကြီးမင်းများကို အမှူးနာယကပြု၍ လပ်လှူပူဇော်တင်တော်မူသော ငှက်မြတ်နားကြီးနှင့် စိန်ဖူးကြီးတွင် တရာတန်၏အထက် ထပ်မံအသစ်လှူဒါန်းကြသော ပစ္စည်းများမှာ စိန်ဖူးတွင် စိန်လုံးရေ ၄,၃၅၂ လုံး၊ ရတီချိန်အားဖြင့် နှစ်ရာတပဲ၊ တန်ဖိုးငွေမှာ ၆,၉၆,၂၁၀ ကျပ်၊ ငှက်မြတ်နားတော်ကြီးတွင် စိန်လုံးရေ ၁,၀၉၈ လုံး၊ ရတီချိန်အားဖြင့် နှစ်ရာလေးဆယ် ငါးမူး၊ တန်ဖိုးငွေမှာ ၁၁,၀၆,၄၀၅ ကျပ်၊ ရွှေဆည်းလည်းဟောင်းလုံးရေ ၁၂၆ လုံး၊ ယခုအသစ် ၁,၀၈၀၊ မိုးကြိုးဆည်းလည်း ၇လုံး၊ ငွေဆည်းလည်း အသစ်နှင့်အဟောင်း ၁,၃၇၆ လုံး ဖြစ်လေသည်။

ဟူ၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ယင်းငှက်မြတ်နားစိန်ဖူးတင် အခမ်းအနားကို ရည်စူး၍ ယောဂီဆရာကြီး မစ္စတာမောင်မှိုင်းအမည်ခံ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက "ဒဂုံဆံတော်ရှင်ဘုရားကြီးငှက်မြတ်နားစိန်ဖူး စိန်ခေါင်းတင်ဘွဲ့ မင်္ဂလာတေးထပ်"ဖြင့် ဒဂုန်မဂ္ဂဇင်း၌ပင် –

နွေရာသီတပေါင်းလ၊ ခေါင်းကသည့်ဒိဋ္ဌ။ ကောင်းသမှုနိမိတ်စုံသည် အတိတ်ပုံနိဒါန်း။ ။စိန်ခေါင်းငှက်တံခွန်တင်သည်၊ မွှန်ပလ္လင်ကုန်းသိဂ်ုတ်နန်း

ဟု အစချီ၍ ရေးသားဖော်ပြခဲ့သည်။ ယင်းတေးထပ်ကိုထောက်၍ စိန်ဖူးနှင့် ငှက်မြတ်နားတွင် စိန်ခေါင်းရုပ်ထည့်သွင်း လှူဒါန်းသည်ဟု သိရလေသည်။ ထိုပွဲတော်အခမ်းအနားကိုညွှန်း၍ ရေးဖွဲ့သော စာတစ်ပုဒ်တွင် –

"ထောင့်နှစ်ရာ ရှစ်ဆယ်ကြွပါလို့၊ နှစ်ကယ်ကစွန်းလာ၊ ဆန်းတစ်ပေါင်းရှစ်ရက်ခါတွင်၊ နေ့ဗုဒ္ဓါအကျ။ ကိုးချက်မောင်း၊ နာရီအဆော်မှာ၊ စေတီတော်ပွဲညွှန့်အစ။ ငှက်မြတ်နားစိန်ဖူးတော်သည်၊ တိမ်ဦးပေါ်အကြွ၊ အောင်ဖေယျာ အနေကဇေယ် ဟု၊ ပရမေဘုရားတင်ကာ။ ပုဏ္ဏားတော်ဇာဂရုယေါ်က စာပြု၍ဆက်သလိုက်ရာ။ သောင်းတိုက်လုံးစကြာဝဠာသည်၊ သွက်သွက်ခါတုန်ဟီးလို့၊ မြေကြီးလုံးခေါင်းထောင်ပမာ။ ကောင်းကြီးကြော်ငြာ။ အောင်ဘိသိက်မင်္ဂလာသည်၊ ဆင်ယင်ရာနေဦးမို့လေး။ ။"

ဟူ၍ဖတ်ရှုရလေသည်။

ဤအခမ်းအနားအကြောင်းကို အဂ္ဂမဟာပဏ္ဍိတဆရာကြီး ဦးလင်းကလည်း "စိန်ဖူးငှက်မြတ်နားတင်မော်ကွန်း" ဟူ၍ ရေးသားပြီး ရွှေတိဂုံဘဏ္ဍာထိန်းအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

ရွှေပြားသက်န်းကပ်လှူပွဲ

ကျား‌တက်ပြီးနောက် ၁၉၀၄ ခု၊ မေလတွင် ရွှေတိဂုံစေတီတော်ကြီးကို ရွှေပိန်းချ၍ ကပ်လှူလေသည်။ မြန်မာပြည် ဘုရင်ခံနှင့် ဟံသာဝတီကိုဏ်းအုပ် ငါးထပ်ကြီးဆရာတော်ဘုရားတို့သည် ရွှေပြားများ အခိုင်အခံ့ကပ်လှူပြီးဖြစ်သော ငှက်ပျောဖူး ကြီးကို ဖုံးလွှမ်းထားသည့်အဝတ်ကို စက်ခလုတ်ကြိုးဆွဲ၍ အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့လေသည်။

ခရစ်နှစ် ၁၉၀၆ ခုတွင် မြန်မာနိုင်ငံသို့ တိုင်းခန်းလှည့်လည်ရင်း ရောက်ရှိလာသော (ပဉ္စမဂျော့ဘုရင်လောင်း) ဝေလမင်းသားနှင့် အိမ်ရှေ့မိဖုရားတို့သည် ရွှေတိဂုံစေတီကို တက်ရောက်ကြည်ညိုရင်း ရွှေပြားလေးချပ် လှူဒါန်းသွားခဲ့လေသည်။ ထိုစဉ်ကစေတီတော်ကို ကပ်လှူကြသော ရွှေပြားသင်္ကန်းများမှာ စတုရန်းတစ်ပေကွက်လျှင် ရွှေငါးကျပ်သားစီးသည်။ ယင်းရွှေပြားများကို ကြေးနီပြားဇယားကွက် အောက်ခံထား၍ ပူဇော်သည်။

စေတီတော်ကြီးကို ဤသို့ ပြုပြင်မွမ်းမံခဲ့ပြီးနောက် ၁၉၂၇ ခု၊ စက်တင်ဘာလ ၁၀ ရက် နေ့တွင် လျောင်လှုပ်ပြန်သည်။ မွန်းတိမ်းအချိန် ၁၂ နာရီ ၅ မိနစ်၊ ၁၂ နာရီ ၄၇ မိနစ်နှင့် ညနေ ၄ နာရီ ၂၅ မိနစ် တို့တွင် သုံးကြိမ်လှုပ်ရာ စေတီတော်တွင် အကြီးအကျယ်အပျက်အစီးမရှိချေ။ စေတီတော်အထက်မှ ခေါင်းလောင်းငယ်အချို့ ပြုတ်ကျခြင်းနှင့် စေတီရံများတွင် အနည်းငယ်ပျက်စီးခြင်း မျှသာရှိသည်။

၁၉၃၁ ခု၊ စိန်ဖူးငှက်မြတ်နားသစ်

၁၉၃၀ ပြည့်နှစ်၊ မေလ ၅ ရက်နေ့ ည၈ နာရီ ၁၈ မိနစ်တွင် လှုပ်သောလျောင်မှာမူကား အတော်ပင်ပြင်းထန်သည်။ ဒုတိယပဲခူးလျောင်ဟု ခေါ်ကြသည်။ ရွှေတိဂုံစေတီတော်ကြီးမှ စိန်ဖူးတော်ပြုတ်ကျပြီး ထီးတော်အထက်ပိုင်းမှာ ပျက်စီးသွား လေသည်။ ထို့ကြောင့်ငှက်မြတ်နားကို မေလ ၇ ရက်နေ့တွင် အောက်သို့ချရသည်၊ အောက်သို့ချရ သောငှက်မြတ်နားကို ၁၉၃၁ ခုနှစ်၊ ဧပြီလ ၁၀ ရက် (သက္ကရာဇ်၁၂၉၃ ခု၊ ကဆုန်လ)နေ့တွင် ပြင်ဆင်ပြီး၍ စေတီတော်သို့ပြန်လည်၍ တင်လှူလေသည်။ ထိုစဉ်က စိန်ဖူးတင်အခမ်းအနားကို သက္ကရာဇ် ၁၂၉၃ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့မှ လပြည့်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပသည်။

ယခင် ၁၉၂၁ ခုနှစ်၊ မတ်လ ၂၃ ရက် (သက္ကရာဇ် ၁၂၈၂ ခု၊ တပေါင်းလပြည့်)တွင် လျောင်ဘေးကြောင့် အသစ်ပြုပြင် တင်လှူခဲ့သော စိန်ဖူးနှင့်ငှက်မြတ်နားတော်သည် ထိုစဉ်ကသတ်မှတ်ထားသော တန်ဖိုးအရ ၁၀,၁၇,၂၇၇ကျပ်၊ ၇ပဲ တန်ဖိုး ရှိသည်။ ယခုအသစ်ပြုပြင်၍ တင်လိုက်သော ငှက်မြတ်နားနှင့်စိန်ဖူးတို့တွင် တန်ဖိုးငွေတစ်သိန်းကျော်မျှ တိုးတက် လာသည်။

အသစ်ပြင်ဆင်ရသော လက်ခချည်းသက်သက်မှာ ငွေငါးထောင်ကျော်ပေးရသည်။ စိန်ဖူးအဟောင်းထက်လည်း

www.burmeseclassic.com

အရွယ်အစားကြီးများလာသည်။ စိန်ဖူးသစ်၏အလေးချိန်မှာ ခွက်၁၀ရှိသည်။ ငှက်မြတ်နားသစ်၏ အလေးချိန်မှာ ခွက် ၃၀ ကျော်ရှိသည်။ စိန်ဖူး၏လုံးပတ်မှာ ၁၀ လက်မရှိ၍ တိုင်အရှည်မှာ သုံးပေရှည်၏။ ငှက်မြတ်နား၏အလျားမှာ လေးပေနှင့် ရှစ်လက်မ ဖြစ်လေသည်။

ယင်းစိန်ဖူးနှင့် ငှက်မြတ်နားတော်တို့ကို ပြန်လည်တင်လှူရာတွင် ပထမနေ့၌ ဆပ်သွားဖူးနှင့်ကလပ်၊ ဒုတိယနေ့၌ စိန်ဖူးကိုအခမ်းအနားဖြင့် ဘုရားကြီးအား လှည့်လည်ပူဇော်၍ စေတီတော်အထွတ်သို့တင်လေသည်။ ဘဏ္ဍာတော်ထိန်းလူကြီးများက ရထားပုံဖြင့် ကြပ်မတ်၍ တင်ဆောင်သည်။

လပြည့်နေ့နံနက်တွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို နောက်ဆုံးမတင်မီ သံဃာတော်များအား ဆွမ်းကပ်၍ ရေစက်သွန်းချ အမျှပေးဝေလေသည်။ ထို့နောက် ဩဘာစာ ရတုတို့ကို ဖတ်ကြားသည်။ ပြီးမှ စိန်ဖူးငှက်မြတ်နားတို့ကို ထုတ်ယူပင့်ဆောင်၍ တင်လှူကြလေသည် ယင်းအခမ်းအနားတွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးက "ယမိုက်မှောင်ချွေ"ချီ မဟာဝဇီရ မကုဋမင်္ဂလာ စိန်ဖူးတင် ဩဘာရတုပိုဒ်စုံကို ရေးသားတင်သွင်းသည်။

ကုန်းတော်ပေါ်မှထင်ရှားသောအပြောင်းအလဲများ

ထိုသို့ စိန်ဖူးငှက်မြတ်နားတင်လှူသောအချိန်တွင် စေတီတော်ကြီး၏ကုန်းတော်ပေါ်၌ ထင်ရှားသောအပြောင်းအလဲများ ပေါ်ပေါက်ပြီးချိန်ဖြစ်သည်။ ယင်းအပြောင်းအလဲများမှာ အခြားမဟုတ်၊ စေတီတော်ရင်ပြင်မှ စစ်သချိုင်းကို အစိုးရက ရွှေ့ပြောင်းပေးခြင်းနှင့် စေတီတော်ကုန်းမြေတွင် စစ်တပ်စွဲထားခြင်းကို ဖယ်ရှားပေးခြင်းဖြစ်လေသည်။ ဤအဖြစ်အပျက် နှစ်ရပ်ကြောင့် မြန်မာဗုဒ္ဓဘာသာဝင်များမှာ အတိုင်းမသိ နှစ်သက်ဝမ်းမြောက်ကြရလေသည်။

ကုန်းတော်ပေါ်ရှိ တနင်္ဂနွေထောင့်မှ စစ်သချိုင်းကို ၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ရွှေ့သွားသည်။ ရွှေ့ပြောင်းချိန်မှာ နံနက် ၇ နာရီဖြစ်ပြီး မဆိုင်သူများ အနားသို့မကပ်စေရ။ လက်နက်ကိုင် အစောင့်အရှောက်များဖြင့် ကြီးကြပ်လုပ်ကိုင်သည်ဟု သိရသည်။ ထိုအလောင်းများကို ကန်တော်မင် အင်္ဂလိပ်စစ်သချိုင်းသို့ စစ်အခမ်းအနားဖြင့် ပို့လိုက်လေသည်။

ဤအတောအတွင်း၌ ဘုရားကြီးပေါ်တွင် စစ်တပ်စွဲ၍ထားခြင်းအတွက် အရေးဆို၊ မေတ္တာရပ်ခံခဲ့သော အကြိမ်များမှာ များလှပြီဖြစ်လျက် မြန်မာပြည်ဘုရင်ခံက ဘုရားလူကြီးများအား ခေါ်ယူတွေ့ဆုံရသော အဆင့်သို့ပင် ရောက်ရှိနေလေပြီ။ ၁၉၂၉ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းလူကြီးများသည် ဘုရင်ခံနှင့်သွား ရောက်တွေ့ဆုံကြသည်။ ဘုရင်ခံကအစိုးရ၏ သဘောထားကို ရှင်းလင်းပြောကြားပြီးနောက် စစ်တပ်များရွှေ့ပြောင်းပေးရန်နှင့်ခံတပ်အဖြစ်အသုံးပြုတော့မည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။ ဘုရားလူကြီးများနှင့် ဘုရင်ခံတို့၏ သဘောတူညီချက်ကို ဘဏ္ဍာတော်ထိန်းအဖွဲ့ စက္ကရီတေရီဦးဘိုးမြက လက်မှတ်ရေးထိုး၍ ၁၉၂၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင်ပင် တိုင်းပြည်သို့ ကြေညာလိုက်လေသည်။

ဤသို့ဖြင့် ကုန်းတော်ပေါ်တွင် တပ်စွဲလျက်ရှိသော အင်္ဂလိပ်စစ်တပ်များသည် ထိုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင်အပြီးအပိုင်ရွှေ့သွားကြလေသည်။ စစ်တပ်များလုံးလုံးမရှိတော့သည့် နောက်တွင်ကား စစ်တပ်ရှိနေစဉ်က ပြည်သူများတက်ရောက်ခွင့်မရခဲ့သော အနောက်ဘက်စောင်းတန်းကြီးကို ဖွင့်လှစ်ပွဲကျင်းပလေသည်။

၁၉၂၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် အင်္ဂလိပ်အစိုးရက ကုန်းတော်မြေ ပြန်လည်ပေးအပ်ရေးကိစ္စကို ဘဏ္ဍာထိန်းအဖွဲ့နှင့် ဆွေးနွေးသဘောတူညီခဲ့သည့်အတိုင်း ထုတ်ပြန်ကြေညာသည်။ အစိုးရပိုင်းက ထိုသို့မကြေညာမီပင် ထိုနှစ် နိုဝင်ဘာလ ၆ ရက်နေ့၌ အနောက်ဘက်စောင်းတန်းမှ သံတံခါးသော့ကို ကန်တော်မင်စစ်ဘက် ဆိုင်ရာမှ ဘဏ္ဍာတော်ထိန်းအဖွဲ့ ပရိဘောဂတိုက်သို့ ပေးပို့လိုက်သည်။ ထိုနေ့တွင်ပင် ဘဏ္ဍာထိန်းလူကြီးဦးသွင်က အနောက်ဖက် သံတံခါးယိုကို စတင်ဖွင့်လှစ်လေသည်။

နောက်ရက်များတွင် ဘုရားအုတ်ရိုးတန်တိုင်းအထိ တောချုံများကို ရှင်းလင်းစေသည်။ ဘဏ္ဍာထိန်းလူကြီးတို့သည် အနောက်မုခ်သို့ သံတံခါးယိုမှဆင်း၍ အဆီးအတားရှိသည်များကို ဖယ်ရှားရန်စီစဉ်သည်။ ထိုနေ့မှစ၍ ရန်ကုန်မြို့ရှိ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ ပုဇွန်တောင်၊ စက်ဆန်းရပ်၊ ဗိုလ်တစ်ထောင်၊ ကြည့်မြင်တိုင်စသည်တို့တွင် နေထိုင်သော ရဟန်းရှင်လူများသည် အနောက်မုခ်ဘက်သို့လာရောက်၍ တောချုံများကို တပျော်တပါးရှင်းလင်းကြသည်။ မြေများကို ညှိကြသည်။ တမဏ္ဍပ်ကြီးယော်များ ထိုးလျက် ချိုရှင်းသူ၊ မြေညှိသူများအား ဧည့်ခံကျွေးမွေးကြသည်။ အချို့ကလည်း

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်စီထမင်းထုပ်များ ယူလာကြသည်၊ မယ်ဒလင်၊ ဗျတ်စောင်း၊ ဟွန်းတယော၊ ဘင်ဂျို စသည်တို့ကို အပွဲလိုက်ဆောင်ယူလာ၍ ပျော်ရွှင်စွာတီးမှုတ်ကခုန်ကြသည်၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ အငြိမ့်ပွဲတို့ကို နေ့ရောညပါခင်းကျင်းကြသည်၊ ဤသို့ဖြင့်အနောက်ဘက် သံတံခါးယက်ကို ဖွင့်လှစ်ပြီးနောက် လေးလခန့်ကြာသောအခါ ၁၉၃၀ ပြည့်နှစ်၊ မတ်လ ၂ ရက်(၁၂၉၁ ခု၊ တပေါင်းလဆန်း ၄ ရက်) တနင်္ဂနွေနေ့တွင် ဂေါပကအဖွဲ့က အကြီးအကျယ်ပြု၍ အနောက်ဘက်စောင်းတန်း ဖွင့်လှစ်ပွဲကြီးကို ပြုလုပ်လေသည်။

အနောက်မုခ်ကို ဖွင့်လှစ်အံ့ဆဲဆဲ အချိန်တွင် မြန်မာလွတ်လပ်ရေးအတွက် ထောင်တွင်း၌ ၁၆၆ ရက်မျှ အစာတော်ခံရင်း ပျံလွန်တော်မူခဲ့သော အာဇာနည် အရှင်ဦးဝိစာရ၏ ရုပ်အလောင်းကို အနောက်မုခ်အနီး၌ ၁၉၃၀ ပြည့်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် မီးသဂြိုဟ်ကြသည်။ ဆရာတော်၏ ကြေးရုပ်ထုကို အများကောင်းမှုဖြင့် သွန်းလုပ်ကြ၍ ၁၉၄၁ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲပြီးသည့် နောက်ပိုင်းကာလ စေတီတော်ကြီးအား ထိန်းသိမ်းစောင့်ရှောက်ခြင်း

ဦးထော်လေးသည် မြန်မာနိုင်ငံအောက်ပိုင်း အင်္ဂလိပ်လက်အောက်သို့ ရောက်ပြီးနောက် ရွှေတိဂုံစေတီတော်ကြီးကို ပထမဆုံး စောင့်ရှောက်ရသော ဂေါပကလူကြီးတစ်ဦးဖြစ်သည်။

ဦးထော်လေးသည် ခရစ်နှစ် ၁၇၇၆ ခုတွင် ပဲခူးမြို့၌ ဖွားမြင်သည်။ ဘကြီးတော်မင်းလက်ထက်တွင် မင်းကျော်သီဟသူ ဘွဲ့ရ၍ ဒလမြို့ထိန်းရာထူးဖြင့် မှတ်ကျွန်းကိုစားရသည်။ အင်္ဂလိပ်–မြန်မာစစ်ပွဲအပြီး ခရစ်နှစ် ၁၈၂၇ ခုတွင် သန်လျင်မြို့ဝန် မောင်းစပ်ခေါ် သမိန်ဗရူးနှင့်ဓမ္မရက္ခ(ခေါ်) ငခွေးငယ်တို့ဦးဆောင်၍ နိုင်ငံခြားသားများ၏ ပယောဂကြောင့် တော်လှန်ပုန်ကန်ရာ အင်းဝမှစစ်သည်များ ဆင်းလာ၍ ငြိမ်ဝပ်အောင်နှိမ်နင်းလေသည်။ ထိုအခါ သမိန်ဗရူးသည် ထွက်ပြေးတိမ်းရှောင်ရသည်။ ဦးထော်လေးသည်လည်း နောက်လိုက်နောက်ပါ လှေ ၅၀၀ ကျော်၊ လူနှစ်သောင်းခန့်ဖြင့် မော်လမြိုင်မြို့သို့ ဘေးရန်မှတိမ်းရှောင်ရင်း ပြောင်းရွှေ့နေထိုင်ရသည်။ မော်လမြိုင်မြို့ကို တောကြီးဘဝမှ ခုတ်ထွင်ရှင်းလင်း၍ မြို့သစ်တည်ထောင်ပြီး နေထိုင်ကြခြင်း ဖြစ်သည်။ မော်လမြိုင်မြို့တွင် စစ်ကဲမောင်ထော်လေး နေထိုင်သွားသောအရပ်သည် ယခုအခါ စစ်ကဲကုန်းဟုတွင်လေသည်။

မော်လမြိုင်မြို့သစ်ကို တည်ထောင်နေထိုင်သူ ဦးထော်လေးအား အင်္ဂလိပ်အစိုးရက ကျိုက္ခမိမှမော်လမြိုင်သို့ ပြောင်းရွှေ့ ရုံးစိုက်ထားသောအခါ ခရစ်နှစ် ၁၈၃၅ခု ဇူလိုင်လတွင် စစ်ကဲရာထူးဖြင့် ခန့်အပ်သည်။

ခရစ်နှစ် ၁၈၅၂ ခုတွင် အင်္ဂလိပ်စစ်တပ်များက ရွှေတိဂုံစေတီကုန်းတော်ပေါ်တွင် ဌာပနာတိုက်များကို ဖောက်ယူသည် ကြားရသောအခါ ဦးထော်လေးသည် မော်လမြိုင်မြို့မှ လိုက်လာသည်။ ထိုအချိန်၌ ဦးထော်လေးတွေ့ရှိရသော စေတီတော်ကြီးကို ဖောက်ထွင်းထားသည့် အပျက်အစီးများမှာ အရှေ့ဘက်မျက်နှာ ပထမပလ္လင်အထက်မှ အလျားလေးတောင် အနံသုံးတောင်ရှိ တွင်းကြီးသည် ၆၆ တောင်အနက်ရှိသော လိုဏ်ခေါင်းကြီးဖြစ်နေပြီး အတွင်းရှိ ကျောက်စေတီသို့ရောက်သည်။ ထိုအကြောင်းကို ဘိလပ်သို့ရောက်အောင် စာချွန်ပို့သဆက်သွင်း၍ တိုင်ကြားသဖြင့် ဘုရားကြီးပေါ်တွင် ဤသို့မတရား ပြုလုပ်မှုများ ရပ်တန့် သွားစေသည်။

စေတီတော်ကြီး၏ ပျက်စီးသမျှကို ပြန်လည်ပြုပြင်လိုကြောင်း အင်္ဂလိပ်အစိုးရသို့ လျှောက်ထားသည်ကိုလည်း တစ်တိုင်း ခုနှစ်တန်အတွင်း ပြုပြင်ထိန်းသိမ်း ကြပ်မတ်စေဟူ၍ ဟံသာဝတီဝန်ရှင်တော်မင်းကြီး ဖယ်ရာ၏ လက်မှတ်ဖြင့် ခွင့်ပြုချက် ထုတ်ပေးသည်။ ဦးထော်လေးသည် ကျောင်းဒါယကာ ဦးလူးဆိုသူနှင့်တိုင်ပင်၍ စေတီတော်ကြီးအား ပြုပြင်ဖွယ်ကိစ္စများကို ဆောင်ရွက်သည်။ ပြည်သူပြည်သား လူအများထံမှလည်း ဒါနကုသိုလ်ပါဝင်ရန် နှိုးဆော်၍ ကောက်ခံလေသည်။

ထီးတော်ပြုပြင် ဆည်းလည်းတင်

စေတီတော်ကြီးကို ပြုပြင်ရန်အတွက် ခရစ်နှစ် ၁၈၅၅ ခုတွင် ငြမ်းဆင်သည်။

အလှူဒါနများ စုဆောင်းပြီးစီးသောအခါ ထို့နောက် စေတီတော်အထက်ပိုင်းတွင် ပေါက်ရောက်နေသော ညောင်ပင်များကို နုတ်ပစ်သည်။ ပဲ့ပျက်သွားသောနေရာများ၌ ပန်းရန်သမားများ၏ အကူအညီဖြင့် အုတ်အင်္ဂတေကိုင်၍ သရိုးသစ်စေးတို့ဖြင့် မူလအတိုင်းရှိအောင် ပြင်ဆင်သည်။

ထို့နောက် ထီးတော်ကြီးတွင်ရစ်ဆင်၍ ကွပ်ထားသည့် ရွှေပြား၊ ငွေနန်းတို့ကို စစ်ဆေးကြည့်ရှုလေသည်။ ပျက်စီးနေသော နေရာများတွင် ရွှေအစားထည့်၍ပြုပြင်သည်။ ရွှေချိန် ၁ ပိဿာနှင့် ၄၀ သားမျှရှိသည်။ ထီးတော် ပြင်ဆင်မွမ်းမံသည့်လုပ်ငန်းကို ပန်းထိမ်သမား ၂၀ ကျော်တို့အား လုပ်ကိုင်စေသည်။

ယင်းသို့ပြင်ဆင်ရာတွင် စေတီတော်အထက်မှ ဆည်းလည်းများကိုလည်း စာရင်းတိကျအောင်ပြုလုပ်သည်။ နောက်ထပ် အသစ်လည်း သွန်းလုပ်လှူဒါန်းသည်။ ရွှေဆည်းလည်း၊ ငွေဆည်းလည်း၊ သံသေမိုးကြိုးဆည်းလည်း၊ ကြေးဆည်းလည်း အပါအဝင် စုစုပေါင်း ဆည်းလည်းလုံးရေ ၉၃၂ လုံးဖြစ်သည်။ ပိဿာချိန်အားဖြင့် ၈၂၈ ပိဿာဖြစ်လေသည်။ ထိုဆည်းလည်း များကို ဖြုတ်ပြီး ပြန်လည်တပ်ဆင်ရန်အတွက် မှန်စီဆရာ ဆရာရိုး ဆိုသူကိုအပ်နှံသည်။ ခရစ်နှစ် ၁၈၅၅ ခု၊ (သက္ကရာဇ် ၁၂၁၆ ခု၊ တပေါင်းလဆန်း ၁၂ ရက်)တွင် ဆရာဦးရိုး တီထွင်ပြုလုပ်သော နတ်ပန်းရထားဖြင့် ဆည်းလည်းတော်များကို

www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်တင်လှူသည်။ ထီးတော်ပြုပြင်ခြင်းနှင့် ဆည်းလည်းများ ပြန်လည်ဆက်ကပ်ခြင်းပြုချိန်၌ ပွဲလမ်းများကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပသည်။ ထိုပွဲသည် သုံးရက်မျှကြာလေသည်။

ဉာဏ်တော်နှင့် အတိုင်းအတာ

ဆည်းလည်းများကို ပြုပြင်တင်လှူသောနှစ်တွင်ပင် ဦးထော်လေးသည် မိမိ၏သားမက်ဖြစ်သည့် ရန်ကုန်မြို့နေ အခွန်ဝန် ဦးအုံးရွှေအား စေတီတော်ကြီး၏ ဉာဏ်တော်နှင့်တကွ အစိတ်အပိုင်းများကို တိုင်းတာစေသည်။ ထိုသို့တိုင်းတာရာတွင် ပထမပလ္လင်ခုံမှ ငှက်ပျောဖူးအဆုံးအထိ ၂၁၈ တောင်၊ ထီးတော်အမြင့်မှာ ၂၆ တောင်နှင့် ၁၄ လက်မ၊ ပလ္လင်အောက်ခုံမှ ထီးတော်ဖျားအထိ ၂၄၇ တောင်နှင့် ၅ လက်မ၊ ငှက်မြတ်နားအလျားမှာ ၄ တောင်၊ အနံ ၂ တောင်ဖြစ်သည်ဟု သိရသည်။

ရင်ပြင်တော် ပလ္လင်ခုံမှ တောင်ဘက်တံတိုင်းအထိ ၁၀၆ တောင်နှင့် ၁၆ လက်မ၊ မြောက်ဘက်တံတိုင်းအထိမှာ ၂၈၇ တောင် အရှေ့ဘက်တံတိုင်းအထိမှာ ၁၀၂တောင်၊ အနောက်ဘက်တံတိုင်းအထိမှာ ၈၉ တောင်ဖြစ်သည်။ ရင်ပြင်တော်၏ အကျယ်မှာ တောင်မှမြောက်သို့ ၆၅၉ တောင်နှင့် ၁၃လက်မ၊ အရှေ့နှင့်အနောက်မှာ အတောင်၄၂၀ ဖြစ်သည်ဟု ဆိုလေသည်။

အခွန်ဝန် ဦးအုံးရွှေတို့ တိုင်းတာချက်အရ စေတီကြီး၏ဉာဏ်တော်မှာ ၂၄၇တောင်နှင့် ၅လက်မ ဖြစ်လေသည်။ ထိုအချိန်တွင် စေတီတော်ကြီး၏ အရံစေတီမှာ ၆၄ ဆူရှိနေလေပြီ။ ဦးထော်လေးသည် ပန်းရန်နှင့် မှန်စီဆရာ ဦးရှိုးအား ထိုစေတီများကိုလည်း ပြုပြင်မွမ်းမံစေသည်။ အနီးဝန်းကျင်ရှိ တင်ပျဉ်ခွေ ရုပ်ပွားဆင်းတုတော် ၅၀၀ ကျော်ကိုလည်း ပြုပြင် မွမ်းမံစေသည်။ အခြားစေတီ ၉၀ကျော်ကိုလည်း ပြုပြင်မွမ်းမံစေသည်။

ဤသို့ပြည်သူပြည်သား အများကောင်းမှု ဖက်စပ်ပါဝင်၍ ဦးထော်လေးနှင့် ကျောင်းဒါယကာ ဦးလူးတို့က ကမကထပြုလျက် မွမ်းမံပြင်ဆင်လိုက်သောအခါ စေတီတော်ကြီးတွင် စစ်ဘေးစစ်ဒဏ်ကြောင့် ဖြစ်ရသော ဒဏ်ရာဒဏ်ချက်တို့ ကွယ်ပျောက်၍ နဂိုပကတိအတိုင်း သပ္ပါယ်စွာ ဖူးတွေ့ရလေတော့သည်။

သံသေဆည်းလည်းတစ်လုံး မြေခ၍ ပြုပြင်ခြင်း

ဆည်းလည်းပေါင်း ၉၃၂ လုံးကို စေတီတော်ကြီးသို့ ပြန်လည်ဆက်ကပ်စဉ်က ထိုအထဲတွင် ဘိုးတော်မင်းတရားလက်ထက် ထိုးလုပ်သည့် ခရစ်နှစ် ၁၈၄၂ ခုတွင် သာယာဝတီမင်း လှူဒါန်းခဲ့သော ကောင်းမှုတော် သံသေဆည်းလည်း နှစ်လုံးပါလေသည်။ ယင်းဆည်းလည်းနှစ်လုံး၏ အလေးချိန်မှာ ၃ပိဿာ ၃၅ကျပ်သားရှိသည်။ ဆည်းလည်းများကို တင်လှူပြီး၍ မကြာမီပင် သံသေဆည်းလည်းနှစ်လုံးအနက် တစ်လုံးသည် မြေသို့ခလေသည်။ ထိုဆည်းလည်း၏အလေးချိန်မှာ ၁ ပိဿာနှင့် ၇၀ကျပ်သား ရှိလေသည်။

ထိုအကြောင်းကို မြိတ်မြို့အလယ်ကျွန်းရပ်နေ၊ မြင်းခြံရွာဇာတိ ငယ်မည်မောင်ချင်း၊ ကြီးမည် မောင်းသိုင်းဆိုသူက စစ်ကဲဦးထော်လေးထံတင်ပြသည်။ "သုံးလူ့ ကြေးမုံ၊ ရွှေတိဂုဏ်၏၊ ထီးအုံဝန်းချက်၊ ရောင်လျှံထက်က၊ ဆင်းသက်မြေမှာ၊ တည်ပေလာသည်၊သံသာကျော်သည်း၊ ဤဆည်းလည်း"အကြောင်းကို စစ်ကဲကြီးကတစ်ဆင့် ရတနာပုံနန်းစံ မင်းတုန်း မင်းတရားကြီးထံသို့ သံတော်ဦးတင်လျှောက်ကြသည်။ ရန်ကုန်မြို့မှထွက်သော မြန်နန်းစကြာမီးသင်္ဘောတွင် သံတော်ဦးတင်စာ နှင့်အတူ မြေခသောသံသေဆည်းလည်းကိုတင်၍ ဆက်သလိုက်သည်။ ယင်းတို့ကို လက်ခံဆောင်ယူသွားကြသူတို့မှာ "ကပ္ပိတန် သင်္ဘောမှူး ရွှေတိုက်စိုး မင်းလှမင်းထင်ရာဇာနှင့် ရွှေတိုက်စိုး မင်းလှနရသူ" တို့ဖြစ်ကြလေသည်။

သံတော်ဦးတင်လျှောက်ချက်ကို မင်းတုန်းမင်းတရားကြီး ကြားသိရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူသည်။ ထို့နောက်အမိန့်တော်ရှိသည်မှာ

> မြတ်စွာဘုရားသာသနာတော်ကို ကော်ရော်ကြည်ညိုသော စိတ်ဓာနှင့် သဒ္ဓါသြောင်းအံ့သောသူ မွန်-မြန်မာ လူမျိုးထဲက မရမရှိနိုင်သောကြောင့် စေတီတော်ဘုရားကြီး ပျက်စီးတော့မည်ဟူ၍ ငါထင်တော်မူလေသည်။ ယခုဦးထော်လေးဆိုသသူသည် ကြည်ဖြူသောစေတနာနှင့် ဝါယမအားထုတ်၍ ပြုလုပ်အသစ် ဖြစ်ပေသည်။ ငါလည်း သာသနာပြုမင်း ဖြစ်သည်နှင့်အညီ စေတီတော်မြတ်ကို သက်န်းတော်ကပ်ရာ၌ နီဖလ်ရွှေကောင်း အဆိုင်းပေါင်းနှစ်ထောင်၊ ယခုဆောင်ခဲ့သည်။ ဆည်းလည်းသံသေဝယ် ရွှေတစ်ပိဿာခုနှစ်ဆယ် ရောစု၍ နှစ်ခုရအောင် သွန်းလုပ်မည်။ ၎င်းသွန်းလုပ်ပြီးသည်ကာလမှ အမိန့်တော်မှတ်သား၍ နေရာကျထားစိမ့်သည်။

ဟုဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်းတရားကြီးအမိန့်အရ သံသေဆည်းလည်းကို ပန်းတဉ်းဆရာတို့ထံအပ်နှံ၍ သွန်းလုပ်စေသည်။ သံသေဆည်းလည်းမှာ သံသေကို ရွှေနီ၊ရွှေဖြူ၊ ငွေဖြူတို့နှင့် စပ်လုပ်ထားခြင်းဖြစ်ရာ၊ ယခုပြန်လည်ဆောင်ယူလာသောဆည်းလည်းတွင် ရွှေစင် ၁ ပိဿာနှင့် ၇၀ကျပ်သား ဖြည့်ထည့်ပြီး ဆည်းလည်းနှစ်လုံးရအောင် ဘုရင့်အမိန့်အရ သွန်းလုပ်လေသည်။

ထို့နောက် ဆည်းလည်းတော်တွင် အောက်ပါအတိုင်း ကမ္ပည်းထိုး၍ တံဆိပ်နာမ ခတ်နှိပ်လေသည်။

ရတနာပုံရွှေမြို့တော်ကြီးတည် ဘဝရှင်မင်းတရားကြီးဘုရား၊ ဘေးတော်၊ ခမည်းတော်တို့အရိုက်အရာတော်ခံဖြစ်တော်မူသည့်အတိုင်း ဘေးတော်ဘုရား သံသေဓာတ်နှင့် ခမည်းတော်ဘုရား ၁၂၀၃ ခုနှစ်၊ ပဥ္စလောဟာ စပ်နှောလှူတော်မူသည့် ဆည်းလည်းတော် မြေသို့သက်ကျရှိသည်ကို ဆက်သလာ၍ ၁၂၂၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ရက်နေ့ ဆည်းလည်းရင်း ၁၇၀ကျပ်တွင် ရွှေစင်ကျပ်ချိန် ၁၇၀ ကျပ်ဖြည့်၍ ဆည်းလည်းတော် ၂။ တစ်လုံးလျှင် ၁၇၀ကျပ်ကျ ရွှေတိဂုံဘုရားရှင်အား သွန်းလုပ်လှူတော်မူသည့် ကုသိုလ်တော်

ဟူ၍ဖြစ်ပေသည်။ သံသေဆည်းလည်းနှစ်လုံးကို ပြန်လည်တင်လှူသောအချိန်မှာ ခရစ်နှစ် ၁၈၆၂ ခု၊ ဖေဖော်ဝါရီလ ၁၃ရက်နေ့ ဖြစ်လေသည်။

ရွှေသင်္ကန်းကပ်ခြင်း

သံသေဆည်းလည်းတော်များကို ပြန်လည်တင်လှူချိန်တွင် စေတီတော်ကြီးအား ထီးတော်အောက်ငှက်ပျောဖူးမှစ၍ ရွှေသင်္ကန်းကပ်လှူသည်။ ရွှေဆိုင်းပေါင်း ၂၃,၀၀၀ (နှစ်သောင်းသုံးထောင်)ကျော်ရသည်။ မန္တလေးနေပြည်မှ မင်းတုန်းမင်းတရား လှူဒါန်းလိုက်သော ရွှေဆိုင်းပေါင်း ၂၀၀၀လည်း ပါဝင်လေသည်။ ထိုအချိန်တွင်ရွှေသင်္ကန်း ကပ်လှူပြီးသော စေတီတော်ကြီးအား ညအခါဆီမီးထွန်းပူဇော်ရာတွင် ကြည့်မြင်တိုင်အရပ်မှ ဒါယကာ ဒါယိကာမများက အထူးအားထုတ်လုပ်ကိုင်ကြလေသည်။

ဦးထော်လေးသည် စေတီတော်ရင်ပြင်ရှိ နောင်တော်ကြီး စေတီတော်နှင့် ရန်ကုန်မြို့လယ်ရှိ ဆူးလေစေတီတော်တို့ကိုလည်း ပြုပြင်ရာ၌ ကမကထပြုလုပ်ခဲ့လေသည်။ ဉာဏ်တော်အတောင် ၈၀ရှိ နောင်တော်ကြီး စေတီကိုပြုပြင်ရာတွင်လည်း ပန်းပဲဆရာ ဦးကန်တေးနှင့် မောင်လင်းဆိုသူ နှစ်ဦးအား စေခိုင်းအပ်နှံလေသည်။

ဦးထော်လေးသည် ခရစ်နှစ် ၁၈၆၉ ခု အသက် ၆၃နှစ် အရွယ်တွင် ထွံတေး(ဒလ) မြို့၌ ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။

ဘုရားပေါ်တွင် ဖိနပ်စီးသည့်ကိစ္စ

မြန်မာတို့နှင့် နိုင်ငံခြားသားများဆက်ဆံရေးတွင် ဖိနပ်စီးခြင်းနှင့်စပ်လျဉ်းသောပြဿနာနှစ်ရပ်ပေါ်ပေါက်ခဲ့ဖူးသည်။ ပထမဖိနပ်ပြဿနာမှာ နိုင်ငံခြားမှလာရောက်သော သံတမန်များသည် ဘုရင်မင်းမြတ် ရှေ့တော်မှောက်သို့ ဝင်ရောက်ရာတွင် အခြားမှူးမတ်ဗိုလ်ပါအားလုံးနည်းတူဖိနပ်ချွတ်၍ဝင်ပြီး ဒူးတုပ်ခစားရသောကိစ္စဖြစ်သည်။

ဒုတိယဖိနပ်ပြဿနာမှာ မြန်မာအားလုံး မခံမရပ်နိုင်သော ကိစ္စဖြစ်သည်။ ဘာသာရေးအကြောင်းဖြစ်သည်။ မြန်မာတို့သည် ဖိနပ်ချွတ်ခြင်း (ဝါ) ဖိနပ်ခြေနင်းမပါဘဲ ထွက်ဝင်သွားလာခြင်းကို ရိုသေကိုင်းရှိုင်းမှု၊ အလေးအမြတ်ထားမှုကို ဖော်ပြသည့် အမူအရာဟု ရိုးရာဓလေ့ယဉ်ကျေးမှုအရ လက်ခံထားကြသည်။ အင်္ဂလိပ်တို့ကမူကား မြန်မာ့ထီးထဲနန်းထဲ ညီလာခံတို့တွင် ဖိနပ်စီးလိုသည်သာမက မြန်မာ့အထွတ်အမြတ် အထိမ်းအမှတ်ဖြစ်သော ကျောင်း၊ ကန်၊ စေတီဘုရားတို့၏ ပရဝဏ်အတွင်း၌လည်း ဖိနပ်စီးလိုကြသည်။ ခရစ်နှစ်၁၇၉၆ခုတွင် လာရောက်ခဲ့သော အင်္ဂလိပ်သံ ဟီရမ်ကောက်သည် ဖိနပ်ချွတ်ရမည် စိုးသောကြောင့် ရွှေတိဂုံစေတီရင်ပြင်သို့မတက်ဘဲ ခြေတော်ရင်းဇရပ်တစ်ခုရှေ့မှသာ သွား၍ဘုရားဖူးများ လာရောက်ကြသည်ကို ကြည့်ရှုခဲ့သည်။

ဤတွင် မင်းလိုလိုက်မင်းကြိုက်ဖြစ်စေရန် ဘုရားလူကြီး၊ ဂေါပကအဖွဲ့ဝင် လူကြီးအချို့တို့ကလည်း "ဥရောပတိုက်သားများ မှတစ်ပါး ဖိနပ်မစီးရ" ဟူ၍ လည်းကောင်း၊ "အင်္ဂလိပ် အမျိုးသားများနှင့် ဥရောပသွေးပါသော အာရှတိုက်သားများမှအပ မည်သူမှု ဖိနပ်စီးခွင့်မရှိ"ဟူ၍လည်းကောင်း တန်ခိုးကြီးဘုရား၏ခြေရင်းတွင် ဆိုင်းဘုတ်စာတန်းများ ချိတ်ဆွဲ ထားကြသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲဝင်ကြသူများ

ဘုရားစေတီတို့အပေါ်တွင် ဖိနပ်စီးခြင်းကို မခံမရပ်နိုင်ကြသူများအနက် စိတ်လိုက်မာန်ပါ လက်ရောက်ကျူးလွန်ကြသူတို့ ပင်ရှိသည်။ ၁၉၁၈ခုနှစ်တွင် မန္တလေးမြို့ရှိ အိမ်တော်ရာစေတီ ဝတ္တကမြေအတွင်းသို့ ဖိနပ်စီးနင်းလျက်ဝင်ရောက်လာသော မျက်နှာဖြူအရာရှိတစ်ဦးကို ဘုန်းတော်ကြီးတစ်ပါးက ဓားနှင့်ခုတ်သဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရဖူးသည်။

ဤသို့ကိုယ်ထိလက်ရောက် ဆန္ဒပြသူ ပုဂ္ဂိုလ်များရှိသကဲ့သို့ "ဥရောပတိုက်သားများမှအပ မည်သူမျှ ဖိနပ်မစီးရ" ဆိုင်းဘုတ်တွင် "ဥရောပတိုက်သားများမှအပ" စကားလုံးကိုဖြုတ်၍ ဘုရားပေါ်သို့ လာရောက်သူအားလုံးအတွက် အဖြူအမည်း မခွဲခြားဘဲ "မည်သူမျှ ဖိနပ်မစီးရ"ဟူသော ဆိုင်းဘုတ်ကိုသာ ချိတ်ဆွဲနိုင်ရန် ကြိုးစားသူများကလည်း ကြိုးစားခဲ့ကြသည်။

ခရစ်နှစ်၁၉၁၈ခုတွင် မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်သည် ပဲခူးမြို့ရွှေမော်ဓောဘုရားကြီး လျှောင်းတော် ကြောင့်ပျက်စီးရာသို့ တက်ရောက်ကြည့်ရှုလေသည်။ ထိုသို့ တက်ရောက်ရာတွင် ဖိနပ်မချွတ်ဘဲ ဟန်ပန်မပျက် တက်ရောက် ကြည့်ရှုနေသည့်အကြောင်း ကြားသိရသော မြန်မာတို့သည် ပို၍မခံမရပ်နိုင် ဖြစ်လာကြပြန်သည်။

ဘုရင်ခံကိုယ်တိုင် ဘုရားပေါ်သို့ ဖိနပ်စီး၍တက်ရောက်သည့်ကိစ္စကို ဂေါပကလူကြီးများက ရန်ကုန်မြို့ ဝိုင်အမ်ဘီအေ အသင်းကြီးသို့တိုင်ကြားသည်။ ထိုအချိန်တွင် အသင်း၏အတွင်းရေးမှူးမှာ ဘိလပ်ပြန်ဝတ်လုံတော်ရ ဦးသိမ်းမောင်ဖြစ်သည်။ ဦးသိမ်းမောင်သည် ပြည်မြို့တွင်နေထိုင်ခဲ့စဉ်က ရွှေဆံတော်ဘုရားခြေတော်ရင်း၌ ဥရောပတိုက်သားများမှအပ ဖိနပ်စီးခွင့် မပြုဟူသော ဆိုင်းဘုတ်ဖြုတ်ချရေးကို ကြိုးစားခဲ့သည်။ ရန်ကုန်သို့ ရောက်သောအခါ၌လည်း ရွှေတိဂုံစေတီတော်ကြီး၏ ဥပစာရင်ပြင်တော်၌ ဥရောပတိုက်သားများ ဖိနပ်မစီးရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လေသည်။

ဝိုင်အမ်ဘီအေ အတွင်းရေးမှူးဖြစ်သော ဦးသိမ်းမောင်သည် ဘုရားပေါ်တွင် ဖိနပ်စီးသည့်ကိစ္စကို အကြောင်းပြု၍ ရန်ကုန်မြို့၊ ဂျူဗလီခန်းမတွင် ၁၉၁၈ ခု၊ မေလ ၁၉ ရက်နေ့၌ ပြည်လုံးကျွတ် အစည်းအဝေးခေါ်ယူ၍ တင်ပြဆွေးနွေးစေခဲ့သည်။ သဘာပတိအဖြစ် ဦးသိမ်းမောင်ကဆောင်ရွက်သည်။ နောင်အခါ ဘကြီးဘဖေဟုတွင်သော သူရိယသတင်းစာ အယ်ဒီတာ ဦးဘဖေက ဤကိစ္စကိုမခံမရပ်နိုင်ကြောင်း၊ ဘုရားခြေတော်ရင်းရှိ ဆိုင်းဘုတ်များတွင် "ဥရောပတိုက်သားများမှအပ"ဟူသော စာလုံးကိုလည်းဖြုတ်ပစ်ရန် လေးလေးနက်နက် တောင်းဆိုကြောင်း အစည်းအဝေးကြီးသို့ တင်ပြလေသည်။ ဝိုင်အမ်ဘီအေ အသင်းလူကြီးပိုင်းအချို့မှာ ဘုရားလူကြီးများဖြစ်နေသဖြင့် လူငယ်ပိုင်းမှ တောင်းဆိုချက်ကို သဘောမတူနိုင်ဘဲ အချို့လူကြီးများနှင့် ဘုရားလူကြီးများမှာ အသင်းမှနုတ်ထွက်သွားကြသည်။ လူငယ်ပိုင်းဖြစ်သော သူရိယဦးဘဖေနှင့် ဝတ်လုံ ဦးသိမ်းမောင်တို့၏ ကြိုးပမ်းချက်ဖြင့် ဘုရားမြေကျောင်းမြေအတွင်း ဖိနပ်မစီးရဟူသော အဆိုတစ်ရပ်ကို ချမှတ်နိုင်ခဲ့သည်။ ထိုဆုံးဖြတ်ချက်အတိုင်း မြန်မာပြည်ဘုရင်ခံက "မည်သူမျှ ဖိနပ်မစီးရ'ဟူသောအချက်ကို လက်ခံလိုက်သည်။ သို့ရာတွင် စစ်ဘက်၊ နယ်ဘက်ဌာနမှ အစိုးရကိစ္စဖြင့် တာဝန်အရဘုရားပေါ်သို့တက်လျှင် ဖိနပ်စီးနိုင်သည်ဟူသော ခြွင်းချက်ကို ဝိုင်အမ်ဘီအေအသင်းနှင့် ဘုရားလူကြီးများက သဘောတူခဲ့ရသည်။ အင်္ဂလိပ်အစိုးရသည် အထက်ပါ 'မည်သူမျှ ဖိနပ်မစီးရ' အမိန့်ကို ၁၉၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ပေးရလေသည်။

ထိုဖိနပ်ပြဿနာ ပွက်ပွက်ဆူဆူဖြစ်နေသေးသော အချိန်တွင် ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့၌ အင်္ဂလန်ပြည် မှလာသော အတိုက်အခံ လေဘာပါတီအမတ် ကာနယ်ဝက်ဂျ်ဝုဒ်တို့ ဇနီးမောင်နှံသည် မြန်မာပြည်သို့ရောက်ရှိလာရင်း ရွှေတိဂုံကုန်းတော်ပေါ်သို့ ဖိနပ်ချွတ်၍ တက်ရောက်ခဲ့သည်။ မြန်မာလူမျိုးများက များစွာသဘောကျ နှစ်ခြိုက်သွားသည်။ မြန်မာသတင်းစာများတွင်လည်း ဓာတ်ပုံရိုက်ကူး၍ ဖော်ပြပေးလေသည်။

သတင်းစာများက ပူးပေါင်းပါဝင်ခြင်း

ဘုရားပေါ်တွင် ဖိနပ်စီးသည့်ကိစ္စကို တိုက်ပွဲဝင်ရာ၌ မြန်မာသတင်းစာများ၊ မြန်မာစာရေးဆရာများ၏ ပူးပေါင်းအား ထုတ်မှုလည်းပါခဲ့လေသည်။ ၁၉၁၈ ခုနှစ်အတွင်းထုတ်ဝေသော သူရိယမဂ္ဂဇင်း၌ ကာတွန်းဆရာကြီး ဦးဘကလေး(ရွှေတလေး)က ကာတွန်းများရေးသား၍ သရော်ခဲ့သည်။ ထိုကာတွန်းများနှင့်အတူ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကလည်း တေးထပ်များ ရေးစပ်၍ ဝိုင်းဝန်းသရော်ပြန်သည်။

၁၉၁၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သူရိယမဂ္ဂဇင်းတွင် အင်္ဂလိပ်လင်မယားနှင့် ဘုရားလူကြီးများပုံ ကာတွန်းတစ်ခုပါလာ သည်။ ဦးဘကလေး၏ လက်ရာဖြစ်သည်။ ပုံမှာလူကြီးများက အင်္ဂလိပ်လင်မယားကို ဘုရားပေါ်သို့ ကုန်းပိုး၍ခေါ်လာပုံဖြစ် သည်။ ထိုကာတွန်း၏အောက်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ရေးစပ်သော တေးထပ်တစ်ပုဒ်လည်း ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤကာတွန်းကို ထည့်သွင်းဖော်ပြသဖြင့် ရန်ကုန်ပုလိပ်မင်းကြီးက သူ့ရိုယ်ဦးဘဖေကိုခေါ်ယူ၍ ကြိမ်းမောင်းသတိပေးသည်။ ဦးဘဖေတို့ ရုံးခန်းအတွင်းသို့ဝင်သွားသောအခါ ကုလားထိုင်မပေးဘဲ မှာခင်းပေးထားပြီး ကြမ်းပေါ်မှာ အထိုင်ခိုင်းသဖြင့် ပုလိပ်မင်းကြီးနှင့် အချီအချ စကားပြောခဲ့ရလေသည်။ ဦးဘဖေက ဤကိစ္စသည် ပုလိပ်နှင့် မဆိုင်သောကိစ္စဖြစ်သည်ဟူ၍ တင်းတင်းမာမာပင် ပြန်၍ပြောခဲ့သည်။

ဤကဲ့သို့ သာသနာ့အဆောက်အအုံ ဘုရားဝတ္ထုကမြေများပေါ်တွင် နိုင်ငံခြားသားများဖိနပ်စီးနင်းခြင်းကို မြို့ရောတောပါ ဗုဒ္ဓဘာသာဝင် ပြည်သူအများက မလိုလားကြသဖြင့် 'ဖိနပ်မစီးရ'ကိစ္စမှာ အောင်မြင်သွားခဲ့လေသည်။ ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် ဘုရားပေါ်တွင်ဖိနပ်စီးခြင်းကို တားမြစ်လိုက်နိုင်သဖြင့် အင်္ဂလိပ်၏သြဇာကို ကန့်သတ်နိုင်ခဲ့ပြီး အမျိုးသားရေးအတွက် တစ်နည်းတစ်ဖုံ သွေးထိုးလှုံ့ဆော်နိုင်ခဲ့လေသည်။

ဖိနပ်မချွတ်ဘဲ ဘုရားပေါ်သို့ တက်လိုသော မျက်နှာဖြူဇနီးမောင်နှံအား ဘုရားလူကြီးနှစ်ဦးက ကျောကုန်းပေါ်ခွစီးစေ၍ ဘုရားပေါ်သို့ လိုက်ပို့ပုံ။

www.burmeseclassic.com

မြန်မာပြည် ဒုတိယဘုရင်ခံအဖြစ် ဆောင်ရွက်သွားသည့် ဆာရယ်ဂျီနယ်ကရက်ဒေါက်။

www.burmeseclassic.com

www.burmeseclassic.com

ကုန်းတော်ပေါ်မှ ဗြိတိသျှတို့၏ စစ်ခံတပ်ပြောင်းရွှေ့ပေးဖို့ကိစ္စ

ရွှေတိဂုံစေတီကုန်းတော် အနောက်ဘက်တစ်ဝန်းတွင် ခဲယမ်းမီးကျောက်တိုက်စသည်တို့ကို တည်ထား၍ ကုန်းတော်တစ်ခုလုံးကို ခံတပ်သဖွယ် ပြုလုပ်ထားသည်ကို မြန်မာတို့က စတင်အရေးဆိုခဲ့သည်မှာ ၁၉၁၇-၁၈ ခုနှစ်ခန့်ကပင်ဖြစ်သည်။ ထိုအချိန်သည် ပထမကမ္ဘာစစ်ကြီး (၁၉၁၄-၁၉၁၈) ဖြစ်ပွားလာသောကြောင့် ကုန်းတော်နေရာကို စစ်ဘေးစစ်ရန်မှ စိုးရိမ်ရသောကြောင့်ဖြစ်သည်။ ထို့နောက်တွင်လည်း ကုန်းတော်မြေကိစ္စအတွက် အကြိမ်ကြိမ် အရေးဆိုခဲ့ကြသည်။

မြန်မာပြည်အရေးအတွက် လန်ဒန်မြို့တော်သို့ ပထမအကြိမ် စေလွှတ်သော ကိုယ်စားလှယ်များက မစ္စတာဘင်စမူးအမည်ရှိ ပါလီမန်အမတ်မှတစ်ဆင့် အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ကြီးကို ၁၉၁၉ ခု၊ ဒီဇင်ဘာလ ၂၂ ရက်နေ့ ပါလီမန်အစည်းအဝေးတွင် မေးမြန်းစေခဲ့သည်။ မေးမြန်းချက်မှာ ကုန်းတော်ကိုစစ်တပ်က အသုံးပြုနေခြင်းကြောင့် မြန်မာဗုဒ္ဓဘာသာဝင်တို့၏စိတ်တွင် များစွာအနှောက်အယှက် ဖြစ်ရုံသာမက ကုန်းတော်သည် ခံတပ်အဖြစ်နှင့်လည်း အသုံးမကျသောကြောင့် ဘာသာရေးအတွက် သက်သက်အသုံးပြုရန် ဗုဒ္ဓဘာသာဝင်တို့အား ပြန်ပေးဖို့ ဆောင်ရွက်ပါမည်လား ဟူ၍ဖြစ်သည်။

ဒုတိယအကြိမ်မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်မြို့သို့ သွားသောအခါ၌လည်း မြန်မာပြည်မှ လက်မှတ်ပေါင်း ၁၅,၀၀၀ (တစ်သောင်းငါးထောင်) ကျော်ဖြင့် အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ကြီးထံ ခံတပ်နှင့် ခဲယမ်းမီးကျောက်တိုက်ကို ကုန်းတော်မှ ပြောင်းရွှေ့ပေးရန် အလွှာသွင်း၍ တောင်းဆိုခဲ့သည်။ ပါလီမန်အစည်းအဝေးတွင် ထပ်မံမေးမြန်းစေခဲ့သည်။

ထိုသို့မေးမြန်းခဲ့ခြင်းများကို ဗြိတိသျှအစိုးရက အဖြေမယ်မယ်ရရ မပေးခဲ့ချေ။

၁၉၂၀ ပြည့်နှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင်ကျင်းပသော မြန်မာပြည်ဥပဒေပြုအဖွဲ့ အစည်းအဝေးတွင် ပွဲစားကြီးဦးဘိုးသာ (ဆာဘိုးသာ)က ဤကိစ္စကို တစ်ဖန်တင်ပြသည်။ ကုန်တော်ပေါ်မှ စစ်တပ်နှင့် ခဲယမ်းမီးကျောက်တိုက် ပြောင်းရွှေ့လျှင် ဗုဒ္ဓဘာသာဝင်တို့ များစွာနှစ်သက်ကြမည်ကို အစိုးရက သိပါကြောင်းနှင့် အတွင်းဝန်ကြီးကဖြေဆိုသည်။

တနင်္ဂနွေဒေါင့် အင်္ဂလိပ်စစ်ဗိုလ်များအလောင်း။

မြန်မာအင်္ဂလိပ် သိင်္ဂုတ္တရကုန်းတော်တိုက်ပွဲတွင် ကျဆုံးသောစစ်ဗိုလ်များ။

Lieutenant R. Doram, 18th Royal Irish 14-4-1852

လက်ဖတင်နင်အာဒူးရမ်း၊ ၁၈ ရိုင်ရယ်အိုက်ရစ်၊ ၁၄-၄-၁၈၅၂။

J.M. Taylor, Madras Native Infantry 19-3-1853

ဂျေ၊ အမ်၊ တေလာ၊ မဒရပ်နေတစ်အင်ဖင်ထရီ၊ ၁၉-၃-၁၈၅၃။

Captain G. G. Luck, C.B. H.M S., Winchester 6-2-1855

ကပ္ပတိန် ဂျီဂျီလောက်၊ စီဘီ၊ အိပ်၊ အမ်၊ အက်၊ ဝင်ချစ်စတား၊ ၆-၂-၁၈၅၅ ခု။

နာမည်မပါသော အလောင်း နှစ်လောင်း။

www.burmeseclassic.com

www.burmeseclassic.com

၁၉၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ဦးဘိုးပြေက လွှတ်တော်အစည်းအဝေးတွင် မေးမြန်းရာ အိန္ဒိယတိုင်းဆိုင်ရာ စစ်ဘုရင်ခံချုပ် လပ်ရော်လင်ဆင်က ရွှေတိဂုံစေတီတော် ထက်ဝန်းကျင်မြေကို စစ်ဘက်ကအသုံးပြုခြင်းကို ရပ်စဲရန်ကြံရွယ်လျက် မြန်မာပြည်အစိုးရနှင့် အိန္ဒိယပြည်အစိုးရတို့ တိုင်ပင်လျက်ရှိပါသည်ဟုဖြေသည်။

တစ်ဖန် ဘဏ္ဍာထိန်းအဖွဲ့က ၁၉၂၁ ခု၊ ဧပြီလ ၂၅ ရက်နေ့တွင် မြန်မာပြည်ဘုရင်ခံထံသို့ စာတစ်စောင်ပေးပို့ခဲ့သည်။

ယင်းသို့ တောင်းဆိုနေသည်ကို ဗုဒ္ဓဘာသာ မြန်မာအသင်းအဖွဲ့များက ထောက်ခံကြသည်။ ဂျီ၊စီ၊ဘီ၊အေ မြန်မာ အသင်းချုပ်ကြီးကဆိုလျှင် မန္တလေးမြို့တွင် ကျင်းပသော ၁၉၂၁ ခုနှစ်၊ ကွန်ဖရင့်အစည်းအဝေးကြီး၌ ရွှေတိဂုံကုန်းတော်ပေါ်မှ ခံတပ်ကို မပြောင်းသေးသည့်အတွက် မကျေနပ်ကြောင်း မှတ်တမ်းတင်ခဲ့လေသည်။

ဘဏ္ဍာထိန်းအဖွဲ့၏ မေးမြန်းချက်၊ ပန်ကြားချက်များမှာ မထူးခြားသောအခါ နောက်ထပ်စာတစ်စောင်ကို ၁၉၂၂ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် မြန်မာပြည် ဘုရင်ခံထံ ပေးပို့ကြပြန်သည်။ ထိုစာ၌ ခံတပ်နှင့် ခဲယမ်းမီးကျောက်တိုက်ကို မပြောင်းရွှေ့မီပင် ပိတ်ထားသော အနောက်ဘက်စောင်းတန်းကို ဖွင့်ပါရစေဟု ဖော်ပြထားသည်။ ထိုစာကို တင်သွင်းပြီးနောက် တစ်လပြည့်သောနေ့တွင် မြန်မာပြည်အတွင်းဝန်ကြီးက ဘဏ္ဍာထိန်းအဖွဲ့ကို ခေါ်ယူတွေ့ဆုံလျက် နောင်ငါးနှစ်ကြာလျှင် ဘုရားပေါ်မှခံတပ်ကို ပြောင်းရွှေ့၍ အနောက်ဘက်စောင်းတန်းကိုလည်း ထိုအခါမှဖွင့်ရန် အခွင့်ပြုနိုင်ပါလိမ့်မည်ဟု အကြောင်းပြန်ကြား ပြောဆိုလေသည်။

ထိုအတောအတွင်း၌ အင်္ဂလိပ်အစိုးရက ဘုရားကြီးပေါ်မှ ခံတပ်နှင့် ခဲယမ်းမီးကျောက်တိုက် ပြောင်းရွှေ့ရေးအတွက် လုပ်ကိုင်နေကြသော အစီအစဉ်များကို မြန်မာတို့ကြားရသည်။ ၁၉၂၃ ခုနှစ်၊ မတ်လတွင် ကျင်းပသော မြန်မာပြည်ဥပဒေပြုအဖွဲ့ အစည်းအဝေး၌ ဘဏ္ဍာရေးဝန်ကြီးချုပ်က ရွှေတိဂုံကုန်းတော်မှ ခဲယမ်းမီးကျောက်တိုက် ပြောင်းရွှေ့ရန်နှင့် အနောက်ဘက် စောင်းတန်းကို ဖွင့်လှစ်ရန် ပြည်သူတို့ အပြင်းအထန်ဆူပူကြသည့်အတွက် တပ်မြို့ကိုပြောင်းရန် ငွေသိန်း ၈၀ အထိအကုန်ခံဖို့ မြန်မာအစိုးရက အိန္ဒိယအစိုးရနှင့် သဘောတူညီလိုက်ရကြောင်း ထုတ်ဖော်ပြောကြားသည်။ ၁၉၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင်ကျင်းပသော မြန်မာပြည်ဥပဒေပြုအဖွဲ့ အစည်းအဝေးတွင် တစ်ဖန်ဘဏ္ဍာရေးဝန်ကြီးချုပ်က စစ်ဘက်က ခဲယမ်းမီးကျောက်တိုက်နှင့် တပ်မြို့အားလုံး (မြင်းပြိုင်ကွင်းယောင်နှင့် စတုဒိသာ ဇရပ်ကြီးအနီး ဂေါ်ရာကုန်းကြီးမှတစ်ပါး) စွန့်လွှတ်ရန်အတွက် အဖိုးပေးသည့်အနေဖြင့် တပ်မြို့သစ်တွင် မြန်မာပြည်အစိုးရက အဆောက်အအုံများ ဆောက်လုပ်ပေးနေကြောင်းကို ထုတ်ဖော် ပြောကြားခဲ့သည်။

ထို့ကြောင့် ဘဏ္ဍာထိန်းအဖွဲ့နှင့်တကွ ဗုဒ္ဓဘာသာဝင်များမှာ ခဲယမ်းတိုက်နှင့် ခံတပ်ပြောင်းရွှေ့မည့်နေ့ကို မျှော်လင့် နေခဲ့ကြသည်။ သို့သော်အကြောင်းထူးမလာခဲ့ပါ။

၁၉၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ရက်ဒင်း မြန်မာနိုင်ငံသို့ရောက်သည်တွင် ဘဏ္ဍာထိန်းအဖွဲ့နှင့် ဂျီ၊စီ၊ဘီ၊အေ အသင်းကြီးမှ ကြီးမှူးကျင်းပသော အစည်းအဝေးကြီး၏ ပြဋ္ဌာန်းချက်အရ ကုန်းတော်ပေါ်မှ ပြောင်းရွှေ့ရန်ကိစ္စကို အမြန်ဆုံးဆောင်ရွက်ပါရန် စာတစ်စောင်တင်သွင်းခဲ့သည်။ ဘုရင်ခံချုပ်ရောက်မလာမီ ထိုနှစ်နိုဝင်ဘာလ ၂၃ ရက်နေ့၌ အနောက်ဘက်စောင်းတန်းတွင် အစိုးရခွင့်ပြုချက်အရ မြေကိုတိုင်းထွာပြီး အဆောက်အအုံများ ပုံစံရေးဆွဲပြီးဖြစ်၍ အလှူရှင်များလည်း အသင့်ရှိနေပြီဖြစ်သောကြောင့် စောင်းတန်းကို စတင်ဆောက်လုပ်ပါရစေဟု မြန်မာပြည်ဘုရင်ခံထံသို့ အခွင့်တောင်းခဲ့သေးသည်။

နောက်သုံးနှစ်အကြာတွင် ၁၉၂၆ ခုနှစ်ဒီဇင်ဘာလ ၁၀ ရက်နေ့၌ အိန္ဒိယစစ်ဘုရင်ခံချုပ် ကုန်းတော်ပေါ်သို့ လာရောက်သည့် အခါတွင်လည်း ကုန်းတော်ပေါ်မှ စစ်တပ်နှင့်ခံတပ်များ ပြောင်းရွှေ့ရန်ကိစ္စကို မြန်ဆန်အောင် ကူညီပါမည့်အကြောင်း ဘဏ္ဍာထိန်းအဖွဲ့က မေတ္တာရပ်ခံခဲ့သည်။

ခရစ်နှစ် ၁၉၂၈ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်အာဝင် မြန်မာနိုင်ငံသို့ လာရောက်သဖြင့် ဘဏ္ဍာတော်ထိန်း အဖွဲ့ကပင် စာတစ်စောင်တင်ခဲ့သည်။ ထိုစာ၌ လော့ဒ်ကာဇင်လက်ထက်ကထုတ်ဝေခဲ့သော ဂရန်ဟောင်းတွင် ကုန်းတော်ကို ခံတပ်ပြုလုပ်ထားသည်နှင့် လျော်ညီအောင် ထည့်သွင်းထားသောစည်းကမ်းများကို ကုန်းတော်ပေါ်မှ ခံတပ်ရွှေ့ပြောင်းတော့မည် ဖြစ်သဖြင့် ပယ်ဖျက်ပါမည့်အကြောင်း ပြောကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ အထစ်အငေါ့ကလေးများ

သို့ရာတွင် ထိုနှစ်မေလ၌ အင်္ဂလိပ်အစိုးရက ရွှေတိဂုံစေတီ ကုန်းတော်အနောက်ခြမ်းကို ဘဏ္ဍာထိန်းအဖွဲ့သို့ပေးရန် ဂရန်ကိုအကြမ်းရေး၍ ဘဏ္ဍာထိန်းအဖွဲ့သို့ ပေးပို့လိုက်သည်။ ဂရန်သစ်တွင် ဂရန်ဟောင်းမှာကဲ့သို့ပင် စည်းကမ်းချက်များ ပြောင်းလဲခြင်းမရှိကြောင်းတွေ့ရသည်။ ထိုစည်းကမ်းများမှာ ကုန်းတော်မျက်နှာပြင်ကို ပြုပြင်လိုလျှင် သို့မဟုတ် အဆောက်အအုံ တစ်ခုတစ်ရာဆောက်လုပ်လိုလျှင် စစ်ဗိုလ်နှင့် မြန်မာအစိုးရ၏ ခွင့်ပြုချက်ရမှ ပြုပြင်ဆောက်လုပ်ရမည် ဟူသောအချက်များ ပါဝင်သည်။ ဘဏ္ဍာတော်ထိန်းအဖွဲ့က ထိုစည်းကမ်းချက်များမှာ ကုန်းတော်ပေါ်တွင် ခံတပ်နှင့်ခဲယမ်းမီးကျောက်တိုက် ပြောင်းရွှေ့သွားမည်ဖြစ်သဖြင့် လိုတော့မည်မဟုတ်ကြောင်း ၁၉၂၉ ခု၊ ဇွန်လ ၂ ရက်နေ့တွင် တင်သွင်းခဲ့သည်။ ကန့်ကွက်စာတင်သွင်းပြီး၍ ဩဂုတ်လ ၂၇ ရက်နေ့ သို့ရောက်သောအခါ ပြည်ထဲရေးဝန်ကြီးချုပ်က ဘုရားဘဏ္ဍာထိန်း လူကြီးများအား ဘူ၏ရုံးခန်းသို့ ခေါ်ယူတွေ့ဆုံပြောကြားရာတွင် ကုန်းတော်မှ ခဲယမ်းမီးကျောက်တိုက်ကိုသာ ပြောင်းရွှေ့ခြင်းဖြစ်သည်။ ကုန်းတော်မှာ ခံတပ်ပင် ဖြစ်နေသေးသည်။ သို့အတွက် ဆိုခဲ့သော စည်းကမ်းများကိုလက်ခံမှ ကုန်းတော်အနောက် တစ်ခြမ်းကို ဘဏ္ဍာထိန်းအဖွဲ့သို့ ယးအပ်နိုင်မည်ဖြစ်သည်။ အနောက်စောင်းတန်း ဆောက်လုပ်ရန် တင်သွင်းသော ပုံစံများကိုလက်ခံမှ ခွင့်ပြုနိုင်မည်ဖြစ်ကြောင်းတို့ကို ပြောပြလေသည်။

ထိုအခါ ဘဏ္ဍာထိန်းလူကြီးတို့က ကုန်းတော်သည် ခံတပ်ဖြစ်မြဲဖြစ်နေသည်ဆိုသော စကားမှာ အသစ်ဖြစ်နေသဖြင့် အလွန်အရေးကြီးကြောင်း၊ယခင်က ခံတပ်နှင့်တကွ အားလုံးပြောင်းရွှေ့မည်ဟု မိမိတို့ နားလည်ယုံကြည်ခဲ့ခြင်းနှင့်လည်း ဆန့်ကျင်လျက်ရှိကြောင်း။ ဘုရားကုန်းတော်သည် ယခုခေတ်ကာလ စစ်တိုက်ပုံအခြင်းအရာကိုထောက်၍ ခံတပ်အဖြစ်အသုံးမဝင်နိုင်တော့ကြောင်း။ ကုန်းတော်ကို ခံတပ်အဖြစ်နှင့် ထားခြင်းသည်လည်း အစိုးရက မြန်မာပြည်သူတို့၏ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် စိတ်နေသဘောထားကို ရှိသေသည်ဆိုသောစကားနှင့် မညီကြောင်း။ သို့ပါ၍ ဘဏ္ဍာထိန်းအဖွဲ့၏ အစည်းအဝေးတစ်ရပ်ကျင်းပ၍ စဉ်းစားဆွေးနွေးပြီးမှ စကားပြန်နိုင်မည်ဖြစ်ကြောင်းနှင့် ရွှေ့ဆိုင်းခဲ့ကြသည်။

ပြည်သူ့ဆန္ဒတောင်းခြင်း

ယင်းကိစ္စဆွေးနွေးရန်အလို့ငှါ ရွှေတိဂုံဘဏ္ဍာထိန်းအဖွဲ့ အစည်းအဝေးကို ၁၉၂၉ ခု၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသည်။ ထိုအစည်းအဝေးက ဤကိစ္စသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အလွန်အရေးကြီးသောကိစ္စဖြစ်သည်။ အနောက်ဘက် စောင်းတန်းကို အမြန်ဆောက်လုပ်ဖွင့်လှစ်လိုသော ဆန္ဒများစွာရှိသော်လည်း အဆိုပါ စည်းကမ်းသတ်မှတ်ချက်များကို မကျေနပ်သဖြင့် လက်မခံနိုင်ကြောင်း မှတ်တမ်းတင်သည်။ ဤကိစ္စကို ဗုဒ္ဓဘာသာဝင်တို့နှင့် တိုင်ပင်ပြီးမှသာလျှင် ဆုံးဖြတ်သင့်ကြောင်း ပြဋ္ဌာန်းလိုက်သည်။

ထို့နောက် ရွှေတိဂုံဘဏ္ဍာထိန်းအဖွဲ့သည် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်လူကြီး ဝတ်လုံတော်ရ ဦးသိမ်းမောင်အား ပြည်သူ့အဖွဲ့ခေါင်းဆောင် ဦးဘပေ (ဘကြီးဘပေ)၊ အမ်၊အေ ဦးမောင်ကြီးတို့နှင့် တိုင်ပင်၍ ဗုဒ္ဓဘာသာဝင်တို့၏အလိုကို စုံစမ်းရန် တာဝန်လွှဲအပ်လိုက်သည်။ ဘဏ္ဍာထိန်းအဖွဲ့၏ညွှန်ကြားချက်အတိုင်း ဝတ်လုံ ဦးသိမ်းမောင်သည် အထက်ပါ လူကြီးများနှင့် တိုင်ပင်၍ စာတမ်းတစ်စောင်နှင့် မေးခွန်းများကိုရေးသားလျက် တိုင်းသူပြည်သားများ၏ဆန္ဒကို တောင်းယူရန် ထုတ်ဝေလိုက်သည်။ ယင်းစာတမ်းတွင် "ဤအရေးကြီးသော ဘာသာရေးကိစ္စ၌ နောက်အစဉ်ကောင်းအောင် အကြံဉာဏ်ပေးသောအနေဖြင့် ပူးတွဲပါမေးခွန်းများကို တသီးပုဂ္ဂလသော်လည်းကောင်း၊ အသင်းအဖွဲ့နှင့်သော်လည်းကောင်း၊ အကျိုးအကြောင်းညွှန်ကြား၍ ပြေကြားပါမည့်အကြောင်း" ဟူသော မေတ္တာရပ်ခံချက်ထည့်သွင်း၍ မေးခွန်း ၁၀ ချက်ကို ထုတ်ဝေလိုက်လေသည်။ အဖြေများကို ၁၉၂၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မတိုင်မီ ရောက်အောင်ပို့ပေးပါရန်ကိုလည်း ပန်ကြားလိုက်သည်။ မေးခွန်း ၁၀ ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ရွှေတိဂုံစေတီကုန်းတော်ကို ခံတပ်အဖြစ်နှင့်ထားရှိခြင်းကို သဘောတူကြပါသလား။

၂။ သဘောမတူပါလျှင် တောင်တော်အနောက်ဘက်တစ်ခြမ်းအတွက် ကုန်းတော်ခံတပ်အဖြစ်နှင့်ထား၍ အစိုးရသတ်မှတ်သော စည်းကမ်းများကို ဘဏ္ဍာတော်ထိန်းအဖွဲ့က လက်ခံရမည်လား၊ လက်မခံရဘူးလား။

၃။ လက်ခံလျှင်ကန့်ကွက်၍ လက်ခံရမည်လား၊ သို့မဟုတ် မည်သို့လက်ခံရမည်လဲ။

၄။ လက်မခံလျှင် ထိုစည်းကမ်းများမပါဘဲ ထိုမြေကိုရအောင် မည်သို့ပြုလုပ်ရမည်လဲ။

၅။ မြန်မာနိုင်ငံရေးအတွက် ဘိလပ်သို့စေလွှတ်မည်ကြံရွယ်သော ကိုယ်စားလှယ်များအား ဤကိစ္စနှင့်ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ရာ ဆောင်ရွက်စေလိုပါသလား။

၆။ ကမ္ဘာ့ကွေန်ဖရင့်သို့ စေလွှတ်မည်ကြံရွယ်သော ဗုဒ္ဓဘာသာကိုယ်စားလှယ်များအား ဤကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာဆောင် ရွက်စေလိုပါသလား။

၇။ မြန်မာနိုင်ငံ၏ကိုယ်စားလှယ်အဖြစ်နှင့် အိန္ဒိယတိုင်း ဥပဒေပြုအဖွဲ့များသို့သွားရသော အမတ်များအား ဤကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာဆောင်ရွက်စေလိုပါသလား။

၈။ မြန်မာနိုင်ငံ ဥပဒေပြုအဖွဲ့တွင်ပါဝင်သော အမတ်များအား ဤကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာဆောင်ရွက်စေလိုပါသလား။

၉။ ဤကိစ္စ၌ ကိုယ်တိုင်မည်သို့ ကူညီဆောင်ရွက်ပါမည်နည်း။

၁၀။ ဤကိစ္စနှင့်ပတ်သက်၍ မည်သည့်အကြံဉာဏ်ပေးရန်ရှိပါသလဲ။

အထက်ပါ မေးခွန်း ၁၀ ချက်နှင့်အတူ ကုန်းတော်ကိစ္စ အကျိုးအကြောင်း ရှင်းလင်းဖော်ပြသောစာကို သီးခြားစာရွက်များဖြင့်လည်းကောင်း၊ သတင်းစာ၊ စာစောင်တို့၌လည်းကောင်း ထည့်သွင်းဖော်ပြ၍ ဖြန့်ဝေလိုက်သောအခါ အမြို့မြို့အနယ်နယ်တွင် အစည်းအဝေးပွဲကြီးများ ပြုလုပ်၍ စည်းဝေးဆုံးဖြတ်ကြသည်။ ဆုံးဖြတ်၍ဆန္ဒပေးကြသော အချက်များမှာ ဗုဒ္ဓဘာသာဝင်တို့နှင့်သက်ဆိုင်သော သိင်္ဂုတ္တရကုန်းတော်ကြီး၏ အနောက်ဘက်ခြမ်းနှင့်တကွ ဘုရားမြေများကို ခေတ်အခါနှင့် လျော်စွာ လွတ်လွတ်ကင်းကင်း ပြန်လည်ရရှိထိုက်ကြောင်း နည်းအမျိုးမျိုးဖြင့် ဖော်ပြကြသည်။ အဖြေလွှာများကိုလည်း ရာနှင့်ထောင်နှင့်ချီ၍ ပြန်လည်ပေးပို့ကြသည်။ သတင်းစာများတွင်လည်း ရေးသားထည့်သွင်းကြသည်။

အင်္ဂလိပ်ဘုရင်ခံနှင့် တွေ့ဆုံရခြင်း

အင်္ဂလိပ်အစိုးရသည် ထိုအခြေအနေကိုမြင်၍ ထိန်းသိမ်းရန်လိုသောကြောင့် ဘုရားကြီးနှင့်စပ်လျဉ်းသော တောင်းဆိုချက်များကို လိုက်လျောရန် အစီအစဉ်များပြုလုပ်ရလေတော့သည်။

အောက်တိုဘာလ ၂၇ ရက်နေ့နံနက်တွင် ဘုရင်ခံ၏ဖိတ်ကြားချက်အရ အိမ်တော်သို့သွားခဲ့ကြသော ဘဏ္ဍာတော်ထိန်းလူကြီးကိုးဦးမှာ ဆာဘိုးသာ၊ ဦးဘိုးအောင်၊ ဦးရေထွန်း၊ ဦးသိမ်းမောင်၊ ဦးဘကျော်၊ ဦးဘိုးတာ၊ ဦးသွင်၊ ဦးဘိုးမြနှင့် ဦးမြင့်တို့ဖြစ်ကြသည်။

အထက်ပါအတိုင်း ကြိမ်ဖန်များစွာ မြန်မာပြည်သူလူထုက ဗြိတိသျှအစိုးရအပေါ် ပန်ကြားခဲ့ပြီးမှ ၁၉၂၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် စေတီတော်ဘဏ္ဍာထိန်းအဖွဲ့မှ တိုင်းပြည်ကို ကြေညာချက်တစ်စောင် ထုတ်ပြန်နိုင်ခဲ့လေသည်။

> ရွှေတိဂုံအနောက်ဘက်ခံတပ်နှင့်ပတ်သက်၍ ဘဏ္ဍာထိန်းလူကြီးများနှင့် မြန်မာဘုရင်ခံမင်းမြတ်အိမ်တော်၌ ၁၉၂၉ခု၊ နိုဝင်ဘာလ ၂ရက်နေ့ ၁၁ နာရီအချိန်တွင် တွေ့ဆုံကြ၍ ဘုရားကြီးတွင် ခံတပ်ထားဖို့မသင့်ကြောင်း ဘဏ္ဍာတော်ထိန်းလူကြီး တို့ကပြောဆိုကြရာ လူကြီးမင်းများစကားအောင်မြင်၍ ဘုရင်ခံမင်းမြတ်က ဘုရားကြီးကုန်းတော်သည် စစ်ဘက်နှင့် တစ်စုံ တစ်ရာ မသက်ဆိုင်ပြီဖြစ်၍ ခံတပ်စာရင်းမှ ပယ်ဖျက်လိုက်ပါပြီ။ ကုန်းတော်တစ်ခုလုံးကို ဗုဒ္ဓဘာသာ သာသနာမြေအဖြစ်နှင့် လွတ်လပ်စွာရှိတော့မည်ဖြစ်ကြောင်း အများကြားသိစေရန် ကြော်ငြာအပ်ပါသည်။
>
> ဦးဘိုးမြ
>
> စက္ကရီတေရီ ၂၇-၁၁-၂၉

www.burmeseclassic.com

www.burmeseclassic.com

ဤကြေညာချက်ကို ဖတ်ရှုရသော မြန်မာပြည်သူပြည်သား အပေါင်းတို့သည် မည်မျှဝမ်းမြောက်ဝမ်းသာဖြစ်ကြလိမ့်မည်မှာ ဆိုဖွယ်ရာမရှိ။ ဗြိတိသျှစေတီတော်ကြီး၏ ကုန်းမြေတစ်စိတ်တစ်ပိုင်းကို သိမ်းပိုက်တပ်စွဲထား၍ အနောက်မှန်ပိတ်ထားခဲ့သည်မှာ နှစ်ပေါင်း ၇၇ နှစ် ကြာခဲ့ပြီ ဖြစ်သောကြောင့်ဖြစ်၏။

၁၉၂၉ ခုနှစ်၊ ဇန္နဝါရီလ ၂၂ ရက်နေ့နံနက် ၇ နာရီခန့်တွင် မြန်မာ-ဗုဒ္ဓဘာသာတို့ တောင်းဆိုခဲ့မှုသည့်အတိုင်း ကုန်းတော်ပေါ်မှ အင်္ဂလိပ်သချိုင်းများကို ကန်တော်မင်သို့ ပြောင်းရွှေ့သွားသည်။ ထိုနှစ် ဇန္နဝါရီလနှင့် မေလအတွင်း ကုန်းတော်အနောက်ဘက်ခံတပ် အဆောက်အအုံများကိုဖျက်၍ မင်္ဂလာဒုံသို့ ပြောင်းရွှေ့သွားသည်။ ဤတော့မှ မြန်မာလူမျိုးတို့ နှစ်ထောင်း အားရဖြစ်ကြသည်။

အလောင်းများကို ရွှေ့ပြောင်းခြင်း။

၂၁-၁-၁၉၂၉ ခု၊ ညည့်မှစ၍ ၎င်းနေရာကြိုးဝိုင်းပြီး မျက်နှာဖုံးစစ်သား သေနတ်လှံစွတ်နှင့်စောင့်သည်၊ စောင့်သောစစ်သားသည် မြန်မာများကို လန့်သလို ဖြန့်သလိုနှင့်နေသည်၊ မှတ်တိုင်မှအုတ်ကို တချပ်စီလှန်သည်၊ အရိုးဟုထင်လျှင် ခေါင်းထဲထည့်သည်၊ အလောင်းတလောင်းမှာ နို့ဆီခွက် တလုံးလောက်သာရသည်။ ၂၂-၁-၁၉၂၉ ခု၊ နေ့၊ နံနက်ကုန်းတော်ပေါ်မှ အင်္ဂလိပ်စစ်သားများ ခေါင်းနက်ကြီးကိုစစ်ထုံးစံအတိုင်းထမ်း၍ချသည်၊ ရှေ့မှစကော့စစ်သားတရောက် ပြွေကို ဝမ်းနည်း ကြည်ကွဲသော အသံမှုတ်သည်၊ ၎င်းအသံကို အောက်မှစောင့်ကြည့်နေကြသောပရိသတ်များ အဝေးကြီးက ကြားရသည်၊ တခါတခါအသံပျောက်သွားလိုက်၊ တခါတခါ အသံနီးလိုက်နှင့် ကြားရသည်။ ဘုရားလူကြီး ဦးသိမ်းမောင် ဝတ်လုံတော်ရမင်းနှင့် ဘုရားပုလိပ်များ ပါလာသည်။ ကပ္ပတိန်နှင့် လက်ဖတင်နင် အလောင်းကို အမြောက်ပေါ်တင်၍ဆွဲပြီးအခြားအလောင်းများကိုလော်လီပေါ်တင်သည် ရှေ့ဆုံးမှ ရေတပ်သား ၎င်း နောက်မှအိန္ဒိယတိုင်းသား ကုလားစစ်တပ်မှ ဝမ်းနည်းသော ဘင်ခရာဖြေးညှင်းစွာတီး၍ ခြေတလှမ်းခြားသွားသည်။ အစိုးရ်အရာရှိများ လိုက်ပို့ကြသည်၊ တောင်ဘက်စေ ာင်းတန်းမှကန်တော်မင် အင်္ဂလိပ်သုသာန်သို့ ယူဆောင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်တို့ ကုန်းတော်မြေကို အခိုင်အမာပြုလုပ်ခဲ့သည့် အနောက်တောင်ထောင့်မှ ခံတပ်တစ်နေရာ။



မြန်မာနိုင်ငံအောက်ပိုင်းကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီးနောက် ကုန်းတော်မြေကိုခံတပ်အဖြစ် အခိုင်အမာ ထပ်မံ ပြုလုပ်ထားခဲ့သည့် လက်ရာများကို ယနေ့တိုင်တွေ့ရှိနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

လျှင်ဒဏ်ခံခဲ့ရသမျှ

၁၄၃၆ ခုနှစ်လှုပ်သော လျှင်ဒဏ်ကြောင့် ဘုရားကြီး၏ ခေါင်းလောင်းထိပြိုသည်။ ဗညားရန်၊ ဗညားကင်းဒေါ၊ ရှင်စောပုတို့ပါဝင်၍ အဆက်ဆက်ပြုပြင်ခဲ့ရာ ဘုရားကြီး၏ဉာဏ်တော်မှာ ၃၀၂ ပေအထိမြင့်လာခဲ့သည်။

၁၅၆၄ ခုနှစ် ဘုရင့်နောင်လက်ထက်တွင် လှုပ်သောလျှင်ကြီးကြောင့် ဘုရားကြီးပြိုကျပြန်ရာ ၁၅၇၁ ခုနှစ်တွင် ယင်းအပျက်အစီးများကို ဘုရင့်နောင်က ပြန်လည်ပြင်ဆင်သည်။

၁၆၀၈ ခုနှစ်တွင် လျှင်လှုပ်ပြန်သောကြောင့် ဘုရားကြီးပျက်စီးပြန်ရာ ၁၆၁၀ ခု စေတီတော်၏ ချရားသီးဖောင်းလုံး၊ ဖောင်းမ အကုန် ခြေသို့ကျ၍ ခေါင်းလောင်းပုံသာကျန်သည်။ ၁၆၁၀ ခုနှစ်တွင် ဘုရားကြီးကိုပြန်လည်ပြုပြင်သည်။

၁၆၂၀ ခုနှစ်နို ဝင်ဘာလတွင် အနောက်ဖက်လွန်မင်းလက်ထက်တွင် လှုပ်သောလျှင်ဒဏ်ကြောင့် စေတီတော်အထက်ပိုင်း ပြိုကျပျက်စီးသွားပြီး မဟာရံတံတိုင်းများလည်း ပြိုကျသည်။ ယင်းအပျက်အစီးများကို ၁၆၂၂ ခုနှစ်တွင် ပြန်လည်ပြုပြင်သည်။

၁၆၄၄ ခုနှစ်တွင်လှုပ်သော လျှင်ကြောင့် ဘုရားကြီးပြိုကျပြန်သည်။ ယင်းအပျက်အစီးများကို သာလွန်မင်းကြီးက ပြန်လည်ပြုပြင်သည်။

၁၆၅၂ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် လျှင်လှုပ်သဖြင့်ဘုရားကြီးပြိုသည်။

၁၆၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ပြည်မင်းလက်ထက်တွင် လှုပ်သော လျှင်ကြီးဒဏ်ကြောင့် ထီးတော်ဘုံသုံးဆင့်လွင့်စဉ်၍ မြေခသည်။

၁၆၆၄ ခုနှစ်တွင် ကြီးမားသော လျှင်ဒဏ်ကြောင့် စေတီတော်ကြီး၏ စိန်ဖူးတော်နှင့်တကွ ထီးတော်ကြီးမှာ အနောက်မြောက်ထောင့်သို့ လွင့်စဉ်ကျသည်။ ငှက်ပျောဖူးနှင့်ခေါင်းလောင်းပုံလည်း ပြိုကျခဲ့သည်။ ၁၆၆၇ ခုနှစ်တွင် စေတီတော်ကြီးကို ပြန်လည်ပြုပြင်သည်။

၁၆၇၉ ခုနှစ်၊ ဩဂုတ်လနှင့် နိုဝင်ဘာလတို့တွင် လျှင်အကြိမ်ကြိမ်လှုပ်သဖြင့် စေတီတော်ကြီးပြိုကျရာ ပြည်သူအများ ဝိုင်းဝန်းပြုပြင်သည်။

၁၇၆၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ ဆင်ဖြူ မင်းလက်ထက်တွင် လျှင်ကြီးလှုပ်သဖြင့် စေတီတော်ကြီး၏သပိတ်မှောက်အထက်ပိုင်း စေတီပစ္စယံ ပန်းတင်တို့ ပျက်စီးသွားသည်။

၁၈၈၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် လှုပ်သောလျှင်ဒဏ်ကြောင့် ငှက်မြတ်နားနှင့် စိန်ဖူးတော်တို့မှာ အောက်သို့ကျသည်။ ရွဲအထက်မှ အင်္ဂတေများကွာကျသည်။

၁၉၁၇ ခု၊ ဩဂုတ်လ ၁၉ ရက် လျှင်လှုပ်ပြန်ရာ ငှက်မြတ်နားတိုင်ယိုင်သည်။

၁၉၃၀ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် လျှင်လှုပ်သဖြင့် ငှက်မြတ်နားတိုင်တော် တွဲလွဲကျသည်။

၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့နှင့် ၆ ရက်နေ့တွင် လျှင်ကြီးများလှုပ်၍ စေတီတော်ပိန္နဲတိုင်စောင်းကာ ဆွဲလွဲအချို့ပြုတ်ကျသည်။ ၁၉၇၁ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ယမန်နှစ်က လျှင်ဒဏ်ကြောင့် တိမ်းစောင်းသွားသော ပိန္နဲတိုင်ကို ပြုပြင်ခြင်း၊ ထီးတော်စစ်ဆေးခြင်း၊ ငှက်မြတ်နားပြုပြင်ခြင်း၊ ရွှေပြားနှင့်ရတနာများ၊ ဆွဲလွဲများလှူခြင်းများ၏ သိန်းတစ်ရာကျော်ဖိုးမျှ အလှူတော်အစုစုကို ရေစက်ချလှူဒါန်းသည်။

www.burmeseclassic.com

www.burmeseclassic.com





မြန်မာ့လျှင်သမိုင်းတွင် အပြင်းထန်ဆုံးဟု ဆိုရမည့် ၁၉၃၀ ပြည့်နှစ် မေလ ၅ ရက် လျှင်ကြောင့် ပဲခူးရွှေမော်ဓော စေတီတော်ပြိုကျပျက်စီးသွားရာ ၁၉၅၀ ပြည့်နှစ်ကျမှ ပြန်လည်ပြင်ဆင်နိုင်သည်။

ဒီဇင်ဘာလ ၄ ရက်နေ့တွင် ထပ်မံလျှင်လှုပ်ပြန်ရာ ရန်ကုန် မန္တလေး မီးရထားလမ်းမှ တံတားကြီးများ ဖောက်ထိုးမိုးမျှော်ဖြစ်အောင် ပျက်စီးခဲ့သည်။

အသေးစိတ်ကို "ရွှေတိဂုံလျှင်တုန်မြေခခဲ့စဉ်က "ဆရာဦးညွန့်တင် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း နိုဝင်ဘာ ၁၉၉၄၊ ဒီဇင်ဘာ ၁၉၉၄ တွင်ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်းကြီး၏ထီးတော်တင်ပြီးနောက်ကာလ

၁၂၅၀ လျှော်

မင်းတုန်းမင်းတင်တော်မူခဲ့သော ထီးတော်ကြီးမှ ငှက်မြတ်နားသည် (၁၂၅၀)ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက် ည၂နာရီကျော်တွင် လျှောင်ဒဏ်ကြောင့် ရင်ပြင်တော်ပေါ်ကျသည်။ မြန်မာနိုင်ငံအလုံး ရဟန်းရှင်လူ ထည့်ဝင်ငွေ(၈၅၂၇၃၇ကျပ် ၈ပဲ)ဖြင့် ငှက်မြတ်နားအသစ် တင်လှူသည်။ (၁၂၆၆)ခုနှစ်တွင် ပြည်သူအများက စေတီတော်ကို ရွှေသင်္ကန်းကပ်လှူကြသည်။ ရွှေချိန် ၅ကျပ်သား ရွှေပြားချပ်ရေ (၂၇၀၂)ချပ် ကုန်ကျငွေပေါင်း (၆၂၈၀၈၉ကျပ် ၁၅ ပဲ)ဖြစ်၏။ (၁၂၇၃)ခုနှစ် ကဆုန်လ၌ ကြာမှောက်ကြာလန်များတွင် ရွှေဒင်္ဂါးချိန် (၁၃၇၁၃ကျပ် ၁၄ပဲ)ရွှေပြား ချပ်ရေ (၃၄၇၀)ကို ဆက်ကပ်သည်။

(၁၂၈၁) ခုနှစ်ဝါခေါင်လဆုတ် (၉)ရက်နံနက် ၁၀နာရီတွင် လျှောင်လှုပ်ပြန်ရာ လျှောင်ဒဏ်ကြောင့် စေတီတော်ကြီး၏ ထီးတော် ဖြေချပြန်၏။ ဂေါပကအဖွဲ့က ငှက်မြတ်နားနှင့် စိန်ဖူးတော် အသစ်ပြုလုပ်ပြီး မင်းတုန်းမင်း၏ ကျောက်မျက်ရတနာများ ပြန်လည်ထည့်ကာ (၁၂၈၂)ခုနှစ်၌ အသစ်တင်လှူခဲ့သည်။

မှတ်ချက်။ ယနေ့မြင်တွေ့ဖူးမြော်ရသော စိန်ဖူးတော်နှင့်ငှက်မြတ်နားမှာ မင်းတုန်းမင်းတင်လှူသောပစ္စည်းများ မဟုတ်တော့ပေ။ ရှေးလက်ထက်ဂေါပကအဖွဲ့များသည် စေတီတော်ကြီးနှင့် ပတ်သက်သောပစ္စည်းများကို ပြန်လည် အရည်ကျိုပြီး လှူဒါန်းကြသည်။ မိမိတို့လက်ထက်တွင်မှ စိန်ဖူးနှင့် ငှက်မြတ်နားကို မူရင်းအတိုင်း နောင်လာနောက်သားများ ရှေးလက်ရာ မြင်နိုင်အောင်ဆိုပြီးထားသဖြင့် ယခုကဲ့သို့မြင်ရခြင်းဖြစ်သည်။ ယခုတွေ့ရသော စိန်ဖူးတော်မှာ ရွှေအားလုံးဖြစ်သည်။ အများပြည်သူထင်သကဲ့သို့ အိမနေ အစရှိသဖြင့် (၁၂၈၁)ခုနှစ်မှစ၍ ဂေါပကလူကြီး တစ်ဦးဖြစ်ခဲ့သော ဒေါက်တာဦးသိမ်းမောင်က (၁၃၃၂)ခု သီတင်းကျွတ်လဆုတ် ၃ ရက် တနင်္ဂနွေနေ့ လျှောင်ဒဏ်မိသော ရွှေတိဂုံစေတီတော်မှ အပျက်အစီးများ ပြန်လည်ပြုပြင်ရန် ငြမ်းဆင်စဉ် သတင်းစာတိုက်အသီးသီးမှ သတင်းထောက်များအား ရှင်းပြခဲ့၏။

၁၂၉၁ ခုနှစ်လျှော်

၁၂၉၁ခု၊တပေါင်းလဆန်း ၄ရက် တနင်္ဂနွေနေ့တွင် အနောက်ဘက်တံခါးဖွင့်ပြီးသည့်နောက် ဗုဒ္ဓဘာသာ ရဟန်းရှင်လူ အပေါင်းတို့သည် လေးဆူဘုရား၊ လေးမုခ်လေးတံခါးပွင့်ပေပြီဟု နယ်အဝေးကမရောက်ရသေးသောသူတို့လည်း ရွှေတိဂုံစေတီတော်ကြီးသို့ လာရောက်ဖူးမြင်ကြ၍ အနောက်ဘက်ဖွင့်လှစ်ထားသောတံခါးများကို ကြည်ရှုကြလေသည်။ အနောက်ဘက် တောင်တော်တစ်ခြမ်းကို နှစ်ပေါင်းခုနစ်ဆယ်ခန့်မျှ အင်္ဂလိပ်စစ်ဘက်က မုံးတိုက်ရမ်းတိုက်ပြုလုပ်ထားသည်ကို ယခု ၁၂၉၁ ခုနှစ် ဘဏ္ဍာတော်ထိန်းအဖွဲ့မှ ဘာသာရေးအသုံးဖြင့် ပြန်ရပေသည်ဟု အားရဝမ်းသာစွာရှိကြပေ၏။

ထိုအနောက်ဘက်တောင်တော်တစ်ခြမ်း ပြန်ရသည့်နေရာတွင် ကုသိုလ်ဒါနပြုလုပ်ရန် ဆောက်လုပ်ထားသောတဲ မဏ္ဍပ်များကို ထိုနှစ်တန်ခူးလလောက်တွင် ဘဏ္ဍာတော်ထိန်းအဖွဲ့က မိမိတို့မဏ္ဍပ်ကို ဖျက်သိမ်းယူလိုက ယူနိုင်ကြောင်း ဘုရားကြီးအတွက် ဘဏ္ဍာတော်ထိန်းအဖွဲ့သို့လှူနိုင်ကြောင်း ၎င်းနေရာကိုရှင်းလင်းပေးရန် ကြေငြာလေသည်။ ထိုအခါ အချို့သော သူတို့က စက္ကရီတောရိဇရပ် ဒါယကာဦးဘိုးမြတ်ထံသို့ လာရောက်၍လှူကြသည်။ အချို့ကဖျက်သိမ်းယူသွားကြသည်။ အချို့က မဖျက်သိမ်းဘဲ ဓမ္မကထိက နိုင်ငံရေးတရားဟောပုဂ္ဂိုလ် ဦးနာဂိန္ဒကိုအားထား၍ မိုးရေခံနိုင်အောင်ဝါးခနိတို့ဖြင့် ထပ်မံခိုင်မာအောင် ပြုလုပ်ကြ၏။

ဦးနာဂိန္ဒကိုယ်တော်လည်း ပေနှစ်ရာပတ်လည်ခန့်ရှိ တဲကြီးကို ခနိမိုးလျက် စာပြန်ပွဲ တရားပွဲ မပြတ်လုပ်လေသည်။ ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်လူကြီးများလည်း ကုသိုလ်ရအောင် ဘဏ္ဍာတော်ထိန်းအဖွဲ့သို့ ဝင်ရောက်ဆောင်ရွက်ရာမှ အတင်းအကြပ် ကြမ်းတမ်းစွာ မပြုကောင်းပေဟု သဘောထားကြ၍ သာကြည်အေးညင်းစွာပြောဆို၍ တစ်နေ့တစ်နေ့ရက်ရွှေ့လာခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com

၁၂၉၁ ခုနှစ်ကုန်၍ ၁၂၉၂ ခု ကဆုန်လဆန်း ၉ ရက်နေ့ ည ၈ နာရီ ၁၅ မိနစ် အချိန်တွင် မြေငလျင်ပြင်းစွာ တုန်လှုပ်၍ စေတီတော်မြတ်ကြီး၏ ထီးအထက်ပိန္နဲတိုင်ကျိုး၍ စိန်ဖူးငှက်မြတ်နားတို့သည် အနောက်မြောက်ဘက် ကီးကော်ပေါ်သို့ ဆိုင်းကြိုးတို့ဖြင့် စောက်ထိုးကျလျက်ရှိပေ၏။ ထိုအခါဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် အလှည့်ကျအမှုဆောင် သူဌေးဦးဘိုးတာ အလှည့်ဖြစ်သည်။ လူ ၁၀ယောက်ခန့်သည် ပရိဘောဂတိုက်သို့ဝင်လာပြီး ပစ္စယံပေါ်မှ ရှာဖွေတွေ့ရှိသော ပစ္စည်းများကို အပ်နှင်းရာ၊

ရွှေဆည်းလည်းကြီး ၉–လုံး
ရွှေဆည်းလည်းအလတ် ၆၂–လုံး
ရွှေဆည်းလည်းအငယ် ၁၃–လုံး
စိန်ကြီး ၅–လုံး

အသေးအဖွဲရွှေနှင့် စိန်ကျောက်အစအနများကို စုပေါင်းချိန်လိုက်သောအခါ လေးပိဿာလေးဆယ် သုံးမတ်သားရှိလေသည်။ ထိုပစ္စည်းအလုံးစုံကို ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်ဦးသွင်နှင့် အမှုဆောင်ဦးဘိုးတာသို့ အပ်နှင်းသဖြင့် မီးခံဗီရိုတွင် ထည့်သွင်းထားရသည်။

ငင်းညတစ်ညလုံးပင် စေတီတော်ကြီးသို့ ပရိတ်သတ် စည်ကားစွာ ရှိလေ၏။ ကျွန်ုပ်ဆရာသွင်လည်း နာရီပြန်တစ်ချက်လောက်တွင် ကုန်းတော်ပေါ်မှ အိမ်သို့ပြန်လေသည်။ ငင်းညကုန်၍ ၁၀ ရက်နေ့တွင် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်လူကြီးများ ကုန်းတော်သို့လာရောက်သည့်အခါ ကျွန်ုပ်ဆရာသွင်လည်းရောက်လာ၍ မြို့သူမြို့သားများလည်းကုန်းတော်သို့လာရောက်ကြ၍ ၁၂၈၂ခုနှစ်က တင်လှူထားသော စိန်ဖူးငှက်မြတ်နားတော်ကြီး ကျိုးကျရလေခြင်းဟု ရင်တီးလက်ခတ် စုတ်သတ်ပူဇော်ဖူးမြော်ရင်းပင် ငိုယိုသူလည်း ငိုယိုကြလေ၏။

(ထိုငလျင်နှင့်ပင် ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်ကြီးမှာ ခါးပိုင်းကပြတ်ကျသည့်အပြင် ငင်းပဲခူးမြို့ဈေးတိုက် အရိပ်ပြပွဲရုံများ ပြိုပျက်ကျသည့်အပြင်၊ မီးလောင်သောကြောင့် လူပေါင်းတစ်ထောင်ခန့်သေဆုံး၊ လူတစ်သောင်းခန့် အိုးအိမ်မဲ့ ဖြစ်ကြရလေသည်။) ရန်ကုန်ရွှေတိဂုံစေတီတော်ကြီး ကုန်းတော်သို့ ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်တို့ အစုံရောက်ကြသော် စိန်ဖူးငှက်မြတ်နားတော်ကို မည်သို့မည်ပုံပျက်စီးကြောင်းနှင့် မည်သို့မည်ပုံအောက်သို့ ပင့်ချရမည်ကိုသိကြရန် ကိုကြိုင်၊မောင်ထွန်းလှ မောင်မြငွန်း လူသုံးရောက်ကို ကြိုးဖြင့်ထီးကြားကို ချိတွယ်၍ တက်စေလေသည်။ ထိုလူသုံးရောက်ပြန်ဆင်းလာသောအခါ ထီးတော်ကြီး အထက်ဆုံးသုံးဘုံမှာ အနည်းငယ်ပြင်ဆင်ရမည်၊ စိန်ဖူးနှင့်ငှက်မြတ်နားကို ကျွန်တော်တို့ ထီးပေါ်သို့တက်ပြီး ကြိုးနှင့်ဆွဲချလျှင်ရမည်ဟု အစီရင်ခံကြသည့်အတိုင်း ကဆုန်လဆန်း ၁၁ ရက်နေ့ညနေ သုံးနာရီတွင် စိန်ဖူးငှက်မြတ်နားကို ကြိုးဖြင့်ဆွဲ၍ချမည်ဟု ဆုံးဖြတ်ကြ၍ ဤဘဏ္ဍာတော်ထိန်းလူကြီးများပြန်ကြလေ၏။

ငင်းကဆုန်လဆန်း(၁၁)ရက်နေ့ ကုန်းတော်သို့ ဘဏ္ဍာတော်ထိန်းလူကြီးများ (၃)နာရီခန့်ရောက်လာလျှင် ယခင်ဘုရားပေါ်တက်သူတို့တက်စေပြီးလျှင် ငင်းနေ့ညနေ(၅)နာရီတွင် စိန်ဖူးနှင့်ငှက်မြတ်နားတော်ကြီးကိုချ၍ ပရိဘောဂတိုက်တွင် အများပူဇော်၍ ထပ်မံလှူဒါန်းရန် ထားလေသည်။

ရန်ကုန်မြို့သူမြို့သားတို့မှာ စေတီတော်ကြီးအတွက်ကြောင့်လည်းကောင်း၊ ရန်ကုန်မြို့တွင်တိုက်ပြို၍ လူပေါင်း ၂၀ခန့် သေဆုံးသည်ကိုလည်းကောင်း၊ ပဲခူးမြို့တွင်လည်း လူအများလျှောင်ဘေးကြောင့်သေဆုံးသူတို့ကို မြေသင်္ချိုင်းတွင် မမြှုပ်နိုင်တော့ဘဲ ရေနံဆီလောင်း၍ မီးရှို့ရသည်ဟူ၍လည်းကောင်း၊ ကြားသိရသဖြင့် အလွန်ထိတ်လန့်တုန်လှုပ်ကြရလေ၏။

ထိုနှစ်တွင် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် အလှည့်ကျအမှုဆောင် သူဌေးဦးဘိုးတာ သေဆုံး၍ ဥပဒေအတိုင်း မဲရွေးကောက်ကြရာ သူဌေးဦးဘိုးပြော့ ဘဏ္ဍာတော်ထိန်းအဖွဲ့သို့ရောက်၏။

၁၂၉၂ ခုနှစ် တပို့တွဲလဆောက်ကစ၍ ရွှေတိဂုံစေတီတော်ကြီး၏ မြောက်ဘက်တောင်ဘက် အုတ်ပွထုပြာသာဒ်အထက် ရုပ်ပွားတော်များတွင် ပျားစွဲသည် အနောက်ဘက်မှ သင်းငွေချပ်တစ်ကောင်တက်လာ၍ ပရိဘောဂတိုက်နားမှာ ခေတ္တထား၍ အဝေးသို့လွှတ်လိုက်ရလေသည်။

ရွှေတိဂုံစေတီတော်ကြီး သမိုင်းချုပ်စာအုပ်မှ

ဂေါပကအဖွဲ့က စိန်ဖူးတော်နှင့် ငှက်မြတ်နားကို အသစ်ပြုပြင်ပြီး (၁၂၉၃ ခု ကဆုန်လပြည့်နေ့တွင် ထပ်မံတင်လှူသည်)

www.burmeseclassic.com

www.burmeseclassic.com

၁၃၃၂ ခုနှစ်

၁၃၃၂ ခုနှစ် တော်သလင်းလဆန်း ၉ ရက်မှ ၁၃ ရက်နေ့အထိ ရန်ကုန်မြို့တွင် လျှော်ဆက်တိုက်လှုပ်ရာ ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်မှရွှေခေါင်းလောင်းနှင့် ရွှေပြားအချို့ မြေသို့ခလေသည်။ ဂေါပကအဖွဲ့မှ စေတီတော်ကြီးကို ငြမ်းဆင်ပြီး ထီးတော်ကို ပြင်ဆင်မွမ်းမံသည် ပြည်သူအပေါင်းလှူဒါန်းသော ရတနာပစ္စည်းများနှင့် ၁၂၂၃ခုနှစ်တပို့တွဲလဆန်း ၁၅ရက်နေ့ မင်းတုန်းမင်းတရားကြီး သွန်းလုပ်လှူဒါန်းတော်မူခဲ့သော သံလေဆည်းလည်း ၂ လုံး အပါအဝင် ရွှေခေါင်းလောင်း ရွှေပြားများကို ထီးတော်၌ ဆက်ကပ်လှူဒါန်းလေသည်။

ရွှေတိဂုံစေတီတော်

၁၃၃၃–၃၄ခုနှစ် ကပ်လှူသော ရွှေပြားသက်န်းတော်စာရင်း

အသစ်ရွှေပြားချပ်ရေ	၁၂၇၆
ရွှေပြားပျက်ပြန်ကပ်	၆၇
ပေါင်း	၁၃၄၃

အလေးချိန် ၆၂ ပိဿာ ၁ကျပ်သား

တန်ဖိုး ၃၁၄၁၅၀၀ ကျပ်

မှတ်ချက်။ ။စေတီတော်မြတ်ကြီး၏ စိန်ဖူးတော် ငှက်မြတ်နားတော် ထီးတော်တို့မှ ရတနာပစ္စည်းများ၏ တန်ဖိုးမှာ အဖိုးမဖြတ်နိုင်ကြောင်း သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မြတ်ဘုရားရွှေတိဂုံ



၁၉၇၀ပြည့်၊ စက်တင်ဘာလတွင် မြေငလျင်များ အကြိမ်ကြိမ်လှုပ်သဖြင့် စေတီတော်အထက်မှ ဆည်းလည်းများ ပြုတ်ကျသည်။ ရွှေပြားအချို့ကွာသည်။ ဗိနှဲတိုင်မှာစောင်းသွားသည်။ ထိုချွတ်ယွင်းမှုများကို စစ်ဆေးရန်အတွက် ဘဏ္ဍာတော်ထိန်းအဖွဲ့က ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပြည်သူပြည်သားများကို တိုင်ပင်၍ ထီးတော်ကိုစစ်ဆေးရန် အစီအစဉ်များ ပြုလုပ်ခဲ့သည်။ ဤပုံမှာ ထီးတော်ကြီးကိုပါင်၍ နှစ်ထပ်ငြမ်းဆင်ဆဲတွင် ဖူးမြင်ရပုံဖြစ်သည်။ ငြမ်းကို စေတီတော်၏ ပုံတော်အတိုင်း အလိုက်သင့်ထိုးသဖြင့် ငြမ်းစေတီဟုပင် ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံ စိန်ဖူးတော်မှ စိန်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီပေါ် ကျားတက်ခြင်း

ဘုရားပေါ်သို့ကျားတက်ခြင်း

အထက် လျောင်ကြီးနှစ်ခု၏ စပ်ကြားအချိန်ကာလတွင် အုတ်အော်သောင်းသဲ အဖြစ်အပျက်တစ်ရပ်မှာ ဘုရားကုန်းတော်ပေါ်၌ ပေါ်ပေါက်ခဲ့သည်။ ထိုအဖြစ်အပျက်မှာ ဘုရားပေါ်သို့ ကျားတက်ခြင်းဖြစ်သည်။

ကျားတက်သောနှစ်မှာ ၁၉၀၃ ခု၊ မတ်လ ၂ ရက် (၁၂၆၄ ခု၊ တပေါင်းလဆန်း ၅ ရက်) တနင်းလာနေ့ဖြစ်သည်။ ထိုအချိန်တွင် ဘုရားကြီးကို ရွှေချရန်အတွက် ငြမ်းများဆင်ထားလေသည်။ ကျားသည် ခေါင်းလောင်းပုံအနားလန်စွန်းတွင် တက်၍ဝပ်နေသည်ကို ရင်ပြင်ပေါ်မှ ဘုရားဖူးများ မြင်ကြရသဖြင့် အုတ်အုတ်ကျက်ကျက်ဖြစ်ခဲ့ရသည်။

ဂျိုးဖြူရေလှောင်ကန်ဒေသမှ ရန်ကုန်ဆင်ခြေဖုံးဒေသသို့ လမ်းလွဲရောက်လာဟန်တူသော ထိုကျားမသည် ရွှေတိဂုံဘုရားပေါ်၌ ပစ်သတ်ခြင်းမခံရမီ အချိန်အတန်ကြာကာလကပင် ကုက္ကိုင်း၊ ပုဇွန်တောင်နှင့် သားသတ်ရုံပတ်ဝန်းကျင်ဒေသများသို့ မကြာခဏရောက်လာ၍ ကျွဲ၊ နွားတို့ကို ဖမ်းစားသော ကျားဖြစ်တန်ရာသည်။ ဘုရားတွင် ပေ ၈၀ ခန့်မြင့်သော တတိယပစ္စယံပေါ်သို့ ကျားမသည် မိုးမလင်းမီကပင် ရောက်နေဟန်တူသည်။ ထိုအခါက စေတီတော်၏ အထက်ပိုင်းကို ရွှေချရန်၊ ငြမ်းဆင်ထားသဖြင့် ရင်ပြင်မှ ငြမ်းဆီသို့ရောက်ရန် ယာယီဝါးလှေကား ဆောက်ထားသည်။ ဘုရား ဂေါပကလူကြီး ဦးရွှေပိုင်းက ယင်းကိစ္စနှင့်ပတ်သက်၍ နံနက်စောစောတွင် အရေးပိုင်အား တိုင်ကြားခဲ့သည်ကိုထောက်လျှင် မိုးလင်းပြီးနောက် အချိန်အတန်ငယ်အတွင်း၌ ဘုရားဖူးများက ကျားကိုဦးစွာမြင်ကြဟန် တူပါသည်။ အရေးပိုင်က ဘုရားပတ်ဝန်းကျင်ရှိ မြို့စောင့်တပ်မှူးဖြစ်သော ဗိုလ်မှူးကြီးအီးလော့ဖို့(ဒ်) ထံသို့ ကျားကိုပစ်သတ်ရန် စာတစ်စောင် ရေးပေးလိုက်သည်။ ဗိုလ်ကြီးဘဲဗိလ်နှင့် အမြောက်တပ်မှ ဗိုလ်ကြီးဂျင်နင် တို့နှင့်အတူ ဗိုလ်မှူးကြီး လောဖို့ (ဒ)က ဘုရားသို့ သွားကြပါသည်။ ဗိုလ်ကြီးဂျင်နင်က နှစ်လုံးပြူးရိုင်ဖယ်တစ်လက် ယူဆောင်လာသည် ထိုအချိန်၌ ဘုရားပေါ် ရောက်နေသော ဝတ်လုံတော်ရ မစ္စတာ အက်(စ်)၊ အေ၊ ခရစ္စတိုဖာ သည် သေနတ်ဒင် ဆွဲနိုင်သည့် ထပ်ဆင့်ပစ် မော်ဇာပစ္စတိုကို ကိုင်ဆောင်လာပါသည်။

ဘုရားသို့ရောက်သည့်အခါ ဘုရားရင်ပြင်ပေါ်၌ စိတ်လှုပ်ရှားနေသော မြန်မာနှင့် အိန္ဒိယလူမျိုးများ ပြည့်ကျပ်စွာရောက်ရှိနေသည်ကို တွေ့ရသည်။ ကျားမသည် အဆင့်တစ်ခုပေါ်၌ အိပ်နေသဖြင့် ယင်း၏ ကျောကုန်း၊ နောက်ခြေထောက်တစ်ဖက်၊ အမြီးတို့ကိုသာ ရင်ပြင်မှ မြင်နိုင်သည်။ ရင်ပြင်မှနေ၍ ကျားကိုသေနတ်တစ်လက်ဖြင့် ပွဲချင်းပြီးပစ်သတ်ရန် လွယ်ကူမည် မဟုတ်ပေ။ ထို့ကြောင့် ဗိုလ်မှူးကြီး လောဖို့(ဒ်)က ဘုရင့် လီဗာပူ တပ်ရင်းမှ ရိုင်ဖယ်သေနတ်ကိုင်တပ်သား ၁၀ ယောက်ကို သွားခေါ်ရန် ဗိုလ်ကြီး ဘဲဗိလ်အား လွှတ်လိုက်ပါသည်။ အတန်ကြာသည့်အခါ ဗိုလ်ကြီးဘဲဗိလ်သည် တပ်သား (၁၄) ယောက်နှင့်အတူ ရောက်လာပါသည်။ ဗိုလ်မှူးကြီး လောဖို့(ဒ်)သည် တပ်သားများကို ခုနစ်ယောက်စီပါဝင်သည့် အစုနှစ်စုခွဲ၍ အာရုံခံတန်ဆောင်း၏ ဘေးတစ်ဖက်တစ်ချက်တွင် တစ်စုစီနေရာယူစေပါသည်။ ထိုအချိန်တွင် ဗိုလ်ကြီး ဂျင်နင်သည် ကျားကို ကောင်းစွာမြင်နိုင်အောင် အာရုံခံတန်ဆောင်း ခေါင်မိုးပေါ်သို့ တက်ရောက်

www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ထို့နောက် ဗိုလ်မှူးကြီးလောဖို့(ဒ်)က တပ်သားတစ်ဦးအား ကျားမကိုတစ်ပြိုင်တည်းပစ်ရန် အမိန့်ပေးပါသည်။ ယင်းကဲ့သို့ တစ်ပြိုင်တည်း ပစ်လိုက်သဖြင့် ကျားမကခုန်သောအခါ ဗိုလ်ကြီးဂျင်နင်က နှစ်လုံးပြူးရိုင်ဖယ်သေနတ်ဖြင့် ဘယ်ညာနှစ်ချက်ပစ်လိုက်သည်။ သို့သော် ကျားမသည် ချက်ချင်းမသေဘဲ ဒဏ်ရာရသဖြင့် ကုန်းထရန် ရုန်းကန်ရင်းအမြီးလှုပ်ရမ်းနေသည်။ ဗိုလ်မှူးကြီးလော့ဖို့(ဒ)သည် အခြားတပ်သားတစ်ဦးအား တစ်ပြိုင်တည်း ပစ်ခတ်ရန် အမိန့်ပေးပြန်သဖြင့် ပစ်ခတ်လိုက်ရာ ကျားမ ဝပ်ကျသွားသည်။ ဗိုလ်ကြီးဂျင်နင်က နောက်တစ်ချက် ထပ်ပစ်လိုက်ရာ ကျားမသည် မလှုပ်တော့ပေ။ ဗိုလ်ကြီးဂျင်နင်သည် ဝါးလှေကားအတိုင်းတက်၍ ကျားလဲနေရာအဆင့်သို့ ရောက်သောအခါ ကျားမှာ မသေသေးဘဲ ညည်းညူနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျား၏နှလုံးသားဆီသို့ နောက်တစ်ချက် ထပ်မံပစ်ခတ်လိုက်သည်။ ထို့နောက် ကျားကိုအောက်သို့ချလာရာ ရှစ်ပေအလျားရှိသော ကျားမငယ်ဖြစ်ကြောင်း တွေ့ကြရပါသည်။

ပြည်လမ်းမှ ရွှေတိဂုံစေတီရှိရာသို့ ခွဲသွားသောလမ်းအတိုင်း ကျားမသည် စေတီသို့ရောက်အောင် သွားခဲ့ဟန်တူသည်။ ယင်းလမ်းကို ပထမကမ္ဘာစစ်ကြီးဖြစ်ပြီးနောက် ဦးဝိစာရလမ်းဟုခေါ်တွင်သည်အထိ တိုက်ဂါးအယ်လီဟု ခေါ်တွင်ခဲ့သည်။ ရွှေတိဂုံဘုရားကျားတက်ခြင်း အထိမ်းအမှတ်အဖြစ်ဖြင့် ဘုရားရင်ပြင်တော်ပေါ်ရှိ ပြတိုက်နှင့် မျက်နှာချင်းဆိုင်ဘုရား၏ အရှေ့တောင်ထောင့်တွင် ကျားရုပ်ကို ကျား၏နဂိုအရွယ်အတိုင်း သစ်သားဖြင့် ပန်းပုထုထားသည်။ ယင်းကျားရုပ်သည် ဘုရားရင်ပြင်တော်ပေါ်၌ နှစ်ပရိစ္ဆေဒ အတော်ကြာ တည်ရှိခဲ့ပါသည်။ သို့သော် ကာလကြာသောအခါ ယင်းကျားရုပ်သည် ပျက်စီးယိုယွင်းသွားသဖြင့် ဘုရားရင်ပြင်တော်ပေါ်မှ ဖယ်ရှားလိုက်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် နှစ်အနည်းငယ်အတွင်းက ကျားတစ်ကောင်သည် မင်္ဂလာဒုံကန်တော်မင်ဒေသသို့ ဝင်ဖူးသည်။ ယင်းကျားကိုပစ်သတ်ရန် ရဟတ်ယာဉ် အကူအညီဖြင့် လူအတော်များများ လိုက်လံရှာဖွေကြသော်လည်း မတွေ့ပါ။ ကျားလွတ်ထွက်သွားလေသည်။

(ဗိုလ်မှူးကြီးလှအောင်၏ ကြောင်မျိုးရင်းဝင် တိရစ္ဆာန်ကြီးများ စာအုပ်မှ)

ရွှေတိဂုံအနောက်ဘက်မှ ရန်ကုန်မြစ် လက်ဝဲဘက်ကမ်းခြေအထိ ထိုနေရာအားလုံးမှာ အလွန်ထူထပ်သော တောကြီးဖြင့် ဖုံးလွှမ်းထားသည်ဟု HAVELOCK ဆိုသူ၏ memoirs of three compaigns စာအုပ်၌ ရေးသားထားသည်။ ရုပ်ပုံတွင် ဖော်ပြထားသော ခြေသွားလမ်းကလေးမှာ နောင်အခါ ဦးဝိစာရလမ်းဖြစ်လာသည်။

www.burmeseclassic.com

သို့......

အယ်ဒီတာ

ရန်ကုန်ဂေဇက်

လူကြီးမင်းခင်ဗျား

ရွှေတိဂုံစေတီမှကျားမကို ကျွန်ုပ်တို့ သတ်ဖြတ်ခဲ့ပုံနှင့်ပတ်သက်၍ သတင်းစာများ၌ သူတစ်မျိုး ငါတစ်ပုံရေး ကြသည်ကို တွေ့ရပါသည်။ ကျွန်ုပ်မှာ ထိုစဉ်က ကွပ်ကဲခဲ့ရသူဖြစ်၍ ကိုယ်တွေ့အဖြစ်မှန်ကိုတင်ပြပါသည်။ မတ်လ ၂ ရက်နေ့ တနင်းလာနေ့ နံနက် ၈ နာရီ ၁၅ မိနစ်အချိန်ခန့်တွင် ကျွန်ုပ်နှင့် ဗိုလ်ကြီးဘီဘီးလ်တို့သည် မြင်းစီးရာမှပြန် လာခဲ့ကြ၏။ ပဲခူးကလပ်အရောက်တွင် ရွှေတိဂုံစေတီဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် ဦးရွှေဝိန်နှင့်တွေ့၏။ ဦးရွှေဝိန်က ကျွန်ုပ် ကို လက်ထောက်ကော်မစ်ရှင်နာမင်းကြီး မစ္စတာရစ်ထံမှပေးစာကိုပေး၏။ စေတီပေါ်၌ ကျားမတစ်ကောင် ရောက်နေသ ဖြင့် ပစ်သတ်ပေးရန် တောင်းဆိုထားသောစာဖြစ်သည်။ ကျွန်ုပ် ရွှေတိဂုံစေတီရင်ပြင်ပေါ်သို့ရောက်သောအခါ ရင်ပြင် တစ်ခုလုံးတွင် မြန်မာ၊ ကုလားလူမျိုးများ စုရုံးလျက် ဆူဆူညံညံဖြစ်နေသည်ကို တွေ့ရပါသည်။ ကျားကိုမူ ရင်ပြင်မှ ပေ ၁၀၀ အမြင့် ငြမ်းဆင်နေဆဲ အသုံးပြုသော ဝါးလှေကားအောက်တွင်တွေ့ရသည်။ ကျွန်ုပ်သည် ဗိုလ်ကြီးဂျင်းနင်း ကို တန်ဆောင်းပေါ်သို့တက်၍ နေရာယူခိုင်း၏။ ဗိုလ်ကြီးဘီဘီးလ်နှင့် ဘုရင့်လီဘာပူ ခြေလျင်တပ်ရင်းမှ ရိုင်ဖယ်သေ နတ်ကိုင်တပ်သား ၁၀ ဦးကိုလည်းခေါ်ယူခဲ့ရာ သေနတ်ပစ်အဖွဲ့အား နှစ်ဖွဲ့ခွဲလျက် နေရာယူခိုင်းပြီး အမိန့်ပေးလိုက် သည်နှင့်တစ်ပြိုင်နက် သေနတ်ကျည်ဆံများသည် ကျားရှိရာသို့ စုပုံရောက်သွားပါသည်။ ပစ်ခတ်မှုရပ်ရန်အမိန့်ပေးပြီး နောက် ဗိုလ်ကြီးဂျင်းနင်းသည် ကျားကို တက်ရောက်ကြည့်ရှုပါသည်။ ကျားမမှာ မသေသေးဘဲ ငြီးငြူနေရာ နောက် ထပ်ကျည်ဆံတစ်တောင့်ကို ဗိုလ်ကြီးဂျင်းနင်းက ကျား၏နှလုံးသားတွင်းသို့ ပစ်သွင်းလိုက်တော့မှ ငြိမ်သက်သွားပါ တော့သည်။ ကျားသေကို အောက်သို့ယူဆောင်စေ၍ ကြည့်ရှုသောအခါ နှပျို့ထွားကျိုင်းသော ၈ ပေတိတိရှိ ကျားမဖြစ် ကြောင်း ကျွန်ုပ်တွေ့ရပါသည်။

အီးဟောဖွတ် (ဗိုလ်မှူးကြီး)

ရန်ကုန်မြို့။

၁၉၀၃-ခု၊ မတ်လ ၄ ရက်၊



ရွှေတိဂုံစေတီပေါ်သို့ တက်ရောက်ခဲ့သည့် ကျားကို ဗြိတိသျှ တပ်သားများက ပစ်ခတ်ခနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

အနောက်စောင်းတန်းဖွင့်ပွဲကြီး။

ယောက်ျားအာဇာနည် ဘဏ္ဍာတော်ထိန်းအဖွဲ့ ဝတ်လုံတော်ရမင်း ဦးသိမ်းမောင်၏ လုံ့လ ဝီရိယအစွမ်းသတ္တိကြောင့် မြန်မာသက္ကရာဇ် ၁၁၈၇ ခု။ အင်္ဂလိပ်သက္ကရာဇ် ၁၈၂၆ ခုနှစ်ကစ၍ အင်္ဂလိပ်တို့စစ်တပ်အဖြစ်အသုံးပြုသော အနောက်ဘက်မုခ် ကုန်းတော်မြေများကို ခရာဇ်သက္ကရာဇ် ၁၉၂၉ ခု၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် မြန်မာများလက်သို့ ပြန်လည်ရရှိလေသည်။ ထိုအခါ ဆာဦးသွင်နှင့် ဘဏ္ဍာတော်ထိန်းလူကြီးများသည် အစိုးရထံမှပေးအပ်သော သော့နှင့် အနောက်ဘက် သံတံခါးကိုဖွင့်ပြီး အလုပ်သမားများနှင့် ရှင်းလေသည်။ ၄င်းအကြောင်းကို တိုင်းသူပြည်သားတို့ကြားသိရသောအခါ ဗုဒ္ဓဘာသာဟူသမျှ တောရောမြို့ပါ အလွန်ဝမ်းမြောက် ဝမ်းသာကြသဖြင့် ခြေတော်ရင်းသို့လာကြ၍ မြက်ပင်ပေါင်းစသည်တို့ကို ရှင်းလင်းသုတ်သင်ကြလေသည်။ တဖြည်းဖြည်း ရဟန်းရှင်လူတို့ဖြင့် စည်ကားလာလေသည်။ တဲမဏ္ဍပ်ကြီးငယ်များ ဆောက်လုပ်ပြီး ဇာတ်၊ ရုပ်သေး၊ အငြိမ့်သဘင်တို့ဖြင့် နေ့ရောညပါ ဧည့်ခံကျွေးမွေးကြလေသည်။ ဦးနာဂိန္ဒ ကိုယ်တော်လည်း ပေနှစ်ရာပတ်လည် တဲကြီးဆောက်လုပ်သည်။

ပွဲတော်ကြီးအစီအစဉ်

၁၂၉၁ ခု၊ တပေါင်းလဆန်း ၁ ရက်နေ့ကစ၍ ၄ ရက်နေ့ထိ။ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပလေသည်။ တပေါင်းလဆန်း ၄ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီမှစ၍ မဏ္ဍပ်ကြီးတွင် သံဃာတော်လေးထောင်ကျော် သီလပေးပြီး လယ်တီပဏ္ဍိတပညာရှိ ဆရာ ဦးမောင်ကြီးရေးသော မင်္ဂလာသြဘာစာကို ဆာဦးသွင်က ဖတ်ကြားလေသည်။ နေရှင်နယ်ပညာဝန် ဦးစောလှိုင်က ရတုပိုဒ်စုံကို ဖတ်ကြားပြီးသည်နှင့်တပြိုင်နက် ခရုသင်းဖြင့် ကောင်းချီးသြဘာပေးပြီး မင်္ဂလာစည်တော်ရွှန်းသည်။ အမြောက်ပြစ်ဖေါက်သည်။ အမြောက်သံစဲသော်၊ တူရိယာမျိုးစုံတီးမှုတ်လျက် သံဃာတော်တို့စီတန်းကာ အနောက်စောင်းတန်းမှ ကုန်းတော်သို့တက်ပြီးလျှင် စေတီတော်ကြီးကို လက်ျာရစ်ပူဇော်ကြပြီး မဏ္ဍပ်အထဲသို့ဝင်၍ ဆွမ်းဘောဇဉ်လှူဒါန်းသည်တို့ကို ဘုဉ်းပေးကြလေသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ သာသနာတော်ဘက်မှ ရွှင်လမ်းဝမ်းမြောက်သော စောင်းတန်းဖွင့်ပွဲကြီး ပြီးစီးအောင်မြင်လေသတည်း။



...ening Western Stairway March 1932

www.burmeseclassic.com

www.burmeseclassic.com

အနောက်စောင်းတန်း ဖွင့်ပွဲအခမ်းအနား

၁၉၂၉ ခု၊ နိဝင်ဘာလ (၆) ရက်နေ့ကပင်။ ကန်တော်မင် စစ်ဘက်ဆိုင်ရာမှ (သိမ်ကြီးဈေး တန်ဆောင်းနှင့် ကပ်လျက်)။ အနောက်ဘက်တည့်တည့် သံတံခါးယံသော့ကို စာတိုက်မှ ရီဂျစ္စရီဖြင့် ဘဏ္ဍာတော် ပရိဘောဂတိုက်သို့ ရောက်လာသောအခါ ၎င်းနေ့တွင် အမှုဆောင်လူကြီး (ဦးသွင်)က အနောက်ဘက် သံတံခါးယံကိုစတင်ဖွင့်လှစ်သည်။ ၎င်းလ (၇) ရက်နေ့ အုဒ္ဒရိုးတံတိုင်းပါချဲ့၍ တောခြုံများရှင်းလင်းစေသည်။ ၎င်းလ ၈ ရက် တနင်္ဂနွေနေ့ နံနက်တွင် သမိုင်းချုပ်ရေးဆရာ ဆရာသွင် ၎င်းတံခါးယံကိုရောက်လာ၍ ၎င်းသံတံခါးယံနှင့် သစ်သားဘောင်များကို အလုပ်သမားများနှင့်တကွ ချိမဖယ်ရှင်းလေသည်။ မကြာမီ ဘဏ္ဍာတော်ထိန်း လူကြီးမင်း ဦးဘိုးအောင်၊ ဦးသိမ်းမောင်၊ ဦးဘကျော်၊ ဦးသွင်၊ စက္ကရီတေရီ- ဦးဘိုးမြ။ ဦးဘိုးသစ်၊ အင်ဂျင်နီယာ အရေးပိုင် ဦးဘိုးသောင်တို့နှင့် နောက်ပါပရိသတ် အနည်းငယ်တို့လာရောက်ကြ၍ ၎င်းသံတံခါးယံ လမ်းကိုဆင်းသက်ကြပြီးလျှင် ရွှေတိဂုံစေတီတော်ကြီးနှင့် ဦးအောင်ကြီးတန်ဆောင်း၊ သိမ်ကြီးဈေးတန်ဆောင်း၊ ရှေးဟောင်းစောင်းတန်းလှေကားတို့ကို ညီညီညွတ်ညွတ် ရမရ ကြည့်ရှုစီမံကြလေသည်။ ထိုနေ့မှစ၍ ရန်ကုန်မြို့အရှေ့ပိုင်း၊ အနောက်ပိုင်း၊ ပုဇွန်ထောင်စက်ဆန်း၊ ဗိုလ်တထောင်၊ ကြည့်မြင်တိုင်အစရှိသော အနယ်နယ်မှ အသင်းပရိသတ်၊ လူပရိသတ်၊ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် နစ်ထောင်းအားရ လာရောက်ကြပြီးလျှင် တောခြုံများကို ရှင်းလင်းခြင်း၊ မြေများကို ညှိဖို့ခြင်း၊ အကျွံအမွေးများစွာနှင့် တံမဏ္ဍာပ်ကြီးယံများကို ဆောက်လုပ်ကြလျက် အရပ်သား အတီးအမှုတ်၊ မယ်ဒလင်၊ ဗျတ်စောင်း၊ ဟွန်း၊ တယော၊ ဘင်ဂျို အစရှိသည်တို့ကို တီးမှုတ်ကခုန်ကြခြင်း၊ ဇာတ်၊ ရုပ်သေး၊ အငြိမ့် ပွဲလမ်းသဘင်တို့ကို နေ့ရောညဥ့်ပါခင်းကျင်း၍ အောင်ပွဲမင်္ဂလာ အခါနေ့ရက်ကြီးကို မျှော်လင့်စောင့်စားလျက်ရှိလေ၏။

ထို့နောက် သက္ကရာဇ် ၂၉၁ ခု၊ တပေါင်းလဆန်း ၄ ရက်။ (၁၉၃၀ ပြည့်၊ မတ်လ ၂ ရက်) တနင်္ဂနွေနေ့၌၊ ဘဏ္ဍာတော်ထိန်းလူကြီး ၉ ဦးတို့က အမှူးပြု၍ သံဃာတော် လေးထောင်ကျော်ကို ပင့်ဖိတ်ပြီးလျှင် မဲစာရေးတန်ကျ ဆွမ်းဒါန အလှူအတန်းပြုလုပ်၍ ရွှေတိဂုံစေတီတော်ကြီး အနောက်ဘက်စောင်းတန်းဖွင့်ပွဲပြုလုပ်လိမ့်မည်။ ထိုပွဲ၌ အသင်းများက ဇာတ်လမ်းအခမ်းအနားဖြင့် ဗုဒ္ဓပူဇာရဟ ပြုလိုသူတို့သည် ပရိဘောဂတိုက်သို့ စာတင်သွင်းနိုင်ကြောင်းဟု သတင်းစာတွင်ထည့်သွင်းလိုက်သောအခါ အသင်းပေါင်းတို့က မိမိတို့ပြုလုပ်မည့်အခမ်းအနားကို စာတင်သွင်းခြင်းဖြင့် မြန်မာနိုင်ငံအလုံး ဝမ်းမြောက်ဝမ်းသာဖြင့် လာရောက်ကြလေ၏။

ထိုပွဲတော်ကြီး၏ အစီအစဉ်မှာ ၁၂၉၁ ခု၊ တပေါင်းလဆန်း ၁ ရက်နေ့ကစသည်။ ထိုနေ့ကစ၍ ဆရာသွင် သမိုင်းချုပ် စည်တော်က ပြည်ကျော်အောင်ရွှမ်းသည်။ ၎င်း (၄) ရက်၊ နံနက် (၈) နာရီမှစ၍ ဘဏ္ဍာတော်ထိန်းလူကြီးမင်းတို့ဆောက်လုပ်ထားသော ရတနာမဏ္ဍာပ်ကြီးအတွင်းတွင် သံဃာတော်လေးထောင်ကျော်တို့ထံ၌ သီလခံယူပြီးလျှင် ပရိတ်တရားနာကြားကြပြီးသော် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေးသားသော မင်္ဂလာသြဘာစာကို ဘဏ္ဍာတော်ထိန်းအဖွဲ့ အထူးအမှုဆောင်လူကြီး သူဌေးဦးသွင်က ဖတ်ကြားသည်။ ရတုပိုဒ်စုံကို နေရှင်နယ်လ်ပညာဝန်မင်း ဦးစောလှိုင်က ဖတ်ကြားပြီးသည်နှင့်တစ်ပြိုင်နက် ခရာသင်းမှုတ်လိုက်သောအခါ ဆရာသွင်၏ သမိုင်းချုပ် မင်္ဂလာစည်တော်နှင့် မဟာဗောဓိ မင်္ဂလာစည်တော်တို့က ဆော်ရွှမ်းသည်။ ၎င်းနောက် သေနတ်အမြောက်ပစ်ဖေါက်ညီညာ တူရိယာအမျိုးမျိုးတို့ကိုတီးမှုတ်၍ ထိုမဏ္ဍာပ်တော်ကြီးမှ သံဃာတော် လေးထောင်ကျော်တို့သည် စီတန်းကာ အနောက်စောင်းတန်းမှ ကုန်းတော်ပေါ်သို့တက်ပြီးလျှင် စေတီတော်ကြီးကို လက်ျာရစ်ပူဇော်ခြင်း၊ လူပရိသတ်အပေါင်းတို့ကလည်း မိမိတို့စီမံထားသောဇာတ်ခန်းအမျိုးမျိုးတို့ကိုခင်းကျင်း၍ တူရိယာအမျိုးမျိုးတို့ဖြင့်တီးမှုတ်ခါလှည့်လည်ပူဇော်ကြလေသည်။ ဆောက်လုပ်ထားသော မဏ္ဍာပ်ပေါင်း ၁၃၀ ကျော်တို့မှ အသင်းပေါင်းနှင့် ဒါယကာ ဒါယိကာမတို့သည် မဲစာရေးတန်ကျ မိမိတို့တတ်နိုင်သမျှ သံဃာတစ်ရာစီ၊ ငါးဆယ်စီ၊ နှစ်ဆယ့်ငါးပါးစီ အသီးသီးပင့်ယူကြ၍ ဆွမ်းဘောဇဉ် ချိုချဉ်ရသာအဖြာဖြာနှင့် အမျိုးမျိုးသောလှူဘွယ်တို့ကို လှူဒါန်းဆက်ကပ် ကျွေးမွေးကြလေသည်။

ထိုအနောက်ဘက် စောင်းတန်းဖွင့်ပွဲကြီးကို အထူးစီမံအုပ်ချုပ်ပြုလုပ်သော သူဌေးဦးသွင်သည် ဝတ်လုံတော်ရ ဦးသိမ်းမောင်၊ ဦးဘကျော်၊ ဦးမြင့်တို့နှင့် တိုင်ပင်၍ပြုလုပ်သောကြောင့် ရဟန်းပရိသတ်၊ လူပရိသတ်တို့သည် အလွန်စည်ကားပြည့်နက်လျက်။ အလိုရှိသောပူဇော်ခြင်းနှင့်တကွ ကုသိုလ်ဒါနအပေါင်းတို့ကို နစ်ထောင်းအားရ အောင်မြင်ပြီးမြောက်ရသည်ဟု ဘဏ္ဍာတော်ထိန်း လူကြီးမင်းများနှင့်တကွ သူဌေးဦးသွင်၊ ဝတ်လုံတော်ရ ဦးသိမ်းမောင်တို့အားရှည်လျားစွာ ရတနာသုံးပါးကိုစွကို ဆောင်ရွက်တော်မူနိုင်ပါစေသတည်းဟု ဆုတောင်းမင်္ဂလာပြုကြလေသည်။ ဦးသိမ်းမောင် အမ်မ, အေ၊ အလ်, အလ်, ဘီ, ဝတ်လုံတော်ရ ရှေ့နေကြီးသည် သက္ကရာဇ် ၁၂၈၁ ခု၊ တော်သလင်းလဆုတ် (၁၀) ရက်။ (၁၉၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်၊ ကြာသပတေးနေ့မှစ၍ ရွှေတိဂုံစေတီတော်ကြီး ဘဏ္ဍာတော်ထိန်းအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့မှစ၍ အခြားဘဏ္ဍာတော်ထိန်း လူကြီးများနှင့် တိုင်ပင်၍ (၁) ကုန်းတော်အရှေ့ဘက် စောင်းတန်း အဆုံး ကျုံးကူးတံတားမှဆက်၍ အရှေ့ဘက် ဘုရားမြေနယ်နမိတ်အထိ ဆောက်လုပ်ခွင့်ကိုင်း (၂) မြောက်ဘက် စောင်းတန်းကိုလည်း မူလစောင်းတန်းအဆုံး၊ ကျုံးကူးတံတားမှစ၍ သွေးဆေးကန်ဘေးကလမ်းအထိ ဆောက်လုပ်ခွင့် ကိုင်း၊ (၃) တောင်ဘက်စောင်းတန်းတွင် မူလက ကျုံးကူးတံတားပေါ်နှင့် တာဝတိံသာပေါင်းကူးတွင် အဆက်ပြတ်၍ နေသည်ကို ဆက်၍ဆောက်ရန် အခွင့်ကိုင်း၊ (၄) တောင်ဘက်စောင်းတန်းထိပ်ဆုံး ကျောက်လှေခါးပေါ်တွင် တန် ဆောင်းဆောက်ရန် အခွင့်ကိုင်း၊ (၅) ကုန်းတော်အလယ်ထပ်နှင့် အရှေ့ဘက် စောင်းတန်းဘေးတွင် ဇရပ်များဆောက် လုပ်ရန် အခွင့်ကိုင်း အခြားဘဏ္ဍာတော်ထိန်းများနှင့် တိုင်ပင်ကြိုးစား၍ ရယူခဲ့လေသည်။

ထိုပုဂ္ဂိုလ်ကြီးပါဝင်သော မြူနီစပါယ်အဖွဲ့မှလည်း အခြားလူကြီးများနှင့် တိုင်ပင်ညီညွတ်၍ အရှေ့ဘက်စောင်း တန်းအဆင်း ကြားတောရလမ်းကိုပြင်ခြင်း၊ ဓါတ်မီးထွန်းခြင်း၊ ဗဟန်းဈေးဆောက်လုပ်ခြင်း၊ ကုန်းတော်ရင်ပြင်ကွင် မြူနီစပယ်ရေကန်မှ ရေကိုရစေခြင်း စသောကိစ္စများကို ပြီးမြောက်စေခဲ့သည့်အပြင်။ ကုန်းတော်ကိုပတ်သောလမ်းကို ပြင်ရန်နှင့် ဓါတ်မီးထွန်းရန် စီမံပြီးဖြစ်လေသည်ဟု ကြားရလေသည်။ ထိုမှတစ်ပါး ထိုပုဂ္ဂိုလ်ကြီးပါဝင်သော ဘဏ္ဍာ တော်ထိန်းအဖွဲ့နှင့်၄င်း၊ နိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့နှင့်၎င်း၊ တိုင်းပြည်ရေးရာ အသင်းခေါင်းဆောင်များနှင့်၄င်း၊ တိုင်ပင်ညီညွတ်၍၊ ရွှေတိဂုံကုန်းတော်နှင့် ဗိုလ်တထောင်ဘုရားရင်ပြင်တော်မှ အင်္ဂလိပ်သချိုင်းများကို ပြောင်းရွှေ့စေရန် ၄င်း၊ ရွှေတိဂုံကုန်းတော်မှ ခံတပ်ကိုပြောင်းရွှေ့စေပြီး တောင်တော်နောက်ဘက်တဝှမ်းကို ဘဏ္ဍာတော်ထိန်းအဖွဲ့သို့ လွတ်လွတ်လပ်လပ် အပ်ပေးစေရန်၄င်း၊ ဘုရားမြေဂရံဟောင်းတွင်ပါရှိသော စည်းကမ်းအချက်များကို ပယ်ဖျက်စေရန် ၄င်း၊ ဘဏ္ဍာတော်ထိန်းအဖွဲ့လူကြီးများနှင့် ကြံဆောင်ကြိုးစားသည့်အတိုင်း ထမြောက်အောင်မြင်ခဲ့ပါပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘဏ္ဍာတော်ဆိန်း-၉ တိုင်း၊၉ ဌာနမဟာဗောဓိဒါယကာ
(ဦးသွင်ပို)။

သက္ကရာဇ်-၁၂၄၀-ပြည့်ဘွား၊ ၁၂၈၂-ခုနှစ်ဘွင်။ ဘဏ္ဍာတော်ထိန်းအဘွဲ့သို့ရောက်၍၁၂၈၅-ခုနှစ်တွင်မဟာဗောဓိအသင်းတည်ထောင်ပြီး။ ကဆုန်လပြည့်ဘိုင်း။ ပြည်သူတို့ အတွက် ကြီးကျယ်စွာ ညောင်ရေသွန်းခဲ့တောင်းခြင်း။၁၂၈၅-ခုနှစ်ကစ၍။ဦးဘကျော်နှင့်တကွ။ ဘုရားဓါတ်မီးစက်ကြီး ဖြစ်ရန်စီမံခြင်း။ကုန်းတော်နှင့်ဆိုင်ရာစည်းစံနစ်ကျအောင်စီမံခြင်းကြောင့်တနိုင်ငံလုံးက၊ဩဘာပေးကြလေသည်။၁၂၉၁-ခုတပေါင်းလဆန်း၂-ရက်တနင်္ဂနွေနေ့ည။ (ယခုစောင်းတန်း၊ဖွင့်ပွဲအထူးအကျိုးဆောင်ပုဂ္ဂိုလ်ကြီးတဦးဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားစရာအနောက်ဘက်စောင်းတန်း ဒါယိကာမ အနောက်နန်းမတော်မမြလေး၏ဘဝနှင့် အသက်သေဆုံးခါနီးအချိန်မှာသွားသောစကားအချို့

ဟင်္သာတမြို့အောက်ရွာကလေးသည်ကားဆိုလျှင် ရွှေဘိုမင်းတရားကြီး၏ အလွန်မြတ်နိုးကြင်နာတော်မူသော အနောက်နန်းမတော်မမြလေး၏ ဖွားရာဇာတိဖြစ်လေသည်။ မမြလေး ငယ်မည်မယ်မြသည် ၁၁၇၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ရက်၊ နေတက်တွင် ဖွားမြင်လေသည်။ မယ်တော်ဖြစ်သူမယ်အိမှာ မွန်မင်းရာဇဓိရာဇ်အနွယ်တော်မှ ဆင်းသက်ပေါက်ဖွားသူဖြစ်သည်။ ခမည်းတော်မှာ ရေကင်းမြို့ ဇာတိဖြစ်၍ ငယ်မည်ဦးပြန်ချီခေါ် မင်းပြန်ချီဖြစ်သည်။ မယ်မြအားမွေးဖွားလျှင် အိမ်ရှေ့မှ မီးထပေါက်သည်။ မည်သည်က တောက်သည်မသိကြ။ လူအများငြိမ်းသတ်ကြသည်။ ၎င်းအကြောင်းကို ပညာရှိများက မီးတောက်မီးလျှံဖြစ်၍ ကောင်းစားမည့်နိမိတ်ဟု ဖတ်ကြားလေသည်။ ပင်္ဂိသန္ဓေရှိစဉ်ကလည်း အိပ်မက်ကောင်းများမြင်မက်သည်ဟု ပြောကြလေသည်။

ဗေဒင်ဟောခြင်း

တစ်နေ့သောအခါ အထက်အညာမှ ဖောင်သူကြီးတစ်ယောက်သည် ရွာဘက်သို့ တက်ရောက်လည်ပတ်ရာ မယ်မြနေအိမ် ခလောက်ဆွဲသို့ မယ်မြကို မြင်လျှင်မြင်ချင်းအမည်ကိုမေး၍ နဖူးရေ၊ ဒူးရေ လက္ခဏာကိုကြည့်၍ အမှန်မင်းကေရာဇ်သိမ်းပိုက်ခြင်းခံရ၍ အထွတ်အမြတ်သို့ရောက်လိမ့်မည်။ ကျွန်ုပ်အားလည်းမမေ့ပါနှင့်ဟုပြောလေသည်။

မယ်မြ၏ ရုပ်ဂုဏ်ရည်

မယ်မြသည် အချိန်တန်အရွယ်ရောက်လျှင် မိန်းမမြတ်တို့ကြန်အင်ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံခြင်း၊ လုံးရပ်သဏ္ဌာန်မှာလည်း လှပယဉ်ကျေးသိမ်မွေ့ပြေပြစ်ရှုချင်ဖွယ်ကောင်းလှလေသည်။ ပန်းသတင်းလေညှင်းဆောင်၊ လူ့သတင်း လူချင်းဆောင်ဟူသည်နှင့်အညီမင်းရွှေနားတော်တိုင် ကျော်ကြားလေသည်။ ဖလ်နန်းရှင်မင်းတရားကြီး၏ညီတော် ရွှေဘိုမင်းသည် ၁၁၈၇ ခုနှစ် ရန္တပိုစာချုပ် ချုပ်ဆိုပြီးငြိမ်းသောအခါ အောက်မြို့ကျေးရွာသို့ ဖောင်တော်နှင့် စုန်ဆင်းတော်မူရာ ခနဖြူမြို့၌ ခေတ္တစံတော်မူပြီး မယ်မြအကြောင်းရွှေနားတော်ကြားစုံစမ်း၍ သံတော်ဦးတင်ရန် အိမ်တော်ဝန်နေမျိုးဗန္ဓုကျော်ထင်နော်ရထာ၊ အတွင်းဝန်သေီဟစည်သူတို့အား စေလွှတ်တော်မူရာ ကျော်ကြားသလောက်ချောလှကြောင်း၊ မင်းနှင့်သာထိုက်တန်ကြောင်း၊ အလုံးစုံသံတော်ဦးတင်လေလျှင် ဟင်္သာတမြို့သူကြီးဦးရွှေလူထံ ဘုရင်ကောက်မည့်အကြောင်း တမုဟုတ်ချင်း ဟင်္သာတမြို့၌ ကျော်ကြားလေရာ မယ်မြတို့အား ခေါ်သူပြောသူများပြားလေသည်။ ၁၁၈၇ ခုနှစ်၊ တန်ခူးလဆန်းတွင် မယ်မြအား အတွင်းဝန်များကြပ်မတ်၍ ရွှေလှေ၊ ရွှေလောင်းတူရိယာများဖြင့်ဆောင်စေ၍ သိမ်းပိုက်တော်မူသတည်း။ ရွှေဘိုမင်းသည် မယ်မြအား အလွန်မြတ်နိုးတော်မူ၍မြရတနာလေး လက်တော်ဝယ် ဆင်မြန်းရသည်။ မယ်မြအမည်တော်မှ မမြကလေးအမည်တော်ပြောင်းပြီး ရွှေလောင်းတိုက်ကို သနားတော်မူ၍ ရွှေလောင်းတိုက်သခင် မမြလေးဟု အမည်တော်တွင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံနှင့် မီးလောင်ကျွမ်းမှု

၁၂၈၂ ခု၊ တပေါင်းလဆုတ် ၄ ရက် ၃ နာရီအချိန်၊ ကျွန်ုပ်သမိုင်းချုပ်ရေးဆရာ (ဆရာသွင်) ကုန်းတော်ပေါ်မှာရှိစဉ် အနောက်ဘက်အမိုက်ပုံမှ မီးစ၍ ဦးနာဂိန္ဒ တံပလ္လာပ်ကြီးကို မီးလောင်လေသည်။ ထိုအခါ ဘဏ္ဍာတော်အဖွဲ့ဝင် ဦးမြစ်လည်းရှိနေသဖြင့် ဦးမြစ် စက္ကရီတေရီ ဦးဘိုးပြ အမှုထမ်းများနှင့် ကျွန်ုပ်တို့ ပြေးလွှားကူညီနေစဉ် ဦးနာဂိန္ဒ မဏ္ဍပ်မှ ထန်းပင်များလောင်လျက် အောက်မီး၊ အထက်မီးပေါင်းကူးကာ (၁) သိမ်ကြီးဈေး ၂ ပြားတန်ဆောင်းကြီးအထက် ပန်းထောင်ကြားတွင် မီးနိုး မီးရောင်ပြင်သဖြင့် ၎င်းတန်ဆောင်းပါတက်၍ သတ်နေကြစဉ်၊ ၎င်းမှ မီးလုံးကြီးလာပြီး။ (၂) ဦးအောင်ကြီးတန်ဆောင်းကိုဖွဲ့လောင်လျက်။ (၃) ဒေါ်မွှားသစ် ယွန်းတန်ဆောင်း (၄) ဒေါ်မွှားကြေးပြဿဒ် တန်ဆောင်း (၅) ကိုဇဖောင် သစ်သားတန်ဆောင်း (၆) ဒေါ်ဆွဲမိဘုရားကျောင်း တိုတန်ဆောင်းတို့မှ မီးအလျှံမီးပွားတို့သည် စေတီတော်ကြီးခေါင်းလောင်းပုံတွင် ရွှေသကန်းကပ်ရန်။ ငြမ်းဆင်၍ ဖျာကြမ်းတွေအုပ်ထားသည်ကို မီးဆွဲလောင်ပြီး၊ အနောက်ဘက်မှ လေဟုန်ခတ်လျက် အရှေ့ဘက် (၇) ဦးနဒွန်းမှန်ဦးတန်ဆောင်းကို ဖွဲ့ငြိတောက်လောင်စဉ်၊ ရဟန်းရှင်လူ ကူညီငြိမ်းသတ်ကြခြင်း၊ မြူနီစပါယ်ရေစက် ရောက်လာကူညီကြလျက်ပင်။ (၈) ဒေါ်လှဗျော် တန်ဆောင်း (၉) ဦးအောင်မျှင်၏ တနင်္ဂနွေတန်ဆောင်း (၁၀) ဒေါ်ဗုတ်ဆုန်တန်ဆောင်း (၁၁) ဦးဝိဇ္ဇာတန်ဆောင်း (၁၂) ဆာဘိုးသာတန်ဆောင်း (၁၃) ဒေါ်ဆွဲမိဘုရားကျောင်း (၁၄) ဦးဘိုးခိုင် အရှေ့ဘက် အထက်မှန်ဦးဇောင်းတန်း (၁၅) ဦးရွှေလာ ဇောင်းတန်း (၁၆) ဦးရွှေတုတ်ဇောင်းတန်း (၁၇) (၁၈) ဦးဝိဇ္ဇာဇောင်းတန်း ၂ ဆောင် (၁၉) ကညင်ကုန်း ဦးဘိုးစိုး ဇောင်းတန်း။ (၂၀) ဒေါ်နှင်းပွင့်ဇောင်းတန်း။ အရှေ့ဘက်ကျုံးကူးတံတား ဇောင်းတန်းရောက်မှ မီးကို နိုင်ကြရလေသည်။ အရှေ့ဘက် အလည်ထပ်တွင်လည်း (၂၁) တလိုင်းကျောက်စာတန်ဆောင်း၊ (၂၂) ဦးသာဓံဇရပ်၊ (၂၃) ဦးဘိုးရင်ဇရပ်၊ အဆောက်အဦပေါင်း ၂၃ ဆောင်နှင့် ရင်ပြင်တော်ရှိ တန်ခွန်တိုင်များပါ လောင်ကျွမ်းပျက်စီးကြသောကြောင့် ရဟန်းရှင်လူ မြို့သူမြို့သားတို့သည် ရင်တီးလက်ခတ် စုတ်သတ်ငိုကြွေးပူဆွေးကြရလေသည်။

သို့ရာတွင် ထိုမီးဟုန်မှုမက တစ်စတစ်စကြီးပွားတိုးတက်လာသော ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ စေတနာ အဟုန်ကြောင့် ဝိသုကြံနတ် မင်းပြုဖန်ဆင်းသကဲ့သို့ ဝင်းဝင်းထိန်ညီး တန်ဆောင်းကြီး တန်ဆောင်းငယ် အသွယ်သွယ် အထပ်ထပ်မပြတ်အောင် ဆောက်လုပ်ကြပြန်လေသည်။

သိင်္ဂုတ္တရကုန်းတော် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စိန်ဖူး ငှက်မြတ်နား ဆပ်သွားဖူး ဒညင်းလုံး ဗိန္ဓုတိုင်တို့ကို အဟောင်းဖယ်၍ အသစ်ပြုလုပ်ကြရာ ဘဏ္ဍာတော်ထိန်းအဖွဲ့ အမှုဆောင် လူကြီးဦးဘကျော်အလှည့်သို့ ကျသဖြင့် နေ့ညမပြတ် စောင့်ကြပ်ကြည့်ရှု ဂရုစိုက်လေသည်။

ထိုနှစ်တွင် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် ငါးထပ်ကြီးဘုရား ဒါယကာ ဦးဘိုးအောင် သေဆုံးသဖြင့် မြို့သူမြို့သား အကြိုက်ရွေးချယ်၍ ဦးဘိုးဇောကို တင်မြှောက်ကြလေသည်။ စက္ကရီတေရီ ဦးဘိုးပြလည်း အလုပ်မှထွက်သည်။ ၁၂၈၅ ခုနှစ်တွင် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် ဆာဘိုးသာ သေဆုံးသဖြင့် အထက်နည်းတူရွေးချယ်၍ ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီသူဌေး ဦးညွန့်ကို တင်မြှောက်ကြလေသည်။ ၁၂၈၇ ခုနှစ် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် ဦးနေဒွန်းသေဆုံးသဖြင့် အထက်နည်းတူရွေးချယ်၍ ဝတ်လုံတော်ရ ရှေ့နေကြီး ဦးဘစိကို တင်မြှောက်ကြလေသည်။

မီးလောင်ခံရ၍ ဆုံးရှုံးငွေ

အနောက်ဖက်ဇောင်းတန်းများ

၁။	နှစ်ပြားတန်ဆောင်း	၅၀၀၀ဝိ
၂။	ဦးအောင်ကြီးမှန်ဦးအာရုံခံ	၁၂၀၀၀ဝိ
၃။	ဒေါ်မွှား ကြေးပြဿဒ်	၁၅၀၀၀ဝိ
၄။	ဒေါ်မွှားသစ်ယွန်းတန်ဆောင်း	၆၀၀၀ဝိ
၅။	ဦးအေးမောင်တန်ဆောင်း	၅၀၀၀ဝိ

အလယ်ထပ်ဇရပ်များ

၁။	ဦးဘိုးသင်ဇရပ်	၃၀၀ဝိ
၂။	ဦးသာဓံ ။	၃၀၀ဝိ
၃။	မွန်ကျောက်စာထားရာဇရပ်	၃၀၀ဝိ

www.burmeseclassic.com

www.burmeseclassic.com

ကုန်းတော် အနောက်ဘက်တန်ဆောင်းများ မီးခြင်း။

အနောက်ဘက်စောင်းတန်းဖွင့်ပွဲတော်ကြီးပြီး၍ အချို့သောသူတို့သည် မဏ္ဍပ်ကို လှူကြသည်။ အချို့က ဖျက်ယူသွားကြသည်။ ဦးနာဂိန္ဒကိုယ်တော်မဏ္ဍပ်ကြီးကား မဖျက်ဘဲနေလေ၏။ ၁၂၉၂ ခု၊ တပေါင်းလဆုတ် ၄ ရက် နေ့ ညနေအချိန် အနောက်ဘက် အမှိုက်ပုံမှစ၍ မီးလောင်ပြီး ဦးနာဂိန္ဒတဲကြီးကိုမီးကူးပြီး တန်ဆောင်းများကို လောင်ကျွမ်းလေ၏။ မီးမှာကြီး၍ တစ်မြို့လုံးမှမြင်ရပြီး ဗုဒ္ဓဘာသာမြန်မာများ ပြေးလွှားလာကြလေ၏။ ရန်ကုန်မြို့ရှိ မီးသတ်စက်များ လာရောက်ကြလေ၏။ မြန်မာလူရွယ် လူငယ်တို့သည် ကူညီ၍ ရေပိုက်လုံးကြီးများကို ကုန်းတော်ပေါ်သို့ ထမ်းတင်ကြလေ၏။ စာရေးသူကိုယ်တိုင်လည်း ဝင်၍ ပိုက်လုံးကိုထမ်းသည်။ မြန်မာသူငယ်များ ပိုက်ကိုင်ရာ၌ ဖြတ်လပ်ပေါ့ပါး၍ မီးသတ်ဗိုလ် ချီးမွမ်းခြင်းခံရသည်။

အရှေ့ဘက်စောင်းတန်းများ

၁။	ဦးဖိုးခိုင်စောင်းတန်း	၁၅၀၀၀ိ
၂။	ဦးရွှေလာ ။	၂၀၀၀၀ိ
၃။	ဦးရွှေတုတ် ။	၂၀၀၀၀ိ
၄။	ဦးဖိုးစို ။	၂၀၀၀၀ိ
၅။	ဒေါ်နှင်းပွင့် ။	၂၀၀၀၀ိ
၆။	ဦးဝိစ္စာ ။	၂၀၀၀၀ိ
		၄၀၀၀၀ိ

www.burmeseclassic.com

www.burmeseclassic.com

ဘုရားကြီး၏အနောက်ဘက် စောင်းတန်းမြင်ကွင်း တည်ဆောက်ပြီးစ

စေတီတော်ကြီး၏ အနောက်စောင်းတန်းဖွင့်ပွဲနှင့် အနောက်ဖက်တန်ဆောင်းများမီးလောင်ခြင်း

(၁၈၅၆) ခုနှစ်မှစ၍ အင်္ဂလိပ်အစိုးရက အင်္ဂလိပ်စစ်တပ်အဖြစ်အသုံးပြုသော အနောက်မုခ် ကုန်းတော်မြေကို ဒေါက်တာသိန်းမောင် အမှူးပြုသော ပုဂ္ဂိုလ်ကြီးများ၏ကြိုးပမ်းမှုကြောင့် ၁၉၂၉ ခု နိုဝင်ဘာလ ၆ ရက်နေ့၌ မြန်မာများ လက်အပ်နှင်းသည်။ ဂေါပကလူကြီးများနှင့် ဗုဒ္ဓဘာသာဝင် ပြည်သူလူထုအပေါင်းသည် ဝမ်းပမ်းတသာဖြင့် အနောက် ဖက် တောချုံပိတ်ပေါင်းတို့ကို ခုတ်ထွင်ရှင်းလင်းကြသည်။ မဏ္ဍပ်များဆောက်လုပ်ပြီး ပွဲလမ်းသဘင်တို့ဖြင့် ကူညီကြ သူအပေါင်းအားဧည့်ခံကျွေးမွေးရာ အလွန်စည်းကားသိုက်မြိုက်လှ၏။ သူဌေးကြီးဆာဦးသွင်ကလည်း သဒ္ဒါတရားထက် သန်စွာကူညီသည်။ ၁၂၉၁ ခု တပေါင်းလဆန်း ၁ ရက်မှ ၄ ရက်အထိ စောင်းတန်းဖွင့်ပွဲ ကျင်းပသည်။ သံဃာတော် ၄၀၀၀ ကျော်ကို ဆွမ်းဘောဇဉ်များ ဆပ်ကပ်လှူဒါန်းသည်။ အနောက်စောင်းတန်းဖွင့်ပွဲပြီး၍ မကြာမီ (၁၂၉၂) ခု တပေါင်းလဆုတ် ၄ ရက်နေ့ ညနေအချိန် အမှိုက်ပုံကစ၍ မီးကူးပြီး တန်ဆောင်းများ စောင်းတန်းများ မီးလောင် ကျွမ်းလေသည်။

အနောက်စောင်းတန်းကို မမြလေးလှူဒါန်းခြင်းဖြစ်သည်။ မမြလေး၏ဘဝမှာ ရင်နာစရာကောင်းလှပါသည်။

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီးအတွင်း

ခရစ်နှစ် ၁၉၄၂ ခုတွင် မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်ကြီး ကူးစက်လာသောအခါ အင်္ဂလိပ်အစိုးရသည်မြန်မာပြည်မှ အနောက်ဘက်သို့ ဆုတ်ခွါရသည်။ အရှေ့ဘက်မှနေ၍ မြန်မာမျိုးချစ်လူငယ်များသည် ဂျပန်တပ်ဦးနှင့်အတူ လွတ်လပ်ရေး တပ်မတော်ဖွဲ့၍ ဝင်လာကြသည်။ ထိုအချိန်တွင် ရန်ကုန်မြို့ကို ဂျပန်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ကြသည်။

ဂျပန်တပ်များသည် မြန်မာပြည်တွင်းသို့ လုံးလုံးရောက်ရှိသောအခါ မြို့သူမြို့သားအများအပြားသည် စေတီတော်ကြီး၏ အရိပ်အာဝါသ၌ စစ်ဒဏ်မှလွတ်ရာလွတ်ကြောင်း ခိုလှုံရပြန်သည်။ ထိုအချိန်တွင် ဘုရားကုန်းတော်ပေါ်ရှိ ဇရပ်များနှင့်တကွ ကုန်းတော်ကြီး၏ အရှေ့ဘက်နှင့်မြောက်ဘက်များဖြစ်သော ဗဟန်း၊ရွှေဂုံတိုင်၊ ကန်တော်ကြီးစောင်းတို့တွင် လူနေစည်ကား လှသည်။ ကုန်းတော်ပေါ်၌ အစိုးရဌာနအချို့ကို ဖွင့်လှစ်လုပ်ကိုင်သည်။

ခရစ်နှစ် ၁၉၄၂ ခု ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဂျပန်စစ်သေနာပတိနှင့် မြန်မာဝန်ကြီးချုပ်တို့သည် ရွှေတိဂုံကုန်းတော် ပေါ်သို့ တက်ရောက်ဖူးမြော်သည်။ စစ်ပွဲနှစ်ပတ်လည်အဖြစ် သံဃာတော်အပေါင်း ၇၀၀ ကို ဆွမ်းကပ်လှူဒါန်းသည်။ ခရစ်နှစ် ၁၉၄၃ ခုဩဂုတ်လ(၁)ရက်နေ့တွင် စစ်အတွင်းဂျပန်အစိုးပေးသော လွတ်လပ်ရေးကိုရရှိပြီးနောက် မြန်မာနိုင်ငံအစိုးရ၏ အကြီးအကဲဖြစ်သော နိုင်ငံတော်အဓိပတိနှင့် အစိုးရအဖွဲ့ဝင်များ ဘုရားဖူးတက်ရောက်လေသည်။

ရွှေတိဂုံစေတီတော်အား စစ်ဘေးနှင့် ကင်းဝေးအောင်စီစဉ်ခဲ့ကြခြင်း

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခါနီး ၁၉၄၄ခုနှစ် နှောင်းပိုင်းသို့ရောက်သောအခါ အင်္ဂလိပ်အမေရိကန်တို့၏ မဟာမိတ် လေတပ်များက ရန်ကုန်မြို့သို့ နေ့စဉ်မပြတ်ဆိုရသိအလား ဗုံးများလာရောက်ကြဲချကြသည်။ ဂျပန်တို့သည် မဟာမိတ်တို့၏ ထိုးစစ်ကိုမခံနိုင်တော့ဟု ထိုအချိန်က မြန်မာနိုင်ငံအစိုးရသည် သဘောပေါက်လာသဖြင့် ဂျပန်တို့က စစ်ဆုတ်လျှင်ဆုတ်၊ မဆုတ်ဘဲ အကြိတ်အနယ် အသေအလဲခုခံလျှင် ရန်ကုန်မြို့ကြီးနှင့်တကွ ရွှေတိဂုံစေတီကြီးပါ ထိပါးခံရတော့မည်ကို စိုးရိမ် လာကြသည်။ ထို့ကြောင့် ဂျပန်စစ်သေနာပတိအား ရန်ကုန်မြို့ကြီးကို ဘေးရန်မှကာကွယ်ပေးပါရန် အထူးသဖြင့်၊ ရွှေတိဂုံ စေတီတော်ကြီးကို ဘေးရန်ကင်းဝေးစေလိုကြောင်း အရေးဆိုခဲ့ကြသည်။

၁၉၄၄ခုနှစ် စက်တင်ဘာလ၌ မြန်မာအစိုးရဖက်မှ ဂျပန်စစ်သေနာပတိထံ အကြိမ်ကြိမ်သွားရောက်ကြရာတွင် အထူးသဖြင့် ဦးထွန်းအောင်နှင့် ဦးသိမ်းမောင်တို့ ပါကြလေသည်။ ဂျပန်စစ်ဘက်က ပထမတွင် မြန်မ[illegible]၏အရေးဆိုချက်ကို စာနာလိုက်လျောလိုခြင်းမရှိကြပေ။ စစ်ကြီးဟူ၍ဖြစ်လာလျှင် လူ၏အသက်စည်းစိမ် အိုးအိမ်အများနှင့် ယဉ်ကျေးမှုအ ဆောက်အအုံများကိုပါ ငဲ့ကွက်ညှာတာရရိုးထုံးစံမရှိ။ ထို့ကြောင့် ရွှေတိဂုံစေတီတော်ကိုလည်းကောင်း၊ ရန်ကုန်မြို့အကြောင်း ကိုလည်းကောင်း ထည့်သွင်းစဉ်းစားမနေနိုင်ပါဟု ဆိုကြသည်။

ဂျပန်ပြည်မှ ပြန်ရောက်ရှိလာသော မြန်မာနိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်သည် ၁၉၄၅ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့တွင် စစ်အောင်နိုင်ရေးအတွက် ရွှေတိဂုံစေတီကို တက်ရောက်ဖူးမြော်ရင်း ဆုတောင်းသည်။ ဒေါက်တာဘမော်ကိုယ်တိုင် ဂျပန်ပြည်သို့ သွားရောက်ခဲ့သဖြင့်လည်းကောင်း မြန်မာအစိုးရတို့က ဂျပန်စစ်ဌာနချုပ်သို့ အကြိမ်ကြိမ် သွားရောက်ပြောကြား ခဲ့သဖြင့်လည်းကောင်း ဂျပန်အစိုးရက သဘောထားပြောင်းသွားသည်။ ဂျပန်တပ်မတော်သည် ရန်ကုန်မြို့တော်မှ မော်လမြိုင်မြို့သို့ ဆုတ်ခွါမည်။ မြန်မာနိုင်ငံအစိုးရသည် ဂျပန်တပ်မတော်နှင့် အတူတကွ ပူးတွဲဆောင်ရွက်နိုင်ရန် လိုက်ပါရမည်ဟူ၍ သဘောတူ လိုက်ကြရသည်။ ၁၉၄၅ ခုနှစ်ဧပြီလ ၂၃ ရက်နေ့တွင် ဂျပန်တို့သည် ရန်ကုန်မှဆုတ်ခွာသောအခါ မြန်မာအစိုးရအဖွဲ့လည်းလိုက်ပါ၍ သွားရလေသည်။ ဤသို့ဖြင့် ရွှေတိဂုံစေတီတော်ကြီးနှင့်တကွ ရန်ကုန်မြို့ကြီးကိုပါ စစ်ဘေးစစ်ဒဏ်မှ အကာအကွယ်ရခဲ့ကြ လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေးခေတ်ရွှေတိဂုံစေတီတော်မှ ဗုဒ္ဓဆင်းတုတော်အချို့

www.burmeseclassic.com

www.burmeseclassic.com

ရွှေစေတီရွှေတိဂုံစေတီတော်မှ ဗုဒ္ဓဆင်းတုတော်အချို့

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီးပြီးစကာလ ရွှေတိဂုံမြင်ကွင်းများ

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ရန်ကုန်မြို့သည် စစ်ကြီး၏ဒဏ်ကို အလူးအလဲခံခဲ့ရသည်။ သို့တိုင်အောင် ပြည်သူလူထုတို့သည် မြတ်ဘုရားရွှေတိဂုံကို စစ်အတွင်းက တတ်အားသမျှ ပြုစုစောင့်ထိန်းပေးခဲ့သည်။

ယနေ့ မြင်တွေ့နေရသော တောက်တောက်ပြောင်ပြောင် အခြေအနေကိုရောက်အောင် မည်မျှကြိုးစားခဲ့ကြရသည်ကို ပေါ်လွင်စေရန် စစ်ပြီးကာလ ရွှေတိဂုံစေတီတော်၏ မြင်ကွင်းအချို့ကို ဖော်ပြပါသည်။ (ထိုအချိန်ကရွှေတိဂုံကုန်းတော်ပေါ်တွင် ကျိုက်ထီးရိုးဘုရားပုံတူ စေတီတစ်ဆူရှိခဲ့သည်ကို သတိပြုပါ။)

စစ်ပြီးစ – မြင်ကွင်း ရှင်အဇ္ဇဂေါဏတန်ဆောင်း

www.burmeseclassic.com

www.burmeseclassic.com

အနောက်ဘက်မုခ်အဝ နှစ်ပြားတန်စောင်းနှင့် ကပ်လျက်သားတည်ရှိသော အဖြူရောင်ဝတ်ကျောင်း၊ ဤဝတ်ကျောင်းအတွင်း၌ အင်္ဂလန်နိုင်ငံမှ ပြန်ရောက်လာသော မတ်ရပ်ရုပ်ပွားတော်ရှိသည်။ ဤတန်ဆောင်းရှေ့သည် ခိုငှက်များအစာကျွေးရာနေရာဖြစ်ခဲ့သည်။ ယခုတော့ ရင်ပြင်ပေါ်၌ ခိုများကိုအစာကျွေးခွင့် မပြုတော့ပါ။ အလယ်ပစ္စယံ၌သာ ကျွေးမွေးနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(ဝဲဘက်) ဘုရားဂေါပကရုံးအဖွဲ့အရှေ့မှ အမြင့်ဆုံးတန်ဆောင်း
(ယာဘက်) တောင်ဘက်စောင်းတန်းအဝင်ဝမှ ဒုတိယကမ္ဘာ စစ်ကြီးပြီးကာစ ပြန်လည်ပြုပြင်ထားသောဝတ်

www.burmeseclassic.com

www.burmeseclassic.com

စစ်ပြီးစကာလဘုရားဂေါပကလူကြီးများ ဦးဘဖိုး၊ ဦးဖိုးပျော၊ ဦးဘသော်၊ ဦးဘကျော်၊ ဆရာဦးသွင်၊ တရားဝန်ကြီးဦးသိန်းအောင်၊ ဦးမြင့်၊ ဦးဖိုးစောနှင့် ဦးညွန့်တို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော် တောင်ဘက်စောင်းတန်းအဝင်ဝ စစ်ပြီးစကာလ

www.burmeseclassic.com

www.burmeseclassic.com

The western entrance with bamboo trellis step for gilding purpose



ဒုတိယကမ္ဘာစစ်ပြီးကာလ– စေတီတော်၏ အနောက်ဘက်မုခ်ဦး ဓာတ်လှေကားအတွက်အဆောက်အဦး မတည်ဆောက်ရသေးမီကာလ



(ဗေဒါပင်များနှင့် တစ်ဖက်ကမ်းတွင် မူလကမ္ဘာအေးစေတီကို တည်စအချိန်လောက်က ဖူးတွေ့ရပုံ)

www.burmeseclassic.com

www.burmeseclassic.com

Electric lift on the western side of the Pagoda

အနောက်ဘက်စောင်းတန်း လွတ်လပ်ရေးရပြီးကာလ ယခင်ဓာတ်လှေကားရှိသည်။ ယခု
ရွှေ့လျားစက်လှေကားတပ်ဆင်ထားပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ခေတ်သစ်မြန်မာတို့၏ နယ်ချဲ့တော်လှန်ရေး အခြေကုပ်စခန်းကြီး

မြန်မာပြည်သားများလွတ်လပ်စွာ ကြည်ညိုဖူးမြော်နိုင်ရမည့်စေတီတော်တွင် မုခ်ပေါက်တစ်ဖက်ကို ပိတ်၍ စစ်တပ်စွဲထားခြင်း၊ ရင်ပြင်တော်တွင် စစ်သချိုင်းပြုလုပ်မြှုပ်နှံထားခြင်းတို့ကိုလည်း မြန်မာတို့အနေဖြင့် အလိုမကျနိုင်၊ ကန့်ကွက်ကြသည်။ ရှုတ်ချရေးသားကြသည်။

ထိုအခါ တိုင်းပြည်အကျိုး၊ နိုင်ငံအကျိုးကိုသယ်ပိုးရန် အသင်းအဖွဲ့များကို ကုန်းတော်ပေါ်တွင် နိုင်ငံရေးအသင်းအဖွဲ့ အစည်းအဝေးများ ကျင်းပလာကြသည်။ နယ်ချဲ့သမားကိုဆန့်ကျင်သော ဆုံးဖြတ်ချက်များချကြသည်။ နယ်ချဲ့ကြီးစိုးသော လုပ်ငန်းဌာနများကို သပိတ်မှောက်သောအခါ သပိတ်စခန်းများကို စေတီတော်ရင်ပြင်၌ပင် ဖွင့်ခဲ့သည်။ နယ်ချဲ့အစိုးရကို အန်တုရန် လမ်းပြလှုံ့ဆော်သော တို့ဗမာသခင်သီချင်းကို ကုန်းတော်တွင် စ၍သီဆိုကြသည်။

ကြာသော် ရွှေတိဂုံကုန်းတော်တစ်ဝိုက်သည် နယ်ချဲ့တော်လှန်ရေး ခြေကုပ်စခန်းကြီး ဖြစ်မှန်းမသိ ဖြစ်လာလေသည်။

ထိုခေတ်တွင် သိင်္ဂုတ္တရကုန်းထက်ရှိ ရွှေတိဂုံရင်ပြင်မှပြုလုပ်လိုက်သော ကြွေးကြော်သံများ၊ ဆုံးဖြတ်ချက်များ၊ အစည်း အဝေးအခမ်းအနားများသည် တစ်ပြည်လုံးကို ပဲ့တင်ရိုက်ဟည်း ပျံ့နှံ့သွားစေခဲ့လေသည်။ တစ်ပြည်လုံးအရေးနှင့်ဆိုင်သော အခမ်းအနားတစ်ရပ်ကို ၁၉၁၉ ခုနှစ်၌ ရွှေတိဂုံရင်ပြင်တွင် ကျင်းပခဲ့ပုံကိုတွေ့နိုင်သည်။

အင်္ဂလန်မှ ပြန်လာသော ဖေ –ပု – ရှိန် တို့ကို ကြိုဆိုခြင်း

၁၉၁၉ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပြည်သူ့ကိုယ်စားလှယ်ကြီးများဖြစ်သော ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန် (ဖေ–ပု–ရှိန်) တို့သည် မြန်မာပြည်အုပ်ချုပ်ရေးကို ဆွေးနွေးရန် အင်္ဂလန်သို့သွားကြသည်။ ထိုကိုယ်စားလှယ်အဖွဲ့အား အင်္ဂလန်မှပြန်လာသော အခါ ပရိသတ်ကြီးက ကမ်းလုံးညွှတ်မျှကြိုဆိုပြီး ရွှေတိဂုံရင်ပြင်တော်တွင် ချီးကျူးဂုဏ်ပြုပွဲပြုလုပ်ရန် ခေါ်ဆောင်သွားကြသည်။

ထိုအချင်းအရာကို ဂျပ်ဒ်ဆင်ကောလိပ်ကျောင်းသားကြီး ဦးဖိုးကျား (နောင်အခါ အမျိုးသားပညာရေးဝန် ဦးဖိုးကျား)က အိုင်ချင်းကဗျာတစ်ပုဒ် ရေးသားစပ်ဆိုခဲ့သည်။

ကုန်းတော်ပေါ်မှ လွတ်လပ်ရေးတိုက်ပွဲဝင်ဖြစ်ရပ်များ

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်၌ ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်အများသည်လည်း စေတီတော်ကြီး၏ အရိပ်အာဝါ တွင်ပင်ဖြစ်ပျက်ခဲ့သည်ကို တွေ့နိုင်လေသည်။

၁၉၂၀ ပြည့်ကျောင်းသားသပိတ်

ခရစ်နှစ် ၁၉၂၀ ပြည့်၊ ဒီဇင်ဘာလ ၅ ရက် (သက္ကရာဇ် ၁၂၈၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)နေ့တွင် အုပ်စိုးသူနယ်ချဲ့တို့အလိုကျဖွင့်လှစ်မည့် ရန်ကုန်တက္ကသိုလ်ဥပဒေကို ကန့်ကွက်ဆန့်ကျင်သောအားဖြင့် ရန်ကုန်ကောလိပ် ကျောင်းသားများသည် သပိတ်မှောက်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။ စေတီတော်၏အရှေ့ဘက် ဗဟန်းရွှေကျောင် ကျောင်းတိုက်ဝင်းအတွင်း ဦးအရိယကျောင်းတွင်လာရောက်၍ သပိတ်စခန်းဖွင့်လှစ်ခဲ့ကြသည်။ ယင်းသို့ သပိတ်မှောက်ရန် အတွက် ခေါင်းဆောင်ကျောင်းသားကြီး ၁၁ ဦးသည် စေတီတော်ရင်ပြင် အနောက်တောင် (စနေထောင့်)တွင် လျှို့ဝှက်စွာ ကြိုတင်ဆွေးနွေးခဲ့ကြသည်။ သစ္စာမသွေမဖောက်စတမ်း ဟူ၍ အဓိဋ္ဌာန်ပြုခဲ့ကြသည်။

ထိုကျောင်းသားသပိတ်ကို ပြည်သူလူထုက ကူညီသည်။ နယ်ချဲ့အစိုးရကမြို့ခွင်းသည်။ ရန်ကုန်မြို့နှင့်တစ်ကွ တစ်နိုင်ငံလုံး ရှိကျောင်းများက ထောက်ခံ၍ သပိတ်မှောက်ကြသည်။

www.burmeseclassic.com

၁၉၃၆ ခုနှစ် တက္ကသိုလ်ကျောင်းသားများ၏ သပိတ်စခန်းကို ရွှေတိဂုံကုန်းတော်၌ပင် ဖွင့်လှစ်သည်။ ပုံမှာ သပိတ်မှောက်ကျောင်းသားတစ်စု ဘုရားမှ အလှူခံထွက်မည်ဆဲဆဲ စောင်းတန်းထိပ်၌တွေ့မြင်ရပုံ





၁၉၃၆ခုနှစ် မေလ ၁၀ရက်နေ့ညတွင် ရွှေတိဂုံရင်ပြင်တော်၌ ကျောင်းသူကျောင်းသားများ သပိတ်လှန်အစည်းအဝေး ကျင်းပနေပုံ

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူ့စည်းဝေးပွဲများကျင်းပရာ

စစ်ပြီးကာလ

ဖ ဆ ပ လ အဖွဲ့ချုပ်မှ ၁၉၄၅ခု နှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် မြို့လုံးကျွတ် ပြည်သူ့အစည်းဝေးပွဲကြီးတစ်ရပ်ကို ရွှေတိဂုံကုန်းပေါ်၌ ကျင်းပသည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့၌ကျင်းပသောကုန်းတော်အလယ်ပစ္စယာ ဖ–ဆ–ပ–လ ညီလာခံ လူထုစည်းအဝေးကြီး၌ လူထုတစ်သိန်းကျော်တက်ရောက်သည်။ လုံးဝလွတ်လပ်ရေးအဆိုကို တင်သွင်းကြသည်။ အခြားနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဆိုများကိုလည်း တင်သွင်းဆုံးဖြတ်ကြသည်။ ထိုနှစ် ဖွန်လနှင့်အောက်တိုဘာလများတွင်လည်း ကုန်းတော်ပေါ်၌ပင် လူထုစည်းဝေးပွဲများကို ဆက်လက်ကျင်းပသည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် အမှုထမ်းပေါင်းစုံသပိတ်ကြီးပေါ်လာရာ အစိုးရအမှုထမ်း အသီးသီးနှင့်တကွ ပုလိပ်အဖွဲ့ကပါ သပိတ်မှောက်ကြသည်။ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲအဆက်ဆက်တွင် အကြီးမားဆုံး အညီညွတ်ဆုံးသော သပိတ်ကြီးဖြစ်လေသည်။ သပိတ်စခန်းများကို ရွှေတိဂုံစေတီကုန်းတော်၌ပင် ဖွင့်လှစ်၍ စခန်းချကြလေသည်။

ခရစ်နှစ် ၁၉၄၆ ခု ဇန်နဝါရီလတွင် ရွှေတိဂုံကုန်းတော် အလယ်ပစ္စယာ၌ကျင်းပသော ဖဆပလညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားသည်။ ထိုမိန့်ခွန်းတွင်–

ကျွန်ုပ်တို့စည်းဝေးရာ ဒေသသည်လည်း ကျွန်ုပ်တို့ရာဇဝင်တွင် ကြက်သရေရောင် တပြောင်ပြောင်ဖြင့် ကောင်းမြတ်သောမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောကြောင့် ကျွန်ုပ်တို့ညီလာခံသဘင်သည်လည်း ကြက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါပေ၏။ ဤသိင်္ဂုတ္တရကုန်းသည်ကား လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး တည်ရှိရာဖြစ်၏။ စေတီတော်မြတ်ကြီးသည် ကျွန်ုပ်တို့လူမျိုး၏ ဝေဖြာသောစေတနာအလျောက် ကျွန်ုပ်တို့၏ အမွန်မြတ်ဆုံးသောဆန္ဒကို ပေါ်လွင်စေခြင်းငှါ တည်ဆောက်ခဲ့သည်ဖြစ်ရာ ရွှေရောင်တဖိတ်ဖိတ်နှင့် ကျွန်ုပ်တို့မျှော်မှန်းရာ အထွဋ်အထိပ်ဖြစ်သော နိဗ္ဗာန်အသခ်တသို့ ညွှန်ပြတော်မူရာဖြစ်သည့် ဆီးမီးတန်ဆောင်ကြီးဖြစ်ပေတော့၏။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ကို ကြည့်ပြန်သော် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းတွင် ကျွန်ုပ်တို့၏တိုင်းပြည်နှင့် လူမျိုးတို့၏ ကံကြမ္မာကို ဖန်တီးခဲ့သော အရေးတော်ပုံများ ဖြစ်ပေါ်ရာဌာနဖြစ်ရကား ဤဒေသသည် ကျွန်ုပ်တို့အမျိုးသားအတွက် အလွန်ထူးခြားစွာ လေးစားကြည်ညိုရာဖြစ်သော ဒေသဖြစ်ပေ၏။ ဤမျှမကသေး ဤနေရာဤဒေသသို့ ကျွန်ုပ်တို့ရာဇဝင်တစ်လျှောက်တွင် ကျွန်ုပ်တို့လူမျိုး၏ ရှေ့ဆောင်ရှေ့သွား ပုဂ္ဂိုလ်များသည် ကျွန်ုပ်တို့လူမျိုးအတွက် အသက်ကို ပမာဏမထားဘဲစွန့်စားရန် လာရောက်ခဲ့ကြဖူးပေပြီ။ .... လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို စတင်တည်ဆောက်ရာ အချိန်ကစ၍ ယနေ့အထိ နှစ်ပေါင်း ၂၅၀၀ ခန့်မျှရှိလေပြီ။ ဤမျှသောကာလ[illegible]လုံး ကျွန်ုပ်တို့၏ ရာဇဝင်အဖြစ်အပျက် ကျွန်ုပ်တို့၏ လူမျိုးအတွက် သတ္တိဗျတ္တိအံ့ဖွယ်ဘနန်း သက်စွန့်ကြိုးပမ်း အမှုထမ်းခဲ့[illegible]ည့် မရေမတွက်နိုင်သော သွားလေသူ မျိုးချစ်ပုဂ္ဂိုလ် အပေါင်းတို့နှင့်တကွ ထိုပုဂ္ဂိုလ်တို့ပေးအပ်သည့် အမွေအနှစ်တည်းဟူသော အာဇာနည်စိတ်ဓာတ်တို့ကို ကျွန်ုပ်တို့ ယခုအချိန်အခါ၌ သတိယကြပေလိမ့်မည်ဟူ၍ ,မြန်မာ့သမိုင်းနှင့် ခွဲမရခဲ့သော ရွှေတိဂုံစေတီတော်ကြီး၏ အကြောင်းကို ထည့်သွင်းပြောကြားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ပြီးစကာလ ဗိုလ်ချုပ်အောင်ဆန်း အလယ်ပန္နယ်၌ မိန့်ခွန်းပြောကြားနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၁ ရွှေတိဂုံစေတီတော် သိန်း ၃၂၀ ကျော်
ရွှေစင် ရွှေသား ရွှေပြားသင်္ကန်းတော် ကပ်လှူပူဇော်ရေးလုပ်ငန်း

အစီရင်ခံစာ ကောက်နုတ်ချက်

အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုပ်ငန်းရပ်များကို အောက်ပါအတိုင်း သတ်မှတ်ခဲ့ပါသည်။

(၁)လုပ်ငန်းကြီး (၄) ရပ်မှာ –

(က) ထီးတော်အထွေထွေ ကြံ့ခိုင်ရေးလုပ်ငန်း

(ခ) ရွှေပြားသင်္ကန်းတော် ကပ်လှူရေးလုပ်ငန်း

(ဂ) ကြေးပြားသင်္ကန်းတော် ကပ်လှူရေးလုပ်ငန်း

(ဃ) ရွှေမျက်ပါးလွှာသင်္ကန်းတော် ကပ်လှူရေးလုပ်ငန်းများ ဖြစ်ပါသည်။

(၂) လုပ်ငန်းငယ် (၂) ရပ်မှာ –

(က) အထက်ပစ္စယာရှိ စေတီရံ (၁၉) ဆူအား ရွှေမျက်ပါးလွှာသင်္ကန်းတော် ကပ်လှူရေးလုပ်ငန်းနှင့်

(ခ) မိုးကြိုးလွှဲ ပြုပြင်ရေးလုပ်ငန်း ဖြစ်ပါသည်။

ရွှေစင် ရွှေသား ရွှေပြားသင်္ကန်းတော် ကပ်လှူရေးနှင့်ထီးတော် အထွေထွေကြံ့ခိုင်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သောလမ်းညွှန်မှု၊ စီမံခန့်ခွဲမှုနှင့်သဘောတူညီချက်များ ချမှတ်ပေးနိုင်ရန်အတွက် ဗဟိုကော်မတီတစ်ရပ်ကိုလည်းကောင်း၊ အလုပ်အမှုဆောင်ကော်မတီနှင့် လုပ်ငန်းအဖွဲ့ (၇) ဖွဲ့ကိုလည်းကောင်း ဖွဲ့စည်းခဲ့ပါသည်။

ဗဟိုကော်မတီကိုဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌအဖြစ် နာယကအဖွဲ့ဝင် သူရဦးမင်းသိန်းက ဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်ညွန့်၊ အတွင်းရေးမှူးအဖြစ် ဂေါပကအဖွဲ့ဝင် ဦးဝမ်းတင်တို့က ဆောင်ရွက်၍ နာယကအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းပြည်သူ့ကောင်စီ၊ သာသနာရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကောင်စီမှ ကိုယ်စားလှယ်များ၊ အစိုးရဌာနဆိုင်ရာ အကြီးအကဲများ စသည်ဖြင့် အဖွဲ့ဝင် (၄၁) ဦးပါဝင်ပါသည်။

မူလကကျပ်သိန်း (၃၂၀) ကျော် အကုန်အကျခံမည်ဟု ရည်မှန်းခဲ့သော အလှူမင်္ဂလာတော် လုပ်ငန်းကြီးသည် နောက်ဆုံးတွင် ကျပ် (၄၀၉) သိန်းကျော်အထိ ငွေကြေးတန်ဖိုးအားဖြင့် မြင့်မားလာခဲ့ပါသည်။ ယင်းသို့ အလှူတော်မင်္ဂလာကြီးမွားတိုးတက်လာရသည်မှာ လုပ်သားပြည်သူအပေါင်းတို့၏ တိုးတက်ကြီးမားသော စေတနာသဒ္ဓါတရားဖြင့် လှူဒါန်းကြသောကြောင့် ဖြစ်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒစရိယ ဆရာတော်ကြီးများစာရင်း

အမှတ်စဉ်	ဘွဲ့တော်	ကျောင်းတိုက်
၁။	ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလ (အဂ္ဂမဟာပဏ္ဍိတ)	ကမ္ဘာ့ဗုဒ္ဓဘာသာနာပြု အရှင်သေဋ္ဌိလစိမ်း သာကက်တော်။
၂။	ဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)	မှော်ဘီတိုက်သစ်၊ သရက်တောကျောင်းတိုက်၊ လမ်းမတော်။
၃။	ဆရာတော်ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)	နေနတ်သားစာသင်တိုက်၊ ဘားကရာလမ်း၊စမ်းချောင်း။
၄။	ဆရာတော်ဘဒ္ဒန္တအာဒိစ္စရံသီ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယ ဥက္ကဋ္ဌ၊သံဃမဟာနာယကအဖွဲ့။	မြောက်ထပ်ကြီးဘုရားကျောင်းတိုက်။
၅။	ဆရာတော်ဘဒ္ဒန္တဝါသေဋ္ဌ (အဂ္ဂမဟာပဏ္ဍိတ)	ရွှေကျင်ကျောင်းတိုက်၊ ပုဇွန်တောင်။
၆။	ဆရာတော်ဘဒ္ဒန္တသာသနာဘိဝံသ	သာသနဝံသကျောင်း၊ သရက်တောကျောင်းတိုက်၊လမ်းမတော်။
၇။	ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စ (အဂ္ဂမဟာပဏ္ဍိတ)	ဓမ္မိကာရုံကျောင်းတိုက်၊ ဒေဝသာဂရသိမ်ကုန်း၊ သိမ်ဖြူလမ်း။
၈။	ဆရာတော်ဘဒ္ဒန္တသေဃ	ဝေဠုဝန်ကျောင်းတိုက်၊ စမ်းချောင်း။
၉။	ဆရာတော်ဘဒ္ဒန္တသုမနိန္ဒြိယ	နန္ဒဝင်ပါဠိတက္ကသိုလ်၊ ၃၁၂၊ ကျိုက္ကဆံလမ်း၊တာမွေ။
၁၀။	ဆရာတော်ဘဒ္ဒန္တပညိန္ဒာဘိဝံသ	မဟာအောင်မြေဘုံစံကျောင်းတိုက်၊ ဦးထောင်ဗိုလ်လမ်း၊ဗဟန်း။
၁၁။	ဆရာတော်ဘဒ္ဒန္တဥဇ္ဇောတာဘိဝံသ	သီရိမင်္ဂလာပျော်ဘွယ်ကျောင်းတိုက်၊ ကမာရွတ်မြို့နယ်၊ရန်ကုန်တိုင်း။

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်ဖြတ်ပိုင်းပုံစံ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်ကြီး၏
ထီးတော်ပုံစံ

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော်
မိုးကြိုးလွှဲ တပ်ဆင်ထားပုံ





www.burmeseclassic.com

www.burmeseclassic.com



စိန်ဖူးတော်၏ အသေးစိတ်နှင့် အစိတ်အပိုင်းများပုံ



ရင်ပြင်တော်မှ အထက် အမြင့်ပေ (၃၂၆)၌ တည်ရှိသော ရွှေတိဂုံစေတီတော်ကြီး၏ ဤစိန်ဖူးတော်တွင် စိန် (၄၃၅၁)၊ အခြား အဖိုးတန် ကျောက်မျက် ရွှဲ များ (၉၃) ပါရှိသည်။ စိန်စိရောင်လျှံတော် သုံးချောင်းဖြင့် ခနောက်ဆိုင် ကာရံထား သည့် (၇၆) ကာရက်အလေးချိန်ရှိသော အထွတ်စိန်လုံးကြီးကို မြင်တွေ့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ငှက်မြတ်နားတော်၏ အသေးစိတ်နှင့် အစိတ်အပိုင်းများ။



ငှက်မြတ်နား၏ ဆိုင်းဆွဲကြိုးများက ယီးကော်၏ မဏ္ဍိုကို ဖမ်းသည့် တစ်နေရာနှင့် ငှက်မြတ်နား၏ အောက်ခြေမကို အထိုင်ပြုသော တစ်နေရာတို့တွင် ဘောဓေ့ပါ ဆုံလည်များ တပ်ဆင် ပေးထားသဖြင့် ငှက်မြတ်နားသည် ညင်သာစွာ လည်ပတ်နိုင်ပါသည်။



ယခုနှစ်(၁၉၇၅)တွင် ငှက်မြတ်နားတော်၏ နောက်ထိန်းချိန်သီးနှင့် ဆိုင်းကြိုးပြားအသစ် တစ်ချောင်းတို့ကို ပြုလုပ်တပ်ဆင်ခဲ့ပါသည်။ ယခင်ချိန်သီးမှာ (၄၂) ပေါင်ခန့် အလေးချိန်ရှိပြီး ယခု လဲလှယ်ပေးခဲ့သည့် ချိန်သီးမှာ(၅၂)ပေါင်ခန့် ရှိပါသည်။ ချိန်သီးနှင့် ဆိုင်းကြိုးပြားတို့မှာ သံချေးမတက်နိုင်သည့် သံမဏိသတ္တုဖြင့် ပြုလုပ်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇွန်းလေးဘုံ၏ အသေးစိတ်နှင့် အစိတ်အပိုင်းများပုံ



ဇွန်းလေးဘုံကို၏ အထက် ငှက်မြတ်နားတော်၏ အောက်နားတွင် ထီးတော်မဏ္ဍိုင်ကို တည့်မတ်နေစေရန် ဆိုင်းဆွဲထားသော သံမဏိ လွန်းတင်ကြိုး (၈) ချောင်း တည်းနှောင်ရာ ဖမ်းချက် တစ်ချက် ရှိသည်။

ဇွန်းကို၏ ဒုတိယဘုံ အလယ်နေရာ ထီးတော်၏ မဏ္ဍိုင် မယိမ်းနိုင်စေရန် ဆိုင်း ဆွဲ ထား သည့် သံမဏိလွန်းတင်ကြိုး (၈)ချောင်း တည်းနှောင်ရာ ဖမ်းချက် တစ်ချက် ရှိသည်။

သံမဏိ လွန်းတင်ကြိုး (၂၀) ချောင်း စလုံး ကို အထူး နိုင်လွန်ဖျင်အုပ်ပြီး ရေခံဆေး သုတ်လိမ်း ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆပ်သွားဖူးတော်၏ အသေးစိတ်နှင့် အစိတ်အပိုင်းများပုံ





ဆပ်သွားဖူးဘုံဆင့်၏ အမာခံသတ္တုထည် ဖွဲ့ဆောက်ထားပုံကို ပြထားသည်။ လက်တွေ့ကွင်း ယခုကဲ့သို့ ရှင်းလင်းလွယ်ကူစွာမမြင်ရနိုင်။ များစွာသော ရွှေခေါင်းလောင်း၊ ရွှေညောင်ရွက်တို့ဖြင့် ပိတ်ဆီး၍နေပါသည်။ ဆပ်သွားဖူးဘုံ၏ အလယ်ပိုင်းတွင် ထီးတော်မဏ္ဍိုင်ကို ထိန်းထားပေးသော သံမဏိ လွန်းတင်ဆိုင်း ကြိုး (၄) ချောင်း တည်းနှောင်ရာ ဖမ်းချက်တစ်ချက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထီးတော်မဏ္ဍိုင်အခြေရှိ သတ္တုပြွန်ကို ထောက်ကန်ထားသော ကြေးညို ဒေါက်လေးချောင်းနှင့် ဆောက်ဖွဲ့ထားပုံ

ထီးတော်၏ မဏ္ဍိုင်အခြေရှိ သတ္တုပြွန်ကို တည့်မတ်စေရန် ကြေးညို သတ္တုဒေါက် လေးချောင်းတို့ဖြင့် ထောက်ကန်ပေးထားပါသည်။ ယင်းဒေါက်တို့သည် အရှေ့မြောက်၊ အရှေ့တောင် အနောက်တောင်နှင့် အနောက်မြောက်ထောင့်တို့မှာ အခြေစိုက်ထားကြသည်။ အခြေတွင် ဗျက်လေးလက်မ၊ ထုအထူ လက်မဝက်ခန့်ရှိသော သံပြားကွေးအပေါ် နင်း၍ မူလီ၊ ဗာဝိတို့ဖြင့် ဖမ်းစုပ်ထားသည်။



မဏ္ဍိုင်ပြွန်ဖြင့်ဆက်မည့်နေရာတွင် ပြွန်တိုင်၌ မျက်နှာပြင်အပြားယေ်ပြုလုပ်ထားသည်။ ဒေါက်တို့တွင်လည်း မျက်နှာပြင်အပြား ပြုလုပ်ထားသည်။ ထိုနှစ်ပြားတို့ကို တစ်ဘက်ရှူး သတ္တု သပ်ပြားအရှင်ဖြင့် ချုပြီး မူလီ ဇာဝိတို့ဖြင့် စုပ်ဖမ်းသည်။ ၎င်း တစ်ဘက်ရှူး သပ်ပြားယေ်များ၏ ဆောင်တာမှာ မဏ္ဍိုင်ပြွန် ပကတိ တည့်မတ်စေရန် အနုစိတ် ညှိပေးဖို့ ထည့်သွင်းထားခဲ့သည်ဟု ယူဆရပါသည်။

ထီးတော်မဏ္ဍိုင်၏အခြေ၊ အချင်း ဆယ်လက်မခွဲခန့်ရှိသော သတ္တုပြွန်ချောင်းသည် ငှက်ပျောဖူးထိပ်ရှိ ကြေးစလောင်းတွင် အလယ်မဟိုဒ်၌ အခြေစိုက်ရပ်တည်ရန် ဆောက်လုပ်ထားဟန် တူပါသည်။

www.burmeseclassic.com



ထီးတော်မဏ္ဍိုင်ကို အဆင့်သုံးနေရာတွင်
ဆိုင်းကြိုး စုစုပေါင်း (၂၀)ချောင်းဖြ
ဖမ်းချုပ်ထားပြီး ထီးတော် ပထမဘုံ
(၈) နေရာတွင် စနစ်အမျိုးမျိုးဖြင့်
မြဲမြံထားစေသည့်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောဖူးထိပ်ရှိ သစ္စာမြင်း
ဖြင့်လုပ်ထားသော ကြာမှောက်
ကြာလန် သဏ္ဌာန် ပုံဖော်ထားသည့်
ကြေးစလောင်းပုံ



www.burmeseclassic.com

ကြေးသောင်ကြေးပြား အကွက်ပုံ 〈သပိတ်မှောက်〉



SHWEDAGON – Drawing Section

www.burmeseclassic.com

ရွှေတိဂုံတောင်ဘက်မုခ် ခေတ်အလိုက်အပြောင်းအလဲများ

ရှေးခေတ်ရွှေတိဂုံ



- ရွှေတိဂုံ တောင်ဘက်မုခ်ဝ (၁၈၃၄-၄၆) ကာလ မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



Southern entrance, circa 1875

လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်က တောင်ဖက်မုခ်။ ဤပုံတွင် ခြင်္သေ့ကြီးများမရှိသေး၊ အုတ်ပြာသာဒ် မုခ်ခုံးကြီးလည်း မရှိသေး၊ လမ်းဘေးအထိရောက်သော စောင်းတန်းလည်းမရှိသေး၊ သာယာဝတီမင်း၏ကောင်းမှု ဘီလူးရုပ်ကြီးများသာ မုခ်ဝတစ်ဖက်တစ်ချက်၌ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်မြတ်ကြီး၌ကျင်းပသော ဆွမ်းဆန်စိမ်းလောင်းလှူပွဲမှအပြန်

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်က ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက်မုခ်ပုံ

www.burmeseclassic.com

www.burmeseclassic.com

၁၈၈၇ ရှုခင်းတောင်ဘက်မုခ်

၁၈၈၇ ပွဲစားကြီးဘစ်ဦး၏ အလှူ၊ ခြသေ့်ရုပ်ကြီးများ တည်ဆောက်ပြီးစကာလ တောင်ဘက်မုခ်ဝ

www.burmeseclassic.com

www.burmeseclassic.com



အသစ်ပြန်လည်ပြုပြင်ပြီး ၁၉၉၆ တောင်ဘက်စောင်းတန်းမုခ်ဝမြင်ကွင်းများ ပြုပြင်ရာတွင် ရှေးခေတ်ပန်းချီးပန်းပု သာယာဝတီမင်းခေတ်လက်ရာများကို ထိန်းသိမ်းထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

စေတီတော်သမိုင်းရက်စွဲများ

၁၃၇၂ – ရွှေတိဂုံစေတီတော်ကို ဟံသာဝတီဘုရင် ဗညားဦး ပြင်ဆင်သည်။ ပြင်ပြီးသောအခါ ဉာဏ်တော် အတောင် ၄၀ (ပေ ၆၀) ဖြစ်သည်။

၁၄၃၆ – လျှပ်လျှပ်၍ ခေါင်းလောင်းအထိ ပြိုသည်။ ဗညားရန်၊ ဗညားဒရွး၊ ဗညားကင်းဒေါ၊ ရှင်စောပုတို့ ပါဝင်၍ အဆက်ဆက်ပြုပြင်ခဲ့ရာ ဉာဏ်တော် ၃၀၂ ပေ ဖြစ်လာသည်။

၁၄၇၆ – ဘုရင်မကြီး ရှင်စောပုနှင့် ဓမ္မစေတီတို့က ပြင်ဆင်မွမ်းမံသည်။ ကြေးချိန်ပိဿာ ၃၀၀၀ ရှိ ဓမ္မစေတီခေါင်းလောင်းကြီးကို ဆွဲလှူသည်။

၁၄၈၅ – ရွှေတိဂုံကျောက်စာတိုင်ကို ရေးထိုးစိုက်ထူသည်။

၁၅၆၄ – ဘုရင့်နောင်လက်ထက်တွင် လျှပ်ကြီးလျှပ်၍ ပြိုသည်။

၁၈၇၂ – လျှပ်လျှပ်၍ ၁၅၆၄ ခုနှစ်က ပြိုသော အပျက်အစီးများကို ဘုရင့်နောင်က ပြင်ဆင်ပြီး ထီးတင်သည်။ မကိုဋ်လှူသည်။ သဘင်ပွဲခံသည်။

၁၅၈၂ – ငါးဆူဒါယကာ နန္ဒဘုရင်လက်ထက်တွင် ထီးသစ်တင်သည်။ ကြေးချိန်ပိဿာ ၁၄၀ ရှိ ခေါင်းလောင်းလှူသည်။

၁၅၈၃ နိုဝင်ဘာလ ၃ – အီတလီပြည်၊ ဗင်းနစ်မြို့သား၊ ကုန်သည်ဂတ်စ်ပရိုဗာလဗီ မြန်မာနိုင်ငံရောက်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်သို့ တက်ရောက်ခဲ့သည်။

၁၅၈၃ – အင်္ဂလိပ်အမျိုးသား ရပ်ဖစ်ချ် ဒဂုံရောက်၍ စေတီတော်အကြောင်း မှတ်တမ်းတင်သည်။

၁၆၁၀ ဇူလိုင်လ – ၁၆၀၈ ခု၊ လျှပ်ကြောင့် အပျက်အစီးများကိုပြင်၍ ပထမဆုံးပြည်သူများ စုပေါင်းတင်လှူသည့် ထီးတော်ကိုတင်သည်။ အင်္ဂဗုစ်ဆရာတော် ဦးစီးသည်။

၁၆၁၂ – ဓမ္မစေတီခေါင်းလောင်းကို ဇေင်ကာဖြုတ်ယူသွားရာ ဒေါပုံမြစ်တွင်းၣ်ကျသည်။



www.burmeseclassic.com

၁၆၁၃ – အနောက်ဘက်လွန်မင်းက ဇင်ကာကို နှိမ်နင်းပြီးနောက် ဒဂုန်သို့လာ၍ စေတီတော်တွင် ကြေးခေါင်းလောင်း ဆွဲလှူသည်။

၁၆၁၉ ဖေဖော်ဝါရီလ ၁၉ – အနောက်ဘက်လွန်မင်းလက်ထက် ထီးသစ်တင်သည်။ ငွေခေါင်းလောင်းများလှူပြီး စောင့်ရှောက်ရန် လူ ၄၂၀ ထားခဲ့သည်။

၁၆၂၀ နိုဝင်ဘာလ – အနောက်ဘက်လွန်မင်းလက်ထက် လျှောင်လှုပ်၍ စေတီတော် အထက်ပိုင်းပြိုကျပြီး မဟာရံ တံတိုင်းများလည်း ပြိုကျသည်။

၁၆၂၂ မတ်လ – လျှောင်ကြောင့် ပြိုပျက်စီးသည်များကို ပြုပြင်၍ ထီးသစ်တင်သည်။ ရွှေသင်္ကန်း ကပ်လှူသည်။

၁၆၄၄ ဒီဇင်ဘာလ ၂၆ – လျှောင်လှုပ်၍ ပြိုသည်ကို သာလွန်မင်းက ထီးတော်ဟောင်းကို ပြုပြင်ပြီး ပြန်၍ ထီးတင်သည်။

၁၆၅၂ မေလ ၆ – လျှောင်လှုပ်၍ ပြိုသည်ကို ပင်းတလဲမင်းက ထီးပြန်တင်သည်။

၁၆၆၂ ဖေဖော်ဝါရီလ – ပြည်မင်းလက်ထက် လျှောင်လှုပ်၍ ထီးတော်ဘုံသုံးဆင့် လွင့်စဉ်၍ မြေခသည်။

၁၆၆၃ စက်တင်ဘာလ – ပြည်မင်းက ထီးတော်ဟောင်းကို အင်းဝသို့ယူ၍ ပြုပြင်ပြီးနောက် ပြန်တင်သည်။

၁၆၆၄ ဒီဇင်ဘာလ – လျှောင်လှုပ်သဖြင့် စိန်ဖူးနှင့်တကွ ထီးတော် အနောက်မြောက်ထောင့်သို့ ကျသည်။ ငှက်မျှားဖူးနှင့် ခေါင်းလောင်းပုံပြိုသည်။

၁၆၆၇ ဖေဖော်ဝါရီလ – စေတီတော်ကြီးကို ပြုပြင်ပြီး၍ ထီးသစ်တင်သည်။

၁၆၇၉ ဩဂုတ်–နိုဝင်ဘာလ – လျှောင်အကြိမ်ကြိမ်လှုပ်သောကြောင့် စေတီကြီးပြိုသည်ကို အများဝိုင်းဝန်းပြုပြင်သည်။

၁၇၅၅ ဇွန်လ ၂၃ – အလောင်းဘုရား ရွှေတိဂုံကို ဖူးမော်ရန် တက်ရောက်သည်။ ရင်ပြင်တွင် ဂုဏ်တော်ကိုးပါး ၁၀၀၀ ပြည့်အောင် ရွတ်ဆိုဖူးမြော်သည်။

၁၇၅၇ ဇူလိုင်လ – အလောင်းဘုရားကောင်းမှု ရွှေသင်္ကန်းလှူသည်။ သုဓမ္မာဇရပ်ကြီးများ ဆောက်လုပ်လှူဒါန်းသည်။

၁၇၆၈ ဇွန်လ ၁၃ – ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် လျှောင်လှုပ်၍ စေတီတော် သပိတ်မှောက်အထက်ပိုင်း ပျက်ယွင်းသည်။ စေတီပစ္စယာပန်းတင်လည်းပျက်သည်။ ဆင်ဖြူရှင်က ပြင်ဆင်ရန်ထီးတော် အသစ်လုပ်၍ ရွှေကိုယ်အလေးချိန် မျက်ပါးခတ်စေသည်။

၁၇၇၅ မတ်လ ၁ – ဆင်ဖြူရှင်ထီးတော်တင်ရန် ရန်ကုန်ရောက်သည်။ ရန်ကုန်မြို့ အနောက်မြောက်ယွန်းတွင် သဘင်နန်းနှင့်စံ၏။

၁၇၇၅ မတ်လ ၁၅ – ဆင်ဖြူရှင်ကောင်းမှု အမြင့် ၃၈ ပေ၊ ၉ လက်မရှိသော ဘုံခုနစ်ဆင့်ထီးတော်သစ်ကို တပေါင်းလပြည့်နေ့တွင် စေတီတော် မြောက်အရပ်မှ စက်သီးဖြင့်တင်သည်။ ထိုအချိန်၌ ဥဏ်တော် ၃၃၈ ပေရှိသည်ဟု ဆိုသည်။

၁၇၇၉ ဇန်နဝါရီ ၂၇ – ဆင်ဖြူရှင်အမိန့်ဖြင့် ရွှေတိဂုံမှာဆွဲလှူရန် သွန်းသောကြေးချိန် ၁၅၅၅၅ ရှိ ခေါင်းလောင်းကြီး ကို မဟာဃဏ္ဍာဘွဲ့ပေး၍ ဆွဲလှူသည်။ အများက စဥ့်ကူးမင်းခေါင်းလောင်းဟု ခေါ်ကြသည်။

၁၇၈၆ ဖေဖော်ဝါရီ ၆ – ဘိုးတော်ဘုရားခေါ် ဗဒုံမင်းက ရင်ပြင်တော်ပေါ်မှာ ကြေးနီ၊ အုတ်ကြွပ်မိုး ရွှေဇရပ်ဆောက်လှူ သည်။

၁၇၉၅ ဧပြီလ – အင်္ဂလိပ် သံကိုယ်စားလှယ် မိုက်ကယ်ဆိုင်း ရန်ကုန်ရောက်၍ စေတီရင်ပြင်သို့ ရောက်သည်။

၁၇၉၆ နိုဝင်ဘာလ ၁၄ – အင်္ဂလိပ်သံ ဟီရမ်ကောက် ဒဂုန်သို့ရောက်၍ ရွှေတိဂုံစေတီ တောင်ဘက်မုခ်ခြေရင်းမှသွား ကြည့်ပြီး ဘုရားဖူးများစည်ကားပုံ မှတ်တမ်းရေးသည်။

၁၈၀၇ – အများကောင်းမှုဖြင့် စေတီတော်ကို ရွှေချသည်။

၁၈၂၄ မေလ ၁၂ – ရွှေတိဂုံကုန်းတော်ကို အင်္ဂလိပ်စစ်တပ် တက်၍ သိမ်းပြီး ခံတပ်လုပ်သည်။ ဌာပနာတိုက်များ ဖောက်၍ အဖိုးတန်ရတနာတွေယူသည်။ စဥ့်ကူးမင်း ခေါင်းလောင်းကြီးကို ဖြုတ်ယူသယ် ဆောင်၍ သင်္ဘောပေါ်တင်ရာ မြစ်ထဲကျသည်။

၁၈၂၆ ဇန်နဝါရီလ – အင်္ဂလိပ်စစ်တပ်မှ ဖြုတ်ယူ၍ မြစ်ထဲကျသော စဥ့်ကူးမင်းခေါင်းလောင်းကြီးကို မြန်မာများ ရအောင်ဆယ်ယူပြီး ပြန်လည်ဆွဲလှူသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၈၂၆ ဒီဇင်ဘာလ ၉ – ရွှေတိဂုံကုန်းတော်ကို အင်္ဂလိပ်လက်ထဲမှပြန်၍ရသည်။ ဟံသာဝတီဝန်ကြီး မဟာမင်းလှရာဇာက လက်ခံယူသည်။ အပျက်အစီးများကို အကြီးအကျယ် ပြုပြင်မွမ်းမံရသည်။

၁၈၄၁ အောက်တိုဘာလ ၃ – သာယာဝတီ (ရွှေဘိုမင်း) စေတီတော်ကို ဖူးမြော်ရန်တက်သည်။ ရန်ကုန်တွင် နန်းသစ်ဆောက်၍ ငါးလမျှ စံနေသည်။

၁၈၄၁ ဒီဇင်ဘာလ ၂၀ – စေတီတော်ကြီးကို သာယာဝတီမင်း ရွှေပုစွန်ခွံ ကပ်လှူသည်။

၁၈၄၁ ဒီဇင်ဘာလ ၂၆ – စက်ချသည်။ မိဖုရားမမြလေးက စောင်းတန်းဖိုးလှူသည်။

၁၈၄၂ ဇန်နဝါရီလ ၂၀ – ရွှေဘိုမင်း ရွှေတိဂုံကို ဖူးမြော်ဖို့တက်ပြီး သံဃေခါင်းလောင်းနှစ်လုံးနှင့် ဆည်းလည်းများလှူသည်။ သွန်းလုပ်ဆဲခေါင်းလောင်းကြီး မပြီးသေးသော်လည်း မစောင့်နိုင်သောကြောင့် ဆက်လက်သွန်းစေပြီး ပြန်ရန်ပြင်သည်။

၁၈၄၂ ဇန်နဝါရီလ ၂၂ – ရန်ကုန်မှ သာယာဝတီမင်းနှင့် အခြွေအရံများ အမရပူရသို့ပြန်ကြသည်။

၁၈၄၃ ဖေဖော်ဝါရီလ ၁၉ – သာယာဝတီမင်းကောင်းမှု မဟာတိသဒ္ဒယဏ္ဍာ ခေါင်းလောင်းတော်ကြီးကို လူ ၅၀ ဖြင့် သွန်းလုပ်ပြီးစီးသည်ကို ဘုရင်မကြွရောက်နိုင်သဖြင့် အသည်ဝန် မဟာစည်သူနှင့် ပန်းတဉ်းဝန်တို့က တန်ဆောင်းပြာသာဒ်နှင့် ဆွဲလှူသည်။

၁၈၅၂ ဧပြီလ ၁၄ – အင်္ဂလိပ်– မြန်မာဒုတိယ စစ်ပွဲတွင် အင်္ဂလိပ်တပ်များ ကုန်းတော်သို့တက်၍ တိုက်ခိုက်သိမ်းယူတပ်စွဲပြီး ဌာပနာတိုက်များ ဖောက်ကြသည်။

၁၈၅၂ ဇူလိုင်လ ၂၀ – အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီ ကုန်းတော်ပေါ်သို့တက်သည်။

၁၈၅၂ နိုဝင်ဘာလ ၁ – ကုန်းတော်ပေါ်တွင် လက်နက်ဖောက်ခွဲမှုဖြစ်၍ လူငါးဦး ဒဏ်ရာရခဲ့သည်။

၁၈၅၃ နိုဝင်ဘာလ ၂၂–၂၃ – ကုန်းတော်ကို တက်ရောက်သိမ်းမည်ဟု သတင်းရသဖြင့် အစောင့်များချထားပြီး ဆူပူမည့်သူများကို ဖမ်းသည်။

၁၈၅၃ – အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီက စေတီတော်ကြီးတွင်အင်္ဂလိပ်တပ်သားများ ဆက်ပြီးဖောက်ထွင်းလုယူခြင်းမပြုရဟု အမိန့်ထုတ်သည်။

၁၈၅၅ – ၁၈၅၂ ခုနှစ်မှစ၍ စစ်ကြောင့်အပျက်အစီးများကို အင်္ဂလိပ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြုပြင်၍ ဦးထော်လေး စတင်စောင့်ရှောက်သည်။ ဦးထော်လေးသည် စေတီတော်အတွက် ထီးတော်ကို ပြင်ဆင်ခြင်း၊ ခေါင်းလောင်းစာရင်း ပြုလုပ် ခြင်း၊ ပြန်လည်ဆက်ကပ် လှူဒါန်းခြင်းများ ပြုလုပ်သည်။ အလှူဒါနများ စုဆောင်းပြီး စေတီတော်ပြုပြင်ရန်အတွက် ငြိမ်းဆင်သည်။ တပေါင်းလတွင် ခေါင်းလောင်းများ ပြန်၍တင်လှူသည်။

၁၈၆၇ – ကုန်းတော်ပတ်လည်ကို အင်္ဂလိပ်က ခံတပ်အဖြစ် အခိုင်အမာ စတင်ပြုပြင်သည်။

၁၈၆၉ – ရွှေတိဂုံစေတီတော်ကြီးကိုစောင့်ရှောက်ရန် ဘုန်းတော်ကြီး ဦးပဏ္ဍိ ခေါ် ဦးပြားကို နာယကထားပြီး ဂေါပကဖွဲ့သည်။

၁၈၆၉ နိုဝင်ဘာ ၁၁ – ဂေါပကအဖွဲ့က စည်းဝေး၍ ထီးသစ်တင်ရန် ပြည်သူ့အားမှုနှင့် မဖြစ်နိုင်၍ မန္တလေးမှ မင်းတုန်းမင်းကို ဆောင်ရွက်ပါရန် လျှောက်ထားဖို့ ဆုံးဖြတ်သည်။

၁၈၆၉ ဒီဇင်ဘာ ၂၆ – မင်းတုန်းမင်း၏ တိဂုံဆံတော်ရှင် ထီးတော်သစ် တင်စေအမိန့်ကို ညီလာခံတွင် ချမှတ်သည်။

၁၈၇၀ ဇန်နဝါရီလ ၁၁ – မင်းတုန်းမင်း၏ ထီးတော်သစ်တင်ရန် အမိန့်ချမှတ်ခြင်းကို စေတီတော်ရင်ပြင် သာယာဝတီခေါင်းလောင်းအနီး၌ မှတ်လွှာဖတ်ပွဲ ပြုလုပ်သည်။

၁၈၇၀ မေလ ၇ – ထီးတော်မန္တလေးတွင် ပြုလုပ်ရန်အတွက် အလှူပါဝင်ရန် ရန်ကုန်မှ ငွေများ၊ ပစ္စည်းများ ပို့သည်။

၁၈၇၁ အောက်တိုဘာလ ၂ – ထီးတော်ကြီးကို မန္တလေးတွင် ပြုလုပ်ပြီးစီး၍ မင်းတုန်းမင်းက ရေစက်ချလှူဒါန်းသည်။

၁၈၇၁ အောက်တိုဘာလ ၂၂– ထီးတော်သစ် ပင့်ဆောင်လာသောအဖွဲ့သည် ရေနန်းစကြာသင်္ဘောဖြင့် ရန်ကုန်–လမ်းမတော်ဆိပ်သို့ ဆိုက်ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၈၇၁ အောက်တိုဘာလ ၂၆ – ထီးတော်အဖွဲ့ခေါင်းဆောင်မင်းကြီး မဟာမင်းကျော် မင်းထင်(ပုပ္ပား ဝန်ထောက်) က အင်္ဂလိပ် မဟာမင်းကြီးကို အခမ်းအနားဖြင့် အတွင်းဝန်ရုံးတွင် ထီးတော်ပေးအပ်ပွဲ လုပ်သည်။

၁၈၇၁ အောက်တိုဘာလ ၂၈ – ထီးတော်သစ်သည် ရွှေတိဂုံကုန်းတော်ပေါ်ရှိ ဒေါ်ဖွားစရပ်သို့ရောက်သည်။

၁၈၇၁ နိုဝင်ဘာလ ၁၄ – ထီးတော်ဟောင်းကို ဂါတ်ပိုင်းစီ စပြီးချရာ ၁၈ ရက်နေ့တွင် ပြီးစီးသည်။

၁၈၇၁ နိုဝင်ဘာလ ၁၉ – ထီးတော်သစ်ကို စ၍တင်ရာ စက်ပျက်၍ မအောင်မြင်ပေ။

၁၈၇၁ နိုဝင်ဘာလ ၂၁ – ထီးတော် ပထမဘုံကို တင်၍ပြီးသည်။

၁၈၇၁ နိုဝင်ဘာလ ၂၆ – ထီးတော်သစ်နှင့်တကွ စိန်ဖူးငှက်မြတ်နားတင်၍ ပြီးမြောက်အောင်မြင်သည်။

၁၈၇၁ နိုဝင်ဘာလ ၂၇ – ပုပ္ပားဝန်ထောက်နှင့်အဖွဲ့ ရန်ကုန်မှထွက်၍ နေပြည်တော်သို့ ပြန်သည်။

၁၈၇၂ ဖေဖော်ဝါရီလ ၂၂ – စေတီတော်တပေါင်းပွဲမှာ ခါဝိုင်းနှစ်များထက်ထူးပြီး စည်ကားသည်။ တောရွာများမှ ဘုရားဖူးအများ လာရောက်ကြသည်။

၁၈၇၂ မတ်လ ၁၅ – ကင်းဝန်မင်းကြီးခေါင်းဆောင်သော လန်ဒန်သွား သံအဖွဲ့ ရွှေတိဂုံကုန်းတော်သို့ တက်ပြီး မြောက်မျက်နှာစရပ်တွင် ဆွမ်းကျွေးသည်။ စေတီတော်အရှေ့ဘက်ရှိ ကျောင်းတော်ရာသို့ သွားကြည့်၏။

၁၈၇၂ ဧပြီလ ၁၁ – အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးက နောက်ထပ်ဘဏ္ဍာထိန်း လူကြီးငါးဦး ခန့်ထားကြောင်း အမိန့်ထုတ်သည်။ လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းပေးသည်။

၁၈၇၄ မတ်လ ၂၆ – ကင်းဝန်မင်းကြီးဦးဆောင်သော ပြင်သစ်ပြည် ပါရီသွားသံအဖွဲ့ စေတီတော်ကိုဝင်၍ ဖူးရင်း ဆွမ်းတော်ကပ်သည်။

၁၈၇၄ စက်တင်ဘာ၂၀ – ကင်းဝန်မင်းကြီး၏ ပါရီပြန်သံအဖွဲ့အပြန် ရန်ကုန်ဝင်ပြီး စေတီတော်ကြီးတွင် တစ်ကြိမ် ဆွမ်းတော်ကြီးကပ်သည်။

၁၈၇၅ ဧပြီလ ၂၉ – ရန်ကုန်ခရိုင် တရားသူကြီးရုံးက ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်ကိုးဦး ခန့်အပ်သည့် ဂေဇက်ထုတ်ပြန်သည်။

၁၈၈၆ ဖေဖော်ဝါရီလ – ရုရှား ပါဠိပညာရှင် မိနေယဲ့ မြန်မာနိုင်ငံသို့ရောက်၍ ရွှေတိဂုံစေတီတော်သို့ အဖူးအမြော် တက်ရောက်သည်။ မှတ်တမ်းရေးသည်။

၁၈၈၈ အောက်တိုဘာလ ၉ – လျှော်လှုပ်၍ ငှက်မြတ်နားနှင့် စိန်ဖူးတော်အောက်သို့ကျသည်။ ရွှဲအထက်မှ အင်္ဂတေများ ကွာကျသည်။

၁၈၈၉ မတ်လ ၁၇ – ၁၈၈၈ ခုနှစ်၊ လျှော်ကြောင့်ပြုတ်ကျသော စိန်ဖူးနှင့် ငှက်မြတ်နားကိုပြင်ဆင်ပြီးနောက် တပေါင်းလပွဲတော်တွင် ပြန်၍တင်လှူသည်။

၁၈၉၈ – မြို့လူထုက မဲဆန္ဒဖြင့် ပထမဆုံးရွေးကောက်သော ဘဏ္ဍာထိန်းအဖွဲ့စတင်ဆောင်ရွက်သည်။

၁၉၀၀ – စေတီတော်ကြီးအား ရွှေပြားသက်န်းကပ်လှူရန် ကြေညာ၍ အလှူရှင်များ ဖိတ်ခေါ်သည်။

၁၉၀၃ မတ်လ ၂ – စေတီတော်ခေါင်းလောင်းပုံ တောင်ဘက်အနားလန်စွန်းတွင် ကျားမတစ်ကောင် တက်နေ၍ ဂေါ်ရာများ လာရောက်ပြီး သေနတ်ဖြင့်ပစ်၍ သတ်ရသည်။

၁၉၀၄ မေလ ၂၆ – စေတီတော်ကိုယ်လုံးပြည့် ရွှေသက်န်းကပ်လှူသည်။

၁၉၀၆ မေလ ၂၆ – ပဉ္စမမြောက် ဂျော့ဘုရင်လောင်း ဝေလမင်းသားနှင့် ကြင်ယာတော် မေရီမင်းသမီး ရွှေတိဂုံကုန်းပေါ် တက်ရောက်ကြည်ညိုသည်။

၁၉၀၈ အောက်တိုဘာလ ၂ – ဘုရားပိုင်မြေကွက်အကျယ် ၄၉.၇၄ ဧက အတွက် အင်္ဂလိပ်အစိုးရက ဂရန်ထုတ်ပေးသည်။

၁၉၁၈ ဖေဖော်ဝါရီလနှင့် ဇွန်လ – သူရိယမဂ္ဂဇင်းတွင် ကာတွန်း ဦးဘကလေးက ဘုရားပေါ်တွင် မျက်နှာဖြူများ ဖိနပ်စီးသည့် အကြောင်းနှင့် ဖိနပ်စီးသည့်ကိစ္စကြောင့် ဝိုင်အမ်ဘီအေအဖွဲ့ကြီး၌ သဘောကွဲပုံကို ကာတွန်း များ ရေးဆွဲ၍သရော်သည်။

၁၉၁၉ ဩဂုတ်လ ၁၉ – လျှော်လှုပ်၍ ငှက်မြတ်နားတိုင် ယိုင်သည်။

www.burmeseclassic.com

၁၉၄၅ ဇန်နဝါရီလ ၁ – ဒုတိယကမ္ဘာစစ်တွင် ဂျပန်ရှုံးနိမ့်တော့မည့် အခြေရှိသဖြင့် နိုင်ငံတော် အဓိပတိ ဘုရားဖူး တက်ပြီး စစ်အောင်နိုင်ရေး ဆုတောင်းသည်။

၁၉၄၅ မတ်လ ၁၇ – ရွှေတိဂုံစေတီ အနောက်ဘက်ကွင်းတွင် မြန်မာ့တပ်မတော်က ရန်သူကိုတိုက်ရန် စစ်ထွက်ပွဲ ပြုလုပ်သည်။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောသည်။

၁၉၄၅ နိုဝင်ဘာ ၁၈ – ဖ-ဆ-ပ-လ မြို့လုံးကျွတ်လူထုအစည်းအဝေးပွဲကြီးကို ကုန်းတော်ပေါ်မှာလုပ်သည်။ လုံးဝ လွတ်လပ်ရေး တောင်းဆိုသည်။

၁၉၄၆ ဇန်နဝါရီလ – ဖ-ဆ-ပ-လ ပြည်လုံးကျွတ်ညီလာခံကို စေတီတော်ကုန်းမြေ အလယ်ပစ္စယံ၌ ကျင်းပရာ ပရိသတ်တစ်သိန်းကျော် တက်ရောက်သည်။

၁၉၄၆ စက်တင်ဘာ – နယ်ချဲ့ကိုဆန့်ကျင်သော အစိုးရအမှုထမ်းပေါင်းစုံ သပိတ်များ ကုန်းတော်ပေါ်၌ စခန်းချသည်။ ပုလိပ်သပိတ်အဖွဲ့လည်း ပါဝင်သည်။

၁၉၇၀ စက်တင်ဘာ ၅/၆ – ငလျင်များလှုပ်သည်။ စေတီတော်ပိန္နဲတိုင်စောင်း၍ ဆည်းလည်းအချို့ ပြုတ်ကျသည်။

၁၉၇၁ မတ်လ ၇ – ယမန်နှစ်အတွင်း ငလျင်ကြောင့် ပိန္နဲတိုင်တိမ်းစောင်းသွားသည်ကို ပြုပြင်ခြင်းနှင့် ထီးတော် စစ်ဆေးခြင်း၊ ၄က်မြတ်နား ပြုပြင်ခြင်း၊ ရွှေပြားနှင့်ရတနာများ၊ ဆည်းလည်းများ လှူဒါန်း ခြင်း ကုသိုလ်အစုစု သိန်း ၁၀၀ ကျော်ဖိုးကို ရင်ပြင်တွင် ရေစက်ချလှူဒါန်းသည်။

၁၉၇၂ ဧပြီ/မေလ – စေတီတော် ပထမ ဖောင်းရစ်အတက်တွင် ၁၉၀၃ ခုနှစ်မှစ၍ ရစ်ကြိမ်မှုခွဲပြီး တစ်ပေပတ် လည် ရွှေပြား ၁၃,၁၅၃ ပြားကပ်လှူထားခဲ့ရာ ကျန်ဖောင်းရစ်အားလုံး ရွှေပြားကပ်လှူနိုင်ရန် အလှူရှင်တို့၏ နောက်ထပ်ရွှေပြား ၁,၁၂၉ ပြား ပူဇော်ဖို့စီစဉ်သည်။ တစ်ပြားလျှင် ခြောက်ကျပ်သားရှိ၍ ကာလတန်ဖိုး ၃၀၀၀ ကျပ်ဖြစ်သော ရွှေပြားများကို မေလဆန်း ၄ ရက်နေ့မှစ၍ ကပ်လှူသည်။

၁၉၇၂-၁၉၇၅ – ၁၉၇၂ ခုနှစ်မှစ၍ စေတီတော် ကြည်းဝန်းအောက် ရှစ်မြောင့်ခိုနန်းချိုးမှစတင် အင်္ဂတေ များကွာခဲ့ရာ အောက်ခံအုတ်ရိုးများကျိုးပြီး အက်ကွဲကြောင်းကြီးများကို တွေ့ရှိရသဖြင့် စေတီတော်အရှည်တည်တံ့ရေးအလို့ငှာ အဆိုပါအပိုင်းကို အင်္ဂတေသက်န်းတော် ကပ်လှူ သည်။ အင်္ဂတေသက်န်းမကပ်မီ စေတီတော်အတွင်းပိုင်း၌ ဂလိုင်များ ဖြစ်ပေါ်နေသည်ကို တွေ့ရသဖြင့် ပညာရှင်များ အကူအညီယူကာ ဘိလပ်မြေနှင့် ရေရော၍ ဂရောက်စက်ဖြင့် ဘိလပ်မြေ အိတ် ၄၀၀၀ ဖြည့်သွင်းသည်။ အင်္ဂတေသက်န်းတော်အတွက် ဘိလပ်မြေအိတ် ၆၀၀၀ အသုံးပြုရသည်။ ညောင်၊ ပေါင်း ရှင်းလင်းရေးကို ဆက်လက်ဆောင်ရွက်သည်။

၁၉၈၁ နောက်ပိုင်း – ဗုဒ္ဓကယန္တီ ဗုဒ္ဓဝင်ပြခန်း
၁၃၄၃ ခု၊ ကဆုန်လဆန်း (၅)ရက်၊ နှစ်ဆန်း (၁)ရက်နေ့ ၁၇-၄-၁၉၈၁ တွင် ဆောက် လုပ်ပြီးစီးသည်။ ပြခန်းပေါင်း ၂၈ ခန်းရှိသည်။ သင်္ဂါယနာတင် သမိုင်းပန်းချီကားချပ်များမှာ ထင်ရှားသည်။ စုစုပေါင်း သိန်း (၁၅၀) ဖြစ်သည်။

၁၉၉၁ – ရွှေတိဂုံတောင်ဘက်စောင်းတန်းနှင့် အရှေ့ဘက်စောင်းတန်းတို့ကို လုံးဝအသစ်ထပ်မံပြုပြင် သည်။ ခေတ်မီဓာတ်လှေကားအသစ်များ တပ်ဆင်သည်။ အနောက်ဘက် ဆောင်းတန်း တိုင်ကြီးများကို မှန်စီရွှေချသည်။

သိဂ္ဂုတ္တရဉယျာဉ်တော်

ရွှေတိဂုံစေတီတော်အနောက်ဘက်တွင် တည်ရှိပြီး နှစ်ကျိပ်ရှစ်ဆူသော ဘုရားမြတ်စွာတို့၏ ပွင့်တော်မူရာ ဗောဓိပင်များ စသည်တို့ဖြင့် မွမ်းမံထားပါသည်။

အနောက်ဘက်စောင်းတန်းတွင် ရွှေလျှားစက်လှေကားဖြင့် တပ်ဆင်ထားပြီးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၁၉ အောက်တိုဘာလ ၂၉ – ဘုရားစေတီများတွင် ဖိနပ်မစီးရဟု အင်္ဂလိပ်အစိုးရက အမိန့်ထုတ်ပြန်သည်။ သို့ရာတွင် တာဝန်အရ သွားရောက်လျှင် စီးနိုင်သည်ဟု ခြွင်းချက်ပါရှိသည်။

၁၉၁၉ အောက်တိုဘာ ၂၉ – အင်္ဂလိပ်စစ်တပ်များ ဘုရားကုန်းတော်ပေါ်မှ ပြောင်းရွှေ့သွားရန် စပြီးအရေးဆိုသည်။

၁၉၂၀ ဒီဇင်ဘာလ ၅ – ရန်ကုန်ကောလိပ်မှ သပိတ်မှောက်ကျောင်းသားများ ဘုရားအရှေ့ဘက်၊ ဇဟာန်း ဦးအရိယ ကျောင်းတိုက်၌ စခန်းချသည်။

၁၉၂၀ ဒီဇင်ဘာလ ၁၂ – အင်္ဂလိပ်အတိုက်ခံ လေဘာပါတီ အမတ်ကာနယ်ဝက်ဂျ်ဝုဒ် ဇနီးမောင်နှံ ဘုရားပေါ်သို့ ဖိနပ်ချွတ်တက်သည်။ ကောလိပ်သပိတ်မှောက် ကျောင်းသားများနှင့် တွေ့ဆုံဆွေးနွေးသည်။

၁၉၂၁ မတ်လ ၁၆–၂၃ – ၁၉၁၉ ခု၊ လျှင်ကြောင့်ပျက်စီးသော ငှက်မြတ်နားကိုပြုပြင်ပြီး၊ အသစ်တင်လှူပွဲ ပြုလုပ်သည်။ ဆရာလင်း မော်ကွန်းရေးသည်။

၁၉၂၉ ဇန်နဝါရီလ ၂၂ – ကုန်းတော်ပေါ်မှ အင်္ဂလိပ် စစ်သရှိုင်းကို ကန်တော်မင် အင်္ဂလိပ်သရှိုင်းသို့ အခမ်းအနားဖြင့် ပြောင်းသည်။

၁၉၂၉ နိုဝင်ဘာလ ၂၇ – ဘဏ္ဍာတော်ထိန်းအဖွဲ့က လက်မှတ်ထိုး၍ ဘုရင်ခံနှင့် ဘုရားလူကြီးတို့စစ်တပ်ပြောင်းရေး သဘောတူညီချက်ကို ကြေညာသည်။

၁၉၂၉ နိုဝဘာလ ၂၉ – အင်္ဂလိပ်စစ်တပ်များ ကုန်းတော်ပေါ်မှအပြီးအပိုင် ရွှေ့ပေးသည်။

၁၉၃၀ ဖေဖော်ရီလ ၈ – အရှင်ဦးဝိစာရ၏ အလောင်းတော်ကို အနောက်ဘက်မုခ်အနီးတွင် ပြည်သူတို့ မီးသဂြိုလ်သည်။

၁၉၃၀ မတ်လ ၂ – စစ်တပ်များရှိစဉ်က ပြည်သူပြည်သားများ တက်ခွင့်မရခဲ့သော အနောက်ဘက် ဆောင်းတန်းကြီးကို သံဃာအပါး ၄၀၀၀ အား ဆွမ်းကျွေး၍ ဖွင့်သည်။ မဏ္ဍပ် ၁၃၀ ကျော်ဖြင့် ကျွေးမွေးဧည့်ခံသည်။

၁၉၃၀ မေလ ၅ – လျှင်ကြီးလှုပ်၍ ငှက်မြတ်နားတိုင် ကျိုးကျပြီး စိန်ဖူးတော် တွဲလွဲကျသည်။

၁၉၃၀ ဇူလိုင်လ ၂၀ – ဦးစံထွန်းတန်ဆောင်းတွင် ဒို့ဗမာသီချင်းဆိုပွဲပြုလုပ်ရာ ဝိုင်အမ်ဘီဆရာတင်က တိုင်ပေး၏။

၁၉၃၀ စက်တင်ဘာလ ... – ကုန်းတော်ပေါ်မှာ လူငယ်များ ၅၀၀၀ကျော် စုဝေးပြီး အစည်းအရုံးဖွဲ့သည်။

၁၉၃၁ မတ်လ ၆ – ကုန်းတော်ပေါ်မှာ မီးကြီးလောင်သည်။ အဖိုးတန်လက်ရာများနှင့် တန်ဆောင်း ၂၀ကျော် မီးထဲပါသွားပြီး သိန်း ၂၀ ဖိုးဆုံးရှုံးသည်။

၁၉၃၁ ဧပြီလ ၃၀ – ၁၉၃၀၊ လျှင်ကြောင့်ပျက်စီးသော စိန်ဖူးတော်ကို ပြုပြင်ပြီး၍ ပြန်လည်ကပ်လှူသည်။ လယ်တီပဏ္ဍိတဦးမောင်ကြီး သြဘာရတုရေး၏။

၁၉၃၂ ဇူလိုင်လ ၁၀ – အနောက်ဘက်မုခ် ဆောင်းတန်းကိုဆောက်ရန် အလယ်တောရဆရာတော် အုတ်မြစ်ချသည်။

၁၉၃၅ ... ... – စေတီဖိနပ်တော်ရင်းပတ်လည်တွင် ဂေါပကလူကြီး ဦးဘသော်နှင့် ဒေါ်သဲမေတို့က သံစည်းရိုးကာရန် လှူဒါန်းသည်။

၁၉၃၆ ဖေဖော်ဝ ၂၅ – တက္ကသိုလ် သပိတ်မှောက်ကျောင်းသားများ ကုန်းပေါ်တက်၍ သပိတ်စခန်းချသည်။

၁၉၃၉ ဇန်နဝါ ၈ – ရေနံမြေသပိတ်မှောက် အလုပ်သမားများနှင့် ရန်ကုန်ဝန်းကျင်မှ သပိတ်သမား များ – ရွှေတိဂုံကုန်းတော်ကို ဗဟိုပြု၍ စခန်းချသည်။

၁၉၃၉ ဇန်နဝါရီလ ၉ – ကုန်းတော်ပေါ်တွင် နယ်ချဲ့ဆန့်ကျင်ရေး လူထုအစည်းအဝေးပွဲကြီး လုပ်သည်။ ၁၃၀၀ပြည့် အရေးတော်ပုံကာလဖြစ်သည်။

၁၉၃၉ ဇန်နဝါရီလ ၂၃ – တောင်ဘက်ဆောင်းတန်းရှိ မော်လမြိုင်ဇရပ်တွင်ဖွင့်လှစ်ထားသော ဒို့ဗမာအစည်းအရုံး ဌာနချုပ်သို့ ပုလိပ်မင်းကြီး ပရက်စကော့နှင့်အဖွဲ့ ဖိနပ်စီး၍တက်ရာ ပြင်းထန်စွာ ကန့်ကွက်ကြသည်။

၁၉၃၉ ဇွန်လ ၂၂ – လက်ရှိရွှေတိဂုံစေတီတော် ဥပဒေကို တရားလွှတ်တော်က အတည်ပြုဌာန်းပေးသည်။

၁၉၄၂ ဒီဇင်ဘာလ ၉ – ဂျပန်စစ်သေနာပတိနှင့် မြန်မာဝန်ကြီးချုပ် ကုန်းတော်ပေါ်တက်၍ ဖူးပြီး စစ်အောင်နိုင်ရေး အတွက် ဆွမ်းကျွေးသည်။

၁၉၄၃ ဩဂုတ်လ ၁ – နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော် ဘုရားဖူးတက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျမ်းကိုးစာရင်း

၁။ မောင်ဆုရှင် "မြတ်စွာဘုရား ရွှေတိဂုံ" စာပေဗိမာန်၊ ၁၉၇၂ ခု။

၂။ ဆရာတော် ဦးဝံသအဂ္ဂ၊ "ရွှေတိဂုံသမိုင်းသစ်"၊ ဟံသာဝတီ၊ ၁၉၆၃ ခု၊ ဒီဇင်ဘာလ (ပ) နှိပ်။

၃။ ရွှေတိဂုံစေတီတော်ကြီး၏ သမိုင်းအကျဉ်းချုပ်၊ ဗုဒ္ဓသာသနာအဖွဲ့။ ကောဇာ ၁၃၃၂။

၄။ ချစ်သိန်း၊ ဦး။ **ရှေးဟောင်းမွန်ကျောက်စာပေါင်းချုပ်** ပြည်ထောင်စုယဉ်ကျေးမှုဌာန၊ ရှေးဟောင်းသုတေသနဌာနခွဲ၊ ရန်ကုန်။ ၁၉၆၅

၅။ နတ်မောက် ဘုန်းကျော်။ **အင်္ဂလိပ် မြန်မာစစ်သမိုင်း** ပုဂံစာအုပ်တိုက်၊ ရန်ကုန်။ ၁၉၆၆

၆။ **ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး ဥပဒေလက်စွဲ** ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၄၁

၇။ သော်ဇင်၊ ဦး။ **ရွှေဒဂုံဘုရား** စာပုလွေတိုက်၊ ၁၁၆/၇ ရန်ကင်း၊ ရန်ကုန်။ ၁၉၇၀

၈။ ရွှေနော်၊ ဦး။ **မွန်ရာဇဝင်စေတီတော်နှင့် သမိုင်းပေါင်းချုပ်** ဟံသာဝတီ သတင်းစာတိုက်၊ ရန်ကုန်

၉။ လူဖေဝင်း၊ ဦး။ **ရွှေတိဂုံ မွန်ကျောက်စာနှင့် ရတနာစကြံ မွန်ကျောက်စာ** ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်။ ၁၉၅၈

၁၀။ ဝံသအဂ္ဂ၊ ဆရာတော်၊ ဦး။ **ရွှေတိဂုံသမိုင်းသစ်** ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၆၃

၁၁။ သိန်း၊ မှော်ဘီဆရာ။ **ရှေးဖြစ်စာတန်း (ဒုတိယနှိပ်ခြင်း)** အေးအေးစာပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၆၈

၁၂။ သိမ်းမောင်၊ ဦး။ **ရန်ကုန်ရာဇဝင်သမိုင်း** ဓွဲစာပေရိပ်မြုံ၊ ရန်ကုန်။ ၁၉၆၂

၁၃။ သက်တင်၊ ဦး။ **ရွှေမော်ဓောသမိုင်း** စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၅၅

www.burmeseclassic.com

www.burmeseclassic.com

၁၄။ သွင်၊ ရတနာ၊ ဦး။ — **ရွှေတိဂုံသမိုင်းချုပ်နှင့် ထီးတော်အကြောင်းသိကောင်းစရာ**
(ပဥ္စမနှိပ်ခြင်း)၊ ရတနာဦးတွင် ဆေးရောင်စုံပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၇၁

၁၅။ အာဒိစ္စရံသီ၊ အရှင်။ — **ရွှေတိဂုံသမိုင်းတော်သစ်**
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၇

၁၆။ နိုင်ပန်းလှ — **"ရွှေတိဂုံ မှန်ကျောက်စာ"**
ယဉ်ကျေးမှုစာစောင်၊ ၁၉၅၆ ခု၊ မတ်လ။

၁၇။ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန — **(ရွှေတိဂုံသုတေသနစာစောင် အမှတ် ၁) ၁၉၈၀ စာပေဗိမာန်**

၁၈။ ရွှေမင်းဝန် ဦးဘုန်းမြင့် — **မြတ်ရွှေတိဂုံသမိုင်းနှင့် မှတ်သားဖွယ်ရာများ**
စန်းစန်းရီ၊ပိဋကတ်ရောင်ခြည် စာအုပ်ဆိုင်၊ ရွှေတိဂုံ တောင်ဘက်မုခ်၊ ရန်ကုန်မြို့။ (၁၉၇၂)

၁၉။ နဂါးဗိုလ် ထိပ်တင်ဒွေး — **ရန်ကုန်ရာဇဝင်**
ဘားမင်းသတင်းစာတိုက် (၁၉၅၄)

၂၀။ ဦးပု — **ရွှေတိဂုံအခြေခံသမိုင်း**
ခေတ်ရှေ့ဆောင်စာပေ ၁၉၇၀

၂၁။ ပါဠိဆရာ ဆရာသွင် — **ရွှေတိဂုံစေတီတော်ကြီးသမိုင်းချုပ်၊**
မင်္ဂလာတိုင်း စာပုံနှိပ်တိုက် ၁၉၃၇

၂၂။ ရန်ကုန်မြို့ — **ဓမ္မရက္ခိတကုန်း မဟာဝိဇယစေတီတော် သမိုင်းအကျဉ်း**
သာသနာရေး ဦးစီးဌာန၊ ၁၉၈၉

၂၃။ မင်းသော်တာ — **ထူးမြတ်သော ရွှေတိဂုံအောင်မြေမှ အံ့ဖွယ်ကိုး**
မင်းသော်တာစာပေ ၁၉၉၁

၂၄။ ဦးညဏ်မြင့် — **လေးဆူဓါတ်ပုံရွှေတိဂုံ**
ရွှေတိဂုံဘုရား ဂေါပကအဖွဲ့

အင်္ဂလိပ်ဘာသာကျမ်း

1. Aung Than,U — *Shwedagon - The Sacred Shrine.*
The Superintendent, Govt. Printing and Stationery, Burma, 1949.

2. Biggs, T. H. — *The Shwedagon Pagoda, Rangoon.*
A Hanthawaddy Publication, 1963. (First published 1895)

3. Nai Pan Hla — *The Great Shwedagon Pagoda.*
The Working Peoples' Daily Sunday Supplement (9-4-72)

www.burmeseclassic.com

www.burmeseclassic.com

4. Pearn, B.R. — *A History of Rangoon.*
American Baptist Mission Press, Rangoon, 1939.

5. Pe Maung Tin — *"The Shwedagon Pagoda."*
Journal of the Burma Research Society. Vol. XXIV, Part 1 (1934).

6. Win Pe — *Shwedagon.*
Printing And Publishing Corporation, Rangoon- 1972

7. Ma Tin Yee — *The Golden Shwedagon.*
Ma Khin Tint publishing House 1984

8. Dr. R.L. Soni — *The Shwedagon.:*
The Cultural Lighthouse Of Burma. The World Institute Of Buddhist Culture, 1954.

ထိုင်ပါဠိရှေးသားအရ
ယာဝံသ၊ အာဒိနှင့်သိ၊ ပုဂ္ဂိုလ်သူမြတ်ဆည်၊ ဟံသာဝတိပ်
ဗွေ၊ ကောသွဲဥဇော်မြတ်၊ ၄ ဆူဓာတ်ပုံ၊ ရွှေတိဂုံ
စေတီတော်ကြီး၏အာဒိကမ္ဘကား၊ ဆံတော်ကို
ဌာပနာသည်မှ၊ ပဉ္စမသင်္ဂါယနာတွင်
ဘဝသျှင်ဖြင်းမြတ်၊ ထီးတင်သည့်ကျ
အောင်ပြည့်ဆိုစီရင်ရေးသား
အပ်သော

ရွှေတိဂုံမြည်သမိုင်းတော်သစ်။

ရန်ကုန်မြို့၊
ဟံသာဝတီသတင်းစာပုံနှိပ်တိုက်ကနှိပ်သည်
၁၉၂၃-ခုနှစ်၊

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော်မြတ်ကြီး
ဘက်စုံမွမ်းမံရေး အလှူခံနှိုးဆော်စာ

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင် သူတော်စဉ်အပေါင်းတို့၏ အားကိုး အားထား ပူဇော်ဆည်းကပ်ရာ စေတီတော်မြတ်ကြီးဖြစ်ပါသည်။ ထိုစေတီတော်မြတ်ကြီးအား ခေတ်အဆက်ဆက် သောမင်းနှင့် ပြည်သူတို့ မွမ်းမံတည်ထောင်လာခဲ့ရာ နောက်ဆုံးပြုပြင်မွမ်းမံခဲ့သည့်နှစ် နှစ်ပေါင်း ၁၂၅ နှစ်ကျော်ပြီဖြစ်သည်။ ယခုတစ်ကြိမ် ဘက်စုံမွမ်းမံမှုများပြုလုပ်လျက်ရှိရာ ဦးစားပေးလုပ်ဆောင်ရန် လျာထားသတ်မှတ်ထားသည့် လုပ်ငန်းကြီး ၃၄ ရပ်အနက်မှ လုပ်ငန်းကြီးကိုးရပ်ကို ပထမအဆင့်အဖြစ် မွမ်းမံပြင်ဆင်ပါမည်။

- စေတီတော်ကြီးရွှေသင်္ကန်းကပ်လှူခြင်း၊ ကျပ်သိန်းသုံးရာ၊
- အရှေ့ဘက်စောင်းတန်းတော်ကြီး၊ ကျပ်သိန်းနှစ်ထောင့်နှစ်ရာ
- တောင်ဘက်စောင်းတန်းတော်ကြီး၊ ကျပ်သိန်းနှစ်ထောင်
- အရှေ့ဘက်နှင့် တောင်ဘက်ခေတ်မီဓာတ်လှေကားကြီးလေးစင်း၊ ကျပ်သိန်းနှစ်ထောင့်နှစ်ရာ
- အနောက်ဘက်စောင်းတန်းတော်ကြီးမှန်စီရွှေချခြင်း၊ ကျပ်သိန်းတစ်ရာငါးဆယ်
- အနောက်ဘက်စောင်းတန်းတော်ကြီးညှို့ကြိုဆောင်တည်ဆောက်ခြင်း၊ ကျပ်သိန်းတစ်ရာ၊
- ရင်ပြင်တော်ကျောက်ပြားခင်းခြင်း ၊ ကျပ်သိန်းတစ်ရာနှစ်ဆယ်၊
- ဂူဟ်တိုင်နှင့် ဆီမီးခုံများပြုပြင်ခြင်း၊ ကျပ်သိန်းသုံးဆယ်၊
- သိင်္ဂုတ္တရဉယျာဉ်တော်ကြီးပြန်လည်မွမ်းမံခြင်း၊ ကျပ်သိန်းငါးဆယ်၊

စုစုပေါင်း သိန်းပေါင်းခြောက်ထောင်တစ်ရာငါးဆယ်သိန်းကုန်ကျပါမည်။

ဘက်စုံလုပ်ငန်းများစတင်သည့် ၁-၆-၉၅ ရက်မှ ၃၁-၅-၉၆ ရက်အထိ စေတနာရှင်ပြည်သူများက ကျပ်သိန်း ပေါင်း သုံးထောင်လေးရာလေးဆယ့်လေးသိန်းကျော်လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။

ဘက်စုံလုပ်ငန်းများ အရှိန်အဟုန်မပျက် တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင် သူတော်စဉ်အပေါင်းတို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်၍ ဖြစ်စေ (သို့မဟုတ်) ရွှေတိဂုံ ဂေါပကအဖွဲ့သို့ လိပ်မူ၍ ငွေတစ်ဆယ်ကျပ်မှ တစ်ရာ၊ တစ်ထောင်၊တစ်သောင်း၊ တစ်သိန်းအထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဒဂုံစာတိုက် မှတစ်ဆင့် ငွေလွှဲစာဖြင့်ဖြစ်စေ ပေးပို့လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ထာဝရ
ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး
ဦးစီးကော်မတီ

www.burmeseclassic.com

www.burmeseclassic.com

မပြီးဆုံးသေးသောနိဂုံး

ဤရှည်လျားသော ဘုရားမြတ်ရွှေတိဂုံပုံတော်သမိုင်းစာအုပ်တွဲကို ပြုစုရာတွင်

- အမျိုးသားစာကြည့်တိုက်
- ဘက္ကသိုလ်များစာကြည့်တိုက်
- စာပေဗိမာန်စာကြည့်တိုက် တို့အပြင်

ဗြိတိသျှသမိုင်းစာကြည့်တိုက်၌ ရှိနေသော ဗြိတိသျှလက်ထက်ထုတ်ဝေခဲ့သည့် ရွှေတိဂုံနှင့်ပတ်သက်သမျှ စာအုပ်အားလုံးကို ပါရှိအောင် ကြိုးစားရှာဖွေကိုးကားပါသည်။

ယင်းစာအုပ်များတွင်ပါရှိသော အထောက်အထားအားလုံးပါရှိအောင် ကြိုးစားစုဆောင်းပါသည်။ စာရေးသူတို့၏ ကိုယ်ပိုင်အယူအဆ အတွေးအခေါ်များ မပါစေဘဲ ရှေးပညာရှိများရေးသားပြုစုခဲ့သမျှကို ပြန်လည်ဖော်ပြပါသည်။

ရွှေတိဂုံစေတီတော်ကို အနောက်တိုင်းပညာရှင်များက ပြည်သူလူထု၏ငွေကြေးစေတနာဖြင့် တည်ဆောက်ထားသော သက်ရှိပြတိုက်ဟုဆိုသည့်အတိုင်း ပြည်သူတို့၏ကြိုးစားမှုအစုစုကို သမိုင်းဝင်ဓာတ်ပုံ၊ ရုပ်ပုံများဖြင့် စုဆောင်းဖော်ပြထားပါသည်။

ရှေးအစဉ်အဆက် ရွှေတိဂုံနှင့်ပတ်သက်သမျှ ရေးသားခဲ့ကြသော ပညာရှင်တို့ကို ဂါရဝပြုပါသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရလက်ထက်တွင် တည်ဆောက်ခဲ့သော တည်ဆောက်မှုများမှာ အံ့မခန်းစရာ ရှိပါသည်။ ဤကာလမှ အလှူရှင်များနှင့် ဦးဆောင်သူများ ဗိသုကာများ အင်ဂျင်နီယာများ ပန်းချီပန်းပုပညာရှင်အားလုံးကို စာတင်ရန်မလွယ်သေးပါ။ သက်ဆိုင်ရာဌာနမှ သီးသန့်စာအုပ်ထွက်ပေါ်လာပါလိမ့်မည်ဟု မျှော်လင့်ပါသည်။

ရွှေတိဂုံစေတီတော်ကြီး တည်ဆောက်ရာတွင် ဦးစီးဦးဆောင်ပြုခဲ့ကြသော ဂေါပကလူကြီးအားလုံးနှင့် ဦးစီးဦးဆောင်ပြုခဲ့သူအားလုံးကို ရိုသေစွာ ဂါရဝပြုပါ၏။

စာရှုသူများကို အထူးလေးစားလျက်

စာရေးသူများ



၁၈-၉-၉၆ ရက်က စည်ကားသိုက်မြိုက် ခမ်းနားတည်ဝါစွာ ဆင်ယင်ကျင်းပခဲ့သော ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ဦး ရွှေစောင်းတန်းတော်ကြီး ဖွင့်ပွဲ မဟာမင်္ဂလာ အခမ်းအနားမှ မြင်ကွင်းတစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com

တင်ရွှေစာအုပ်တိုက်တွင် ရရှိနိုင်သော စာအုပ်များ

အောက်တိုဘာလ ၁၉၉၆ ရရှိနိုင်သောစာအုပ်များ

(၁) အသက်လေးဆယ်ကျော်လျှင် (ဒုတိယအကြိမ်)
ရဟန်းသံဃာတော်များ လူကြီးမိဘများအားကန်တော့ရန်
အကြံပြုလိုသောစာအုပ် ၁၈၀ ကျပ်

(၂) အထွေထွေဗဟုသုတ လေ့လာနည်းပညာ
ပထမတွဲ အထက်တန်းကျောင်းသူကျောင်းသားများအတွက် ၁၂၀ ကျပ်
ဒုတိယတွဲ တက္ကသိုလ်ကျောင်းသားများအတွက် ၁၅၀ ကျပ်

(၃) နိုင်ငံတကာအင်္ဂလိပ်စာ TOFEL စာမေးပွဲအတွက်အဓိက
ပထမတွဲ ၅၀ ကျပ်
ဒုတိယတွဲ လေ့ကျင့်ခန်းများ ၃၀ ကျပ်

(၄) အခြေခံကုထုံးကုနည်းများ
TEXT BOOK OF INTERNAL MEDICINE အဆီအနှစ်
ပထမတွဲ ၁၃၀ ကျပ်
ဒုတိယတွဲ ၁၃၀ ကျပ်

(၅) လက်တွေ့အသုံးချ အဆင့်မြင့်ဗိုမပညာ
ဒုတိယအကြိမ် ဖြည့်စွက်ချက်များနှင့်အတူ
ဆရာစားမကျန်အောင် နိုင်ငံတကာစာပေမှ ပြည့်ပြည့်စုံစုံ
ကောက်နုတ်ချက် ဖော်ပြထားပါသည်။
ပထမတွဲ ၁၂၀ ကျပ်
ဒုတိယတွဲ ၁၅၀ ကျပ်

(၆) သင့်ရင်သွေးမွေးစမှ အရွယ်ရောက်ချိန်အထိ တွေ့ရတတ်သော
ပြဿနာအဖုံဖုံနှင့် အဖြေလွှာပေါင်းချုပ်
ပထမတွဲ တစ်နှစ်အောက်ကလေးများအတွက် ၁၀၀ ကျပ်
ဒုတိယတွဲတစ်နှစ်အထက်ကလေးများအတွက် ၁၀၀ ကျပ်

(၇) လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ
ပထမတွဲ ဆစ်ဖလစ်ဂနိုးရီးယားစသည် ၁,၃၀ ကျပ်
ဒုတိယတွဲ အေအိုင်ဒီအက်စ်၊ အသားဝါအသည်းရောင်၊ လိင်တံဆာမှ
ကြွက်နို့စသည့် ခေတ်ပေါ်ရောဂါများ ၁၂၀ ကျပ်

(၈) စတုတ္ထအကြိမ် စာတစ်အုပ်လုံးကို အသစ်ပြန်ရေးထားပါသည်။
နိုင်ငံတကာအဆင့်ဉာဏ်စမ်းပဟေဠိ ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

(၉) ကမ္ဘာ့အမြင့်ဆုံး [illegible]
၁၁ + ၁၂ ကွန်ပျူတာသင်တန်း ဝင်ခွင့်စာမေးပွဲအတွက်
ကြိုတင်လေ့ကျင့်ရန် အကြံပြုလိုသော မေးခွန်းများနှင့် အဖြေပေါင်းချုပ် — ၆၅ ကျပ်

(၁၀) ဉာဏ်စမ်းပဟေဠိပေါင်းချုပ် I.Q
အထူးကြော်ငြာစရာမလိုသော အလုပ်ခွင်နှင့်ဝင်ခွင့်
စာမေးပွဲများအတွက်အထူး — ၁၄၀ ကျပ်

(၁၁) ငှက်ဖျားရောဂါ (တတိယအကြိမ်) ကျေးလက်ကျန်းမာရေး
လုပ်သားမှ ဆေးကျောင်းသားများအဆင့်အထိ မှီငြမ်းကိုးကားစရာ
လက်တွေ့အသုံးချ WHO 1991 Guid စာတမ်းအပါအဝင် — ၁၄၀ ကျပ်

(၁၂) အရေပြားရောဂါများ (တတိယအကြိမ်) ရုပ်ပုံတစ်ရာကျော်ဖြင့်
ကျန်းမာရေးလုပ်သားများ + ဝေဒနာရှင်များ မှီငြမ်းစရာ — ၉၀ ကျပ်

(၁၃) လက်တွေ့အသုံးချဆေးဝါးဗေဒ
ESSENTIAL DRUGS များအကြောင်း ပြည့်ပြည့်စုံစုံ — ၁၃၀ ကျပ်

(၁၄) မြတ်ဗုဒ္ဓသာသနာ ပုံတော်သမိုင်း
ဆရာတော်များ၊ မိဘဆရာသမားတို့အား ကန်တော့ရန်
အကြံပြုလိုသော စာတွဲ
(အမှတ် ၁ မှ ၇ တွဲအထိ) — ၄၈ ကျပ်

ပထမတွဲ — ဗုဒ္ဓဝင်
ဒုတိယတွဲ — ဘုရား + တရား + သံဃာဗုဒ္ဓသာသနာ အရေးတော်ပုံ
တတိယတွဲ — အိန္ဒိယနိုင်ငံမှ စေတီပုထိုးများ
စတုတ္ထတွဲ — တရုတ်နိုင်ငံ + မဟာယာန ဗုဒ္ဓဘာသာ
ပဉ္စမတွဲ — တောင်နှင့် မြောက်ကိုရီးယားနိုင်ငံများ
ဆဋ္ဌမတွဲ — ဂျပန်နိုင်ငံ
သတ္တမတွဲ — တိဗက်နှင့် တန္တဗုဒ္ဓဘာသာ
အဋ္ဌမတွဲ — နီပေါနိုင်ငံ (အမှတ် ၈ မှ ၁၅ တွဲအထိ) — ၆၅ ကျပ်
နဝမတွဲ — ဘူတန်နှင့် အခြားတန္တရဗုဒ္ဓဘာသာထွန်းကားရာနိုင်ငံများ
ဒသမတွဲ — အိန္ဒိယနိုင်ငံတောင်ပိုင်းဗေဒ

- စာတစ်အုပ်ပင် ဖြစ်ပါစေ။
စာအုပ်မှာကြားသူများထံ စာတိုက်မှတစ်ဆင့် VPP ဖြင့် အိမ်တိုင်ရာရောက်
ပို့ပေးပါသည်။
- ဝယ်ယူပြီး စာအုပ်အပေါ် ကျေနပ်မှုမရှိပါက တိုက်တွင် လဲလှယ်နိုင်ပါသည်။

စာတိုက်ပို့စရိတ်ကြီးမြင့်ပါ၍ ယာယီကာလ၌ DISCOUNT မပေးပါ။

တင်ရွှေစာပေ
၃၉၊ ဦးကြွယ်ဟိုးလမ်း
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖုန်း- ၅၃၁၈၁၅

www.burmeseclassic.com

www.burmeseclassic.com

အတွဲ ၁၄ ပထမမြန်မာနိုင်ငံ တည်ထောင်စဉ်ကာလ
ထေရဝါဒဗုဒ္ဓသာသနာတော် စတင်ထွန်းကားစဉ်ကာလ
ပုဂံရွှေမြို့တော်အကြောင်း ပြည့်ပြည့်စုံစုံ
အတွဲ ၁၅ ထိုင်းနိုင်ငံ ထေရဝါဒစတင်ထွန်းကားစဉ်ကာလ
စုခိုထိုင်းမြို့တော်ဟောင်း (စုက္ကတေး)
အတွဲ ၁၆ ကမ္ဘောဒီးယားနိုင်ငံ ၇၅ ကျပ်
အတွဲ ၁၇ မြန်မာနိုင်ငံ- ရှမ်း၊ ရခိုင်၊ စစ်ကိုင်း၊ အင်းဝ၊ ပင်းယ ၉၀ ကျပ်
အတွဲ ၁၈ ထိုင်းနိုင်ငံ ဇင်းမယ်ဒေသ ၁၀၀ ကျပ်
အတွဲ ၁၉ လောနိုင်ငံ၌ ဗုဒ္ဓရုပ်ပွားကိုးကွယ်မှုသမိုင်း ၁၀၀ ကျပ်
အတွဲ ၂၀ ဗီယက်နမ်နိုင်ငံနှင့် တိုင်ဝမ်နိုင်ငံ (နောက်ဆုံးတွဲ) ၁၀၀ ကျပ်
အတွဲစုံ - ၁၃၄၅ ကျပ်

(၁၅) ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသ
သံဝေဂရဖွယ်ရာ သံဝေဇနိယဌာနအားလုံးက ဆေးရောင်စုံ
ပုံတော် ၅၀ ကျော်ဖြင့် ဟန်ဆာဆင်လျက် ဘုရားဖူးအလည်ခရီး ၆၀ ကျပ်
(၁၆) ဆီးချိုရောဂါ ဝေဒနာရှင်တစ်ယောက်အနေဖြင့် သိကောင်းစရာ
ပြည့်ပြည့်စုံစုံ (ဒုတိယအကြိမ် ချဲ့ထွင်ပုံနှိပ်ခြင်း) ၁၆၀ ကျပ်
(၁၇) တစ်သက်မခွဲ ရွှေလက်တွဲလိုလျှင် ဒုတိယအကြိမ် ပုံနှိပ်ချဲ့ထွင်ပုံနှိပ်ခြင်း။
ချစ်မိပြီးသူတိုင်းနှင့် ဤတစ်သက်ပြန်မကွဲရအောင် လိုက်နာသင့်သော
စဉ်းစားသင့်သော အချက်အလက်များ
မင်္ဂလာဆောင်လက်ဖွဲ့ရန် အကြံပြုလိုသောစာအုပ်
ပထမတွဲ အမျိုးသမီးများအတွက် ၁၀၀ ကျပ်
ဒုတိယတွဲ အမျိုးသားများအတွက် ၁၂၀ ကျပ်
(၁၈) မျက်နှာ၏ လျှို့ဝှက်ချက်များ
ဘာသာ ၁၂ မျိုးသို့ ပြန်ဆိုပြီးသော တရုတ်ရှေးကျမ်းမြန်မာပြန်
ဒုတိယအကြိမ် ပြန်လည်ဖြည့်စွက်ချက်များနှင့်အတူ ၆၀ ကျပ်
(၁၉) အင်္ဂလိပ်-မြန်မာ ဆေးပညာအဘိဓာန် (ဦးကောင်းညွှန့်)
ရှားပါးဖြစ်နေသောစာအုပ် ဆေးပညာလေ့လာသူများအတွက်အထူး ၂၀၀ ကျပ်
(၂၀) သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းအမျိုးမျိုး
သွေးတိုးဝေဒနာရှင်များ လေဖြတ်ခံရပြီးသူများနှင့် အလွှာအသီးသီးမှ
ကျန်းမာရေးလုပ်သားများအတွက်အထူး ၁၄၀ ကျပ်
(၂၁) နှလုံးသွေးကြောကျဉ်းရောဂါစု
ယနေ့လူသားတို့ကို အများဆုံးဒုက္ခပေးလာသော
ရောဂါအကြောင်း ပြည့်ပြည့်စုံစုံ ၁၄၀ ကျပ်
(၂၂) အဆစ်အမြစ်ကိုက်ရောဂါများ
တတိယအကြိမ် ချဲ့ထွင်ပုံနှိပ်ခြင်း ၁၂၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

(၂၃) အမျိုးသမီးတို့ဓမ္မတာ NORMAL MENSURATION
ဖြိတ်နိ်နိုင်ငံ သားဖွားမီးယပ်ပါမောက္ခ ရေးသားပြုစုသော
အမျိုးသမီးများ လက်စွဲစာအုပ် ဘာသာပြန် ၆၀ ကျပ်

(၂၄) သားသမီးရတနာထွန်းကားလိုလျှင် ၁၂၀ ကျပ်
သားသမီးရတနာထွန်းလိုသော မိသားစုအတွက်
ရုပ်ပုံကားချပ်များနှင့်ပြည့်ပြည့်စုံစုံ ၁၂၀ ကျပ်

(၂၅) ပဋိသန္ဓေတားနည်းပေါင်းချုပ် ၁၂၀ ကျပ်
အထူးကြေ်ငြာစရာမလိုသော်
မင်္ဂလာလက်ဖွဲ့ရန် အကောင်းဆုံးစာအုပ်

(၂၆) သင်၏ဉာဏ်ရည်စွမ်းပကားကို တိုင်းတာကြည့်ရအောင်
TEST YOUR I.Q စာအုပ် ၁၀၀ ကျပ်

(၂၇) အဆင့်မြင့်ဉာဏ်စမ်းပညာ
ဒုတိယအကြိမ် ချဲ့ထွင်ပုံနှိပ်ခြင်း ၁၂၀ ကျပ်

(၂၈) စိတ်ပညာစမ်းသပ်နည်းများ
ဒုတိယအကြိမ် ချဲ့ထွင်ပုံနှိပ်ခြင်း
အလုပ်ခွင်ဝင်ခွင့်စာမေးပွဲ ဖြေဆိုကြမည့်ကျောင်းသူ၊
ကျောင်းသားများအတွက်အထူး ၁၂၀ ကျပ်

(၂၉) မှတ်တမ်းဝင် စိတ်နယ်လွန်ဖြစ်ရပ်မှန်များ
အတွဲ (၁) စိတ်နယ်လွန်ဖြစ်ရပ်ဆန်းအမျိုးမျိုး ၇၅ ကျပ်
အတွဲ (၂) ကမ္ဘာ့အရပ်ရပ်မှ ဝိဉာဉ်များ ၇၅ ကျပ်
အတွဲ (၃) သိပ္ပံပညာရှင်များ အဖြေမပေးနိုင်သော
ရောဂါကုနည်းအမျိုးမျိုး ၇၅ ကျပ်
အတွဲ (၄) ရေထဲက လေထဲက အံ့သြစရာအဖုံဖုံ ၇၅ ကျပ်
အတွဲ (၅) တိရစ္ဆာန်နှင့် သစ်ပင်လောကမှ အံ့သြစရာဖြစ်ရပ်များ ၇၅ ကျပ်

(၃၀) ဆရာဇော်ဂျီ၏ စာပေါင်းချုပ်
အမျိုးသားစာပေ သုံးကြိမ်ဆုရခဲ့သော ကွယ်လွန်ပြီး
ဆရာ၏လက်ရာဟောင်း လက်ရာသန့်အားလုံးကို မပျောက်မပျက်ရအောင်
စီစဉ်ပေးထားသည်။
ပထမတွဲ ၁၂၅ ကျပ်
ဒုတိယတွဲ ၁၃၀ ကျပ်
တတိယတွဲ ၁၃၀ ကျပ်
စတုတ္ထတွဲ ၁၃၅ ကျပ်

(၃၁) တီဘီရောဂါ ယနေ့မြန်မာနိုင်ငံတွင် တိုးတက်ဖြစ်ပွားလာသော
တီဘီရောဂါအကြောင်း ပြည့်ပြည့်စုံစုံ၊ တီဘီရောဂါကို
ဘာကြောင့်ပျောက်ကင်းအောင် မကုသနိုင်ကြသလဲ၊ ပျောက်ကင်းအောင်
ရောဂါသည်များ လိုက်နာရမည့်အချက်များ ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

(၃၂) မော်တော်ကား ပြုပြင်ထိန်းသိမ်းနည်း
ဆရာဦးကျင်စိုး စာပေဗိမာန်မှ သုံးကြိမ်သုံးခါ ပုံနှိပ်ခဲ့ရပြီး
ယခုရှားပါးဖြစ်နေသော စာအုပ်ချဲ့ထွင်ပုံနှိပ်ခြင်း ၂၀၀ ကျပ်

(၃၃) ရှေ့ဖြစ်ဟောနည်းပေါင်းချုပ် ပထမတွဲ ၈၅ ကျပ်
ဒုတိယတွဲ ၉၅ ကျပ်
ကျော်ကြားပြီး ကျမ်းစာပေါင်း ၃၀ ၏ အဆီအနှစ်။

(၃၄) လေးဘွဲ့ရ ဓမ္မာစရိယ/ သုံးဘွဲ့ရ ပထမကျော်
ဦးစံသင်းလှိုင်၏ စနစ်သစ်အစီးရ ပထမပြန်စာမေးပွဲများအတွက်
(က) ပထမကြီးတန်း ၁၃၀ ကျပ်
(ခ) ပထမလတ်တန်း အမေးအဖြေပေါင်းချုပ် ၈၀ ကျပ်
(ဂ) ပထမငယ်တန်း ၉၀ ကျပ်
(ဃ) အခြေပြုမူလတန်း ၈၀ကျပ်

(၃၅) ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲစစ်ဆေးခြင်းများ ၁၄၀ ကျပ်
(ဖေယျာ D.P.M.S)

(၃၆) ကုန်သွယ်မှု စာရေးဆက်သွယ်ခြင်းများ
BUSINESS LETTER WRITTER ၆၀ ကျပ်

(၃၇) အရေးပေါ် ဆေးပညာ
EMERGENCY MEDICINE ၁၁၀ ကျပ်

(၃၈) ဆရာကြီး ဦးဘကြည်၏ ဓာတ်တော်ကြီးဆယ်ဘွဲ့
မရိုးနိုင်သော ဆရာ၏ လက်ရာကောင်းများကို
ပြည်လည်ပြုစုပေးထား၏။
ပထမတွဲ ၆၀ ကျပ်
ဒုတိယတွဲ ၆၀ ကျပ်

(၃၉) မြန်မာ့လျှို့ဝှက်ဆေးဝါးနှင့် အသုံးဝင်နွယ်မြက်သစ်ပင်
(မောင်ယဉ်နွယ်) ၁၆၀ ကျပ်
ဒုတိယအကြိမ် ရှားပါးဖြစ်နေသော စအုပ်ကောင်းကို ပြန်လည်ပုံနှိပ်ခြင်း။

(၄၀) ဆရာဝန်တင်ရွှေ ရင်ကျပ်ပန်းနာ
ကျန်းမာရေးဝန်ထမ်းများနှင့် ဝေဒနာရှင်များအတွက် အထူး ၁၂၀ ကျပ်

(၄၁) ကင်ဆာရောဂါကြောက်စရာ မဟုတ်တော့ပါ။ သို့သော် ..... ၁၀၀ ကျပ်
မျိုးရိုး၌ ကင်ဆာဖြစ်ဖူးသူများအတွက် အထူး

(၄၂) အဆင့်မြင့် အမျိုးသမီး ကျန်းမာရေးလက်စွဲ ၁၀၀ ကျပ်
What a Woman Should Know- MRCOG အသင်းကြီးမှ
ထုတ်ဝေသော စာတစ်အုပ် (မြန်မာပြည်- ဒေါက်တာကျော်သက်ခိုင်)

(၄၃) အစာအိမ်တစ်ဝိုက်ဖြစ်တတ်သောရောဂါများ
လနှင့်ချီပြီး အစာမကြေ လေအောင့်ဝေဒနာခံစားရသူများအတွက် အထူး ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

(၅၃) တေဇတို့အတွက် ဉာဏ်စမ်းပညာ
တတိယအကြိမ် ပြန်လည်ပုံနှိပ်ခြင်း
မူလတန်းကျောင်းသူကျောင်းသား ဉာဏ်ရည်သွေးစရာ ပထမတွဲ ၇၀ ကျပ်
ဒုတိယတွဲ ၇၀ ကျပ်

(၅၄) ဆရာဝန်တင်ရွှေ သွေးအားနည်းရောဂါများ။
သွေးနှင့်ပတ်သက်သမျှ သိသင့်သိထိုက်သော
ကုထုံးကုနည်း စသည်ပြည့်ပြည့်စုံစုံ ၁၂၀ ကျပ်

(၅၅) သော်တာဆွေ စာပေဆုရဝတ္ထုတိုပေါင်းချုပ်
ပထမတွဲ၊ ဒုတိယတွဲ ၁၄၁ ကျပ်

(၅၆) ဦးငြိမ်းအောင် တရိဝေဒ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်မှ
ယနေ့ထိ အနောက်ကမ္ဘာ၌ ကျော်ကြားနေသော
ဗေဒင်ကျမ်း၊ ကိုယ်တိုင်ဤပညာဖြင့်ဟောပြောနေ
သောပညာရှင်ကိုယ်တိုင် ရေးသားပြုစုပါသည်။ ၁၅၀ ကျပ်

(၅၇) ဆရာဝန်တင်ရွှေ ကူးစက်မြန်ရောဂါများ
ရှေးနှစ်ပေါင်းများစွာကစပြီး ယခုထိ မြန်မာလူမျိုးတို့ကို
ဒုက္ခပေးနေသော ကာလဝမ်း၊ ပလိပ်၊ သွေးလွန်တုတ်ကွေး၊
အေအိုင်ဒီအက်စ်ရောဂါများအကြောင်း ပြည့်ပြည့်စုံစုံ ၁၃၅ ကျပ်

(၅၈) ဆရာဝန်တင်ရွှေ မြန်မာဆေးလောကို တည်ဆောက်ပေးခဲ့ကြသော
ပညာရှင်များ
ပထမတွဲ၊ ဒုတိယတွဲ ၁၂၀ ကျပ်စီ
မြန်မာ့ဆေးပညာသမိုင်း- ဆေးလောကမှ
ပညာရှင်ကြီးငယ်များအားလုံး လေ့လာစရာ
နမူနာယူစရာ ဆေးရုံလက်ထောက်သင်တန်းမှ
ယနေ့ဘွဲ့လွန်ဆေးပညာထိ ဆေးလောကကို
တည်ဆောက်ပေးခဲ့ကြသော ပညာရှင်များကို ဂါရဝပြုနိုင်ရန်။

(၅၉) ဆရာဝန်တင်ရွှေ + ဒေါ်အေးသန့်
ဗုဒ္ဓ၏မြတ်စွယ်တော်
ပထမတွဲ- သီရိလင်္ကာနိုင်ငံ၊ ဒုတိယတွဲ
တရုတ်နိုင်ငံမှစွယ်တော်များနှင့် မြန်မာနိုင်ငံမှ စွယ်တော်ပွားများ
အကြောင်း ပြည့်ပြည့်စုံစုံ တစ်တွဲ ၁၀၀ ကျပ်စီ

(၆၀) ဒေါက်တာအောင်ညွန့်ဆန်း + မသက်သက်ရွှေ English 900
ကမ္ဘာတွင် အထင်ရှားဆုံး အင်္ဂလိပ်ဘာသာ
အထောက်အကူပြုစာအုပ်တက္ကသိုလ်ကျောင်းတော်သူ
ကျောင်းတော်သားများအတွက် အထူး
ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ ၁၀၀ ကျပ်စီ

www.burmeseclassic.com